ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

သာသနာရေးဝန်ကြီးဌာန

# သဒ္ဒမ္မဇောတိကာပဋ္ဌာန်း

ဆရာကြီး **ဦးကျော်ထွတ်**

မဟာသဒ္ဒမ္မဇောတိကဓဇ

ပိဋကတ်ဘာသာပြန်အကြံပေးပညာရှင်

သာသနာနှစ် ၂၅၄၃ ကောဇာ ၁၃၆၁ ခရစ် ၁၉၉၉

၂၄၁၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

သာသနာရေးဝန်ကြီးဌာန

# သဒ္ဒမ္မဇောတိကာပဋ္ဌာန်း

ဆရာကြီးဦးကျော်ထွတ်

မဟာသဒ္ဒမ္မဇောတိကဓဇ

ပိဋကတ်ဘာသာပြန် အကြံပေးပညာရှင်

သာသနာ-၂၅၄၃ ကောဇာ-၁၃၆၁ ခရစ်-၁၉၉၉

စာစီ။ ။သာထွန်းပြန့်ကွန်ပျူတာ

ပုံနှိပ်။ ။ဦးကျော်ဌေး (မြဲ-၀၂၇၇၃)

“ရွှေဇင်ကျော်” ပုံနှိပ်တိုက်၊

အမှတ်-၁၅၁၊ ၃၄-လမ်း၊ ရန်ကုန်။

ထုတ်ဝေ။ ။ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

ညွှန်ကြားရေးမှူး-ဦးထင်မျိုး

[မှတ်ပုံတင်အမှတ်-၁၁/၉၄(၁)] က

ထုတ်ဝေသည်။

# နိဒါန်း

သဗ္ဗညုမြတ်စွာဘုရားသည် သာသနာတော်သုံးရပ် အစဉ်တည်တံ့ထွန်းကားပြန့်ပွားစေရန်အလို့ငှါ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ သုံးဖြာပိဋကတ် ငါးရပ်နိကာယ်ဟူသော ဓမ္မရတနာ ဘဏ္ဍာတိုက်ကြီးကို အခြေခံအုတ်မြစ် ခိုင်မာစွာဖြင့်တည်ဆောက်၍ ဗုဒ္ဓသာသနာတော်ကြီးကို တည်ထောင်တော်မူခဲ့ပေသည်။ ယင်းသို့နိကာယ်ငါးရပ် ပိဋကတ်ကို အခြေတည်ထား၍ မြတ်ဗုဒ္ဓသာသနာ တည်ထောင်တော်မူခဲ့ခြင်းမှာ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓဟူသော သာသနာသုံးရပ်တွင်ပရိယတ်စာပေသည် အရင်းမူလ ပဓာနကျသောကြောင့် ဖြစ်ပေသည်။

## နည်းလမ်း၊ စည်းကမ်း၊ သဘောတရား

မြတ်စွာဘုရားရှင်သည် ကမ္ဘာ့လူသားအားလုံး ကျင့်ကြံကြိုးကုတ် အားထုတ်ရမည့် နည်းလမ်းအတွက် သုတ္တန်ဒေသနာကို မိန့်ကြားခဲ့ခြင်းဖြစ်၏။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ လိုက်နာကျင့်သုံးရမည့် စည်းကမ်းအတွက် ဝိနည်းဥပဒေကိုပညတ်ခဲ့ခြင်းဖြစ်၏။ ရုပ်နာမ်ဓမ္မတို့၏ သဘာဝအမှန်ကို လေ့လာသိရှိနိုင်ဖို့အတွက်အဘိဓမ္မာကို ဟောကြားခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် ''သုတ္တန်မှာ နည်းလမ်း၊ဝိနည်းမှာ စည်းကမ်း၊ အဘိဓမ္မာမှာ သဘောတရား''ဟု ရှေးပညာရှိကြီးတို့ကဆိုခဲ့ကြခြင်းဖြစ်ပေသည်။

## နက်နဲခက်ခဲလှစွာ အဘိဓမ္မာ

သုတ္တန်တွင် ညွှန်ပြထားသည့် ကျင့်ကြံအားထုတ်ရန် နည်းလမ်းများမှာအလွန် ရှင်းလင်း၏၊ ပေါ်လွင်ထင်ရှား၏၊ နားလည်ဖို့ လွယ်ကူ၏။ ဝိနည်းကစည်းကမ်းများသည်လည်း ''ဤအမှု ကျူးလွန်က ဤအပြစ် သင့်ရောက်စေ''ဟုတိုက်ရိုက် ထုတ်ပြန်ထားသည့် ဥပဒေပညတ်ချက်များ ဖြစ်သဖြင့် သိရလွယ်ကူ

ပါ၏။ သို့သော် အဘိဓမ္မာက သဘာဝဓမ္မ သဘောတရားတို့သည်ကား လွန်စွာ နက်ရှိုင်းကျယ်ပြန့်ပြီး နက်နဲခက်ခဲသော အကြောင်းအရာများ ဖြစ်သဖြင့် နားလည်သဘောပေါက်ဖို့ ခဲယဉ်း၏။ အဘိဓမ္မာ(၇)ကျမ်းအနက် ပဋ္ဌာန်းကျမ်းမှ ဓမ္မများသည် နားလည်သဘောပေါက်ရန် ပို၍ ပို၍ ခဲယဉ်း၏။ သာမန်ဉာဏ်အဆင့်ရှိသူ ဉာဏ်နုနယ်သူတို့အဖို့မူ ပဋ္ဌာန်းဒေသနာ၏ အနီးသို့ ချဉ်းကပ်ရန်ပင် လွန်စွာ ခဲယဉ်းပေလိမ့်မည်။ ထို့ကြောင့်လည်း မြတ်စွာဘုရားက အဘိဓမ္မာဒေသနာကို ဟောကြားသည့်အခါ အလွန်ထက်မြက်သော ဉာဏ်ပညာနှင့် ပြည့်စုံသည့် နတ်ဗြဟ္မာ ပရိသတ်ကြီးအား ဟောကြားခဲ့ရခြင်း ဖြစ်ပေသည်။

ယင်းသို့ နက်နဲခက်ခဲသော အဘိဓမ္မာဒေသနာတွင် ပါဝင်သည့် ပဋ္ဌာန်းတရားတော်မြတ်ကို ယခင်ရှေးကာလ ခေတ်အဆက်ဆက်မှ ယခုအချိန်အထိပင် ပြည်ထောင်စု မြန်မာနိုင်ငံ ဒေသအနှံ့အပြားရှိ ပရိယတ္တိစာသင်တိုက်ကြီးငယ် အသွယ်သွယ်တို့၌ စာချစာသင် အရှင်မြတ်တို့ကလည်း သင်ရိုးနည်းမပျက် ပို့ချသင်ကြားလျက်ရှိကြ၏။ နိုင်ငံအနှံ့ "အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ"များလည်း ခြိမ့်ခြိမ့်သဲ ပြုလုပ်လျက်ရှိကြ၏။ ဗုဒ္ဓဘာသာဝင်အများစုကလည်း တစ်ဦးချင်းဖြစ်စေ၊ အသင်းအဖွဲ့နှင့်ဖြစ်စေ ပဋ္ဌာန်းမြတ်ဒေသနာတော်ကို ကြည်ညိုသဒ္ဓါထက်သန်စွာဖြင့် ရွတ်ဖတ်သရဇ္ဈာယ်လျက်ရှိကြပေ၏။ သို့သော် ပဋ္ဌာန်း(၂၄)ပစ္စည်း၏ သဘောသဘာဝ အယူအဆနှင့် လက်တွေ့အသုံးချနည်းများကို လူအများ နားလည်သဘောပေါက်နိုင်သည်အထိ ရှင်းလင်းလွယ်ကူစွာ ရေးသားပြုစုထားသော စာအုပ်စာပေကား ရှားပါးနေပေ၏။ ထို့ကြောင့် ဤကွက်လပ်ကို ဖြည့်ပေးရန် အမှန်ပင် လိုအပ်လျက် ရှိနေပါသည်။

### ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မြင့်မြတ်စေတနာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင်

ဦးဆောင်ဦးရွက်ပြုရင်း မြတ်ဗုဒ္ဓသာသနာ ရောင်ဝါလင်း၍ စည်ပင်ထွန်းကား ပြန့်ပွားစေရေးအတွက် အလှူဒါနအမျိုးမျိုးတို့ဖြင့် ထောက်ပံ့အားပေးရုံသာမက မြတ်ဗုဒ္ဓစာပေများ ပြန့်ပွားရေးလုပ်ငန်းကိုလည်း အထူးအလေးပေး ဆောင်ရွက်ခဲ့ပါသည်။

ယခုတဖန် ပဋ္ဌာန်းမြတ်ဒေသနာကို ကြည်ညိုသဒ္ဓါ ထက်သန်စွာဖြင့် လေ့လာ ဆည်းပူးလိုကြသော အများပြည်သူတို့အား ပဋ္ဌာန်း၏ သဘောသဘာဝ အယူအဆနှင့် ပဋ္ဌာန်း၏ လက်တွေ့အသုံးဝင်ပုံများကို လွယ်ရာမှ တဖြည်းဖြည်း ခက်ခဲရာသို့ ခြေခြေမြစ်မြစ် နားလည်သဘောပေါက်ပြီး၊ လောကဓမ္မ နှစ်ဌာန၌ ပဋ္ဌာန်းမြတ်ဒေသနာကို လက်တွေ့ကျကျ အကျိုးရှိရှိ လိုက်နာကျင့်သုံးတတ် စေလိုသော စေတနာသည် မေတ္တာအရင်းခံ၍ ဖြစ်ပေါ်လာခဲ့ပြန်ပါသည်။

## ဤကျမ်းစာ ထွက်ပေါ်လာရန် ညွှန်ကြား

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မိမိ၏ မေတ္တာအရင်းခံသည့် စေတနာကို အကောင်အထည်ပေါ်စေလိုသည့်အတွက် အဘိဓမ္မာဘာသာရပ်ကို နှစ်ပေါင်း များစွာ ပို့ချခဲ့သော ပိဋကတ်စာပေပညာရှင် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးကျော်ထွတ်အနေဖြင့် အဘိဓမ္မာနှင့် ပဋ္ဌာန်းဒေသနာကို ရေးသားပြုစု ပေးပါရန် သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား လမ်းညွှန်မှု ပြုခဲ့ပါသည်။ ထို့ကြောင့် ဝန်ကြီးက ဆရာကြီးဦးကျော်ထွတ်အား မေတ္တာရပ်ခံခဲ့ပြီး လုပ်ငန်းအကောင်အထည်ဖော်ရန် သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့အား ဆက်လက် ညွှန်ကြားခဲ့ပါသည်။

သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၏ ညွှန်ကြားချက်အရ သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးအောင်ခင်၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်တို့၏ စီမံခန့်ခွဲမှုတို့ဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုမြင့်က လုပ်ငန်းအတွက် လိုအပ်ချက်များကို ဖြည့်စွက်ပံ့ပိုးကူညီခဲ့ပါသည်။ ထို့နောက် ဆရာကြီးဦးကျော်ထွတ်၏ တင်ပြ

တောင်းဆိုချက်နှင့်အညီ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော အဘိဓမ္မာနှင့် ပဋ္ဌာန်းဒေသနာ ရေးသားပြုစုရေး အယ်ဒီတာအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်စေခဲ့ပါသည်–

(၁) ဦးစိုးတင့် (သက္ကျသီဟာဓမ္မာစရိယ၊ စေတိယင်္ဂဏာဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ)

(၂) ဦးမြင့်ထွန်း (သက္ကျသီဟာဓမ္မာစရိယ၊ စေတိယင်္ဂဏာဓမ္မာစရိယ–ဝင္ဆကာ၊ သဒ္ဓမ္မပါလဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ၊ ဘီအက်စ်စီ)

(၃) ဦးသူရ (ပထမကျော်၊ သာသနဓဇဓမ္မာစရိယ)

(၄) ဦးသင်းမောင် (သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလမဟာဓမ္မာစရိယ)

## ကျမ်းစာရေးသားပြုစုပုံ

ဖော်ပြပါ ပုဂ္ဂိုလ်များ ပါဝင်သော အဖွဲ့သည် ဆရာကြီးဦးကျော်ထွတ်၏ နည်းလမ်းညွှန်ပြမှုကို ခံယူကာ အဘိဓမ္မာနှင့် ပဋ္ဌာန်းတရားတော်တို့အနက် အဘိဓမ္မာကို "သဒ္ဓမ္မဇောတိက အဘိဓမ္မာ"အမည်သညာဖြင့် ဦးစွာပထမ ရေးသားပြုစုခဲ့ပါသည်။ ထိုစာအုပ်ကို သာသနာရေးဝန်ကြီးဌာနမှ ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

ယခုတဖန် ပဋ္ဌာန်းမြတ်ဒေသနာကို "သဒ္ဓမ္မဇောတိကပဋ္ဌာန်း"ဟု အမည်သညာ ပြုလျက် ဆက်လက်ရေးသား ပြုစုခဲ့ပါသည်။ ယင်းသို့ ပြုစုရာတွင် ဆရာကြီး၏ ဆန္ဒအရ ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်းရှိ ပဋ္ဌာကခြံတွင် ယခင်က ဆရာကြီးပို့ချခဲ့သော ပဋ္ဌာန်းပို့ချချက်များကို မူအဖြစ်ထား၍ လူအများ ဖတ်ရှုနည်းလည်နိုင်သော အသုံးအနှုန်း စကားလုံးများဖြင့် စကားပြော ဟန်အတိုင်း ရေးသားပြုစုခဲ့ပါသည်။

ဤစာအုပ်တွင် အခန်းကြီး(၂)ခန်း ခွဲထားပါသည်။ အခန်း(၁)တွင် ပဋ္ဌာန်းလေ့လာသည့် ပဋ္ဌာနသုတေသီ လူရှင်ရဟန်းအားလုံးနှင့် သင့်လျော်အောင် ပဋ္ဌာန်း

ပစ္စည်းတစ်ခုစီ၏ အကြောင်းအကျိုးဆက်စပ်ဟန်နှင့် သဘောသဘာဝ အယူအဆများကို အသေးစိတ် ဖော်ပြထားပြီး၊ အခန်း(၂)တွင် ဝိပဿနာအားထုတ်သော ယောဂီပုဂ္ဂိုလ်တို့အတွက် အလွန်သင့်လျော်သော ပဋ္ဌာန်းမြတ်ဒေသနာနှင့်အညီ ဝိပဿနာရှုနည်း ရှုကွက်များကို စံနမူနာပြအဖြစ် အချက်ကျကျ ရှင်းလင်းတင်ပြထားပါသည်။ ဤအခန်း(၂)သည် ပဋ္ဌာန်းမြတ်ဒေသနာ၏ အဆီအနှစ်ကို ထုတ်ယူတင်ပြထားသော ပဋ္ဌာန်းအနှစ်ချုပ်ပင် ဖြစ်ပါသည်။

## ကံဉာဏ်ပွင့်လန်း မြတ်ပဋ္ဌာန်း

မြတ်စွာဘုရားရှင်သည် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် စတုတ္ထမြောက်သတ္တာဟ ရတနဃရဋ္ဌ စံတော်မူစဉ်တွင် အဘိဓမ္မာ (၇)ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူခဲ့ပါသည်။ အဘိဓမ္မာ(၇)ကျမ်းအနက် ဓမ္မသင်္ဂဏီမှ ယမိုက်ကျမ်းထိ ရှေ့ခြောက်ကျမ်းကို သုံးသပ်ဆင်ခြင်သည့်အချိန်တွင် ရောင်ခြည်တော် ခြောက်သွယ်တို့သည် ထွက်ပေါ်ကွန့်မြူးလာခြင်း မရှိသေးချေ။ သတ္တမမြောက်ဖြစ်သော ပဋ္ဌာန်းဒေသနာကို သုံးသပ်ဆင်ခြင်တော်မူသည့်အခါကျမှသာ ဘဝအသချေ်အနန္တများစွာက ဖြည့်ဆည်းခဲ့သည့် ပါရမီကုသိုလ်ကံစွမ်းကြောင့် ရရှိတော်မူသော သဗ္ဗညုတဉာဏ်စွမ်းသည် အံ့မခန်း ပွင့်လန်းလာပေတော့၏။ ပဋ္ဌာန်းကျမ်းသို့ ရောက်မှ သဗ္ဗညုတဉာဏ်တော်က အစွမ်းရှိသမျှ ကွန့်မြူးကျက်စားပြ၏။ အံ့ချီးဖွယ် ရောင်ခြည်တော်ခြောက်သွယ်တို့ကလည်း ကိုယ်တော်မှ ထွက်ပေါ်ကွန့်မြူးလာကြ၏။ ထို့ကြောင့် ဤပဋ္ဌာန်းမြတ်ဒေသနာသည် ကံကို မြင့်စေ၍ ဉာဏ်ကို ပွင့်စေတတ်သော "ကံမြင့် ဉာဏ်ပွင့်တရား" ဖြစ်၏။ ကံမြင့်လို ဉာဏ်ပွင့်လိုသူတို့အတွက် အထူးမှီခိုအားထားထိုက်သော ဓမ္မရတနာ ဖြစ်ပါ၏။

## ရည်ရွယ်ချက်

ရုပ်နာမ်ဓမ္မတို့၏ သဘာဝဖြစ်စဉ်ကို ကြောင်းကျိုးယှဉ် တင်ပြထားသည့် ပဋ္ဌာန်းမြတ်ဒေသနာကို လေ့လာခြင်းဖြင့် လောကဒ္ဒ ဖြစ်ပေါ်လာတိုင်းသော

ဖြစ်စဉ် ဖြစ်ရပ် မှန်သမျှသည် အကြောင်းမဲ့ ဖြစ်ပေါ်လာခြင်း မဟုတ်၊ အကြောင်းတရားကြောင့်သာ ဖြစ်ပေါ်လာရခြင်း ဖြစ်၏။ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့် တန်ခိုးရှင်၊ မည်သည့် အာဏာရှင်၊ မည်သည့် ဖန်ဆင်းရှင်ကြောင့်မျှ ဖြစ်ပေါ်လာသည်မဟုတ်၊ အကြောင်းကြောင့် အကျိုးဖြစ်ပေါ်လာခြင်းသာဖြစ်၏ဟု အမှန်ကို အမှန်အတိုင်း မြင်၍ အရှိကို အရှိအတိုင်း သိ၍ အရာရာကို ကြောင်းကျိုးယှဉ် ဆင်ခြင်နိုင်ကြစေရန်၊ ထိုကဲ့သို့ အရှိကို အရှိအတိုင်း သိသော ယထာဘူတဉာဏ်ကို အခြေခံ၍ တရားအဆင့်ဆင့် မြင့်တက်ကာ ဘဝ၏ အနှစ်သာရဖြစ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို အထောက်အကူပြုစေရန် ရည်သန်၍ ဤကျမ်းစာအုပ်ကို ပုံနှိပ်ထုတ်ဝေရခြင်း ဖြစ်ပါသည်။

သာသနာရေးဝန်ကြီးဌာန

## သဒ္ဓမ္မဇောတိကပဋ္ဌာန်းမိတ်ဆက်

ပဋ္ဌာန်းမိတ်ဆက်ဆိုတာ ပဋ္ဌာန်းကျမ်းကြီး ဖြစ်ပေါ်လာပုံ အကြောင်းအရာတွေကို စာဖတ်သူများနဲ့ ပထမဆုံး မိတ်ဆက်ပေးတာပါ။ အဲဒီအကြောင်းအရာတွေကတော့–

- ပဋ္ဌာန်းကျမ်းကို ဘယ်သူ ဟောတာလဲ၊
- ဘယ်နေရာမှာ ဟောတာလဲ၊
- တရားနာ ပရိသတ်က ဘယ်သူတွေလဲ၊ ဘယ်လောက် များသလဲ၊
- ဘယ်သူ့ကို အကြောင်းပြု (ဦးတည်)ပြီး ဟောတာလဲ၊
- ဘာဖြစ်လို့ လူ့ပြည်မှာ မဟောဘဲ နတ်ပြည်မှာ ဟောရတာလဲ၊
- ဘယ်လောက် ကြာအောင် ဟောရသလဲ၊
- အဘိဓမ္မာ ဘယ်နှစ်ကျမ်း ရှိသလဲ၊
- အဘိဓမ္မာတစ်ကျမ်းစီရဲ့ အဓိပ္ပါယ်က ဘယ်လိုလဲ၊
- ပဋ္ဌာန်းကျမ်းရဲ့ မူရင်းအမည်က ဘယ်လို ခေါ်သလဲ၊
- ပဋ္ဌာန်းကျမ်းဟာ ဘယ်လောက် ကျယ်ဝန်းသလဲ၊
- ပဋ္ဌာန်းကျမ်းကို သုံးသပ်မှု ဘာဖြစ်လို့ ရောင်ခြည်တော် ကွန့်မြူးရတာလဲ၊
- ရောင်ခြည်တော်တွေဟာ ဒီနေ့ထိ ရှိနိုင်သေးသလား၊
- ပဋ္ဌာန်းကျမ်းကို ဘယ်အတွက် ရွတ်ဖတ်၊ သင်ကြားနေကြသလဲဆိုတဲ့ အချက်တွေပါပဲ။

ပဋ္ဌာန်းကျမ်းကို မြတ်စွာဘုရား ဟောတာ ဖြစ်ပါတယ်။ ဟောတဲ့ နေရာကတော့ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်းက သိကြားမင်းရဲ့ ပဏ္ဍု

ကမ္ဘလာ ကျောက်ဖျာပေါ်မှာပါ။ သာဝတ္ထိပြည် သရက်ဖြူပင်ရင်းမှာ ရေမီးအစုံစုံ တန်ခိုးတော်ပြပြီး၊ တာဝတိံသာ နတ်ပြည်သို့ မြတ်စွာဘုရား ကြွသွားတာကို ပရိသတ်ထဲက အခြားပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မှ မသိနိုင်ပါ၊ တန်ခိုးအရာမှာ ဧတဒဂ်ဘွဲ့ရတဲ့ အရှင်မဟာမောဂ္ဂလာန်တစ်ပါးထဲသာ သိနိုင်ပါတယ်။

ပဋ္ဌာန်းကျမ်းကို နာယူတဲ့ ပရိသတ်ကတော့ စကြဝဠာတစ်သောင်းက လာကြတဲ့ နတ်ဗြဟ္မာတွေပါ၊ စကြဝဠာတစ်ခုမှာတင်ပဲ နတ်ဗြဟ္မာတွေက အလွန်များပြားလှတဲ့အတွက် စကြဝဠာတစ်သောင်းကဆိုတော့ ဘယ်လောက်များသလဲ ဆိုတာ ခန့်မှန်းကြည့်ရင် အံ့သြစရာပါပဲ၊ ဒီတရားပွဲမှာ တန်ခိုးကြီးတဲ့ နတ်ဗြဟ္မာတွေ ရောက်လာတိုင်း တန်ခိုးမရှိတဲ့ နတ်ဗြဟ္မာတွေက နောက်ကို ဆုတ်သွားရတာ စကြဝဠာတံတိုင်းအထိ ရောက်သွားကြတာလဲ ရှိပါတယ်။ မြတ်စွာဘုရား ဟောတဲ့ တရားပွဲတွေမှာ ခုခေတ်ပွဲကြီးလမ်းကြီးများလို ရာထူးကြီးတဲ့သူက ရှေ့တန်းက နေရတာမဟုတ်ပါ။ ရှေးရှေးဘဝက ပြုခဲ့တဲ့ ကုသိုလ်ကောင်းမှု ကြီးမားတဲ့ တန်ခိုးကြီးနတ်ဗြဟ္မာတွေကသာ ရှေ့တန်းကနေရတာပါ။

ဒီပဋ္ဌာန်းတရားပွဲကြီးမှာ မယ်တော်ဖြစ်ခဲ့ဖူးတဲ့ သန္တုသိတ နတ်သားကို အကြောင်းပြုပြီး၊ စကြဝဠာတစ်သောင်းက နတ်ဗြဟ္မာတွေကို ဟောတာပါ။ ဘုရားလောင်းရဲ့ မယ်တော် မဟာမာယာဒေဝီဟာ ဘုရားအလောင်းကို ဖွားမြင်ပြီး၊ ကံတော်ကုန်တဲ့အခါ တုသိတာနတ်ပြည်မှာ နတ်သား ဖြစ်ပါတယ်၊ တချို့ကတော့ နတ်သမီး ဖြစ်တယ်လို့လဲ ဆိုကြပါသေးတယ်၊ ဒါပေမဲ့ ဘုရားလောင်းရဲ့ မယ်တော်များ နတ်ပြည်မှာ နတ်သားဖြစ်ရတယ်ဆိုတာ ဓမ္မတာ တစ်ခုပါ။

လူ့ပြည်မှာ အဘိဓမ္မာတရား မဟောဘဲ နတ်ပြည်မှာ ဟောရတာကတော့ အတိုင်းအဆမရှိ ကြီးမားတဲ့ မိခင်ကျေးဇူးကို ဆပ်ချင်တာရယ်၊ အဘိဓမ္မာကို အစကနေ အဆုံးထိ နာယူနိုင်တဲ့ ပရိသတ်ဟာ နတ်ဗြဟ္မာတွေ ဖြစ်တာရယ်ဆိုတဲ့ အကြောင်းတွေကြောင့်ပါပဲ။ အဲဒီလို မယ်တော်ဖြစ်ခဲ့ဖူးတဲ့ နတ်သားကို အမှူးထားပြီး၊ အဘိဓမ္မာတရားကို ဟောလိုက်တာ ဝါတွင်းသုံးလ ကုန်အောင် ကြာခဲ့ပါတယ်။ ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားဟောနေတာ ရေတံခွန်က

ရေတွေ တသွင်သွင် စီးဆင်းနေသလို မြတ်စွာဘုရားရဲ့ နှုတ်တော်က အဆက်မပြတ် ဟောပါတယ်၊ ဆွမ်းစားချိန် ကုဋီသွားချိန် နားချိန်တွေမှာတော့ ဖန်ဆင်းထားတဲ့ နိမ္မိတဘုရားက ဟောပါတယ်။

မြတ်စွာဘုရား ဝါတွင်းသုံးလပတ်လုံး ဟောခဲ့တဲ့ အဘိဓမ္မာဒေသနာ အစဉ်ကတော့ ဓမ္မသင်္ဂဏီကစပြီး ဟောတာ ဖြစ်ပါတယ်။ အဘိဓမ္မာတရား ဟောရင် တစ်ကျမ်းထဲနဲ့ တရားဆုံးလို့ မရပါ။ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းဆိုတဲ့ (၇)ကျမ်းလုံးကို တစ်ဆက်ထဲ ဟောမှ အဘိဓမ္မာတရား ဆုံးပါတယ်။

## ဓမ္မသင်္ဂဏီ

ဓမ္မသင်္ဂဏီရဲ့ အကျဉ်းချုပ် အဓိပ္ပါယ်ကတော့ ဓမ္မ=တရား၊ သင်္ဂဏီ= ရေတွက်ပြခြင်း။ တရားကို ရေတွက်ပြခြင်းလို့ အဓိပ္ပါယ်ရပါတယ်။ ပရမတ္ထ တရားလေးပါးကို ကုသိုလ်တရားက တစ်ပုံ၊ အကုသိုလ်တရားက တစ်ပုံ၊ အဗျာကတတရားက တစ်ပုံ၊ ဒီလို သုံးပုံ ပုံတာကို တိက်လို့ ခေါ်ပါတယ်။ အဲဒီတိက်တွေက (၂၂)တိက် ရှိပါတယ်။ ဒုက်ဆိုတာကတော့ ပရမတ္ထတရား လေးပါးကို နှစ်ပုံထဲ ပုံပြီး ဟောတာပါ။ ဥပမာ–ဟေတုဓမ္မာ=ဟိတ်မည်တဲ့ တရား၊ န ဟေတူ ဓမ္မာ=ဟိတ်မမည်တဲ့ တရားလို့ တရားကို နှစ်ပုံထဲ ပုံပြီး ဟောတာပါ။ အဲဒီ ဒုက်က (၁၀၀) ရှိပါတယ်။ ကုသိုလ်တရားက ဒါပဲ၊ အကုသိုလ်တရားက ဒါပဲ၊ အဗျာကတတရားက ဒါပဲလို့ ရုပ်နာမ်တရားတွေကို ရေတွက်ပြတဲ့ ကျမ်းကို ဓမ္မသင်္ဂဏီကျမ်းလို့ ခေါ်ပါတယ်။

## ဝိဘင်းကျမ်း

ဓမ္မသင်္ဂဏီကျမ်းမှာ ကုသိုလ်စတဲ့ တရားတွေကို ရေတွက်ပြပြီးတဲ့အခါ ဒီတရားတွေကိုပဲ ထပ်ချဲ့ပြီး ဟောတဲ့ ကျမ်းက ဝိဘင်းကျမ်း ဖြစ်ပါတယ်။

ဓမ္မသင်္ဂဏီမှာ ပြထားတဲ့ တိက် (၂၂)တိက်နဲ့ ဒုက်(၁၀၀)ကတော့ မာတိကာ ခေါင်းစဉ်အရင်း ဖြစ်ပါတယ်။ ဝိဘင်းကျမ်းမှာလဲ ဒီတိက် (၂၂)တိက်နဲ့ ဒုက်(၁၀၀)ကိုပဲ ခန္ဓဝိဘင်း၊ အာယတနဝိဘင်း၊ ဓာတုဝိဘင်း၊ ဣန္ဒြိယဝိဘင်း၊ ပဋိစ္စသမုပ္ပါဒဝိဘင်းအစရှိတဲ့ ခေါင်းစဉ် (၁၈)ခု ထားပြီး နည်းသုံးမျိုးနဲ့ ထပ်ချဲ့ ဟောပြန်ပါတယ်။ ဝိဘင်းမှာ ဆန်းတာတစ်ခုကတော့ အဘိဓမ္မာတရား ဖြစ်ပါလျက်နဲ့ သုတ္တန်ဆန်ဆန် (သုတ္တန္တဘာဇနီယနည်းနဲ့)လူအများ နားလည်အောင် ဟောထားတာပဲ ဖြစ်ပါတယ်။

ဓာတုကထာ

ဝိဘင်းပြီးတော့ ဓာတုကထာကို ဟောတဲ့အခါ သင်္ဂဟော၊ အသင်္ဂဟော စတဲ့ ခေါင်းစဉ်အသစ် (၁၄)မျိုး ထပ်တိုး လိုက်ပြန်ပါတယ်၊ ဝိဘင်းမှာ ဟောခဲ့တဲ့ ခန္ဓာ၊ အာယတန၊ ဓာတ်တွေကိုပဲ အဲဒီနည်းပေါင်း (၁၄)နည်းနဲ့ ထပ်ချဲ့ပြီး ဟောပြန်ပါတယ်။ ဟောပုံ အကျဉ်းချုပ်က ကုသိုလ်တရားမှာ ခန္ဓာအားဖြင့် ဘယ်မျှ၊ အာယတနအားဖြင့် ဘယ်မျှ၊ ဓာတ်အားဖြင့် ဘယ်မျှ၊ အကုသိုလ်တရားမှာလဲ ခန္ဓာက ဘယ်လောက် ရှိတယ်၊ အာယတနက ဘယ်လောက်ရှိတယ်၊ ဓာတ်အားဖြင့် ဘယ်လောက် ရှိတယ်ဆိုတာကို နည်းပေါင်း (၁၄)နည်းနဲ့ ချဲ့ပြီး ဟောတာပါပဲ။

ပုဂ္ဂလပညတ်

ဓမ္မသင်္ဂဏီ ဝိဘင်း ဓာတုကထာဆိုတဲ့ အဘိဓမ္မာ သုံးကျမ်းကို ဟောလိုက်တော့ တချို့ နတ်ဗြဟ္မာတွေမှာ သံသယ ဝင်လာနိုင်ပါတယ်၊ ဒီ အဘိဓမ္မာ သုံးကျမ်းမှာ လူနတ်ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ စကားမျိုး တစ်လုံးမှ မပါ၊ လူ့ဘုံ နတ်ဘုံ ဆိုတာလဲ မပါ၊ တန်ခိုးကြီးတာ မကြီးတာလဲ မပါဘဲ ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာနဲ့ ခန္ဓာ အာယတန ဓာတ် သစ္စာ ဒါတွေချည်းပဲ ဟောနေတော့ ဘုရားဟောတဲ့ တရားက ကမ္ဘာလောကကြီးမှာ

ပရမတ္ထသစ္စာတရား သက်သက်ပဲ ရှိသလား၊ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ ဆိုတဲ့ ပညတ်ကတော့ မရှိဘူးလား၊ ဒီလို သံသယ ဝင်လာနိုင်ပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားက နတ် ဗြဟ္မာတွေ စောဒက မတက်နိုင်အောင် (၄)ကျမ်းမြောက် ဖြစ်တဲ့ ပုဂ္ဂလပညတ်ကျမ်းကို ဆက်ပြီးတော့ ဟောတော်မူရပြန်ပါတယ်။

ဒီနေရာမှာ ဓမ္မသင်္ဂဏီ ဝိဘင်း ဓာတုကထာ ဒီသုံးကျမ်းနဲ့ပဲ တရားပွဲဆုံးလိုက်ရင် တရားနာနေကြတဲ့ နတ် ဗြဟ္မာတွေက လောကကြီးမှာ ပရမတ္ထတရား သက်သက်ချည်း ရှိတာပဲ၊ ပညတ်ဆိုတာကတော့ အလကားပါပဲလို့ ယူဆသွားပြီး၊ အစွန်းတစ်ဖက်ရောက်သွားနိုင်ပါတယ်။ ဒီလို အစွန်းတစ်ဖက်ကို မရောက်အောင် ပညတ်ကို မပယ်ဖို့ ပုဂ္ဂလပညတ်ကျမ်းကို ဆက်ဟောပါတယ်။ ပညတ်တွေကလဲ အင်မတန် အရေးကြီးပါတယ်၊ ဥပမာ ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ၊ ခန္ဓာ အာယတန ဓာတ် သစ္စာ စတဲ့ ဒီအမည်တွေဟာ ပညတ်တွေပါ၊ ပညတ်မရှိရင် ဘယ်လို တရားဟောမလဲ၊ ဘယ်လို ပြောကြရမလဲ။

ပရမတ္ထအားဖြင့် ထင်ရှားရှိတဲ့ သဘောတရားတွေရဲ့ အမည်မှန်သမျှကို ဝိဇ္ဇမာနပညတ်လို့ ခေါ်ပါတယ်၊ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ သူ ငါ စတဲ့ အမည်တွေက ပရမတ္ထအားဖြင့် ထင်ရှားမရှိတဲ့အတွက် အဝိဇ္ဇမာနပညတ်လို့ ခေါ်ပါတယ်၊ ပုဂ္ဂိုလ် သတ္တဝါစတဲ့ ပုဂ္ဂလပညတ်တွေ၊ ခန္ဓာ အာယတန ဓာတ်စတဲ့ (အမည်)ပညတ်ဆိုတာလဲ အရေးကြီးတာပါကလား၊ ပညတ်မရှိဘဲ ဘာမှ လုပ်လို့ မရနိုင်ပါလား၊ ဘုရားတောင်မှ တရားဟောလို့ မဖြစ်နိုင်ပါလား။ ဒို့လဲ တရားနာလို့ ရမှာ မဟုတ်ပါလားလို့ ပညတ်ကလဲ လောကကြီးမှာ အင်မတန် အရေးကြီးပုံကို တရားနာကြတဲ့ နတ် ဗြဟ္မာတွေ သဘောပေါက်သွားကြပါတယ်။

လောကမှာ ပရမတ္ထသက်သက်ချည်း ရှိတာပဲလို့ ယူလိုက်ရင် အစွန်းတစ်ဖက် ရောက်သွားနိုင်တယ်၊ ပညတ်ကသာ အရေးကြီးပါတယ် ဆိုရင်လဲ

အစွန်းတစ်ဖက် ရောက်သွားနိုင်ပါတယ်၊ လက်ဝဲစွန်း လက်ျာစွန်း လွတ်မှ မြတ်စွာဘုရားရဲ့ မဇ္ဈိမပဋိပဒါလမ်း တရားမှန် ဖြစ်ပါတယ်။ ဥပမာ- မေတ္တာ ပို့ကြရာမှာ ပုဂ္ဂိုလ် သတ္တဝါ ပညတ်ကိုပဲ ပို့ကြပါတယ်။ ပုဂ္ဂိုလ် သတ္တဝါတွေ ကျန်းမာပါစေ၊ ချမ်းသာပါစေဆိုတဲ့ မေတ္တာ ကရုဏာ မုဒိတာ ဆိုတာက ပညတ်နယ်မှာပဲ ရှိတာပါ။ လှူကြတဲ့အခါမှာလဲ ပုဂ္ဂိုလ်ပညတ်ကိုပဲ လှူကြတာပါ။ သီလရှိတဲ့ ပုဂ္ဂိုလ်၊ သီလမရှိတဲ့ ပုဂ္ဂိုလ်၊ ဂုဏ်ရှိတဲ့ ပုဂ္ဂိုလ်၊ ဂုဏ်မရှိတဲ့ ပုဂ္ဂိုလ် ခွဲကြတော့လဲ ပညတ်နဲ့ပဲ ခွဲကြရတာပါ။ ဒါကြောင့် ပညတ်ကလဲ ဒါနခန်း၊ သီလခန်း၊ ဈာန်ခန်းတို့မှာ အင်မတန် အရေးကြီးတဲ့အတွက် ပညတ်ကိုလဲ မပယ်ဖို့ ပုဂ္ဂလပညတ်ကျမ်းကို ဆက်ပြီး ရှင်းပြရတာပါ။

## ကထာဝတ္ထု

ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ် လေးကျမ်းအထိ မြတ်စွာ ဘုရားက သမုတိသစ္စာ၊ ပရမတ္ထသစ္စာတွေကို ဟောပြလိုက်တော့ ဒီသစ္စာ (၂)ပါးကို ဘယ်လို ယူဆရပါ့မလဲဆိုတဲ့ နတ်ဗြဟ္မာတွေရဲ့ သံသယ အမေးတွေကို စောင့်မနေတော့ဘဲ တစ်ဆက်ထဲ ကထာဝတ္ထုကျမ်းကို ဟောလိုက်ပါတယ်။ ကထာဝတ္ထုဆိုတာက မြတ်စွာဘုရား ဟောထားတဲ့ သုတ္တန်ပါဠိတော်တွေမှာ ပရမတ္ထသစ္စာနဲ့ သမုတိသစ္စာ အယူမလွဲရအောင် အဘိဓမ္မာနဲ့ ပြန်ပြီး ညှိပေး ထားတဲ့ ကျမ်းဖြစ်ပါတယ်။ အဘိဓမ္မာကို အရေးပေးပြီး ပရမတ္ထချည်းပဲ ပြောနေတဲ့ ပုဂ္ဂိုလ်တို့ကိုလဲ ကထာဝတ္ထုက ရှင်းပြထားပါတယ်၊ ပညတ်က ပိုအရေးကြီးတယ်လို့ ပညတ်သန်ပြီး ပြောနေတဲ့ ပုဂ္ဂိုလ်တွေကိုလဲ ကထာဝတ္ထုက ရှင်းပေးထားပါတယ်။

ကထာဝတ္ထုကျမ်းရဲ့ လိုရင်း အကျဉ်းချုပ်ကတော့ ဘယ်လို နေရာမှာ ဘုရားဟောထားတာက ပရမတ္ထသစ္စာ၊ ဘယ်လို နေရာမှာ ဘုရားဟောထား တာက သမုတိသစ္စာပဲလို့ အဘိဓမ္မာနည်း စာဒကတက်နည်း အမျိုးမျိုးနဲ့ ရောပက် မဝင်နိုင်အောင် အဆုံးအဖြတ် ပေးထားတာပါ၊ ဥပမာအားဖြင့် ဒီပင်္ကရာ မြတ်စွာဘုရား ပွင့်တော်မူချိန်က သုမေဓာရသေ့ ဖြစ်ခဲ့တယ်၊ သုမေဓာဘဝမှာ

ဆုတောင်းဆုယူ ပါရမီဖြည့်ခဲ့လို့ ဘုရားဖြစ်လာခဲ့တယ်လို့ ဒီလို ပုဂ္ဂလပညတ်နည်းနဲ့ သုတ္တန်မှာ ဟောပြထားပါတယ်။ ဒါကို ဝိပဿနာအဆင့် ရောက်သူတို့က "သုမေဓာရသေ့ဘဝကနေ ဘဝအဆက်ဆက် သံသရာကျင်လည်ခဲ့ပြီး နောက်ဆုံးမှာ ဘုရားဖြစ်လာတာဆိုရင် သဿတဒိဋ္ဌိ မဖြစ်ပေဘူးလား၊ ဘဝတို့ ပုဂ္ဂိုလ် သတ္တဝါတို့ဆိုတာ မရှိတဲ့ တရားတွေပဲ၊ ရုပ်နာမ်သာ တကယ် ရှိတာပါ" လို့ အစွန်းတစ်ဖက် ရောက်မသွားအောင် ကထာဝတ္ထုက ပရမတ္ထသစ္စာနဲ့ သမုတိသစ္စာ (၂)ခုကို ကျေကျေလည်လည် သဘောပေါက်အောင် ရှင်းလင်းပြထားပါတယ်။

## ယမိုက်

ကထာဝတ္ထုကျမ်းနဲ့ ထပ်ပြီး ရှင်းလင်း ဟောပြတဲ့အခါမှာ ရုပ်နာမ်ဆိုတဲ့ သင်္ခါရလောက၊ ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ သတ္တလောကကတော့ ရှင်းသွားပါပြီ။ "သို့သော်လဲ နတ် ဗြဟ္မာတွေက (၃၁)ဘုံလုံးကို အကုန်မြင်နေပါတယ်။ ဘုံဆိုတဲ့ ဩကာသ လောကနဲ့ ရုပ်နာမ်ဆိုတဲ့ သင်္ခါရလောက၊ လူ နတ် ဗြဟ္မာဆိုတဲ့ သတ္တလောကဟာ ဘယ်လိုမှ အဆက်အသွယ် မရှိကြတော့ဘူးလား၊ နတ်တွေ ဗြဟ္မာတွေက သူ့ဘာသာသူ ရှိနေတာလား၊ ဘုံဆိုတာ မရှိဘူးလား"လို့ သံသယတွေ ဝင်လာမှာ စိုးတဲ့အတွက် ယမိုက်ကျမ်းကို ဆက်ပြီး ဟောရပါတယ်။

ယမိုက်ကျမ်းဆိုတာ ဘယ်ဘုံမှာ ဘယ်ပုဂ္ဂိုလ်မျိုးဟာ ခန္ဓာ ဘယ်လောက်ရတယ်၊ အာယတန ဘယ်လောက် ရတယ်၊ ဓာတ် ဘယ်လောက် ရတယ်လို့ ခန္ဓာ အာယတနဓာတ်ဆိုတဲ့ သင်္ခါရလောက၊ ပုဂ္ဂိုလ်ဆိုတဲ့ သတ္တလောကနဲ့ ဘုံဆိုတဲ့ ဩကာသလောကကို ဆက်သွယ်ပြီး ရှင်းပြတဲ့ကျမ်း ဖြစ်ပါတယ်။ နတ်တွေ ဗြဟ္မာတွေရဲ့ဉာဏ်က အင်မတန်ထက်မြက်တော့ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဆိုတဲ့ လောကသုံးပါး ဖြစ်ပေါ်နေပုံဟာ သူတို့ဉာဏ်မှာ တော်တော် ရှင်းသွားကြပါတယ်၊ ဉာတပရိညာဆိုက်သွားပြီလို့ပဲ ပြောနိုင်ပါတယ်။

## ပဋ္ဌာန်းကျမ်း

"ရုပ်နာမ်ခန္ဓာတွေဟာ ဘာကြောင့် ဖြစ်လာရတာလဲ၊ ဖန်ဆင်းရှင်ကြောင့် ဖြစ်လာရတာလား၊ ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ဖြစ်တာလား၊ အလိုလိုပဲ ဖြစ်သလား"ဆိုတဲ့ ပြဿနာတွေဟာ တထွေးကြီး ကျန်ပါသေးတယ်၊ ဒီပြဿနာတွေအတွက် မြတ်စွာဘုရားက နာမ်ရုပ်ဖြစ်ရခြင်း အကြောင်းကို ခုနစ်ကျမ်းမြောက် နောက်ဆုံး ပဋ္ဌာန်းကျမ်းမှာ အကြောင်းတရားမျိုးပေါင်း (၂၄)မျိုး ဟောပြလိုက်တယ်။

တရားဟောတဲ့ ပုဂ္ဂိုလ်များဟာ တရားဟောတဲ့အခါမှာ ခေါင်းစဉ်တစ်ပြီးမှ နှစ်၊ နှစ်ပြီးမှ သုံးဆိုတဲ့ အစီအစဉ်မျိုး လုပ်ပြီးမှ ဟောသလို ဒီလို အစီအစဉ်မျိုးနဲ့ အဘိဓမ္မာ(၇)ကျမ်းမှာ (၁) ကုသိုလ်တရားဆိုတာ ဒါပဲ၊ (၂) ကုသိုလ်တရားကို ခန္ဓာ အာယတန ဓာတ်တို့နဲ့ ချဲ့ရင် ဒီလို ချဲ့ရတယ်၊ (၃) ဒီခန္ဓာ အာယတန ဓာတ်တွေကိုပဲ ရေတွက်လို့ ရတဲ့ နည်း၊ ရေတွက်လို့ မရတဲ့ နည်းနဲ့ ချဲ့ရင် ဒီလို ချဲ့ရတယ် စသဖြင့် တဖြည်းဖြည်း ချဲ့ထွင် ရှင်းလင်းပြပြီး၊ နောက်ဆုံးကျမှ ပဋ္ဌာန်းကျမ်းကို ဟောပါတယ်။

## အနန္တနယသမန္တပဋ္ဌာန်းကျမ်း

ပဋ္ဌာန်းဆိုတာ ပ=အမျိုးမျိုး၊ ဌာန=အကြောင်းဆိုတော့ အကြောင်းအမျိုးမျိုးလို့ အဓိပ္ပာယ်ရပါတယ်၊ နာမ်ရုပ်တို့ရဲ့ ဖြစ်ပေါ်လာပုံ အကြောင်းအမျိုးမျိုးကို ဟောပြတဲ့ ကျမ်းလို့ ဆိုလိုပါတယ်၊ ပဋ္ဌာန်းဆိုတာက အတိုကောက် ခေါ်တာပါ၊ ပဋ္ဌာန်းကျမ်းရဲ့ အမည်ရင်းကတော့ အနန္တနယသမန္တပဋ္ဌာန်းကျမ်းလို့ ခေါ်ပါတယ်၊ အနန္တနယဆိုတာ နည်းပေါင်းက အနန္တပါပဲ၊ ကောင်းကင်အနန္တ၊ စကြဝဠာ အနန္တ ရှိသလို အနန္တနယသမန္တဆိုရာမှာ ပဋ္ဌာန်းကျမ်းမှာ နည်းပေါင်းက အနန္တ=ဆုံးစ မရှိလို့ ဆိုပါတယ်၊ သမန္တက ထက်ဝန်းကျင်ဆိုတဲ့ အဓိပ္ပာယ်ရပါတယ်၊ ဒီနေရာမှာ သမန္တဟာ အလုံးစုံ ပြည့်စုံတယ်ဆိုတဲ့ သဘောမျိုးပါ၊ ထဲ့စရာ နုတ်စရာ မလိုအောင် ပြည့်စုံတာဆိုတော့ ပဋ္ဌာန်းကျမ်းဟာ ဘာမှ

လိုလေသေးမရှိ၊ အကုန်လုံး ပြည့်စုံတယ်၊ ပဋ္ဌာန်းကျမ်းရဲ့ ထက်ဝန်းကျင် အစ အလယ် အဆုံး ဘယ်နေရာပဲ ကြည့်ကြည့် ပြည့်စုံပါတယ်လို့ ဆိုပါတယ်။

လူတစ်ယောက်ကို ကြည့်လို့ ကောင်းတယ်ဆိုရင် မတ်တတ်ရပ်နေတာပဲ ဖြစ်စေ၊ ထိုင်နေတာပဲ ဖြစ်စေ ကြည့်လို့ ကောင်းနေတာကို သမန္တပါသာဒိကလို့ ပါဠိလို ခေါ်ပါတယ်၊ ဆရာတော်ကြီးများကို ချီးကျူးတဲ့အခါမှာ ဘယ်လိုပဲ ကြည့်ကြည့် ကြည်ညိုစရာ ကောင်းတဲ့ ပုဂ္ဂိုလ်များကို သမန္တပါသာဒိကဂုဏ်နဲ့ ပြည့်စုံတယ်လို့ ချီးကျူးကြပါတယ်၊ ဒီလိုပါပဲ ပဋ္ဌာန်းကျမ်းကို အစက ကြည့်မလား၊ အဆုံးက ကြည့်မလား၊ အလယ်က ကြည့်မလား ဘယ်နေရာကပဲ ကြည့်ကြည့် အကုန်လုံး ပြည့်စုံနေတဲ့အတွက် အနန္တနယသမန္တပဋ္ဌာန်းကျမ်းလို့ ခေါ်တာပါ။

## ပဋ္ဌာန်း (၂၄)ကျမ်း

အနန္တနယသမန္တပဋ္ဌာန်းကျမ်းက (၂၄)ကျမ်း ရှိပါတယ်၊ တချို့က (၂၄) ပစ္စည်းကို ပဋ္ဌာန်း (၂၄)ကျမ်းလို့ ထင်နေကြပါတယ်။

(၁) မာတိကာ ခေါင်းစဉ်မှာ တိက် (၂၂)ကို မှီတည်ပြီး ဟောတာကို တိက ပဋ္ဌာန်းကျမ်းလို့ ခေါ်ပါတယ်။

(၂) ဒုက်(၁၀၀)ကို ခေါင်းစဉ်ထားပြီး ဟောတာကို ဒုကပဋ္ဌာန်းလို့ ခေါ်ပါတယ်။

(၃) ဒုက်(၁၀၀)ကို မှီတည်ပြီး တိက်(၂၂)ကို မှီလီသွတ်ပြီး ဟောတာကို ဒုကတိကပဋ္ဌာန်းကျမ်းလို့ ခေါ်ပါတယ်။

(၄) တိက်(၂၂)ကို မှီတည်၍ ဒုက်(၁၀၀)ကို မှီလီသွတ်ပြီး ဟောတဲ့ ကျမ်းကို တိကဒုကပဋ္ဌာန်းကျမ်းလို့ ခေါ်ပါတယ်။

(၅) တိက်(၂၂)ကို မှီတည်ထား၍ တိက်(၂၂)ကိုပဲ မှီလီသွတ်ပြီး ဟောတဲ့ ကျမ်းကို တိကတိကပဋ္ဌာန်းကျမ်းလို့ ခေါ်ပါတယ်။

(၆) ဒုက်(၁၀၀)ကို မူထား၍ ဒုက်(၁၀၀)ကိုပဲ မူလီသွတ်ပြီး ဟောတာကို ဒုကဒုကပဋ္ဌာန်းကျမ်းလို့ ခေါ်ပါတယ်။

ဒီ (၆)ကျမ်းကလဲ အနုလုံမှာ တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း၊ ဒုကတိကပဋ္ဌာန်း၊ တိကဒုကပဋ္ဌာန်း၊ တိကတိကပဋ္ဌာန်း၊ ဒုကဒုကပဋ္ဌာန်း (၆)ကျမ်း၊

ပစ္စနိက်မှာ တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း၊ ဒုကတိကပဋ္ဌာန်း၊ တိကဒုကပဋ္ဌာန်း၊ တိကတိကပဋ္ဌာန်၊ ဒုကဒုကပဋ္ဌာန်း (၆)ကျမ်း၊

အနုလောမပစ္စနိက်မှာ တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း၊ ဒုကတိကပဋ္ဌာန်း၊ တိကဒုကပဋ္ဌာန်း၊ တိကတိကပဋ္ဌာန်း၊ ဒုကဒုကပဋ္ဌာန်း (၆)ကျမ်း

ပစ္စနိယ အနုလောမမှာ တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း၊ ဒုကတိကပဋ္ဌာန်း၊ တိကဒုကပဋ္ဌာန်း၊ တိကတိကပဋ္ဌာန်း၊ ဒုကဒုကပဋ္ဌာန်း (၆)ကျမ်းစီ ရတော့ ပဋ္ဌာန်း (၂၄)ကျမ်း ဖြစ်ပါတယ်။

ဒါကတော့ ပဋ္ဌာန်းကျမ်းကြီးရဲ့ ကျယ်ဝန်းပုံကို ရိပ်စားမိရုံ အနည်းငယ် ရှင်းပြရတာပါ၊ ပဋ္ဌာန်းအရကောက်ကျမ်းများမှာ ဇယားတွေနဲ့ တွက်ပြီးသား ရှိပါတယ်၊ အဲဒီမှာ လေ့လာနိုင်ပါတယ်။

မြတ်စွာဘုရား ကိုယ်တော်တိုင် အဘိဓမ္မာ(၇)ကျမ်း သုံးသပ်ဆင်ခြင်တဲ့အခါ ပဋ္ဌာန်းကျမ်းကို သုံးသပ်တဲ့ အချိန်ရောက်တော့ ကိုယ်တော်မှ ရောင်ခြည်တော်တွေ ကွန့်မြူးလာပါတယ်၊ အကြောင်းကတော့ အခက်ဆုံး နယသာဂရဖြစ်တဲ့ ပဋ္ဌာန်းကျမ်းကြီးဟာ အထက်မြက်ဆုံး ဉာဏသာဂရဖြစ်တဲ့ သဗ္ဗညုတဉာဏ်တော်ကြီးအတွက် စံချိန်ကိုက် လိုက်ပြီး ခက်ခဲနက်နဲတဲ့ သဘာဝကြောင့်ပဲ ဖြစ်ပါတယ်။ သဗ္ဗညုတဉာဏ်တော်ဟာ ဒီပဋ္ဌာန်းကျမ်းကြီးကို ဝင်ရောက်ကျက်စားတဲ့အခါကျမှသာ စွမ်းရည်နဲ့ တရား တစ်သားထဲ တစ်ထပ်ထဲ ဖြစ်ပြီး အစွမ်းရှိသမျှ ဉာဏ်ကျက်စားခွင့် ရရှိပါတော့တယ်။ အဲဒီလို ပဋ္ဌာန်းကျမ်းကို သုံးသပ်စဉ်က ထွက်ပေါ်ကွန့်မြူးလာတဲ့ ရောင်ခြည်တော်တွေဟာ စကြဝဠာ အနန္တကို ပျံ့နှံ့သွားပါတယ်။ စကြဝဠာကလဲ အနန္တရှိတာမို့ ဒီနေ့အထိ

မဆုံးနိုင်သေးဘဲ ရောင်ခြည်တော်တွေဟာ ကွန့်မြူးနေဆဲပဲ ရှိပါတယ်လို့ ကျမ်းဂန်များမှာ ပြဆိုထားပါတယ်။

## ပဋ္ဌာန်းရွတ်ဖတ်ရကျိုး

မြတ်စွာဘုရားသခင် ပဋ္ဌာန်းကို သုံးသပ်တဲ့အခါမှာ တန်ခိုးတော်တွေ ရောင်ခြည်တော်တွေ ကိုယ်တော်မှ ထွက်လာတဲ့အတွက် တန်ခိုးကြီးချင်တဲ့အခါ ဘဝဘဝက ဆည်းပူးခဲ့တဲ့ ကုသိုလ်ပါရမီ တန်ခိုးများ ပွင့်စေချင်တဲ့အခါ ပဋ္ဌာန်းကို ယုံကြည်ပြီး ရွတ်သူများလဲ ရှိကြပါတယ်၊ ဒီလို ရွတ်လို့ လက်တွေ့ တန်ခိုးကြီးလာတဲ့ လူတွေလဲ ရှိကြပါတယ်။

ပဋ္ဌာန်းရွတ်တာက ဒီခေတ်မှ မဟုတ်ပါ၊ မန္တလေးတောင်ခြေမှာ ရှင်ဘုရင်နဲ့ အတူ တိုင်းသူပြည်သားများ ပဋ္ဌာန်းတရားကို နာကြလို့ ပဋ္ဌာန်းဇရပ်ဆိုပြီး သီးခြား ရှိပါတယ်၊ အခုခေတ်မှ ပဋ္ဌာန်းရွတ်ရင် တန်ခိုးကြီးတယ်လို့ယုံကြည်တဲ့ ပုဂ္ဂိုလ်တွေရှိတာ မဟုတ်ပါ၊ ရှေးခေတ်က ပဋ္ဌာန်းကို ရွတ်ရင် အန္တရာယ်ကင်းအောင် ပဋ္ဌာန်း (၂၄)ပစ္စည်းနဲ့ စည်းချရပါတယ်၊ ဒီလို စည်းချတာလဲ စွမ်းပါတယ်၊ ဘယ်လို ပုဂ္ဂိုလ်ကမှ မကောင်းကြံစည်လဲ မအောင်မြင်ဘူးလို့ ကြားဖူးပါတယ်။

မန္တလေးမြို့က ပိုက်ဆံချမ်းသာတဲ့ အဖွားကြီးတစ်ယောက်ဟာ ပဋ္ဌာန်း ရွတ်တာဟာ ဘုရားရှိခိုးတာ ပုတီးစိပ်တာနဲ့ပဲ နေတာပါ၊ အမွေကိစ္စတစ်ခုမှာ ဒီအဖွားကြီးကို သတ်ဖို့ လူဆိုးတွေနဲ့တိုင်ပင်ပြီး ကြံစည်လိုက်တိုင်း အဖွားကြီးက အိမ်က ထွက်သွားလို့ အိမ်မှာမရှိတာတို့ ရှိရက်သားနဲ့ မတွေ့တာတို့နဲ့ဘဲ သတ်ဖို့ အကြံအစည်ဟာ မအောင်မြင်ဘူးလို့ တဆင့် ကြားဖူးပါတယ်။ ပဋ္ဌာန်းဟာ အဲဒီလို စွမ်းပါတယ်။

## ကြည်ညိုဖွယ်ရာ ပဋ္ဌာန်းဒေသနာ

ပဋ္ဌာန်းတရားတော်ရဲ့ ကြည်ညိုစရာ ကောင်းပုံက ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာ ဘာတစ်ခုမှ မပါဘဲ ဖြစ်နေတဲ့ နာမ်ရုပ်တွေ

ဟာ သူ့အလိုလို ဖြစ်နေတာ မဟုတ်ဘဲ အကြောင်းတရား အမျိုးမျိုးကြောင့် ဖြစ်နေပုံကိုသာ ဟောထားခဲ့တဲ့ တရားပါ၊ ပုဂ္ဂိုလ် သတ္တဝါ ယောကျာ်း မိန်းမ ဆိုတဲ့ အတ္တစွဲဟာ ဗြဟ္မာကြီးများအထိ စွဲနေတဲ့ အင်မတန်ဖြုံဖျက်ဖို့ ခဲယဉ်းတဲ့ အစွဲပါ။ ဒီ အတ္တ ပြုတ်ရအောင် အကြောင်းတရား (၂၄) မျိုးကို နည်းအမျိုးမျိုးနဲ့ အင်မတန် ဉာဏ်ကြီးတဲ့ နတ်ပရိသတ်၊ ဗြဟ္မာပရိသတ်များကို ဟောခဲ့တဲ့ တရားတော်ပါ။

လူ့ပြည်မှာလဲ ဉာဏ်ကြီးတဲ့ ပုဂ္ဂိုလ်တွေဟာ ပဋ္ဌာန်းတရားတော်ကို နာယူ လေ့လာတဲ့အခါ ဉာဏ်ကြီးရင် ကြီးသလောက် ပဋ္ဌာန်းကို ကြည်ညိုကြတာပါပဲ၊ ပဋ္ဌာန်းကို ကြည်ညိုတယ်ဆိုတာက ဉာဏ်လိုက်ပြီး ကြည်ညိုကြတာပါ၊ ဉာဏ်တစ်မတ်သား ရှိတဲ့ ပုဂ္ဂိုလ်ကလဲ တစ်မတ်သားပဲ ကြည်ညိုနိုင်ပါတယ်၊ ဉာဏ်ငါးမူးသားရှိတဲ့ သူကလဲ ငါးမူးသားထိအောင် ကြည်ညိုနိုင်ပါတယ်၊ သုံးမတ်သားရှိတဲ့ သူက တစ်ကျပ်သားထိအောင် ကြည်ညိုဖို့ ခဲယဉ်းပါတယ်။

အဋ္ဌကထာမှာ ပါတာက ပဋ္ဌာန်းလေ့လာတဲ့ မထေရ်ကြီး တစ်ပါးဟာ သမုဒ္ဒရာထဲ သင်္ဘောနဲ့ သွားတော့ သမုဒ္ဒရာနဲ့ ပဋ္ဌာန်းကို ယှဉ်ပြီး စဉ်းစား ကြည့်ပါတယ်။ သမုဒ္ဒရာကတော့ ဟိုဘက်မှာလဲ ကမ်းရှိတယ်၊ ဒီဘက်မှာလဲ ကမ်းရှိတယ်။ ပဋ္ဌာန်းကို စဉ်းစားလိုက်တဲ့အခါ သူ့ဉာဏ်မှာ အဆုံးအစမရှိ ဖြစ်နေတော့ ပဋ္ဌာန်းကိုကြည်ညိုတဲ့ ပီတိလှိုင်းတွေ ထပြီး ပဋ္ဌာန်းတရားကို သုံးသပ်ရင်း ရဟန္တာ ဖြစ်သွားပါတယ်။

ပဋ္ဌာန်းကျမ်းက အင်မတန် ကျယ်ဝန်းတဲ့အတွက် ပဋ္ဌာန်းရောက်မှ ရောင်ခြည်တော်တွေ ကွန့်မြူးတယ်ဆိုရာမှာ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်ဆိုတဲ့ အောက် (၆) ကျမ်းကလဲ ကျယ်ဝန်း တာပါပဲ၊ ကျယ်ဝန်းပေမဲ့ သဗ္ဗညုတဉာဏ်နဲ့ကျတော့ ငုံမိနေပါတယ်၊ သဗ္ဗညုတ ဉာဏ်က ဉာဏ်စွမ်းရှိသလောက် ထုတ်ပြီး စဉ်းစားလို့ မရခဲ့ပါ။ ပဋ္ဌာန်းကျမ်း ကျတော့ ပဋ္ဌာန်းကျမ်းကလဲ အနန္တ၊ သဗ္ဗညုတဉာဏ်တော်ကလဲ အနန္တဖြစ်တဲ့ အတွက် ဉာဏ်က ကွန့်မြူးလေလေ ကျမ်းကလဲ ကျယ်ထွက်လာလေလေ၊

ဉာဏ်တွေ သိပ်ကြည်လင်လာပြီး၊ မြတ်စွာဘုရားရဲ့ သွေးတော်တွေကလဲ ကြည်လာပါတယ်၊ သွေးကြည်နေတဲ့ အခါမှာ လူ့သာမန်တွေလဲ လှလာတာပါပဲ၊ မြတ်စွာဘုရားမှာ သွေးတော်တွေက သိပ်ကြည်လင်လာတော့ စိတ္တဇရုပ်တော်လို့ ခေါ်တဲ့ ရောင်ခြည်တော်တွေဟာ ကွန့်မြူး ထွက်ကြွ လာပါတယ်။

## ပဋ္ဌာန်းကျမ်းက စ–ကွယ်

ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာဆိုတဲ့ သာသနာ သုံးရပ်တွင် ပရိယတ္တိသာသနာ ကွယ်တော့မယ်ဆိုရင် ပိဋကတ်သုံးပုံမှာ ပဋ္ဌာန်းကျမ်းက စပြီး ကွယ်မှာဆိုတော့ ပဋ္ဌာန်းကျမ်း မကွယ်ရအောင် တချို့ပုဂ္ဂိုလ်များက ပဋ္ဌာန်းကျမ်းကိုပဲ သင်ကြားပို့ချ နေကြပါတယ်။

သို့ပေမဲ့ ပဋ္ဌာန်းကျမ်းက (၂၄) ကျမ်းရှိရာမှာ အခု စာသင်သားတွေ သင်ကြားနေကြတာက တိကပဋ္ဌာန်း ဖြစ်ပါတယ်။ တိကပဋ္ဌာန်းမှာ တိတ်က (၂၂)တိက်ရှိတော့ ဒီတိက် (၂၂)ခုထဲမှာလဲ ကုသလတိက်ကိုပဲ သင်တာ များပါတယ်။ ကုသလတိက်သင်တဲ့ ပုဂ္ဂိုလ်တောင်မှပဲ တော်တော် နဲလာပါပြီ။ နောက်တိက်တွေဆိုရင် ပဋ္ဌာန်းချည်းပဲ တစ်သက်လုံး သင်ကြားလေ့လာ နေကြတဲ့ ဆရာတော်တွေလဲ (၄) တိက် (၅) တိက်ထိ ရောက်တယ်လို့ ပြောကြပါတယ်။ အခု ပဋ္ဌာန်းပါဠိတော်မှာ ရှိနေတဲ့ ပဋ္ဌာန်း (၅) ကျမ်းဆိုတာ ကလဲ ပေယျာလတွေ ထိုးပြီး ညွှန်းထားတာ များပါတယ်။ ဖော်ပြီးတော့ ရေးထား တာက နဲပါတယ်။ တိက် (၂၂) ကို ဘယ်လို ဟောပါ၊ ဒုက်ကို ဘယ်လို ဟောပါ၊ ဒုကပဋ္ဌာန်းကျမ်းကို ဘယ်လို ဟောရမယ်စတဲ့ နည်းတွေကိုပဲ ညွှန်းထားတာ များပါတယ်။

မန္တလေးမှာ ရသေ့ကြီး ဦးခန္တီ အသက်ရှိစဉ် အခါတုန်းက သူ့စိတ်ထဲမှာ သာသနာပြုချင်တဲ့ သဒ္ဓါတရားက ဘယ်လို ပေါက်လာသလဲဆိုရင် ပိဋကတ်သုံးပုံ ပါဠိတော်တွေကို ပေယျာလမထိုးဘဲ ဘုရားဟောတဲ့အတိုင်း ရှိသမျှ အကုန်လုံး

ထုတ်ရေးပြီး ပုံနှိပ်ဖို့ ဆရာတော်ကြီးတွေကို ပင့်ပြီး လျှောက်ပါတယ်။ မစိုးရိမ် ဆရာတော်ကတော့ အဘိဓမ္မာ (၇) ကျမ်းကို အမြဲတမ်း ပို့ချနေတဲ့ ဆရာတော်မို့ ဆရာတော်က ပြုံးပြီး–

ရသေ့ကြီး–ပိဋကတ်သုံးပုံကို ပေယျာလမထိုးဘဲ စာအုပ်ရိုက်ချင်ရင် စက္ကူ ဘယ်က ရမလဲ။

ဆရာတော်ဘုရား–တပည့်တော် အကုန် တာဝန်ယူပါတယ်၊ နိုင်ငံခြားက မှာယူပါမယ်၊ ဆရာတော် စာအုပ်ကို လိုသလောက် ရိုက်ပါဘုရား။

ဒီပြင် ကျမ်းတွေ ထားပါတော့၊ ပဋ္ဌာန်းတစ်ကျမ်းထဲ ရိုက်ဖို့ နိုင်ငံခြားမှာ စက္ကူရှိလို့လားလို့ ဒီလိုပြောမှ ရသေ့ကြီး သဘောပေါက် သွားပါတယ်တဲ့။

ပဋ္ဌာန်းကျမ်းက အနုလုံမှာပဲ တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း၊ ဒုကတိကပဋ္ဌာန်း၊ တိကဒုကပဋ္ဌာန်း၊ တိကတိကပဋ္ဌာန်း၊ ဒုကဒုကပဋ္ဌာန်းဆိုတဲ့ ပဋ္ဌာန်း (၆) ကျမ်း ရှိပါတယ်၊ ပစ္စနိက်မှာလဲ ထို့အတူ (၆) ကျမ်းပဲ၊ အနုလောမပစ္စနိက်မှာလဲ (၆) ကျမ်းပဲ။ တစ်ကျမ်းစီမှာ ဒီလောက်ကျယ်ဝန်းနေတော့ ဒါတွေဟာ ပေယျာလ မထိုးဘဲရိုက်ရင် ဘယ်လိုမှ စက္ကူမရနိုင်ပါ၊ အခုတင်ပြခဲ့တာတွေကတော့ ပဋ္ဌာန်း ကျမ်းနဲ့ ဆက်စပ်တဲ့ အကြောင်းအရာတွေကို ကြည်ညိုဖွယ်ဖြစ်အောင် အကျဉ်းချုပ် တင်ပြတာ ဖြစ်ပါတယ်။

# ပဋ္ဌာန်းပါဠိတော်

# မာတိကာ

အကြောင်းအရာ | စာမျက်နှာ
---|---


| အကြောင်းအရာ | ပါဠိတော်၊ | အဓိပ္ပါယ် |
|---|---|---|
| ပစ္စယုဒ္ဒေသပါဠိ | ၁။ | |
| **ပစ္စယနိဒ္ဒေသ** | | |
| ၁ – ဟေတုပစ္စယနိဒ္ဒေသ | ၂၊ | ၁ |
| ၂ – အာရမ္မဏပစ္စယနိဒ္ဒေသ | ၂၊ | ၁၂ |
| ၃ – အဓိပတိပစ္စယနိဒ္ဒေသ | ၃၊ | ၂၈ |
| ၄ – အနန္တရပစ္စယနိဒ္ဒေသ | ၃၊ | ၅၁ |
| ၅ – သမနန္တရပစ္စယနိဒ္ဒေသ | ၅၊ | ၇၃ |
| ၆ – သဟဇာတပစ္စယနိဒ္ဒေသ | ၇၊ | ၇၈ |
| ၇ – အညမညပစ္စယနိဒ္ဒေသ | ၇၊ | ၁၀၀ |
| ၈ – နိဿယပစ္စယနိဒ္ဒေသ | ၈၊ | ၁၀၂ |
| ၉ – ဥပနိဿယပစ္စယနိဒ္ဒေသ | ၉၊ | ၁၁၆ |
| ၁၀ – ပုရေဇာတပစ္စယနိဒ္ဒေသ | ၁၀၊ | ၁၄၂ |
| ၁၁ – ပစ္ဆာဇာတပစ္စယနိဒ္ဒေသ | ၁၁၊ | ၁၅၈ |

| အကြောင်းအရာ | စာမျက်နှာ ပါဠိတော်၊ | အဓိပ္ပါယ် |
|---|---|---|
| ၁၂– အာသေဝနပစ္စယနိဒ္ဒေသ | ၁၁၊ | ၁၆၇ |
| ၁၃– ကမ္မပစ္စယနိဒ္ဒေသ | ၁၂၊ | ၁၈၃ |
| ၁၄– ဝိပါကပစ္စယနိဒ္ဒေသ | ၁၂၊ | ၂၀၁ |
| ၁၅– အာဟာရပစ္စယနိဒ္ဒေသ | ၁၂၊ | ၂၀၃ |
| ၁၆– ဣန္ဒြိယပစ္စယနိဒ္ဒေသ | ၁၂၊ | ၂၁၄ |
| ၁၇– ဈာနပစ္စယနိဒ္ဒေသ | ၁၃၊ | ၂၃၉ |
| ၁၈– မဂ္ဂပစ္စယနိဒ္ဒေသ | ၁၃၊ | ၂၅၆ |
| ၁၉– သမ္ပယုတ္တပစ္စယနိဒ္ဒေသ | ၁၄၊ | ၂၇၄ |
| ၂၀– ဝိပ္ပယုတ္တပစ္စယနိဒ္ဒေသ | ၁၄၊ | ၂၈၇ |
| ၂၁– အတ္ထိပစ္စယနိဒ္ဒေသ | ၁၄၊ | ၂၉၆ |
| ၂၂– နတ္ထိပစ္စယနိဒ္ဒေသ | ၁၅၊ | ၃၁၅ |
| ၂၃– ဝိဂတပစ္စယနိဒ္ဒေသ | ၁၆၊ | ၃၂၃ |
| ၂၄– အဝိဂတပစ္စယနိဒ္ဒေသ | ၁၆၊ | ၃၂၇ |

# ပဋ္ဌာန်းပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပစ္စယုဒ္ဒေသပါဠိ

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော

အဓိပတိပစ္စယော၊ အနန္တရပစ္စယော

သမနန္တရပစ္စယော၊ သဟဇာတပစ္စယော

အညမညပစ္စယော၊ နိဿယပစ္စယော

ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော

ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော

ကမ္မပစ္စယော၊ ဝိပါကပစ္စယော

အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော

ဈာနပစ္စယော၊ မဂ္ဂပစ္စယော

သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော

အတ္ထိပစ္စယော၊ နတ္ထိပစ္စယော

ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ

ပစ္စယုဒ္ဒေသော နိဋ္ဌိတော။

(ပဋ္ဌာန်း ၂၄–ပစ္စည်း အကျဉ်းပြီး၏။)

# ပစ္စယနိဒ္ဒေသပါဠိ

## ၁–ဟေတုပစ္စယ

ဟေတုပစ္စယောတိ–

ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

## ၂–အာရမ္မဏပစ္စယ

အာရမ္မဏပစ္စယောတိ–

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရူပါတယနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

## ၃–အဓိပတိပစ္စယ

အဓိပတိပစ္စယောတိ–

ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ ဂရုံ ကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော။

## ၄–အနန္တရပစ္စယ

အနန္တရပစ္စယောတိ–

စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

## ၅-သမနန္တရပစ္စယ

သမနန္တရပစ္စယောတိ-

စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ဒွိပဉ္စဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ သမနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ စေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

## ၆–သဟဇာတပစ္စယ

သဟဇာတပစ္စယောတိ–

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိ ကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိ ကာလေ န သဟဇာတပစ္စယေန ပစ္စယော။

## ၇–အညမညပစ္စယ

အညမညပစ္စယောတိ–

စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။

## ၈–နိဿယပစ္စယ

နိဿယပစ္စယောတိ–

စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

# ၉–ဥပနိဿယပစ္စယ

ဥပနိဿယပစ္စယောတိ–

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။

သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

## ၁၀–ပုရေဇာတပစ္စယ

ပုရေဇာတပစ္စယောတိ–

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန ပစ္စယော။

## ၁၁–ပစ္ဆာဇာတပစ္စယ

ပစ္ဆာဇာတပစ္စယောတိ–

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

## ၁၂–အာသေဝနပစ္စယ

အာသေဝနပစ္စယောတိ–

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကြိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

## ၁၃–ကမ္မပစ္စယ

ကမ္မပစ္စယောတိ–

ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

## ၁၄–ဝိပါကပစ္စယ

ဝိပါကပစ္စယောတိ–

ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော။

## ၁၅–အာဟာရပစ္စယ

အာဟာရပစ္စယောတိ–

ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။

အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

## ၁၆–ဣန္ဒြိယပစ္စယ

ဣန္ဒြိယပစ္စယောတိ–

စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

သောတိန္ဒြိယံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဃာနိန္ဒြိယံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဇိဝှိန္ဒြိယံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ကာယိန္ဒြိယံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

## ၁၇–ဈာနပစ္စယ

ဈာနပစ္စယောတိ–

ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

## ၁၈–မဂ္ဂပစ္စယ

မဂ္ဂပစ္စယောတိ–

မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

## ၁၉–သမ္ပယုတ္တပစ္စယ

သမ္ပယုတ္တပစ္စယောတိ–

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

## ၂၀–ဝိပ္ပယုတ္တပစ္စယ

ဝိပ္ပယုတ္တပစ္စယောတိ–

ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

## ၂၁–အတ္ထိပစ္စယ

အတ္ထိပစ္စယောတိ–

စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

## ၂၂–နတ္ထိပစ္စယ

နတ္ထိပစ္စယောတိ–

သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော။

## ၂၃-ဝိဂတပစ္စယ

ဝိဂတပစ္စယောတိ-

သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော။

## ၂၄-အဝိဂတပစ္စယ

အဝိဂတပစ္စယောတိ-

စတ္တာရော ခန္ဓာ အရူပိနော အညမညံ အဝိဂတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အဝိဂတပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အဝိဂတပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ပစ္စယနိဒ္ဒေသော နိဋ္ဌိတော။

(ပဋ္ဌာန်း ၂၄-ပစ္စည်းအကျယ် ပြီး၏။)

# သဒ္ဓမ္မဇောတိကပဋ္ဌာန်း

# မာတိကာ

အကြောင်းအရာ စာမျက်နှာ

## အခန်း (၁)

### ၁။ ဟေတုပစ္စည်း


ဟေတုပစ္စည်း ၁

ကုသိုလ်ဟိတ် ၄

အကုသိုလ်ဟိတ် ၇

အဗျာကတဟိတ် ၈

တိဟိတ်ပဋိသန္ဓေ ၉

ကမ္မဇရုပ်နဲ့မဟာဘုတ် ၁၀

ဗာဟိရမဟာဘုတ် ၁၁


### ၂။ အာရမ္မဏပစ္စည်း


အာရမ္မဏပစ္စည်း ၁၂

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |

## ကုသိုလ် ၃-ချက်


| | |
| --- | --- |
| ကုသိုလ်က ကုသိုလ်အား ကျေးဇူးပြုပုံ | ၁၆ |
| ကုသိုလ်က အကုသိုလ်အား ကျေးဇူးပြုပုံ | ၁၇ |
| ကုသိုလ်က အဗျာကတအား ကျေးဇူးပြုပုံ | ၁၈ |


## အကုသိုလ် ၃-ချက်


| | |
| --- | --- |
| အကုသိုလ်က အကုသိုလ်အား ကျေးဇူးပြုပုံ | ၁၉ |
| အကုသိုလ်က ကုသိုလ်အား ကျေးဇူးပြုပုံ | ၂၀ |
| အကုသိုလ်က အဗျာကတအား ကျေးဇူးပြုပုံ | ၂၀ |


## အဗျာကတ ၃-ချက်


| | |
| --- | --- |
| အဗျာကတက အဗျာကတအား ကျေးဇူးပြုပုံ | ၂၁ |
| အဗျာကတက ကုသိုလ်အား ကျေးဇူးပြုပုံ | ၂၁ |
| အဗျာကတက အကုသိုလ်အား ကျေးဇူးပြုပုံ | ၂၂ |
| နာမရူပပရိစ္ဆေဒဉာဏ် | ၂၂ |
| ယထာဘူတဉာဏ် | ၂၃ |
| ဓမ္မဋ္ဌိတိဉာဏ် | ၂၄ |
| ပစ္စယပရိဂ္ဂဟဉာဏ် | ၂၄ |
| ပဋ္ဌာန်းသိရင် သက္ကာယဒိဋ္ဌိပြုတ်ခြင်း | ၂၄ |
| ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာ | ၂၆ |

အကြောင်းအရာ — စာမျက်နှာ

## ၃။ အဓိပတိပစ္စည်း

အဓိပတိပစ္စည်း — ၂၈

## အဓိပတိပစ္စည်း(၂)မျိုး

သဟဇာတနဲ့ အာရမ္မဏ — ၂၉

## ၁။ သဟဇာတာဓိပတိ

ဆန္ဒာဓိပတိ=အဓိပတိထိုက်တဲ့ဆန္ဒ — ၃၀
ဆန္ဒနဲ့စိတ္တဇရုပ် — ၃၁
ဆန္ဒနဲ့ လောဘစေတသိက် — ၃၃
ဝီရိယာဓိပတိ=အဓိပတိထိုက်တဲ့ဝီရိယ — ၃၄
စိတ္တာဓိပတိ=အဓိပတိထိုက်တဲ့စိတ် — ၃၆
ဝီမံသာဓိပတိ=အဓိပတိထိုက်တဲ့ပညာ — ၃၇

## ၂။ အာရမ္မဏာဓိပတိ

အာရမ္မဏာဓိပတိ ပစ္စည်းတရား — ၄၀
(က) စိတ် (၈၄) — ၄၀
(ခ) စေတသိက်(၄၇) — ၄၁
(ဂ) ဣဋ္ဌနိပ္ဖန္နရုပ်(၁၈) — ၄၁
(ဃ) နိဗ္ဗာန် — ၄၃

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်အကျိုးတရား | ၄၃ |
| (က) စိတ် (၂၈) | ၄၃ |
| (ခ) စေတသိက် (၄၅) | ၄၅ |
| အာရမ္မဏာနဲ့ အာရမ္မဏာဓိပတိမတူပုံ | ၄၅ |

## ကုသိုလ် (၃)ချက်

| | |
|---|---|
| ကုသိုလ်က ကုသိုလ်ကို လေးလေးနက်နက်ကျေးဇူးပြုခြင်း | ၄၅ |
| ကုသိုလ်က အကုသိုလ်ကို လေးလေးနက်နက် ကျေးဇူးပြုခြင်း | ၄၆ |
| ကုသိုလ်က အဗျာကတကို လေးလေးနက်နက် ကျေးဇူးပြုခြင်း | ၄၆ |

## အကုသိုလ် (၁)ချက်

| | |
|---|---|
| အကုသိုလ်က အကုသိုလ်ကို လေးလေးနက်နက် ကျေးဇူးပြုခြင်း | ၄၇ |
| အကုသိုလ်က ကုသိုလ်ကို လေးလေးနက်နက် ကျေးဇူးပြုနိုင်သလား | ၄၇ |
| အကုသိုလ်က အဗျာကတကို လေးလေးနက်နက် ကျေးဇူးပြုနိုင်သလား | ၄၈ |

## အဗျာကတ (၃)ချက်

| | |
|---|---|
| အဗျာကတက အဗျာကတကို လေးလေးနက်နက် ကျေးဇူးပြုခြင်း | ၄၈ |
| အဗျာကတက ကုသိုလ်ကို လေးလေးနက်နက် ကျေးဇူးပြုခြင်း | ၄၉ |
| အဗျာကတက အကုသိုလ်ကို လေးလေးနက်နက် ကျေးဇူးပြုခြင်း | ၄၉ |

အကြောင်းအရာ စာမျက်နှာ

## ၄။ အနန္တရပစ္စည်း


| | |
|---|---|
| အနန္တရပစ္စည်း | ၅၁ |
| အနန္တရသဘော | ၅၁ |
| ရုပ်တရားနဲ့ နာမ်တရား | ၅၃ |
| ဝီထိစိတ်အစဉ် | ၅၅ |
| ပဥ္စဒွါရဝီထိ | ၅၆ |
| ဘဝင်စိတ် | ၅၇ |
| ၁။ ရှေးရှေးဖြစ်တဲ့ ကုသိုလ်နဲ့ နောက်နောက်ဖြစ်တဲ့ ကုသိုလ် | ၅၈ |
| ၂။ ရှေးရှေးဖြစ်တဲ့ ကုသိုလ်နဲ့ နောက်နောက်ဖြစ်တဲ့ အဗျာကတ | ၆၀ |
| ၃။ ရှေးရှေးဖြစ်တဲ့ အကုသိုလ်နဲ့ နောက်နောက်ဖြစ်တဲ့ အကုသိုလ် | ၆၀ |
| ၄။ ရှေးရှေးဖြစ်တဲ့ အကုသိုလ်နဲ့ နောက်နောက်ဖြစ်တဲ့ အဗျာကတ | ၆၀ |
| ၅။ ရှေးရှေးဖြစ်တဲ့ အဗျာကတနဲ့ နောက်နောက်ဖြစ်တဲ့ အဗျာကတ | ၆၁ |
| ၆။ ရှေးရှေးဖြစ်တဲ့ အဗျာကတနဲ့ နောက်နောက်ဖြစ်တဲ့ ကုသိုလ် | ၆၂ |
| ၇။ ရှေးရှေးဖြစ်တဲ့ အဗျာကတနဲ့ နောက်နောက်ဖြစ်တဲ့ အကုသိုလ် | ၆၂ |
| မနောဒွါရဝီထိ | ၆၃ |
| ပဥ္စဒွါရဝီထိ | ၆၃ |
| ဈာနဝီထိ | ၆၄ |
| မဂ္ဂဝီထိ | ၆၅ |
| ပုထုဇဉ်နဲ့ အရိယာ | ၆၆ |
| လောကီကုသိုလ်နဲ့ လောကုတ္တရာကုသိုလ် | ၆၇ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| လောကီအာရုံနဲ့ လောကုတ္တရာအာရုံ | ၆၇ |
| မဂ်စိတ်နဲ့ ဖိုလ်စိတ် | ၆၈ |
| မရဏာသန္နဝီထိ | ၆၉ |
| ဘဝင်နောင်စုတိ | ၇၀ |
| အနန္တရသတ္တိရဲ့ထူးခြားချက် | ၇၂ |


## ၅။ သမနန္တရပစ္စည်း


| | |
|---|---|
| သမနန္တရပစ္စည်း | ၇၃ |
| ရုပ်ဖြစ်ပျက်မှုနဲ့ နာမ်ဖြစ်ပျက်မှုမတူ | ၇၄ |
| ရုပ်ရုပ်ထွေးထွေး နေရာဖယ်ပေးနည်း | ၇၄ |
| ရှင်းရှင်းလင်းလင်း နေရာဖယ်ပေးနည်း | ၇၅ |
| သမနန္တရကို ထပ်ဟောရခြင်းအကြောင်း | ၇၅ |
| ဝေနေယျဇ္ဈာသယ | ၇၆ |


## ၆။ သဟဇာတပစ္စည်း


| | |
|---|---|
| သဟဇာတပစ္စည်း | ၇၈ |
| ဆီမီးဥပမာ | ၇၈ |
| မီဘဥပမာ | ၇၉ |
| ခေါင်းဆောင်ဥပမာ | ၇၉ |
| နာမ်ခန္ဓာ(၄)ပါး | ၇၉ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အကြောင်းအကျိုးအပြန်အလှန် | ၈၀ |
| ပဋ္ဌိစ္စဝါရနဲ့ ပဥှာဝါရမှာ ဟောပုံ | ၈၁ |
| မဟာဘုတ်(၄)ပါး | ၈၃ |
| အညမညကျေးဇူးပြုနည်း | ၈၄ |
| ကမ္မဇမဟာဘုတ် | ၈၅ |
| ကလာပ်တူကလာပ်ပြား | ၈၅ |
| စိတ္တဇမဟာဘုတ် | ၈၆ |
| အာဟာရဇမဟာဘုတ် | ၈၆ |
| ဥတုဇမဟာဘုတ် | ၈၇ |
| စိတ္တဇမဟာဘုတ်ရှင်းချက် | ၈၇ |
| စိတ္တဇပထဝီ | ၈၇ |
| စိတ္တဇအာပေါ | ၈၈ |
| စိတ္တဇဝါယော | ၈၉ |
| စိတ္တဇတေဇော | ၈၉ |
| ဥပါဒါရုပ်နဲ့ မဟာဘုတ် (၄)ပါး | ၉၀ |
| ပဋိသန္ဓေဝိညာဉ် | ၉၁ |
| ဟဒယဝတ္ထုရုပ် | ၉၂ |
| အညမညပစ္စည်းလဲရ | ၉၃ |
| နိဿယပစ္စည်းလဲရ | ၉၃ |
| စိတ္တဇရုပ် | ၉၄ |
| ဥပါဒါရုပ် | ၉၆ |
| ဟဒယဝတ္ထုရုပ် | ၉၇ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|

## ၇။ အညမညပစ္စည်း


အညမညပစ္စည်း ၁၀၀
သဟဇာတနဲ့ အညမညထူးခြားချက် ၁၀၁


## ၈။ နိဿယပစ္စည်း


နိဿယပစ္စည်း ၁၀၂
၁။ ဝတ္ထုပုရေဇာတနိဿယ ၁၀၂
၂။ သဟဇာတနိဿယ ၁၀၄
ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုပုံ ၁၀၅
စက္ခုဝိညာဉ်နဲ့ စက္ခုပသာဒ ၁၀၆
စက္ခုဝိညာဉ်စိတ် ပစ္စည်းပြိုင် ၁၀၈
သောတဝိညာဉ်စိတ် ၁၁၀
ဃာနဝိညာဉ်စိတ် ၁၁၀
ဇိဝှါဝိညာဉ်စိတ် ၁၁၀
ကာယဝိညာဉ်စိတ် ၁၁၁
ရုပ်နဲ့ စိတ် ၁၁၁
ယံရုပ်နဲ့ ဝတ္ထုရုပ် ၁၁၂
ဝီထိစိတ်နဲ့ ဟဒယဝတ္ထု ၁၁၃


## ၉။ ဥပနိဿယပစ္စည်း


ဥပနိဿယပစ္စည်း ၁၁၆
ဥပနိဿယနဲ့ နိဿယ ၁၁၆

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဥပနိဿယ (၃)မျိုး | ၁၁၈ |
| အနန္တရူပနိဿယ | ၁၁၈ |
| အာရမ္မဏူပနိဿယ | ၁၁၈ |
| ပကတိူပနိဿယ | ၁၁၉ |
| ပကတူပနိဿယ | ၁၂၀ |
| ၁။ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြု | ၁၂၀ |
| ၂။ ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြု | ၁၂၂ |
| ၃။ ကုသိုလ်က အဗျာကတကို ကျေးဇူးပြု | ၁၂၆ |
| ပဋိသန္ဓေဘဝအကျိုးပေး | ၁၂၇ |
| ရုပ်အဗျာကတကို ကျေးဇူးမပြု | ၁၂၇ |
| ၄။ အကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြု | ၁၂၈ |
| ၅။ အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြု | ၁၃၀ |
| ၆။ အကုသိုလ်က အဗျာကတကို ကျေးဇူးပြု | ၁၃၁ |
| ၇။ အဗျာကတက အဗျာကတကို ကျေးဇူးပြု | ၁၃၃ |
| ၈။ အဗျာကတက ကုသိုလ်ကို ကျေးဇူးပြု | ၁၃၄ |
| ၉။ အဗျာကတက အကုသိုလ်ကို ကျေးဇူးပြု | ၁၃၅ |
| ဥပနိဿယပစ္စည်းမှာ အဆုံး(၃)ပိုဒ်ဟောရကြောင်း | ၁၃၅ |
| ဥတု | ၁၃၆ |
| ဘောဇဥ်အစားအစာ | ၁၃၇ |
| သေနာသန | ၁၃၉ |
| ပုဂ္ဂလောပိ | ၁၄၀ |

အကြောင်းအရာ စာမျက်နှာ

## ၁၀။ ပုရေဇာတပစ္စည်း

ပုရေဇာတပစ္စည်း ၁၄၂
ကမ္မဇရုပ် လူလုပ်လို့မရ ၁၄၅
ရုပ်နဲ့နာမ် သမ္ပယုတ်မဟုတ် ၁၄၆
ပစ္စည်းပြိုင် ၁၄၇
နိဿယပစ္စည်းနဲ့ မနောဝိညာဏဓာတ် ၁၄၈
ပုရေဇာတပစ္စည်းနဲ့ မနောဝိညာဏဓာတ် ၁၄၉
ရူပါယတနံစသည်ဟောရကြောင်း ၁၅၁
ပစ္စည်းပြိုင် ၁၅၂
ရူပါရုံနဲ့ စက္ခုပသာဒ ၁၅၂
ဝတ္ထုပုရေဇာတပစ္စည်း ၁၅၃

## ၁၁။ ပစ္ဆာဇာတပစ္စည်း

ပစ္ဆာဇာတပစ္စည်း ၁၅၈
တ္တမသာ ကာယသာ ရှင်းချက် ၁၅၉
ပဋိသန္ဓေခဏနဲ့ နာမ်ရုပ်ခန္ဓာ ၁၆၀
ဧကဇကာယ ဒွိဇကာယ ၁၆၁
တိဇကာယ စတုဇကာယ ၁၆၃
ပဋိသန္ဓေမှ စုတိ ၁၆၃
၂၄-ပစ္စည်း မျိုးခွဲတဲ့အခါ ၁၆၄
ပဉ္စဒွါရဝီထိ ၁၆၅
အတ္ထိပစ္စည်းနဲ့ ဝိပ္ပယုတ္တပစ္စည်းရပုံ ၁၆၆

အကြောင်းအရာ စာမျက်နှာ

## ၁၂။ အာသေဝနပစ္စည်း


| | |
|---|---|
| အာသေဝနပစ္စည်း | ၁၆၇ |
| လောကုတ္တရာကုသိုလ်စိတ်(၄)ခု အာသေဝန မတပ် | ၁၆၈ |
| မဂ္ဂဝီထိနဲ့ အာသေဝန | ၁၆၉ |
| ဇာတ်ချင်းမတူ | ၁၆၉ |
| ဘဝချင်းမတူ | ၁၇၀ |
| အာရုံချင်းမတူ | ၁၇၁ |
| ဇောနဲ့ အာသေဝန | ၁၇၁ |
| အဆုံးဇော(သတ္တမဇော)အာသေဝနပစ္စည်းမတပ် | ၁၇၂ |
| ကုသိုလ်က ကုသိုလ်အား ကျေးဇူးပြု | ၁၇၃ |
| ပဌမဇော | ၁၇၃ |
| ပဌမဇော၊ အလယ်ဇော ၅-ချက်နဲ့ သတ္တမဇော | ၁၇၄ |
| အကုသိုလ်က အကုသိုလ်အား ကျေးဇူးပြု | ၁၇၈ |
| ကြိယာဗျာကတက ကြိယာဗျာကတအား ကျေးဇူးပြု | ၁၇၉ |
| ဝိပါက်အဗျာကတ အာသေဝန မရ | ၁၈၀ |
| အာဝဇ္ဇန်းဒွေး အာသေဝန မရ | ၁၈၁ |
| ပဉ္စဒွါရာဝဇ္ဇန်း | ၁၈၁ |
| မနောဒွါရာဝဇ္ဇန်း | ၁၈၁ |
| ကြိယာစိတ်ရဲ့ အဆုံးဇော | ၁၈၂ |


## ၁၃။ ကမ္မပစ္စည်း


| | |
|---|---|
| ကမ္မပစ္စည်း | ၁၈၃ |
| စေတနာနဲ့ကံ | ၁၈၃ |

အကြောင်းအရာ စာမျက်နှာ
တတိယသင်္ဂါယနာတင်ပွဲရဲ့ နောက်ခံသမိုင်း ၁၈၄
စေတနာက အရင်ဖြစ် ၁၈၆
(က) နာနာက္ခဏိကကမ္မ ၁၈၆
(ခ) သဟဇာတကမ္မ ၁၈၇
ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ၁၈၈
အကုသိုလ်ကံ ပဋိသန္ဓေ ၁၈၉
ကမ္မဇရုပ် ၁၈၉
ကာမာဝစရကုသိုလ်ကံ ၁၉၀
ရူပါဝစရကုသိုလ်ကံ ၁၉၁
အရူပါဝစရကုသိုလ်ကံ ၁၉၂
လောကုတ္တရာကုသိုလ်ကံ ၁၉၂
ကမ္မပစ္စည်းနဲ့ အနန္တရပစ္စည်း ၁၉၃
စေတနာက ခန္ဓာကိုယ်ကို ဖြစ်စေခြင်း ၁၉၄
နာနာက္ခဏိကကမ္မအကျိုးပေးပုံ ၁၉၅
စေတနာ ၁၉၆
စက္ခုဝိညာဉ် မြင်တဲ့စိတ် ၁၉၇
ရုပ်တရားရှင်းချက် ၁၉၈
မဟာကုသိုလ်စိတ်မှာ ယှဉ်တဲ့စေတနာ ၁၉၉

## ၁၄။ ဝိပါကပစ္စည်း

ဝိပါကပစ္စည်း ၂၀၁
သာဝသေသဒေသနာ ၂၀၂

အကြောင်းအရာ စာမျက်နှာ

## ၁၅။ အာဟာရပစ္စည်း

အာဟာရပစ္စည်း ၂၀၃
အာဟာရ (၂)မျိုး ၂၀၃
ကဗဠီကာရအာဟာရ ၂၀၄
ကမ္မဇသြဇာ ၂၀၄
စိတ္တဇသြဇာ ၂၀၅
ဥတုဇသြဇာ ၂၀၆
အာဟာရဇသြဇာ ၂၀၆
နာမ်အာဟာရ ၂၀၈
ပဋိသန္ဓေဝိညာဉ်အာဟာရ ၂၀၉
ဖဿအာဟာရ ၂၁၀
စေတနာအာဟာရ ၂၁၁
ဖဿ စေတနာ ဝိညာဉ် ၂၁၂

## ၁၆။ ဣန္ဒြိယပစ္စည်း

ဣန္ဒြိယပစ္စည်း ၂၁၄
ရုပ်ဣန္ဒြေ ၂၁၄
ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ အပြောင်းအလဲ ၂၁၅
ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ ဣန္ဒြိယပစ္စည်းမတပ် ၂၁၅
ရုပ်ဇီဝိတိန္ဒြေ ၂၁၇
ရုပ်က ရုပ်၊ ရုပ်က နာမ် ကျေးဇူးပြုပုံကို ခွဲခြားဟောခဲ့ ၂၁၈
အသညသတ်ဗြဟ္မာ ၂၁၈

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ပါဠိတော်ဟောပုံ | ၂၁၉ |
| ဣန္ဒြိယပစ္စည်းနဲ့ ဣတ္ထိဘာဝ၊ ပုရိသဘာဝရုပ် | ၂၂၀ |
| အရေးကြီးတဲ့ ရုပ်တရား(၈)ပါး | ၂၂၁ |
| ဟဒယဝတ္ထုရုပ် | ၂၂၂ |
| မနိန္ဒြေနဲ့ ဝေဒနာ | ၂၂၂ |
| လွတ်မြောက်ရေးလမ်းစဉ် သဒ္ဓိန္ဒြေ | ၂၂၃ |
| ဝီရိယိန္ဒြေ | ၂၂၄ |
| ဣန္ဒြိယပစ္စည်း (၃)မျိုးနဲ့ ခွဲဝေပုံ | ၂၂၄ |
| သတိန္ဒြေ | ၂၂၅ |
| သမာဓိန္ဒြေ | ၂၂၅ |
| ပညိန္ဒြေ | ၂၂၆ |
| အနညာတညဿာမီတိန္ဒြေ | ၂၂၇ |
| အညိန္ဒြေ | ၂၂၈ |
| အညာတာဝိန္ဒြေ | ၂၂၈ |
| ရဟန္တာနဲ့ အရဟတ္တဖိုလ်စိတ် | ၂၂၉ |
| ဣန္ဒြေ(၂၂)ပါးနဲ့ လုပ်ငန်းစဉ် | ၂၃၀ |
| ရုပ်ဣန္ဒြိယ နာမ်ဣန္ဒြိယ | ၂၃၁ |
| ဇီဝိတစေတသိက် | ၂၃၂ |
| စိတ်စသည် | ၂၃၃ |
| ဣန္ဒြေကို တိက်နဲ့ ဝေဖန်ပုံ | ၂၃၄ |
| ခန္ဓာကိုယ်ကမ္ဘာကြီး | ၂၃၅ |
| ရုပ်အစိုးရနဲ့ နာမ်အစိုးရ | ၂၃၆ |
| ဗောဓိပက္ခိယတရားနဲ့ ဣန္ဒြေ | ၂၃၇ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အကုသိုလ်အစိုးရများ | ၂၃၇ |


## ၁၇။ ဈာနပစ္စည်း


| | |
|---|---|
| ဈာနပစ္စည်း | ၂၃၉ |
| ဈာနအဓိပ္ပါယ် | ၂၃၉ |
| ဈာန်ဆိုတာ မတည်မြဲ | ၂၄၀ |
| ဈာန်အင်္ဂါငါးပါး | ၂၄၁ |
| ဝိတက် | ၂၄၁ |
| ဝိစာရ | ၂၄၂ |
| ပီတိ | ၂၄၃ |
| သုခ | ၂၄၃ |
| ဧကဂ္ဂတာ | ၂၄၄ |
| ဝသီဘော် | ၂၄၅ |
| ဝိတက်က ထိနမိဒ္ဓနီဝရဏကိုပယ် | ၂၄၆ |
| ဝိစာရက ဝိစိကိစ္ဆာနီဝရဏကိုပယ် | ၂၄၇ |
| သုခက ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏကိုပယ် | ၂၄၈ |
| ဧကဂ္ဂတာက ကာမစ္ဆန္ဒနီဝရဏကိုပယ် | ၂၄၈ |
| ကုသိုလ်နဲ့ ဈာန်တရား | ၂၅၀ |
| အကုသိုလ်နဲ့ ဈာန်တရား | ၂၅၀ |
| ဈာနပစ္စည်းပစ္စယုပ္ပန်တရား | ၂၅၁ |
| ဈာန်ရဖို့ ဒုက္ခဝေဒနာရှုဖွယ်မလို | ၂၅၂ |
| ဝိပဿနာမှာ ဝေဒနာရှု | ၂၅၃ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဈာန် (၃)မျိုး | ၂၅၃ |
| ဒွေးပဥ္စဝိညာဉ် (၁၀)နဲ့ ဈာနပစ္စည်း | ၂၅၃ |


## ၁၈။ မဂ္ဂပစ္စည်း


| | |
|---|---|
| မဂ္ဂပစ္စည်း | ၂၅၆ |
| ကုသိုလ်မဂ္ဂင် | ၂၅၆ |
| အကုသိုလ်မဂ္ဂင် | ၂၅၇ |
| မဂ္ဂ=လမ်း | ၂၅၈ |
| မဂ္ဂင် (၂)မျိုး | ၂၅၈ |
| သမ္မာဝါစာ | ၂၅၈ |
| သမ္မာကမ္မန္တ | ၂၅၉ |
| သမ္မာအာဇီဝ | ၂၅၉ |
| သီလမဂ္ဂင်(၃)ပါး | ၂၆၀ |
| မရှိမပင်္ဒိပဒါလမ်း | ၂၆၀ |
| အစွန်းနှစ်ပါး | ၂၆၁ |
| သမ္မာဒိဋ္ဌိ အမှန်သိဖို့အရေးကြီး | ၂၆၁ |
| ဘယ်မဂ္ဂင်နဲ့ စမလဲ | ၂၆၄ |
| သတိပဋ္ဌာန်(၄)ပါး | ၂၆၄ |
| တရားအားထုတ်သူနဲ့ မဂ္ဂင် | ၂၆၅ |
| သိဖို့အရေးကြီး | ၂၆၇ |
| ဆရာရှိဖို့လို | ၂၆၇ |
| ပဥ္စင်္ဂိကမင်္ဂနဲ့ အဋ္ဌင်္ဂိကမင်္ဂ | ၂၆၇ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မဟာကုသိုလ်စိတ်နဲ့ လောကုတ္တရာကုသိုလ်စိတ် | ၂၆၈ |
| မဂ္ဂင်ရှစ်ပါးကို မဂ္ဂပစ္စည်းတရားယူရင် | ၂၆၉ |
| ဓမ္မသင်္ဂဏီမှ မဂ္ဂင် | ၂၇၀ |
| အကုသိုလ်မဂ္ဂင်တရားကိုယ် | ၂၇၁ |
| မိစ္ဆာဒိဋ္ဌိပစ္စည်းတရား | ၂၇၁ |
| မိစ္ဆာသင်္ကပ္ပပစ္စည်းတရား | ၂၇၂ |
| မိစ္ဆာဝါယာမပစ္စည်းတရား | ၂၇၂ |
| မိစ္ဆာသမာဓိပစ္စည်းတရား | ၂၇၂ |

## ၁၉။ သမ္ပယုတ္တပစ္စည်း

| | |
|---|---|
| သမ္ပယုတ္တပစ္စည်း | ၂၇၄ |
| ဝိပဿနာရှုတဲ့အခါ | ၂၇၄ |
| သမ္ပယုတ္တလက္ခဏာ(၄)ပါး | ၂၇၅ |
| ပဋိသန္ဓေစိတ်ရဲ့ ဝတ္ထုရုပ် ပစ္စည်းမရ | ၂၇၆ |
| သမ္ပယုတ္တနဲ့ဟေတု | ၂၇၆ |
| နာမ်က ရုပ်ကို သမ္ပယုတ္တပစ္စည်းမတပ် | ၂၇၇ |
| သမ္ပယုတ္တနဲ့ အာရမ္မဏ | ၂၇၈ |
| သမ္ပယုတ္တနဲ့အဓိပတိ | ၂၇၉ |
| သမ္ပယုတ္တနဲ့အနန္တရ | ၂၇၉ |
| သမ္ပယုတ္တနဲ့သဟဇာတ | ၂၈၀ |
| သမ္ပယုတ္တနဲ့နိဿယ | ၂၈၁ |
| သမ္ပယုတ္တနဲ့ပစ္ဆာဇာတ | ၂၈၂ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သမ္မာယုတ္တနဲ့ အာသေဝန | ၂၈၂ |
| သမ္မာယုတ္တနဲ့ ကမ္မ | ၂၈၃ |
| သမ္မာယုတ္တနဲ့ ဝိပါက | ၂၈၃ |
| သမ္မာယုတ္တနဲ့ အာဟာရ | ၂၈၃ |
| သမ္မာယုတ္တနဲ့ ဣန္ဒြိယ | ၂၈၃ |
| သမ္မာယုတ္တနဲ့ ဈာန | ၂၈၄ |
| သမ္မာယုတ္တနဲ့ မဂ္ဂ | ၂၈၄ |
| ပစ္စည်းပြိုင်သဘော | ၂၈၄ |
| ပညာနဲ့ ပစ္စည်းပြိုင် | ၂၈၅ |


## ၂၀။ ဝိပ္ပယုတ္တပစ္စည်း


| | |
|---|---|
| ဝိပ္ပယုတ္တပစ္စည်း | ၂၈၇ |
| (က) သဟဇာတဝိပ္ပယုတ် | ၂၉၀ |
| (ခ) ပုရေဇာတဝိပ္ပယုတ် | ၂၉၀ |
| (ဂ) ပစ္ဆာဇာတဝိပ္ပယုတ် | ၂၉၂ |
| ဝိပ္ပယုတ္တပစ္စည်းဟောရကြောင်း | ၂၉၂ |
| သမ္မာယုတ္တ၊ ဝိပ္ပယုတ္တဝိပဿနာ | ၂၉၃ |


## ၂၁။ အတ္ထိပစ္စည်း


| | |
|---|---|
| အတ္ထိပစ္စည်း | ၂၉၆ |
| ၁။ သဟဇာတတ္ထိ | ၂၉၆ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အဘိဓမ္မာပြဿနာတစ်မျိုး | ၂၉၇ |
| တကယ်ရှိတဲ့နာမ် | ၂၉၇ |
| တကယ်ရှိတဲ့ရုပ် | ၂၉၈ |
| မဟာဘုတ်(၄)မျိုး | ၂၉၉ |
| ကမ္မဇမဟာဘုတ် | ၃၀၀ |
| စိတ္တဇမဟာဘုတ် | ၃၀၁ |
| အာဟာရဇမဟာဘုတ် | ၃၀၁ |
| ဥတုဇမဟာဘုတ် | ၃၀၂ |
| ၂။ ပုရေဇာတတွေ | ၃၀၂ |
| (က) ဝတ္ထုပုရေဇာတတွေ | ၃၀၂ |
| အနက်နဲ့ဆုံး ဝိပဿနာ | ၃၀၄ |
| (ခ) အာရမ္မဏပုရေဇာတတွေ | ၃၀၄ |
| အတွေ့ပစ္စည်းငါးမျိုး ပဋ္ဌာဝါရမှာ ဟောခြင်း | ၃၀၅ |
| ၃။ ပစ္ဆာဇာတတွေ | ၃၀၆ |
| လင်းတဥပမာ | ၃၀၇ |
| ၄။ ရုပ်အာဟာရတွေ | ၃၀၈ |
| ကဗဠီကာရ အာဟာရဆိုတဲ့ သြဇာ | ၃၀၈ |
| အရှုတ္တိကသြဇာ | ၃၀၈ |
| အတွေ့ပစ္စည်းနဲ့ အယူဝါဒရေးရာ | ၃၀၉ |
| ၅။ ရူပဇီဝိတိန္ဒြိယတွေ | ၃၁၁ |
| သစ်ပင်မှာ အသက်ရှိသလား | ၃၁၂ |
| စက္ခုဒသကကလာပ်နဲ့တူန္ဒြိယ | ၃၁၂ |
| သောတဒသကကလာပ်နဲ့တူန္ဒြိယ | ၃၁၃ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဣန္ဒြိယဗဒ္ဓရုပ် အနိန္ဒြိယဗဒ္ဓရုပ် | ၃၁၃ |
| အသညသတ်ဖြဟ္မာ | ၃၁၄ |

## ၂၂။ နတ္ထိပစ္စည်း

| | |
|---|---|
| နတ္ထိပစ္စည်း | ၃၁၅ |
| နာမ်ကို နာမ်ချင်း မရှိဘဲနဲ့ ကျေးဇူးပြု | ၃၁၆ |
| အနန္တရမျိုး | ၃၁၆ |
| နိဗ္ဗာန်နဲ့ အတ္ထိပစ္စည်း | ၃၁၆ |
| အဖြစ်တရားနဲ့ အရှိတရား | ၃၁၇ |
| ပစ္စုပ္ပန်(၃)မျိုး | ၃၁၈ |
| သင်္ခတနဲ့ အသင်္ခတ | ၃၁၈ |
| နိဗ္ဗာန်အတ္ထိပစ္စည်းမတပ်တဲ့အကြောင်း | ၃၁၉ |
| အတ္ထိပစ္စည်းနဲ့ ဥစ္ဆေဒဒိဋ္ဌိ | ၃၂၀ |
| နတ္ထိပစ္စည်းနဲ့ သဿတဒိဋ္ဌိ | ၃၂၁ |

## ၂၃။ ဝိဂတပစ္စည်း

| | |
|---|---|
| ဝိဂတပစ္စည်း | ၃၂၃ |
| ဝိဂတပစ္စည်းနဲ့ နတ္ထိပစ္စည်းသဘော | ၃၂၃ |
| အဝိဂတပစ္စည်းနဲ့ အတ္ထိပစ္စည်းသဘော | ၃၂၄ |
| ဝေနေယျျွှာသယ | ၃၂၅ |

အကြောင်းအရာ စာမျက်နှာ

## ၂၄။ အဝိဇ္ဇာပစ္စည်း

အဝိဇ္ဇာပစ္စည်း ၃၂၇
သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိပျောက်အောင် ၃၂၇

## အခန်း (၂)

### ပဋ္ဌာန်းဝိပဿနာ

၁။ ဟေတုပစ္စည်းနဲ့ ဝိပဿနာရှုနည်း ၃၂၉
ဝိပဿနာရှုပုံ ၃၃၀
ပဋ္ဌာန်းမှာ ပညတ်မပါဘဲ ရုပ်နာမ်ကိုသာ ဟောခြင်း ၃၃၂
အဘိဓမ္မာရဲ့ အနှစ်သာရ ၃၃၂
နာမရူပပရိစ္ဆေဒဉာဏ် ၃၃၃
ပစ္စယပရိဂ္ဂဟဉာဏ် ၃၃၃
ယထာဘူတဉာဏ် ၃၃၃
ဓမ္မဋ္ဌိတိဉာဏ် ၃၃၄
ရုပ်ဝါဒီတွေအတွက် ဟေတုပစ္စည်းဟော ၃၃၄
ပညတ်နဲ့ပရမတ် ၃၃၆
ဉာတပရိညာ ၃၃၇
အနိစ္စလက္ခဏာ ၃၃၈
ဒုက္ခလက္ခဏာ ၃၃၈
အနတ္တလက္ခဏာ ၃၃၈
တီရဏပရိညာ ၃၄၀

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဒေါသကို ရှုနည်း | ၃၄၁ |
| ဘဝကူးကောင်းပါ့မလား | ၃၄၃ |
| ၂။ အာရမ္မဏပစ္စည်းနဲ့ဝိပဿနာရှုနည်း | ၃၄၅ |
| မြင်စိတ်ဝိပဿနာ | ၃၄၆ |
| အနိဋ္ဌမြင် | ၃၄၆ |
| ဒုက္ခမြင် | ၃၄၆ |
| အနတ္တမြင် | ၃၄၆ |
| ခန္ဓာကိုယ်ကြီးကို တွယ်တာမှု | ၃၄၇ |
| တဏှာမာနဒိဋ္ဌိ | ၃၄၇ |
| ကိလေသာ (၃)မျိုး | ၃၄၈ |
| ၃။ အဓိပတိပစ္စည်းနဲ့ ဝိပဿနာရှုနည်း | ၃၅၂ |
| ဗြဟ္မာဆိုတာဘာလဲ | ၃၅၃ |
| ဆန္ဒာဓိပတိနဲ့ ဝိပဿနာ | ၃၅၃ |
| ဝီရိယာဓိပတိနဲ့ ဝိပဿနာ | ၃၅၄ |
| ၄။ အနန္တရပစ္စည်းနဲ့ ဝိပဿနာရှုနည်း | ၃၅၇ |
| ရုပ်ဝါဒီနာမ်ဝါဒီ | ၃၅၇ |
| အနန္တရသတ္တိ | ၃၅၉ |
| ၅။ သဟဇာတပစ္စည်းနဲ့ ဝိပဿနာရှုနည်း | ၃၆၄ |
| နာမ် နာမ်ချင်း | ၃၆၄ |
| ရုပ် ရုပ်ချင်း | ၃၆၅ |
| နာမ်ရုပ်က နာမ်ရုပ် | ၃၆၆ |
| ပဋိသန္ဓေဝိညာဉ် | ၃၆၇ |
| ဖြစ်ပျက်ဆိုတဲ့တရား | ၃၆၈ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အနန္တရပစ္စည်းနဲ့ သဿတဒိဋ္ဌိပျောက်သွားခြင်း | ၃၆၈ |
| နာမ်သက်သက် ဝိပဿနာ | ၃၇၃ |
| ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပုံ | ၃၇၄ |
| ရုပ်သက်သက်ဝိပဿနာ | ၃၇၅ |
| ပဋိသန္ဓေနာမ်ရုပ်ဝိပဿနာ | ၃၇၇ |
| ပဝတ္တိနာမ်ရုပ်ဝိပဿနာ | ၃၇၇ |
| ဥပါဒါရုပ်ဝိပဿနာ | ၃၇၈ |
| တောင်းဆုပတ္တနာ | ၃၈၀ |

**နောက်ဆက်တွဲ**

| | |
| --- | --- |
| ခက်ဆစ်မှတ်ဖွယ် | ၃၈၂ |

# သဒ္ဓမ္မဇောတိကပဋ္ဌာန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အခန်း (၁)

### ၁။ ဟေတုပစ္စည်း

ဟေတုပစ္စည်း

ပဋ္ဌာန်းကို ယခုဟောင်ပြမှာက သင်ရိုးသင်စဉ် ပစ္စည်းတရားက ဘယ်လောက် ရှိတယ်၊ ပစ္စယုပ္ပန်တရားက ဘယ်လောက် ရှိတယ်၊ ပစ္စည်းပြိုင်တော့ ဘယ်နှစ် ပစ္စည်းပေါင်းပြိုင်နိုင်တယ်လို့ ဒီလို သရုပ်တွေကို အသေးစိတ် ကောက်ပြတဲ့ နည်းမျိုးနဲ့ တင်ပြမှာ မဟုတ်ပါ၊ ပဋ္ဌာန်းကို လက်တွေ့ ဘယ်လို အသုံးချရတယ်၊ ဘယ်လို နေရာတွေမှာ အသုံးချရင် ကောင်းတယ် ဆိုတာတွေကို ပဋ္ဌာန်းကျမ်း အတွက် အချိန်အများဆုံး ပေးပြီးတော့ လေ့လာရှာဖွေပြီး စွမ်းအားရှိသလောက် တင်ပြမှာ ဖြစ်ပါတယ်။

ဟေတုပစ္စည်းကို သင်ရိုးအတိုင်းသင်ရင် ပစ္စည်းတရားနဲ့ ပစ္စယုပ္ပန်တရားကို (၂) မျိုး ခွဲတဲ့အခါမှာ ဟေတူအရ ပစ္စည်းတရားက အကျဉ်းချုပ် လောဘ ဒေါသ မောဟ အလောဘ အဒေါသ အမောဟဆိုတဲ့ ဟိတ် (၆) ပါးပါ။ ပစ္စယုပ္ပန်တရားများက 'ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ'အရ ဟိတ်နဲ့ ယှဉ်တဲ့ စိတ်စေတသိက်တွေပါ။ 'တံသမုဋ္ဌာနာနဉ္စ ရူပါနံ' အရ သဟိတ်စိတ္တဇရုပ်

သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်တွေပါ။ ပစ္စယုပ္ပန်တရားတွေကို ဆိုရိုးအတိုင်း တိတိကျကျ ဆိုရင် ဟိတ်နဲ့ ယှဉ်တဲ့ စိတ်က (၇၁) ခု၊ မောဟမူဒွေး၌ မောဟကြဉ်တဲ့ စေတသိက်က (၅၂) ခုနဲ့ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်လို့ ဆိုရပါတယ်။

ပစ္စနိက်ဆိုတာက ပစ္စယုပ္ပန်တရားထဲမှာ မပါတဲ့ တရားကို ခေါ်တာပါ။ စာသင်တိုက်ကြီးများမှာတော့ ပဌာန်းကို မတက်ခင် (၂) ချက်စု၊ (၃) ချက်စု ဆိုတာတွေကို အရ ကျက်ရပါတယ်။ ပစ္စယနိဒ္ဒေသမှာပါတဲ့ ပစ္စည်းတရား ပစ္စယုပ္ပန်တရားကို သင်တာက ၂-ချက်စုလို့ ခေါ်ပါတယ်။ (၃) ချက်စုမှာတော့ ပစ္စနိက်ပါ ကျက်မှတ်ရပါတယ်။

စိတ် (၈၉)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရား (၄) ပါးကို မှတည်ပြီးထားတော့ ဟေတုပစ္စည်းမှာ ပစ္စယုပ္ပန်တရားက ဟိတ်နဲ့ ယှဉ်တဲ့စိတ် (၇၁)၊ မောဟမူဒွေမှာယှဉ်တဲ့ မောဟကြဉ်တဲ့ စေတသိက် (၅၂)၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်ဆိုတော့ စိတ်ထဲက ကျန်နေတဲ့ အဟိတ်စိတ် (၁၈) ခုဟာ ပစ္စနိက် ဖြစ်သွားပါတယ်။ ပစ္စယုပ္ပန်တရားထဲမှာ မပါတဲ့ တရားဟာ ပစ္စနိက်ပါ။ မောဟမူဒွေမှာ ရှိတဲ့ မောဟနဲ့ အဟိတ်စိတ် ၁၈ ပါးမှာ ယှဉ်တဲ့ စေတသိက်တွေလဲ ပစ္စနိက်ဖြစ်သွားပါတယ်။ ပစ္စနိက်ကို ထုတ်လိုက်တော့ ဘာအဓိပ္ပါယ် ပေါ်လာသလဲဆိုရင် ရုပ်မှာ စိတ္တဇရုပ်က ဟိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်၊ ဟိတ်ကြောင့်မဖြစ်တဲ့ စိတ္တဇရုပ်လို့ (၂)မျိုး၊ ကမ္မဇရုပ်ကလဲ ဟိတ်ကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်၊ ဟိတ်ကြောင့်မဖြစ်တဲ့ ကမ္မဇ ရုပ်လို့ (၂)မျိုး ရှိသော်လည်း ဥတုဇရုပ်နဲ့ အာဟာရဇရုပ်တို့မှာ ဟိတ်ကြောင့် ဖြစ်တာ မရှိပါ။ ဒါကြောင့် တစ်မျိုးပဲ ရှိပါတယ်။

ရုပ်လောကကို စဉ်းစားတဲ့အခါ ဥတုဇရုပ်ကို အများ နားလည်နေကြ တာက ရေ မြေ တော တောင်ဆိုတဲ့ မိမိတို့ပတ်ဝန်းကျင်မှာ ရှိနေကြတာတွေ ကိုသာ ဥတုဇရုပ်လို့ နားလည် နေကြပါတယ်။ မိမိတို့ ခန္ဓာကိုယ်ကို ဥတုဇရုပ်လို့ နားမလည်ကြပါ။ အဘိဓမ္မာတတ်တဲ့ ပညာရှင်များကတော့ လူသေရင် ဥတုဇရုပ်

ကလာပ်ကို မီးသဂြိုဟ်လိုပါ၍လို့ အသုဘဖိတ်စာမှာ ရေးကြပါတယ်။ လူမှာ ရှိတဲ့ အာဟာရဇရုပ် စိတ္တဇရုပ် ကမ္မဇရုပ်တို့က မီးသဂြိုဟ်လို့ မရပါ။ လူသေပေမဲ့ ဥတုဇရုပ်က မသေဘဲ ကျန်ရစ်လို့ ဒီနေရာမှာ ဥတုဇရုပ်ဟာ ဟိတ်ကြောင့် မဖြစ်တာကို လက်တွေ့ ပြောလို့ရပါတယ်။

အာဟာရဇရုပ်ကလဲ ဟိတ်ကြောင့်မဖြစ်တာကို စဉ်းစားရင် သိနိုင်ပါတယ်။ အာဟာရဇရုပ်နဲ့ စိတ္တဇရုပ်ဟာ စုတိစိတ်နဲ့ ယှဉ်ပြီး ချုပ်ပါတယ်။ ကမ္မဇရုပ် အချို့ကတော့ စုတိစိတ်အရင် ချုပ်ပါတယ်။အချို့က ပြိုင်ပြီးချုပ်ပါတယ်။ဟော်တယ် တက်ပြီး အင်မတန်ကောင်းတဲ့ အစားအစာတွေ စားသောက်ပြီး ရုတ်တရက် လေဖြတ်ပြီး သေသွားတဲ့သူမှာ သူ့စိတ်ထဲရှိနေတဲ့ တန်ဖိုးကြီးကြီးပေးပြီး ဝယ်စား ထားတဲ့ အာဟာရတွေက သေတဲ့အခါမှာ ရုပ်ကို မဖြစ်စေနိုင်တော့ပါ၊ ဩဇာ ဆိုတဲ့ အာဟာရဇရုပ်ဟာ ကမ္မဇရုပ်ထဲမှာ မွေးကတည်းက ပါလာတဲ့ အဇ္ဈတ္တိက (အတွင်း)ဩဇာနဲ့ စားလိုက်တဲ့အခါမှာ ပါလာတဲ့ ဗဟိဒ္ဓ(ပြင်ပ)တို့ ပေါင်းပြီးတော့ မှ ရုပ်ကို ဖြစ်စေနိုင်တာပါ။ အာဟာရဇရုပ်ဟာ နာမ်တရား ရှိနေစဉ် အခါမှာ သာ အဇ္ဈတ္တိကဩဇာနဲ့ပေါင်းပြီးတော့ ရုပ်ကို ဖြစ်စေနိုင်တာပါ။ ဒါက ဥတုဇ ရုပ်နဲ့အာဟာရဇရုပ်ဟာ ပစ္စနိက်မှာပါပုံကို လက်တွေ့နဲ့ ရှင်းပြတာ ဖြစ်ပါတယ်။

အဘိဓမ္မာပြဿနာတစ်ခုကို ရှင်းမယ်ဆိုရင် ပါဠိတော်တွေကိုလဲ ကြည့်ရ ပါတယ်။ အဋ္ဌကထာတွေကိုလဲ ကြည့်ရပါတယ်။ ဝိဘင်းအဋ္ဌကထာဟာ အဘိဓမ္မာအဋ္ဌကထာထဲမှာ အတောက်ပြောင်ဆုံး အဋ္ဌကထာပါ။ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာလို့ ခေါ်ပါတယ်။ ဝိပဿနာကိစ္စနဲ့ ပတ်သက်၍သော် လည်းကောင်း၊ အဘိဓမ္မာအရေးအရာနဲ့ ပတ်သက်၍သော်လည်းကောင်း၊ အင်မတန် ကျယ်ဝန်းတဲ့ အဆုံးအဖြတ်တွေ ဝိဘင်းအဋ္ဌကထာမှာ ပါပါတယ်။ ပဋ္ဌာန်းသင်တဲ့အခါမှာတော့ ပဋ္ဌာန်းအကျယ်ပြောချင်ရင် ပဋ္ဌိစ္စဝါရ၊ ပဥှာဝါရတို့ ကိုလဲ ကြည့်ရပါတယ်။

ဒီပစ္စယနိဒ္ဒေသပါဠိတော်မှာ လောဘ ဒေါသ မောဟ၊ အလောဘ အဒေါသ အမောဟဟိတ် (၆) ပါးက ဒီဟိတ် (၆) ပါးနဲ့ ယှဉ်တဲ့ စိတ်စေတသိက်

ရုပ်တရားတို့ကို ဟေတုပစ္စည်းနဲ့ ကျေးဇူးပြုတယ်ဆိုတော့ အင်မတန် ကျဉ်းနေပါတယ်။ ပဋ္ဌာဝါရမှာ ကြည့်တဲ့အခါကျတော့ ဟိတ်မှာ အလောဘ အဒေါသ အမောဟ ဆိုတဲ့ ကုသိုလ်ဟိတ်က (၃) ပါး၊ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်ဟိတ်က (၃) ပါး၊ အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ အဗျာကတဟိတ်က (၃) ပါး၊ ပေါင်း ဟိတ် (၉) ပါးလို့ ဆိုပါတယ်။ အဗျာကတဟိတ်နဲ့ ကုသိုလ်ဟိတ်က အလောဘ အဒေါသ အမောဟချင်း တူနေတဲ့အတွက် ဟေတုအရကို ဟိတ်(၆)ပါးလို့ပဲ ယူရပါတယ်။

## ကုသိုလ်ဟိတ်

ကုသိုလ်ဟိတ်မှာ–

(၁) နာမ် နာမ်ချင်း ကျေးဇူးပြုတယ်။

(၂) နာမ်က ရုပ်ကို ကျေးဇူးပြုတယ်။

(၃) နာမ်က နာမ်ရုပ်ကို ကျေးဇူးပြုတယ်ဆိုပြီး (၃) မျိုး ကွဲသွားပါတယ်။

(၁) အလောဘ အဒေါသ အမောဟက သူနဲ့ ယှဉ်တဲ့စိတ် စေတသိက် နာမ်ကို ကျေးဇူးပြုရင် နာမ် နာမ်ချင်း ကျေးဇူးပြုတာ ဖြစ်ပါတယ်။

(၂) ဒီကုသိုလ်ဟိတ်က သူ့ကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်ကို ကျေးဇူးပြုရင် နာမ်က ရုပ်ကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။

(၃) ဒီ အလောဘ အဒေါသ အမောဟ ကုသိုလ်ဟိတ်က သူနဲ့ ယှဉ်တဲ့ စိတ် စေတသိက် စိတ္တဇရုပ်တွေကို ပေါင်းပြီး ကျေးဇူးပြုတဲ့အခါ နာမ်က နာမ်ရုပ်ကို ကျေးဇူးပြုတာ ဖြစ်သွားပါတယ်။

ဒါကတော့ ပဋ္ဌာဝါရက ယူပြီး အကျဉ်းချုပ် တင်ပြတာ ဖြစ်ပါတယ်။

တကယ် လက်တွေ့ ပြရမယ်ဆိုရင် ကုသိုလ်ဟိတ် (၃) ပါးထဲက အလောဘ ဖြစ်လာတယ်ဆိုတဲ့အခါမှာ အမောဟဆိုတဲ့ပညာက ပါချင်မှပါမှာပါ။ ဥပမာ အလှူပေးရင် သုတ္တန်နည်းအားဖြင့် ဒါနပြုတယ်။ ပဋ္ဌာန်းနည်းအားဖြင့်

အလောဘစေတသိက် ဖြစ်တယ်လို့ ဆိုရပါတယ်။ ဒါနအကျိုးကို မသိတဲ့ သူများမှာ အလောဘနဲ့ သူနဲ့ယှဉ်ဖြစ်တဲ့ ဉာဏဝိပ္ပယုတ်စိတ် စေတသိက်တွေ ဖြစ်ပါတယ်။ လောဘဆိုတာက ပစ္စည်းတစ်ခုကို တွယ်တာနေတဲ့ စိတ်ဖြစ်တော့ ဒီပစ္စည်းကိုပေးလိုက်တဲ့အခါမှာ အလောဘစိတ် ဖြစ်လာပါတယ်။ ဒီအလောဘကို အကြောင်းပြုပြီး ဉာဏဝိပ္ပယုတ်စိတ်နဲ့ သူ့မှာ ယှဉ်တဲ့ စေတသိက်တွေ တပြိုင်ထဲ ဖြစ်တာပါပဲ။

အလောဘပစ္စည်းတရားနဲ့ အလောဘနဲ့ ယှဉ်တဲ့စိတ် စေတသိက် ပစ္စယုပ္ပန်တရားတို့ဟာ သဟဇာတမျိုး ဖြစ်တဲ့အတွက် အတူဖြစ်ပြီး အတူပျက်ပါ တယ်။ ရုပ်က စိတ္တဇရုပ် ကမ္မဇရုပ်လို့ ၂–မျိုး ရှိရာမှာ အလောဘကုသိုလ်စိတ်နဲ့ စိတ္တဇရုပ်က တပြိုင်နက် ဖြစ်ပါတယ်။ အလောဘ စိတ္တဇရုပ်ဆိုတာက ကုသိုလ် ပြုတဲ့အခါမှာ ဖြစ်တဲ့ ရုပ်ပါ။ အခုပဋ္ဌာန်းလေ့လာနေတဲ့ အချိန်မှာ အလောဘရုပ် ဖြစ်နေပါတယ်။ လောဘကိစ္စတွေ အကုန်ပယ်ပြီး ပဋ္ဌာန်းလေ့လာနေတာဖြစ်တော့ အခုပဋ္ဌာန်းလေ့လာနေတဲ့အခါမှာ အလောဘရုပ်ဖြစ်နေပါတယ်။သာမန်လူတွေက ရုပ်တွေဟာ အတူတူပဲလို့ ထင်ကြပေမဲ့ အလောဘရုပ်နဲ့ လောဘရုပ်က မတူပါ။ ဝိပဿနာပွားနေတဲ့ ပုဂ္ဂိုလ်များမှာ ဒါကို ကြည့်ပြီး မိမိ လောဘရုပ်ဖြစ်တဲ့ အခါနဲ့ အလောဘရုပ်ဖြစ်တဲ့အခါမှာ ရုပ်ကို ခွဲခြားသိနိုင်ပါတယ်။လောဘရုပ်က လေးလံပါတယ်။ စေတသိက်တွေထဲမှာ လဟုတာ မုဒုတာဆိုတဲ့ စေတသိက်တို့က ပါတော့ အလောဘရုပ်ကတော့ ပေါ့ပါးပါတယ်၊ အလောဘကလဲ သူတစ်ခုထဲ ဖြစ်တာ မဟုတ်ပါ။ လဟုတာ မုဒုတာတို့လဲ ပါကြပါတယ်။

တံသမုဋ္ဌာနာနဉ္စ ရူပါနံအရ ဟေတုပစ္စည်း ပစ္စယုပ္ပန်မှာ ကမ္မဇရုပ် ပါပေမဲ့ အလောဘ ကုသိုလ်ဟိတ်ကို ယူတဲ့အခါ ကုသိုလ်ဟိတ်က စိတ္တဇရုပ်ကိုသာ ဖြစ်စေနိုင်ပါတယ်။ ကမ္မဇရုပ်ကို မဖြစ်စေနိုင်ပါ။ ကမ္မဇရုပ်က ပဋိသန္ဓေနေတဲ့ အချိန်ကစပြီးပါလာတာဟာ တခါထဲ ရှိနေတာပဲ။ တဆက်ထဲရှိနေတာပဲလို့ ဒီလိုပဲ လူတွေက ထင်နေကြပါတယ်။ အဘိဓမ္မာအလိုကတော့ ကမ္မဇရုပ်ဟာ ခဏတိုင်း ခဏတိုင်းဖြစ်ပျက်နေတာပါ။ မြစ်ထဲမှာ ရေတွေဟာ မပြတ် စီးဆင်း

နေတယ်လို့ တဆက်ထဲထင်ရသလို ပဋိသန္ဓေကစပြီး မပြတ် ဖြစ်ပျက်နဲ့ ကမ္မဇရုပ်တွေက ဖြစ်နေတာပါ။ ဒီလို ဖြစ်ပျက်နဲ့ မသေမချင်း ဖြစ်နေတဲ့ ကမ္မဇရုပ်တွေကို ဒါနပြုတဲ့ အခါမှာ အလောဘက ဖြစ်စေသလားဆိုတော့ သုတ္တန်နည်းနဲ့ ပြောရင်တော့ ဖြစ်နိုင်တယ်လို့ပဲ ပြောနိုင်ပါတယ်။

ဒါပေမဲ့ ပဋ္ဌာန်းနည်းနဲ့ သေသေချာချာ စီစစ်ကြည့်ရင် ကုသိုလ်ဟိတ်က ကမ္မဇရုပ်ကို မဖြစ်စေနိုင်ပါ။ ပဋ္ဌာန်းနဲ့ ပြတ်ပြတ်သားသား ပြောရရင် ကမ္မဇရုပ်က ဟိုဘဝက ကုသိုလ်ကံကြောင့် ဖြစ်နေတာပါ။ အခု လုပ်နေတာက ဒီဘဝက ကုသိုလ်ဒါနပါ။ ဟိုဘဝက ကုသိုလ်ကံကြောင့် အရှိန်မပြက် မီးပုံးများ လွှတ်လိုက်ရင် တက်နေသလို မီးခိုးရှိသမျှ တက်နေမှာပါ။ ဒါကြောင့် ဒီဘဝမှာ ဖြစ်နေတဲ့ ကမ္မဇရုပ်ကို အလောဘက ဟေတုပစ္စည်းနဲ့ ကျေးဇူးမပြုနိုင်ပါ။ ဒါနပြုတဲ့ ပဝတ္တိအခါမှာတော့ စိတ္တဇရုပ်ကိုသာ ဖြစ်စေနိုင်ပါတယ်။ ကမ္မဇရုပ်ကို မဖြစ်စေနိုင်ပါ။

အဒေါသ အမောဟတို့မှာလဲ အလောဘနဲ့ အတူတူပါပဲ။ မေတ္တာပို့တဲ့ အခါမှာ အဒေါသစိတ်ကြောင့် စိတ်စေတသိက် စိတ္တဇရုပ်တွေ ဖြစ်နေတယ်ဆိုတာက ထင်ရှားပါတယ်။

ကုသိုလ်ပြုတဲ့အခါ ဉာဏ်မပါဘဲနဲ့လဲ လုပ်ကြပါတယ်။ ဉာဏ်နဲ့ ယှဉ်လုပ်တဲ့ ကုသိုလ်ကျတော့ ပညာ ပါလာပါတယ်။ အခုအချိန်မှာ ပညာနဲ့ ပဋ္ဌာန်း လေ့လာနေကြပါတယ်။ ဉာဏ်နဲ့ စိုက်ပြီး ပဋ္ဌာန်းတရားကို လေ့လာကြတော့ ဉာဏ်နဲ့ ယှဉ်တဲ့ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် စေတသိက်တွေ ဖြစ်နေကြပါတယ်။ ဒီလို လေ့လာနေသူရဲ့ စိတ် စေတသိက် စိတ္တဇရုပ်တွေဟာ အမောဟဟိတ်ကြောင့် ဖြစ်နေတာပါ ပဲ။ အမောဟဟိတ်ကြောင့်ဆိုရင် ကျန်တဲ့ ၂-ပါးလဲ ပါတာပဲ။

ကုသိုလ်ဟိတ် ၃-ပါးမှာ စိတ်ယှဉ် စေတသိက်ယှဉ်ကျတော့ အသေးစိတ်ခွဲရင် အလောဘမှာ တစ်မျိုးခွဲ။ အဒေါသမှာ တစ်မျိုးခွဲ၊ အမောဟမှာ တစ်မျိုးခွဲပြီး တစ်ခုစီ သွားပါတယ်။

အကုသိုလ်ဟိတ်

အကုသိုလ်ဟိတ် ၃–ပါးမှာ လောဘဟိတ်အကြောင်းကို တင်ပြရမယ် ဆိုရင် လောဘနဲ့ သူများပစ္စည်းကို ခိုးတယ်ဆိုပါစို့။ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ ဆိုတော့ လောဘနဲ့ ယှဉ်တဲ့ လောဘမူစိတ်နဲ့ အဲဒီလောဘမူစိတ်မှာ ယှဉ်တဲ့ စေတသိက် ၂၂–ခုလဲ ပါတာပါပဲ။ လောဘနဲ့ လောဘမူစိတ်စေတသိက် ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေလဲ ပါတာပါပဲ။ ဒေါသဖြစ်လို့ လူသတ်မှုဖြစ်တဲ့ အခါမှာလဲ ဒေါသမူစိတ်၊ ဒေါသမူစိတ်မှာ ယှဉ်တဲ့ စေတသိက် ၂၂–ခုနဲ့ ဒေါသစိတ္တဇရုပ်တွေ ပါတာပါပဲ။

ကုသိုလ်ဟိတ် ၃–ပါးက ကမ္မဇရုပ်ကို မဖြစ်စေနိုင်သလို အကုသိုလ်ဟိတ် ၃–ပါးကလဲ ကမ္မဇရုပ်ကို မဖြစ်စေနိုင်ပါ။ မောဟကတော့ သူ့ချည်း သီးခြား ဖြစ်တယ်လို့ မရှိပါ။ လောဘဖြစ်တယ်ဆိုရင် မောဟက ပါရပါတယ်။ လောဘ ဖြစ်လို့ မောဟ အမြဲပါနေတာက မောဟက လောဘဖြစ်အောင် ဖုံးပေးရတဲ့ စေတသိက်ဖြစ်လို့ပါပဲ။ ဒေါသဖြစ်တယ်ဆိုပြန်ရင်လဲ ဒေါသက မောဟမပါပဲ ဖြစ်လို့ မရပါ။ ဒေါသစိတ်ကိုလဲ မောဟကပဲ ဖုံးလွှမ်းပေးပါတယ်။ဒါကြောင့် မောဟဟိတ်ကို ပစ္စည်းတရားယူရင် ပစ္စယုပ္ပန်ဘက်မှာ အကုသိုလ်စိတ် (၁၂) ခုလုံးနဲ့ မောဟမူဒွေးမှာရှိတဲ့ မောဟကြဉ်တဲ့ စေတသိက် (၂၇)လုံး ရပါတယ်။ မောဟမူဒွေးမှာ ရှိတဲ့ မောဟမှာ ယှဉ်ဘက်ဟိတ် မရှိလို့ ကြဉ်ရတာပါ။ ဒီလို ကြဉ်ဖယ်လိုက်ပေမဲ့လဲ လောဘမူစိတ် ဒေါသမူစိတ်တို့မှာ ယှဉ်တဲ့ မောဟပါနေလို့ အရေအတွက် လျော့မသွားပါဘူး။

ပစ္စည်းနဲ့ ပစ္စယုပ္ပန်မှာ လောဘပစ္စည်းတရားယူရင် လောဘနဲ့ ယှဉ်တဲ့ စိတ် စေတသိက် စိတ္တဇရုပ်က ပစ္စယုပ္ပန် ဖြစ်ပါတယ်။ ဒေါသပစ္စည်း တရားယူရင် ဒေါသနဲ့ယှဉ်တဲ့ စိတ် စေတသိက် စိတ္တဇရုပ်က ပစ္စယုပ္ပန် ဖြစ်ပါတယ်။ မောဟမှာတော့ မောဟက အကုသိုလ်လုပ်တိုင်း ပါဝင်နေတော့ အကုသိုလ်စိတ် (၁၂) ခုလုံး စေတသိက်ကလဲ မောဟမူဒွေမှာရှိတဲ့ မောဟ ကြဉ်တဲ့ စေတသိက် (၂၇) နဲ့ စိတ္တဇရုပ်တွေဟာ ပစ္စယုပ္ပန်ဖြစ်သွားပါတယ်။

ကုသိုလ်ဟိတ် (၃) ပါးနဲ့ အကုသိုလ်ဟိတ် (၃) ပါးကို လူတိုင်းနားလည်အောင် တင်ပြရမယ်ဆိုရင် လူတွေမှာ တစ်နေ့လုံး ဖြစ်နေတဲ့ နာမ်ရုပ်တွေက လောဘ နာမ်ရုပ်၊ ဒေါသနာမ်ရုပ်၊ မောဟနာမ်ရုပ်တွေနဲ့ လှုပ်ရှားနေကြတာပါ။ ကုသိုလ်လုပ်တဲ့အခါမှာတော့ အလောဘနာမ်ရုပ်၊ အဒေါသနာမ်ရုပ်၊ အမောဟနာမ်ရုပ်တွေနဲ့ပဲ ကောင်းတာတွေ လုပ်နေကြတာပါ။ ကမ္မဇရုပ်ကတော့ ကံအရှိန်ကြောင့် ပဋိသန္ဓေနေစ ကထဲကပဲ ဖြစ်နေတာပါ။

## အဗျာကတဟိတ်

အဗျာကတဟိတ်မှာ ဝိပါက်အဗျာကတ ကြိယာအဗျာကတလို့ (၂) မျိုး ကွဲပါတယ်။ ကြိယာအဗျာကတက ကုသိုလ်ဟိတ်နဲ့ ခပ်ဆင်ဆင် တူပါတယ်။ ပုဂ္ဂိုလ်ကွဲလို့ ကြိယာလို့ ခေါ်တာပါပဲ။ ဝိပါက်အဗျာကတမှာ ဒွိဟိတ်ပုဂ္ဂိုလ်က အလောဘဟိတ် အဒေါသဟိတ်နဲ့ ပဋိသန္ဓေနေပါတယ်။ ဒီအလောဘ အဒေါသနဲ့ ပဋိသန္ဓေနေတဲ့ ဒွိဟိတ်ပုဂ္ဂိုလ်မှာ ပဋိသန္ဓေခဏမှာ ကမ္မဇရုပ်က တပြိုင်နက် ဖြစ်ပါကယ်။

ဒီပဋိသန္ဓေအခါမှာ ရှိတဲ့ ကမ္မဇရုပ်ကို ကျေးဇူးမပြုဘူးလား ဆိုတော့ ဟေတုပစ္စည်းက သဟဇာတမျိုး ဖြစ်တဲ့အတွက် အတူဖြစ်ပြီး အတူ ပျက်တဲ့ သတ္တိရှိပါတယ်။ ဒီတော့ ဒွိဟိတ်မှာ ပဋိသန္ဓေစိတ်နဲ့ ကမ္မဇရုပ်က အတူ ဖြစ်ပါတယ်။ ဒီအခါမှာ ရုပ်ကလဲ နာမ်ကို မှီပါတယ်။ နာမ်ကလဲ ရုပ်ကို မှီရလို့ အပြန်အလှန် သဟဇာတ အညမည ရပါတယ်။ ဒီလို ကျေးဇူးပြုနိုင်တာကလဲ ပဋိသန္ဓေအခါမှာပဲ ရပါတယ်။ ပဝတ္တိအခါမှာတော့ ကမ္မဇရုပ်ကလဲ သူ့ဘာသာသူ စိတ္တက္ခဏ (၁၇) ချက်အားဖြင့် ဖြစ်ပြီး ပျက်သွားလိုက် ဖြစ်ပြီး ပျက်သွားလိုက်နဲ့ ဖြစ်နေတာပါ။ ပဋိသန္ဓေအခိုက်မှာသာ ကမ္မဇရုပ်နဲ့ ဝိပါက်စိတ်ဟာ သဟဇာတပစ္စည်းဖြစ်နိုင်ပါတယ်။

ဟေတုပစ္စည်းက "တံသမုဋ္ဌာနာနဉ္စ ရူပါနံ=ထိုဟိတ်ကြောင့် ဖြစ်တဲ့ ကမ္မဇရုပ် စိတ္တဇရုပ်"တို့လို့ ဆိုပေမဲ့ ပဝတ္တိအခါမှာ ကုသိုလ်စိတ်တွေ ဖြစ်နေတဲ့ အခါ ကမ္မဇရုပ်ကို ကျေးဇူးပြုတယ်လို့ မဆိုနိုင်ပါ။ အကုသိုလ်စိတ်တွေ ဖြစ်နေတဲ့ အခါမှာလဲ ကမ္မဇရုပ်ကို ကျေးဇူးပြုတယ်လို့ မဆိုနိုင်ပါ။ အဗျာကတ ဝိပါက် စိတ်ကိုတော့ ပဥ္စာဝါရမှာ "ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဟေတူ"လို့ ဝိပါက်အဗျာကတကို ပဋိသန္ဓေခဏမှာ ဟောထားပါတယ်။ ဟေတုပစ္စည်းက သဟဇာတမျိုး ဖြစ်နေလို့ နာမ်နဲ့ရုပ်ဟာ ပဋိသန္ဓေအခိုက်မှာသာ ဟေတုပစ္စည်း ရပါတယ်။ ပဝတ္တိအခါမှာကျတော့ ဟေတုပစ္စည်း မရပါ။ ဒါက အလောဘ အဒေါသဟိတ် (၂) ပါးနဲ့ ယှဉ်တဲ့ ဒွိဟိတ် အဗျာကတ ရှင်းချက်ပါပဲ။

### တိဟိတ်ပဋိသန္ဓေ

လူတိဟိတ်ပုဂ္ဂိုလ်က အလောဘ အဒေါသ အမောဟ ဟိတ် (၃) ပါးနဲ့ ယှဉ်တဲ့ ဉာဏသမ္ပယုတ် မဟာဝိပါက်စိတ် (၄) ခုထဲက တစ်ခုခုနဲ့ ပဋိသန္ဓေနေလို့မို့ စိတ်ကတစ်ခု၊ စေတသိက်က (၃၃) ခု၊ သဟိတ်ကမ္မဇရုပ်တို့က ပစ္စယုပ္ပန်တရားများ ဖြစ်ကြပါတယ်။ ပဋိသန္ဓေနာမ်နဲ့ ကမ္မဇရုပ်ဟာ လူမှာ တန်ဖိုးအကြီးဆုံး မဏ္ဍိုင်ပါပဲ။ လူသတ္တဝါလို့ အသိအမှတ်ပြုပြီး အယုတ် အလတ် အမြတ်လို့ ခွဲရတာက ပဋိသန္ဓေကစပြီး ဖြစ်ပျက်ဖြစ်ပျက်နဲ့ ယခုထိ မသေမချင်း ဖြစ်နေတာပါ။ ဝီထိ စိတ်တွေ မဖြစ်တဲ့အခါမှာ ဘဝင်စိတ်က ဖြစ်ရတာပါ။ ကမ္မဇရုပ်ကတော့ ဝီထိစိတ် ဖြစ်ဖြစ် မဖြစ်ဖြစ် ဖြစ်ပျက် ဖြစ်ပျက်နဲ့ မပြတ်ဖြစ်နေတာပါ။ ဟေတုပစ္စည်းနဲ့ ကျေးဇူးပြုတာက ပဋိသန္ဓေအခါမှာပဲ ကမ္မဇရုပ်ကို ကျေးဇူးပြုလို့ ရပါတယ်။ ပဝတ္တိအခါမှာ ကုသိုလ်လုပ်နေတယ်၊ အကုသိုလ်လုပ်နေတယ်၊ ဘဝင်စိတ်တွေ ဖြစ်နေတယ် ဆိုပေမဲ့ ကမ္မဇရုပ်ကို ဟေတုပစ္စည်းနဲ့ ကျေးဇူးမပြုနိုင်ပါ။

## ကမ္မဇရုပ်နဲ့မဟာဘုတ်

အခုခေတ်မှာ လူ့ပတ်ဝန်းကျင်မှာ ရှိတဲ့ ဗဟိဒ္ဓရုပ်ဝတ္ထုကိုသာ လေ့လာနေကြတာ များပါတယ်။ လူနဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တွေကို အသေးစိတ်မစဉ်းစားနိုင်ကြပါ။ ပဋ္ဌာန်းရဲ့ ရုပ်ပိုင်းကို စဉ်းစားရင် အလွန် ဆန်းကြယ်ပါတယ်။ ပဋ္ဌာန်းပစ္စယနိဒ္ဒေသမှာ 'စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော'လို့ မဟာဘုတ် (၄) ပါးကို အတွင်း အပြင် မခွဲဘဲ သာမညပဲ ဟောပါတယ်။

ပဋိစ္စဝါရကျတော့ စတ္တာရော မဟာဘူတာကို အကျယ်ချဲ့ပြီး ဘယ်လောက်ခွဲသလဲဆိုရင် စိတ္တဇမဟာဘုတ်၊ ကမ္မဇမဟာဘုတ်၊ ဗာဟိရမဟာဘုတ်၊ အာဟာရဇ မဟာဘုတ်၊ ဥတုဇမဟာဘုတ်လို့ ခွဲတဲ့အပြင် ကမ္မဇမဟာဘုတ်ကို သဟိတ်ပဋိသန္ဓေကမ္မဇမဟာဘုတ်၊ အဟိတ်ပဋိသန္ဓေကမ္မဇမဟာဘုတ်၊ အသညသတ် ကမ္မဇမဟာဘုတ်၊ ပဝတ္တိကမ္မဇမဟာဘုတ်လို့ ခွဲပါသေးတယ်။

ဘာဖြစ်လို့ ခွဲရသလဲဆိုတော့ ကမ္မဇမဟာဘုတ်တွေဟာ ပဋ္ဌာန်းပစ္စည်းနဲ့ ကျေးဇူးပြုတဲ့အခါမှာ မတူကြပါ။ မဟာဘုတ်ချင်း ကွာပါတယ်။ နောက်ပြီး လူမှာရှိတဲ့ ကမ္မဇမဟာဘုတ်နဲ့ အသညသတ် ဗြဟ္မာမှာရှိတဲ့ ကမ္မဇမဟာဘုတ်ကလဲ မတူပါ။ လူမှာတော့ နာမ်နဲ့ရုပ် ရောနေတဲ့ ကမ္မဇမဟာဘုတ်ပါ။ စိတ်စေတသိက်တွေနဲ့ပေါင်းနေတဲ့ ကမ္မဇမဟာဘုတ် ဖြစ်ပါတယ်။ အသညသတ် ကမ္မဇမဟာဘုတ်ကတော့ နာမ်လုံးဝ မရှိတဲ့ ကမ္မဇမဟာဘုတ် ဖြစ်ပါတယ်။

နာမ်မရှိဘဲ ရုပ်ချည်းသက်သက် ဖြစ်တယ်ဆိုတော့ အသညသတ် မဟာဘုတ်မှာ ကျောက်တိုင်ကြီးလို အိမ်ကြီးလို တိုက်ကြီးလို နေတဲ့ ရုပ်မျိုး မဟာဘုတ်မျိုး မဟုတ်ပါ။ ရုပ်သက်သက်ရှိတဲ့ အသညသတ်ဗြဟ္မာကို သတ္တဝါထဲမှာ ထည့်ထားတာက သူ့မှာ ကံကြောင့် ဖြစ်တဲ့ အသညသတ်ကမ္မဇ မဟာဘုတ် ရှိလို့ပါပဲ။ ဥပမာ ဒီလူ့ပြည်က ဈာန်နဲ့ မတ်တပ်ရပ် ပြန်တော်မူတဲ့ ပုဂ္ဂိုလ်ဟာ အသညသတ်ဘုံမှာ မတ်တပ်ရပ်ရက်သား သွားပြီး ဖြစ်ပါတယ်။

ကိုင်လို့ ထိလို့ မသိပေမဲ့ သူ့ရုပ်က ကျောက်ရုပ်နဲ့လဲ မတူပါ။ ရုပ်ချင်းမတူလို့ အသည်းသတ်ကမ္မဇမဟာဘုတ်လို့ သီးခြား ခွဲရတာပါ။

## ဗာဟိရမဟာဘုတ်

ဗာဟိရမဟာဘုတ်ကို ဘာဖြစ်ဖို့ သီးခြား ခွဲရသလဲဆိုတော့ သက်ရှိမှာ ရှိတဲ့ မဟာဘုတ်နဲ့ သက်မဲ့မှာ ရှိတဲ့ မဟာဘုတ် ပစ္စည်းချင်း မတူလို့ ခွဲဟော ရတာပါ။ ဗာဟိရဆိုတာက ဗဟိဒ္ဓရုပ်ကို ခေါ်ပါတယ်။ ဒီဗဟိဒ္ဓရုပ်ကို ခွဲရတာက ဝိပဿနာသမားကလဲ မဟာဘုတ် (၄) ပါးဖြစ်တဲ့ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောပဲ ပြောနေကြပါတယ်။ နိုင်ငံရေးသမားများကလဲ ဒီဓာတ်ကြီး (၄)ပါးကိုပဲ ဘူတိကဝါဒဆိုပြီး ပြောနေကြပါတယ်။ သိပ္ပံဆရာများကလဲ ဒီဓာတ်ကြီးလေးပါးကိုပဲ လေ့လာနေကြတယ်။ ဒီပုဂ္ဂိုလ်တွေ လေ့လာနေကြတဲ့ မဟာဘုတ်တွေရဲ့ ထူးခြားပုံကို ဆိုင်ရာဆိုင်ရာ ပစ္စည်းတွေကျတော့ ရှင်းလင်းတင်ပြပါ့မယ်။ ဒီလောက်နဲ့ပဲ ဟောတုပစ္စည်းကို နိဂုံးချုပ်ကြပါစို့။

# ၂။ အာရမ္မဏပစ္စည်း

## အာရမ္မဏပစ္စည်း

ရူပါရုံက စက္ခုဝိညာဏဓာတ်ကို အာရမ္မဏပစ္စည်း၊ ပုရေဇာတပစ္စည်း၊ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်းဆိုတဲ့ လေးပစ္စည်းနဲ့ ကျေးဇူးပြုပုံကို သိစေချင်လို့ မြတ်စွာဘုရားက လေးခါ ထပ်ပြီး ဟောထားပါတယ်။

ပဋ္ဌာန်းမှာ ဝီထိက အရေးကြီးပါတယ်။ စက္ခုဒွါရဝီထိမှာ အတီတ ဘဝင်၊ ဘဝင်စလန ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော (၇)ကြိမ်၊ တဒါရုံ (၂)ကြိမ်၊ ထို့နောင်ဘဝင်လို့ ဝီထိက ဖြစ်ပါတယ်။ ရူပါရုံက အတီတဘဝင်ရဲ့ ဥပါဒ် ဌီ ဘင် သုံးချက်မှာ ဥပါဒ်ခဏက စပြီး စိတ္တက္ခဏ (၁၇)ချက် အသက်ရှိပါတယ်။ တဒါရုံရဲ့ ဘင်ကျမှ ချုပ်ပါတယ်။ ဒီဝီထိမှာ ရူပါရုံက စက္ခုဝိညာဏ်ကို အာရမ္မဏပစ္စည်းနဲ့ ကျေးဇူးပြုပုံကို သိနိုင်ပါတယ်။

အတီတဘဝင်ရဲ့ ဥပါဒ်ကစပြီး ဒုတိယတဒါရုံရဲ့ ဘင်အထိ စိတ္တက္ခဏ (၁၇)ချက်ရှိတဲ့ ရူပါရုံက စက္ခုဝိညာဏ်စိတ်နဲ့ ၎င်းနဲ့ ယှဉ်တဲ့ သဗ္ဗစိတ္တသာဓာရဏ စေတသိက် (၇)ခုကို အာရမ္မဏပစ္စည်းနဲ့ ကျေးဇူးပြုတယ်လို့ ဆိုလိုပါတယ်။ ရူပါရုံက ရုပ်တရား၊ စက္ခုဝိညာဏ်နဲ့ စေတသိက် (၇)ပါးက နာမ်တရားဖြစ်လို့ ရုပ်က နာမ်ကို ကျေးဇူးပြုတာပဲ ဖြစ်ပါတယ်။

စက္ခုဝိညာဏ်စိတ်ဆိုတာ မြန်မာလိုကတော့ မြင်စိတ်ပါပဲ၊ ဒီမြင်စိတ်က သူ့ဘာသာသူ အလိုလို ဖြစ်လာသလားဆိုတော့ ရူပါရုံကြောင့်သာ ဖြစ်ရတာပါ။ ဒါကြောင့်လဲ "အာရုံရှိမှ စိတ်ရှိတယ်၊ အာရုံမရှိ စိတ်မရှိ"လို့ ဆိုကြတာပါ။

ရှိသမျှ သတ္တဝါတွေရဲ့ သန္တာန်မှာ ဖြစ်ပေါ်သမျှ စိတ်တွေဟာ အာရုံရှိပါတယ်။ ဒီအာရုံကိုပဲ မြတ်စွာဘုရားက ပဋ္ဌာန်းမှာ (၆)မျိုးခွဲပြီး ဟောထားပါတယ်။

ရူပါရုံက စက္ခုဝိညာဏ်စိတ်ကို ကျေးဇူးပြုတဲ့အခါမှာ အာရုံဖြင့် ကျေးဇူးပြုပါတယ်။ အမှန်ကတော့ စက္ခုဝိညာဏ်စိတ်ဟာ ရူပါရုံတစ်ခုထဲကြောင့် ဖြစ်တာတော့ မဟုတ်ပါ။ အလင်းလဲ ရှိရမယ်။ ကိုယ်က ကြည့်မယ်ဆိုတဲ့ နှလုံးသွင်းမှုလဲ ရှိရမယ် စသဖြင့် ဒီလို အကြောင်းတွေ ပေါင်းဆုံမှ မြင်စိတ်ဆိုတဲ့ စိတ်ကလေးက ဖြစ်လာနိုင်ပါတယ်။

စက္ခုဝိညာဏ်စိတ် ဘာကြောင့် ဖြစ်သလဲ။ ရူပါရုံကြောင့် ဖြစ်တယ်ဆိုတော့ ရုပ်ကြောင့် နာမ်ဖြစ်တယ်ဆိုတဲ့ သဘောပါပဲ။ မြင်စိတ်ဖြစ်တာဟာ သူ့အလိုလို ဖြစ်တာလဲ မဟုတ်။ ထာဝရဘုရား ဖန်ဆင်းလို့ ဖြစ်လာတာလဲ မဟုတ်။ ရူပါရုံနဲ့ တိုက်ဆိုင်လို့ ရူပါရုံကြောင့် စက္ခုဝိညာဏ်စိတ် ဖြစ်လာရတယ်။ ဒီလို သိဖို့ပါပဲ။

အာရမ္မဏပစ္စည်းမှာ ဥပမာက ယမ်းမသွားနိုင်သူများ တောင်ဝှေးကို အမှီပြုပြီး တောင်ဝှေးရှိမှ သွားနိုင်သလို စိတ်စေတသိက်တွေကလဲ အာရုံကို စွဲကိုင်ပြီးမှ ဖြစ်ပေါ်လို့ ရပါတယ်။

ပုရေဇာတပစ္စည်းမှာ ပုရေ=ရှေ့+ဇာတ=ဖြစ်သည်၊ ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရားမှာ ပစ္စည်းတရားက ပစ္စယုပ္ပန်တရားမရှိခင် အရင်ဖြစ်နှင့်နေတာမို့ ပုရေဇာတပစ္စည်းလို့ ခေါ်ပါတယ်။ ရှေ့ဖြစ်တယ်ဆိုတာက ရူပါရုံပစ္စည်းတရားဟာ အတီတဘဝင်ရဲ့ ဥပါဒ် ဌီ ဘင်မှာ ဥပါဒ်က စပြီး ရူပါရုံက စက္ခုဝိညာဏ်စိတ်ကို အာရုံဖြင့် ကျေးဇူးပြုခြင်းဟာ ပစ္စည်းတရားက ရှေ့ကျပြီးတော့ ပစ္စယုပ္ပန်တရားက နောက်ကျနေလို့ ပုရေဇာတပစ္စည်းလဲ ရပါတယ်။

အတ္ထိပစ္စည်းမှာ 'အတ္ထိ'ကို မြန်မာပြန်တော့ 'ရှိတယ်'လို့ အဓိပ္ပာယ် ရပါတယ်။ အတ္ထိ=ရှိတယ်ဆိုတဲ့ နေရာမှာ သာမညအားဖြင့် ရှိတာ မဟုတ်ဘဲ ပစ္စုပ္ပန်အနေ ထင်ထင်ရှားရှား ရှိနေတာကို ဆိုလိုပါတယ်။ ခင်ဗျားမှာ ပိုက်ဆံ ဘယ်လောက် ရှိသလဲလို့ မေးတဲ့အခါ ကျွန်တော်က ရှိပါတယ်လို့ပဲ ပြောလိုက်

တယ်။ သို့သော် အိတ်ထဲမှာ တပြားမှ မပါပါ။ ကျွန်တော်က ချမ်းသာတဲ့သူမို့ အိတ်ထဲမှာ မပါပေမဲ့ ရှိတယ်လို့ ပြောလိုက်ပါတယ်။ ဒီလို ရှိတာမျိုးကို အတ္ထိပစ္စည်း မခေါ်ပါ။ အမှန်က အိတ်ထဲနှိုက်ပြီး ကျွန်တော့မှာ ငွေတစ်ရာ ပါတယ်ဆိုရင် အိတ်ထဲမှာ ပါသလောက်ဟာ အတ္ထိပစ္စည်းပါပဲ။ ကိုယ့်မှာ မပါဘဲ အတ္ထိပစ္စည်းက ရှိတယ်လို့ မပြောနိုင်ပါ။ တကယ့်ကို ပစ္စုပ္ပန်အနေအားဖြင့် ထင်ထင်ရှားရှားရှိနေမှ အတ္ထိပစ္စည်းတပ်ပါတယ်။

ဒီနေရာမှာ အတ္ထိပစ္စည်းတပ်တာက စက္ခုဝိညာဏ်စိတ်ကို ကျေးဇူးပြုတဲ့ ရုပ်ရုံဟာ မချုပ်သေးဘဲ ထင်ရှားရှိတဲ့ ရူပါရုံပဲ ဖြစ်ပါတယ်။ ရူပါရုံက စက္ခုဝိညာဏ်စိတ်ကို ကျေးဇူးပြုရာမှာလဲ ပစ္စုပ္ပန်ရူပါရုံ၊ အတိတ်ရူပါရုံ၊ အနာဂတ်ရူပါရုံလို့ သုံးမျိုးရှိရာမှာ အတိတ်ရူပါရုံကို မနောက တွေးကြည့်တာနဲ့ စက္ခုဒွါရဝီထိ မဖြစ်ပါ။ အနာဂတ်ရူပါရုံကိုလဲ မျှော်ကြည့်ပါ။ စက္ခုဝိညာဏ်စိတ် မဖြစ်ဘဲ မနောဒွါရဝီထိပဲ ဖြစ်ပါတယ်။ ဒါကြောင့် ရူပါရုံဟာ စက္ခုဝိညာဏ်ကို ကျေးဇူးပြုတဲ့အခါမှာ ထင်ရှားရှိတဲ့ပစ္စုပ္ပန်ရူပါရုံကသာ အတ္ထိပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊

အဝိဂတကို အများ ဘာသာပြန်တာက မကင်းတဲ့သဘော မကင်းတရားလို့ ပြန်ကြပါတယ်။ ဥပမာ လူတွေဟာ တချို့ လှူကြတယ်။ လှူကြပေမဲ့ မကင်းလို့ လှူကြတာပါ။ လူတစ်ယောက် အလှူလုပ်တော့ မေးမိတယ်။

"ခင်ဗျား လှူလိုက်တာ ဘုန်းကြီးက ဘယ်နှစ်ပါးလဲ၊ ဘယ်က ဘုန်းကြီးတွေ ပင့်သလဲ"

"ဘုန်းကြီးတော့ ၁၀–ပါးပင့်ပါတယ်။ မကောင်းတဲ့ ဘုန်းကြီးတွေချည်းပဲ"

"အလှူလုပ်တာ ဘုန်းကြီး ၁၀–ပါးလဲ ပင့်တယ်ဆိုပြီး ခင်ဗျားဟာက ဘယ့်နှယ် မကောင်းတဲ့ ဘုန်းကြီး ပင့်တယ်လို့ ဆိုရတာလဲ"

"မကောင်းတဲ့ ဘုန်းကြီးဆိုတာ ဟိုကိုယ်တော်က ကျုပ်မိန်းမ ကိုးကွယ်တာ။ ဒီဘုန်းကြီးက မပင့်ရင် မကောင်းဘူး။ အဲဒါကြောင့် ပင့်ရတယ်။ ဒီကိုယ်တော်က ကျုပ်ညီက ကိုးကွယ်တာ။ အဲဒီဘုန်းကြီးလဲ မပင့်ရင်

မကောင်းဘူး။ အဲဒါကြောင့် ပင့်ရတယ်။ ဟိုဘုန်းကြီးကျတော့ ကျပ်သားကို စာသင်ပေးနေတာ။ အဲဒီဘုန်းကြီးလဲ မပင့်ရင် မကောင်းဘူး။ အဲဒါကြောင့် ပင့်ရတယ်။ ဘုန်းကြီး ၁၀–ပါးလုံးဟာ မကောင်းလို့ ပင့်ရတာချည်းပါပဲဗျာ"

ဟုလို့ ဆိုတော့မှ ရှင်းသွားတော့တယ်။

အဝိဂတ ကျေးဇူးပြုတာက မကင်းတဲ့ သဘောနဲ့ ကျေးဇူးပြုတာဆိုတော့ စက္ခုဝိညာဏ်စိတ်ဟာ ရူပါရုံနှင့် ကင်းပြီး ဘယ်တော့မှ မဖြစ်နိုင်ပါ။ ရူပါရုံနှင့် ကင်းပြီး စက္ခုဝိညာဏ်စိတ် ဖြစ်တယ်လို့ ပရမတ္ထသဘောတရားမှာ မရှိပါ။ ရူပါရုံက စက္ခုဝိညာဏ်စိတ်အား ဘဝသံသရာ တဆက်လုံးမှာ ဘယ်အခါမဆို မကင်းတဲ့ သဘောနဲ့ ကျေးဇူးပြုတာပါပဲ။ .

အာရုံတရားငါးပါး သူနဲ့ဆိုင်တဲ့ ဝိညာဏစိတ်တွေကို အာရမ္မဏပစ္စည်းနဲ့ ကျေးဇူးပြုပုံကို အောက်ပါအတိုင်း အကျဉ်းချုပ် မှတ်သားရပါမယ်–

ရူပါရုံသည် စက္ခုဝိညာဏစိတ်အား အာရမ္မဏ ပုရေဇာတ အတ္ထိအဝိဂတ ဤလေးပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

သဒ္ဒါရုံသည် သောတဝိညာဏစိတ်အား အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ ဤလေးပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဂန္ဓာရုံသည် ဃာနဝိညာဏစိတ်အား အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ ဤလေးပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ရသာရုံသည် ဇိဝှါဝိညာဏစိတ်အား အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ ဤလေးပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဖောဋ္ဌဗ္ဗာရုံသည် ကာယဝိညာဏစိတ်အား အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ ဤလေးပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပဥ္စာရုံဖြစ်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့သည် မနောဓာတ်အား အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ ဤလေးပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေကုန်၏။

အဲဒါကတော့ ကျမ်းတကျမ်းကို အစ အလယ် အဆုံး စုပေါင်းပြီးရှင်းပြတဲ့ နည်းဖြစ်ပါတယ်။ လေးပစ္စည်းလုံးမှာ ပါတော့ ပစ္စည်းပြိုင်လို့ ခေါ်တယ်။ နိုင်ငံတော်က ကျင်းပတဲ့ ဓမ္မာစရိယ စာချတန်းမှာ "ရူပါရုံက စက္ခုဝိညာဏ်အား ပစ္စည်းပေါင်း ဘယ်လောက်ဖြင့် ကျေးဇူးပြုနိုင်သလဲ၊ ပစ္စည်းပြိုင်ပြပါ"လို့ မေးတတ်ပါတယ်။ ဒီလို ပစ္စည်းပြိုင်ပုံတွေကို ပစ္စည်းစုံတော့မှ ထပ်ပြီး ရှင်းပြပါ့မယ်။ ဒီနေရာမှာတော့ ရူပါရုံက စက္ခုဝိညာဏ်စိတ်အား အာရမ္မဏပစ္စည်း တပ်တယ်လို့ ပြောရင်း အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ ၄–ပစ္စည်းပြိုင်ပုံ နည်းရရှိလောက်ပါပဲ။

သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ အပိုဒ်ရဲ့ အဓိပ္ပာယ်ကို ပဋ္ဌာန်း လေ့လာသူတွေ သဘောပေါက်နိုင်မယ့် နည်းနဲ့ ပဋ္ဌာန်းကျမ်းမှာ အကျယ်ပါတဲ့ ပဉှာဝါရက ယူပြီး ရှင်းပြပါ့မယ်။

## ကုသိုလ် ၃–ချက်

### ၁။ ကုသိုလ်က ကုသိုလ်အား ကျေးဇူးပြုပုံ

အာရမ္မဏပစ္စည်းမှာ "ကုသလော ကုသလဿ=ကုသိုလ်က ကုသိုလ်အား ကျေးဇူးပြုပုံကို ရှင်းပြပါ"ဆိုရင် ဒါနကုသိုလ် ပြုတယ်ဆိုပါတော့။ ဒါနစေတနာနဲ့ အတူဖြစ်တဲ့ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် (သို့မဟုတ်) မဟာကုသိုလ် ဉာဏဝိပ္ပယုတ် စိတ်နဲ့ ကုသိုလ် လုပ်ခဲ့တယ်။ ကိုယ်လုပ်ခဲ့တဲ့ ဒါနကုသိုလ်ကို အာရုံပြုတဲ့အခါမှာ ပြုခဲ့ပြီးတဲ့ဒါနကုသိုလ်က အာရမ္မဏပစ္စည်းတရားဖြစ်ပါတယ်။ ဒါနကို ပြန်ဆင်ခြင်တော့ ဆင်ခြင်တဲ့အခါမှာ ကုသိုလ် ဖြစ်ပါတယ်။ ဆင်ခြင်တဲ့ ကုသိုလ်က အာရမ္မဏပစ္စယုပ္ပန်တရား ဖြစ်ပါတယ်။ လှူတဲ့ ပုဂ္ဂိုလ်က

စေတနာသုံးတန် ပြဋ္ဌာန်းပြီး လှူပါတယ်။ ပုဗ္ဗစေတနာက အလှူမလှူခင် ရှေးဦးစွာဖြစ်တဲ့ စေတနာပါ။ "အလှူကို ဘယ်တော့ လုပ်မယ်။ ဘာတွေ လှူလိုက်မယ်"လို့ ဒီလို ပုဗ္ဗစေတနာ ဖြစ်ပေါ်ရင် ကုသိုလ်ဖြစ်နေတာပဲ။ ဒါလဲ အကျိုးပေးတာပဲ။

လှူဆဲ ခဏမှာ ဖြစ်တဲ့ ကုသိုလ်စေတနာက မုဥ္စစေတနာပါ။ လှူပြီးတဲ့ အခါကျတော့ "တို့ လှူလိုက်တာ သောင်းကုန် လှူခဲ့တာပဲ။ ဆရာတော်ကြီး တွေဖြင့် ဘယ်ပုဂ္ဂိုလ်တွေ ကြွလာကြတာပဲ။ ဧည့်ပရိသတ်တွေကလဲ ဘယ်သူ ဘယ်ဝါတွေ လာကြတာပဲ"လို့ လှူခဲ့တာကို နောက်ရက်တွေမှာ ပြန်ပြီး သတိ ရတိုင်း ဝမ်းမြောက်ဝမ်းသာဖြစ်တယ်။ အဲဒါကို အပရစေတနာလို့ ခေါ်တယ်။ အဲဒီလို ကုသိုလ်စိတ်တွေ ဖြစ်ဖြစ်နေတာကတော့ အာရမ္မဏ ပစ္စယုပ္ပန်တရား ပါပဲ။ ပြုပြီးခဲ့တဲ့ ဒါနကုသိုလ်စေတနာက အဲဒီကုသိုလ်ကို အာရုံပြုပြီး သတိရ အောက်မေ့တိုင်း ထပ်ထပ်ပြီး ဖြစ်နေတဲ့ ကုသိုလ်ကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။

## ၂။ ကုသိုလ်က အကုသိုလ်အား ကျေးဇူးပြုပုံ

အာရမ္မဏ ပစ္စည်းမှာ ကုသိုလ်က အကုသိုလ်အား ကျေးဇူးပြုပါတယ်။ ဒီလို ကုသိုလ်က အကုသိုလ်အား ကျေးဇူးပြုတယ်ဆိုတာ သဟဇာတပစ္စည်းမှာ မရှိပါ။ အကြောင်းအကျိုး တရားများကို စဉ်းစားရင် အာရမ္မဏပစ္စည်းမှာ ပါတာလား။ သဟဇာတပစ္စည်းမှာ ပါတာလား။ ဥပနိဿယ ပစ္စည်းမှာ ပါတာလား။ အနန္တရပစ္စည်းမှာ ပါတာလားဆိုတာ စဉ်းစားရပါတယ်။ ပဋ္ဌာန်းကလဲ အကြောင်းတရား အကျိုးတရားချည်းပဲ ဖြစ်နေတော့ ခွဲပြီး ပြောရပါတယ်။ သဟဇာတပစ္စည်းနဲ့ အာရမ္မဏပစ္စည်းကတော့ လောကမှာ အသုံးများပါတယ်။ "ကုသိုလ်ကြောင့် ကုသိုလ်ဖြစ်တယ်၊ အကုသိုလ်ကြောင့် အကုသိုလ်ဖြစ်တယ်"ဆိုတာက သဟဇာတပစ္စည်းမှာလဲ ရပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက အကြောင်းမျိုးစုံတွေကို သိရအောင် အာရမ္မဏပစ္စည်းမှာတော့ ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတယ်လို့လဲ ဟောပါသေးတယ်။

အာရမ္မဏပစ္စည်းမှာ ဒါနကိုပဲ ဥပမာထားပါ။ ဒါနစေတနာ၊ ဒါနအမှု သို့မဟုတ် ပရမတ္ထအားဖြင့် စေတနာပြဋ္ဌာန်းတဲ့ ကုသိုလ်ကို ကိုယ်က လုပ်ခဲ့တယ်။ ကုသိုလ်လုပ်ပြီးတဲ့အခါမှာ ကုသိုလ်ကို ပြန်အောက်မေ့ပြီး နှလုံးမသာမယာ စိတ်မချမ်းမသာ ဖြစ်တော့ ကုသိုလ်က အကုသိုလ်ကို အာရမ္မဏ ပစ္စည်းဖြင့် ကျေးဇူးပြုပါတယ်။ ကျောင်းဆောက်တယ်ဆိုပါတော့။ ကျောင်းဆောက်တုန်းက ပုဗ္ဗ မုဥ္စ အပရစေတနာဆိုပြီး ကုသိုလ်တွေ အကုန်ဖြစ်လိုက်တာပဲ။ နောင်အခါကျတော့ ကျောင်းထိုင်တဲ့ ဘုန်းကြီးကြောင့်သော်လည်းကောင်း၊ ဘေးက မိတ်ဆွေသင်္ဂဟာတွေကြောင့်သော်လည်းကောင်း အကြောင်းတစ်စုံတခုကြောင့် ကျောင်းဆောက်လုပ်တဲ့ ကုသိုလ်ကို အကြောင်းပြုပြီး စိတ်မချမ်းမသာ ဖြစ်ပါတယ်။ ဒီကျောင်းဆောက်တဲ့ ကုသိုလ်က အကုသိုလ် ဒေါမနဿစိတ်ကို အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုပါတယ်။ ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်ကို အာရုံပြုမိတိုင်း စိတ်မချမ်းသာတဲ့ ဒေါမနဿအကုသိုလ်ဖြစ်နေတော့ ကုသလော အကုသလဿ=ကုသိုလ်က အကုသိုလ်အား ကျေးဇူးပြုခြင်း ဖြစ်တယ်လို့ ဆိုပါတယ်။

အာရုံကတော့ အာရမ္မဏပစ္စည်းမှာ ကောင်းတဲ့ လုပ်ငန်းကို အာရုံပြုပြီး ကောင်းတာလဲ ဖြစ်ပါတယ်။ ကောင်းတဲ့ လုပ်ငန်းကို အာရုံပြုပြီး မကောင်းတာလဲ ဖြစ်ပါတယ်။ ကုသလော ကုသလဿ၊ ကုသလော အကုသလဿ ဆိုပြီး ပဋ္ဌာဝါရ အာရမ္မဏပစ္စည်းမှာ အစုံ ဟောထားပါတယ်။

## ၃။ ကုသိုလ်က အဗျာကတအား ကျေးဇူးပြုပုံ

အဗျာကတပါဠိကို မြန်မာဘာသာပြန်ရင် ကုသိုလ် အကုသိုလ်မဟုတ်တဲ့ တရားများလို့ အဓိပ္ပာယ်ရပါတယ်။ အဘိဓမ္မာမှာ စိတ် (၈၉)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ နိဗ္ဗာန်လို့ ပရမတ္ထတရား လေးပါး ရှိပါတယ်၊ ကုသိုလ်က (၂၁)၊ အကုသိုလ်က (၁၂)၊ ပေါင်း (၃၃) ကို စိတ် (၈၉) မှ နုတ်လျှင် ဝိပါက်စိတ် (၃၆) နှင့် ကြိယာစိတ် (၂၀)၊ ပေါင်း (၅၆) သည် အဗျာကတ။

ဝိပါက်နှင့် ကြိယာမှာ ယှဉ်တဲ့ စေတသိက် (၃၈)ကလဲ အဗျာကတ။ ရုပ်(၂၈) ကလဲ အဗျာကတ။ နိဗ္ဗာန်ကလဲ အဗျာကတတရားချည်းပါပဲ။

(က) ကုသိုလ်က ဝိပါက်အား ကျေးဇူးပြုတယ်ဆိုရင် ကုသိုလ်က အဗျာကတအား၊ (ခ) ကုသိုလ်က ကြိယာအား ကျေးဇူးပြုတယ်ဆိုရင် ကုသိုလ်က အဗျာကတအား၊ (ဂ) ကုသိုလ်က ရုပ်အား ကျေးဇူးပြုတယ်ဆိုရင် ကုသိုလ်က အဗျာကတအား ကျေးဇူးပြုတာပါပဲ။ ရူပါရုံကိုပဲဖြစ်စေ၊ စက္ခုပသာဒကိုပဲ ဖြစ်စေ ဘယ်ရုပ်ကိုပဲ ကျေးဇူးပြုပြု အဗျာကတကို ကျေးဇူး ပြုတာပါပဲ။

ကုသိုလ်က အဗျာကတအား ကျေးဇူးပြုတဲ့အခါမှာ အဗျာကတဟာ ဝိပါက်နှင့် ကြိယာဖြစ်တော့ ကြိယာဇောကလဲ ရဟန္တာများမှာသာ ဖြစ်ပါတယ်။ ရဟန္တာ ပုဂ္ဂိုလ်ဟာ ကုသိုလ်လုပ်ခဲ့ပြီးတော့ သူလုပ်ခဲ့တဲ့ ဒါန၊ သီလ ကုသိုလ်ကို အောက်မေ့ပြီး ပစ္စဝေက္ခဏာဉာဏ်နဲ့ ဆင်ခြင်တဲ့ အခါမှာ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်ဖြစ်တယ်။ ဘဝ ဘဝက လုပ်ခဲ့တဲ့ ဒါနပါရမီ သီလပါရမီ ဆိုတဲ့ ပါရမီကုသိုလ်တွေကို အာရုံပြုပြီး ပြန်ဆင်ခြင်ရင် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်ဖြစ်တဲ့အတွက် ကုသိုလ်က အဗျာကတကို ကျေးဇူးပြု ပါတယ်။

## အကုသိုလ် ၃-ချက်

၁။ အကုသိုလ်က အကုသိုလ်အား ကျေးဇူးပြုပုံ

အကုသိုလ်က အကုသိုလ်အား ကျေးဇူးပြုပုံကို အကုသိုလ်လုပ်ထားတဲ့ လူတစ်ယောက်က အကုသိုလ်ဖြစ်တာသာ များပါတယ်။ ပါဏာတိပါတ လူသတ် ခဲ့တယ်ဆိုပါတော့ လူသတ်ခဲ့သူ တစ်ယောက်က မိမိပြုခဲ့တဲ့ လူသတ်မှုကို ပြန်အောက်မေ့တိုင်း ဒေါမနဿ စိတ်မချမ်းမသာဖြစ်ပြီး "ငါလုပ်မိတာ မှားတယ်၊ လုပ်မိတာ မှားလေခြင်း"လို့ အကုသိုလ် ဒေါသမူစိတ်ဖြစ်တော့ ဒီလူမှာ လူသတ်မိတဲ့ အကုသိုလ်က စိတ်မချမ်းသာမှု အကုသိုလ် ဒေါသမူ စိတ်ကို

ကျေးဇူးပြုတဲ့အတွက် ဒီနေရာမှာ အကုသိုလ်က အကုသိုလ်အား အာရမ္မဏ ပစ္စည်းဖြင့် ကျေးဇူးပြုတာပါ။

## ၂။ အကုသိုလ်က ကုသိုလ်အား ကျေးဇူးပြုပုံ

အကုသိုလ်က ကုသိုလ်အား ကျေးဇူးပြုပုံကတော့ သောတာပန် သကဒါဂါမ်ဆိုတဲ့ အရိယာပုဂ္ဂိုလ်များမှာ သူတို့ ပယ်ပြီးဖြစ်တဲ့ အကုသိုလ်တွေကို အာရုံပြုပြီး ပစ္စဝေက္ခဏာဉာဏ်နဲ့ ဆင်ခြင်တဲ့အခါမှာ မဟာကုသိုလ် ဉာဏ သမ္ပယုတ်စိတ် ဖြစ်ပါတယ်။ ပယ်ပြီး အကုသိုလ်က ဆင်ခြင်တဲ့ ကုသိုလ်အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါတယ်။

## ၃။ အကုသိုလ်က အဗျာကတအား ကျေးဇူးပြုပုံ

အကုသိုလ်က အဗျာကတအား ကျေးဇူးပြုပုံကတော့ ကြိယာနဲ့ ဝိပါက်တွေဟာ အဗျာကတတရားတွေ ဖြစ်ပါတယ်။ အကုသိုလ်က ကြိယာအဗျာကတအား ဘယ်လို ကျေးဇူးပြုနိုင်သလဲဆိုရင် ကိလေသာမရှိတော့တဲ့ ရဟန္တာပုဂ္ဂိုလ်ဟာ သူပယ်လိုက်တဲ့ ကိလေသာတွေ အာရုံပြုပြီး "ငါ အရင်တုန်းက လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိစတဲ့ ကိလေသာတွေ ငါ့မှာ ပြည့်နေခဲ့တယ်၊ အခု အဲဒီ ကိလေသာတွေ ငါ့မှာ မရှိတော့ပါလား"လို့ ဆင်ခြင်တဲ့အခါမှာ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ဖြစ်ပါတယ်။ ပယ်ပြီးအကုသိုလ်ကို အာရုံပြုပြီး ကြိယာစိတ်ဖြစ်တဲ့အခါမှာ ပဋ္ဌာနပါဠိက "အရဟာ ပဟီနေ ကိလေသေ ပစ္စဝေက္ခတိ"လို့ ဆိုပါတယ်။ ရဟန္တာဟာ ပယ်ပြီး ကိလေသာကို ပြန်ဆင်ခြင်တဲ့အခါမှာ ပယ်ပြီး အကုသိုလ်တရားက ဆင်ခြင်တဲ့ အဗျာကတတရားအား ကျေးဇူးပြုပါတယ်။

# အဗျာကတ ၃-ချက်

## ၁။ အဗျာကတက အဗျာကတအား ကျေးဇူးပြုပုံ

အဗျာကတက အဗျာကတအား ကျေးဇူးပြုပုံကတော့ ဝိပါက်၊ ကြိယာ၊ ရုပ်၊ နိဗ္ဗာန်တို့သည် အဗျာကတတရားများ ဖြစ်ကြပါတယ်။ ရူပါရုံက ရုပ်ဆိုတော့ အဗျာကတဖြစ်တယ်။ စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှာဝိညာဉ်၊ ကာယဝိညာဉ် စိတ်တွေကလဲ ဝိပါက်တွေပဲ ဖြစ်ပါတယ်။ ဝိပါက် ဆိုတာကလဲ အဗျာကတပဲဖြစ်တော့ ရူပါရုံက စက္ခုဝိညာဉ်ကို ကျေးဇူးပြုတယ် ဆိုရင် ရုပ်က ဝိပါက်ကို ကျေးဇူးပြုတာဖြစ်လို့ အဗျာကတက အဗျာကတအား အာရမ္မဏ ပစ္စည်းနဲ့ ကျေးဇူးပြုတာပါပဲ။

## ၂။ အဗျာကတက ကုသိုလ်အား ကျေးဇူးပြုပုံ

အဗျာကတက ကုသိုလ်အား ကျေးဇူးပြုတာကတော့ 'စက္ခုပသာဒဆိုတဲ့ ရုပ်ဟာ အနိစ္စ မမြဲပါကလား၊ စက္ခုပသာဒ ရှိနေတာဟာ ဒုက္ခဆင်းရဲပါကလား၊ အနတ္တ အစိုးမရပါကလားလို့ စက္ခုပသာဒရုပ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တအားဖြင့် ဆင်ခြင်တယ်ဆိုလို့ရှိရင် ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့ ဆင်ခြင်တဲ့အခါ မဟာကုသိုလ်စိတ် ဖြစ်ပါတယ်။ ဒီလို ဆင်ခြင်တာက ပစ္စဝေက္ခဏကုသိုလ်ဖြစ်ပြီး စက္ခုပသာဒရုပ်က အဗျာကတဖြစ်ပါတယ်။ စက္ခုပသာဒရုပ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တအားဖြင့် ဆင်ခြင်တဲ့အခါ စက္ခုပသာဒရုပ် အဗျာကတတရားက ဆင်ခြင်တဲ့ မဟာကုသိုလ်စိတ်အား အာရမ္မဏသတ္တိနဲ့ ကျေးဇူးပြုပါတယ်။

## ၃။ အဗျာကတက အကုသိုလ်အား ကျေးဇူးပြုပုံ

အဗျာကတက အကုသိုလ်အား ကျေးဇူးပြုပုံကတော့ စက္ခုပသာဒဟာ အဗျာကတတရားဖြစ်တယ်။ "ဒီမျက်လုံးကလေးဟာ လှလိုက်တာ"ဆိုရင် လောဘစိတ်ဖြစ်ပါတယ်။ ခန္ဓာကိုယ်ကို ကြည့်ပြီး ဆံပင်ကလေးလှတယ် လက်သည်းကလေးတွေက လှတယ်လို့ အဲဒီအလှကလေးတွေကို တွယ်တာ နှစ်သက်နေရင် အကုသိုလ်ဖြစ်တာပဲ။ စက္ခုပသာဒအဗျာကတက တွယ်တာမှု ဖြစ်နေတဲ့လောဘမှု အကုသိုလ်စိတ်အား အာရမ္မဏသတ္တိနဲ့ ကျေးဇူးပြုပါတယ်။

အာရမ္မဏပစ္စည်းမှာ သရုပ်တွေပါနေတယ်။ သရုပ်ကို ကျေညက်တဲ့ ပုဂ္ဂိုလ်များကျတော့ ဘယ်လောက်နက်နဲတယ်ဆိုတာ သိသွားပါတယ်။ ပဋ္ဌာန်းတစ်ကျမ်းလုံးမှာလဲ အာရမ္မဏပစ္စည်းက နက်နဲပါတယ်။ ခုတင်ပြတာကတော့ "သဗ္ဗေဓမ္မာ မနောဝိညာဏဓာတုယာ"အပိုဒ်ရဲ့အဓိပ္ပါယ်ကို ပဋ္ဌာဝါရနည်းနဲ့ ရှင်းလင်းတင်ပြတဲ့နည်းပါပဲ။

အဘိဓမ္မာလေ့လာနေတဲ့သူတွေဟာ ဝိပဿနာတရားကို အားထုတ်နေတာပါပဲ။ အဘိဓမ္မာက အမျိုးမျိုးအသုံးချလို့ ရပါတယ်။ ဆေးပညာဘက်၊ နိုင်ငံရေးဘက်၊ စီးပွားရေးဘက်စတဲ့ ဘက်ပေါင်းစုံး အသုံးချလို့ရတာပဲ။ ကိုယ်ပိုင်ဉာဏ်ရှိသလို အသုံးချနိုင်ပါတယ်။ အဘိဓမ္မာလေ့လာပြီးတော့ တခြားအယူဝါဒတွေ တီထွင်ချင်လဲ ရတာပါပဲ။ သို့သော် မြတ်စွာဘုရားက အဘိဓမ္မာကို ဘာရည်ရွယ်ချက်နဲ့ ဟောရသလဲဆိုတာကို ဆက်ပြီး ရှင်းပြပါမယ်။

## နာမရူပပရိစ္ဆေဒဉာဏ်

မြတ်စွာဘုရား အဘိဓမ္မာဟောရခြင်းအကြောင်း လိုရင်းအချုပ်ကတော့ သက္ကာယဒိဋ္ဌိပြုတ်အောင် ဟောတာပဲ ဖြစ်ပါတယ်။ ဝိပဿနာမှာ သက္ကာယဒိဋ္ဌိက ပိုပြီးအရေးကြီးပါတယ်။ အဘိဓမ္မာဆိုတာက ပုဂ္ဂိုလ်လဲ မပါ၊ သတ္တဝါလဲ မပါ။ ပညတ်တွေလဲမပါမဲ့ "ရူပါရုံက စက္ခုဝိညာဏ်အား အာရမ္မဏပစ္စည်းနဲ့

ကျေးဇူးပြုတယ်'' ဒီလိုပဲ လာပါတယ်။ ဝိသုဒ္ဓိမဂ်မှာပါတဲ့ နာမရူပပရိစ္ဆေဒ ဉာဏ်လို့ခေါ်တဲ့ နာမ်နဲ့ရုပ်ကို ပိုင်းခြားသိရင် သက္ကာယဒိဋ္ဌိပြုတ်ပါတယ်။ ရူပါယ တနံက ရုပ်တရား၊ စက္ခုဝိညာဏဓာတုယာက နာမ်တရား၊ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံက နာမ်တရား။ ရုပ်နဲ့ နာမ်ပဲရှိတယ်။ ရူပါရုံက ရုပ်၊ မြင်တဲ့စိတ်က နာမ်ပဲလို့ ဒီလိုပိုင်းခြားပြီးသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်ကိုရအောင် ဟောတာဟာ ပဋ္ဌာန်းတရားတော်ပါပဲ။

## ယထာဘူတဉာဏ်

ယထာဘူတဉာဏ်ဆိုတာ အမှန်ကို အမှန်အတိုင်းသိတဲ့ ဉာဏ်ကို ခေါ်တာပါ။ ''အရှိကို အရှိအတိုင်း သိရမယ်''လို့ ယခုခေတ်လူတွေလဲ ပြောနေကြပါတယ်၊ ဒီလို အမှန်ကို အမှန်အတိုင်းသိတယ်ဆိုတာက ''ရူပါရုံက စက္ခုဝိညာဉ်အား အာရမ္မဏပစ္စည်းနဲ့ ကျေးဇူးပြုတယ်''ဆိုတော့ ပုဂ္ဂိုလ်မပါ၊ သတ္တဝါ မပါ၊ ယောကျ်ားမပါ၊ မိန်းမမပါတဲ့ တကယ့်အရှိတရားသက်သက်ကို ဟောတာ ဖြစ်ပါတယ်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမဆိုတာက တကယ့်အရှိတရား မဟုတ်တဲ့ သဏ္ဌာနပညတ်၊ သမူဟပညတ်ဆိုတဲ့ ပညတ်တရားတွေပါ။ တကယ်ရှိ အမှန်ရှိတာက ရူပါရုံက ရှိပါတယ်။ အဆင်းရူပါရုံကိုကြည့်ရင် မြင်စိတ် ဖြစ်လာပါတယ်။ မြင်စိတ်စက္ခုဝိညာဉ်နာမ်တရားက အရှိတရား၊ ရူပါရုံ ရုပ်တရားကလဲ အရှိတရားဆိုတော့ တကယ်ရှိတာက အဆင်းဆိုတဲ့ ရူပါရုံနဲ့ မြင်တဲ့စိတ်ပါပဲ။

အမြင်ခံဒြပ်ဖြစ်တဲ့ ဦးလှ၊ ဦးမြစတဲ့ အမည်တွေလဲ ပညတ်ပါ၊ ပုဂ္ဂိုလ် ဆိုတာကလဲ ပညတ်ပါ။ ပညတ်ဆိုတာ တကယ်ရှိတဲ့ တရားမဟုတ်ပါ။ တကယ်ရှိတဲ့ တရားကိုသိရင် ယထာဘူတဉာဏ်၊ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ သိတာ ပါပဲ။

## ဓမ္မဋ္ဌိတိဉာဏ်

ဓမ္မ=တရား+ဋ္ဌိတိ=တည်တဲ့ဉာဏ်။ တရားပေါ်မှာ တည်တဲ့ဉာဏ်။ ပုဂ္ဂိုလ် သတ္တဝါပေါ်မှာ မမှီ၊ ပုဂ္ဂိုလ်သတ္တဝါ မပါ၊ ရူပါရုံရှိလို့ စက္ခုဝိညာဉ်=မြင်တဲ့ စိတ်ဖြစ်တယ်။ သဒ္ဒါရုံကြောင့် သောတဝိညာဉ်=ကြားတဲ့စိတ်ဖြစ်တယ်။ ဂန္ဓာရုံ ကြောင့် ဃာနဝိညာဉ်=နံတဲ့စိတ်ဖြစ်တယ် စသဖြင့် သဘောတရား သက်သက် ပေါ်မှာ မူတည်ပြီး သိတဲ့ဉာဏ်ကို ဓမ္မဋ္ဌိတိဉာဏ်လို့ ခေါ်ပါတယ်။

## ပစ္စယပရိဂ္ဂဟဉာဏ်

ပစ္စယ=အကြောင်းတရား + ပရိဂ္ဂဟဉာဏ်=သိမ်းဆည်း၍ သိခြင်း။ အကြောင်းတရားကို သိမ်းဆည်းပြီး သိတဲ့ဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်လို့ ခေါ်ပါတယ်။ ရူပါရုံနဲ့ စက္ခုဝိညာဉ်မှာ ရူပါရုံက အကြောင်းတရား၊ စက္ခု ဝိညာဉ်က အကျိုးတရားပါပဲ။ စက္ခုဝိညာဉ် မြင်စိတ်ဟာ ရူပါရုံကြောင့် ဖြစ်ရတယ်။ ရူပါရုံမရှိရင် စက္ခုဝိညာဉ် မရှိနိုင်လို့ ဒီလိုအကြောင်းအကျိုး အမှန်အတိုင်းသိတာကို ပစ္စယပရိဂ္ဂဟဉာဏ်လို့ ခေါ်ပါတယ်။

## ပဋ္ဌာန်းသိရင် သက္ကာယဒိဋ္ဌိပြုတ်ခြင်း

အကြောင်းအကျိုးတရားပေါ်မှာ ဒီလိုမြင်ရင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမဆိုတာမရှိတော့ပါ။ ပဋ္ဌာန်းသိရင် သက္ကာယဒိဋ္ဌိက အလိုလို ပြုတ်ပါတယ်။

စက္ခုဝိညာဏဓာတုမှာ ဓာတုသဒ္ဒါပါတာကိုတော့ သတိထားရမှာပါ။ ဓာတုဆိုတဲ့ ဓာတ်သဘော ပါနေပါတယ်။ ဒီနေရာမှာ သက္ကာယဒိဋ္ဌိပြုတ်ပုံ ကလေး ရှင်းပြလိုပါတယ်။ မြင်တဲ့စိတ် ဘာသူ့ကြောင့်ဖြစ်သလဲဆိုတော့ ပဋ္ဌာန်း အတိုင်းပြောရင် ရူပါရုံကြောင့်ဖြစ်တယ်။ ရူပါရုံမရှိရင် မြင်တဲ့စိတ် မရှိနိုင်ပါ။ မြင်တာဟာ ငါက မြင်တာလား၊ ဘယ်သူက မြင်တာလဲ၊ ငါမြင်တယ်ဆိုရင် သက္ကာယဒိဋ္ဌိဖြစ်ပါတယ်။

ငါမြင်တယ်ဆိုတဲ့အခါကျတော့ ကောင်းတာမြင်ရင် ကိစ္စမရှိ။ မကောင်းတာမြင်ရင် "ငါ မကောင်းတာ မြင်ရလေခြင်း"လို့ ဒေါမနဿ ဖြစ်သွားတယ်၊ ဆက်ပြီး အကုသိုလ်စိတ်ဖြစ်သွားတယ်။ ငါနဲ့မြင်နဲ့မှာ ငါကပညတ်၊ မြင်တဲ့စိတ်က ပရမတ်။ ပရမတ်ဆိုတာက တကယ်ရှိတယ်။ 'ငါ'က တကယ်ရှိရဲ့လား ဆိုတော့ ရှိကိုမရှိဘူး၊ သက်သက်မဲ့ ဥပါဒါန်စွဲနေတာပါ။ အဲဒီဥပါဒါန် 'ငါ'ကို ကိုယ့်ကိုယ်လို့ စွဲနေတာပါ။ အရပ်သားတွေကို မြင်တာဟာ ငါမြင်တာ မဟုတ်ဘူး၊ စက္ခုဝိညာဉ်က မြင်တာဆိုရင် တော်တော်ရှင်းရပါမယ်။ ဒီလိုသိတဲ့ အသိက ပဋ္ဌာန်းကို လေ့လာပြီးရင် ဘာမှ ပြဿနာမဖြစ်နိုင်တော့ပါ။

ငါဆိုတာ ပညတ်ပါ။ တကယ်မရှိဘူး။ မြင်တဲ့စိတ် ပရမတ်ကသာ တကယ်ရှိတာ။ လူတွေမှာ 'ငါ'က ဒုက္ခပေးနေတာပါ။ 'ငါ'က တကယ်ရှိတာ မဟုတ်တဲ့ ပညတ်သာဖြစ်တော့ ပညတ်က ဖြစ်စရာ ပျက်စရာမလို။ နဂိုကမှ မရှိတဲ့တရားဆိုတော့ 'ငါ'ဆိုတဲ့ တရားပေါ်မှာ ဖြစ်ပျက်မှု ရှုစရာ မလိုတော့ပါ။ ပညတ်က ဖြစ်စရာ ပျက်စရာမရှိတဲ့ တရားပါ။

စက္ခုဝိညာဏ်ဓာတ် ပရမတ်ကတော့ ဖြစ်ပျက်မရှိဘူးလားဆိုတော့ ရူပါရုံ ရှိရင် ဖြစ်တယ်၊ ရူပါရုံမရှိရင် ပျက်သွားတယ်။ ဒီတော့ ဒီခန္ဓာကိုယ်မှာ မြင်စိတ် အမြဲရှိနေသလားဆိုတော့ အမြဲမရှိပါဘူး။ အကြောင်းတိုက်ဆိုင်မှသာ ပေါ်လာတာပါ။ ဒါကိုပဲ ငါမြင်တယ်၊ ငါမြင်တာလို့ 'အတ္တ'တော်တော်ကြီး စွဲလမ်းနေကြတယ်။ ဒါကြောင့် ပညတ်နဲ့ပရမတ် ကွဲရမယ်၊ သက္ကာယဒိဋ္ဌိပြုတ်ရမယ် ဆိုတာက 'ငါမြင်တယ်'လို့ မှတ်လိုက်မိရင် ဒုက္ခများတော့မယ်။ ဒါကြောင့်မို့ ဝိပဿနာရှုတဲ့အခါမှာ ငါကြားတယ်။ ငါနံတယ်၊ ငါစားတယ်၊ ငါထိတယ်၊ ငါသိတယ်ဆိုတဲ့ ဒီအမြင်တွေဟာ သက္ကာယဒိဋ္ဌိအမြင်ချည်းပါပဲ။

အမှန်မှာ ကြားတာက သောတဝိညာဉ်က ကြားတာ။ နံတာကဃာန ဝိညာဉ်က နံတာ။ အရသာခံစားတာက ဇိဝှါဝိညာဉ်က ခံစားတာ။ ထိတာက ကာယဝိညာဉ်က ထိတာ။ သိတာက မနောဝိညာဉ်က သိတာ။ အားလုံး သူ့ဘာသာသူ ရှင်းနေတာပါ။

စက္ခုဝိညာဉ်က မြင်တာ၊ ငါမြင်တာမဟုတ်။ ငါမြင်တယ်ဆိုရင် သက္ကာယဒိဋ္ဌိဖြစ်ပါတယ်။ စက္ခုဝိညာဉ်က မြင်တယ်ဆိုရင် သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ်။ သောတဝိညာဉ်က ကြားတာ၊ ငါကြားတာမဟုတ်။ ငါကြားတယ် ဆိုရင် သက္ကာယဒိဋ္ဌိ ဖြစ်ပါတယ်။ သောတဝိညာဉ်က ကြားတယ်ဆိုရင် သက္ကာယဒိဋ္ဌိပြုတ်ပါတယ်။ ဃာနဝိညာဉ်က နံတာ၊ ငါနံတာမဟုတ်။ ငါနံတယ်ဆိုရင် သက္ကာယဒိဋ္ဌိဖြစ်ပါတယ်။ မြတ်စွာဘုရားက အာရမ္မဏပစ္စည်းမှာ ဟောတာက သက္ကာယဒိဋ္ဌိပြုတ်အောင်ပဲ "ငါကြားတာ၊ ငါနံတာ၊ ငါစားတာ၊ ငါထိတာ၊ ငါသိတာမဟုတ်ဘူး၊ ရူပါရုံကြောင့် စက္ခုဝိညာဉ်ဖြစ်ရတယ်။ သဒ္ဒါရုံကြောင့် သောတဝိညာဉ် ဖြစ်ရတယ်၊ ဂန္ဓာရုံကြောင့် ဃာနဝိညာဉ် ဖြစ်ရတယ်၊ ရသာရုံကြောင့် ဇိဝှါဝိညာဉ်ဖြစ်ရတယ်၊ ဖောဋ္ဌဗ္ဗာရုံကြောင့် ကာယဝိညာဉ်ဖြစ်ရတယ်၊ ဓမ္မာရုံကြောင့် မနောဝိညာဉ် ဖြစ်ရတယ်"လို့ အာရုံ (၆)ပါးကို ခွဲပြီး ဟောတော်မူပါတယ်။

သို့သော်လဲ ဒီဝိညာဉ်ကို အတ္တလို့ အများက ထင်နေကြတယ်။ ဝိညာဉ်ကို ဇီဝအတ္တဆိုပြီး ဒီဝိညာဉ်ကို တန်ဖိုးထားနေကြပါတယ်။

## ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာ

ဒီလို ဝိညာဉ်ကို ပိုင်းခြားပြီး သိတာကို ဉာတပရိညာလို့ ခေါ်ပါတယ်။ ဒီဝိညာဉ်က မြဲသလားဆိုတော့ မမြဲပါဘူး။ လူတွေကသာ အထင်ကြီးနေကြတာပါ။ သောတဝိညာဉ်က ကြားတဲ့အခါမှာ စက္ခုဝိညာဉ်က မရှိတော့ပါ။ ဃာနဝိညာဉ် နံစိတ်ဖြစ်တဲ့အခါ သောတဝိညာဉ် မရှိတော့ပါ။ အရသာသိတဲ့စိတ်ဖြစ်နေတဲ့အခါ နံတဲ့စိတ်က မရှိတော့ပါ။ ထမင်းစားနေတဲ့အခါမှာ စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ အကုန်လုံးတပြိုင်နက် ဖြစ်သလို ထင်ရပါတယ်။

သို့ပေမဲ့ ဝီထိကတော့ တစ်ခုပြီး တစ်ခုဖြစ်တာပါ။ တစ်ခုပျက်ပြီး တစ်ခုဖြစ်လာတာလို့ အဘိဓမ္မာလေ့လာပြီးတဲ့အချိန်ကျတော့ သိလာတယ်။ ဒီဝိညာဉ်

တွေဟာ ပျက် ပျက်သွားတာပါလား၊ အသစ်အသစ်တွေ ထပ်ဖြစ်နေပါလားလို့ ဒီလိုမမြဲတာကို သိလာရင် တီရဏပရိညာလို့ ခေါ်ပါတယ်။ အနိစ္စမမြဲတဲ့တရား၊ မမြဲတဲ့တရားဆိုတာ ဒုက္ခပဲလို့ ခုလိုသိတော့ အနိစ္စထင်တာနဲ့ ဒုက္ခထင်တာပဲ။ ဒီအနိစ္စ မမြဲတဲ့တရား၊ ဒုက္ခဆင်းရဲတဲ့ တရားကို 'အတ္တ'က သိမ်းပိုက်ထားလို့ မရပါဘူး။ ဒါတွေအားလုံးဟာ အပျက်တရားတွေချည်းမို့ မရနိုင်တာပါ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေးသုံးပါး ထင်လာတဲ့အခါမှာ တီရဏပရိညာဖြစ်ပါတယ်။ ဒီလိုဖြစ်လာ ထင်လာတဲ့အခါကျတော့ ဒီခန္ဓာကိုယ်ကို အကြောင်းပြုပြီး "ငါပဲ၊ သူပဲ"လို့ ထင်တဲ့ မာနတွေ ရှိပါအုံးမလားဆိုရင် ခန္ဓာကိုယ်ကြောင့် မာနမရှိတော့ပါဘူး။ ပစ္စည်းဥစ္စာကြောင့်လဲ မာနမရှိတော့ဘူး။ မာနမရှိတော့ဘဲ မာနကို ပယ်လိုက်တာက ပဟာနပရိညာဖြစ်ပါတယ်။

သူ့ဟာသူ ပျက်နေနဲ့ ဝိညာဉ်ကို "ငါ"လို့ သိမ်းပိုက်လို့မရ။ အာရုံနဲ့ တိုက်ဆိုင်လို့ စက္ခုဝိညာဉ်၊ သောတဝိညာဉ်ဖြစ်လာတာပါလား၊ မတိုက်ဆိုင်ရင် အကုန်လုံးပျက်သွားတာပဲဆိုရင် ဝိညာဉ်ကို တွယ်တာတဲ့ လောဘလဲ မရှိတော့ပါဘူး။ သက္ကာယဒိဋ္ဌိလဲ မရှိတော့ပါဘူး။ ဒီလို သိလာလို့ လောဘ၊ မာန၊ ဒိဋ္ဌိတွေကို ပယ်တာကို ပဟာနပရိညာလို့ ခေါ်ပါတယ်။ ဒါကြောင့် ပဋ္ဌာန်းဟာ ဝိပဿနာအစစ်ပါပဲ။ အဘိဓမ္မာ (၇)ကျမ်းဟာ သက္ကာယဒိဋ္ဌိပြုတ်သွားအောင် ယထာဘူတဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်ရောက်အောင် မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ခြင်းဖြစ်ပါတယ်။ အာရမ္မဏပစ္စည်းကတော့ ဒီလောက်ဆိုရင် တော်တော်စုံသွားပါပြီ၊ နိဂုံးချုပ်ကြပါစို့။

## ၃။ အဓိပတိပစ္စည်း

**အဓိပတိပစ္စည်း**

ပဋ္ဌာန်းကျမ်းမှာ မြတ်စွာဘုရား ပထမဆုံးဟောတာက ဟေတုပစ္စည်း ဖြစ်ပါတယ်၊ 'ဟေတုပစ္စယော'လို့ ဟောလိုက်တာနဲ့ ဉာဏ်ကြီးတဲ့ပုဂ္ဂိုလ်တွေ ကျတော့ တလောကလုံးမှာ ဟိတ် (၆) ပါးကြောင့် ရုပ် နာမ်တွေ ဖြစ်ပေါ်နေပုံကို တခါထဲ အကျယ်ချဲ့ပြီး သိသွားကြတယ်။ ဟေတုပစ္စယောနဲ့ မကျွတ်တဲ့ နတ် ဗြဟ္မာတွေကျတော့လဲ 'အာရမ္မဏပစ္စယော'လို့ ဟောလိုက်တာနဲ့ "တလောက လုံးမှာ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရားတွေဟာ အာရုံ (၆)ပါးကြောင့် ဖြစ်ပေါ် နေတာပဲ"လို့ ဒီအာရုံ (၆) ပါးကို ဆင်ခြင်လိုက်တာနဲ့ အကျယ်ချဲ့ပြီး အားလုံး သိသွားကြပါတယ်။

မြတ်စွာဘုရားဟာ သုတ္တန်မှာလဲ များသောအားဖြင့် ဒီဟိတ် (၆)ပါးကိုပဲ ဟောတာများပါတယ်။ အဘိဓမ္မာလို အကျယ်ချဲ့ပြီး အသေးစိတ် မဟောပါ။ ကုသိုလ်တရားကို ဟောပြန်တော့လဲ သုတ္တန်မှာ အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ ကုသိုလ်ဖြစ်ခြင်းရဲ့ အကြောင်းတရား ဟိတ် (၃) ပါးကိုပဲ ဟောတာ များပါတယ်။

ဒီ့ထက် ခပ်ကျယ်ကျယ် ဟောချင်ရင်တော့ သုတ္တန်မှာ ဝိပဿနာတရားပဲ ဖြစ်ဖြစ်၊ ရိုးရိုးတရားများပဲဖြစ်ဖြစ် အာရုံ (၆) ပါးကြောင့် လူတွေဟာ ဒုက္ခ ရောက်နေကြတယ်။ အာရုံ (၆) ပါးကြောင့် သံသရာမှာ လည်နေကြရတယ်။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဆိုတဲ့ အာရုံ (၆)ပါးနဲ့ ပတ်သက်ပြီး ဒီအာရုံ (၆) ပါးကိုပဲ အာယတနနည်းနဲ့ ဓာတ်နည်းတွေနဲ့လဲ အကျယ်ချဲ့ပြီး ဟောပါတယ်။ သုတ္တန်မှာ အာရမ္မဏပစ္စယောနဲ့ သက်ဆိုင်တဲ့

သုတ်ပေါင်း မြောက်မြားစွာ ပါဝင်နေပါတယ်။ ဟေတုပစ္စည်းနဲ့ အာရမ္မဏပစ္စည်း ဒီနှစ်ပစ္စည်းကို သုတ္တန်မှာ အများဆုံး ဟောထားပါတယ်။

အဓိပတိပစ္စယောမှာ အဓိပတိဆိုတဲ့ ပါဠိကို အကြီးအမှူးလို့ မြန်မာ ပြန်ဆိုကြပါတယ်။ ဣန္ဒြိယပစ္စယောမှာလဲ ဣန္ဒြိယကို အစိုးရခြင်းလို့ အဓိပ္ပါယ် ပေးပြန်ပါတယ်။ ထီးပြိုင်နန်းပြိုင်အုပ်စိုးတဲ့ မင်းများလို အစိုးရခြင်းလို့ အဓိပ္ပါယ် ရပါတယ်။ ထီးပြိုင်နန်းပြိုင် အုပ်စိုးတဲ့ မင်းများလို အစိုးရခြင်းက ဣန္ဒြိယပစ္စည်း ဖြစ်ပါတယ်။ အတူမရှိ ပြိုင်ဘက်မရှိတဲ့ စကြာမင်းတို့လို အုပ်စိုးတဲ့ ပစ္စည်းမျိုးကို အဓိပတိပစ္စည်းလို့ ဆိုပါတယ်။

## အဓိပတိပစ္စည်း (၂)မျိုး

အဓိပတိပစ္စည်းမှာ ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာလို့ (၄)ချက် ရှိပါတယ်။ "ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော"အစရှိတဲ့ အဓိပတိပစ္စည်းမှာ သဟဇာတနဲ့ အဓိပတိဆိုတဲ့ ပါဠိကို ပေါင်းလိုက်တဲ့အခါ သဟဇာတာဓိပတိ၊ အာရမ္မဏနဲ့ အဓိပတိဆိုတဲ့ ပါဠိကိုပေါင်းလိုက်တဲ့အခါ အာရမ္မဏာဓိပတိလို့ အဓိပတိပစ္စည်း နှစ်မျိုးရှိပါတယ်။

### သဟဇာတနဲ့အာရမ္မဏ

ပဋ္ဌာန်းမှာ အကြောင်းတရား အကျိုးတရားယူပုံက သဟဇာတမျိုးနဲ့ အာရမ္မဏမျိုး အကြောင်းအကျိုးယူပုံဟာ အများကြီး ကွဲပြားပါတယ်။

ဟေတုပစ္စည်းက သဟဇာတမျိုးဆိုတော့ အတူတကွဖြစ်တဲ့ တရားများကို ကျေးဇူးပြုပါတယ်။ ဥပမာ–လောဘဆိုရင် လောဘနဲ့ အတူတကွဖြစ်တဲ့ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တရားတွေကို ကျေးဇူးပြုပါတယ်။ သူနဲ့အတူတကွ မဖြစ်တဲ့ ဒေါသနဲ့ အတူဖြစ်တဲ့ တရားတွေ၊ မောဟနဲ့ အတူဖြစ်တဲ့ တရားတွေကိုတော့

ကျေးဇူးမပြုပါ၊ အတူတကွ ဖြစ်ဖော်ဖြစ်ဖက် တရားတွေကိုသာ ကျေးဇူးပြုတာက သဟဇာတမျိုးဆိုတော့ အာရမ္မဏပစ္စည်းမျိုးနဲ့ သဟဇာတပစ္စည်းမျိုးဟာ အများကြီး ကွဲသွားပါတယ်။

အာရမ္မဏပစ္စည်းမှာက အာရုံက အကြောင်း။ အာရုံကို အကြောင်းပြုပြီး ဖြစ်တဲ့ စိတ်၊ စေတသိက်တို့က အကျိုးဖြစ်ပါတယ်။ အာရုံနဲ့ အာရမ္မဏိက တရားတွေကို အတူတကွဖြစ်တယ်လို့ မဆိုနိုင်ပါ။ ရူပါရုံဟာ စက္ခုဝိညာဉ်မဖြစ်ခင် စိတ္တက္ခဏ (၁၂)ချက်က စဖြစ်တယ်၊ စက္ခုဝိညာဉ်စိတ်က နောက်မှ ဖြစ်ပါတယ်။ အကြောင်းနဲ့ အကျိုး ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် အတူတကွ ပြိုင်ဖြစ်တယ်လို့ မဆိုနိုင်တော့ အာရမ္မဏမျိုးနဲ့ သဟဇာတမျိုးမှာ အများကြီး ကွာခြားသွားပါတယ်။

## ၁။ သဟဇာတာဓိပတိ

ဆန္ဒာဓိပတိ=အဓိပတိထိုက်တဲ့ဆန္ဒ

အဓိပတိထိုက်တဲ့ ဆန္ဒ၊ မထိုက်တဲ့ ဆန္ဒလို့ ဆန္ဒက နှစ်မျိုးရှိပါတယ်။ အဘိဓမ္မာစကားနဲ့ ပြောမယ်ဆိုရင် ရှေးအဘိဓမ္မာပညာရှင်ကြီးများက အဓိပတိ တပ်သော ဆန္ဒ၊ အဓိပတိမတပ်သော ဆန္ဒလို့ ဆိုကြပါတယ်။ တပ်သည်၊ မတပ်သည်ဆိုတာက အဓိပတိထိုက်တယ်၊ မထိုက်ဘူးလို့ ဆိုတာပါပဲ။

ဆန္ဒဆိုတာကတော့ ဘုရားဖြစ်ချင်တဲ့ဆန္ဒရှိသူကရှိတယ်။ သူဌေးဖြစ်ချင်တဲ့ ဆန္ဒရှိသူက ရှိတယ်။ မင်းဖြစ်ချင်သူ၊ စစ်ဗိုလ်ချုပ်ကြီးဖြစ်ချင်သူဆိုပြီး လူတွေမှာ ဆန္ဒအမျိုးမျိုး ရှိကြတယ်။ တချို့မှာ ဆန္ဒက ဖြစ်ချင်တာပဲ ရှိတယ်။ တချို့ သူဌေးဖြစ်ချင်တယ်။ ဖြစ်ချင်ပေမဲ့ သူဌေးဖြစ်ရာဖြစ်ကြောင်း ဘာမှ စွန့်စွန့်စားစား မလုပ်လို့ သူ့ဆန္ဒက အဓိပတိထိုက်တဲ့ ဆန္ဒမဟုတ်ပါ။ အဓိပတိထိုက်တဲ့ ဆန္ဒဆိုတာ တစ်ခုခုဖြစ်ချင်ရင် အိပ်လဲ ဒီဆန္ဒ၊ သွားလဲ ဒီဆန္ဒ၊ စားလဲ ဒီဆန္ဒ၊ အလုပ်တစ်ခုကို သူဖြစ်ချင်တဲ့ ပန်းတိုင်ဆီ မရောက်မချင်း အားလုံး ရှိသမျှစွန့်လွှတ်တဲ့ ဆန္ဒမျိုးဖြစ်ပါတယ်။ ဒါကြောင့်မို့ ဘုရားလောင်းများရဲ့

ဖြစ်စဉ် (၅၅၀)ဇာတ်တော်များမှာ ပြထားပါတယ်။ ဘုရားလောင်းတို့ မည်သည် ဘုရားဖြစ်ချင်တဲ့ ဆန္ဒအလျောက် ဘုရားသာဖြစ်မယ်ဆိုရင် မီးပုံထဲ ခုန်ချဆိုရင် ခုန်ချတယ်၊ ပင်လယ်ထဲ ခုန်ချရမလား ခုန်ချမယ်၊ ဘာပဲဖြစ်ဖြစ် ဘုရားအလောင်း ဟာ သူဖြစ်ခဲ့တဲ့ ဘဝများစွာမှာ ကမ္ဘာသူကမ္ဘာသားအားလုံးရဲ့ ကောင်းကျိုးဆိုရင် အကုန်လုံး စွန့်လွှတ်ရဲတဲ့ ဆန္ဒမျိုး အမြဲတမ်း ရှိပါတယ်။ အဲဒီဆန္ဒမျိုးဟာ အဓိပတိထိုက်တဲ့ ဆန္ဒမျိုး ဖြစ်ပါတယ်။

ဆန္ဒာဓိပတိပစ္စည်းမှာ ဆန္ဒသမ္ပယုတ္တကာနံ=ဆန္ဒနဲ့ ယှဉ်ကုန်သော။ ဓမ္မာနံ=စိတ်စေတသိက်ဆိုတော့ သင်္ဂြိုဟ်မှာ ရိုးရိုးဆန္ဒစေတသိက်နဲ့ယှဉ်တဲ့ စိတ်ပေါင်းက (၆၉) ခု ရှိပါတယ်။ အဟိတ်စိတ် (၁၈)ခုနဲ့ မောဟမူစိတ် (၂)ခု၊ ပေါင်းစိတ် (၂၀)မှာ ဆန္ဒက မယှဉ်တော့ စိတ် (၈၉) ခုထဲက အဲဒီစိတ် (၂၀)ကို နုတ်ပြီး ကျန်တဲ့ စိတ်(၆၉)ခုမှာ ယှဉ်ပါတယ်။ (၆၉) ခုဆိုတာ လောဘမူစိတ် (၈)၊ ဒေါသမူစိတ် (၂)၊ ကာမာဝစရစိတ် (၂၄)၊ မဟဂ္ဂုတ် လောကုတ္တရာစိတ် (၃၅)၊ ပေါင်း (၆၉) ခု ဖြစ်ပါတယ်။

ဆန္ဒနဲ့ယှဉ်တဲ့ စိတ် (၆၉) လုံးမှာ ရှိတဲ့ ဆန္ဒအားလုံး အဓိပတိထိုက်သလား ဆိုရင် မထိုက်ပါဘူး။ သင်္ဂြိုဟ်သမုစ္စည်းပိုင်းမှာ အဓိပတိကို ဟိတ် ၂–ပါးနဲ့ ယှဉ်တဲ့ ဒွိဟိတ်ဇော၊ ဟိတ် ၃– ပါးနဲ့ ယှဉ်တဲ့ တိဟိတ်ဇောမှာသာ အဓိပတိ ထိုက်တယ်လို့ဆိုပါတယ်။ ဇောပေါင်း (၅၅)ခုမှာ ဟသိတုပ္ပါဒ်နဲ့ မောဟမူဇော ပေါင်း (၃)ခုက အဓိပတိမထိုက်တော့ ဇော (၅၂)ခုသာ ကျန်ပါတယ်။ အဲဒီဇော (၅၂)ခုကို သာဓိပတိဇော(၅၂)လို့ ပဋ္ဌာန်းအရကောက်မှာ ဆိုပါတယ်။

## ဆန္ဒနဲ့စိတ္တဇရုပ်

"ဆန္ဒသမ္ပယုတ္တကာနံ=ဆန္ဒနဲ့ ယှဉ်ကုန်သော၊ ဓမ္မာနံ=ဆန္ဒ ဝိစိကိစ္ဆာ ကြဉ်တဲ့စေတသိက် (၅၀)တို့အားလည်းကောင်း၊ တံသမုဋ္ဌာနာနံ=ထိုဆန္ဒ၊ ဆန္ဒနဲ့ ယှဉ်တဲ့စိတ်၊စေတသိက်ကြောင့်ဖြစ်ကုန်သော။ ရူပါနဥ္စ=သာဓိပတိစိတ္တဇရုပ်တို့အား

လည်းကောင်း''လို့ ဟောတော်မူတဲ့နေရာမှာ ဘယ်လိုစိတ္တဇရုပ်လဲဆိုရင် အဓိပတိကြောင့် ဖြစ်တဲ့ သာဓိပတိစိတ္တဇရုပ်ဟာ ရိုးရိုးဆန္ဒကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်နဲ့ မတူပါ။

တစ်ကမ္ဘာလုံးမှာရှိတဲ့ လူတွေ လှုပ်လှုပ်လှုပ်လှုပ်နဲ့ ဖြစ်နေကြတာဟာ စိတ်ကြောင့်ဖြစ်လာရတဲ့ စိတ္တဇရုပ်တွေပါပဲ။ စိတ်ကြောင့် ဖြစ်တယ်ဆိုတော့ လောဘစိတ်ကြောင့် လှုပ်ရှားနေကြပါတယ်။ ဒေါသစိတ်ကြောင့် လှုပ်ရှားနေကြတယ်။ မောဟစိတ်ကြောင့် လှုပ်ရှားနေကြတယ်။ ကုသိုလ်လုပ်ရင်လဲ အလောဘစိတ်ကြောင့် ဆောင်ရွက်နေကြတယ်။ အဒေါသ၊ အမောဟစိတ်ကြောင့် ဆောင်ရွက်နေကြတယ်။ ဟိတ် (၆)ပါးနဲ့ယှဉ်တဲ့ စိတ်တွေကြောင့် လူတွေဟာ လှုပ်လှုပ်ရှားရှားနဲ့ ပြေးလွှားနေကြပါတယ်။ ဒါက ဟေတုပစ္စည်းအရ ပြောတာပါ။ အဓိပတိပစ္စည်းကျတော့ ဟိတ်(၆)ပါးက မလာတော့ပါ။

ဘာဖြစ်လို့ လူတွေ လှုပ်လှုပ်လှုပ်လှုပ် ဖြစ်နေကြသလဲဆိုရင် အဓိပတိပစ္စည်းနဲ့ ပြောတော့ ဆန္ဒကြောင့် ဖြစ်နေကြတယ်လို့ ပြောရပါတယ်။ သာဓိပတိဇောမှာက ကုသိုလ်အကုသိုလ် ရောနေတော့ မကောင်းတာလုပ်ချင်တဲ့သူကလဲ ဆန္ဒကြောင့် စိတ္တဇရုပ်တွေဖြစ်နေတယ်။ ကောင်းတာလုပ်ချင်တဲ့သူကလဲ ဆန္ဒကြောင့်ပဲ စိတ္တဇရုပ်တွေပြစ်နေတယ်။ သာဓိပတိစိတ္တဇရုပ်ဆိုတဲ့ အဓိပတိတပ်တဲ့ ဆန္ဒကြောင့် ဖြစ်တဲ့ရုပ်က ထင်ရှားပါတယ်။ ရိုးရိုးရုပ်က အလုပ်မလုပ်ပေမဲ့ ဆန္ဒာဓိပတိကြောင့် ဖြစ်တဲ့ရုပ်က သိပ်ပြီး အလုပ်လုပ်ပါတယ်။

ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်ဆိုပြီး ခန္ဓာကိုယ်မှာ ရုပ် (၄)မျိုးရှိတဲ့အနက်က ကမ္မဇရုပ်ဟာ အမြဲရှိတယ်လို့ ထင်ရတယ်။ ကမ္မဇရုပ်တွေကလဲ တကယ်တော့ ဖြစ်ပျက် ဖြစ်ပျက်နဲ့ အမြဲ ဖြစ်နေတာပဲ။ တရားအားထုတ်တဲ့အခါမှာ ကမ္မဇရုပ်ကို ဖြစ်ပျက်ရှုဖို့ မလွယ်ပါ။ စိတ္တဇရုပ်ကို ဖြစ်ပျက်ရှုရင် ဖြစ်ပျက်မြင်လွယ်ပါတယ်။ စိတ္တဇရုပ်ဆိုတော့ ဒေါသစိတ်ဖြစ်ရင် ရုပ်က တစ်မျိုးပြောင်းသွားတယ်။ လောဘစိတ်ဖြစ်ရင် ရုပ်က တစ်မျိုးပြောင်းသွားတယ်။ ဘုရားရှိခိုးပြီး စိတ်က ကြည်နူးနေရင် ရုပ်က တစ်မျိုးပြောင်းသွား

ပြန်တယ်။ ရုပ်အစဉ်အမျိုးမျိုး ပြောင်းလဲသွားတာဟာ ပထမရုပ် ပျက်သွားပြီး ဒုတိယရုပ် ဖြစ်လာတာပါ။ ဒီစိတ္တဇရုပ်ကို ဝိပဿနာရှုလို့ လွယ်ပါတယ်။

ဆန္ဒက ဥတုဇရုပ်နဲ့ အာဟာရဇရုပ်ကိုတော့ မဖြစ်စေနိုင်ပါ။ ဥတုဇရုပ်ဆိုတာက နေပူထဲသွားရင် ရုပ်က တစ်မျိုး။ မနေ့ကရုပ်နဲ့ ဒီနေ့ရုပ်မတူပါ။ သိပ်ပြီး နေပူတော့ ရုပ်က မကြည်လင်လှဘူး။ ဒီဥတုကြောင့် ဖြစ်တဲ့ ရုပ်ကလဲ ဝိပဿနာရှုရင် လွယ်ပါတယ်။

အာဟာရကြောင့်ဖြစ်တဲ့ ရုပ်ကတော့ ပိုပြီး ရှင်းပါတယ်။ ထမင်းမစားရသေးရင် ဆာလောင်နေတော့ မျက်နှာက ညှိုးပြီး ရုပ်က တစ်မျိုးဖြစ်နေတယ်။ ကောင်းတဲ့ အာဟာရ စားရရင်၊ ကြိုက်တာများစားရရင် ရုပ်က ကြည်လင်နေတော့ အာဟာရကြောင့် ဖြစ်တဲ့ ရုပ်အစဉ်ပြောင်းလဲပုံက ပိုပြီးထင်ရှားပါတယ်။

"ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ" ဆိုတာက နာမ်ရုပ်တွေဟာ ဆန္ဒကြောင့် ဖြစ်ပေါ်နိုင်တယ်လို့ ဆိုတာပါပဲ။ သွားလာလှုပ်ရှားနေကြတဲ့ သတ္တဝါတွေရဲ့ ခန္ဓာမှာ ဖြစ်နေတဲ့ နာမ်ရုပ်တွေ အားလုံးဟာ ဆန္ဒကြောင့်ဖြစ်နေတဲ့ နာမ်ရုပ်တွေပါပဲ။ မြတ်စွာဘုရားက အဓိပတိထိုက်တဲ့ ဆန္ဒကြောင့်ဖြစ်တဲ့ နာမ်ရုပ်ကို တိတိကျကျ ပိုင်းခြားပြီး ဟောခဲ့ပါတယ်။

### ဆန္ဒနဲ့ လောဘစေတသိက်

ဆန္ဒဟာ ဘယ်စေတသိက်ထဲမှာ ပါသလဲဆိုတော့ ပကိဏ်းစေတသိက်မှာ ပါပါတယ်။ ကုသိုလ်စေတသိက်လဲ မဟုတ်၊ အကုသိုလ်စေတသိက်လဲ မဟုတ်၊ ကုသိုလ်ဘက်လဲပါ၊ အကုသိုလ်ဘက်လဲပါတဲ့ နှစ်ဘက်ရ စေတသိက် ဖြစ်တဲ့အပြင် ဆန္ဒဟာ အဓိပတိလဲ ထိုက်ပါတယ်။

လောဘက အဓိပတိထိုက်သလားဆိုတော့ လောဘဟာ သိပ်ဆိုးတယ်လို့ ပြောနေကြပေမဲ့ အဓိပတိမထိုက်ပါ။ တကယ့်သဘောတရားမှာ ဆန္ဒနဲ့လောဘ

ဘယ်တရားက အားကြီးသလဲဆိုရင် ပဋ္ဌာန်းအလိုအားဖြင့် ဆန္ဒက အားကြီးပါတယ်။ လောဘကြီးတာက ကြောက်စရာ မကောင်းလှပါ၊ ဆန္ဒကြီးတာက ကြောက်စရာ ကောင်းပါတယ်။ ကမ္ဘာကြီးပျက်စီးသွားအောင် စစ်တိုက်ကြတာဟာ မကောင်းတဲ့ ဆန္ဒတွေကြောင့်ပါ။ သူ့ဆန္ဒက မကောင်းတဲ့ ဆန္ဒဆိုတော့ ကမ္ဘာကို ချမ်းသာအောင် လုပ်တယ်ဆိုပေမဲ့ တစ်ကမ္ဘာလုံးကို မီးရှို့ချင် ရှို့မယ်၊ ဖျက်ဆီးချင် ဖျက်ဆီးမယ်။ အများအတွက် မကောင်းတာတွေကိုပဲ လုပ်ပါတယ်။ ကောင်းတဲ့ ဆန္ဒဆိုတာကတော့ ဘုရားလောင်းတို့ရဲ့ ဆန္ဒမျိုးပါ။ တကယ့်ကို တစ်ကမ္ဘာလုံး ချမ်းသာအောင် ဆောင်ရွက်ပေးတဲ့ ဆန္ဒမျိုးဖြစ်ပါတယ်။

လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်စေတသိက်ထဲမှာ အဓိပတိ ထိုက်တဲ့တရားမရှိပါ။ ဆန္ဒအားနဲ့ လောဘအားမှာ ဆန္ဒက သာပြီး အားကြီး ပါတယ်။ ဆန္ဒဟာ အကုသိုလ်လဲမဟုတ်၊ ကုသိုလ်လဲ မဟုတ်ဆိုပေမဲ့ အကုသိုလ်နဲ့ ပေါင်းရင် အကုသိုလ်စေတသိက် ဖြစ်သွားတယ်။ ကုသိုလ်နဲ့ပေါင်းရင် ကုသိုလ် စေတသိက် ဖြစ်သွားပြန်ပါတယ်။ ဆန္ဒက နှစ်ဘက်ရစေတသိက် ဖြစ်တဲ့အတွက် ပယ်ရမဲ့တရားများဖြစ်တဲ့ လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ အကုသိုလ်တရား တွေကို ပယ်မယ်ဆိုရင် ဆန္ဒကသာ အားကောင်းမယ်ဆိုပါက ဒီအကုသိုလ်တွေကို ပယ်လို့ရပါတယ်။ ဒါကြောင့်လဲ ဆန္ဒဟာ အဓိပတိထိုက်တာ ဖြစ်ပါတယ်။

## ဝီရိယာဓိပတိ=အဓိပတိထိုက်တဲ့ဝီရိယ

"ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဥ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော"ဆိုတဲ့ ပါဠိမှာ "ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ= ဝီရိယနဲ့ယှဉ်ကုန်သော စိတ် စေတသိက်တို့အား"လို့ဆိုတဲ့အခါ သင်္ဂြိုဟ်သရုပ်နဲ့ ပြောရရင် ဝီရိယယှဉ်တဲ့ စိတ်က (၇၃)ခုရှိပြီး၊ ဝီရိယနဲ့ မယှဉ်တဲ့ စိတ်က (၁၆)ခု ရှိပါတယ်။ ဝီထိထဲမှာပါတဲ့ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းဒွေး၊ သန္တီရဏ (၃)၊ ဒွေးပဉ္စဝိညာဉ်(၁၀)၊ အားလုံး စိတ်(၁၆)ခုမှာ စက္ခုဝိညာဉ်ဒွေးက အဆင်းနဲ့ တိုက်ဆိုင်ရင် မြင်တယ်၊ သောတ ဝိညာဉ်ဒွေးက အသံနဲ့တိုက်ဆိုင်ရင်

ကြားတယ်။ ဃာနဝိညာဉ်ဒွေးက အနံ့နဲ့တိုက်ဆိုင်ရင် နံတယ်။ ဇိဝှါဝိညာဉ်ဒွေးက အရသာနဲ့ထိရင် အရသာကို သိတယ်။ ကာယဝိညာဉ်ဒွေးကလဲ ကိုယ်နဲ့ထိတွေ့ရင် အတွေ့ကို သိတယ်။ ဒီစိတ်တွေမှာ ဝီရိယမလိုပါ။ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းဒွေး၊ သန္တီရဏတို့က ဝီထိတစ်ခုမှာ မြင်အောင် အာရုံကို ဆင်ခြင်တယ်၊ အာရုံကို ခံပေးတယ်၊ အာရုံကို စုံစမ်းတယ်ဆိုတော့ သူတို့က စက္ခုဝိညာဉ်ထက် ဝီရိယ အလုပ် ပိုနဲပါသေးတယ်။ ဒါကြောင့် အဲဒီစိတ် (၁၆)ခုမှာ ဝီရိယမယှဉ်တာ ဖြစ်ပါတယ်။

ဝီရိယနဲ့ ယှဉ်တဲ့စိတ် (၇၃)ခုမှာ အဟိတ်စိတ်၊ မဟာဝိပါက်စိတ်၊ မဟဂ္ဂုတ် ဝိပါက်စိတ်တို့က အဓိပတိမထိုက်တဲ့အတွက် ဇော (၅၅)ခုထဲမှာလဲ ဟသိတုပ္ပါဒ်= အဟိတ်ဇောနဲ့ မောဟမူဒွေး=ဧကဟိတ်ဇောဆိုပြီး ဇော (၃)ခု ကြဉ်တဲ့ သာဓိပတိဇော (၅၂)ခုနဲ့ ယှဉ်တဲ့ ဝီရိယကသာ အဓိပတိထိုက်တဲ့ ကုသိုလ်ဇော အကုသိုလ်ဇောပါပဲ။ ဝီရိယက ကုသိုလ်စေတသိက်လဲ မဟုတ်၊ အကုသိုလ် စေတသိက်လဲ မဟုတ်၊ ကုသိုလ်၊ အကုသိုလ် နှစ်ဘက်ရတဲ့ ပကိဏ်းစေတသိက် ဖြစ်တဲ့အတွက် အကုသိုလ်လုပ်တဲ့အခါမှာလဲ ဝီရိယက အဓိပတိထိုက်တယ်။ ကုသိုလ်လုပ်တဲ့အခါမှာလဲ ဝီရိယက အဓိပတိ ထိုက်ပါတယ်။

အဓိပတိထိုက်တဲ့ ဝီရိယဆိုတာမျိုးက လူတွေဟာ ကြိုးစားကြတယ်၊ ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒအတိုင်း ကြိုးစားကြတယ်။ ကြိုးစားကြပေမဲ့ အဓိပတိထိုက်တဲ့ ဝီရိယမျိုးကျတော့ သူဟာ သူဌေးဖြစ်ချင်တယ်၊ သူဌေးမဖြစ်သေးရင် (၇)ရက် မအိပ်ဘဲ နေလို့လဲ ရတယ်၊ (၁)လ မအိပ်ဘဲ နေလို့လဲ ရတယ်။

ကောင်းတဲ့အလုပ် လုပ်တဲ့အခါမှာလဲ ဒီအတိုင်းပါပဲ၊ အဓိပတိထိုက်တဲ့ ဝီရိယမျိုးနဲ့ တရားအားထုတ်ရင် တကယ်တရားရနိုင်ပါတယ်။ တကယ့်ပုဂ္ဂိုလ် ထူးတွေ ဖြစ်တဲ့ သူဌေးကြီးဖြစ်တဲ့သူ၊ ခေါင်းဆောင်ကြီးဖြစ်တဲ့သူ၊ ရဟန္တာဖြစ်သွား သူများမှာကျတော့ သူများနဲ့ ဝီရိယချင်း မတူကြပါ။ တကယ်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်များမှာ သူတို့အလုပ်လုပ်ကြတာက ညဉ့်သုံးယာမ် တစ်ယာမ်ပဲ အိပ်တယ်လို့ ဆိုပါတယ်။

ကုသိုလ်ပဲလုပ်လုပ်၊ အကုသိုလ်ပဲလုပ်လုပ် အဓိပတိထိုက်တဲ့ ဝီရိယ ကြောင့်ဖြစ်တဲ့ နာမ်ရုပ်ဆိုတာ မောတယ်၊ ပန်းတယ်မရှိပါ။ ဘာပဲလုပ်ရလုပ်ရ လုပ်နိုင်တယ်။ မြင့်မိုရ်တောင်ကိုလဲ ဖြိုမှာပဲ။ ပင်လယ်ပြင်ကိုလဲ လက်ပစ်ကူး မှာပဲ။ သူ့မှာ ခက်ခဲတယ်ဆိုတာ မရှိပါ။ သမုဒ္ဒရာထဲက ရေကို ကုန်အောင် ပက်ဆိုရင်လဲ ပက်မှာပဲ။ ရန်ကုန်မြို့တော်ကြီး တစ်မြို့လုံးကို ခြင်တစ်ကောင် မှက်တစ်ကောင်မှ မရှိဘဲ သန့်ရှင်းသာယာသွားအောင် (၇)ရက် အတွင်း လုပ်ဆိုရင်လဲ မဖြစ်မနေ ချက်ချင်း လုပ်မှာပါပဲ။ မဖြစ်နိုင်ဘူး ဆိုတာက အဓိပတိထိုက်တဲ့ ဝီရိယမျိုးမဟုတ်ပါ။ စိတ်ထဲမှာ ဘာပဲဖြစ်ဖြစ် ဖြစ်ကို ဖြစ်ရမယ်ဆိုတာ အဓိပတိထိုက်တဲ့ ဝီရိယပါပဲ။

အဓိပတိပစ္စည်းမှာ အဓိပတိ (၄)ခုရှိတော့ (၄)ခုလုံး တပြိုင်နက် အဓိပတိ တပ်လို့ မရပါ။ အဓိပတိရဲ့ အဓိပ္ပါယ်က ရှင်ဘုရင်ဖြစ်ရင်လဲ တစ်ဦးထဲ အုပ်စိုး ရပါတယ်။ တစ်လောကလုံးကို စကြာမင်းတစ်ယောက်ထဲ အုပ်စိုးသလို နှစ်ယောက်ပြိုင်လို့မရသလို အဓိပတိဆိုတာ ပြိုင်ဘက်ကင်းပါတယ်။ ဆန္ဒအဓိပတိ တပ်တဲ့အခါ ဝီရိယလဲ ပါပါတယ်၊ သို့သော် ဝီရိယက ပစ္စယုပ္ပန်ထဲမှာ ရောက်နေတယ်၊ ဝီရိယက နောက်လိုက်ပဲ လုပ်ရ နေရတယ်။ ဆန္ဒစောတဲ့ ပုဂ္ဂိုလ် တစ်ယောက်မှာ ဆန္ဒက ခေါင်းဆောင်နေပါတယ်။ ဆန္ဒက ခိုင်းသမျှ ဝီရိယက လုပ်ရပါတယ်။ ဝီရိယ အဓိပတိတပ်တဲ့အခါ ဆန္ဒက ပစ္စယုပ္ပန်ဆိုတော့ နောက်လိုက် ဖြစ်သွားပြန်ပါတယ်။ ဝီရိယ ခိုင်းသလို ဆန္ဒက လုပ်ရပြန်ပါတယ်။ ပစ္စည်းနဲ့ ပစ္စယုပ္ပန် ရုပ်တရားနဲ့ နာမ်တရားတွေဟာ ဝီရိယကြောင့် သဟဇာတ အတူတကွ ဖြစ်နေကြရပါတယ်။

## စိတ္တာဓိပတိ= အဓိပတိ ထိုက်တဲ့စိတ်

“စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော” ဆိုတဲ့ စိတ္တာဓိပတိမှာ စိတ်(၈၉)ခုလုံး အဓိပတိ ထိုက်သလားဆိုတော့ စိတ်(၈၉)ခုလုံး အဓိပတိမထိုက်ပါ။ အဘိဓမ္မာမှာ မူချ

ထားတာက ဇော(၅၅)ခုမှာပါတဲ့ တိဟိတ်ဇောနဲ့ ဒွိဟိတ်ဇော(၅၂)ခုကသာ အဓိပတိ ထိုက်ပါတယ်။ တိဟိတ်ဇော(၃၄)ပါးနဲ့ ဒွိဟိတ်ဇော(၁၈)ပါး၊ ပေါင်း (၅၂)ပါး ဖြစ်ပါတယ်။ ဒွိဟိတ်ဇော(၁၈)ပါးထဲမှာ ပါတဲ့ အကုသိုလ်စိတ်ထဲမှာ အဓိပတိ တပ်နိုင်တာက လောဘမူစိတ်နဲ့ ဒေါသမူစိတ်ပဲ ဖြစ်ပါတယ်။ မောဟမူစိတ်မှာ ဝိစိကိစ္ဆာစိတ်က သို့လော သို့လော ဟုတ်ပါ့မလားဆိုတဲ့ စိတ်ပါ။ ဥဒ္ဓစ္စစိတ်ကတော့ ယောင်လယ်လယ် ပျံ့လွင့်နေတဲ့ စိတ်ပါ။ ဒါကြောင့် မောဟမူစိတ်ဟာ သူ့သဘောတရားအရ အဓိပတိ မထိုက်နိုင်ပါ။

အဟိတ်စိတ်(၁၈)ကလဲ ဟိတ်မရှိတဲ့စိတ်၊ အာရုံနဲ့ တိုက်ဆိုင်လာမှ ဖြစ်တဲ့ စိတ်ဆိုတော့ အဓိပတိ မထိုက်နိုင်ပါ။ လောကီဝိပါက်စိတ်များကလဲ ရှေးက လုပ်ခဲ့တဲ့ အကြောင်းများကြောင့် ဖြစ်ပေါ်လာရတဲ့ အကျိုးတရားများ ဖြစ်ပါတယ်။ တမင်သက်သက် လုပ်ယူရတဲ့ စိတ်မျိုးမဟုတ်ပါ။ ဒါကြောင့် ဝိပါက်စိတ်များ ကလဲ အဓိပတိ မထိုက်ပါ။ ဒီတော့ ကာမာဝစရ ကုသိုလ်ကြိယာနဲ့ မဟဂ္ဂုတ် ကုသိုလ်ကြိယာစိတ်များသာ အဓိပတိ ထိုက်ပါတယ်။ လောကုတ္တရာစိတ်တွေ ကတော့ အကုန်လုံး အဓိပတိ ထိုက်ပါတယ်။

အရပ်ထဲမှာ ပြောကြတယ်။ "ခင်ဗျား ဆန္ဒ မစောစမ်းပါနဲ့၊ ခင်ဗျား ဆန္ဒစောလွန်းတယ် ဆိုတာက ဆန္ဒာဓိပတိကို ပြောတာပါ။ စိတ်မစောပါနဲ့ စိတ်စောလွန်းအားကြီးတယ်ဆိုတာကလဲ စိတ္တာဓိပတိကို ပြောတာပါ။ လောဘ စိတ် ပြင်းထန်ရင် လောဘစိတ်က စိတ္တာဓိပတိ တပ်သွားတယ်။ ဒေါသစိတ် ပြင်းထန်ရင်လဲ ဒေါသစိတ်က စိတ္တာဓိပတိတပ်သွားပါတယ်။ ဒီအခါ တခြား စိတ်တွေက နောက်လိုက်ဖြစ်ရတာပါပဲ။

### ဝီမံသာဓိပတိ=အဓိပတိထိုက်တဲ့ပညာ

"ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော"ဆိုတဲ့ ဝီမံသ အဓိပတိကို ဟောတဲ့အခါမှာ ပညာလို့

မဟောပါ။ ဒီအဓိပတိပစ္စည်းမှာ ပညာကိုပဲ ဝီမံသလို့ဆိုပါတယ်။ သဒ္ဒါနည်းနဲ့ ဆိုရင် ပ=အပြားအားဖြင့်၊ ဉာ=သိတယ်လို့အဓိပ္ပာယ်ရပါတယ်။ ဝီမံသကို စူးစမ်း ဆင်ခြင်မှုလို့ မြန်မာပြန်ပါတယ်။ ဝီမံသဟာ ပညာစေတသိက်ဖြစ်တဲ့အတွက် သင်္ဂြိုဟ်အရပြောရင် ကာမာဝစရဉာဏသမ္ပယုတ်စိတ်(၁၂)နဲ့ မဟဂ္ဂုတ်၊ လောကုတ္တရာစိတ်(၃၅)၊ ပေါင်း (၄၇)ခုမှာ ပညာက ယှဉ်ပါတယ်။

ပညာမှာ အဓိပတိထိုက်တဲ့ ပညာနဲ့ အဓိပတိမထိုက်တဲ့ ပညာလို့ နှစ်မျိုး ရှိပါတယ်။ တိဟိတ်ဇောမှာ မဟာကုသိုလ်နဲ့ မဟာကြိယာ ဉာဏသမ္ပယုတ်ဆိုတဲ့ ကာမာဝစရစိတ်(၈)ခု၊ မဟဂ္ဂုတ်ကုသိုလ်(၉)ခု၊ ကြိယာ (၉)ခု၊ လောကုတ္တရာ (၈)ခု၊ ပေါင်း (၃၄)ခုမှာ ယှဉ်တဲ့ ပညာကသာ အဓိပတိ ထိုက်ပါတယ်။

ဝီမံသာဓိပတိ=အဓိပတိထိုက်သော ပညာသည်။ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ=တိဟိတ်ဇော(၃၄)ခု၊ ပညာမှကျန်သည့် စေတသိက် ၃၇-တို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ=ထိုတိဟိတ်ပညာ၊ တိဟိတ်ပညာနှင့် ယှဉ်သည့် စိတ် စေတသိက် တို့ကြောင့် ဖြစ်ကုန်သော၊ ရူပါနဉ္စ=သာဓိပတိ စိတ္တဇရုပ်တို့အား လည်းကောင်း။ အဓိပတိပစ္စယေန ပစ္စယော=အဓိပတိပစ္စည်းဖြင့် ကျေးဇူးပြု ပါတယ်။ ပညာက ဆန္ဒ ဝီရိယ စိတ်တို့နဲ့ အဓိပတိပစ္စည်းမှာ နဲနဲ ကွဲပြားနေ ပါတယ်။ အကုသိုလ်ဇောမှာ ပညာက မရှိပါ။ ပညာက ကောင်းတဲ့နေရာမှာသာ ပါပါတယ်။ ဆန္ဒ၊ ဝီရိယ၊ စိတ်တို့ကတော့ မကောင်းတဲ့ အလုပ်တွေမှာလဲ အဓိပတိ တပ်ပါတယ်။ မကောင်းတဲ့လုပ်ငန်းမှာ အဓိပတိတပ်တော့ ပညာက မပါတဲ့အတွက် ပိုပြီး ဆိုးသွားတယ်။ ပညာမပါဘဲ ဆန္ဒစောတိုင်း စိတ်စောတိုင်း လုပ်ရင် မှားကြတာပါပဲ။

ဝီရိယမှာလဲ ကောင်းတဲ့ ဝီရိယ၊ မကောင်းတဲ့ ဝီရိယ ရှိပါတယ်။ မကောင်းတဲ့ ဝီရိယမှာလဲ မိမိခန္ဓာကိုယ်ကို စွန့်လွှတ်နိုင်တယ်။ အကုန်လုံး ရှိသမျှ စွန့်လွှတ်ပြီး ကြိုးစားဖို့ အဆင်သင့်ပဲဆိုရင် အဓိပတိ ထိုက်ပါတယ်။ တရား အားထုတ်ရာမှာ တစ်နေရာထဲ တစ်ညထဲ သေချင်သေပါစေဆိုပြီး ဒီလို အားထုတ်နိုင်ပေမဲ့ လမ်းမမှန်တော့ ပညာမပါတော့ ဝီရိယအဓိပတိ

ထိုက်တဲ့အတွက် သိပ်ပြီးဆိုးသွားတယ်။ ဒါကြောင့် မကောင်းတဲ့နေရာမှာ ဆန္ဒတို့ ဝီရိယတို့ စိတ်တို့ အဓိပတိဖြစ်ရင် ပိုပြီး ဆိုးသွားပါတယ်။

အဓိပတိဆိုတာက ခေါင်းဆောင်ဆိုတဲ့အတိုင်း ဝီမံသာဓိပတိ=ပညာကိုသာ ခေါင်းဆောင်တင်ပါ။ ပညာခေါင်းဆောင်တော့ ပညာနဲ့အတူ ယှဉ်တဲ့ဇောကလဲ သန့်ရှင်းတဲ့ တိဟိတ်ဇော၊ စေတသိက်ကလဲ တိဟိတ်စေတသိက်၊ သာဓိပတိ စိတ္တဇရုပ်ကလဲ ပညာကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်ဆိုတော့ မကောင်းတဲ့ရုပ်နာမ် မဖြစ်နိုင်ဘူး။ ပညာကြောင့် လုပ်တဲ့ အလုပ်ဟာ အကောင်းချည်းပါပဲ။ မိမိ လုပ်တဲ့ အလုပ်ဟာ ရုပ်နာမ်တွေ ဒုက္ခဆင်းရဲရောက်နေသလား။ ပင်ပန်းနေ သလား။ ရုပ်နာမ်တွေဟာ ဆင်းရဲပင်ပန်းနေရင် ပညာအဓိပတိ တပ်ပြီးလုပ်တဲ့ ပစ္စယုပ္ပန်အကျိုးတရား မဟုတ်ပါ။ တရားအားထုတ်တဲ့အခါ ပဋ္ဌာန်းနဲ့ကြည့်ရင် ရှင်းပါတယ်။ ရုပ်နာမ်ဟာ ချမ်းသာအေးမြကြည်လင်ပြီး ဖြစ်ပေါ်လာရင် တကယ့် ဝိပဿနာပညာနဲ့ယှဉ်တဲ့ ရုပ်နာမ်ပါပဲ။

သဟဇာတာဓိပတိ ဆိုတာက ပဋ္ဌာန်းမှာ အရေးအကြီးဆုံးပါပဲ။ ဟိတ်(၆) ပါးထဲက အဓိပတိတပ်တဲ့တရားကို စိစစ်ကြည့်တော့ အမောဟတစ်ခုထဲ အဓိပတိ မှာ ပါပါတယ်။ လောဘ၊ ဒေါသ၊ မောဟတွေ မပါပါ။ ဒါကြောင့် လောဘ၊ ဒေါသဆိုတာက အဓိပတိနဲ့ကြည့်ရင် ဆန္ဒလောက် ကြောက်စရာ မကောင်းပါ။ အလောဘ၊ အဒေါသဆိုတာက ကောင်းပင်ကောင်းသော်လဲ အဓိပတိမထိုက်တော့ အဓိပတိထိုက်တဲ့ "အမောဟ"ဆိုတဲ့ ဝီမံသပညာနဲ့ပေါင်းမှ အားကောင်းပါတယ်။

ဒါကြောင့် တရားသဘောတွေကို အာရမ္မဏပစ္စည်းနဲ့ ယှဉ်ကြည့်ရမယ်၊ ဟေတုပစ္စည်းနဲ့ ယှဉ်ကြည့်ရမယ်၊ အဓိပတိပစ္စည်းနဲ့ ယှဉ်ကြည့်ရမယ်။ အဓိပတိ ပစ္စည်း အကြောင်းအကျိုးယှူပုံ၊ အာရမ္မဏမျိုးယှူပုံနဲ့ ယှဉ်ကြည့်ရမယ်။ အဓိပတိ ပစ္စည်းအကြောင်းအကျိုးယှူပုံ၊ အာရမ္မဏမျိုးယှူပုံနဲ့ သဟဇာတမျိုးယှူပုံ တော်တော် ကွဲပါတယ်။ သဟဇာတာဓိပတိပစ္စည်းကတော့ ဒီလောက်ဆိုရင် ရှင်းလောက် ပါပြီ။

## ၂။ အာရမ္မဏာဓိပတိ

အာရမ္မဏအဓိပတိဆိုတာက အာရုံ(၆)ပါးကို အာရုံပြုတဲ့နေရာမှာ အလေး အမြတ် အာရုံဖြစ်တဲ့ အာရုံ(၆)ပါးနဲ့ သာမညအာရုံဖြစ်တဲ့ အာရုံ(၆)ပါးရယ်လို့ နှစ်မျိုးရှိပါတယ်။ အာရမ္မဏပစ္စယောဆိုတဲ့ သာမညအာရုံဖြစ်တဲ့ အာရုံ(၆)ပါး အာရမ္မဏပစ္စည်းတရားက စိတ်(၈၉)၊ စေတသိက်(၅၂)၊ ရုပ်(၂၈)၊ နိဗ္ဗာန်၊ ပညတ်ဆိုတဲ့ ရှိသမျှ တရားအားလုံးပဲ ဖြစ်ပါတယ်။

### အာရမ္မဏာဓိပတိပစ္စည်းတရား

### (က) စိတ်(၈၄)

အာရမ္မဏ အဓိပတိပစ္စည်းကျတော့ အာရုံ(၆)ပါးမှာ အလေးအမြတ် အာရုံ ပြုရတဲ့ အာရုံမျိုးဆိုတော့ စိတ်(၈၉) ခုထဲမှာ (၈၄)ခုပဲ အာရမ္မဏအဓိပတိ ပစ္စည်းထိုက်ပါတယ်။ ဒေါသမူစိတ် (၂) မောဟမူစိတ် (၂) နဲ့ ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ် (၁) ဆိုတဲ့ စိတ်(၅)ခုဟာ သူတို့ရဲ့ သဘောသဘာဝအားဖြင့် အလေးအနက် အာရုံပြုလို့ မရပါ။ အာရုံပြုလို့မရတဲ့အတွက် အာရမ္မဏအဓိပတိ မထိုက်ပါ။ ဥပမာ– ဒေါသမူဆိုရင် ဒေါသဖြစ်ခဲ့တဲ့စိတ်ကို အလေးအနက် အာရုံပြုလို့ မရပါ။ ဒေါသစိတ်ကို ကြီးတယ်လို့သာ ထင်ရတယ်။ ဒေါသဖြစ်ခဲ့တဲ့ စိတ်ကို လေးလေးနက်နက် ပြန်ပြီး အာရမ္မဏ အဓိပတိပစ္စည်းနဲ့ အာရုံပြုလို့ မရပါ။ မောဟမူက မသိတဲ့စိတ် မိုက်မဲတွေဝေတဲ့ စိတ်ပါ။ ဒုက္ခ သဟဂုတ် ကာယဝိညာဉ်ဆိုတာကလဲ အဟိတ်စိတ် ဖြစ်ပါတယ်။ သူက နာတာ ကျင်တာ ဒုက္ခဖြစ်နေတာကို သိနေတဲ့ စိတ်ဆိုတော့ သူ့ကိုလဲ လေးလေးနက်နက် အာရုံပြုလို့ မရပါ။ ဒါကြောင့် စိတ်(၈၉)ခုမှာ အဲဒီစိတ်(၅)ခု နုတ်ပြီး ကျန်တဲ့ စိတ် (၈၄)ခုပဲ အာရမ္မဏ အဓိပတိ ထိုက်ပါတယ်။

(ခ) စေတသိက်(၄၇)

စေတသိက်ကျတော့ ဒေါသမူစိတ် မပါတဲ့အတွက် ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စနဲ့ မောဟမူစိတ်မှာသာ ယှဉ်တဲ့ ဝိစိကိစ္ဆာ ပေါင်း (၅) လုံး ကြဉ်တဲ့ စေတသိက်(၄၇)ခုပဲ အာရမ္မဏာဓိပတိ ထိုက်ပါတယ်။ ဒီဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စနဲ့ ဝိစိကိစ္ဆာဆိုတဲ့ စေတသိက်တွေကိုလဲ အလေးအနက် အာရုံပြုလို့ မရပါ။ အာရုံပြုလို့ရတယ်ဆိုတာက တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်များကတော့ သိပါတယ်။ ဖြစ်ပေါ်လာတဲ့စိတ်ကို ပြန်ပြီး အာရုံပြုတာပါ။ ကိုယ့်သန္တာန်မှာ ဖြစ်ပေါ်လာတဲ့ ကုသိုလ်စိတ် အကုသိုလ်စိတ် ဝိပါက်စိတ်တွေကို ပြန်ပြီး အာရုံပြုလို့ ရတာကို ဆိုလိုပါတယ်။

(ဂ) ဣဋ္ဌနိပ္ဖန္နရုပ်(၁၈)

ရုပ်ကျပြန်တော့လဲ ရုပ်(၂၈)ခုလုံးကို လေးလေးနက်နက် အာရုံပြုလို့ မရပါ။ ရုပ်ဆိုတာက နိပ္ဖန္နရုပ်(၁၈)ခုနဲ့ အနိပ္ဖန္နရုပ်(၁၀)ခု ရှိပါတယ်။ တစ်နည်းအားဖြင့် သဘာဝရုပ်နဲ့ အသဘာဝရုပ်လို့ ရှိပါတယ်။ သီးခြားသဘောလက္ခဏာရှိတဲ့ ရုပ်ကို နိပ္ဖန္နရုပ်လို့ ခေါ်ပါတယ်။ ကာယဝိညတ် ဝစီဝိညတ်စတဲ့ ဝိကာရရုပ်တွေကတော့ နိပ္ဖန္နရုပ်တို့ရဲ့ အမူအရာဖြစ်တော့ သူတို့မှာ သီးခြားသဘောသဘာဝ မရှိပါ။ ဒါကြောင့် အနိပ္ဖန္နရုပ်ပါပဲ။ ဒါပေမဲ့ အဲဒီရုပ်တွေထဲမှာ ဣဋ္ဌ အလိုရှိအပ်တဲ့ ရူပါရုံနဲ့ အနိဋ္ဌ အလိုမရှိအပ်တဲ့ ရူပါရုံလို့ နှစ်မျိုးရှိတော့ လူတွေက ဣဋ္ဌရူပါရုံဆိုတဲ့ ကောင်းတဲ့ ရူပါရုံ၊ လှတဲ့ ရူပါရုံ၊ တင့်တယ်တဲ့ ရူပါရုံကိုသာ လိုချင်တာပါ။ "ဒီရူပါရုံဟာ မျက်စိထဲက မထွက်ပါဘူး"ဆိုတော့ အာရမ္မဏာဓိပတိဖြစ်နေတာပါ။ "ဒီအသံကလဲ နားထဲက မထွက်ဘူး၊ အမြဲတမ်းကြားနေတာပဲ" ဆိုရင်လဲ အဓိပတိထိုက်တဲ့ ဣဋ္ဌသဒ္ဒါရုံပါ၊ ဒီလိုအနံ့မျိုး တခါနံ့ဖူးရင် ဒီအနံ့မျိုး နေရာတကာ နံ့တယ်လို့ ထင်နေတယ် စွဲနေတယ်။ မိမိအလွန်သဘောကျတဲ့ ဂန္ဓာရုံဖြစ်တော့ လေးလေးနက်နက် အာရုံပြုလို့ရတယ်။ ဒီဂန္ဓာရုံဟာ အဓိပတိပစ္စည်းထိုက်တဲ့ ဂန္ဓာရုံပါပဲ။ ဘုရားကို အလွန်ကြည်ညိုသူ

တစ်ဦးမှာ မြတ်စွာဘုရားဆိုတဲ့ ရူပါရုံကို အာရုံပြုပြီး ဘယ်သွားသွား မြတ်စွာဘုရားကိုသာ မြင်နေတယ်လို့ ဖြစ်နေရင် အဓိပတိထိုက်တဲ့ ဣဋ္ဌရူပါရုံပါပဲ။ ဒီလို ကောင်းတဲ့ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ အစရှိတဲ့ နိပ္ဖန္နရုပ်များမှာ ကောင်းတဲ့ ဣဋ္ဌရုပ်တို့ကတော့ အာရမ္မဏာအဓိပတိ ထိုက်ပါတယ်။

ဝတ္ထုကြောင်းနဲ့ ပြောရရင် မန္တလေး သကျသီဟဘုရားအနောက်မုခ်မှာ ပန်းချီရေးထားတာ ရှိပါတယ်။ တေလပတ္တဇာတ်ဖြစ်ပါတယ်။ ဘုရားလောင်းဟာ ရှင်ဘုရင်ဖြစ်မယ်လို့ ပစ္စေကဗုဒ္ဓါက မိန့်ကြားလိုက်တော့ သူသွားရမဲ့ ကန္တာရ ခရီးလမ်းမှာ ဘီလူးတွေချည်းပဲ ရှိတယ်။ ကန္တာရကို ဖြတ်ပြီးသွားရမှာဆိုတော့ ဘုရားလောင်းဟာ အင်မတန် သတ္တိကောင်းတဲ့ လူငါးယောက်ကို ရွေးပြီး သူနဲ့အတူ ခေါ်သွားတယ်။ သူ ရှင်ဘုရင်ဖြစ်မယ့် တိုင်းပြည်ကို သွားရမယ် ဆိုတော့ အဲဒီ လူငါးဦးကို ကနဦးကထဲက ပြောထားပါတယ်။ “ဒီကန္တာရ ခရီးမှာ တခြား ဘာမှ မရှိဘူး၊ ဘီလူးတွေသာ ရှိတယ်။ ဘာကိုပဲ တွေ့တွေ့ သူတို့ ဖြားယောင်းရင် မပါကြနဲ့”လို့ ပြောထားပါတယ်။ ဒါပေမဲ့ ရူပါရုံကို အဓိပတိတပ်တဲ့ လူတစ်ယောက်က အရင် ကျန်ရစ်ခဲ့တယ်။ နောက် သဒ္ဒါရုံမှာ တစ်ယောက် ကျန်ခဲ့တယ်။ ဂန္ဓာရုံမှာ တစ်ယောက် ကျန်နေခဲ့တယ်၊ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတွေမှာလဲ တစ်ယောက်စီ ကျန်ခဲ့ကြလို့ နောက်ဆုံး ဘုရားလောင်း တစ်ယောက်ထဲ အဲဒီတိုင်းပြည်ကို ရောက်သွားတယ်။

ဒါပေမဲ့ ဘီလူးမက ကလေးပိုက်ပြီး ဘုရားလောင်းကို သူ့လင်ပါဆိုပြီး လိုက်လာတယ်။ အဲဒီ တိုင်းပြည်ရဲ့ ဇရပ်ပေါ်မှာရောက်တော့ ဘုရားလောင်းမှာ ပရိတ်ရေ ပရိတ်ခြည်တွေပါတာနဲ့ ဘီလူးမ အနားကပ်လို့ မရဘူး၊ ရှင်ဘုရင် တိုင်းခမ်းလှဲ့လည်လာတဲ့အခါ ဘီလူးမကို သိပ်ပြီး သဘောကျတော့ မေးပါတယ်။ ဘီလူးမ ဆိုတာ သူတို့ ဖန်ဆင်းထားရင် နတ်သမီးလောက် လှတာပါ။ ဘီလူးမက သူ့ယောကျ်ားပါလို့ ပြောပေမဲ့ ဘုရားလောင်းကို မေးတဲ့အခါ ‘ဒါ ဘီလူးမပါ၊ သူနဲ့ ဘာမှ မဆိုင်ဘူး’လို့ ရှင်ဘုရင်ကို သံတော်ဦးတင်တဲ့အခါမှာ ရှင်ဘုရင်က သိမ်းပိုက်ပြီး မိဖုရား မြှောက်လိုက်ပါတယ်။ ဘီလူးမက ညကျတော့ တစ်မြို့လုံး

အပိုင်စား တောင်းပါတယ်။ နောက်ဆုံးနှစ်သိမ့်တဲ့ သဘောနဲ့ နန်းတော်တွင်း အပိုင်စား ပေးလိုက်တဲ့အတွက် နန်းတော်တွင်းရှိသမျှ အားလုံးကို ညတွင်းချင်း အကုန်လုံး စားပစ်လိုက်ပါတယ်။ ဒီဝတ္ထုမှာက အာရုံငါးပါးမှာ ရူပါရုံ အစရှိတဲ့ ဣဋ္ဌနိဗ္ဗန္နရုပ်တွေဟာ အာရမ္မဏာဓိပတိပစ္စည်းထိုက်တဲ့ အကြောင်းပါပဲ။

(ဃ) နိဗ္ဗာန်

နိဗ္ဗာန်ဟာ သာမညအာရုံမဟုတ်တဲ့အတွက် အာရမ္မဏာဓိပတိပစ္စည်း ထိုက်ပါတယ်။ ရူပါရုံ၊ သဒ္ဒါရုံကို စွဲသလို နိဗ္ဗာန်အာရုံပြုဖူးတဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်တည်းဟူသော အာရုံက ကြီးကျယ်ကောင်းမြတ်လှတဲ့အတွက် အလွန်စွဲတဲ့ အာရုံတစ်ခုပါပဲ။

အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်အကျိုးတရား

(က) စိတ် (၂၈)

အာရမ္မဏပစ္စည်းမှာ ပစ္စယုပ္ပန်အကျိုးတရားက စိတ်အားလုံး စေတသိက် အားလုံးကို ရနိုင်တယ်။ အာရမ္မဏာဓိပတိရဲ့ ပစ္စယုပ္ပန်အကျိုးတရားကတော့ စိတ်က လောဘမူစိတ်(၈)၊ မဟာကုသိုလ်စိတ်(၈)၊ မဟာကြိယာဉာဏသမ္ပယုတ် စိတ်(၄)၊ လောကုတ္တရာစိတ်(၈)၊ ပေါင်း(၂၈)ခုပဲ ရှိပါတယ်။ အာရမ္မဏပစ္စည်းနဲ့ အာရမ္မဏာဓိပတိပစ္စည်းတရား ယှဉ်ကြည့်တဲ့အခါ အဓိပတိမထိုက်တဲ့ တရားနဲ့ ထိုက်တဲ့တရား ပေါ်လွင်လာပါတယ်။ ပစ္စယုပ္ပန်အကျိုးတရားတွေကျတော့ ပိုပြီး ကွဲသွားပါတယ်။ ပဋ္ဌာန်းက အသေးစိတ်ရင် သင်္ဂြိုဟ် သရုပ်ကွဲမှ အဓိပ္ပာယ်ကို လေးလေးနက်နက် သဘောပေါက်ပါတယ်။

ဒေါသမူစိတ်နဲ့ မောဟမူစိတ်ကို အဓိပတိနဲ့ လေးလေးနက်နက် အာရုံပြုလို့ မရတဲ့အတွက် အာရမ္မဏာဓိပတိပစ္စည်းတရားထဲမှာ ဒေါသမူစိတ်နဲ့ မောဟမူစိတ် မပါပါ။

မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်(၄)ခုနဲ့ မဟာကုသိုလ်ဉာဏဝိပ္ပယုတ် စိတ် (၄)ခုမှာ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်က အရဟတ္တမဂ်နဲ့ အရဟတ္တဖိုလ်ကို အာရုံမပြုနိုင်ဘဲ အရဟတ္တမဂ်နဲ့ အရဟတ္တဖိုလ်ကြဉ်တဲ့ စိတ်ပေါင်း(၈၇) ထိအောင် အာရုံပြုနိုင်ပါတယ်။ မဟာကုသိုလ်ဉာဏဝိပ္ပယုတ် စိတ်ကတော့ လောကုတ္တရာကို အာရုံမပြုနိုင်တဲ့အတွက် လောကီကိုသာ အာရုံ ပြုနိုင်ပါတယ်။ မဟာကုသိုလ်(၈)ခုလုံးဟာ အာရမ္မဏာဓိပတိပစ္စည်းတရားရဲ့ ပစ္စယုပ္ပန် အကျိုးတရားမှာ ပါပေမဲ့ မဟာကြိယာဉာဏသမ္ပယုတ်(၄)ခုနဲ့ မဟာကြိယာ ဉာဏဝိပ္ပယုတ်(၄)ခုမှာ မဟာကြိယာဉာဏသမ္ပယုတ်(၄)ခုကသာ အာရမ္မဏာ ဓိပတိရဲ့ ပစ္စယုပ္ပန်အကျိုးတရားမှာ ပါပါတယ်။ ဉာဏဝိပ္ပယုတ် (၄)ခုကတော့ မပါပါ။ ပဋ္ဌာန်းမှာ နက်နဲတယ်ဆိုတာက ဒီသဘောတရားမျိုး ပါပဲ။ မဟာ ကြိယာဉာဏဝိပ္ပယုတ်စိတ်ဖြစ်တဲ့ ပုဂ္ဂိုလ်များဟာ ရဟန္တာများသာ ဖြစ်ပါတယ်။ စိတ်ရဲ့သဘောအားဖြင့် ကြိယာဉာဏဝိပ္ပယုတ်စိတ်က လောကီကိုသာ အာရုံပြုနိုင်ပါတယ်။ ရဟန္တာတွေမှာက လောကီကို အဓိပတိတပ်ပြီး လေးလေး နက်နက် အာရုံပြုခြင်း မရှိတော့ မဟာကြိယာဉာဏဝိပ္ပယုတ်စိတ်(၄)ခုကို ပစ္စယုပ္ပန်တရားထဲမှာ နုတ်ထားရပါတယ်။

ပုထုဇဉ်နဲ့ သေက္ခလို့ခေါ်တဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ်တို့မှာတော့ မဟာကုသိုလ်ဉာဏသမ္ပယုတ်၊ မဟာကုသိုလ်ဉာဏဝိပ္ပယုတ် စိတ် နှစ်မျိုးလုံး ဖြစ်နိုင်ပါတယ်။ ပုထုဇဉ်တို့ဟာ လောကီကို လေးလေး နက်နက် အဓိပတိတပ်ပြီး အာရုံပြုနိုင်တော့ မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ်ကို အဓိပတိပစ္စည်းရဲ့ ပစ္စယုပ္ပန်မှာ ထဲ့နိုင်ပါတယ်။

လောကုတ္တရာစိတ်ဟာ နိဗ္ဗာန်ကိုသာ အာရုံပြုတဲ့အတွက် အရိယာပုဂ္ဂိုလ် များရဲ့ ကိုယ်ပိုင်စိတ်လဲ ဖြစ်နေတော့ အဓိပတိပစ္စည်းရဲ့ ပစ္စယုပ္ပန် ဖြစ်နိုင်ပါတယ်။

(ခ) စေတသိက်(၄၅)

အာရမ္မဏာဓိပတိရဲ့ ပစ္စယုပ္ပန်တရားဖြစ်တဲ့ စေတသိက်မှာက ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ အပ္ပမညာနှစ်ပါးဆိုတဲ့ စေတသိက်(၇)လုံးကို စေတသိက်(၅၂)ခုထဲက နုတ်တော့ စေတသိက်(၄၅)ပဲ အဓိပတိ ထိုက်ပါတယ်။

အာရမ္မဏနဲ့ အာရမ္မဏာဓိပတိ မတူပုံ

အာရမ္မဏာဓိပတိပစ္စည်းနဲ့ အာရမ္မဏပစ္စည်းတို့ရဲ့ ပစ္စည်းပစ္စယုပ္ပန်ချင်း မတူနိုင်ရခြင်းမှာ အာရမ္မဏာဓိပတိဆိုတာက လေးလေးနက်နက် အာရုံပြုတဲ့ ပစ္စည်း၊ ပစ္စယုပ္ပန်တရားဖြစ်လို့ ပဋ္ဌာဝါရနည်းနဲ့ ယှဉ်ကြည့်တဲ့အခါ အဓိပ္ပာယ် ပေါ်လွင်ပါတယ်။ အာရမ္မဏပစ္စည်းမှာ ပဋ္ဌာဝါရအရ "ကုသလော ကုသလဿ၊ ကုသလော အကုသလဿ၊ ကုသလော အဗျာကတဿ"အစရှိတဲ့ (၉)ချက်မှာ ကုသိုလ်က ကုသိုလ်၊ အကုသိုလ်၊ အဗျာကတကို ကျေးဇူးပြုတယ်။ အကုသိုလ်က အကုသိုလ်၊ ကုသိုလ်၊ အဗျာကတကိုကျေးဇူးပြုတယ်။ အဗျာကတက အဗျာကတ၊ ကုသိုလ်၊ အကုသိုလ်ကို ကျေးဇူးပြုတယ်ဆိုတော့ အာရမ္မဏရိုးရိုးက (၉)ခုလုံးကို အာရုံပြုနိုင်ပေမဲ့ အာရမ္မဏာဓိပတိကျတော့ (၇)ချက်သာ အာရုံပြုနိုင်ပါတယ်။ အဲဒီ(၇)ချက် အာရုံပြုပုံကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

## ကုသိုလ် (၃) ချက်

### ၁။ ကုသိုလ်က ကုသိုလ်ကို လေးလေးနက်နက် ကျေးဇူးပြုခြင်း

အာရမ္မဏာဓိပတိမှာ "ကုသလော ကုသလဿ" ကုသိုလ်က ကုသိုလ်ကို အာရမ္မဏာဓိပတိပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်။ အာရမ္မဏရိုးရိုးတုန်းကလိုပဲ ဥပမာအားဖြင့် ဒါနပြုထားတဲ့ ကုသိုလ်စိတ်မှာ ကိုယ့်ဒါနကို လေးလေးနက်နက် အာရုံပြုဆင်ခြင်ရင် မဟာကုသိုလ်စိတ် ထပ်ဖြစ်ပါတယ်။ ပုထုဇဉ်သေက္ခပုဂ္ဂိုလ်များက ကိုယ်ပြုတဲ့ ဒါနနဲ့ ကိုယ်ဆောက်တည်တဲ့သီလကို အာရုံပြုဆင်ခြင်ရင်

ကိုယ့်ဘာသာ သိပ်ပြီးတော့ လေးလေးနက်နက် အာရုံပြုပြီး ဆင်ခြင်တဲ့အခါမှာ ပြုခဲ့တဲ့ ဒါနကုသိုလ်က အာရုံပြုပြီး ဆင်ခြင်တဲ့ ကုသိုလ်အား ပဋ္ဌာဝါရလာ ကုသလော ကုသလဿအရ ကုသိုလ်က ကုသိုလ်ကို အဓိပတိပစ္စည်းနဲ့ ကျေးဇူး ပြုပါတယ်။

၂။ ကုသိုလ်က အကုသိုလ်ကို လေးလေးနက်နက် ကျေးဇူးပြုခြင်း

ကုသိုလ်က အကုသိုလ်အား လေးလေးနက်နက် ကျေးဇူးပြုတယ်ဆိုတော့ ကိုယ်ပြုခဲ့တဲ့ ကုသိုလ်ကို အာရုံပြုပြီး လောဘဖြစ်တဲ့အခါ ဒိဋ္ဌိဖြစ်တဲ့အခါ ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတာပဲ။ အာရမ္မဏာဓိပတိမှာ ကိုယ်ပြုခဲ့တဲ့ ကြီးကျယ်တဲ့ ကုသိုလ်ကို အာရုံပြုပြီး "ငါလို လှူနိုင်တာ မြန်မာပြည်မှာ ရှိသေးသလား" ဆိုပြီး ဒီလိုမာနစိတ်ဖြစ်တယ်။ ကိုယ်ပြုခဲ့တဲ့ ကုသိုလ်ကို အာရုံပြုပြီး မာနလဲ ဖြစ်နိုင်ဘယ်။ အယူအဆလွဲမှားရင် ဒိဋ္ဌိလဲ ဖြစ်နိုင်ပါတယ်။ ကိုယ်သင်ကြားထားတဲ့ အဘိဓမ္မာတွေကို အာရုံပြုပြီး "ငါလို အဘိဓမ္မာတတ်သူ မရှိပါဘူး" လို့ ဒီလို အကုသိုလ်မာနလဲ ဖြစ်နိုင်တော့ မိမိရဲ့ ဓမ္မဒါနကုသိုလ်ကို အာရုံပြုပြီး အကုသိုလ်မာန ဖြစ်နိုင်တဲ့အတွက် "ကုသလော အကုသလဿ" မှာလဲ အာရမ္မဏာဓိပတိ ရပါတယ်။

၃။ ကုသိုလ်က အဗျာကတကို လေးလေးနက်နက် ကျေးဇူးပြုခြင်း

ကုသိုလ်က အဗျာကတကို လေးလေးနက်နက် ကျေးဇူးပြုရာမှာ အဗျာကတဆိုတာက ဒီနေရာမှာ ရုပ်၊ ဝိပါက်၊ ကြိယာတရားများ ဖြစ်ပါတယ်။ ရဟန္တာပုဂ္ဂိုလ်သန္တာန်မှာ ကြိယာပဲ ဖြစ်နိုင်ပါတယ်။ သူ့သန္တာန်မှာ ရဟန္တာဖြစ်လို့ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ဖြစ်ပါတယ်။ အဲဒီစိတ်က အဗျာကတတရား ဖြစ်တော့ ရဟန္တာရခဲ့တဲ့ အရဟတ္တမဂ်ကုသိုလ်ဟာ သူဆင်ခြင်တဲ့ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်ကို အာရမ္မဏာဓိပတိသတ္တိနဲ့ ကျေးဇူးပြုပါတယ်။ အာရမ္မဏာဓိပတိဟာ ကုသိုလ်သုံးချက်လုံးမှာ ရပါတယ်။

# အကုသိုလ် (၁) ချက်

## ၁။ အကုသိုလ်က အကုသိုလ်ကို လေးလေးနက်နက် ကျေးဇူးပြုခြင်း

အကုသိုလ်ကို အာရုံပြုပြီး အကုသိုလ် အဓိပတိတပ်နိုင်သလားဆိုတော့ ပဋ္ဌာဝါရမှာ ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ်ကို အလေးအနက် အာရုံပြုပြီး အကုသိုလ် ထပ်ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ ဥပမာ-ကိုယ့်မှာ ပစ္စည်းဥစ္စာ ရှာဖွေရင်း လောဘစိတ် ဖြစ်ခဲ့တယ်။ အဲဒီပစ္စည်းကို လိုချင်တဲ့လောဘနဲ့ ရအောင် ရှာဖွေပြီး လုပ်ခဲ့လို့ မိမိလုပ်ခဲ့တဲ့အလုပ်ကို အလွန်သဘောကျ ကျေနပ်ပြီး "ငါ့ဘယ်တုန်းက ဖြစ်ခဲ့တဲ့ လောဘက ကောင်းလေစွ၊ အဲဒီလောဘရှိခဲ့လို့ ငါ့မှာ ပစ္စည်းဥစ္စာ စုဆောင်းနိုင်ခဲ့တယ်။ အဲဒီလိုလောဘနဲ့ ငါထပ်လုပ်ဦးမှာပဲ" လို့ မိမိသန္တာန်မှာ ဖြစ်ခဲ့ဖူးတဲ့လောဘကို အာရုံပြုပြီး နောက်တခါထပ်ပြီး လောဘဖြစ်တယ်။ ဒါမှမဟုတ်ရင်လဲ မာနတို့ ဒိဋ္ဌိတို့ဖြစ်တယ်။ ပဋ္ဌာဝါရမှာ "ရာဂံ ဂရုံ ကတွာ တံ အဿာဒေတိ အဘိနန္ဒတိ" လို့ ဟောထားပါတယ်။ ကိုယ်ဖြစ်ခဲ့တဲ့ ရာဂကို လေးလေးနက်နက် အာရုံပြုပြီး နောက်ထပ် ပြန်ပြီးသာယာတယ်၊ နှစ်သက်တယ် ဆိုရင် ဖြစ်ပြီးတဲ့ ရာဂက လေးလေးနက်နက်သာယာတဲ့ လောဘမူအကုသိုလ် စိတ်ကို ကျေးဇူးပြုတယ်။ အကုသလော အကုသလဿမှာ အာရမ္မဏာဓိပတိ ပစ္စည်း ရပါတယ်။

## အကုသိုလ်က ကုသိုလ်ကို လေးလေးနက်နက် ကျေးဇူးပြုနိုင်သလား

အကုသိုလ်ကို အလေးအနက် အာရုံပြုပြီး ကုသိုလ်ဖြစ်နိုင်သလားဆိုတော့ အာရမ္မဏာဓိပတိမှာ အကုသိုလ်ကို ကုသိုလ်က လေးလေးနက်နက် အာရုံပြု နိုင်တယ်လို့ ဘုရားရှင်က မဟောခဲ့ပါ။ အကုသိုလ်ဆိုတဲ့ သဘောတရားကို ကုသိုလ်က လေးလေးနက်နက် အာရုံမပြုဘူးလို့ အဋ္ဌကထာဆရာ၊ ဋီကာဆရာတို့ အဘိဓမ္မာအဆုံးအဖြတ် ပေးကြတာကလဲ ပဋ္ဌာဝါရမှာ "အကုသလော ကုသလဿ" ကို ထဲ့ပြီး မဟောလို့ ဖြစ်ပါတယ်။ အာရမ္မဏာရိုးရိုးမှာ ကုသိုလ်က

အကုသိုလ်ကို အာရုံပြုနိုင်သော်လဲ အာရမ္မဏာဓိပတိမှာကျတော့ အကုသိုလ်ကို ကုသိုလ်က လေးလေးနက်နက်အာရုံမပြုဘူးလို့သာ အဆုံးအဖြတ် ပေးကြပါတယ်။ ဒါကြောင့် အကုသိုလ်က ကုသိုလ်ကို လေးလေးနက်နက် အာရုံမပြုနိုင်ပါ။

အကုသိုလ်က အဗျာကတကို လေးလေးနက်နက် ကျေးဇူးပြုနိုင်သလား

အာရမ္မဏာဓိပတိမှာ အကုသိုလ်က အဗျာကတကို လေးလေးနက်နက် ကျေးဇူးပြုတယ်လို့ ပဋ္ဌာဝါရမှာ မဟောပါ။ အဗျာကတဆိုတဲ့ ဝိပါက်၊ ကြိယာ၊ ရုပ်တို့က အကုသိုလ်တရားကို လေးလေးနက်နက် အာရုံမပြုနိုင်တဲ့အတွက် အာရမ္မဏာဓိပတိမှာ "အကုသလော အဗျာကတဿ" ကို မဟောပါ။ ဒါကြောင့်လဲ အာရမ္မဏရိုးရိုးမှာ အကုသိုလ်ပိုင်းက သုံးချက်ရပေမဲ့ အာရမ္မဏာဓိပတိမှာတော့ "အကုသလော အကုသလဿ" ဆိုတဲ့ တစ်ချက်ပဲ ရပါတယ်။ ဒါကြောင့် အကုသိုလ်က အဗျာကတကို လေးလေးနက်နက် ကျေးဇူးမပြုနိုင်ပါ။

## အဗျာကတ (၃) ချက်

၁။ အဗျာကတက အဗျာကတကို လေးလေးနက်နက် ကျေးဇူးပြုခြင်း

အဗျာကတတရားက အဗျာကတတရားကို အာရမ္မဏာဓိပတိသတ္တိနဲ့ ကျေးဇူးပြုနိုင်သလားဆိုရင် အဗျာကတတရားတွေထဲမှာ ဝိပါက်စိတ်တွေ ပါပါတယ်။ ဒီတော့ ရဟန္တာပုဂ္ဂိုလ်ဟာ သူရတဲ့ အရဟတ္တဖိုလ်ကို အလေးအနက် အာရုံပြုပြီး ဆင်ခြင်တယ်။ ဆင်ခြင်တဲ့အခါ ရဟန္တာဖြစ်တဲ့အတွက် ကြိယာစိတ်ဖြစ်ပါတယ်။ သူရခဲ့တဲ့ အရဟတ္တဖိုလ်စိတ်က ဝိပါက်စိတ်ဖြစ်တော့ အဗျာကတတရားပါ။ ဆင်ခြင်တဲ့စိတ်ကလဲ ကြိယာဖြစ်တော့ အဗျာကတတရားဖြစ်ပါတယ်။ ဒါကြောင့် အဗျာကတ– က အဗျာကတကို လေးလေးနက်နက် ကျေးဇူးပြုတာပဲ ဖြစ်ပါတယ်။

## ၂။ အဗျာကတက ကုသိုလ်ကို လေးလေးနက်နက် ကျေးဇူးပြုခြင်း

အဗျာကတတရားက ကုသိုလ်ကို အာရမ္မဏာဓိပတိသတ္တိနဲ့ ကျေးဇူးပြု သလားဆိုတော့ ပဉ္စဝါရမှာ ကျေးဇူးပြုနိုင်ပါတယ်လို့ ဟောပါတယ်။ အဗျာကတ တရားကိုအာရုံပြုပြီး ဘယ်လို ကုသိုလ်ဖြစ်သလဲဆိုရင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်လို့ခေါ်တဲ့ သေက္ခပုဂ္ဂိုလ်များက သူတို့ရတဲ့ဖိုလ်ကို လေးလေးနက်နက် ဆင်ခြင်တဲ့အခါ မဟာကုသိုလ်စိတ် ဖြစ်ပါတယ်။ ဖိုလ်က ဝိပါက်ဆိုတော့ ဝိပါက်အဗျာကတတရားက ဆင်ခြင်တဲ့ မဟာကုသိုလ်ကို အာရမ္မဏာဓိပတိ သတ္တိနဲ့ ကျေးဇူးပြုပါတယ်။ သေက္ခပုဂ္ဂိုလ်က နိဗ္ဗာန်ကို လေးလေးနက်နက် ဆင်ခြင်တဲ့အခါမှာလဲ နိဗ္ဗာန် အဗျာကတ–က ဆင်ခြင်တဲ့ကုသိုလ်ကို အာရမ္မဏာ ဓိပတိသတ္တိနဲ့ ကျေးဇူးပြုနိုင်ပါတယ်။

## ၃။ အဗျာကတက အကုသိုလ်ကို လေးလေးနက်နက် ကျေးဇူးပြုခြင်း

အဗျာကတဆိုတာက ရုပ်၊ ဝိပါက်၊ ကြိယာဆိုတော့ အဗျာကတတရားက အကုသိုလ်ကို ဘယ်လို ကျေးဇူးပြုမလဲဆိုရင် ဥပမာ – စက္ခုပသာဒဆိုတဲ့ ကိုယ့်မျက်စိကလေးကို အာရုံပြုပြီး သာယာတဲ့အခါမှာ လောဘစိတ်ဖြစ်ပါတယ်။ စက္ခုပသာဒကရုပ်၊ ရုပ်က အဗျာကတတရားပါ။ သာယာတဲ့ လောဘစိတ်က အကုသိုလ်ဆိုတော့ ရုပ် အဗျာကတက အကုသိုလ်ကို အလေးအနက် ကျေးဇူးပြု တာပါပဲ။ အဗျာကတရုပ်ကြီးကို လေးလေးနက်နက် အာရုံပြုပြီး လောဘ အကုသိုလ်တွေ အများကြီးဖြစ်နိုင်တော့ အဗျာကတက အကုသိုလ်ကို လေးလေး နက်နက် ကျေးဇူးပြုနိုင်တာပါပဲ။

ဒီလို အာရမ္မဏာဓိပတိမှာ (၇)ချက်ပဲ ရပေမဲ့ အာရမ္မဏာရိုးရိုးမှာက (၉)ချက်လုံး ရပါတယ်။ ဒီသဘောသဘာဝတွေကို ပဋ္ဌာန်းကျမ်းကို တစ်ကြိမ် လောက် လေ့လာရုံနဲ့ သဘောမပေါက်နိုင်ပါ။ အထပ်ထပ်သင်ကြား နာယူ လေ့လာပါမှ နားလည်နိုင်ပါတယ်။ နားလည်သဘောပေါက်ဖို့ကတော့ ပညာ

ဝါရမှာ ဟောထားပုံ၊ ပစ္စယနိဒ္ဒေသမှာ ဟောထားပုံ အာရမ္မဏသင်္ဂဟမှာ သင်္ဂြိုဟ်ဆရာ ဆိုထားပုံ ဒီသုံးချက်ကို ညီအောင်ညှိပြီး အာရမ္မဏ ရိုးရိုးနဲ့ အာရမ္မဏာဓိပတိကို သဘောပေါက် နားလည်ထားရပါမယ်။ ဒီလို နားလည် ထားပါမှ ပဋ္ဌာန်းအခြေခံ ရနိုင်ပါတယ်။

သင်္ဂြိုဟ်မှာ အာရုံပြုပုံကို တော်တော်သဘောပေါက်ထားပြီး ပစ္စယ နိဒ္ဒေသ ကို ပဉှာဝါရနဲ့ တွဲလေ့လာရင် အာရမ္မဏပစ္စည်းနဲ့ အာရမ္မဏာဓိပတိပစ္စည်း ကျေးဇူးပြုပုံဟာ ပိုပြီးရှင်းနိုင်ပါတယ်။

အဓိပတိပစ္စည်းမှာ သဟဇာတာဓိပတိနဲ့ အာရမ္မဏာဓိပတိလို့ နှစ်မျိုး ကွဲသွားပါတယ်။ ကွဲသွားပုံက ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ အစပြုတဲ့ ပထမလေးချက်က သဟဇာတာဓိပတိပစ္စည်းကို ပြတာပါ။ "ယံ ယံ ဓမ္မံ ဂရုံ ကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ"ဆိုတာက အာရမ္မဏာဓိပတိပစ္စည်းကို ပြတာပါ။ ဒီလိုခွဲခြားမှတ်သားထားဘို့ပါပဲ။ ဒီလောက်ဆိုရင် အာရမ္မဏာဓိပတိ ပစ္စည်းကတော့ တော်လောက်ပါပြီ။

# ၄။ အနန္တရပစ္စည်း

## အနန္တရပစ္စည်း

အနန္တရပစ္စည်းဆိုတာက ဟေတုပစ္စည်း၊ အာရမ္မဏပစ္စည်း၊ အဓိပတိပစ္စည်းတွေနဲ့ ကျေးဇူးပြုပုံချင်း အလွန် ကွဲပြားပါတယ်။ ဟေတုပစ္စည်းနဲ့ သဟဇာတာဓိပတိပစ္စည်းမှာ သဟဇာတ=အတူတကွဖြစ်တဲ့ တရားကိုသာ ကျေးဇူးပြုပါတယ်။ အတူတကွ မဖြစ်တဲ့ တရားကို ကျေးဇူးမပြုပါ။ အာရမ္မဏမျိုးမှာတော့ အာရုံနဲ့ အာရုံပြုတတ်တဲ့ တရားဖြစ်မှသာ ကျေးဇူးပြုပါတယ်။ သဟဇာတမျိုး ကျေးဇူးပြုပုံနှင့် အာရမ္မဏမျိုး ကျေးဇူးပြုပုံတို့မှာ တစ်ခုနဲ့တစ်ခု မတူကြပါ။

လောကကြီးမှာ အကြောင်းအကျိုးကို လိုက်ရှာနေတဲ့ ပုဂ္ဂိုလ်တွေဟာ ပဋ္ဌာန်းကို ဆင်ခြင်ကြည့်ရင် အင်မတန် ဆန်းကြယ်တယ်ဆိုတာ တွေ့နိုင်ပါတယ်။ အကြောင်းအကျိုးယူဆပုံများကို မြတ်စွာဘုရားက အာရမ္မဏအကြောင်းအကျိုးယူဆပုံတစ်မျိုး, သဟဇာတအကြောင်းအကျိုးယူဆပုံတစ်မျိုး, အနန္တရအကြောင်းအကျိုး ယူဆပုံတစ်မျိုးဆိုပြီး အကြောင်းအကျိုးယူဆပုံ အမျိုးမျိုး ဟောပြတော်မူခဲ့ပါတယ်။

## အနန္တရသဘော

အနန္တရဆိုတာကို ရှေးက 'အခြားမဲ့'လို့ ဘာသာပြန်ခဲ့ကြပါတယ်။ ပါဠိလိုကတော့ န=မရှိ၊ အန္တရ=အကြား၊ အနန္တရ=အကြားမရှိ၊ အကြားမဲ့၊ တဆက်ထဲလို့ အဓိပ္ပါယ်ရပါတယ်။ အနန္တရပစ္စည်းကျေးဇူးပြုပုံက အတူတကွဖြစ်လို့ ကျေးဇူးပြုတာလဲမဟုတ်။ အာရုံ, အာရမ္မဏိကအားဖြင့် ကျေးဇူးပြုတာလဲမဟုတ်။ အကြားမရှိရအောင် ဆက်တိုက်ကျေးဇူးပြုတဲ့ သဘောမျိုးဖြစ်ပါတယ်။

အနန္တရပစ္စည်းရဲ့သဘောကို ဦးစွာမဆွ နည်းပြအနေနဲ့ "စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော"လို့ ဟောထားပါတယ်။ ဒီပါဠိတော်အရ သင်္ဂြိုဟ်မှာ ဝိထိစိတ်ဖြစ်ပုံကို ဝိထိချတဲ့အခါမှာ အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော(၇)ကြိမ် တဒါရုံ(၂)ကြိမ်လို့ ဝိထိချရပါတယ်။

စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ=စက္ခုဝိညာဉ်စိတ်နဲ့အတူ သူနဲ့ယှဉ်တဲ့ စေတသိက်တရားတွေက၊ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ=မနောဓာတ်နဲ့တကွ သူနဲ့ယှဉ်တဲ့ စေတသိက်တွေကို ကျေးဇူးပြုတယ်လို့ ဒီလိုဟောထားချက်မှာ စက္ခုဝိညာဉ်စိတ်ဖြစ်ရင် စေတသိက်က ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရဆိုတဲ့ စေတသိက် (၇)လုံး ယှဉ်ပါတယ်။ ဒီစက္ခုဝိညာဏဓာတ်နဲ့ စေတသိက်(၇)လုံးဟာ ဘယ်သူ့ကို ကျေးဇူးပြုသလဲဆိုတော့ မနောဓာတ်နဲ့တကွ မနောဓာတ်နဲ့ယှဉ်တဲ့ စေတသိက် တွေကို ကျေးဇူးပြုပါတယ်။ ပဋ္ဌာန်းမှာ မနောဓာတ်လို့ခေါ်တာကို နောက် အဋ္ဌကထာဆရာများက ဝိထိချရာမှာ သမ္ပဋိစ္ဆိုင်းလို့ ခေါ်ထားပါတယ်။ စက္ခုဝိညာဉ်စိတ်က မနောဓာတ် (သမ္ပဋိစ္ဆိုင်း)ကို အနန္တရသတ္တိနဲ့ ကျေးဇူးပြု တယ်လို့ ဆိုလိုတာပါ။

စက္ခုဝိညာဉ်စိတ်ဟာ ဥပါဒ်, ဌီ, ဘင်အားဖြင့် ဖြစ်ပြီးပျက်သွားရင် သမ္ပဋိစ္ဆိုင်းဟာ မဖြစ်ဘဲနေလို့မရပါ။ စိတ္တနိယာမအရ မဖြစ်ဘဲနေလို့မရဘူး ဆိုတာက စက္ခုဝိညာဉ်က သူပျက်သွားပေမဲ့ အနန္တရသတ္တိနဲ့ သမ္ပဋိစ္ဆိုင်းဖြစ်ပေါ် လာအောင် ကျေးဇူးပြုခဲ့လို့ ဖြစ်ပါတယ်။ စက္ခုဝိညာဉ်စိတ်ဟာ သူမရှိတဲ့နောက် ပျက်သွားပြီးတဲ့နောက် ကြားထဲမှာ ခြားမနေဘဲ တဆက်ထဲဖြစ်ဖို့ အဆက်မပြတ် ဖြစ်ပေါ်စေဖို့ အနန္တရသတ္တိနဲ့ ကျေးဇူးပြုခဲ့ပါတယ်။ ဘာကြောင့် ဒီလို နာမ်တရားမှာ အစဉ်လိုက် အဆက်မပြတ် ဖြစ်နေရသလဲဆိုရင် အနန္တရပစ္စည်း ရှိနေလို့ပါပဲ။

ရုပ်တရားနဲ့ နာမ်တရား

ရုပ်ဝါဒသမားတွေဟာ ပဋ္ဌာန်းအနန္တရပစ္စည်းကို လေ့လာရင် သဘောကျနိုင်စရာ ရှိပါတယ်။ နာမ်တရားများဟာ ပဋ္ဌာန်းအနန္တရပစ္စည်းနဲ့ ကြည့်ရင် ဘယ်လောက်ဆန်းကြယ်သလဲဆိုတော့ သံသရာအစက စပြီး နိဗ္ဗာန်ရောက်တဲ့အထိ နာမ်တရားတွေဟာ ဆက်ကာဆက်ကာ ဘဝကုဋေကုဋာမက အစဉ်အတိုင်း ဆက်တိုက်ဖြစ်နေကြပါတယ်။ ဒီလို ဖြစ်နေကြတာက ဘယ်အကြောင်းကြောင့်လဲ၊ ဖန်ဆင်းရှင်က ဖန်ဆင်းထားလို့လားဆိုတော့ မဟုတ်ပါဘူး။ အနီးကပ်ဆုံး အကြောင်းကို ရှာရင် သဘာဝအကျဆုံးက အနန္တရပစ္စည်းကြောင့်ပါပဲ။

နာမ်တရားများမှာ အနန္တရပစ္စည်းရှိသလို ရုပ်တရားများမှာ အနန္တရပစ္စည်းမရှိပါ။ ရုပ်တရားများဟာ အနန္တရပစ္စည်းရဲ့ ပစ္စည်းတရားမှာလဲ မပါသလို ပစ္စယုပ္ပန်တရားမှာလဲ မပါပါ။ နာမ်တရားရဲ့ သဘောတရားက ဘဝင်္ဂစလနဟာ အတီတဘဝင်မရှိမှ ဖြစ်ပါတယ်၊ အတီတဘဝင်ရှိရင် မဖြစ်သေးပါ။ အတီတဘဝင် ပျက်ပေးရတာကလဲ ဘဝင်္ဂစလနဖြစ်ရအောင် အနန္တရသတ္တိနဲ့ ကျေးဇူးပြုတာပါ။ ဘဝင်္ဂစလန ပျက်ပေးရတာကလဲ ဘဝင်္ဂုပစ္ဆေဒဖြစ်ရအောင် အနန္တရသတ္တိနဲ့ ကျေးဇူးပြုတာပါ။ ဘဝင်္ဂုပစ္ဆေဒက ဥပါဒ်၊ ဋ္ဌီ၊ ဘင်အားဖြင့် မရှိမှ ပဉ္စဒွါရာဝဇ္ဇန်းက ဖြစ်ရမှာပါ။ ဒီလိုပျက်ပျက် ပေးရတာက နောက်ကဆက်တိုက်စိတ်အစဉ်တွေ ဖြစ်ပေါ်ခွင့်ရအောင် အနန္တရ သတ္တိနဲ့ ကျေးဇူးပြုတာပဲ ဖြစ်ပါတယ်။

ဒါကြောင့် စကြာမင်း နတ်ရွာစံခြင်းဟာ သားကြီးရတနာ စကြာမင်းဖြစ်စေဖို့အတွက် ဖြစ်သလို အနန္တရပစ္စည်းမှာ စက္ခုဝိညာဉ်က ဥပါဒ်၊ ဋ္ဌီ၊ ဘင်အားဖြင့် ပျက်ပေးရခြင်းဟာ သမ္ပဋိစ္ဆိုင်းဖြစ်ပေါ်လာစေဖို့ သမ္ပဋိစ္ဆိုင်း ဥပါဒ်၊ ဋ္ဌီ၊ ဘင်အားဖြင့် ပျက်ပေးရခြင်းဟာ သန္တီရဏဖြစ်ပေါ်လာစေဖို့ ဖြစ်ပါတယ်။

ပါဠိတော်မှာက–

(၁) စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ

(၂) မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ–

လို့ ဒီလို ဟောထားပါတယ်။ ဒီ(၂)ချက်ကို သိသွားတော့ ဝီထိချတဲ့အခါမှာ စက္ခုဒွါရဝီထိ၊ သောတဒွါရဝီထိ၊ ဃာနဒွါရဝီထိ၊ ဇိဝှါဒွါရဝီထိ၊ ကာယဒွါရဝီထိဆိုတဲ့ ပဉ္စဒွါရ ဝီထိငါးခုမှာ–

စက္ခုဝိညာဉ်က သမ္ပဋိစ္ဆိုင်းကို ကျေးဇူးပြုတာတစ်ချက်၊

သမ္ပဋိစ္ဆိုင်းက သန္တီရဏကို ကျေးဇူးပြုတာတစ်ချက်၊

သောတဝိညာဉ်က သမ္ပဋိစ္ဆိုင်းကို ကျေးဇူးပြုတာတစ်ချက်၊

သမ္ပဋိစ္ဆိုင်းက သန္တီရဏကို ကျေးဇူးပြုတာတစ်ချက်၊

ဃာနဝိညာဉ်က သမ္ပဋိစ္ဆိုင်းကို ကျေးဇူးပြုတာတစ်ချက်၊

သမ္ပဋိစ္ဆိုင်းက သန္တီရဏကို ကျေးဇူးပြုတာတစ်ချက်၊

ဇိဝှါဝိညာဉ်က သမ္ပဋိစ္ဆိုင်းကို ကျေးဇူးပြုတာတစ်ချက်၊

သမ္ပဋိစ္ဆိုင်းက သန္တီရဏကို ကျေးဇူးပြုတာတစ်ချက်၊

ကာယဝိညာဉ်က သမ္ပဋိစ္ဆိုင်းကို ကျေးဇူးပြုတာတစ်ချက်၊

သမ္ပဋိစ္ဆိုင်းက သန္တီရဏကို ကျေးဇူးပြုတာတစ်ချက်–

ဒီ(၁၀)ချက်လုံးကို ရှင်းရှင်း သိနိုင်ပါတယ်။ သင်္ဂြိုဟ်မှာ ဝီထိချတဲ့အခါ မနောဓာတ်ကို သမ္ပဋိစ္ဆိုင်း၊ မနောဝိညာဏဓာတ်ကို သန္တီရဏလို့ နာမည်က ကွဲနေပါတယ်။ ပါဠိတော်မှာတော့ စက္ခုဝိညာဉ်က မနောဓာတ်ကို၊ မနောဓာတ်က မနောဝိညာဏဓာတ်ကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတော့ ဆက်ကာဆက်ကာ

နာမ်တရားတွေက ဖြစ်လိုက်ပျက်လိုက် တဆက်ထဲ ဖြစ်နေတယ်လို့ ဆိုထားပါတယ်။

ရုပ်တရားတွေဟာ နာမ်တရားတွေနဲ့ မတူပုံကတော့ ရုပ်တရားက မြင်ရတယ်၊ ကိုင်လို့ တွယ်လို့ ရပါတယ်။ ဘာဖြစ်လို့ မြင်ရ၊ ကိုင်လို့ တွယ်လို့ ရသလဲဆိုတော့ ရုပ်တရားများမှာက အနန္တရပစ္စည်း မရှိလို့ပါပဲ။ ရုပ်တရား များဟာ ပရွက်ဆိတ်များ စီတန်းပြီး သွားကြတဲ့အခါ ပရွက်ဆိတ်တွေ တစ်ကောင်ပြီးတစ်ကောင် စီတန်းပြီး များလာတော့ ပရွက်ဆိတ်တန်းကြီးအဖြစ် မြင်ရသလို ရုပ်တရားများဟာ (၁၇)ချက် အသက်ရှင်တော့ ဖြစ်လာတဲ့ ရုပ်တရားတွေက မချုပ်သေးဘဲ နောက်ထပ်ရုပ်တွေက ရုပ်သက်စိတ္တက္ခဏ (၁၇)ချက်မှာ ခဏတိုင်း ခဏတိုင်း ထပ်ထပ်ဖြစ်တဲ့အတွက် ရုပ်အထပ်ပေါင်း များလာတဲ့အခါမှာ မျက်စိနဲ့မြင်ရတဲ့ တောကြီး တောင်ကြီးတွေ တိုက်တာကြီးတွေ ကြီးကျယ်တဲ့ ရုပ်တရားကြီးတွေ ဖြစ်လာတာပါပဲ။

နာမ်တရားများမှာက အတီတဘဝင် မရှိမှ ဘဝင်စလနက ဖြစ်ပါတယ်။ ဘဝင်စလန မရှိမှ ဘဝင်္ဂုပစ္ဆေဒက ဖြစ်ပါတယ်။ ဘဝင်္ဂုပစ္ဆေဒ မရှိမှ ပဉ္စဒွါရာဝဇ္ဇန်း ဖြစ်ပါတယ်။ ပဉ္စဒွါရာဝဇ္ဇာန်းမရှိမှ စက္ခုဝိညာဉ်က ဖြစ်ပါတယ်။ ဒီလို အနန္တရပစ္စည်းက ကြားမလပ်အောင် တစ်ခုပျက်ပြီးမှ တစ်ခုဖြစ်ရအောင် ကျေးဇူးပြုတော့ နာမ်တရားများဟာ အကောင်အထည် အစိုင်အခဲ အထည်ကိုယ် ဒြပ်အဖြစ် မရှိနိုင်တော့ပါ။ ဒီအနန္တရပစ္စည်း သဘောတရားဟာ နာမ်တရားတွေရဲ့ ဖြစ်ပုံပါပဲ။ သင်္ဂြိုဟ်မှာ ဝီထိစိတ်အစဉ်ဖြစ်ပုံကို စီစဉ်ထားတာဟာ ဒီအနန္တရပစ္စည်းကို ကြည့်ပြီး စီစဉ်ထားတာ ဖြစ်ပါတယ်။

## ဝီထိစိတ်အစဉ်

အဘိဓမ္မာမှာ အခြေခံအကျဆုံးကတော့ ဝီထိပါပဲ။ ဝီထိစိတ်ဖြစ်ပုံကို သဗ္ဗညုတဉာဏ်ရတဲ့ ဘုရားရှင်မှတပါး မည်သူမှ မသိနိုင်ပါ။ ရဟန္တာပုဂ္ဂိုလ်ထဲမှာ

ဆိုရင် အရှင်သာရိပုတ္တရာတစ်ပါးပဲ နဲ့နဲ့ သိပါတယ်။ ဘယ်စိတ်ပြီးတော့ ဘယ်စိတ် ဖြစ်တယ်လို့ နာမ်တရားများရဲ့ဖြစ်စဉ်ကို ဟောနိုင်တာက သဗ္ဗညုတ ဉာဏ်တော်ပဲ ရှိပါတယ်။

## ပဉ္စဒွါရဝီထိ

နာမ်တရားများ ဖြစ်စဉ်ကို ဝီထိချတဲ့အခါမှာ ပဉ္စဒွါရဝီထိဆိုတော့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဆိုတဲ့ ငါးဝီထိရှိပါတယ်။ ဝီထိချပုံက စက္ခုဒွါရ ဝီထိဆိုရင် အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ်၊ ဘဝင်လို့ ဝီထိကျပါတယ်။ စက္ခုဒွါရ စက္ခုဝိညာဏ်ချတဲ့ ဝီထိမှာ-

(၁) စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ

(၂) မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ-

စသဖြင့် ဝီထိတစ်ခုတစ်ခုမှာ နှစ်ချက်စီ ထားပြီး၊ ဒီလို (၁၀)ချက် ဟောပါတယ်။

မနောဒွါရဝီထိမှာက ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော(၇)ကြိမ်၊ တဒါရုံ (၂)ကြိမ်၊ ဘဝင်လို့ ဝီထိချပါတယ်။ ဝီထိတွေကို အစဉ်အတိုင်း မြင်နေရင် အနန္တရပစ္စည်းဟောပုံကို ကွက်ကွက်ကွင်းကွင်း သဘော ပေါက်နိုင်ပါတယ်။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော = ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ၊ ရှေးရှေးကုသိုလ် တရားတို့က။ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ၊ နောက်နောက် ကုသိုလ် တရားတို့ကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတယ်ဆိုရာမှာ ဝီထိကို မသိရင် ဘယ်ကုသိုလ်က ဘယ်ကုသိုလ်ကို ကျေးဇူးပြုတယ်လို့ သိနိုင်မယ်မဟုတ်ပါ။ သဉ်ြပ်ဳ ဝီထိပိုင်းကို ကျေခဲ့ရင်တော့ သဘောပေါက်နိုင်ပါတယ်။

မြတ်စွာဘုရားရှင်က ပဋ္ဌာန်း အနန္တနယပစ္စည်းမှာ ပဋ္ဌာန်းနည်းအားဖြင့် စက္ခုဝိညာဏဓာတု၊ မနောဓာတု၊ မနောဝိညာဏဓာတု (သင်္ဂြိုဟ်နည်းအားဖြင့် စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏဆိုတဲ့) ဒီအချက်သုံးချက်ကို ကျေးဇူးပြုပုံ (၂)မျိုးစီတွဲပြီး ပဋ္ဌဒွါရအတွက် (၁၀)ချက် ဟောသွားပါတယ်။ သို့သော်လဲ ဝီထိအစဉ်မှာ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်းတို့က ဘယ်လိုဖြစ်လာသလဲ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံတို့က ဘယ်လိုဖြစ်လာသလဲဆိုပြီး ဒီဟောချက် (၁၀)ချက်မှာ မပါသေးလို့ ပြဿနာတက်လာနိုင်တဲ့အတွက် ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ အစရှိတဲ့ ပါဠိတော်(၇)ချက်နဲ့ ထပ်ပြီး ရှင်းထားပါတယ်။

ဘဝင်စိတ်

ဘဝင်ဆိုတာက သင်္ဂြိုဟ်မှာ ဝိပါက်စိတ်ပါပဲ။ ဝီထိစိတ်များ မဖြစ်ခင် အိမ်ရှင်စိတ်လို့ ရှေးဆရာများက အမည်ပေးထားတဲ့ ပဋမဆုံးဖြစ်တဲ့ ပဋိသန္ဓေ စိတ်ပါ။ နောင် မသေမချင်း ဝီထိစိတ်တွေ မဖြစ်ခင် ဖြစ်နေတဲ့ စိတ်ဟာ ဘဝင်စိတ် ဖြစ်ပါတယ်။ အဲဒီ ဘဝင်မှာ ဝီထိစိတ်ဖြစ်ခါနီး ဘဝင်လှုပ်သွားတာက ဘဝင်္ဂစလန။ ဝီထိစိတ်ဖြစ်ခါနီး ဘဝင်ပြတ်ပေးရတာက ဘဝင်္ဂုပစ္ဆေဒ ခေါ်ပါ တယ်။ ဒီ အတီတဘဝင်၊ ဘဝင်္ဂစလနနဲ့ ဘဝင်္ဂုပစ္ဆေဒတို့ဟာ အားလုံး ဝိပါက် အဗျာကတစိတ်တွေပါပဲ။ ပဉ္စဒွါရာဝဇ္ဇန်းက အဗျာကတကြိယာစိတ်။ သမ္ပဋိစ္ဆိုင်း ကလဲ ကုသလဝိပါက်သမ္ပဋိစ္ဆိုင်းနဲ့ အကုသလဝိပါက်သမ္ပဋိစ္ဆိုင်းဆိုတဲ့ အဗျာ ကတစိတ်။ သန္တီရဏကလဲ ကုသလဝိပါက် သန္တီရဏနဲ့ အကုသလဝိပါက် သန္တီရဏဆိုတဲ့ ဝိပါက်အဗျာကတစိတ်။ ဝုဋ္ဌောက အဟိတ်ကြိယာ အဗျာကတ စိတ်။ ဝုဋ္ဌောနောင် ဇော(၇)ကြိမ်မှာမှ ကုသိုလ်ဇော၊ အကုသိုလ်ဇော၊ ကြိယာ ဇော ကျနိုင်ပါတယ်။

ရိုးရိုးပုထုဇဉ်ပုဂ္ဂိုလ်တွေမှာ ကုသိုလ်လုပ်ရင် ဝုဋ္ဌောနောင် ကုသိုလ်ဇော၊ အကုသိုလ်လုပ်ရင် ဝုဋ္ဌောနောင် အကုသိုလ်ဇော ကျပြီး၊ ဘုရားရဟန္တာများမှာတော့

ဝဋ္ဋောနောင် ကြိယာဓောပဲ ကျပါတယ်။ ဓောမှာ ကုသိုလ် အကုသိုလ် ကြိယာ သုံးမျိုးဖြစ်ပါတယ်။

တဒါရုံနဲ့ ဘဝင်မှာ ကိစ္စအနေနဲ့ နဲနဲ ကွဲပါတယ်။ တဒါရုံဆိုတာ မဟာဝိပါက်(၈)ခုနဲ့ သန္တီရဏ(၃)ခု၊ ပေါင်း တဒါရုံ(၁၁)ခုလို့ ခေါ်တဲ့ ဝိပါက်စိတ်တွေ ဖြစ်ပါတယ်။ တဒါရုံက ဝိပါက်စိတ်ဖြစ်တော့ အဗျာကတ၊ တဒါရုံ နောင်ကျတဲ့ ဘဝင်ကလဲ အဗျာကတတရားပါပဲ။

ပစ္စယနိဒ္ဒေသ အနန္တရပစ္စည်းမှာ ပထမ (၁၀)ချက် ဟောတာက ပဉ္စဒွါရ ဝီထိမှာ စက္ခုဝိညာဉ်က သမ္ပဋိစ္ဆိုင်းကို အနန္တရသတ္တိနဲ့ ကျေးဇူးပြုပုံ၊ သမ္ပဋိစ္ဆိုင်းက သန္တီရဏကို အနန္တရသတ္တိနဲ့ ကျေးဇူးပြုပုံများကို နမူနာအဖြစ် အကျယ်ဟောပြ ထားပါတယ်။

ကျန်တဲ့စိတ်တွေ အနန္တရသတ္တိနဲ့ ကျေးဇူးပြုပုံကိုတော့ မြတ်စွာဘုရားက အကျဉ်းချုပ်ပြီး ဟောပြခဲ့ပါတယ်။ ပစ္စယနိဒ္ဒေသက ကျဉ်းလို့ မသိသေးရင် ပဉှာဝါရမှာ ချဲ့ပြီးဟောတော့ ပဉှာဝါရကိုလဲ ကြည့်ရပါတယ်။ ပဋ္ဌာန်းကို၊ အာဂုံဆောင်ထားနိုင်တဲ့ ရှေးခေတ်ပညာရှိကြီးတွေ ရေးခဲ့တဲ့ အဋ္ဌကထာကိုလဲ ကြည့်ရပါတယ်။

### ၁။ ရှေးရှေးဖြစ်တဲ့ကုသိုလ်နဲ့ နောက်နောက်ဖြစ်တဲ့ကုသိုလ်

မြတ်စွာဘုရားက နာမ်တရားတွေ ဖြစ်ပျက်ပုံ အကုန်လုံးလဲ ပါအောင် နဲလဲနဲ ကျဉ်းလဲကျဉ်းအောင် 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော'ဆိုပြီး ရှေးရှေးဖြစ်တဲ့ ကုသိုလ်က နောက်နောက်ဖြစ်တဲ့ ကုသိုလ်ကို အနန္တရသတ္တိနဲ့ ကျေးဇူးပြုတယ်လို့ အကျဉ်းချုံးပြီး ဟောထားပါတယ်။

ရှေးရှေးကုသိုလ်ဆိုတာက ဝီထိမှာ ဝုဋ္ဌောနောင် ဓော(၇)ကြိမ်ကျတဲ့အခါ ပဌမဓောကုသိုလ်, ဒုတိယဓောကုသိုလ်, တတိယဓောကုသိုလ်, စတုတ္ထ, ပဉ္စမ,

ဆဋ္ဌ, သတ္တမဇောကုသိုလ်ဆိုပြီး သတ္တမဇောအထိ ကုသိုလ်ဇောတွေချည်း ဖြစ်ပါတယ်။ ဒီဇော(၇)ကြိမ်မှာ ရှေးရှေးသော ကုသိုလ်ဇောဆိုတာက ပဌမကုသိုလ်ဇောက အနန္တရပစ္စည်းဖြစ်ရင် ဒုတိယကုသိုလ်ဇောက ပစ္စယုပ္ပန်။ ဒုတိယဇောက ပစ္စည်းဖြစ်ရင် တတိယဇောက ပစ္စယုပ္ပန်။ တတိယဇောက ပစ္စည်းဖြစ်ရင် စတုတ္ထဇောက ပစ္စယုပ္ပန်။ စတုတ္ထဇောက ပစ္စည်းဖြစ်ရင် ပဉ္စမဇောက ပစ္စယုပ္ပန်။ ပဉ္စမဇောက ပစ္စည်းဖြစ်ရင် ဆဋ္ဌဇောက ပစ္စယုပ္ပန်။ ဆဋ္ဌဇောက ပစ္စည်းဖြစ်ရင် သတ္တမဇောက ပစ္စယုပ္ပန် ဆိုတော့ သတ္တမဇောကုသိုလ်မှာ ပြဿနာ လာဖြစ်ပါတယ်။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ= ရှေးရှေးကုသိုလ်က နောက်နောက်ကုသိုလ်ကို ကျေးဇူးပြုတယ်လို့ ဆိုရာမှာ သတ္တမဇောမှတပါး ရှေးရှေးဇောများမှာ ကုသိုလ်က ကုသိုလ်ကိုပဲ ကျေးဇူးပြုနိုင်ပါတယ်။ သတ္တမဇောရဲ့ နောက်မှာ တဒါရုံဖြစ်တော့ ပဌမတဒါရုံက အဗျာကတဖြစ်တဲ့အတွက် ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတဲ့အခါမှာ သတ္တမဇောက ပစ္စည်းမဖြစ်နိုင်ပါ။ ဒါကြောင့် ရှေးဆရာများက ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတဲ့အခါမှာ "အဆုံးဇောကြဉ်သော"လို့ ဒီလိုဝိသေသန ပြုကြပါတယ်။ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုရာမှာ အဆုံးဇော မပါတော့ပါ။ အဆုံးဇောက တဒါရုံကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုရင် ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။

ရိုးရိုးဝီထိတွေမှာ အဗျာကတစိတ်တွေဟာ နှစ်ကြိမ်သုံးကြိမ်သာ အများဆုံးဖြစ်ပါတယ်။ ကုသိုလ်နဲ့ အကုသိုလ်ဇောတွေက (၇)ကြိမ်ထိ ဖြစ်ပါတယ်။ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတဲ့အခါ အာသေဝနပစ္စည်းလဲ ပါပါတယ်။ အာသေဝနမှာ ဇောက (၇)ကြိမ် ဇောတော့ ထပ်ကာ ထပ်ကာ ဖြစ်ပါတယ်။ ဇဝနရဲ့ အနက်က 'အရှိန်အဟုန်များတယ်၊ ပွားများတယ်'ဆိုတဲ့ အနက်ဖြစ်ပါတယ်။ ဒီတော့ 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော'လို့ ကုသိုလ်က ကုသိုလ်ကို

အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုသလို အာသေဝနပစ္စည်းနဲ့လဲ ကျေးဇူးပြုတယ်လို့ ဒီလိုဟောထားပါတယ်။

၂။ ရှေးရှေးဖြစ်တဲ့ ကုသိုလ်နဲ့ နောက်နောက်ဖြစ်တဲ့ အဗျာကတ

"ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ" ဆိုတာက ရှေးရှေးဖြစ်တဲ့ကုသိုလ်က နောက်နောက်ဖြစ်တဲ့ အဗျာကတကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတယ်လို့ ဆိုတာပါပဲ။ ပဌမဇောက သတ္တမဇော တိုင်အောင် ကုသိုလ်ဇောတွေ ဟောပြီးတဲ့အခါမှာ သတ္တမဇောနောက်က ပဌမ တဒါရုံပဲ ရှိပါတယ်။ ပဌမ တဒါရုံဟာ အဗျာကတဖြစ်တဲ့အတွက် သတ္တမ ဇောကုသိုလ်က ပဌမ တဒါရုံကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတာဖြစ်လို့ ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတယ်လို့ ဆိုပါတယ်။

၃။ ရှေးရှေးဖြစ်တဲ့ အကုသိုလ်နဲ့ နောက်နောက်ဖြစ်တဲ့ အကုသိုလ်

'ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ' ဆိုတာက ရှေးရှေးအကုသိုလ်ဇောက နောက်နောက်အကုသိုလ်ဇောကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတယ်လို့ ဆိုတာပါပဲ။ ဝုဋ္ဌောနောင်မှာ အကုသိုလ်ဇော ကျတဲ့အခါ ဇော(၇)ကြိမ်ပဲ ဖြစ်ပါတယ်။ ဒီဇောတွေမှာ အဆုံးဇောကြဉ်တဲ့ ရှေးရှေးအကုသိုလ်ဇောက နောက်နောက်အကုသိုလ်ဇောကို အနန္တရသတ္တိနဲ့ ကျေးဇူးပြုပါတယ်။

၄။ ရှေးရှေးဖြစ်တဲ့အကုသိုလ်နဲ့ နောက်နောက်ဖြစ်တဲ့အဗျာကတ

'ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ' ဆိုတာက ရှေးရှေးဖြစ်တဲ့ အကုသိုလ်က နောက်နောက်ဖြစ်တဲ့ အဗျာကတကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတယ်လို့ ဆိုတာပါပဲ။ အကုသိုလ်အဆုံးဇောက

ပဌမတဒါရုံကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတဲ့အခါ တဒါရုံက အဗျာကတတရား ဖြစ်လို့ အကုသိုလ်က အဗျာကတကို ကျေးဇူးပြုတယ်လို့ ဆိုပါတယ်။

ပဋ္ဌာန်းကျမ်းမှာ အနန္တရပစ္စည်းကို သိပ်အသေးစိတ်ဟောထားပါတယ်။ အနန္တရပစ္စည်းက အကြားမလပ် သံသရာတလျှောက်လုံး ဥပါဒ်, ဌီ, ဘင်အနေနဲ့ ဆက်တိုက်သွားနေတာပါ။ နာမ်တရားများဟာ စုတိနောင် ပဋိသန္ဓေဆိုပြီး ဆက်တိုက် ပဋိသန္ဓေ ရှိနေပါတယ်။ စုတိနောင် ပဋိသန္ဓေလို့ ပဋိသန္ဓေ အထပ်ထပ်ဖြစ်ရအောင် စုတိမှာ အနန္တရသတ္တိ ရှိနေပါတယ်။ ဘုရား ရဟန္တာ များမှာတော့ စုတိနောင် ပဋိသန္ဓေ မနေတော့တဲ့အတွက် ရဟန္တာရဲ့ စုတိစိတ်မှာ အနန္တရပစ္စည်း မရှိတော့ပါ။

အကြောင်းအကျိုး ယှဉ်ဆတဲ့အခါမှာ ပဋ္ဌာန်းမှာ သူ့မျိုးနဲ့သူ ခွဲထားပါတယ်။ အကြောင်းအကျိုး အတူတကွ ဖြစ်ပြီး အပြန်အလှန်ကျေးဇူးပြုတဲ့ သဟဇာတမျိုး, အာရုံအာရမ္မဏိကအနေနဲ့ ကျေးဇူးပြုတဲ့ အာရမ္မဏမျိုး, အကြားမလပ် တဆက်ထဲ ကျေးဇူးပြုတဲ့ အနန္တရမျိုး စသဖြင့် ဒီလိုပစ္စည်းတွေ အမျိုးမျိုး ရှိတဲ့အထဲက အနန္တရမျိုးမှာ ကုသိုလ်က ကုသိုလ်, ကုသိုလ်က အဗျာကတ, အကုသိုလ်က အကုသိုလ်, အကုသိုလ်က အဗျာကတလို့ ဒီလို (၂)ချက်စီပဲ ပစ္စယနိဒ္ဒေသမှာ ဟောထားပါတယ်။ ဝီထိစိတ်အစဉ်မှာ အဘိဓမ္မာ သဘောအရ ကုသိုလ်ဇော (၇)ကြိမ် နောက်မှာ အကုသိုလ်ဇော ဆက်တိုက်ဖြစ်လို့ မရပါ။ အကုသိုလ်ဇော (၇)ကြိမ် နောက်မှာလဲ ကုသိုလ်ဇော ဆက်တိုက် ဖြစ်လို့ မရပါ။

## ၅။ ရှေးရှေးဖြစ်တဲ့အဗျာကတနဲ့ နောက်နောက်ဖြစ်တဲ့အဗျာကတ

အဗျာကတက အဗျာကတကို ကျေးဇူးပြုပုံ ဟောတဲ့နေရာမှာ ကျယ်ဝန်း လှပါတယ်။ 'ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ'ဆိုတာက ဝီထိချစဉ် အတိတဘဝင်အဗျာကတက ဘဝင်စလန ဖြစ်ပေါ်

တခါ ဒုတိယတဒါရုံက ဘဝင်ကို ကျေးဇူးပြုရင်လဲ ဘဝင်က အဗျာကတဖြစ်လို့ အဗျာကတက အဗျာကတတရားကို ကျေးဇူးပြုတာပဲဖြစ်ပါတယ်။ ဒါကြောင့်–

(က) ကုသိုလ်က ကုသိုလ်၊ ကုသိုလ်က အဗျာကတ၊

(ခ) အကုသိုလ်က အကုသိုလ်၊ အကုသိုလ်က အဗျာကတ၊

(ဂ) အဗျာကတက အဗျာကတ၊ အဗျာကတက ကုသိုလ်၊
အဗျာကတက အကုသိုလ်–

လို့ ဒီ (၇)ချက်ကိုသာ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ အစချီတဲ့ အနန္တရပစ္စည်း ပါဠိတော်အနေနဲ့ ဟောထားပါတယ်။ ဒီ (၇)ချက်ကို ဟောလိုက်တော့ ပဉ္စဒွါရ ဝီထိနဲ့ မနောဒွါရဝီထိတွေမှာ ဘယ်စိတ်က အနန္တရပစ္စည်းမှာ ကျန်နေသေးသလဲ။ ကျန်ရစ်တဲ့စိတ်တွေများ ရှိသေးသလားဆိုရင် ဝီထိစိတ်အစဉ်မှာ ကျန်နေတဲ့ စိတ်မရှိနိုင်တော့ပါ။ ဒီ (၇)ချက်ထဲမှာပဲ အကုန်လုံး ဝင်သွားပါတယ်။

## ဈာနဝီထိ

ဈာနဝီထိကို ချကြည့်ပါ။ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, ဈာန်, ဘွင်လို့ ဝီထိချတော့ အာဒိကမ္မိက ပထမဆုံး ဈာန်စိတ်မှာ ဈာန်ဇောက တစ်ကြိမ်ပဲ ဖြစ်ပါတယ်။ ဒီအာဒိကမ္မိက ဈာနဝီထိမှာ မနောဒွါရာဝဇ္ဇန်းက အဗျာကတ၊ ဈာန်ဇောက မဟဂ္ဂုတ်ကုသိုလ်ဇော ဆိုတော့ မနောဒွါရာဝဇ္ဇန်းအဗျာကတက မဟဂ္ဂုတ်ဈာန်ဇောကုသိုလ်ကို အနန္တရ ပစ္စည်းနဲ့ ကျေးဇူးပြုတာ ဖြစ်တဲ့အတွက် အဗျာကတက ကုသိုလ်ကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။

ဈာန်ဝင်စားနေတဲ့အခါမှာ ဈာန်ဇောချည်းပဲ အကြိမ်များစွာ ကျနေတော့ ကုသိုလ်ဈာန်ဇောက ကုသိုလ်ဈာန်ဇောကို ကျေးဇူးပြုတဲ့အခါမှာ ပဌမဈာန်ဇော ကုသိုလ်က ဒုတိယဈာန်ဇောကုသိုလ်, ဒုတိယဈာန်ဇောကုသိုလ်က တတိယဈာန် ဇောကုသိုလ်, တတိယဈာန်ဇောကုသိုလ်က စတုတ္ထဈာန်ဇောကုသိုလ် စသဖြင့်

ဒီလိုပဲ အဆက်ဆက် စောသွားတဲ့အတွက် ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။ ရဟန္တာများကျတော့ ကြိယာဈာန်ဇောသာ စောတဲ့အတွက် ရှေးရှေး ကြိယာဈာန်ဇောတို့က နောက်နောက်ကြိယာဈာန်ဇောတို့ကို ကျေးဇူးပြုတဲ့အခါ အဗျာကတက အဗျာကတကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။ ကုသိုလ်ဈာန်ဇောတွေ စောပြီးတဲ့နောက် ဘဝင်ဆိုတော့ ဘဝင်က အဗျာကတဖြစ်တဲ့အတွက် အဆုံးဇော ကုသိုလ်က ပဌမဘဝင် အဗျာကတကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။

စိတ်တွေရဲ့ဖြစ်စဉ် အားလုံးစုံအောင် အမည်ဖော်ပြီး အနန္တရပစ္စည်းကို 'စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ'ဆိုတဲ့ ဒီသဘောမျိုးနဲ့သာ ဟော သွားရရင် အနန္တရပစ္စည်းဟာ ပစ္စယနိဒ္ဒေသမှာပဲ မကုန်နိုင်အောင် ကျယ်ဝန်း သွားမှာမို့ မြတ်စွာဘုရားက ပထမ နည်းပြအနေနဲ့ ဟောပြပြီး နောက်ထပ် အကျဉ်းချုပ်ပြီးတော့ ဒီ(၇)ချက်နဲ့ပဲ ဝီထိစိတ်တွေ ဖြစ်တဲ့အစဉ်ကို အကုန်လုံး ပါဝင်သွားအောင် ဟောထားတာပါပဲ။

## မဂ္ဂဝီထိ

မဂ္ဂဝီထိမှာ ကြည့်ပြန်ရင်လဲ မဂ္ဂဝီထိရဲ့အစဉ်မှာ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ သို့မဟုတ် ဝေါဒါန်, မဂ်(၁)ကြိမ်, ဖိုလ်(၂)ကြိမ် သို့မဟုတ် (၃)ကြိမ်, ဘဝင်လို့ ချရပါတယ်။ ဘဝင်္ဂစလနက ဘဝင်္ဂုပစ္ဆေဒကို ဘဝင်္ဂုပစ္ဆေဒက မနောဒွါရာဝဇ္ဇန်းကို ဒီလို ကျေးဇူးပြုတော့ ဒီစိတ်တွေမှာ အဗျာကတက အဗျာကတကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။ တစ်ခါ မနောဒွါရာဝဇ္ဇန်းက သောတာပတ္တိမဂ်ရဲ့ ရှေ့မှာကျတဲ့ ပရိကံကို ကျေးဇူးပြုရင် အဗျာကတက ကုသိုလ်ကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။ တစ်ခါ ပရိကံက ဥပစာကို၊ ဥပစာက အနုလုံကို၊ အနုလုံက ဂေါတြဘူကို၊ ဂေါတြဘူက မဂ်ကို ကျေးဇူးပြုတဲ့အခါမှာတော့ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြု ပါတယ်။ မဂ်က ဖိုလ်ကို ကျေးဇူးပြုတဲ့အခါမှာတော့ ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။ ပရိကံဆိုတာက ဝိပဿနာပွားတာကို ဆိုလိုပါတယ်။

ဥပစာက မဂ်ရဖို့ နီးလာတဲ့ ဇောဖြစ်ပါတယ်။ အနုလုံက အရိယာဖြစ်ဖို့ သင့်လျော်တဲ့ဇောပါ။ ဂေါတြဘူက ပုထုဇဉ်အနွယ်ကို ဖြတ်ပြီး ပုထုဇဉ်ဘဝ ကုန်ဆုံးစေတဲ့ဇောပါ။ ပုထုဇဉ်ဘဝက အရိယာဘဝကိုပြောင်းတဲ့ ဘဝပြောင်းနည်း မျိုးဟာ အလွန်ထူးဆန်းတဲ့ ဘဝပြောင်းနည်း ဖြစ်ပါတယ်။

## ပုထုဇဉ်နဲ့ အရိယာ

လူအများစုဟာ လူသေပြီး ဘဝကူးတာမျိုးကျတော့ လူ့ဘဝက နတ်ဖြစ်တာလဲ မသိ၊ ဘယ်ဘဝပြောင်းပြောင်း မသိကြပါဘူး။ ဒီခန္ဓာကိုယ်နဲ့ပဲ ပုထုဇဉ်ဘဝက အရိယာဘဝပြောင်းတာမျိုးကျတော့ သေသေချာချာ သိနိုင်ပါတယ်။ အရိယာမဟုတ်သူတို့က ဘာမှ မသိသာဘူးလို့ ထင်ကြပေမဲ့ ဘယ်မှာ မသိသာဘဲ ရှိပါ့မလဲ။ ပုထုဇဉ်က အရိယာဖြစ်သွားတာဟာ ဘဝတစ်ခုက ဘဝတစ်ခုကို ထူးထူးဆန်းဆန်း ပြောင်းသွားတာပါ။ ဥပမာအားဖြင့် ရူးနေတဲ့ လူတစ်ယောက်ဟာ ဆေးကုလို့ ရောဂါပျောက်သွားပြီး အရူးဘဝက အကောင်းဘဝ ရောက်သွားတော့ ဘေးကကြည့်တဲ့ လူတွေကလဲ ဒီလူ မရူးတော့ဘူး၊ ကောင်းသွားပြီလို့ သေသေချာချာ သိပါတယ်။

သူ့ကိုယ်သူ ပြန်စဉ်းစားပြန်ရင်လဲ ‘ငါ ရူးတဲ့ဘဝတုန်းက တော်တော်ဘရုတ်သုက္ခ ဖြစ်ခဲ့တာပဲ။ ခု ငါကောင်းသွားပြီဆိုတာ’ သိပါတယ်။ အရူးဘဝက အကောင်းဘဝဖြစ်တာ သိသာထင်ရှားလို့ရှိရင် ပုထုဇဉ်ဘဝက အရိယာဘဝ ပြောင်းတာလဲ ကိုယ့်ကိုယ်ကို သိပါတယ်။ ‘ငါရှေးတုန်းက တွေ့ကရာတွေ လုပ်ခဲ့ပေမဲ့ ခုတော့ တကယ့်အမှန်တရားတွေကိုရလို့ အရိယာဖြစ်တဲ့နေ့က စပြီး နေတာ ထိုင်တာက အစ အားလုံး ငါပြောင်းလဲသွားတာပါလား’လို့ သိပါတယ်။ ပုထုဇဉ်က သောတာပတ္တိမဂ်ဆိုက်တယ်ဆိုတာ အရိယာဖြစ်သွားတာကို ပြောတာပါ။ ပုထုဇဉ်ဘဝက အရိယာဘဝ ပြောင်းသွားတာကို ပြောတာပါ။

## လောကီကုသိုလ်နဲ့ လောကုတ္တရာကုသိုလ်

မနောဒွါရာဝဇ္ဇန်းက ပရိကံကို ကျေးဇူးပြုတာဟာ အဗျာကတက ကုသိုလ်ကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။ ပရိကံက ဥပစာကို ကျေးဇူးပြုတာဟာ ကုသိုလ်က ကုသိုလ်ကို၊ ဥပစာက အနုလုံကို ကျေးဇူးပြုတာဟာ ကုသိုလ်က ကုသိုလ်ကို၊ အနုလုံက ဂေါတြဘူကို ကျေးဇူးပြုခြင်းဟာလဲ ကုသိုလ်က ကုသိုလ်ကိုပဲ ကျေးဇူးပြုတာ ဖြစ်ပါတယ်။ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူတို့ဟာ အားလုံး ဝိပဿနာကုသိုလ်ဇောများပဲ ဖြစ်ကြပါတယ်။

ဂေါတြဘူက လောကီကုသိုလ်၊ သူကျေးဇူးပြုလိုက်တဲ့မဂ်ဟာ လောကုတ္တရာကုသိုလ်ဖြစ်သွားတော့ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတယ်လို့ ဆိုပေမဲ့ လောကီကုသိုလ်နှင့် လောကုတ္တရာကုသိုလ်ကို ကျေးဇူးပြုနိုင်သလားဆိုတဲ့ ပြဿနာ ဒီမှာ ဝင်လာပြန်ပါတယ်။ ကုသိုလ်က ကုသိုလ်ဆိုပေမဲ့ ဘဝချင်းက ခြားနား, ကုသိုလ်ချင်းကလဲ ခြားနားနေတော့ 'ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ'မှာ လောကီကုသိုလ်ဂေါတြဘူက လောကုတ္တရာကုသိုလ်မဂ်ကို ကျေးဇူးပြုနိုင်သလားဆိုတဲ့ ပြဿနာဝင်လာတယ်။ ဒီသံသယကို ပျောက်အောင် ပဌာဝါရမှာ အမည်နှင့်တကွ အတိအလင်း ဖော်ပြထားပါတယ်။ ဂေါတြဘု မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော၊ ဂေါတြဘု=လောကီဝိပဿနာကုသိုလ်သည်။ မဂ္ဂဿ=ဂေါတြဘူနောင် လောကုတ္တရာမဂ်ကုသိုလ် သောတာပတ္တိမဂ်အား။ အနန္တရပစ္စယေန ပစ္စယော=အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်။ လောကီကုသိုလ်က လောကုတ္တရာမဂ်ကုသိုလ်ကို အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုနိုင်တယ်လို့ တိုက်ရိုက်ဆိုထားပါတယ်။

## လောကီအာရုံနဲ့ လောကုတ္တရာအာရုံ

ပရိကံ, ဥပစာ၊ အနုလုံ ဆိုတဲ့ ဝိပဿနာဇောသုံးခုက တေဘူမကသင်္ခါရကို အာရုံပြုပါတယ်။ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်များမှာ သင်္ခါရလောက ရုပ်နဲ့ နာမ်

ဖြစ်ပျက်ကိုသာ အာရုံပြုတော့ လောကီကိုသာ အာရုံပြုတာ ဖြစ်ပါတယ်။ အနုလုံနောင် ဂေါတြဘူက လောကီကုသိုလ်ဖြစ်ပေမဲ့ လောကုတ္တရာ နိဗ္ဗာန်ကိုသာ အာရုံပြုပါတယ်။ သင်္ဂြိုဟ် အာရမ္မဏသင်္ဂဟမှာ "မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ်ဟာ အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်တဲ့ အလုံးစုံကို အာရုံပြုတယ်"လို့ ဆိုတာဟာ ဒီ ဂေါတြဘူစိတ်ရှိနေလို့သာ ဆိုတာပါ။ ဒီနေရာမှာ ပြဿနာတစ်ခု ဝင်လာပြန်တယ်။ အနုလုံနဲ့ ဂေါတြဘူဟာ ဝိပဿနာဇောချင်း တူပေမဲ့ အာရုံက ကွဲနေတဲ့အတွက် အနန္တရပစ္စည်းဖြစ်ပါ့မလား၊ ဒီပြဿနာကို ပဋ္ဌာဝါရမှာ "အနုလောမံ ဂေါတြဘုဿ အနန္တရပစ္စယေန ပစ္စယော"လို့ အာရုံကွဲပေမဲ့ အနုလုံက ဂေါတြဘူကို ကျေးဇူးပြုနိုင်တယ်လို့ အတိအလင်း ဟောထားပါတယ်။ ဒါကြောင့်မို့ လောကီအာရုံပြုတဲ့ အနုလုံစိတ်ရှိလို့သာ လောကုတ္တရာအာရုံပြုတဲ့ ဂေါတြဘူစိတ်ဟာ ဖြစ်ပေါ်လာတယ်ဆိုတော့ လောကီကုသိုလ်ကျေးဇူး ဘယ်လောက် ကြီးကျယ်တယ်ဆိုတာ မှတ်သားစရာပါပဲ။

## မဂ်စိတ်နဲ့ ဖိုလ်စိတ်

ဂေါတြဘူက မဂ်ကို ကျေးဇူးပြုတဲ့အခါ မဂ်စိတ်က တစ်ကြိမ်ပဲ ဖြစ်ပါတယ်။ မဂ္ဂဝီထိမှာ ဖိုလ်စိတ်(၂)ကြိမ်၊ (၃)ကြိမ် ဖြစ်ပါတယ်။ ဖိုလ်ဝင်စားတဲ့အခါကျတော့ ဖိုလ်စိတ်တွေဟာ အကြိမ်ကြိမ် ဇောကြပါတယ်။ မဂ်က ဖိုလ်ကို ကျေးဇူးပြုတော့ ဖိုလ်စိတ်က အဗျာကတဖြစ်တဲ့အတွက် "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ"ဆိုတဲ့ ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတဲ့နေရာမှာ ထဲ့နိုင်ပါ့မလားဆိုတော့ ပဋ္ဌာဝါရမှာ "မဂ္ဂေါ ဖလဿ အနန္တရပစ္စယေန ပစ္စယော"လို့ အမည်ဖော်ထုတ်ပြီး ဟောထားတဲ့အတွက် မဂ်က ဖိုလ်ကို ကျေးဇူးပြုနိုင်ပါတယ်။ တစ်ခါ ပဌမဖိုလ်မှ ဒုတိယဖိုလ်၊ ဒုတိယဖိုလ်မှ တတိယဖိုလ် စသဖြင့် အဗျာကတ ဖြစ်တဲ့အတွက် အဗျာကတက အဗျာကတကို ကျေးဇူးပြုပါတယ်။ တစ်ခါ ဖိုလ်က ဘဝင်ကို ကျေးဇူးပြုပြန်တော့ ဘဝင်ကလဲ

အဗျာကတဖြစ်တဲ့အတွက် "ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ"ထဲမှာ ပါသွားလို့ အဗျာကတက အဗျာကတကို ကျေးဇူး ပြုတာပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ချချင်တဲ့ ဝီထိကို ချကြည့်ပါ။ အနန္တရပစ္စည်း ပါဠိတော် (၁၇)ချက်မှာ ဝီထိစိတ်တွေအားလုံး ဝင်သွားပါတယ်။ ဒါပေမဲ့ အနန္တရပစ္စည်းမှာ–

(က) ကုသိုလ်နောင်မှာ အကုသိုလ်ဆက်မဖြစ်ပါ၊

(ခ) အကုသိုလ်နောင်မှာ ကုသိုလ်ဆက်မဖြစ်ပါ–

ဆိုတဲ့ (၂)ချက်ကိုတော့ အထူးမှတ်သားထားရမှာပါ။

ဥပနိဿယပစ္စည်းကျတော့ တစ်မျိုးဖြစ်ပါတယ်။ ဥပနိဿယမှာ ကုသိုလ်က အကုသိုလ်ကို၊ အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုနိုင်တယ်လို့ ဒီလိုဟောထားပါတယ်။ ဒီလိုဟောထားတာဟာ အနန္တရူပနိဿယ မဟုတ်ပါ။ ဒါတွေကို ဥပနိဿယမှာ ရှင်းပြပါမယ်။ ဥပနိဿယမှာလဲ အာရမ္မဏူပနိဿယ, အနန္တရူပနိဿယ, ပကတူပနိဿယလို့ (၃)မျိုးကွဲပါတယ်။ အနန္တရူပနိဿယဟာ အနန္တရပစ္စည်းနဲ့ အတူတူပါပဲ။ အာရမ္မဏူပနိဿယကလဲ အာရမ္မဏာဓိပတိ ပစ္စည်းနဲ့ အတူတူပါပဲလို့ ပြန်ညွှန်းရင် လွယ်ပါတယ်။ ဒါကြောင့် ဈာနဝီထိ တွေဟာလဲ ဒီအနန္တရ (၇)ချက်ထဲမှာ အကုန်ဝင်သွားတာ တွေ့ရပါပြီ။ သို့ပေမဲ့ အရေးကြီးတဲ့ ဝီထိတစ်ခု ကျန်နေပါသေးတယ်။

## မရဏာသန္နဝီထိ

မရဏာသန္နဝီထိ ချကြည့်ရင် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာ ဝဇ္ဇန်း, ဇော(၅)ကြိမ်, တဒါရုံ(၂)ကြိမ်, ဘဝင်, စုတိဆိုတော့ လူမှာ သေခါနီး ဇောက (၅)ကြိမ်ပဲ ဇောပါတယ်။ သေတဲ့အခါကျတော့ ဇောနောင်မှာလဲ စုတိစိတ်ကျနိုင်တယ်။ တဒါရုံ (၂)ကြိမ် နောင်မှာလဲ စုတိစိတ်ကျနိုင်တယ်။

တဒါရုံရဲ့အဆုံး ဘဝင်နောင်လဲ စုတိကျနိုင်တယ်။ ဇောရဲ့အဆုံး ဘဝင်နောင်လဲ စုတိစိတ်ကျနိုင်တယ်။ စုတိနောင် ပဋိသန္ဓေ, ပဋိသန္ဓေနောင် ဘဝင်ဆိုတဲ့ ဘဝင်စိတ်ကျတော့ တခြားဝီထိစိတ်တွေ မလာသေးဘဲ ဘဝင်ချည်း (၁၆)ချက် ဖြစ်ပါတယ်။ မရဏာသန္နဝီထိမှာ သေတဲ့အထိက အတိတ်၊ ပဋိသန္ဓေကစပြီး ဒီဘဝမှာဖြစ်တဲ့ ဝီထိက ပစ္စုပ္ပန်ဖြစ်ပါတယ်။

မရဏာသန္နဝီထိမှာ ဘဝင်စလနက ဘဝင်္ဂုပစ္ဆေဒကို, ဘဝင်္ဂုပစ္ဆေဒက မနောဒွါရာဝဇ္ဇန်းကို ကျေးဇူးပြုတာဟာ အဗျာကတတရားများ ဖြစ်ကြတဲ့အတွက် အဗျာကတက အဗျာကတကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။ အခုသေမယ့်သူက ကုသိုလ်ဇောနဲ့ သေမယ်ဆိုတော့ မနောဒွါရာဝဇ္ဇန်းက ကုသိုလ်ဇောကို ကျေးဇူး ပြုတာမို့ အဗျာကတက ကုသိုလ်ကို ကျေးဇူးပြုတာဖြစ်ပါတယ်။ ကုသိုလ် ပဌမ ဇောက စပြီး ပဉ္စမဇောအထိ ကုသိုလ်ဇောချည်းဖြစ်ပြီး ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတာဖြစ်ပါတယ်။ ဇောနောင် တဒါရုံမှာကတော့ ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတာဖြစ်ပါတယ်။ တဒါရုံနောင် ဘဝင်, ဘဝင်နောင် စုတိဆိုတော့ အဗျာကတက အဗျာကတကို ကျေးဇူးပြုတာပါပဲ။

## ဘဝင်နောင် စုတိ

ဘဝင်နောင် စုတိဆိုတော့ စုတိဆိုတာကလဲ ဘဝင်စိတ်ပါပဲ။ ဘဝင်စိတ်, စုတိစိတ်နဲ့ ပဋိသန္ဓေစိတ်တို့ဟာ အတူတူပါပဲ။ အမည်သာ ကွဲပြားနေပါတယ်။ ပဋိသန္ဓေနေတဲ့ စိတ်ဆိုတာ ဒီဘဝမှာ စဖြစ်တဲ့စိတ်၊ ဘဝ(၂)ခုကို စပ်ပေးတဲ့ စိတ်ပါပဲ။ တိဟိတ်ပုဂ္ဂိုလ်ဆိုရင် တိဟိတ်မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် (၄)ခုထဲမှ တစ်ခုခုနဲ့ ပဋိသန္ဓေ နေပါတယ်။ ဒီဝိပါက်စိတ်ဟာ မသေမချင်း ကြားထဲမှာ တခြားဝီထိစိတ်တွေ မဝင်သေးရင် ဘဝင်အမည်နဲ့ ဖြစ်ရပါတယ်။ ဒီဘဝင်ဆိုတာဟာ အရေးကြီးဆုံးစိတ် ဖြစ်ပါတယ်။ ဘဝင်ကို အသက်လို့ ခေါ်ပါတယ်။ ဝိညာဏ်လို့လဲ ခေါ်ပါတယ်။ “ဘဝင်လေးစမ်းကြည့်ပါအုန်း”လို့

ဆေးဆရာများ ပြောနေကြတာလဲ ဒီဘဝင်ပါပဲ။ ဘဝင်စမ်းမိသေးရင် မသေသေးဘူးဆိုတဲ့ သဘောပါ။ ဒီဘဝင် ဒီအသက် ဒီဝိညာဉ်ကိုပဲ တစ်ဘဝမှ တစ်ဘဝ ပြောင်းတယ်ဆိုပြီးတော့ ယူဆထားကြတာပါ။

နောက်ဆုံး စုတိစိတ်နဲ့ ဒီဘဝက ရွှေ့လျောသွားပြီဆိုတော့ စုတိက ပဋိသန္ဓေစိတ်ကို အနန္တရသတ္တိနဲ့ ကျေးဇူးပြုပါတယ်။ အနန္တရသတ္တိမရှိရင် စုတိနောင် ပဋိသန္ဓေ မရှိနိုင်ပါ။ စုတိနောင်မှာ ပဋိသန္ဓေဖြစ်ရမှာ အမှန်ပါ၊ စုတိရှိသမျှ အပါယ်သတ္တဝါစုတိ၊ လူစုတိ၊ နတ်စုတိ၊ သောတာပန်စုတိ၊ သကဒါဂါမ်စုတိ၊ အနာဂါမ်စုတိ၊ ဗြဟ္မာစုတိဆိုတဲ့ သတ္တဝါတို့ရဲ့ စုတိစိတ်အားလုံးနောင်မှာ ပဋိသန္ဓေစိတ် ဖြစ်ရမှာပါ။ ဒါကြောင့် အနန္တရပစ္စည်းကိုကောက်တဲ့အခါမှာ "ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော စိတ်(၈၉)၊ စေတသိက်(၅၂)သည် အနန္တရပစ္စည်းဖြစ်၏။ ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ စိတ်(၈၉) စေတသိက်(၅၂)သည် ပစ္စယုပ္ပန်ဖြစ်၏"လို့ ဆိုပါတယ်။ ရဟန္တာတို့ရဲ့ စုတိက ပစ္စယုပ္ပန်တော့ ဖြစ်ပါတယ်။

ပဋ္ဌမဇောက ဒုတိယဇောကို အနန္တရသတ္တိနဲ့ ကျေးဇူးပြုတယ်ဆိုရာမှာ ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် စိတ်တစ်ခုပျက်သွားရင် စိတ်တစ်ခု ဖြစ်လာတာက ဒုတိယဇောဖြစ်ဖို့ ပဌမဇော ပျက်ပေးရပါတယ်။ ပဌမဇောသာ မပျက်ရင် ဒုတိယဇော မဖြစ်နိုင်ပါ။ "သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ ပျက်မြဲသာ"ဆိုတာ ဝီထိစိတ်ကို ပြောတာလို့လဲ ဆိုနိုင်ပါတယ်။ ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် သူ့ဟာသူ ဖြစ်ပြီး ပျက်သွားတာဖြစ်ပေမဲ့ ကျေးဇူးပြုတယ်လို့ ဆိုနိုင်ပါတယ်။

အကယ်၍ မပျက်ဘဲနေခဲ့ရင် နောက်ထပ် စိတ်ဖြစ်လို့ မရတဲ့အတွက် ပဋ္ဌာန်းနည်းအရ ကျေးဇူးရှာပြီး တင်မယ်ဆိုရင် ပျက်သွားတဲ့လူတွေကို ကျန်တဲ့လူတွေက ကျေးဇူးအများကြီးတင်ဖို့ ကောင်းပါတယ်။ သူတို့ ပျက်သွားလို့သာ ဒို့တတွေ ဖြစ်လာရတယ်။ သူတို့သာ မပျက်ခဲ့ရင် ဒို့တတွေ ဒီလို မဖြစ်နိုင်လို့ ကျေးဇူးရှာတင်နိုင်ပါတယ်။

သဘာဝဓမ္မအနေနဲ့ စုတိစိတ်မပျက်ရင် ပဋိသန္ဓေစိတ် မဖြစ်နိုင်ပါ။ စုတိစိတ်က ချုပ်ပျက်ပေးလို့သာ ပဋိသန္ဓေဘဝသစ်တွေလဲ ဖြစ်လာရပါတယ်။ ဒီလို စုတိနောင် ပဋိသန္ဓေ၊ ပဋိသန္ဓေနောင် စုတိလို့ မပြတ်မလပ် ဘဝပေါင်းများစွာ သံသရာလည်နေကြတာဟာ အနန္တရသတ္တိပါပဲ။ အနန္တရသတ္တိကုန်မှသာ နိဗ္ဗာန်ရောက်မှာ ဖြစ်ပါတယ်။ စုတိစိတ်က အဗျာကတ, ပဋိသန္ဓေစိတ်ကလဲ အဗျာကတမို့ "အဗျာကတက အဗျာကတ"ကို အနန္တရသတ္တိနဲ့ ကျေးဇူးပြုတာပါပဲ။

## အနန္တရသတ္တိရဲ့ထူးခြားချက်

နာမ်တရားများမှာ အနန္တရသတ္တိဟာ ထူးခြားလှပါတယ်။ အနန္တရသတ္တိသာ မရှိရင် နာမ်တရားတွေဟာ ရုပ်တရားတွေလိုပဲ အစိုင်အခဲတွေ ဖြစ်နေကြမှာပါ။ အနန္တရဆိုတာက စိတ်တစ်ခု မရှိမှ နောက်ထပ်တစ်ခု ဖြစ်ရတာဆိုတော့ နာမ်တရားများမှာ အတုံးအခဲတွေ ဖြစ်စရာ မရနိုင်တော့ပါ။ သဏ္ဌာန်အားဖြင့် ရုပ်တွေလို မြင်နေရအောင် မဖြစ်နိုင်တော့ပါ။ ရုပ်တရားနဲ့ နာမ်တရား ထူးခြားချက်ဟာ အနန္တရသတ္တိပါပဲ။

မရဏာသန္နဝီထိကိုကြည့်ရင် ပထမဇောဖြစ်ဖို့ မနောဒွါရာဝဇ္ဇန်းက ပျက်ပေးရပါတယ်။ ပဋိသန္ဓေဖြစ်ဖို့ စုတိစိတ်ပျက်ပေးရပါတယ်။ ဒီလို ကိုယ်အပျက်ခံပြီး ကျေးဇူးပြုတယ်ပဲဆိုဆို သို့မဟုတ် ကိုယ်က နတ်ရွာစံပေးပြီးမှ ကျေးဇူးပြုတယ်ပဲဆိုဆို နားလည်အောင် ပြောရရင်ဖြင့် ချီးမြှောက်တဲ့သဘောနဲ့ နောက်ထပ်ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးတာပဲ ဖြစ်ပါတယ်။ မရဏာသန္နဝီထိပဲ ချကြည့်ကြည့်၊ ချချင်တဲ့ ဝီထိကို ချကြည့်ပါ။ ပစ္စယနိဒ္ဒေသ အနန္တရပစ္စည်း (၁၇)ချက်ထဲမှာ မပါဝင်တဲ့စိတ်လို့ မရှိနိုင်တော့ပါ။ အကုန်လုံး ပါသွားပါတယ်။ အနန္တရပစ္စည်းကတော့ ဒီလောက်ဆိုရင် တော်တော်စုံသွားပြီမို့ နိဂုံးချုပ်ကြပါစို့။

## ၅။ သမန္တရပစ္စည်း

သမန္တရပစ္စည်း

အနန္တရပစ္စည်းနဲ့ သမနန္တရပစ္စည်း ဘာထူးသလဲဆိုတော့ အဓိပ္ပါယ်အနေနဲ့ ကျေးဇူးပြုပုံချင်း ဘာမှ မထူးခြားပါ။ ရှေးက ကျမ်းပြုပုဂ္ဂိုလ်ဆရာကြီးများက အနန္တရပစ္စည်းကို စကြာမင်း နတ်ရွာစံတော့ သားကြီးကို စကြာမင်းရာထူး ပေးတာလို့ ဥပမာပေးပါတယ်။ စကြာမင်းရာထူးဆိုတာ အဖေက သားကို ပေးလို့ ရတာ မဟုတ်ပါ။ စကြာရတနာဆိုက်ရောက်လာပါမှ စကြာမင်းလို့ ခေါ်ထိုက်တာ ဖြစ်တော့ အဖေသေသွားတဲ့တိုင် မိမိဘာသာမိမိ စကြာရတနာ ဆိုက်ရောက်နိုင်တဲ့ အကျင့်ကိုကျင့်မှ စကြာရတနာဆိုက်ရောက်လာမှာဖြစ်ပါတယ်။ သို့ပေမဲ့ စကြာမင်းနတ်ရွာစံတာဟာ သားကြီးရတနာ စကြာမင်းဖြစ်ဖို့ ကျေးဇူးပြုတာပဲလို့ အနန္တရပစ္စည်းကို ဥပမာပေးခဲ့ကြပါတယ်။

သမနန္တရပစ္စည်းကျတော့ "စကြာမင်းဟာ ထီးနန်းစည်းစိမ်ကို သားကြီးရတနာအား အပ်နှင်းပြီး တောထွက်သွားတဲ့အခါ ဖခင်စကြာမင်း တောထွက်သွားခြင်းဟာ သားကြီးရတနာအတွက် စကြာမင်းဖြစ်ဖို့ ကျေးဇူးပြု သလိုပဲ"လို့ ဒီလို ဥပမာပေးကြပါတယ်။

သမနန္တရပစ္စည်းဆိုတာက သံ+အနန္တရဆိုတဲ့ ပါဠိပုဒ်ကလာတော့ သံရဲ့ အဓိပ္ပါယ်က ပါဠိမှာ "သံ"က ဥပသာရပုဒ်ဖြစ်တဲ့အတွက် နောက်ကကပ်တဲ့ ပုဒ်ကို လိုက်ပြီး "သံ"ကို အနက်အမျိုးမျိုး ပြန်လို့ရပါတယ်။ ပါဠိမှာ ဥပသာရပုဒ်၊ နိပါတ်ပုဒ်တို့ကို တိတိကျကျ ဘာသာပြန်ဖို့က မလွယ်ပါ။ အဋ္ဌကထာဆရာများ ပြန်ဆိုထားတာကတော့ "သံ"ဆိုတာ ကောင်းတယ်ဆိုတဲ့ အနက်၊ ကောင်းကောင်း ကျေးဇူးပြုတယ်ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။ စကြာမင်းတောထွက်တယ်ဆိုတာကတော့ ဖခင်စကြာမင်းမသေဘဲနဲ့ သားကြီးက စကြာမင်းဖြစ်လာရတဲ့အတွက် "သံ"ကို

ကောင်းစွာ ကျေးဇူးပြုတယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ အနန္တရနဲ့သမနန္တရ ထူးခြားသွားအောင် ရှေးဆရာစဉ်ဆက် ဥပမာပေးခဲ့တာနဲ့ တူပါတယ်။

## ရုပ်ဖြစ်ပျက်မှုနဲ့ နာမ်ဖြစ်ပျက်မှုမတူ

တစ်နည်းပြောရရင်တော့ အနန္တရပစ္စည်းဆိုတာဟာ အကြားမရှိဘဲ ကျေးဇူးပြုတယ်၊ တဆက်ထဲ ကျေးဇူးပြုတယ်လို့ ဒီလို အမျိုးမျိုး ဘာသာပြန်ကြပါတယ်။ အမှန်တော့ အနန္တရက မရှိတဲ့အနေနဲ့ ကျေးဇူးပြုတာပါ။ နာမ်တရားတို့ မည်သည်မှာ ဥပါဒ်၊ ဌီ၊ ဘင် ဖြစ်နေခိုက် ဒီပြင် နာမ်တရားတစ်ခုက ဖြစ်လို့ မရပါ။

ဒီနေရာမှာ ရုပ်တရားနဲ့ မတူတာက ရုပ်သဘောတရားဆိုတာ ကိုယ်က ဥပါဒ်၊ ဌီ၊ ဘင် ဖြစ်နေခိုက် ဒီပြင်ရုပ်တရားက ဖြစ်နိုင်တယ်။ ကိုယ်က ပျက်နေခိုက်မှာလဲ ဒီပြင်ရုပ်တရားတစ်ပါးက ဖြစ်နိုင်တယ်။ ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်၊ စိတ္တဇရုပ်လို့ ဒီလိုရုပ်တရား (၄)မျိုးရှိတဲ့အနက်က ကမ္မဇရုပ်တွေ ဖြစ်နေတဲ့အခိုက် စိတ္တဇရုပ်တွေက ဖြစ်နေတယ်။ စိတ္တဇရုပ်တွေ ဖြစ်နေခိုက် ကမ္မဇရုပ်တွေက ဖြစ်နေတာပဲ။ ရုပ်တရားဖြစ်ပျက်မှုနဲ့ နာမ်တရားဖြစ်ပျက်မှုက မတူပါ။

နာမ်တရားက တစ်ခုဖြစ်နေရင် နောက်နာမ်တရားတစ်ခုက ဖြစ်ပေါ်ခွင့် မရှိပါ။ အနန္တရမှာ နေရာဖယ်ပေးနည်းက ကိုယ်ပျက်ပေးပြီးမှ သို့မဟုတ် နုတ်ထွက်ပေးပြီးမှ နောက်ထပ် နာမ်တရားတစ်ခု ဖြစ်ပေါ်ခွင့်ပေးတာပါပဲ။

## ရှုပ်ရှုပ်ထွေးထွေး နေရာဖယ်ပေးနည်း

ရုပ်တရားတွေရဲ့ ဖြစ်ပျက်ပုံကတော့ ရှုပ်ထွေးနေပါတယ်။ ရုပ်တရားများရဲ့ "ရှုပ်ရှုပ်ထွေးထွေး နေရာဖယ်ပေးနည်း"ဆိုတာက သိပ်ပြီး ပြတ်မသွားပါ။ ရုပ်တရားများမှာ စိတ္တဇရုပ်က ဖြစ်နေတဲ့အခါ ဥတုဇရုပ်ကလဲ ဖြစ်နေပါတယ်။

ကမ္မဇရုပ်ကဖြစ်နေတဲ့အခါ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တွေက ဖြစ်နေပါတယ်။ ဒါကြောင့် ရုပ်တရားတွေ နေရာဖယ်ပေးတာက ရှုပ်ထွေးနေပါတယ်။ ဖြစ်တဲ့ရုပ်က ဖြစ်၊ ပျက်တဲ့ရုပ်က ပျက်၊ အသစ်ဖြစ်တဲ့ ရုပ်ကလဲ ဖြစ်ဆိုတော့ မရှင်းလင်းလှပါဘူး။

## ရှင်းရှင်းလင်းလင်း နေရာဖယ်ပေးနည်း

နာမ်တရားတွေကတော့ "ရှင်းရှင်းလင်းလင်း နေရာဖယ်ပေးနည်း"ဖြစ်လို့မို့ နာမ်တရားတစ်ခု ပျက်တယ်ဆိုရင် တစ်ခုပျက်သွားတာနဲ့ နောက်တစ်ခုက ဆက်ဖြစ်တာပါ။ နတ္ထိပစ္စည်းကျတော့ ပိုရှင်းလာမှာဖြစ်ပါတယ်။ နတ္ထိဆိုတာကလဲ မရှိဆိုတဲ့အဓိပ္ပါယ်မို့ ကျေးဇူးပြုတာလဲ မိမိမရှိတဲ့အနေနဲ့ ကျေးဇူးပြုတာပါ။ အနန္တရရဲ့နေရာဖယ်ပေးပုံက ဒီနေရာမှာ ဘာမှမကျန်တော့ဘဲ လုံးဝ ရှင်းရှင်းလင်းလင်း ပျောက်သွားတာဆိုတော့ သူက ရှင်းရှင်းလင်းလင်း နေရာ ဖယ်ပေးတာပါ။ ဒီနှစ်မျိုးမှာ အနန္တရကို ရိုးရိုးပြောမယ်ဆိုရင် ရှင်းရှင်းလင်းလင်း နေရာဖယ်ပေးပြီး ကျေးဇူးပြုတာပါပဲ။

## သမနန္တရကို ထပ်ဟောရခြင်းအကြောင်း

ရုပ်တရားများကလဲ ဥပါဒ်၊ ဌီ၊ ဘင်အနေနဲ့ ဖြစ်ပြီးမှ ပျက်ပေးတာပဲ။ ဒါပေမဲ့ ရုပ်တရားမှာက အတုံးလိုက် အခဲလိုက် အထည်ဒြပ်သဏ္ဌာန်တွေ ဖြစ်နေတယ်။ တော၊ တောင်၊ တိုက်တာဆိုတဲ့ သဏ္ဌာန်တွေ ထင်ရှားရှိပြီး မြင်လို့ ကိုင်တွယ်လို့ ရတယ်။ ရုပ်မှာ ဖြစ်ပျက်ဆိုပေမဲ့ ပရိစ္ဆေဒရုပ်ဆိုတဲ့ အာကာသရှိပါတယ်။ ဘယ်လောက်မာတဲ့ ကျောက်ဖြစ်ပါစေ "အာကာသ အကြား"က ရှိနေတာပါ။ ဒီတော့ ရုပ်တရားများ ကျေးဇူးပြုသလို အကြားရှိပြီး သဏ္ဌာန်ရှိပြီး ကျေးဇူးပြုတာလားဆိုတဲ့ ပြဿနာဟာ နာမ်တရားများမှာလဲ ဝင်လာမှာစိုးလို့ မြတ်စွာဘုရားက သမနန္တရကို ထပ်ပြီး ဟောတော်မူရပါတယ်။

သမနန္တရဆိုတာက သံ=ကောင်းစွာ+အနန္တရ=နေရာဖယ်ပေးခြင်း။ ကောင်းစွာ ရှင်းရှင်းလင်းလင်း နေရာဖယ်ပေးတယ်လို့ ဆိုလိုပါတယ်။ နာမ်တရားများဟာ ရုပ်တရားများလို ရုပ်ရုပ်ထွေးထွေး နေရာဖယ်ပေးတာ မဟုတ်ပါ။ အကြားဆိုတဲ့ အာကာသ ပရိစ္ဆေဒလဲ မရှိ၊ အစိုင်အခဲလဲ မရှိ၊ သဏ္ဍာန်ဒြပ်လဲ မရှိ။ နာမ်တရားဖြစ်စဉ်ဟာ မြင်လို့မရ၊ ကိုင်တွယ်လို့ မရ၊ သဘောတရားတွေ တစ်ခုစီတစ်ခုစီ ဖြစ်ပျက်နေပါတယ်။ ဉာဏ်ထဲမှာသာ ဖဿ၊ ဝေဒနာ၊ သညာ စသဖြင့် တွေးကြည့်လို့ ရပါတယ်။

အနန္တရပစ္စည်းမှာ စိတ်စေတသိက် နာမ်တရားတွေချည်းပဲ ဖြစ်ပါတယ်။ ပစ္စယုပ္ပန်မှာလဲ စိတ်စေတသိက် နာမ်တရားတွေချည်းပါပဲ။ သမနန္တရပစ္စည်းမှာလဲ စိတ်စေတသိက် နာမ်တရားတွေချည်းသာ ဖြစ်ပါတယ်။ အကျိုးပစ္စယုပ္ပန်မှာလဲ စိတ်စေတသိက် နာမ်တရားတွေချည်းပါပဲ။ ဒါကြောင့် အနန္တရပစ္စည်းဟာ စကြာမင်း နတ်ရွာစံပြီး သားကြီးအတွက် နေရာဖယ်ပေးတာနဲ့ တူတယ်။ သမနန္တရပစ္စည်းက စကြာမင်းတောထွက်ပြီး သားကြီးအတွက် နေရာ ဖယ်ပေးတာနဲ့ တူတယ်လို့ ရှေးက ဆရာကြီးများက ကွဲပြားအောင် ဥပမာ ပေးခဲ့ကြတာပါ။

## ဝေနေယျဇ္ဈာသယ

ဝေနေယျဇ္ဈာသယဆိုတာ ဝေနေယျ=ကျွတ်ထိုက်တဲ့ သတ္တဝါ+အဇ္ဈာသယ= အလိုဆန္ဒ။ ကျွတ်ထိုက်တဲ့ သတ္တဝါတို့ရဲ့ အလိုဆန္ဒလို့ အဓိပ္ပါယ်ရပါတယ်။ ဝေနေယျဆိုတာ ဝိနယ–က လာတဲ့ပုဒ်ပါ။ အနက်ကတော့ ဆုံးမသင့် ဆုံးမ ထိုက်တဲ့ ပုဂ္ဂိုလ်သတ္တဝါပါပဲ။ နတ်တွေ ဗြဟ္မာတွေ ကြားထဲမှာ "အနန္တရပစ္စယေန ပစ္စယော"လို့ ဟောမှ နားလည်တဲ့သူ ရှိသလို "သမနန္တရပစ္စယေန ပစ္စယော"လို့ ဟောမှ နားလည်တဲ့ သူကလဲ ရှိတော့ နေရာဖယ်ပေးပြီး ကျေးဇူးပြုတဲ့နည်းကို တချို့က အနန္တရလို့ နားလည်ကြတယ်။ တချို့ကျတော့ ဒီနည်းကိုပဲ သမနန္တရ ဆိုမှ နားလည်ကြပါတယ်။

စိတ္တနိယာမ=စိတ်အစဉ်ဖြစ်ပုံကို အဘိဓမ္မာဆရာများက ဒီအနန္တရပစ္စည်းကို ကြည့်ပြီး “ဘယ်စိတ်ပြီးတော့ ဘယ်စိတ်ဖြစ်တယ်”လို့ ဝီထိတွေ ချရပါတယ်။ ဒီစိတ်ဝီထိတွေ ဖြစ်ပုံကတော့ သဗ္ဗညုတဉာဏ်တော်မှပဲ အကုန်အစင် သိမြင်နိုင်ပါတယ်။ ဒီလို ကျယ်ဝန်းနက်နဲလှတဲ့ အနန္တရပစ္စည်းကို မြတ်စွာဘုရားက ဟောတော်မူတဲ့အခါ ဝေါဟာရပေါ်မှာ သိပ်ပြီးနားမလည်နိုင်တဲ့ ပုဂ္ဂိုလ်များအတွက် သမနန္တရကို တစ်ဆင့်ထပ်ပြီး ဟောရပါတယ်။ မာတိကာမှာလဲ ဝေါဟာရချင်း ကွဲလို့ ထပ်ထပ်ပြီးဟောရတဲ့ တိက်ဒုက်တွေ ရှိပါတယ်။ အဘိဓမ္မာမှာ ဝေနေယျဇ္ဈာသယလိုက်ပြီး နှစ်ခုထပ်ဟောရပါတယ်ဆိုတဲ့ အဖြေဟာ ဖြေရိုးဖြေစဉ်တစ်ခုပါပဲ။

ဒီပုဂ္ဂိုလ်ဟာ ဒီလိုစကားလုံးနဲ့မှ တရားရမယ်ဆိုရင် ဝေနေယျသတ္တဝါတို့ရဲ့ အလိုဆန္ဒကို လိုက်လျောပြီး အနန္တရနဲ့ နားလည်မယ့်ပုဂ္ဂိုလ် ကျွတ်မယ့်ပုဂ္ဂိုလ်ကို အနန္တရဟောရပါတယ်။ သမနန္တရနဲ့ ကျွတ်မယ့်ပုဂ္ဂိုလ်ကျတော့လဲ သမနန္တရနဲ့ ထပ်ပြီး ဟောရပါတယ်။ ကျေးဇူးပြုပုံချင်းက ပါဠိတော်မှာကြည့်ရင် အနန္တရနဲ့ သမနန္တရက ထပ်တူထပ်မျှ ဘာမှ မထူးပါ။ သမနန္တရကို ဒီလောက်နဲ့ဆိုရင် သဘောပေါက်လောက်ပြီ ထင်ပါတယ်၊ နိဂုံးချုပ်ကြပါစို့။

# ၆။ သဟဇာတပစ္စည်း

## သဟဇာတပစ္စည်း

သဟဇာတပစ္စည်းမှာ သဟ=အတူတကွ+ဇာတ=ဖြစ်သည်ဆိုတော့ အတူတကွ ဖြစ်တဲ့တရားများကို ဆိုလိုပါတယ်။ တပြိုင်နက်အတူတကွ ဖြစ်တယ်ဆိုတဲ့ သဘောတရားဟာ သဟဇာတပါပဲ။ ဒီလူနဲ့ သဟဇာတ ဖြစ်ရဲ့လားဆိုတဲ့ မြန်မာစကားမှာ ဒီလူနဲ့တဲ့ရဲ့လားလို့ မေးတာပါပဲ။ တဲ့တာ, မတဲ့တာကို သဟဇာတ ဖြစ်တယ်, မဖြစ်ဘူးလို့ ဒီလို အဓိပ္ပာယ်ယူဆနေကြပါတယ်။ အမှန်က သဟဇာတ ပစ္စည်းဆိုတာက အတူတကွ ဖြစ်နေခြင်းကိုသာ ဆိုလိုတာဖြစ်ပါတယ်။

အနန္တရနဲ့ သမနန္တရပစ္စည်းမှာ နာမ်ကို နာမ်ချင်း ကျေးဇူးပြုပုံကို ပြဆိုခဲ့ပါတယ်။ သဟဇာတပစ္စည်းကျတော့ နာမ်တရားနဲ့ ရုပ်တရားများဟာ သဟဇာတ အတူတကွဖြစ်တယ်၊ တပြိုင်နက်ဖြစ်တယ်။ စိတ်, စေတသိက်, ရုပ်တွေဟာ အတူတကွ တပြိုင်နက်ဖြစ်ပြီး ကျေးဇူးပြုတယ်လို့ ဒီလို ပြဆိုတာပါ။

## ဆီမီးဥပမာ

ရှေးဆရာကြီးများက သဟဇာတပစ္စည်းကို ဆီမီးနဲ့ ဥပမာပေးပါတယ်။ ဆီမီးကို ထွန်းတဲ့အခါမှာ တောက်လောင်တာနဲ့ တပြိုင်နက် အလင်းရောင်ဖြစ်အောင် ကျေးဇူးပြုပါတယ်။ အလင်းရောင်နဲ့ ဆီမီးဟာ ဘယ်အရာက အရင်ဖြစ်တယ်လို့ မပြောနိုင်သလို အတူတကွဖြစ်ပြီး ကျေးဇူးပြုတာကို သဟဇာတလို့ ဆိုလိုပါတယ်။

## မိဘဥပမာ

သဟဇာတကို မိဘနဲ့လဲ ဥပမာပေးနိုင်ပါတယ်။ မိဘဟာ သားသမီးများနဲ့ အတူတကွ နေကြတယ်။ အတူတကွနေပြီး ကျေးဇူးပြုကြတယ်။ အဲဒီ ကျေးဇူးပြုနည်းဆိုတာ–

(က) ပြန်ပြီး ကျေးဇူးပြုမှ ကျေးဇူးပြုတဲ့နည်းက တစ်မျိုး

(ခ) ကိုယ့်ဘက်ပြန်လာသည်ဖြစ်စေ ပြန်မလာသည်ဖြစ်စေ ကျေးဇူးပြုတဲ့နည်းက တစ်မျိုးဆိုပြီး နှစ်မျိုးနှစ်စားရှိပါတယ်။

မိဘက သားသမီးတွေနဲ့ အတူနေပြီး သားသမီးတွေ လိမ္မာအောင် ချမ်းသာအောင် ပညာတတ်အောင် ကျေးဇူးပြုတာက သားသမီးတွေက သူတို့ကို ပြန်ပြီး ကျေးဇူးပြုလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ကျေးဇူးပြုတာမဟုတ်ပါ။ သူတို့ဘက်က ပြန်လာသည်ဖြစ်စေ ပြန်မလာသည်ဖြစ်စေ မိဘက ကျေးဇူးပြုလိုက်တာပါပဲ။

## ခေါင်းဆောင် ဥပမာ

ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ သူ့ရဲ့နောက်လိုက်ငယ်သားများနဲ့ စီးပွားရေး နိုင်ငံရေး အတူတကွ လုပ်ကြတယ်။ ခေါင်းဆောင်ကောင်းဟာ သူ့ကို ကျေးဇူးပြုတဲ့ တပည့်နောက်လိုက်ကိုဖြစ်စေ၊ ကျေးဇူးမပြုတဲ့ တပည့်နောက်လိုက်ကို ဖြစ်စေ တပည့်တွေ နောက်လိုက်တွေ ကြီးပွားအောင် သူကတော့ ကျေးဇူးပြုတာပါပဲ။ သဟဇာတကို ဒီလို ဥပမာတွေ ပေးရင်လဲ ရပါတယ်။

## နာမ်ခန္ဓာ (၄)ပါး

သဟဇာတမှာ ဆီမီးဥပမာက တပြိုင်နက်ဖြစ်တယ်ဆိုတာ ထင်ရှားတယ်။ ဆီမီးနဲ့ အလင်းရောင် တပြိုင်နက် ပေါ်လာတယ်။ စိတ်စေတသိက် မှန်သမျှ

ဥပါဒ်, ဋ္ဌီ, ဘင်အားဖြင့် ဖြစ်တယ်ဆိုရင် တပြိုင်နက် ဖြစ်တာပါ။ "စတ္တာရော ခန္ဓာ အရူပိနော"ဆိုရာမှာ စတ္တာရော=လေးပါး၊ အရူပိနော ခန္ဓာ=နာမ်ခန္ဓာ ဆိုတော့ နာမ်တရားကို ခန္ဓာဖွဲ့လိုက်တဲ့အခါမှာ နာမ်ခန္ဓာလေးပါးပဲ ရှိပါတယ်။ စိတ်၊ စေတသိက်နာမ်တရားကို ခန္ဓာဖွဲ့တဲ့အခါ နာမ်ခန္ဓာအနေနဲ့ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဆိုတဲ့ ခန္ဓာ(၄)ပါးကို ရပါတယ်။

## အကြောင်းအကျိုး အပြန်အလှန်

တရားထိုင်တဲ့အခါမှာ ဝေဒနာကို ရှုတော့ ကိုယ့်စိတ်ထဲမှာ ဆင်းရဲမှု, ချမ်းသာမှု ဖြစ်တယ်။ ချမ်းသာရင် ချမ်းသာတာ သိတယ်။ ဆင်းရဲရင် ဆင်းရဲတာ သိတယ်။ စိတ်ရဲ့ ချမ်းသာမှု စိတ်ရဲ့ ဆင်းရဲမှုကို ရှုတဲ့အခါ ကိုယ့်စိတ်ကလေး ချမ်းသာနေပါကလားလို့ ပြန်ကြည့်တဲ့အခါမှာ သညာမပါဘဲ ကြည့်လို့မရပါဘူး။ သညာက မှတ်ရပါတယ်။ သင်္ခါရဆိုတာကလဲ စေတနာဆိုတော့ စေတနာက အားထုတ်ရမယ်၊ တိုက်တွန်းရမယ်။ ဝေဒနာကို မှတ်ဖို့ဆိုတော့ စေတနာက သညာကို မှတ်ခိုင်းနေတာပါ။ စေတနာက သညာကို မှတ်ခိုင်းလို့ မှတ်နေတဲ့ အခါမှာ နာရင်လဲ နာတာ သိတယ်။ ချမ်းသာရင်လဲ ချမ်းသာတာ သိတယ်။ ဒီလို သိတာက ဝိညာဉ်ဆိုတော့ ဝေဒနာကို မှတ်တဲ့အခါမှာ သညာ, သင်္ခါရ, ဝိညာဉ်တို့ မပါရင် ဝေဒနာကို မှတ်လို့ မရပါ။

နာမ်တရားတစ်ခုဟာ ဝေဒနာကို မှတ်ရင် သညာ, သင်္ခါရ, ဝိညာဉ်တို့က ပါရပါတယ်။ ဝေဒနာပြီးမှ သညာက ဖြစ်တာမဟုတ်ပါ။ သညာပြီးမှ သင်္ခါရက ဖြစ်တာမဟုတ်ပါ။ သင်္ခါရပြီးမှ ဝိညာဉ်က ဖြစ်တာမဟုတ်ပါ။ ဝေဒနာကို မှတ်ရင် ဝေဒနာက အကြောင်းတရား၊ သညာ, သင်္ခါရ, ဝိညာဉ်တို့က အကျိုးတရား ဖြစ်ပါတယ်။ ဝေဒနာကို အကျိုးတရားထားရင် ကျန်တဲ့သုံးပါးက အကြောင်းတရား ဖြစ်ပါတယ်။ (၄)ခုလုံး တပြိုင်နက်ဖြစ်တော့ အကြောင်းအကျိုး အပြန်အလှန် ဖြစ်တာပါပဲ။ နာမ်တရားကို ဟောတဲ့အခါ မြတ်စွာဘုရားက ဒီနာမ်ခန္ဓာ ၄-ပါးနဲ့ပဲ ဟောပြတာ များပါတယ်။

တရားမှတ်တဲ့အခါမှာ တကယ်ဖြစ်စဉ်က သင်္ခါရကို တစ်ဝီထိနဲ့ ကြည့်ယူရတယ်။ သင်္ခါရက တွန်းပေးလို့ မှတ်တယ်။ မှတ်တယ်ဆိုတာက မှတ်တဲ့ သညာကိုလဲ တစ်ဝီထိနဲ့ သပ်သပ်ကြည့်ရတယ်။ ဝေဒနာကိုလဲ တစ်ဝီထိသပ်သပ် ကြည့်ရတယ်။ နာတာသိတယ်, ချမ်းသာတာသိတယ်ဆိုတဲ့ ဝေဒနာကို သိတဲ့ သဘောက ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ပေါင်းမှ သိတယ်ဆိုတဲ့ သဘော တရားကို ရပါတယ်။

"စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော" ဆိုတာက ဒီနာမ်ခန္ဓာ (၄)ခုဟာ သဟဇာတ အတူတကွ ဖြစ်တယ်။ "အရူပိနော ခန္ဓာ အညမညံ"ဆိုတော့ အညမညပစ္စည်းလဲ ရလာပါတယ်။ အညမညဆိုတဲ့ ပုဒ်ကတော့ အပြန်အလှန် ကျေးဇူးပြုတာလို့ အဓိပ္ပာယ်ရပါတယ်။ သဟဇာတနဲ့ မတူပုံက သဟဇာတမှာ သူတို့က ကိုယ့်ဘက်ပြန်လာသည်ဖြစ်စေ၊ ပြန်မလာ သည်ဖြစ်စေ ကိုယ်က ကျေးဇူးပြုတာပါ။ အညမညကတော့ ကိုယ့်အပေါ် ကောင်းမှ ကောင်းတယ်၊ ကိုယ့်အပေါ် မကောင်းရင် မကောင်းဘူးဆိုတဲ့ သဘော တရားပါ။

ဝေဒနာ သညာ သင်္ခါရ ဝိညာဏဆိုတဲ့ နာမ်ခန္ဓာ (၄)ပါးက သဟဇာတ အတူတကွလဲ ဖြစ်တယ်။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏတို့က အညမည အပြန်အလှန်လဲကျေးဇူးပြုကြတယ်၊ ဝေဒနာကို ပစ္စည်းတရား အကြောင်းတရား ယူရင် သညာ သင်္ခါရ ဝိညာဉ်တို့က အကျိုးပစ္စယုပ္ပန်ဖြစ်ပါတယ်။ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ဟာ အကြောင်းတရားဖြစ်ရင် ဝေဒနာက အကျိုးပစ္စယုပ္ပန် ဖြစ်လို့ ပစ္စည်းပစ္စယုပ္ပန်မှာလဲ လှဲ့ပြီး ယူရပါတယ်။

## ပဋိစ္စဝါရနဲ့ ပဉှာဝါရမှာ ဟောပုံ

ပဋ္ဌာန်းပဋိစ္စဝါရမှာတော့ ဇော် ခန္ဓံ ပဋိစ္စ=ခန္ဓာတစ်ပါးကိုစွဲ၍၊ တယော ခန္ဓာ=ခန္ဓာသုံးပါး ဖြစ်ပါတယ်။ တယော ခန္ဓေ ပဋိစ္စ=ခန္ဓာ (၃)ပါးကို စွဲ၍၊

ဧကော ခန္ဓော=ခန္ဓာတစ်ပါး ဖြစ်ပါတယ်။ ဒွေ ခန္ဓေ ပဋိစ္စ=ခန္ဓာ (၂)ပါးကို စွဲ၍၊ ဒွေ ခန္ဓာ=ခန္ဓာ (၂)ပါးဖြစ်တယ်လို့ ဒီလိုဟောပါတယ်။ ပဉ္စာဝါရမှာကျတော့ ခန္ဓာသုံးပါးက ခန္ဓာတစ်ပါးကို ကျေးဇူးပြုတယ်။ ခန္ဓာတစ်ပါးက ခန္ဓာသုံးပါးကို ကျေးဇူးပြုတယ်။ ခန္ဓာနှစ်ပါးက ခန္ဓာနှစ်ပါးကို ကျေးဇူးပြုတယ်လို့ ဒီလို ဟောပါတယ်။

ဒီလို ပါဠိတော်တွေကို ဖတ်တဲ့အခါ အဓိပ္ပာယ်ကို သဘောမပေါက် သေးပါ။ တရားရှုမှတ်တဲ့အခါကျတော့မှ သဘောပေါက်နားလည်လာပါတယ်။ ဝိညာဉ်ကိုပဲ ရှုတယ်ဆိုပါတော့ မိမိသန္တာန်မှာ အသိဓာတ်ကလေး ဖြစ်နေတယ်။ ရူပါရုံလေး မြင်ရင် ငါသိတယ်၊ အသံကြားရင် ဒီအသံကို ငါသိတယ်၊ အနံ့ နံ့ရင်လဲ ဒီအနံ့ကို ငါသိတယ်ဆိုတော့ သိပါတယ်ဆိုရာမှာ ဝေဒနာမပါဘဲ မသိနိုင်ပါ။ ဝေဒနာဆိုတဲ့ သဘောက အာရုံကို ခံစားတာ၊ အာရုံကို လက်ခံ ယူလိုက်တာ။ သညာက အာရုံကို မှတ်ပေးရတယ်။ သင်္ခါရက ကြည့်ဖို့ တိုက်တွန်းပေးရတယ်။ ဝိညာဉ်ကမှ အာရုံကို သိတာ။ ဒီလို ငါသိပါတယ်ဆိုတာ က ဝိညာဉ်အသိပါပဲ။ အသံဆိုရင်လဲ အသံကြားရင် ခံစားမှ မှတ်မှ သိအောင် အားထုတ်မှ သိတာပါ။ နာမ်တရားတစ်ခုဟာ သိတယ်ဆိုရင် အနဲဆုံး ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏဆိုတဲ့ ဒီ ၄-ခုကတော့ ပါရပါတယ်။

စေတသိက်(၅၂)ပါးကို ခန္ဓာဖွဲ့ရင် သင်္ခါရက္ခန္ဓာက စေတသိက်(၅၀)။ ဝေဒနာက္ခန္ဓာနဲ့ သညာက္ခန္ဓာ (၂)လုံးပေါင်းတော့ စေတသိက်(၅၂)ပါး ရပါတယ်။ စိတ် (၈၉)ပါးကိုတော့ ဝိညာဏက္ခန္ဓာဖွဲ့ပါတယ်။ ခန္ဓာနဲ့ပြောရရင် စတ္တာရော ခန္ဓာ အရူပိနော=ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဆိုတဲ့ နာမ်ခန္ဓာတွေဟာ အညမည အပြန်အလှန် ကျေးဇူးပြုတယ်၊ သဟဇာတဖြစ်ရင်လဲ အတူတကွ တပြိုင်နက် ကျေးဇူးပြုပါတယ်။

သဟဇာတဆိုတာက လူပုဂ္ဂိုလ်များမှာ အတူသွား အတူလာ အတူအိပ် အတူနေ အတူစားဆိုတဲ့ သဘောပါပဲ။ သို့သော် ပုဂ္ဂိုလ်ဆိုတာက တကယ် မရှိပါ။ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏဆိုတဲ့ နာမ်တရားများသာ တကယ်

ရှိတာပါ။ နာမ်တရားတွေ အတူဖြစ် အတူပျက်တဲ့သဘောကို လူတွေအနေနဲ့ အတူသွား အတူလာ အတူအိပ် အတူနေ အတူစားလို့ ဒီလိုပြောနေကြတာပါ။ မြတ်စွာဘုရားက ပဋ္ဌာန်းကို ဟောတဲ့အခါမှာ ပုဂ္ဂိုလ်သတ္တဝါ မပါဘဲနဲ့ နာမ်တရားတွေဟာ သဟဇာတ အတူတကွ ဖြစ်တယ်။ အညမည အပြန်အလှန် ကျေးဇူးပြုတယ်ဆိုတော့ ဒီလို ကျေးဇူးပြုပုံကို ပဋ္ဌာန်း ဝိပဿနာနည်းနဲ့ ရှုကြည့်ရင် တကယ်သဘောပေါက်နိုင်တယ်။

မဟာဘုတ်(၄)ပါး

"စတ္တာရော မဟာဘူတာ အညမည သဟဇာတပစ္စယေန ပစ္စယော"မှာ စတ္တာရော မဟာဘူတာ–ဆိုတာက မဟာဘုတ် (၄)ပါးဖြစ်တဲ့ ပထဝီ, တေဇော, အာပေါ, ဝါယောပါ။ မဟာ=ကြီးသော+ဘူတ=ထင်ရှားတဲ့ရုပ်။ မဟာဘူတကနေ မဟာဘုတ်ဖြစ်လာတာပါ။ ကြီးကျယ်သော ဘူတရုပ်လို့ ဒီလို အဓိပ္ပာယ်ဖွင့်ပေမဲ့ ဘယ်ရုပ်ကမှ ပိုပြီး ကြီးကျယ်တယ်လို့ မရှိပါ။ ပထဝီက အမျိုးမျိုးရှိပါတယ်။ ကြမ်းတဲ့သဘော မာတဲ့သဘောကို ယူတာကတော့ ဆေးဆရာများရဲ့ ပထဝီပါ။ မြေပြင်တောတောင်စတဲ့ ပထဝီကလဲ တစ်မျိုးပါ။ ပဋ္ဌာန်းမှာဟောတဲ့ ပထဝီရဲ့ ကက္ခဠလက္ခဏာဆိုတာ တေဇော, အာပေါ, ဝါယောတို့နဲ့ နှိုင်းစာရင် ပထဝီ သဘောက ပိုပြီး ထိတွေ့လို့ ရတယ်၊ သိသာထင်ရှားတယ်။ ပတိဋ္ဌာနလက္ခဏာ ဆိုတာ ပထဝီက တေဇော, အာပေါ, ဝါယောဆိုတဲ့ တခြားမဟာဘုတ်ရုပ်များရဲ့ တည်ရာမှီရာ ဖြစ်လို့ သိသာထင်ရှားတယ်ဆိုတဲ့ လက္ခဏာတွေ ရှိပါတယ်။ ပါဠိမှာ မဟန္တ=ကြီးသော+ဘူတ=ထင်ရှားတဲ့ရုပ်။ ထင်ရှားတဲ့ရုပ်ကြီး(၄)ခုလို့ ဆိုပါတယ်။ ဒီမဟာဘုတ်(၄)ပါးဆိုတဲ့ ပထဝီ အာပေါ တေဇော ဝါယော ဓာတ်(၄)ပါးက ခွဲလို့မရပါ။ သူတို့က သဟဇာတဖြစ်လို့ အတူတကွ တပြိုင်နက် ဖြစ်ပါတယ်။

အဘိဓမ္မာသဘောအရမှာ ပထဝီဖြစ်ရင် ဒီ့ပြင် တေဇော, အာပေါ, ဝါယောဆိုတဲ့ ဓာတ်သုံးပါးလဲ ပါရပါတယ်။ တေဇောဆိုတဲ့ ပူမှု, အေးမှုသဘော

တရားမှာ ပူမှုဖြစ်ရင် ပထဝီ၊ အာပေါ၊ ဝါယောပါတယ်။ ဝါယောဆိုတဲ့ လှုပ်ရှား ထောက်ကန်တဲ့ သဘောတရားမှာ ပထဝီ၊ တေဇော၊ အာပေါပါတယ်။ အာပေါ က ဖွဲ့စည်းတဲ့သဘော၊ ယိုစီးတဲ့သဘောပါ။ ဒီဖွဲ့စည်းတဲ့ အာပေါဆိုတဲ့ သဘော တရားထဲမှာ ပထဝီ၊ တေဇော၊ ဝါယောက ပါတယ်။ သဟဇာတဆိုတော့ ဒီ ဓာတ်(၄)ပါးဟာ တစ်ခုဖြစ်ရင် (၄)ခုလုံး ဖြစ်ရပါတယ်။ သဟဇာတပစ္စည်းက တစ်ခုထဲ ဖြစ်တာ မဟုတ်ပါ။ ပထဝီက ချမ်းသာရင် တေဇော၊ အာပေါ၊ ဝါယောတို့က တပြိုင်နက် ချမ်းသာတယ်။ ပထဝီဆင်းရဲရင် တေဇော၊ အာပေါ၊ ဝါယောကလဲ ဆင်းရဲပါတယ်။ သူဆင်းရဲပြီးမှ တေဇော၊ အာပေါ၊ ဝါယောက ဆင်းရဲတာမဟုတ်၊ ချမ်းသာလဲ အတူတူ၊ ဆင်းရဲလဲ အတူတူ ဖြစ်ပါတယ်။ တပြိုင်နက် ကျေးဇူးပြုတာဆိုတော့ သဟဇာတပစ္စည်းက ရနေပါတယ်။ "စတ္တာ ရော မဟာဘူတာ အညမညံ"ဆိုတော့ ဒီသဟဇာတ ပစ္စည်းနဲ့ ကျေးဇူးပြုပုံက အညမည အပြန်အလှန်ကျေးဇူးပြုပုံလဲ ရပါသေးတယ်။

## အညမညကျေးဇူးပြုနည်း

အညမညကျေးဇူးပြုနည်းမှာ ပထဝီက ပစ္စည်းဖြစ်ရင် တေဇော၊ အာပေါ၊ ဝါယောတို့က ပစ္စယုပ္ပန်ဖြစ်ပြီး အပြန်အလှန် ကျေးဇူးပြုပါတယ်။ တေဇော၊ အာပေါ၊ ဝါယောတို့က ပစ္စည်းဖြစ်ရင် ပထဝီက ပစ္စယုပ္ပန်ဖြစ်ပြီး အပြန်အလှန် ကျေးဇူးပြုပါတယ်။ ပထဝီတစ်ခုထဲနဲ့ ရုပ်ကလာပ်တစ်ခု ဖြစ်မလာနိုင်ပါ။ တေဇောတစ်ခုထဲနဲ့ ရုပ်ကလာပ်တစ်ခု ဖြစ်မလာနိုင်ပါ။ ဓာတ်(၄)ခုပေါင်းတောင်မှ ရုပ်ကလာပ်တစ်ခု ဖြစ်မလာနိုင်ပါ။ အနည်းဆုံး ရုပ်ရှစ်ခုပေါင်းမှပဲ ရုပ်ကလာပ် တစ်ခု ဖြစ်လာနိုင်ပါတယ်။ အဲဒီ ရုပ်ရှစ်ခုထဲမှ တစ်ခုရှောင်နေရင် ရုပ်ကလာပ် တစ်ခု ဖြစ်မလာနိုင်ပါ။ ဒီလို မဟာဘုတ်လေးပါးက အညမည အပြန်အလှန် ကျေးဇူးပြုတာကို ပဋ္ဌာန်ပါဠိရမှာ "ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ= မဟာဘုတ်တစ်ပါးကို အကြောင်းပြုပြီး မဟာဘုတ်သုံးပါး ဖြစ်တယ်။ တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ=မဟာဘုတ် (၃)ပါးကို အကြောင်းပြုပြီး

မဟာဘုတ်တစ်ပါး ဖြစ်တယ်။ ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ= မဟာဘုတ်နှစ်ပါးကို အကြောင်းပြုပြီး မဟာဘုတ်နှစ်ပါး ဖြစ်တယ်''လို့ အဲဒီလို အပြန်အလှန်ရတဲ့ အညမညပစ္စည်းနဲ့ ဟောထားပါတယ်။

## ကမ္မဇမဟာဘုတ်

မဟာဘုတ်မှာ ကမ္မဇမဟာဘုတ်၊ စိတ္တဇမဟာဘုတ်၊ အာဟာရဇ မဟာဘုတ်၊ ဥတုဇမဟာဘုတ်လို့ လေးမျိုးခွဲရပါတယ်။ ကမ္မဇမဟာဘုတ် ဆိုတာက ကမ္မဇရုပ်မှာပါတဲ့ မဟာဘုတ်ပါ။ ကမ္မဇရုပ်မှာပါတဲ့ မဟာဘုတ် ဆိုတာက စက္ခုပသာဒရုပ် မျက်စိအကြည်ဓာတ်ပါတဲ့ စက္ခုဒသက ကလာပ် ဆိုတာ ရှိပါတယ်။ ရုပ်က တစ်ခုထဲနေလို့ မရလို့ ဒီလို ကလာပ်အဖွဲ့အစည်းနဲ့ ရှိတဲ့နေရာမှာ အနဲဆုံး အဝိနိဗ္ဘောဂရုပ်ဆိုတဲ့ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဆိုတဲ့ ရုပ်ရှစ်ပါးက ခွဲလို့မရဘဲ ပါပါတယ်။ ဒီအဝိနိဗ္ဘောဂရုပ် ရှစ်ပါးကလဲ ကံကြောင့်သော်လည်းကောင်း၊ စိတ်ကြောင့်သော် လည်းကောင်း၊ ဥတုကြောင့်သော်လည်းကောင်း၊ အာဟာရကြောင့်သော်လည်း ကောင်း ဖြစ်ပါတယ်။

## ကလာပ်တူကလာပ်ပြား

စက္ခုဒသကကလာပ်မှာ စက္ခုပသာဒက ကမ္မဇရုပ်ဆိုတော့ ဒီ အဝိနိဗ္ဘောဂ ရုပ်ရှစ်ခုထဲမှာ စက္ခုပသာဒရုပ်ကို ထဲ့ရပါတယ်။ နောက် ဇီဝိတရုပ်ကလဲ ကမ္မဇ ရုပ်ဖြစ်တဲ့အတွက် ထပ်ပြီး ထဲ့ရတော့ စက္ခုမျက်စိအကြည် စက္ခုဒသက ကလာပ် မှာ ရုပ်(၁၀)ခု ရှိပါတယ်။ ဒီစက္ခုဒသကမှာပါတဲ့ ကမ္မဇမဟာဘုတ်(၄)ပါးလို့ ဆိုတဲ့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟာ (၃)ပါးက (၁)ပါးကို, (၁)ပါးက (၃)ပါးကို, (၂)ပါးက (၂)ပါးကို ကျေးဇူးပြုနေလို့သာ စက္ခုဒသက ကလာပ်က ဖြစ်နေတာပါ။ ဒီလို ဖြစ်နေရတာကလဲ ဇီဝိတရုပ်က ကျေးဇူး

ပြုနေလို့ပါ။ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနေကြတာပါပဲ။ ဒါပေမဲ့ စက္ခုဒသကမှာ ပါတဲ့ မဟာဘုတ် (၄)ပါးကသာ အညမည ရပါတယ်။ တခြားကလာပ်တွေမှာ ပါတဲ့ မဟာဘုတ်က စက္ခုဒသကကလာပ်မှာပါတဲ့ မဟာဘုတ်နဲ့ အညမည မရပါ။

နားထဲမှာ သောတဒသကကလာပ်ရှိတော့ သောတဒသက ကလာပ်မှာလဲ မဟာဘုတ်(၄)ပါးက အညမညပစ္စည်းနဲ့ အပြန်အလှန် ကျေးဇူးပြုပါတယ်။ သို့သော်လဲ စက္ခုဒသကနဲ့ သောတဒသကမှာ ကလာပ်ကွဲနေတဲ့အတွက် စက္ခုဒသကမှာပါတဲ့ မဟာဘုတ် (၄)ပါးနဲ့ သောတဒသကမှာပါတဲ့ မဟာဘုတ် (၄)ပါးဟာ အညမညယှဉ်လို့ မရပါ။

## စိတ္တဇမဟာဘုတ်

စိတ္တဇမဟာဘုတ် စိတ်ကြောင့်ဖြစ်တဲ့ ရုပ်ဆိုတာက ဝိညတ်ဒွေးလို့ ခေါ်တဲ့ ကာယဝိညတ်ဆိုတဲ့ ကိုယ်အမူအရာ၊ ဝစီဝိညတ်ဆိုတဲ့ နှုတ်အမူအရာပါပဲ။ စကားပြောနေတဲ့ အမူအရာထဲမှာလဲ မဟာဘုတ်(၄)ပါးက ပါပါတယ်။ စကားပြောနေတဲ့ အမူအရာထဲမှာ ပါတဲ့ မဟာဘုတ်(၄)ပါးကို ဘယ်ဟာ ပထဝီ၊ ဘယ်ဟာ အာပေါ၊ ဘယ်ဟာ တေဇော၊ ဘယ်ဟာ ဝါယောလို့ ခွဲမရပါ။ သို့သော် မဟာဘုတ်(၄)ပါး မပါဘဲ အမူအရာက ဘေးလူသိအောင် ဖြစ်ပေါ်မလာနိုင်ပါ။ စိတ္တဇမဟာဘုတ်မှာလဲ မဟာဘုတ်တစ်ပါးက သုံးပါးကို၊ သုံးပါးက တစ်ပါးကို၊ နှစ်ပါးက နှစ်ပါးကို အညမည အပြန်အလှန် ကျေးဇူးပြုနေလို့သာ စကားပြောလို့ ရနေတာပါ။

## အာဟာရဇမဟာဘုတ်

အာဟာရကြောင့်ဖြစ်တဲ့ ရုပ်မှာ မဟာဘုတ်(၄)ပါး ပါပါတယ်။ စားလိုက်တယ်၊ ရေသောက်လိုက်တယ် ဆိုရင်ပဲ ခန္ဓာက တစ်မျိုး ဖြစ်သွားတယ်။

အာဟာရ မှီဝဲလိုက်လို့ ဖြတ်ကနဲ အသစ်ဖြစ်လာတဲ့ ရုပ်ထဲမှာလဲ မဟာဘုတ် (၄)ပါးက သဟဇာတ၊ အညမည အပြန်အလှန် ကျေးဇူးပြုနေတာပါ။

## ဥတုဇမဟာဘုတ်

ဥတုဇမဟာဘုတ်ကတော့ မိုးရွာလို့ မိုးအေးလာရင် ရုပ်က ပြောင်းသွားတယ်။ နေပူပြန်ရင်လဲ ရုပ်က ပြောင်းသွားတယ်။ ဒါက ဥတုကြောင့် ဖြစ်တဲ့ မဟာဘုတ်ပါ။ ဒီမဟာဘုတ်မှာလဲ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုလို့ ဥတုဇရုပ်တွေ ဖြစ်နေကြတာပါ။

သဟဇာတပစ္စည်း၊ အညမညပစ္စည်း၊ နိဿယပစ္စည်းတို့ဟာ အဓိပ္ပာယ်ချင်း အတူတူလိုပါပဲ။ သဟဇာတ ပစ္စယနိဒ္ဒေသပါဠိတော်မှာ (၆)မျိုးရှိတဲ့အနက် မဟာဘုတ်နဲ့ ပတ်သက်ပြီး ထပ်မံ ရှင်းပြပါဦးမယ်။ အတုံးအခဲတွေလို မြင်ရတဲ့ ရုပ်ကို ပဋ္ဌာန်းမှာ အသေးစိတ် ဟောထားပါတယ်။

## စိတ္တဇမဟာဘုတ် ရှင်းချက်

စိတ္တဇမဟာဘုတ်ဆိုတာ စိတ္တဇပထဝီ၊ စိတ္တဇအာပေါ၊ စိတ္တဇတေဇော၊ စိတ္တဇဝါယောလို့ (၄)မျိုး ရှိပါတယ်။ စိတ်ကြောင့် ဇာန်ဖြစ်တဲ့ရုပ်က ကာယဝိညတ်၊ ဝစီဝိညတ်ဆိုပြီး နှစ်ခုရှိပါတယ်။ ကိုယ်လှုပ်ရှားတာ မှန်သမျှဟာ ကိုယ်ကြောင့်ဖြစ်တဲ့ ကာယဝိညတ်ရုပ်ပါ။ နှုတ်က စကားပြောဆိုမှုတွေဟာ စိတ်ကြောင့်ဖြစ်တဲ့ ဝစီဝိညတ်ရုပ်ဖြစ်ပါတယ်။ "ဝိညတ္တိဒွယံ စိတ္တဇမေဝ" ဆိုတဲ့အတိုင်း ဝိညတ်ရုပ်နှစ်ခုဟာ စိတ်ကြောင့် ဇာန်ဖြစ်ရတဲ့ရုပ်ဆိုတဲ့ နေရာမှာ စိတ္တဇဝါယောကိုတော့ ထင်ရှားလို့ အသိများပါတယ်။

## စိတ္တဇပထဝီ

ဝစီဝိညတ္တိဒသကကလာပ်မှာ ရုပ်က (၁၀)ခု ရှိပါတယ်။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ ဘူတရုပ်(၄)ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဆိုတဲ့

ဥပါဒါရုပ်(၄)ပါး၊ အဲဒီ အဋ္ဌကလာပ်ရုပ်(၈)ပါးမှာ စကားပြောတယ်ဆိုတော့ ဝစီဝိညတ်ရုပ် ပါရပါတယ်။ သဒ္ဒအသံရုပ်လဲ ပါရတော့ စကားပြောတယ် ဆိုရင် ရုပ်(၁၀)ခုဖြစ်ရပါတယ်။ စိတ္တဇကလာပ်ရုပ်(၁၀)ခုထဲက အဋ္ဌကလာပ်ရုပ်မှာ ရှိတဲ့ စိတ္တဇပထဝီ၊ စိတ္တဇအာပေါ၊ စိတ္တဇတေဇော၊ စိတ္တဇဝါယောဆိုတဲ့ ဓာတ် (၄)ပါးမှာ စိတ္တဇဝါယောဆိုတာ ပါပါတယ်။ အဘိဓမ္မာကျမ်းဂန်များ အလိုအရ အသံဘယ်လို ဖြစ်လာသလဲဆိုရင် ကမ္မဇပထဝီဆိုတဲ့ ခန္ဓာကိုယ် ကမ္မဇရုပ်မှာ ရှိနေတဲ့ ကမ္မဇပထဝီ ဖြစ်ပါတယ်။ စကားပြောချင်တဲ့ စိတ်ပေါ်လာရင် စိတ္တဇ ဝါယောက လှုပ်ရှားလာတယ်။ စိတ္တဇဝါယော လှုပ်ရှားလာတာနဲ့ စိတ္တဇပထဝီနဲ့ ကမ္မဇပထဝီ ထိခိုက်ပါတယ်။ ဒါကြောင့်မို့လို့ အသံ ဖြစ်လာတာပါ။

လူတစ်ယောက် စကားပြောတာကို ကြည့်ပြီး သူက အသာလေးပြောဆို ပေမဲ့ အသံက သိပ်မာနေလို့ရှိရင် ဒီလူ ပထဝီဓာတ် အားကောင်းတယ်လို့ သတ်မှတ်ကြပါတယ်။ အသံ မာတယ်၊ ပျော့တယ်ဆိုတာက စိတ္တဇပထဝီပါ။ အသံမာနေသေးရင် ပထဝီဓာတ် အားကောင်းနေတာပဲ။ လူနာကို ဆေးကုသတဲ့ အခါ "လူနာရဲ့ အသံက မာနေသေးတာပဲ၊ မစားနိုင် မသောက်နိုင်ပေမဲ့ ဘာမှ မဖြစ်နိုင်သေးပါဘူး"လို့ မြန်မာဆေးဆရာများက အသံကို နားထောင် အကဲခတ်ပြီး ပြောတတ်ကြပါတယ်။ ဒါက စိတ္တဇပထဝီ အသံကို ကြည့်ပြီး ပထဝီရဲ့သဘောကို သိနိုင်တဲ့သဘောပါ။

### စိတ္တဇအာပေါ

စိတ္တဇအာပေါကို ပြောရရင် အဘိဓမ္မာကျမ်းများမှာ ဓာတ်(၄)ပါးဖြစ်တဲ့ ပထဝီနဲ့ အာပေါဟာ မိဿကဓာတ် ဖြစ်တယ်လို့ ဆိုပါတယ်။ ပထဝီရဲ့ မာနိုင်တဲ့ သဘောကိုက အာပေါရဲ့ ဖွဲ့စည်းတဲ့ သဘောကြောင့်ပါ။ ပထဝီဓာတ် ဖြစ်လာအောင် မာလာအောင် အာပေါက ပြုလုပ်ပေးရတာပါ။ အာပေါက အဖွဲ့အစည်းများလာရင် ပထဝီက အားကောင်းတာပါပဲ။ ပထဝီအားကောင်း

တယ်ဆိုရင် စိတ္တဇအောပေါဓာတ်ကလဲ ဖွဲ့စည်းမှု အားကောင်းလို့ ဖြစ်ပါတယ်။ အာပေါဓာတ်ဖွဲ့စည်းမှု ညံ့ရင် ပထဝီကလဲ အားနဲသွားပါတယ်။

## စိတ္တဇဝါယော

စိတ္တဇဝါယောကိုတော့ ဆေးကျမ်းများမှာရော လူတွေမှာပါ အသုံးများပြီး အသိများကြပါတယ်။ "ဝါယောများတယ်၊ ဝါယောပန်းတယ်"ဆိုတာ စိတ္တဇဝါယောကို ပြောတာပါ။ ခြေကြွချင်ရင် စိတ်က အရင်ဖြစ်ရတာပါ။ တရားအားထုတ်ပြီး လေ့လာရင် ကြွရင်ကြွမှန်းသိဖို့က စိတ်က ကြွချင်တဲ့ စိတ်ရှိမှ ခြေက ကြွလို့ရတာပါ။ စိတ်က လှမ်းတယ်လို့ ဖြစ်ပြီးမှ ရုပ်က လှမ်းတာပါ။ စိတ္တဇဝါယောက သိသာထင်ရှားပါတယ်။

## စိတ္တဇတေဇော

စိတ္တဇတေဇောဆိုတဲ့ နေရာမှာ ဝါယောအားကောင်း, မကောင်း ကြည့်ရပါတယ်။ တေဇောနဲ့ ဝါယောက မိဿကဓာတ်ဖြစ်တော့ ဝါယောကို တေဇောက အားပေးပါတယ်။ တေဇောက ပူတယ်, အေးတယ်ဆိုတာ အကြမ်းဖြင်း ပြောတာပါ။ အဘိဓမ္မာမှာ သူ့လက္ခဏာကတော့ ဓာတ်ငွေ့ပါပဲ။ တေဇောအားနဲရင် ဝါယောက သိပ်မလှုပ်ရှားနိုင်ပါ။ လေမိတဲ့သူမှာ ဝါယောက ရှိသော်လဲ တေဇောအားမကောင်းလို့ လှုပ်ရှားမှု လေးနေတယ်။ သွားတာ လာတာ လှုပ်ရှားတာ လေးနေတယ်။ ပြောတာဆိုတာ လေးနေတယ်ဆိုရင် ဝါယောကိုချည်းပဲ စွဲပြောလို့မရပါ။ တေဇောကလဲ အားနဲနေတာပါ။ အဘိဓမ္မာဆေးဆရာများက ဝါယောအားနဲတဲ့ မသွက်လက်တဲ့ လူတစ်ယောက်ကို တေဇောအစာများ ကျွေးပြီး ဆေးကုသကြပါတယ်။ တေဇောအားပေးလို့သာ ဝါယောလှုပ်ရှားတာဟာ ထင်ရှားပါတယ်။ စိတ္တဇပထဝီ, စိတ္တဇအောပေါ, စိတ္တဇဝါယော, စိတ္တဇတေဇော လက်တွေ့မြင်နိုင်ပုံကို အဘိဓမ္မာနည်းနဲ့ ထပ်ပြီး ရှင်းပြခြင်းဖြစ်ပါတယ်။

ကျေးဇူးပြုပုံကတော့"စတ္တာရော မဟာဘူတာ အညမညံ"အရ မဟာဘုတ်(၄)ပါးက အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနေတယ်ဆိုတဲ့ နေရာမှာ

ဝစီဝိညတ္တိ ဒသကရဲ့ အဋ္ဌကလာပ်ရုပ် (၈)ခုမှာ ပထဝီ, အာပေါ, တေဇော, ဝါယော ဓာတ်(၄)ပါးပါနေတော့ "ဧကံ မဟာဘူတံ ပဋိစ္စ"အရ ပထဝီက ပစ္စည်း အကြောင်းတရားဖြစ်ရင် ဝါယော, တေဇော, အာပေါက ပစ္စယုပ္ပန် အကျိုးတရား ဖြစ်တယ်။ ဆိုလိုတာက ပထဝီကြောင့် အာပေါ, တေဇော, ဝါယော ဖြစ်တယ်။ အာပေါက ပစ္စည်းအကြောင်းတရားဖြစ်ရင် တေဇော, ဝါယော, ပထဝီက ပစ္စယုပ္ပန်အကျိုးတရား ဖြစ်တယ်။ ဆိုလိုတာက အာပေါကြောင့် ပထဝီ, တေဇော, ဝါယော ဖြစ်တယ်။ ဝါယောက ပစ္စည်းအကြောင်းတရား ဖြစ်ရင် ပထဝီ, တေဇော, အာပေါက ပစ္စယုပ္ပန် အကျိုးတရား ဖြစ်တယ်။ ဝါယောကြောင့် ပထဝီ, အာပေါ, တေဇော ဖြစ်တယ်လို့ ဆိုလိုပါတယ်။ ဓာတ်တစ်ပါးက အကြောင်းတရားဖြစ်ရင် ကျန်တဲ့ဓာတ်(၃)ပါးက အကျိုးတရား ဖြစ်တော့ မဟာဘုတ်(၄)ပါးက ခွဲခြားလို့ မရပါ။ အဋ္ဌကလာပ်ရုပ်မှာလဲ ရုပ်တစ်ခုနဲ့တစ်ခု ခွဲလို့ မရပါ။

မဟာဘုတ်(၄)ပါးဟာ အချင်းချင်း သဟဇာတဖြစ်ရင် အတူတကွဖြစ်ပြီး ကျေးဇူးပြုရုံသာမက အပြန်အလှန်အားဖြင့်လဲ ကျေးဇူးပြုပါတယ်။ ပထဝီကို ကျန်တဲ့ဓာတ်သုံးပါးက ကျေးဇူးပြုတယ်။ ကျန်တဲ့သုံးပါးကလဲ ပထဝီကို ပြန်ပြီး ကျေးဇူးပြုတယ်။ မဟာဘုတ်တစ်ပါးက သုံးပါးကို, သုံးပါးက တစ်ပါးကို, နှစ်ပါးက နှစ်ပါးကို ကျေးဇူးပြုတယ်လို့ ပဋ္ဌာန်းပဋိစ္စဝါရမှာ အကျယ်ဟောထားပါတယ်။ "စတ္တာရော မဟာဘူတာ အညမည သဟဇာတပစ္စယေန ပစ္စယော" ဆိုတဲ့ အပိုဒ်ရဲ့ ရှင်းလင်းချက်ကတော့ ဒီလောက်နဲ့ပဲ တော်လောက်ပါပြီ။

## ဥပါဒါရုပ်နဲ့ မဟာဘုတ် ၄–ပါး

ရုပ် (၂၈)ခုမှာ မဟာဘုတ်(၄)ပါးက သဟဇာတပစ္စည်းတပ်တော့ ဖြစ်ရင်လဲ တပြိုင်နက်ဖြစ်ပြီး ပျက်ရင်လဲ တပြိုင်နက်ပျက်ပါတယ်။ အညမည ပစ္စည်းလဲတပ်တော့ အပြန်အလှန်လဲ ကျေးဇူးပြုပါတယ်။ "မဟာဘူတာ ဥပါဒါ

ရူပါနံ သဟဇာတပစ္စယေန ပစ္စယော''လို့ သီးသန့် ဟောရတာက အသေးဆုံး ရုပ်တစ်ခုမှာတောင် အဋ္ဌကလာပ် ရုပ်(၈)ခု ရှိရပါတယ်။ အဋ္ဌကလာပ်ရုပ်(၈)ခု ထဲမှာပါတဲ့ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာရုပ်တွေက ဥပါဒါရုပ်များ ဖြစ်ပါတယ်။ မဟာဘုတ်(၄)ပါးကို မှီပြီး ဒီဥပါဒါရုပ်တွေက ဖြစ်ရပါတယ်။ ရှင်းရှင်းက ရုပ်ပေါင်း(၂၈)ခုရှိတဲ့အနက် မဟာဘုတ်(၄)ပါးကတော့ ထင်ရှားသိသာတဲ့ ရုပ်တွေပါ။ ကျန်တဲ့ ရုပ်တွေက မဟာဘုတ်(၄)ပါးကို မှီပြီး ဖြစ်ရတာပါ။ ဒါကြောင့်မို့ မသိသာမထင်ရှားပါဘူး။ ဥပါဒါရုပ်တွေက မဟာဘုတ်ကို အပြန် အလှန် ပြန်ပြီး ကျေးဇူးပြုလို့ မရပါ။ မဟာဘုတ်နဲ့ ဥပါဒါရုပ်တွေက တပြိုင်နက် ဖြစ်တာ မှန်ပေမဲ့ အပြန်အလှန် ပြန်ပြီး ကျေးဇူးမပြုလို့ သဟဇာတပဲ ရပါတယ်။ အညမည မထိုက်တော့ ''မဟာဘူတာ ဥပါဒါရူပါနံ''လို့ သီးသန့် ဟောရပါ တယ်။

## ပဋိသန္ဓေဝိညာဉ်

''ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော''ဆိုတဲ့ ပါဠိမှာ ဩက္ကန္တိက္ခဏဆိုတာက အသက်ဝင်တယ်လို့ ဆိုလိုတာပါပဲ။ အမှန်က ပထမဆုံး ပဋိသန္ဓေဝိညာဉ်ဟာ ဝမ်းဗိုက်ထဲကို တစ်နေရာရာက ဝင်လာသလို သဘောမျိုး လူတွေမှာ ဝေါဟာရဖြစ်နေတော့ ပဋိသန္ဓေခဏကို ''ဩက္ကန္တိက္ခဏ'' ဝမ်းဗိုက်ထဲဝင်တာလို သက်ဝင်တဲ့ အဓိပ္ပါယ်မျိုး ဆိုတာပါပဲ။ ဒီပြင်နေရာ များမှာတော့ ဩက္ကန္တိက္ခဏကို ပဋိသန္ဓေခဏလို့ပဲ သုံးပါတယ်။ နောက်ကျတော့ ပဋိသန္ဓေဝိညာဉ်ဖြစ်လာပုံ, ပစ္စည်းတွေနဲ့ အကြောင်းအကျိုးယှဉ်ဆပုံတွေဟာ သူ့ဘာသာသူ အလိုလို ရှင်းလာမှာပါ။

ဒီပဋိသန္ဓေဝိညာဉ်ကို ရှေ့ဘဝနဲ့ နောက်ဘဝဆက်စပ်တဲ့ သဘောအဓိပ္ပါယ် နဲ့ ပဋိသန္ဓေဝိညာဉ်လို့ ခေါ်တာပါ။ ''ဩက္ကန္တိက္ခဏ'' ပဋိသန္ဓေဝိညာဉ်က ဝမ်းဗိုက်ထဲ ဝင်သကဲ့သို့ ပဋိသန္ဓေခဏမှာ နာမ်နဲ့ ရုပ်ရှိတာကိုပဲ ''ဩက္ကန္တိက္ခဏေ

နာမရူပံ အညမည် သဟဇာတပစ္စယေန ပစ္စယော''လို့ ဆိုတာပါပဲ။ လူသာမန်တွေရဲ့ ပဋိသန္ဓေဝိညာဉ်ထဲမှာ ဝိညာဉ်သာမကပဲ အနဲဆုံး စေတသိက် (၃၃)လုံးလဲ ပါပါတယ်။ ပဋိသန္ဓေခဏမှာဖြစ်တဲ့ နာမ်ရုပ်ဆိုတာ နာမ်ဆိုတာက ဝိညာဉ်၊ သညာ၊ သင်္ခါရ၊ ဝေဒနာဆိုတဲ့ နာမ်ခန္ဓာ(၄)ပါးပါ။ ရုပ်ဆိုတာက ကာယ၊ ဘာဝ၊ ဝတ္ထုဒသကရုပ်ပါ။ ဒီနာမ်ရုပ် (၂)ပါးဟာ တပြိုင်နက် အတူတကွ ဖြစ်ပါတယ်။

ဟာဒယဝတ္ထုရုပ်

ပဋိသန္ဓေခဏမှာ ဖြစ်တဲ့ ရုပ်များမှာ-

(၁) ကာယပသာဒ၊ ဇီဝိတ၊ အဋ္ဌကလာပ်ရုပ်ဆိုတဲ့ ကာယဒသက ကလာပ်၊

(၂) ကမ္မဇကလာပ်(၉)စည်းမှာပါတဲ့ မိန်းမဖြစ်ရင် ဣတ္ထိဘာဝဒသက ကလာပ်၊ ယောကျ်ားဖြစ်ရင် ပုမ္ဘာဝဒသကကလာပ်၊

(၃) ဟာဒယဝတ္ထုရုပ်၊ ဇီဝိတ၊ အဋ္ဌကလာပ်ရုပ်ဆိုတဲ့ ဝတ္ထုဒသက ကလာပ်-

အဲဒီကလာပ်စည်း (၃)ခု ဖြစ်ပါတယ်။

ပဋိသန္ဓေခဏမှာ ရုပ်ပေါင်း(၃၀)ရှိပေမဲ့လဲ ''ဩက္ကန္တိက္ခဏေ နာမရူပံ'' ဆိုတာက နာမ်ခန္ဓာ (၄)ပါးနဲ့ ဟာဒယဝတ္ထုရုပ်ကိုသာ ဆိုလိုတာပါ။ အဲဒီဝတ္ထုရုပ်နဲ့ ပဋိသန္ဓေဝိညာဉ် နာမ်ခန္ဓာ(၄)ပါးဟာ ပဋိသန္ဓေခဏမှာ စပြီးဖြစ်ပါတယ်။ နာမ်နဲ့ ဝတ္ထုရုပ်ဟာ ပဋိသန္ဓေခဏမှာ ဘယ်သူက အရင်ဖြစ်သလဲဆိုတော့ ''သဟဇာတပစ္စယေန ပစ္စယော''အရ တပြိုင်နက် ဖြစ်ပါတယ်။ ဥပါဒ်ဆိုတာနဲ့တပြိုင်နက် ဖြစ်တာပါ။ ဒီပြင် တခြားနေရာမှာ ဝတ္ထုရုပ်နဲ့ နာမ်ဟာ သဟဇာတ မရနိုင်ပါ။ အညမညပစ္စည်းကတော့ အင်မတန်ကို ဝေးပါတယ်။

"ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ"ဟာဒယဝတ္ထုနဲ့ နာမ်ခန္ဓာ (၄)ပါးဟာ အတူတကွ တပြိုင်နက်ဖြစ်လို့ သဟဇာတထိုက်တယ်။ အပြန်အလှန်လဲ ကျေးဇူးပြုလို့ အညမညလဲ ထိုက်ပါတယ်။ ပထမဆုံး စဖြစ်တဲ့ ပဋိသန္ဓေစိတ်ဟာ ဟာဒယဝတ္ထုကို မှီဖြစ်ရပါတယ်။ ဟာဒယဝတ္ထုရုပ်ကလဲ ဝိညာဉ်ကို မှီပြီး ဖြစ်ရတယ်။ ဒါကြောင့် အစဦးဆုံးဖြစ်တဲ့ ရုပ်နဲ့ နာမ်ဟာ သဟဇာတ ပစ္စည်းလဲရ၊ အညမညပစ္စည်းလဲ ရပါတယ်။ သဟဇာတပစ္စည်း, အညမည ပစ္စည်းမှာ ရုပ်နဲ့ နာမ်ကို ပဋိသန္ဓေခဏမှာပဲ ရလို့ ဒါကို သီးခြားခွဲပြီး "ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော"လို့ ဟောရပါတယ်။

## အညမညပစ္စည်းလဲရ

စတ္တာရော ခန္ဓာ အရူပိနော၊ စတ္တာရော မဟာဘူတာ၊ ဩက္ကန္တိက္ခဏေ နာမရူပံ–ဆိုပြီး (၃)ပိုဒ်ရှိရာမှာ သဟဇာတမှာလဲ ဒီ(၃)ပိုဒ်ကို ဟောပါတယ်။ အညမညမှာလဲ ဒီ(၃)ပိုဒ်ကိုပဲ ဟောပါတယ်။ စတ္တာရော ခန္ဓာဆိုတော့ နာမ်ခန္ဓာ အချင်းချင်းဟာ အညမညလဲရ၊ သဟဇာတလဲ ရပါတယ်။ ပဋိသန္ဓေခဏမှာလဲ နာမ်နဲ့ရုပ်ဟာ သဟဇာတလဲရ၊ အညမညလဲ ရပါတယ်။

## နိဿယပစ္စည်းလဲရ

"စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော"လို့ နိဿယမှာ ထပ်ပြီး ဟောတဲ့အခါ နာမ်ခန္ဓာ (၄)ပါးဟာ နိဿယလဲ ရသွားပြန်ပါတယ်။ နိဿယဆိုတဲ့ စကားက မှီရာလို့ အဓိပ္ပါယ်ရပါတယ်။ မြန်မာ စကားမှာ ပဋ္ဌာန်းနိဿယ၊ ဝိသုဒ္ဓိမဂ်နိဿယဆိုပြီး နိဿယကို သိနေကြပါ တယ်။ နိဿယ မှီရာဆိုတဲ့ အဓိပ္ပါယ်မှာ ဝတ္ထုရုပ်ဟာ ပဋိသန္ဓေခဏမှာ နာမ်ကို မှီတယ်, နာမ်ကလဲ ရုပ်ကို မှီတာဖြစ်တော့ သူတို့နှစ်ဦးဟာ တစ်ဦးက

တစ်ဦးကို မှီပြီးမှ လူတစ်ယောက် ဖြစ်လာရတာပါ။ ဒီတော့ နိဿယပစ္စည်းလဲ ရပါတယ်။

မဟာဘုတ်(၄)ပါးကို ပြောပြန်တော့လဲ ပထဝီလွှန်ရင် တေဇော, အာပေါ, ဝါယောလဲ လွှန်ရမယ်။ ပထဝီကို ကျန်တဲ့(၃)ပါးက မှီဖြစ်တယ်။ ကျန်တဲ့ (၃)ပါးကိုလဲ ပထဝီက မှီဖြစ်ရတယ်။ ဓာတ်(၂)ပါးကလဲ (၂)ပါးကို မှီဖြစ်ရတယ် ဆိုတော့ အညမညရတဲ့ မဟာဘုတ်ဟာ နိဿယပစ္စည်းလဲ ရပါတယ်။ နာမ်ခန္ဓာ(၄)ပါးကလဲ ဒီအတိုင်းပါပဲ။ စိတ်စေတသိက် နာမ်ခန္ဓာအချင်းချင်း အပြန်အလှန် ကျေးဇူးပြုတာ များပါတယ်။ ရုပ်နဲ့ပတ်သက်ရင်သာ နဲနဲ ရှုပ်တာပါ။ နောက်တော့မှ ဝိထိနဲ့ ပြန်ရှင်းပြပါ့မယ်။

(၂၄)ပစ္စည်းကုန်တော့ ပစ္စည်းပြိုင်ရယ်လို့ ရှိပါသေးတယ်။ သဟဇာတ, နိဿယ, အညမညဆိုတဲ့ ဒီသုံးချက်ဟာ သဟဇာတပစ္စည်းက အတူတကွ ဖြစ်လို့, အညမညပစ္စည်းက အပြန်အလှန် ကျေးဇူးပြုလို့, နိဿယပစ္စည်းက တစ်ခုက တစ်ခုကို မှီပြီးဖြစ်လို့ ကျေးဇူးပြုတာပါ။ ဒီလို အညမညသတ္တိ, သဟဇာတသတ္တိ, နိဿယသတ္တိဆိုပြီး ဒီလိုသတ္တိတွေ ပြိုင်လာတဲ့အခါမှာ တရားတစ်ခု ဖြစ်ပေါ်လာဖို့ ပစ္စည်းပေါင်း ဘယ်လောက်ပြိုင်တယ်, သတ္တိပေါင်း ဘယ်လောက် ရှိတယ်ဆိုတာ သိလာပါတယ်။ မြတ်စွာဘုရားက အနတ္တဝင်အောင် ဟောထားတာပါ။ ဘာအတ္တမှမရှိဘဲ အကြောင်းတရားတွေ ပေါင်းဆုံပြီးမှ အကျိုးတရားဆိုတဲ့ နာမ်ရုပ်တရားတွေ ဖြစ်လာရတာပါ။ ပုဂ္ဂိုလ်သတ္တဝါလို့ ထင်မှတ်နေတာကတော့ အတော့်ကို အသိဉာဏ်နဲ့လို့ပါ။ ဒီအသိဉာဏ်မျိုး ပေါ်ပေါက်လာအောင် ပဋ္ဌာန်းကို ဟောထားတာပါပဲ။

## စိတ္တဇရုပ်

"စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော"ဆိုတဲ့ ပါဠိမှာ စိတ္တစေတသိကာ ဓမ္မာဆိုတာက ပဋိသန္ဓေဖြစ်ပြီးတဲ့နောက် စိတ်စေတသိက်တွေ ဖြစ်နေတာကို ပဝတ္တိလို့ ခေါ်ပါတယ်။ ဒီပဝတ္တိ

အခါမှာလဲ နာမ်ခန္ဓာ (၄)ပါးက ဖြစ်နေတာပါပဲ။ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဆိုတဲ့ နာမ်ခန္ဓာ(၄)ပါးဟာ စိတ္တဇရုပ်တွေကို ထိုင်နေဆဲမှာလဲ ကျေးဇူးပြုပါတယ်။ သွားလာလှုပ်ရှားနေဆဲမှာလဲ ကျေးဇူးပြုပါတယ်။

တချို့ပဋ္ဌာန်းဆရာများက "စိတ္တသမုဋ္ဌာနာနံ ရူပါနံ"ဆိုတဲ့ နေရာမှာ ကမ္မဇရုပ်ကိုလဲ ကျေးဇူးပြုတယ်လို့ ယူဆကြပါတယ်။ ဒီသဘောကတော့ ဝိနိစ္ဆယကြီးတစ်ခုဖြစ်လောက်အောင် နက်နဲပါတယ်။ များသောအားဖြင့် "စိတ္တသမုဋ္ဌာနံ ရူပါနံ"ဆိုတဲ့ နေရာမှာ စိတ္တဇရုပ်ကိုပဲ ယူကြပါတယ်။ ကမ္မဇရုပ်ကလဲ သတ္တဝါတို့သန္တာန်မှာ ပဋိသန္ဓေကစပြီး ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ဖြစ်နေပါတယ်။ ရုပ်သက်အတိုင်း ကမ္မဇရုပ်ကလဲဖြစ်၊ ဥတုဇရုပ်ကလဲဖြစ်၊ စိတ္တဇရုပ်ကလဲဖြစ်၊ အာဟာရဇရုပ်ကလဲ ဖြစ်နေကြပါတယ်။ ပဝတ္တိအခါမှာရှိတဲ့စိတ်, စေတသိက်တွေဟာ ဒီလို တဖွားဖွားဖြစ်နေတဲ့ရုပ်တွေထဲက ကမ္မဇရုပ်ကို ကျေးဇူးပြုသလား၊ မပြုဘူးလားဆိုတာ ပဋ္ဌာန်း (၂၄) ပစ္စည်း အကုန်လုံး သဘောပေါက်တဲ့အခါမှ ဒီပြဿနာက ရှင်းရမှာပါ။

စိတ္တသမုဋ္ဌာနာနံ ရူပါနံကို ဆရာတော်များ ယူဆကြတဲ့ အာစရိယဝါဒကတော့ ပဝတ္တိအခါ စိတ်စေတသိက်နာမ်ခန္ဓာ (၄) ပါးဟာ ရုပ်ကို ကျေးဇူးပြုတဲ့အခါမှာ စိတ္တဇရုပ်ကိုသာ ကျေးဇူးပြုတယ်လို့ ယူဆကြပါတယ်။ စိတ္တဇရုပ်ဆိုတာက စိတ်က ပြောမယ်ဆိုရင် ပြောတယ်၊ စိတ်က သွားမယ်ဆိုရင်လဲ သွားတယ်၊ စိတ်က စားမယ်ဆိုရင် စားတယ်၊ စိတ်ကြောင့် ဒီစိတ္တဇရုပ်တွေက ဖြစ်နေတာပါ။ ကာယဝိညတ္တိနဝကကလာပ်, ဝစီဝိညတ္တိဒသကကလာပ်စတဲ့ စိတ္တဇကလာပ် (၆)စည်းဖြစ်နေတာဟာ ဘာကြောင့် ဖြစ်နေသလဲဆိုတော့ စိတ်စေတသိက် နာမ်ခန္ဓာ (၄)ပါးကြောင့် ဖြစ်နေတာပါ။ ပဝတ္တိအခါ နာမ်က ရုပ်ကို ကျေးဇူးပြုတဲ့အခါ စိတ္တဇရုပ်ပဲ သဟဇာတ ရပါတယ်။ ကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့က စိတ်နဲ့ တပြိုင်နက် မဖြစ်လို့ သဟဇာတ မရနိုင်ပါ။

စိတ္တဇရုပ်ကတော့ စိတ်နဲ့ တပြိုင်နက် ဖြစ်ပါတယ်။ ရုပ်တရားဟာ စိတ္တက္ခဏ (၁၇) ချက် အသက်ရှည်တယ်လို့ ဝိထိပိုင်းမှာ ဆိုထားပါတယ်။ သို့သော် ရုပ် (၂၈)ခုလုံးမှာ စိတ္တက္ခဏ (၁၇)ချက် ရှိသလားလို့ဆိုရင် ရုပ်အားလုံး မဟုတ်ပါဘူး။ ဝိညတ်ဒွေးဟာ စိတ်နဲ့ အသက်ချင်း တူပါတယ်။ စိတ်ဖြစ်တဲ့အခါ ဖြစ်တယ်၊ စိတ်ပျက်တဲ့အခါ ပျက်တယ်၊ ဥပါဒ်, ဌီ, ဘင်ဆိုတဲ့ စိတ္တက္ခဏချင်း ကတော့ အတူတူပါပဲ။ ဝိညတ်ဒွေး, လက္ခဏရုပ် ၄–ခုကြဉ်တဲ့ ရုပ်လို့ သင်္ဂြိုဟ် ဝိထိပိုင်းမှာ တိတိကျကျ ပြဆိုထားပါတယ်။ စိတ္တဇရုပ်က စိတ်စေတသိက်ဆိုတဲ့ နာမ်ခန္ဓာ (၄)ပါးကို ပြန်ပြီး ကျေးဇူးပြုသလားဆိုရင် သဟဇာတပစ္စည်းမှာ ရုပ်က နာမ်ကို ကျေးဇူးပြုလို့မရပါ၊ ပဝတ္တိအခါမှာ နာမ်နဲ့စိတ္တဇရုပ် နှစ်မျိုးမှာ နာမ်က ရုပ်ထက် ပိုအားကောင်းလို့ နာမ်ကသာ စိတ္တဇရုပ်ကို ကျေးဇူးပြုလို့ ရပါတယ်၊ စိတ္တဇရုပ်က နာမ်တရားကို ပြန်ပြီး ကျေးဇူးပြုလို့ မရပါ။ ဒါကြောင့် အပြန်အလှန် ကျေးဇူးပြုတဲ့ အညမညပစ္စည်းမှာ စိတ္တဇရုပ် မပါတော့ပဲ သဟဇာတပစ္စည်းမှာသာ ရကြောင်းကို မြတ်စွာဘုရားက သီးခြား ဟောထားခဲ့ တာပါပဲ။

## ဥပါဒါရုပ်

"မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော" မဟာဘုတ် (၄) ပါးက ဥပါဒါရုပ်ကို သဟဇာတပစ္စည်းနဲ့ အတူတကွ ကျေးဇူးပြုတယ်လို့သာ ဆိုတယ်။ ဥပါဒါရုပ်က မဟာဘုတ်(၄)ပါးကို အညမည အပြန်အလှန် ကျေးဇူး မပြုနိုင်တော့ "မဟာဘူတာ ဥပါဒါရူပါနံ" မှာ အညမည်ဆိုတဲ့ ပါဠိမပါတော့ပါ။ မဟာဘုတ်ကို မှီဖြစ်တဲ့ရုပ်ကို ဥပါဒါရုပ်လို့ ခေါ်ပါတယ်။ ဥပါဒါရုပ်က (၂၄)ပါး ရှိပါတယ်။ မဟာဘုတ် (၄)ပါးကို ပစ္စည်းယူတဲ့အခါမှာ ပစ္စယုပ္ပန် အကျိုးတရား ဖြစ်တဲ့ ဥပါဒါရုပ်တွေဟာ သဟဇာတပစ္စည်းနဲ့ အတူတကွ ဖြစ်ပါတယ်။

သဟဇာတ ကျေးဇူးပြုတယ်ဆိုသော်လဲ ကမ္မဇရုပ်တွေဖြစ်တဲ့ စက္ခုဒသက ကလာပ်မှာ ရုပ်က (၁၀) ခုရှိတယ်။ သောတဒသက ကလာပ်မှာလဲ ရုပ်က

(၁၀)ခု ရှိတယ်။ ကလာပ်တစ်ခုမှာရှိတဲ့ မဟာဘုတ် (၄)ပါးမှတပါး ကျန်တဲ့ ရုပ် (၆)ခုဟာ ဉပါဒါရုပ်ဖြစ်တော့ "မဟာဘူတာ ဉပါဒါရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော" မှာ မဟာဘုတ်က ဉပါဒါရုပ်တိုင်းကို ကျေးဇူးပြုနိုင်ရဲ့လား ဆိုရင် မပြုနိုင်ပါဘူး။ သဟဇာတက အတူတကွဖြစ်တယ်ဆိုတော့ ဉပမာ– စက္ခုပသာဒနဲ့ သောတပသာဒ တပြိုင်နက် ဖြစ်လို့ရသလားဆိုတော့ ကြားတာက တခြား၊ မြင်တာက တခြားမို့ တပြိုင်နက် မဖြစ်နိုင်ပါ၊ တပြိုင်နက်ဖြစ်လို့ မရပါ။

အဘိဓမ္မာမှာ ကလာပ်တူ ကလာပ်ပြားဆိုတာ ရှိပါတယ်။ စက္ခုဒသကမှာ ပါတဲ့ မဟာဘုတ်က စက္ခုဒသကမှာပါတဲ့ ဉပါဒါရုပ်နဲ့ ကလာပ်တူပါတယ်၊ မဟာဘုတ် (၄) ပါးက ဉပါဒါရုပ်ကို ကျေးဇူးပြုတယ်ဆိုပေမဲ့ စက္ခုဒသကမှာ ပါတဲ့ မဟာဘုတ်က သောတဒသကမှာပါတဲ့ ဉပါဒါရုပ်ကို သွားပြီးကျေးဇူး မပြုပါ။ စက္ခုဒသကမှာပါတဲ့ မဟာဘုတ်က ကလာပ်ကွဲပြားဖြစ်နေတဲ့ သောတဒသကမှာပါတဲ့ ဉပါဒါရုပ်ကို သဟဇာတမဖြစ်တဲ့အတွက် ကျေးဇူးပြုလို့ မရပါ။ ကလာပ်တူမှာ မဖြစ်တဲ့အတွက် ကျေးဇူးပြုလို့မရပါ။ ကလာပ်တူမှာ မဖြစ်တဲ့ မဟာဘုတ်ကသာ သူ့ကို မှီဖြစ်တဲ့ ဉပါဒါရုပ်ကို ကျေးဇူးပြုနိုင်တာပါ။ စက္ခုပသာဒ၊ ဇီဝိတ၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာတို့ကသာ မဟာဘုတ်ကို မှီပြီး ဖြစ်ပါတယ်၊ သူတို့ကတော့ မဟာဘုတ်(၄)ပါးကို ပြန်ပြီး ကျေးဇူးပြု နိုင်တဲ့ သတ္တိမရှိပါ။ ဒါက ပဋ္ဌာန်းနည်းနဲ့ ရုပ်ကို အသေးစိတ် ပြန်ရှင်းပြနေ တာပါ။

ဟာဒယဝတ္ထုရုပ်

ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ
သဟဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိ ကာလေ
န သဟဇာတပစ္စယေန ပစ္စယော။

> ရူပိနော ဓမ္မာ၊ ရုပ်တရားတို့သည်။ အရူပီနံ ဓမ္မာနံ၊ နာမ်တရားတို့အား။ ကိဉ္စိကာလေ၊ တရံ တခါ၌။ သဟဇာတပစ္စယေန ပစ္စယော၊ သဟဇာတ ပစ္စည်းဖြင့် ကျေးဇူးပြု၏။ ကိဉ္စိ ကာလေ၊ တရံ တခါ၌။ န ပစ္စယော၊ ကျေးဇူးမပြု-

လို့ဆိုတာက ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုတယ်ဆိုရာမှာ တခါတရံ ကျေးဇူးပြုပြီး၊ တခါတရံ ကျေးဇူးမပြုပါ။

ဒီပါဠိကို မြတ်စွာဘုရားက ဘာပြုလို့ ထပ်ပြီး ဟောရသလဲဆိုတော့ "ဩက္ကန္တိက္ခဏေ နာမရူပံ = ပဋိသန္ဓေအခါမှာ ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုတယ်"လို့ ဟောခဲ့တယ်၊ အဲဒီနေရာမှာ ရုပ်တရားဆိုတာက ဟဒယ ဝတ္ထုရုပ်ကို ဆိုလိုတာပါ။ နာမ်တရားက ပဋိသန္ဓေဆိုသော်လဲ (၃၁)ဘုံမှာရှိတဲ့ ပဋိသန္ဓေအားလုံး မဟုတ်ပါ။ ပဉ္စဝေါကာရ ပဋိသန္ဓေကိုပဲ ပြောတာပါ။ ပဉ္စဝေါကာရ ပဋိသန္ဓေဆိုရာမှာ ဘုံတွေက ပဉ္စဝေါကာရ=ခန္ဓာငါးပါးရှိတဲ့ဘုံ၊ စတုဝေါကာရ=နာမ်ခန္ဓာ (၄) ပါးသာရှိတဲ့ အရူပလေးဘုံ၊ ဧကဝေါကာရ=ခန္ဓာ တစ်ပါးသာရှိတဲ့ အသညသတ်ဘုံလို့ ဘုံ (၃) မျိုးရှိတဲ့အနက်က ပဉ္စဝေါကာရ ပဋိသန္ဓေနဲ့ ဟဒယဝတ္ထုရုပ်ဟာ အညမညလဲရ သဟဇာတလဲ ရပါတယ်။

"စိတ္တစေတသိကာ ဓမ္မာ" မှာ နာမ်တရားက ရုပ်တရားကို သဟဇာတ သတ္တိနဲ့ ကျေးဇူးပြုတာကို ဟောခဲ့တယ်။ "မဟာဘူတာ ဥပါဒါရူပါနံ" မှာ ရုပ်, ရုပ်ချင်း သဟဇာတသတ္တိနဲ့ ကျေးဇူးပြုတာကို ဟောခဲ့တယ်။ "ဩက္ကန္တိက္ခဏေ နာမရူပံ" မှာ ပဋိသန္ဓေခဏမှာ ဝတ္ထုရုပ်တရားက ပဋိသန္ဓေနာမ်တရားကို ကျေးဇူးပြုတာကိုလဲ ဟောချက်ရှိနေတော့ ပဝတ္တိအခါမှာ ဝတ္ထုရုပ်တရားက နာမ်တရားကို သဟဇာတသတ္တိနဲ့ ကျေးဇူးပြုတာ ရှိလေမလားလို့ ဒီလို သံသယ ရှိမှာစိုးလို့ "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော" လို့ ဟောရတာပါပဲ။

ဒီနေရာမှာ သဘောတရားကို စဉ်းစားကြည့်ရင် ရှင်းပါတယ်။ ရုပ်ဖြစ်စဉ်နဲ့ နာမ်ဖြစ်စဉ်က မတူပါ။ ပဝတ္တိအခါမှာ ကမ္မဇရုပ်တွေက ပဋိသန္ဓေရဲ့ ဥပါဒ်ကစပြီး ဖြစ်နေပါတယ်။ စိတ္တဇရုပ်တွေကလဲ ပဋိသန္ဓေရဲ့ နောက်မှာဖြစ်တဲ့ ပထမဘဝင်ရဲ့ ဥပါဒ်ကစပြီး ဖြစ်နေပါတယ်။ ဥတုဇရုပ်တွေကလဲ ပဋိသန္ဓေရဲ့ ဌီခဏကစပြီး ဖြစ်နေပါတယ်။ အာဟာရဇရုပ်တွေကလဲ အစားအစာဝင်ချိန်ကစပြီး ဖြစ်နေပါတယ်။ ရုပ်ဖြစ်ခြင်းရဲ့ အကြောင်းတရားတွေက သူ့ဟာသူ တစ်မျိုးစီသွားပါတယ်။ နာမ်ဖြစ်ခြင်းရဲ့ အကြောင်းတရားတွေကလဲ တစ်မျိုးသွားပြန်ပါတယ်။ ပဝတ္တိအခါမှာ ဝတ္ထုရုပ်က နာမ်တရားကို သဟဇာတသတ္တိနဲ့ ကျေးဇူးမပြုနိုင်ပါ။ ပဋိသန္ဓေအခါကျမှသာ ဟဒယဝတ္ထုရုပ်က နာမ်တရားကို သဟဇာတသတ္တိနဲ့ ကျေးဇူးပြုနိုင်တဲ့အတွက် ရုပ်တရားနဲ့ နာမ်တရားတို့ရဲ့ တပြိုင်နက်ဖြစ်တဲ့ ခဏကိုသာ သီးခြား ရှင်းပြတာပဲ ဖြစ်ပါတယ်။ သဟဇာတ ပစ္စည်းကတော့ ဒီလောက်ဆို တော်တော် စုံသွားပါပြီ။ နိဂုံးချုပ်ကြပါစို့။

# ၇။ အညမညပစ္စည်း

အညမညပစ္စည်း

သဟဇာတပစ္စည်း ပြီးသွားတော့ အညမညပစ္စည်းမှာ ထပ်ပြီး ရှင်းပြစရာ မလိုတော့ပါ။ ပါဠိတော်မှာ "စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော"ဆိုတော့ သဟဇာတကို ဖြုတ်ထားခဲ့တာပါပဲ။ နာမ်ခန္ဓာအချင်းချင်း အပြန်အလှန် ကျေးဇူးပြုတယ်ဆိုတာကို သဟဇာတမှာ ပြောရင် ပြီးသွားပါပြီ။ "စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော" မဟာဘုတ်(၄)ပါး ကလဲ တပြိုင်နက် အပြန်အလှန် ကျေးဇူးပြုတယ်ဆိုတော့ ဒီမှာလဲ အညမညပုဒ် ထဲ့လိုက်ပြီး သဟဇာတကို ဖြုတ်လိုက်တာပါပဲ။ "ဩက္ကန္တိက္ခဏေ"မှာလဲ ဟဒယ ဝတ္ထုရုပ်နဲ့ ပဋိသန္ဓေနာမ်ခန္ဓာ(၄)ပါး အပြန်အလှန် ကျေးဇူးပြုတယ်ဆိုတော့ ပါဠိဟောပုံပဲ ကွာပါတယ်၊ အညမညပစ္စည်းမှာ သဟဇာတပါဠိ (၆)ချက်ထဲက အညမညပစ္စည်းပါဠိက (၃)ချက်ပဲ ရှိပါတော့တယ်။

အညမညမှာ ပစ္စည်းတရားထုတ်ယူရင် "စတ္တာရော ခန္ဓာ အရူပိနော" ဆိုတာက စိတ် (၈၉)ခုနဲ့ စေတသိက် (၅၂)ခုပါ။ "စတ္တာရော မဟာဘူတာ"က မဟာဘုတ် (၄)ပါးပါ။ "ဩက္ကန္တိက္ခဏေ နာမရူပံ"က ပဋိသန္ဓေဝိညာဉ်နဲ့ ဟဒယဝတ္ထုရုပ်ဆိုတော့ အညမညပစ္စည်းတရားမှာ စိတ်(၈၉)ခုနဲ့ စေတသိက် (၅၂)ခုလို့ခေါ်တဲ့ နာမ်ခန္ဓာ(၄)ပါးဟာ အပြန်အလှန် ကျေးဇူးပြုပါတယ်။ မဟာဘုတ်(၄)ပါးကလဲ အပြန်အလှန်ကျေးဇူးပြုပါတယ်။ ဒါကြောင့်မို့ အညမည ပစ္စည်းနဲ့ ပစ္စယုပ္ပန်တရားဟာ သူတို့ပဲ ပစ္စည်းတရား၊ သူတို့ပဲ ပစ္စယုပ္ပန်တရား ဖြစ်ပါတယ်။သူတို့က အကြောင်းတရားလဲဖြစ်, အကျိုးတရားလဲ ဖြစ်ကြပါတယ်။

## သဟဇာတနဲ့ အညမည ထူးခြားချက်

သဟဇာတပစ္စည်းနဲ့အညမညပစ္စည်းမှာ ဘာထူးသလဲဆိုရင် သဟဇာတက မိတ်ဆွေကောင်းနဲ့ တူပါတယ်။ ဥပမာ–သူ့ကို ကျေးဇူးပြုပြု၊ မပြုပြု သူနဲ့ အတူတကွဖြစ်ရင် အကျိုးဆောင်ပေးပါတယ်။ အညမညကတော့ အပြန်အလှန် ရမှ ကျေးဇူးပြုပါတယ်။ သူက ကျေးဇူးပြုမှ ကိုယ်က ကျေးဇူးပြုတယ်ဆိုတဲ့ သဘောပါပဲ။ ''သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ''ဆိုတဲ့ စကားလိုပဲပေါ့။ သဟဇာတနဲ့ အညမညကတော့ ရှင်းသွားလောက်ပါပြီ။ အညမညပစ္စည်းကို နိဂုံးချုပ်ကြပါစို့။

# ၈။ နိဿယပစ္စည်း

## နိဿယပစ္စည်း

နိဿယပစ္စည်းမှာ (၁) ဝတ္ထုပုရေဇာတနိဿယ (၂) သဟဇာတနိဿယ လို့ (၂)မျိုးရှိပါတယ်။ သဟဇာတနိဿယက "စတ္တာရော ခန္ဓာ အရူပိနော" ကနေ "မဟာဘူတာ ဥပါဒါရူပါနံ" အထိ သဟဇာတနဲ့ ပါဠိတော်အတူတူပါပဲ။ သဟဇာတမှာ ပစ္စည်းနဲ့ပစ္စယုပ္ပန်ဟာ တပြိုင်နက် အတူတူဖြစ်ပြီး အတူတူပျက်တဲ့ တရားတွေပါ။ အတူတကွလဲဖြစ်၊ မှီရာလဲဖြစ်တဲ့အတွက် သဟဇာတပစ္စည်းလဲရ၊ နိဿယပစ္စည်းလဲ ရပါတယ်။

## ၁။ ဝတ္ထုပုရေဇာတနိဿယ

နိဿယပစ္စည်းမှာပါတဲ့ "စက္ခာယတနံ"က စပြီး "ယံ ရူပံ နိဿာယ မနောဓာတု စ"အထိ ပါဠိတော်တွေကတော့ ဝတ္ထုပုရေဇာတ နိဿယလို့ ခွဲခြားပြီး ခေါ်ပါတယ်။ ဒီဝတ္ထုပုရေဇာတနိဿယက တပြိုင်နက် မဖြစ်ပါ။ သူက ပစ္စည်းတရားက အရင်ဖြစ်နှင့်ပြီး၊ ပစ္စယုပ္ပန်တရားက နောက်မှ ဖြစ်ပါတယ်။ ဝတ္ထုပုရေဇာတဆိုတော့ ဝတ္ထုရုပ်ကိုလဲ မှီရတယ်။ ဝတ္ထုရုပ်က ရှေ့ကျပြီးလဲ ဖြစ်နေတယ်၊ နိဿယဆိုတော့ ပစ္စယုပ္ပန်က မှီပြီးလဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဝတ္ထုပုရေဇာတနိဿယလို့ ခေါ်ပါတယ်။

ဒီပစ္စည်း (၃)မျိုးကို ကွဲကွဲပြားပြား သိရအောင် သဟဇာတ, အညမည, သဟဇာတနိဿယဆိုတဲ့ ပြီးခဲ့တဲ့သုံးပစ္စည်းက ပါဠိတော်မှာ ပြန်ယှဉ်ကြည့်ရင် သိနိုင်ပါတယ်။ သဟဇာတရိုးရိုးမှာ ပထမ"စတ္တာရော ခန္ဓာ အရူပိနော အညမည

သဟဇာတပစ္စယေန ပစ္စယော'' နာမ်ခန္ဓာ(၄)ပါးက နာမ်ခန္ဓာ (၄)ပါးကို တပြိုင်နက်ဖြစ်ပြီး ကျေးဇူးပြုတယ်၊ အချင်းချင်း အပြန်အလှန်လဲ ကျေးဇူးပြုတယ် ဆိုတော့ သဟဇာတလဲရ, အညမညလဲ ရပါတယ်။ ဒုတိယ 'စတ္တာရော မဟာဘူတာ'မှာလဲ မဟာဘုတ်လေးပါးက မဟာဘုတ်လေးပါးကို တပြိုင်နက် အတူတူဖြစ်ပြီး ကျေးဇူးပြုတယ်၊ အချင်းချင်း အပြန်အလှန်လဲ ကျေးဇူးပြုတယ် ဆိုတော့ သဟဇာတ, အညမညရပါတယ်။ တတိယ ''ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော''မှာလဲ ပဋိသန္ဓေအခါ နာမ်နဲ့ရုပ်ဟာ အတူတကွ တပြိုင်နက်ဖြစ်ပါတယ်။ ဒီ (၃)ချက်ကိုကြည့်တော့ (၃)ချက်လုံးဟာ နိဿယပစ္စည်းလဲ ရနေပါတယ်။

(၄) အချက်ဖြစ်တဲ့ ''စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော''မှာ စိတ်, စေတသိက် နာမ်တရားတွေက စိတ္တဇရုပ်ကို ကျေးဇူးပြုတဲ့အခါ စိတ္တဇရုပ်နဲ့ စိတ်, စေတသိက်တို့ဟာ ပစ္စည်းနဲ့ ပစ္စယုပ္ပန် တပြိုင်နက်လဲ ဖြစ်, မှီပြီးတော့လဲ ဖြစ်တော့ သဟဇာတနဲ့ နိဿယ ရပါတယ်။ စိတ္တဇရုပ်က စိတ်စေတသိက်ဆိုတဲ့ နာမ်ကို ပြန်ပြီး ကျေးဇူးမပြုတဲ့ အတွက် အညမညတော့ မရပါ။

(၅) အချက်ဖြစ်တဲ့ ''မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော''မှာ မဟာဘုတ်က ဥပါဒါရုပ်ကို ကျေးဇူးပြုတဲ့အတွက် မဟာဘုတ်က ပစ္စည်းတရား၊ ဥပါဒါရုပ်က ပစ္စယုပ္ပန်တရားပါ။ တပြိုင်နက် ဖြစ်ပါတယ်။ မဟာဘုတ်ကလဲဖြစ်, ဥပါဒါရုပ်ကလဲ မဟာဘုတ်ကို မှီပြီးဖြစ်တော့ သူတို့ကလဲ သဟဇာတနဲ့ နိဿယပဲ ရတယ်၊ အညမညတော့ မရပါ။

(၆) အချက် ''ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတ ပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော''လို့ ဆိုတော့ ရိုးရိုးဘာသာပြန်ရင် ရုပ်တရားတွေက နာမ်တရားတွေကို ကျေးဇူးပြုတဲ့ အခါမှာ တရံတခါ သဟဇာတပစ္စည်း ရတယ်၊ တရံတခါ သဟဇာတပစ္စည်း မရပါ။ ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုတယ်ဆိုတဲ့ ဒီအပိုဒ်မှာ ရုပ်ဆိုတာ

ဘယ်ရုပ်လဲဆိုတော့ အဋ္ဌကထာဆရာများက ဟဒယဝတ္ထုရုပ်လို့ ဆိုပါတယ်။ ဘာနဲ့သွားတူ သလဲဆိုတော့ (၃)နံပါတ်ဖြစ်တဲ့ "ဩက္ကန္တိက္ခဏေ နာမရူပံ"ဆိုတဲ့ သဟဇာတပစ္စည်းကို ပြန်ညွှန်းတဲ့ အဓိပ္ပာယ်ရောက်ပါတယ်။ ရုပ်တရားက နာမ်တရားကို ကျေးဇူး ပြုရာမှာ တရံတခါ ပဋိသန္ဓေအခါမှာသာ ဟဒယဝတ္ထု ရုပ်က နာမ်တရားကို သဟဇာတ, နိဿယ, အညမည သုံးပစ္စည်းနဲ့ ကျေးဇူးပြု တယ်။ ရုပ်နဲ့ နာမ် တပြိုင်နက်လဲ ဖြစ်တယ်။ ဒီလို ဖြစ်တာဟာ "ကိဉ္စိကာလေ" ပဋိသန္ဓေအခါမှာသာ မှီလဲမှီတယ်၊ အပြန်အလှန်လဲရတယ်။ ဒီပဋိသန္ဓေအခါ မှာပဲ ဖြစ်ပါတယ်၊ ဒီ့ပြင်အခါများမှာ တစ်ကြိမ်တစ်ခါမှ ဝတ္ထုရုပ်နဲ့ နာမ် တပြိုင်နက် မဖြစ်ပါ။

ဒီအချက် (၆)ချက်မှာ ရှေ့ (၃)ချက်က သဟဇာတ, နိဿယ, အညမည သုံးခုလုံး ရပါတယ်။ နောက်(၃)ချက်ကတော့ သဟဇာတနဲ့ နိဿယပဲ ရပါ တယ်၊ အညမညတော့ မရပါ။

အညမညပစ္စည်းမှာကျတော့ သဟဇာတပစ္စည်း အချက် (၆)ချက်မှာ "စတ္တာရော ခန္ဓာ အရူပိနော အညမညံ၊ စတ္တာရော မဟာဘူတာ အညမညံ၊ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ"ဆိုတဲ့ (၃)ချက်ပဲ ပါလာပါတယ်။ တကယ် ယှဉ်ကြည့်ရင် အပြန်အလှန် ကျေးဇူးပြုတဲ့ အညမညပစ္စည်းဖြစ်ရင် တပြိုင်နက် အတူတကွ ကျေးဇူးပြုတဲ့ သဟဇာတပစ္စည်းက ရပါတယ်။ မှီဖြစ်တဲ့ နိဿယလဲ ရပါတယ်။နောက်(၃)ချက်မှာကြည့်ရင် သဟဇာတပစ္စည်း, နိဿယပစ္စည်း ဖြစ် တိုင်းတော့ အညမညမရပါ။ သဟဇာတနဲ့ အညမညကတော့ ရှင်းလောက်ပါပြီ။

## ၂။ သဟဇာတနိဿယ

သဟဇာတနိဿယကျတော့ သတဇာတ(၆)ချက်မှာ ရှေ့(၅)ချက်က ပြန် ပါလာပါတယ်။

(၁) နာမ်က နာမ်ကို အချင်းချင်း ကျေးဇူးပြုတယ်၊ (၂) ရုပ် ရုပ်ချင်း ကျေးဇူးပြုတယ်၊ (၃) ပဋိသန္ဓေခဏမှာ နာမ်က ရုပ်ကို ကျေးဇူးပြုတယ်၊

ရုပ်က နာမ်ကို ကျေးဇူးပြုတယ်၊ (၄) စိတ် စေတသိက်က စိတ္တဇရုပ်ကို ကျေးဇူးပြုတယ်၊ (၅) မဟာဘုတ်က ဥပါဒါရုပ်ကို ကျေးဇူးပြုတယ်၊ ဒီငါးချက် ပါလာပါတယ်။

"ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော"ဆိုတဲ့ ပါဠိ ပါမလာတော့ပါ။ မပါတဲ့အကြောင်းကို ပဋ္ဌာန်းကို နက်နက်နဲနဲ မစဉ်းစားဘဲ သာမညသာ စဉ်းစားရင် ဘာမှ သိပ်ပြီး မထူးဘူးလို့ ထင်ရပါတယ်၊ သေသေချာချာ စဉ်းစားရင် ပုရေဇာတနိဿယကို ရောက်တဲ့အခါမှာ ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုတာ ဘယ်အခါဆိုတာ ပေါ်လာမှာ ဖြစ်ပါတယ်။

## ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုပုံ

"စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော"လို့ ဆိုတော့ စက္ခာယတနံက စက္ခုပသာဒရုပ်ပါပဲ။ "စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ"ဆိုတော့ စက္ခုဝိညာဉ်နဲ့ သူ့မှာယှဉ်တဲ့ စေတသိက်(၇)ခုပါပဲ။ အဲဒီတော့ ပစ္စည်းတရားက စက္ခုပသာဒရုပ်၊ ပစ္စယုပ္ပန်တရားက စိတ်နဲ့ စေတသိက် ဖြစ်ပါတယ်။ ရုပ်တရားက နာမ်ကို ကျေးဇူးပြုတာကို ပြတာပါ။ ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ=ရုပ်တရားတွေက နာမ်တရားတွေကို ကျေးဇူးပြုတာ နိဿယပစ္စည်းမှာ လာပြီး တွေ့ရပါတယ်။ သဟဇာတပစ္စည်းတုန်းက "ကိဉ္စိကာလေ"အဓိပ္ပာယ်ကို ဒီမှာ သေသေချာချာ စဉ်းစားရင် အများကြီး ပေါ်လာပါတယ်။ ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုတာဟာ ပဋိသန္ဓေအခါမှာသာ သဟဇာတတပြိုင်နက် ဖြစ်ရတယ်၊ အတူတကွ ဖြစ်ရတယ်၊ မှီရာလဲ ဖြစ်ရတယ်။ ဝတ္ထုပုရေဇာတနိဿယဖြစ်တဲ့ ပဝတ္တိအခါမှာ ကျတော့ တပြိုင်နက်ဖြစ်ဖို့ မလိုတော့ပါ။ မှီရာဖြစ်ရင်ပဲ ဝတ္ထုပုရေဇာတ နိဿယကတော့ ရတာပါပဲ။

စက္ခုဝိညာဉ်နဲ့စက္ခုပသာဒ

ဥပမာနဲ့ ရှင်းရမယ်ဆိုရင် စိတ်နဲ့ရှင်းမှ ပဋ္ဌာန်းက ရှင်းတာပါ။ စက္ခုဝိညာဉ် စိတ်ဝီထိကို ချကြည့်ရင် အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော, တဒါရုံလို့ ရှိပါတယ်။ စက္ခုပသာဒကလဲ အတီတဘဝင်ရဲ့ ဥပါဒ်ခဏက စပြီးတော့ ဖြစ်တယ်၊ ရုပ်သက်က (၁၇)ချက်ရှိတော့ ရူပါရုံဟာ အတီတဘဝင်ရဲ့ ဥပါဒ် ခဏက စဖြစ်ပြီး ဒုတိယတဒါရုံရဲ့ ဘင်ကျမှ ချုပ်ပါတယ်။ စက္ခုပသာဒကလဲ အတီတဘဝင်ရဲ့ ဥပါဒ်ခဏက စဖြစ်ပြီး ဒုတိယတဒါရုံရဲ့ ဘင်ကျမှ ချုပ်ပါတယ်။ စက္ခုဝိညာဉ်က အတီတဘဝင်ရဲ့ ဥပါဒ်ခဏက စပြီး ဖြစ်တဲ့ စက္ခုပသာဒကို မှီပြီး ဖြစ်ပါတယ်။ "စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ"မှာ စက္ခုပသာဒ ရုပ်တရားက စက္ခုဝိညာဉ်ဖြစ်တာထက် အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်းဆိုတဲ့ စိတ္တက္ခဏ(၄)ချက်စောပြီး ဖြစ်ပါတယ်၊ စက္ခုဝိညာဉ်စိတ်ဟာ ဘယ်သူ့ကို မှီပြီး ဖြစ်ရသလဲဆိုရင် အတီတဘဝင်နဲ့ ဥပါဒ်ပြိုင်ပြီးဖြစ်တဲ့ စက္ခုပသာဒရုပ်ကို မှီပြီး ဖြစ်ရတယ်၊ စက္ခုပသာဒရုပ်က စက္ခုဝိညာဉ်စိတ်ကို ဝတ္ထုပုရေဇာတ နိဿယနဲ့ ကျေးဇူးပြုပါတယ်။

ဝတ္ထုပုရေဇာတနိဿယဆိုတော့ ဝတ္ထုဆိုတာက ရုပ်ပါ၊ ရုပ်ပိုင်းမှာ စက္ခု ဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထုဆိုတဲ့ ဝတ္ထုရုပ်ပေါင်း (၆)ပါး ရှိပါတယ်။ ဒီစက္ခုပသာဒခေါ်တဲ့ ရုပ်ကိုတော့ စက္ခု ဝိညာဉ်စိတ်ရဲ့ မှီရာဖြစ်လို့ "ဝတ္ထု"၊ ပစ္စယုပ္ပန်တရားထက် ပစ္စည်းတရားက ရှေ့ကျနေလို့ "ပုရေဇာတ"၊ စက္ခုဝိညာဉ်က စက္ခုပသာဒကို မှီပြီး ဖြစ်ရလို့ "နိဿယ"၊ ပေါင်းလိုက်တော့ ဝတ္ထုပုရေဇာတနိဿယပစ္စည်းလို့ ခေါ်ပါတယ်။

အများနားလည်တာက စက္ခုပသာဒရုပ်ဟာ မြင်တဲ့စိတ် စက္ခုဝိညာဉ်စိတ်ကို ဖြစ်ပေါ်စေတယ်လို့ ဒီလို သာမညအားဖြင့် သိပါတယ်၊ ဝီထိနဲ့ ချကြည့်တော့ စက္ခုပသာဒရုပ်က စက္ခုဝိညာဉ်ရဲ့ အရင်ဖြစ်နေတာပါ။ အတီတဘဝင်မှ ပဉ္စဒွါရာ ဝဇ္ဇန်းအထိ စိတ္တက္ခဏ(၄)ချက်ကျော်ပြီးမှ စက္ခုဝိညာဉ်စိတ်ကို ကျေးဇူးပြုတာ

ဖြစ်လို့ စက္ခုပသာဒရုပ်ကို ဝတ္ထုပုရေဇာတနိဿယလို့ ခေါ်ပါတယ်။ စက္ခုပသာဒ ရုပ်က စက္ခုဝိညာဉ်နာမ်ကို ဝတ္ထုပုရေဇာတနိဿယသတ္တိနဲ့ ကျေးဇူးပြုတယ်လို့ ဆိုရပါတယ်။

စက္ခုပသာဒရုပ်က စက္ခုဝိညာဉ်နာမ်တရားကို ကျေးဇူးပြုတဲ့အခါမှာ "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော"လို့ ဒီနေရာမှာ ဟောလို့ မဖြစ်နိုင်ပါ။ စက္ခုပသာဒရုပ်က ပဋိသန္ဓေအခါမှာ ဖြစ်တာမဟုတ်ပါ၊ ပဝတ္တိ အခါမှာသာ ဖြစ်တာပါ။ ဒီလိုဖြစ်တော့ ဝတ္ထုပုရေဇာတနိဿယမှာတော့ "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ"ဆိုစရာမလိုပါ။ ပဝတ္တိအခါမှာ ဝတ္ထုရုပ်တရား တွေက နာမ်တရားကို နိဿယသတ္တိနဲ့ ကျေးဇူးပြုတာကို သီးခြား ဟောထား ပါတယ်။ ဒါကြောင့် "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ပဝတ္တိကာလေ နိဿယပစ္စယေန ပစ္စယော"လို့ ဟောစရာ မလိုဘဲ ဝတ္ထုရုပ် (၆)ပါးလို့ ခေါ်တဲ့ ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုတာကို ဆက်ပြီး မြတ်စွာဘုရားက ဟောထားတာပါပဲ။ သဟဇာတတုန်းက "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ" အကျယ်သဘောလဲ ဖြစ်သွားပါတယ်။ စက္ခုပသာဒရုပ်က စက္ခုဝိညာဏ်အား ကျေးဇူးပြုတယ်ဆိုတဲ့အခါမှာ ဝတ္ထုပုရေဇာတနိဿယ ရပြီး သဟဇာတမရတာလဲ ထင်ရှားသွားပါတယ်။

သဟဇာတနိဿယ ဘယ်လိုနေရာမှာ ရသလဲဆိုရင် "စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော"အရ စက္ခုဝိညာဉ်ဖြစ်တဲ့ အခါ စက္ခုဝိညာဏ်ဒွေးဟာ သူ့မှာ ယှဉ်တဲ့ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရဆိုတဲ့ စေတသိက်(၇)ခုက အတူပါလာတယ်။ ဝေဒနာပါတော့ ဝေဒနာက္ခန္ဓာ၊ သညာပါတော့ သညာက္ခန္ဓာ၊ ကျန်တဲ့ စေတသိက်(၅)ခုက သင်္ခါရက္ခန္ဓာ၊ စက္ခုဝိညာဉ်စိတ်က ဝိညာဏက္ခန္ဓာဆိုတော့ နာမ်ခန္ဓာ (၄)ပါးလဲ ပါလာတယ်။ စက္ခုဝိညာဉ်စိတ်ဖြစ်တယ်ဆိုတာက စိတ်တစ်ခုထဲသာ ဖြစ်တာမဟုတ်ပါ၊ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ=စက္ခုဝိညာဉ်နဲ့

ယှဉ်တဲ့ စေတသိက်တွေပါ တခါထဲ ဖြစ်တယ်။ စက္ခုဝိညာဉ်စိတ်ဖြစ်တဲ့အခါ နာမ်ခန္ဓာ(၄)ပါးဖြစ်ပါတယ်။ နာမ်ခန္ဓာ (၄)ပါးဟာ စက္ခုဝိညာဉ်စိတ်ဖြစ်တဲ့အခိုက် ဥပါဒ်၊ ဋ္ဌီ၊ ဘင်ဆိုရင် ဝိညာဏက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ တပြိုင်နက် ဖြစ်ပါတယ်။ စိတ်နဲ့စေတသိက်ရဲ့ လက္ခဏာဟာ အတူဖြစ် အတူချုပ်ရပါတယ်။ အာရုံတူ မှီရာတူရပါတယ်။

သဟဇာတကို ဝီထိချတဲ့အခါမှာ တပြိုင်နက်ထဲမှာပဲ သဟဇာတ ဖြစ်ပါတယ်။ စက္ခုဝိညာဉ်က နောက်ကို သွားပြီး သဟဇာတလုပ်လို့မရ၊ ရှေ့လာပြီးလဲ သဟဇာတလုပ်လို့ မရတာကြောင့် သဟဇာတမျိုးက စက္ခုဝိညာဉ်စိတ်နဲ့ အတူတကွ တပြိုင်နက်ဖြစ်တဲ့ စိတ်စေတသိက်တွေကိုသာ သဟဇာတပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်။ ဒါကြောင့် "စတ္တာရော ခန္ဓာ အရူပိနော အညမည် သဟဇာတပစ္စယေန ပစ္စယော"အရ နာမ်ခန္ဓာ လေးပါးဟာ အတူတကွ တပြိုင်နက်ဖြစ်မှပဲ ရပါတယ်။

## စက္ခုဝိညာဉ်စိတ် ပစ္စည်းပြိုင်

ဝီထိမှာ စက္ခုဝိညာဉ်ကို ကြည့်ရင် "ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော"အရ စက္ခုဝိညာဉ်စိတ်ဟာ အာရမ္မဏပစ္စည်းကြောင့် ဖြစ်ရတယ်။ စက္ခုဝိညာဉ်စိတ် ပစ္စယုပ္ပန်တရားက နောက်မှဖြစ်၊ ရူပါရုံ ပစ္စည်းတရားက အရင်ဖြစ်ပြီး ရှေ့မှာဖြစ်လို့ ပုရေဇာတပစ္စည်းလဲ ရပါတယ်၊ "ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော"လို့ ပုရေဇာတပစ္စည်းမှာ ကျတော့ လာပါလိမ့်မယ်။ ပုရေဇာတပစ္စည်းကိုတော့ မတင်ပြရသေးပါ။ ပစ္စည်းတွေက ပဋ္ဌာန်း (၂၄) ပစ္စည်းလုံး အကုန်စုံမှ ပိုပြီး အဓိပ္ပါယ်နားလည်ပါတယ်။ အခုတော့ အနဲငယ်ပဲ ရှင်းပြမှာပါ၊ နောင် (၂၄)ပစ္စည်းကုန်သွားတော့မှ ပစ္စည်းအမျိုးပေါင်း ဘယ်လောက်ဖြစ်သလဲဆိုတာကို ရှင်းပြပါ့မယ်။

ရူပါရုံကိုထောက်ရင် စက္ခုဝိညာဉ်ဟာ ဘာကြောင့် ဖြစ်ရသလဲဆိုတော့ ရူပါရုံကြောင့်ဖြစ်တဲ့အတွက် အာရမ္မဏပစ္စည်း၊ ရှေ့ကျနေလို့ ပုရေဇာတပစ္စည်းလဲ ရတယ်။ စက္ခုပသာဒကို ထောက်ကြည့်ရင် စက္ခုဝိညာဉ်စိတ်ဟာ စက္ခုပသာဒကို မှီပြီး ဖြစ်ရလို့ နိဿယပစ္စည်းလဲရတယ်။ အတူတကွဖြစ်တဲ့ စေတသိက်များ ဖြစ်ကြတဲ့ ဝေဒနာ၊ သညာ၊ သင်္ခါရကိုထောက်ရင် စက္ခုဝိညာဉ်စိတ် ဘာကြောင့် ဖြစ်သလဲဆိုတော့ စက္ခုဝိညာဉ်စိတ်ဟာ စေတသိက်တွေနဲ့ တပြိုင်နက်ဖြစ်လို့ သဟဇာတပစ္စည်း၊ အပြန်အလှန်ကျေးဇူးပြုလို့ အညမည ပစ္စည်းလဲ ရပါတယ်။ ဒါကြောင့် စက္ခုဝိညာဏ်စိတ်တစ်ခုဖြစ်ရာမှာ သဟဇာတ မျိုးထဲက သဟဇာတ၊ အညမည၊ နိဿယ၊ အာရမ္မဏမျိုးထဲက အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတပစ္စည်းများက ကျေးဇူးပြုလို့ ဖြစ်ရပါတယ်။

စက္ခုဝိညာဉ်စိတ်ဖြစ်တာကို ရှေ့မှာ တင်ပြပြီးခဲ့တဲ့ အနန္တရမျိုးနဲ့ကြည့်ရင် အနန္တရမျိုးမှာတော့ တပြိုင်နက်ဖြစ်တဲ့ ပစ္စည်းမျိုးမဟုတ်တဲ့အတွက် စက္ခုဝိညာဉ် စိတ်ဟာ အနန္တရမျိုးမှာ ပဉ္စဒွါရာဝဇ္ဇန်းရဲ့ အခြားမဲ့မှာ ဖြစ်ပါတယ်၊ စက္ခုဝိညာဏ် စိတ် ဘာကြောင့်ဖြစ်ရသလဲဆိုရင် ပဉ္စဒွါရာဝဇ္ဇန်းကို ထောက်ပြီး ပဉ္စဒွါရာဝဇ္ဇန်းက အနန္တရသတ္တိနဲ့ မိမိရဲ့ အခြားမဲ့မှာ စက္ခုဝိညာဉ်စိတ်ကို ဖြစ်စေလို့မို့ အနန္တရပစ္စည်း ရပါတယ်၊ အနန္တရပစ္စည်းရတဲ့အတွက် သမနန္တရပစ္စည်းလဲ ရပါတယ်။

အာရမ္မဏမျိုးနဲ့ သဟဇာတမျိုး အကြောင်းအကျိုးဆက်သွယ်ပုံချင်း မတူတာကို ဒီလို ကောက်ကြည့်ရင် သိပါတယ်။ ပုရေဇာတနိဿယမျိုးနဲ့ သဟဇာတမျိုး မတူတာကလဲ ဒီမှာ သိသာတယ်။ အနန္တရမျိုးနဲ့ အာရမ္မဏမျိုး၊ သဟဇာတမျိုး မတူတာကလဲ အနန္တရဆိုရာမှာ ပဉ္စဒွါရာဝဇ္ဇန်းမရှိမှ ချုပ်ပြီးမှ စက္ခုဝိညာဉ်စိတ်က ဖြစ်ရလို့ ပဉ္စဒွါရာဝဇ္ဇန်းဟာ စက္ခုဝိညာဏ်စိတ်ကို အနန္တရ ပစ္စည်းနဲ့ ကျေးဇူးပြုတာပါ။ တင်ပြပြီးဖြစ်တဲ့ ဒီဝီထိတစ်ခုထဲမှာပဲ အနန္တရ၊ သမနန္တရ၊ အာရမ္မဏ၊ ပုရေဇာတ၊ သဟဇာတ၊ အညမည၊ နိဿယပစ္စည်းတွေ ရနေပါတယ်။ ဒီစက္ခုဝိညာဉ်စိတ်ဟာ (၂၄)ပစ္စည်းမှာ ပစ္စည်းမျိုးပေါင်း ဘယ်လောက်ထိအောင် ဖြစ်နိုင်သလဲဆိုတာ နောက်ကျမှ ထပ်ပြီးရှင်းပြပါ့မယ်။

သောတဝိညာဉ်စိတ်

"သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော"ဆိုတော့ သောတဝိညာဉ်ကို ဝီထိချကြည့်တဲ့အခါ သောတဝိညာဉ်စိတ်က သောတပသာဒကို မှီပြီး ဖြစ်တော့ သောတပသာဒက နိဿယပစ္စည်းဖြစ်နေပါတယ်၊ ဘာနိဿယလဲဆိုတော့ ပစ္စည်းတရားက ရှေ့ကျနေတဲ့အတွက် ပုရေဇာတနိဿယပါ။ သောတဝတ္ထုရုပ်ကို မှီ၍ ဖြစ်ရလို့ ဝတ္ထုပုရေဇာတပါ။ ဒီနေရာမှာ ပုရေဇာတက အာရမ္မဏပုရေဇာတ၊ ဝတ္ထုပုရေဇာတလို့ နှစ်မျိုးရှိပါတယ်။ သဒ္ဒါရုံက သောတဝိညာဉ်ကို ကျေးဇူးပြုတဲ့အခါ အာရုံအားဖြင့် ရှေ့ကျလို့ အာရမ္မဏပုရေဇာတ၊ သောတပသာဒက သောတဝိညာဉ်ကို ကျေးဇူးပြုရာမှာ မှီရာအနေနဲ့ ကျေးဇူးပြုတာဖြစ်တဲ့အတွက် ဝတ္ထုပုရေဇာတလို့ ခေါ်ပါတယ်။ ဒီလို ပုရေဇာတကို ခွဲပြီး ခေါ်တာကတော့ ဝီထိတွေကို ကြည့်ပြီး ခေါ်ထားတာပါပဲ။ သောတပသာဒက သောတဝိညာဏ်စိတ်နဲ့ ယှဉ်တဲ့ စေတသိက်တွေကို ကျေးဇူးပြုတဲ့ အခါမှာလဲ ဝတ္ထုပုရေဇာတနိဿယပါပဲ။

ဃာနဝိညာဉ်စိတ်

"ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော"ဆိုတော့ ဒီနေရာမှာ ဃာနဒွါရဝီထိချရုံပါပဲ၊ နံတယ်ဆိုတဲ့ ဃာနဝိညာဏ်စိတ်ဟာ ဃာနဝတ္ထုရုပ်ကို မှီပြီးဖြစ်ရတဲ့အတွက် ဝတ္ထုပုရေဇာတနိဿယနဲ့ ကျေးဇူးပြုပါတယ်။

ဇိဝှါဝိညာဉ်စိတ်

"ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော"မှာလဲ အတူတူပါပဲ၊ ဇိဝှါဝိညာဉ်စိတ်နဲ့ စေတသိက်ဟာ ဇိဝှါပသာဒကို မှီပြီးဖြစ်ရလို့ ဝတ္ထုပုရေဇာတနိဿယနဲ့ ကျေးဇူးပြုပါတယ်။

## ကာယဝိညာဉ်စိတ်

"ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော"မှာ ကာယဝိညာဉ်စိတ်နဲ့ ကာယဝိညာဉ်မှာ ယှဉ်တဲ့ စေတသိက်တွေဟာ ကာယပသာဒကို မှီပြီးဖြစ်ရလို့ နိဿယပစ္စည်း၊ ကာယပသာဒပစ္စည်းက ရှေ့ကျနေလို့ ဝတ္ထုပုရေဇာတပစ္စည်း နှစ်မျိုးရသွားပါတယ်။

## ရုပ်နဲ့စိတ်

"ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော"ဆိုတဲ့ ပါဠိမှာ ယံ ရူပံ=အကြင်ရုပ်လို့ သာမန်ပဲ ဆိုပါတယ်၊ မနောဓာတ်နဲ့ မနောဝိညာဏဓာတ်တို့ဟာ ရုပ်ကို မှီပြီး ဖြစ်ကြရတယ်၊ ပဉ္စဒွါရဝီထိချတဲ့အခါမှာ စက္ခုဝိညာဉ်ဒွေး၊ သောတဝိညာဉ်ဒွေး၊ ဃာနဝိညာဉ်ဒွေး၊ ဇိဝှါဝိညာဉ်ဒွေး၊ ကာယဝိညာဉ်ဒွေးဆိုတဲ့ ဒီစိတ် (၁၀)ခုပဲ ကုန်သွားတယ်။ ဝတ္ထုရုပ်ကလဲ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထုဆိုတဲ့ ဝတ္ထုရုပ်ငါးပါးကြောင့် ဒွေးပဉ္စဝိညာဉ် (၁၀)ဆိုတဲ့ စိတ်ပေါင်း (၁၀)ပဲ ဖြစ်ပါတယ်။ စိတ် (၈၉)ခုထဲမှာ ပဉ္စဒွါရာဝဇ္ဇန်းနဲ့ သမ္ပဋိစ္ဆိုင်းဒွေးဆိုတဲ့ သုံးခုကို မနောဓာတ်လို့ ခေါ်ပါတယ်။ ကျန်တဲ့စိတ် (၇၆)ပါးလုံးကို မနောဝိညာဏဓာတ်လို့ ခေါ်ပါတယ်။ ပဉ္စဒွါရဝီထိချကြည့်ရင် စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဏဓာတ်ဆိုတဲ့ ဓာတ် (၅) ပါးကို ခွဲတော့ စိတ် (၁၀)ခုပဲ ကုန်သွားပါတယ်။ ပဉ္စဒွါရာဝဇ္ဇန်းနဲ့ သမ္ပဋိစ္ဆိုင်းဒွေးလို့ ခေါ်တဲ့ မနောဓာတ် (၃)ခုနဲ့ ပေါင်းတော့ စိတ် (၁၃)ခု ရှိပါတယ်၊ ကျန်တဲ့ စိတ် (၇၆)ခုဟာ အကုန် မနောဝိညာဏဓာတ် ပါပဲ။ ဒီစိတ် (၇၉)ခုဟာ စက္ခုဝတ္ထုကိုလဲ မှီလို့ မရ၊ သောတဝတ္ထုကိုလဲ မှီလို့မရ၊ ဃာနဝတ္ထုကိုလဲ မှီလို့မရ၊ ဇိဝှါဝတ္ထုကိုလဲ မှီလို့မရ၊ ကာယဝတ္ထုကိုလဲ မှီလို့ မရပါ။ သူတို့ မှီစရာ ရုပ်တစ်ခုတော့ ရှိရမှာပါ။

## ယံရူပံနဲ့ဝတ္ထုရုပ်

"ယံ ရူပံ"ဆိုတဲ့ အပိုဒ်ကို ပဋ္ဌာန်းမှာ ဟောတာက "ဟဒယရူပံ"လို့ မဟောပါ၊ "ယံ ရူပံ"လို့ သာမန်ပဲ ဟောပါတယ်။ ဒါကြောင့်မို့ အဘိဓမ္မာမှာ ဟဒယဝတ္ထုရုပ်ရှိသလား၊ မရှိဘူးလားဆိုတဲ့ပြဿနာ ဖြစ်နေကြပါတယ်။ အဘိဓမ္မာအဋ္ဌကထာဆရာကြီးတွေက "ရူပံ"ဆိုတဲ့ ရုပ်ကို "ဟဒယဝတ္ထုရုပ်"လို့ ဆိုပါတယ်။ ဟဒယဆိုတာက အမှန်ကတော့ "စိတ်"ပါပဲ၊ ဟဒယဝတ္ထုရုပ် ဆိုတာက စိတ်ရဲ့အမှီခံဖြစ်တဲ့ ရုပ်ဖြစ်ပါတယ်။ နှလုံးသားရဲ့ အတွင်းမှာရှိတဲ့ သွေးကိုမှီပြီး ရုပ်က ဖြစ်ရပါတယ်။ ဒီသွေးကတော့ ပဋိသန္ဓေက ပါလာတဲ့ ကမ္မဇ သွေးပါ၊ သူက စိတ္တက္ခဏတိုင်း ဥပါဒ်၊ ဌီ၊ ဘင်နဲ့ ဆက်ကာဆက်ကာ ဖြစ်နေတာဟာ တစ်သက်လုံး ဖြစ်နေတာပါ။ ပဋိသန္ဓေကမ္မဇရုပ်တွေ ဆက်ကာ ဆက်ကာ ဖြစ်နေတော့ ဝတ္ထုရုပ်က သွေးမှာ မှီပြီး ဖြစ်နေရတာပါ။

"ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယပစ္စယေန ပစ္စယော"ဆိုတော့ ပဋိသန္ဓေခဏမှာ ပထမဆုံး ဖြစ်လာတဲ့ ကမ္မဇရုပ်၊ ပထမဆုံးဖြစ်လာတဲ့ ပဋိသန္ဓေ စိတ်တို့ဟာ အပြန်အလှန် ရုပ်နဲ့နာမ် မှီရတယ်၊ အပြန်အလှန်လဲ အညမည ကျေးဇူးပြုတယ်၊ သူတို့ဟာ ပဋိသန္ဓေအခါက စပြီး စုတိတိုင်အောင် အမြဲတမ်း ဖြစ်နေရတယ်။ သူတို့မဖြစ်ရင် "သွေးဆုတ်သွားပြီ၊ ဝိညာဉ်ချုပ်တော့မယ်"လို့ ဒီလို ပြောကြပါတယ်၊ ဒီသွေးက သိပ်အရေးကြီးပါတယ်။

"ယံ ရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏဓာတု စ ဝတ္တန္တိ"မှာ အတီတဘဝင်စိတ်ဟာ ဘယ်သူ့ကို မှီသလဲဆိုရင် ဟဒယ ဝတ္ထုရုပ်ကို မှီပါတယ်။ လွန်သွားတဲ့ အတီတဘဝင်, လှုပ်သွားတဲ့ ဘဝင်္ဂစလန, ပြတ်သွားတဲ့ ဘဝင်္ဂုပစ္ဆေဒ ဆိုတဲ့ ဝီထိစိတ်မဖြစ်ခင် ဖြစ်နေတဲ့ စိတ်တွေဟာ ဘဝင်စိတ်ချည်းပါပဲ။ ဝီထိစိတ် မဖြစ်ခင် သတ္တဝါတွေရဲ့ သန္တာန်မှာ ဘဝင်စိတ်က ဖြစ်နေရပါတယ်။ ဘဝင်စိတ် မဖြစ်ရင် သေတယ်လို့ခေါ်တာပါ။ ဝီထိစိတ်ထဲမှာ မြင်တဲ့စိတ် ဖြစ်ရင်ဖြစ်၊ အတွေ့အထိသိတဲ့စိတ် ဖြစ်ရင်ဖြစ်၊ အရသာသိတဲ့စိတ် ဖြစ်ရင်ဖြစ်၊ စိတ်ကူးခမ္မာရုံ

ကြံတဲ့စိတ် ဖြစ်ရင်ဖြစ် တစ်ခုခုတော့ ဖြစ်ရမှာပါ။ ဝီထိစိတ်မဖြစ်လို့ အိပ်နေတဲ့ အခါ မေ့နေတဲ့အခါတွေမှာ ဘဝင်စိတ်က ဖြစ်နေတာပါ။

ဒီဘဝင်စိတ်က ဘာကို မှီသလဲဆိုရင် "ယံ ရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏဓာတု စ ဝတ္တန္တိ"ဆိုတော့ အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒဆိုတာက မနောဝိညာဏဓာတ်တွေပါ။ ဒွေးပဉ္စဝိညာဏ် (၁၀), ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေး ဆိုတဲ့ ဒီ(၁၃)ချက်မှ ကြွင်းတာဟာ မနောဝိညာဏ ဓာတ်တွေချည်းပါပဲ။ အတီတဘဝင်မှာလဲ ဟဒယဝတ္ထုရုပ် ရှိပါတယ်၊ ဘဝင် စလနမှာလဲ ဟဒယဝတ္ထုရုပ် ရှိပါတယ်၊ ဘဝင်္ဂုပစ္ဆေဒမှာလဲ ဟဒယဝတ္ထုရုပ် ရှိပါတယ်၊ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော (၇)ကြိမ် တဒါရုံ (၂)ကြိမ်ဆိုတဲ့ ဝီထိစဉ် ချထားသလောက်မှာ ဝတ္ထုရုပ်ရှိပါတယ်။ တဒါရုံ (၂)ကြိမ်နောင် ဘဝင်မှာလဲ ဝတ္ထုရုပ် ရှိပါတယ်။ "ယံ ရူပံ နိဿာယ မနောဓာတုစ"ဟာ အင်မတန် ကျယ်ဝန်းပါတယ်။

ဝတ္ထုရုပ်က မနောဓာတ်နဲ့မနောဝိညာဏဓာတ်ကို ဝတ္ထုပုရေဇာတနိဿယနဲ့ ကျေးဇူးပြုပါတယ်၊ ဝတ္ထုဆိုတာက ဝတ္ထုရုပ် (၆)ပါးထဲက ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ ဝတ္ထုပုရေဇာတနိဿယဆိုတာက ရှေ့ကလဲ ကျရမယ်၊ မှီရာလဲ ဖြစ်ရပါမယ်။ ဝတ္ထုပုရေဇာတနိဿယဆိုရာမှာ အတီတဘဝင်စိတ်က ဘယ်သူ့ကို မှီသလဲဆိုရင် ဟဒယဝတ္ထုကို မှီပါတယ်။ ဘယ်က ဟဒယဝတ္ထုလဲဆိုရင် ပုရေဇာတ နိဿယပစ္စည်းဆိုတော့ အတီတဘဝင်ရဲ့ ဥပါဒ်, ဌီ, ဘင်ခဏမှာ ရှိနေတဲ့ ဟဒယဝတ္ထုကို မမှီပါ၊ သူ့ရှေ့မှာရှိနေတဲ့ ဘဝင်စိတ်ရဲ့ ဟဒယဝတ္ထုရုပ်ကို မှီရတာပါ။

## ဝီထိစိတ်နဲ့ ဟဒယဝတ္ထု

ဘဝင်္ဂစလနစိတ်ဟာ ဘယ်ရုပ်ကို မှီသလဲဆိုရင် အတီတဘဝင်ရဲ့ ဌီခဏမှာ ဖြစ်တဲ့ ဟဒယဝတ္ထုရုပ်ကို မှီရပါတယ်။ ဘဝင်္ဂုပစ္ဆေဒစိတ်ဟာ ဘဝင်္ဂစလနစိတ်ရဲ့

ဠီခဏမှာ ဖြစ်တဲ့ ဟဒယဝတ္ထုရုပ်ကို မှီရပါတယ်။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဟာ ဘဝင်္ဂုပစ္ဆေဒစိတ်ရဲ့ ဌီခဏမှာဖြစ်တဲ့ ဟဒယဝတ္ထုရုပ်ကို မှီရပါတယ်။ စက္ခု ဝိညာဉ်စိတ်ဟာ အတီတဘဝင်ရဲ့ ဌီခဏမှာဖြစ်တဲ့ စက္ခုပသာဒလို့ခေါ်တဲ့ စက္ခုဝတ္ထုရုပ်ကို မှီပြီး ဖြစ်ပါတယ်။ သူက ဝတ္ထုရုပ် သီးခြားရှိနေတဲ့ စိတ်ပါ။ သမ္ပဋိစ္ဆိုင်းစိတ်ဟာ ပဉ္စဒွါရာဝဇ္ဇန်းရဲ့ ဌီခဏမှာဖြစ်တဲ့ ဟဒယဝတ္ထုရုပ်ကို မှီရ ပါတယ်။ သန္တီရဏစိတ်ဟာ သမ္ပဋိစ္ဆိုင်းရဲ့ ဌီခဏမှာ ဖြစ်တဲ့ ဟဒယဝတ္ထုရုပ် ကို မှီရပါတယ်။ ဝုဋ္ဌောစိတ်ဟာ သန္တီရဏရဲ့ ဌီခဏမှာဖြစ်တဲ့ ဟဒယဝတ္ထုကို မှီရပါတယ်။ ဒါကို "ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုရုပ် ကို မှီတယ်"လို့ ရှေးဆရာကြီးများက ဆိုရိုးပြုထားပါတယ်။ ဒီလို ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်တဲ့ ဟဒယဝတ္ထုရုပ်ကို မှီတာကိုပင် ဝတ္ထုပုရေဇာတနိဿယလို့ ခေါ်ပါတယ်။ ဝတ္ထုပုရေဇာတနိဿယဆိုတာက ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်တဲ့ ရှေးရှေးသော စိတ်မှာရှိနေတဲ့ ဟဒယဝတ္ထုကို မနောဓာတ်နဲ့ မနော ဝိညာဏဓာတ်တို့က မှီရတာကို ဆိုတာပါပဲ။

"ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော"မှာ နိဿယဆိုတာက ဝတ္ထုပုရေဇာတ နိဿယပါ။ သဟဇာတနိဿယနဲ့ ဝတ္ထုပုရေဇာတနိဿယက တော်တော် ရှင်းသွားလောက်ပါပြီ။ ဒီနေရာမှာ ဝီထိကို မျက်စိထဲမှာ မြင်နေရင် ပဋ္ဌာန်းက ရှင်းပါတယ်။ ဝီထိကို မျက်စိထဲမှာ မမြင်သေးရင်တော့ မရှင်းနိုင်ပါ။ ပဋ္ဌာန်းမှာ ဟောကြားတဲ့ အကြောင်းအကျိုးတွေဆိုတာ ဘယ်လောက် သိမ်မွေ့သလဲဆိုရင် ဝီထိစိတ်ကလေးတွေ "ဥပါဒ်, ဌီ, ဘင်၊ ဥပါဒ်, ဌီ, ဘင်"နဲ့ စိတ်ကလေး တစ်ခုဟာ ပစ္စည်းပေါင်း အကြောင်းတရားပေါင်း ဘယ်လောက် ပေါင်းဆုံမှ ဖြစ်နိုင်တယ် ဆိုတာကို မြတ်စွာဘုရားက အသေးစိတ်ပြီး ဟောသွားတဲ့ တရားတော်ပါ။ ပဋ္ဌာန်း တရားတော်ဟာ ဘယ်လောက် နက်နဲတယ်, သိမ်မွေ့ တယ်, ဘယ်လိုဉာဏ်နဲ့မှ သိနိုင်တယ်ဆိုတာ သေသေချာချာ လေ့လာကြည့်မှ ပိုမို ထင်ရှားလာပါတယ်။

အခုရှင်းပြခဲ့တာက သဟဇာတ, အညမည, နိဿယ, ပုရေဇာတဆိုတဲ့ ပစ္စည်း (၄)ခုပါ၊ ဒီပစ္စည်း(၄)ခုဟာ သဟဇာတပစ္စည်းဖြစ်တိုင်း အညမညက မဖြစ်နိုင်ပါ၊ အညမညပစ္စည်းရရင် သဟဇာတ ရပါတယ်။ ပဋ္ဌာန်းပါဠိတော်မှာ သဟဇာတက (၆)ချက်ရှိတော့ အညမညနဲ့ ကျေးဇူးပြုရင် သဟဇာတက ပါလာပါတယ်။ နိဿယကျတော့ နိဿယဖြစ်တိုင်း သဟဇာတနဲ့ အညမညက မဖြစ်ပါ။ ဘယ်မှာ မဖြစ်သလဲဆိုရင် ဝတ္ထုပုရေဇာတနိဿယမှာ သဟဇာတ တပြိုင်နက်လဲ မဖြစ်၊ အညမည အပြန်အလှန်လဲ ကျေးဇူးမပြုလို့ နိဿယဖြစ်တိုင်း သဟဇာတမဖြစ်သလို အညမညလဲ မဖြစ်ပါ။ သဟဇာတဖြစ်တိုင်း နိဿယက ဖြစ်ပါတယ်။ အညမညဖြစ်တိုင်းလဲ နိဿယက ဖြစ်ပါတယ်။

ပုရေဇာတ နိဿယနဲ့ တွဲတဲ့အခါ ရူပါရုံက စက္ခုဝိညာဉ်စိတ်ကို ကျေးဇူးပြုတဲ့ အာရမ္မဏပုရေဇာတ တစ်မျိုးနဲ့ စက္ခုပသာဒရုပ်က စက္ခုဝိညာဉ်ကို ကျေးဇူးပြုတဲ့ ဝတ္ထုပုရေဇာတနိဿယလို့ ဒီလို နှစ်မျိုးကွဲသွားပါသေးတယ်။ နိဿယပစ္စည်းကတော့ ဒီလောက်နဲ့ပဲ တော်ကြပါစို့။

# ၉။ ဥပနိဿယပစ္စည်း

## ဥပနိဿယပစ္စည်း

ဥပနိဿယပစ္စည်းက အင်မတန် ကျယ်ဝန်းပါတယ်၊ လောကမှာ လူတွေ သုံးနှုန်းနေတဲ့ အကြောင်းအကျိုးတွေ ဘာကြောင့် ဖြစ်တယ်၊ ဘယ်အလှူက ဘာကြောင့် ဖြစ်တယ်၊ ဘယ်သူက ဘယ်အကြောင်းကြောင့် ဖြစ်တယ်ဆိုတာကို ပဋ္ဌာန်းမှာ ပစ္စည်းတင်ပြပါဆိုရင် ဥပနိဿယပစ္စည်းပဲ တင်ရတာ များပါတယ်။ ဒီပြင် ပစ္စည်းတွေက စိတ်စေတသိက်ဆိုတဲ့ နာမ်တရား ရုပ်တရား ပရမတ်တရား စစ်စစ်တို့ကိုသာ ဟောတာ များပါတယ်၊ ရုပ်တရားတစ်ခုဖြစ်ဖို့ အကြောင်းတရား ဘယ်လောက်ဖြစ်ရသလဲဆိုတာ ရုပ်ဝီထိအစဉ်တစ်ခု နာမ်ဝီထိအစဉ်တစ်ခု ကြည့်ပြီး ဟောတဲ့ပစ္စည်း များပါတယ်။

## ဥပနိဿယနဲ့ နိဿယ

နိဿယကို ဥပတပ်တော့ ဥပနိဿယဖြစ်ပါတယ်။ ပါဠိမှာ ဘာသာပြန် ရခက်ပါတယ်၊ ဒီနေရာမျိုးမှာ နိဿယကိုတော့ မြန်မာစကားနဲ့ မသုံးကြပါ၊ ဥပနိဿယကိုတော့ ဆရာသမားရဲ့ ဥပနိဿယ ရမှာပဲ၊ မိဘရဲ့ ဥပနိဿယ ရမှုပဲလို့ ပြောကြပါတယ်။ လူတစ်ယောက် ကြီးပွားဖို့က ဥပနိဿယမရှိရင် မကြီးပွားနိုင်ပါ၊ ဆရာကောင်း၊ သမားကောင်း မှီဝဲရတာလဲ ဥပနိဿယလို့ ခေါ်တာပဲ။ မိကောင်းဘကောင်း မှီဝဲရတာလဲ ဥပနိဿယပဲ။ ဘယ်ပုဂ္ဂိုလ်မျိုးမဆို အမှီမရှိရင် ဘုရားတောင် မပွင့်နိုင်ဘူးဆိုတာလဲ ဥပနိဿယကို သုံးတာပါပဲ။

ဥပနိဿယကို အဋ္ဌကထာဆရာကြီးများက - "အားကြီးသော အကြောင်းတရား"လို့ ဆိုပါတယ်။ လူတွေလုပ်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံ အကြောင်းတွေမှာ အားကြီးတဲ့ အကြောင်းတရားနဲ့ အားနဲတဲ့ အကြောင်းတရားဆိုပြီး ရှိပါတယ်။ ဒီနှစ်မျိုးမှာ ဥပနိဿယပစ္စည်းက သာမညအကြောင်း မဟုတ်၊ အားကြီးတဲ့ အကြောင်းလို့ ဆိုလိုတာပါ။ အားကြီးတဲ့ အကြောင်းနဲ့ ပတ်သက်ပြီး သဟဇာတ၊ အဓိပတိအကြောင်းတို့က အားနဲလို့လားလို့ စဉ်းစား စရာပါပဲ၊ ရှေးဆရာများက ပါဠိမှာ "ဗလဝကာရဏ"လို့ ဆိုပါတယ်။ ဗလဝ =အားကြီးသော+ကာရဏ=အကြောင်း၊ ဗလဝကာရဏ=အားကြီးသော အကြောင်းလို့ မြန်မာလို တိုက်ရိုက်အဓိပ္ပါယ် ပြန်ထားတယ်။ စဉ်းစားကြည့်တဲ့ အခါမှာ အဓိပတိပစ္စည်းလဲ အင်မတန် အားကြီးတာပါ၊ ဆန္ဒာဓိပတိ ဆန္ဒ တရားသာ အဓိပတိတပ်ရင် ဒီပြင်တရားတွေ အားလုံးပစ္စယုပ္ပန်ဖြစ်သွားပါတယ်။ ဆန္ဒက ပစ္စည်းတရားဖြစ်သွားပြီး ဆန္ဒကြောင့် ပညာတတ်တယ်၊ ဆန္ဒကြောင့် ရှင်ဘုရင် ဖြစ်တယ်၊ ဆန္ဒကြောင့် သူဌေးကြီးဖြစ်တယ်။ ဆန္ဒ၊ ဝီရိယ၊ ဝိမံသဆိုတဲ့ အဓိပတိပစ္စည်းတွေ ရှိနေပေမဲ့ ဥပနိဿယကိုသာ "အားကြီးသော အကြောင်း"လို့ အဓိပ္ပါယ်ပြန်တာ နဲနဲ စောဒက တက်စရာရှိနေပါတယ်၊ ဒါပေမဲ့ အဋ္ဌကထာ ဋီကာတွေနဲ့တော့ ညီတယ်လို့ ဆိုနိုင်ပါတယ်။

ဥပနိဿယဆိုတာကို တစ်မျိုးစဉ်းစားထားတာက အခုခေတ်မှာ ပြောနေကြသလို "အမှီမရှိရင် ဘုရားတောင် မပွင့်နိုင်ဘူး"လို့ ဆိုတဲ့အတိုင်း အမှီက ရှိရမှာပါ။ ဥပနိဿယ အမှီကောင်းရင် ဘုရားတောင် ဖြစ်နိုင်ပါတယ်၊ သူဌေး ကြီးလဲ ဖြစ်နိုင်ပါတယ်။ ဥပမာ လူတစ်ယောက် ချမ်းသာဖို့ဟာ ကလျာဏမိတ္တ မိတ်ဆွေကောင်းတစ်ယောက် မှီဝဲရရင် ကြီးပွားနိုင်ပါတယ်၊ ဆရာကောင်း သမားကောင်း မှီဝဲရလို့ရှိရင် ကြီးပွားနိုင်တယ်လို့ မြန်မာစကားမှာ သုံးသလို ဆရာကောင်း သမားကောင်း မိတ်ဆွေကောင်း မှီဝဲရတာမျိုးလို ကောင်းတဲ့အမှီ အားကြီးတဲ့အမှီလို့ အဓိပ္ပါယ်ရပါတယ်။ စကားပြောတဲ့အခါ လူတစ်ယောက်မှာ ဥပနိဿယရှိမှလို့ ပြောတာဟာ ဥပနိဿယအဓိပ္ပါယ်ကို ရှင်းပြသလိုပါပဲ။

## ဥပနိဿယ (၃)မျိုး

ဥပနိဿယက–

(၁) အနန္တရူပနိဿယဆိုတဲ့ အနန္တရူပနိဿယ၊

(၂) အာရမ္မဏဥပနိဿယဆိုတဲ့ အာရမ္မဏူပနိဿယ၊

(၃) ပကတိဥပနိဿယဆိုတဲ့ ပကတူပနိဿယ–

လို့ (၃)မျိုးရှိပါတယ်။

## အနန္တရဥပနိဿယ

အနန္တရ ပါဠိမှာ– "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော"လို့ ရှိပါတယ်၊ ဥပနိဿယ ပါဠိမှာလဲ "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော"လို့ပဲ ဟောပါတယ်၊ ဒါကြောင့် အနန္တရ ဥပနိဿယမှာ အနန္တရနဲ့ ဥပနိဿယ အကုန်လုံး တူသွားပါတယ်။

## အာရမ္မဏဥပနိဿယ

အာရမ္မဏရိုးရိုးနဲ့ အာရမ္မဏာဓိပတိလို့ (၂)မျိုး ရှိပါတယ်။ အာရမ္မဏ ဥပနိဿယမှာ "ယံ ယံ ဓမ္မံ ဂရုံ ကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေတေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော"လို့ အာရမ္မဏာဓိပတိကို အဓိပတိမှာ သာမညပဲ ဟောပါတယ်။ "ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော"လို့ ဆိုတဲ့ အာရမ္မဏရိုးရိုးက ဥပနိဿယမဟုတ်ပါ၊ အာရမ္မဏတိုင်း ဥပနိဿယ မဖြစ်ပါ။ ဥပနိဿယအားကြီးသော အကြောင်း ဖြစ်ရမယ်ဆိုတာ ရူပါရုံ မြင်တိုင်း အာရမ္မဏူပနိဿယ မဟုတ်ပါ၊ ဒီရူပါရုံဟာ

အင်မတန် အားကောင်းတဲ့ အဓိပတိတပ်နိုင်တဲ့ အာရုံမျိုးမှ ဥပနိဿယ တပ်ပါတယ်၊ ရိုးရိုး ရူပါရုံက ဥပနိဿယမဟုတ်လို့ အာရမ္မဏူပနိဿယဟာ အဓိပတိပစ္စည်းမှာ အာရမ္မဏာဓိပတိနဲ့ အားလုံး တူသွားပါတယ်။

## ပကတိဥပနိဿယ

ပကတူပနိဿယကို အဋ္ဌကထာဆရာက (၂)မျိုး ပြပါတယ်။ ပကတိ ဥပနိဿယမှာ ဥပနိဿယက အားကြီးတဲ့ အကြောင်းဖြစ်ပြီး၊ အာရမ္မဏမှာက ရိုးရိုး အာရမ္မဏအကြောင်းပါပဲ။ အနန္တရမှာ ဥပနိဿယ ဘာကြောင့်ရသလဲဆိုရင် ဝီထိစိတ်မှာ ပဉ္စဒွါရာဝဇ္ဇန်းကြောင့် စက္ခုဝိညာဉ်စိတ်ဖြစ်ရတာဟာ အနန္တရ သတ္တိကြောင့် ဖြစ်ပါတယ်။ ဒီအနန္တရက အင်အားကြီးလှပါတယ်၊ သူ့နောက်မှာ စိတ်တစ်ခု ဖြစ်လာစေဖို့ သာမညအနေနဲ့ မဖြစ်နိုင်ပါ။ ဥပမာ–မိဘက အားကောင်းမှ သားသမီးတို့ကို ဖြစ်စေနိုင်တာပါ။ ပဉ္စဒွါရာဝဇ္ဇန်းဆိုတဲ့ အနန္တရ ပစ္စည်းဟာ အခြားပစ္စည်းများနဲ့ မတူပုံကတော့ သတ္တဝါတစ်ဦးဟာ မသေခင်မှာသာ မဟုတ်ဘဲ သံသရာ မဆုံးမချင်း စိတ်တွေ ဆက်ဖြစ်နေတယ်။ အဲဒါ အနန္တရက ကျေးဇူးပြုထားတာပါ။ ဘဝအစမှ နိဗ္ဗာန်ရောက်တဲ့အထိ စိတ်ကလေးတွေ ဥပါဒ်၊ ဌီ၊ ဘင် ဆက်ဖြစ်အောင် အားကြီးမားတဲ့အတွက် အနန္တရက ဥပနိဿယ ရပါတယ်။

ပကတိဥပနိဿယ– ပကတိ=ပင်ကိုကပင်+ဥပနိဿယ=အကြောင်းက ထက်မြက်တယ်၊အားကြီးတယ်။ ပင်ကိုကပင် ထက်မြက်အားကြီးတဲ့ အကြောင်းကို ပကတူပနိဿယလို့ ဆိုပါတယ်။ ကလျာဏမိတ္တမိတ်ဆွေကောင်း တစ်ယောက်က လူအားလုံး ချမ်းသာအောင် လုပ်နိုင်တော့ အားကြီးနေတာပါ။ ကိုင်းပြည်မှာ ခေါင်းဆောင်ကောင်းတစ်ယောက်ပေါ်လာရင်လဲ လူတစ်ယောက်ထဲနဲ့ တစ်နိုင်ငံလုံး ချမ်းသာအောင်လုပ်နိုင်တယ်။ ပကတိ=ပင်ကိုအားက ကောင်းနေတာပါ၊ ပကတိ= ပင်ကိုအားကြီးတဲ့ အကြောင်းတရားမျိုးမှသာ ပကတူပနိဿယဖြစ်ပါတယ်။

ပကတဉပနိဿယ

ပကတ+ဉပနိဿယမှာ- ပ=ကြီးကြီးကျယ်ကျယ်+ကတ=ပြုလုပ်ခဲ့မှု။ ရှေးအခါက သာမန်ပြုလုပ်တာထက် ကြီးကြီးကျယ်ကျယ် လုပ်ခဲ့တဲ့ ဒါန သီလ ဘာဝနာဆိုတဲ့ အားကောင်းတဲ့ အမှုမျိုးတွေဟာ ပကတူပနိဿယတွေပါ။ ရှေးက မကောင်းတာလုပ်ခဲ့ရင်လဲ အစိုင်အခဲနဲ့ လေးလေးနက်နက် ကြီးကြီး မားမား အပြစ်တွေ လုပ်ခဲ့တယ်၊ ဒါ ပကတူပနိဿယပါ။ ရှေးက ကြီးကြီး ကျယ်ကျယ် ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံကို "ပကတ"လို့ ခေါ်ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။

၁။ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြု

"ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဉပနိဿယပစ္စယေန ပစ္စယော" ရှေးရှေးက ပြုခဲ့တဲ့ ကုသိုလ်တွေက နောက်နောက်မှာ ပြုလုပ်တဲ့ ကုသိုလ်တွေကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူး ပြုတယ်လို့ ဆိုပါတယ်။ ပစ္စယနိဒ္ဒေသကို နားမလည်ရင် ပဋ္ဌာဝါရကို လေ့လာ ရမယ်၊ ပဋ္ဌာဝါရပါဠိမှာ "သဒ္ဓံ ဉပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဈာနံ ဉပ္ပါဒေတိ"စသဖြင့် ဟောထားပါတယ်။ သဒ္ဓါစေတသိက် သဒ္ဓါတရားနဲ့ ကံ၊ ကံ၏ အကျိုးကို ယုံကြည်ပြီး ဒါနပြုပါတယ်၊ မိမိပိုင် ပစ္စည်းများကို သာမည အကြောင်းတရားကြောင့် မိတ်ဆွေကိုလဲ မပေးနိုင်၊ သားသမီးလဲ မပေးနိုင်ဘဲ ရွှေတိဂုံဘုရားကြီးမှာ ငွေတစ်သိန်းလှူမယ်လို့ သဒ္ဓါတရားဖြစ်တာက ဒီဘဝလဲ ချမ်းသာမယ်၊ ဘဝ ဘဝတွေမှာလဲ ချမ်းသာမယ်၊ နောင် နိဗ္ဗာန် ထိအောင် ဒီကုသိုလ်တွေဟာ ရနိုင်တယ်ဆိုတဲ့ ယုံကြည်မှုကြောင့်ပါပဲ။ ဒီသဒ္ဓါတရားကို အမှီပြုပြီး ဒါနကုသိုလ်ပြုတာ ဖြစ်ပါတယ်။

ဒီနေရာမှာ သဒ္ဓါတရားခေါင်းဆောင်တဲ့ ကုသိုလ်က "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ"ဆိုတဲ့ ပစ္စည်းတရားပဲ၊ "ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ"

ဆိုတဲ့ နောက်နောက်မှာ ဖြစ်ပေါ်လာတဲ့ ကုသိုလ်တရားတွေက ပစ္စယုပ္ပန်တရား ဖြစ်လို့ ပကတူပနိဿယပစ္စည်းလို့ ခေါ်ရပါတယ်။ ပကတူပနိဿယ က ဝီထိ တစ်ခုထဲ ချလို့ မရပါ၊ အနန္တရ၊ သဟဇာတ၊ ပုရေဇာတ၊ ပစ္ဆာဇာတမျိုးတွေမှာ ဘယ်မျိုးမှာပဲ ကြည့်ကြည့် ဝီထိတစ်ခု ချကြည့်ရင် အကြောင်းအကျိုး သဘော ပေါက်ပေမဲ့ ပကတူပနိဿယမှာ ဝီထိတစ်ခုထဲ ကြည့်လို့မရပါ၊ လုပ်နေတဲ့ အလုပ်တွေနဲ့ ကြည့်မှ ရပါတယ်။

ဒါနပြုတာကလဲ ယုံကြည်ချက်နဲ့ ပြုတာပါ။ သီလဆောက်တည်ရင်လဲ ဒီဘဝနဲ့ နောင်ဘဝတွေမှာ ကောင်းစားမယ်၊ ချမ်းသာမယ်ဆိုတဲ့ တကယ့် ယုံကြည်ချက်နဲ့ဆောက်တည်တာပါ။ ဝိပဿနာတရားအားထုတ်တာလဲ ဝိပဿနာ အားထုတ်ရင် သောတာပန် သကဒါဂါမ် အရိယာဖြစ်နိုင်တယ်၊ နောင် အပါယ် မလားဘူးဆိုတဲ့ ယုံကြည်ချက်နဲ့ အပင်ပန်းခံ အားထုတ်နေကြတာပါ။

ကုသိုလ်လုပ်ငန်းတွေကို သဒ္ဓါတရားက ပကတူပနိဿယနဲ့ ကျေးဇူး ပြုနေတာပါ။ သဒ္ဓါတရားဖြစ်နေတာ ရှေးရှေးက ဖြစ်နေတာပါ။ မိမိသန္တာန်မှာ ရွှေတိဂုံဘုရားကြီးကို ငွေတစ်သိန်းလှူမယ်လို့ စိတ်ဆုံးဖြတ်ပြီး ကုသိုလ် ဖြစ်နေတာပါ။ ဝီထိပေါင်း သိန်းသန်းကုဋေ ဖြစ်နေတာပါ။ အသက် (၂၀)လောက်က လှူချင်တာ (၄၀)မှပဲ လှူဖြစ်တယ်၊ အသက် (၄၀)မှာ သဒ္ဓါတရားဖြစ်ပြီး (၆၀)မှပဲ လှူဖြစ်တယ်၊ ငယ်ငယ်တုန်းက ဖြစ်ခဲ့တဲ့ သဒ္ဓါတရားက သေခါနီးမှ လှူလဲ ငယ်ငယ်က သဒ္ဓါတရားကို မှီပြီး ကုသိုလ် ဖြစ်တာပါ။ ဒီ့ပြင် ပစ္စည်းတရားတွေမှာ ဒီလို အကြောင်းနဲ့အကျိုး မဝေးပါ၊ တစ်ဝီထိထဲမှာ ကျေးဇူးပြုတာ များပါတယ်၊ ပကတူပနိဿယမှာ ဘဝပေါင်း သိန်းသန်းက ပြုခဲ့တဲ့ ကုသိုလ်က ဒီဘဝမှာ ပြုတဲ့ ကုသိုလ်ကို ကျေးဇူးပြုနိုင် ပါတယ်၊ သီလ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့ တရားတွေလဲ သဒ္ဓါလိုပဲ ဥပနိဿယ ဖြစ်နိုင်ပါတယ်။

အခုလုပ်နေကြတဲ့ ကုသိုလ်တရားတွေကို ပဋ္ဌာန်းနည်းအရ အကြောင်း အကျိုး ပစ္စည်းတပ်ပါဆိုရင် ပကတူပနိဿယပစ္စည်းပဲ တပ်ရမှာပါ၊ ကုသိုလ်

ပြတာက သဒ္ဓါကြောင့် ပြမယ်၊ သီလကြောင့် ပြမယ်၊ သုတကြောင့် ပြမယ်၊ ပညာကြောင့် ပြမယ်၊ ကုသိုလ်ကောင်းမှု လုပ်တဲ့နေရာမှာ ဒီသဒ္ဓါစတဲ့ တရားတွေဟာ ဥပနိဿယအကြောင်းချည်းပဲ ဖြစ်ပါတယ်။

၂။ ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြု

"ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော"လို့ ဆိုပါတယ်။ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတယ်ဆိုတဲ့အခါမှာ 'ကေသဉ္စိ' မပါဘဲ ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတယ်ဆိုတဲ့ နေရာကျမှ "ကေသဉ္စိ"ဆိုတဲ့ ပါဌ်က ပါလာတယ်။ ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတဲ့အခါ အာရမ္မဏူပနိဿယ ရပါတယ်။ အနန္တရူပနိဿယပစ္စည်းက ကုသိုလ်စိတ်နောင် အကုသိုလ်ဖြစ်လို့ မရပါ။ အရပ်ထဲမှာ ကုသိုလ်လုပ်ပြီး အကုသိုလ်တွေ ဖြစ်လိုက်တာလို့ ပြောတာက ပကတူပနိဿယကို ပြောတာပါ။ ကုသိုလ်ဇောဝီထိကို ချကြည့်မယ်ဆိုရင် ကုသိုလ်ဇော စောပြီး ဇောနောင်မှာ တဒါရုံ ဒါမှမဟုတ် ဘဝင်ကျတော့ အကုသိုလ်ဖြစ်ချင်ရင် နောက်တစ်ဝီထိကျမှ အကုသိုလ်ဇောက စောလို့ရပါတယ်။ ဆက်ပြီး ကျမှ အနန္တရပစ္စည်း တပ်နိုင်တော့ ဝီထိခြားသွားပြီးတဲ့ စိတ်ကို အနန္တရပစ္စည်း တပ်လို့မရပါ။ ဒါကြောင့် ကုသိုလ်ဇောနောင်မှာ အကုသိုလ်ဇော မဖြစ်နိုင်ပါ။ 'ကေသဉ္စိ'ဆိုတာ ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတယ် ဆိုတာမှာ အနန္တရူပနိဿယနဲ့ ကျေးဇူးပြုတာ မဟုတ်ဘဲ အာရမ္မဏူပနိဿယ ပကတူပဥပနိဿယ နှစ်မျိုးပဲ ကျေးဇူးပြုနိုင်တယ်လို့ ဆိုပါတယ်။

ပဋ္ဌာဝါရမှာ "ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ"ဆိုပြီး ကုသိုလ်က အကုသိုလ်ကို ပကတူပနိဿယနဲ့ ကျေးဇူးပြုပုံကိုသာ ဟောထားပါတယ်။ ကုသိုလ်ကို သဒ္ဓါ သီလ သုတ စာဂ ပညာဆိုတဲ့ တရားတွေကသာ ဖြစ်စေနိုင်တယ်လို့ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုပုံတုန်းက ပြောခဲ့ပါတယ်။ အခုဒီမှာလဲ သဒ္ဓါတရားကို အကြောင်းပြုပြီး ဒါနကုသိုလ်ပြုတဲ့အခါမှာ ကိုယ်ပြုတဲ့

ကုသိုလ်ကို အမှီပြုပြီး “ဒီလိုကြီးကျယ်တဲ့ ဒါနမျိုး ဒီပြင်လူတွေ ငါ့ကိုမှီအောင် မလုပ်နိုင်ပါဘူး”လို့ မာနဖြစ်လာပါတယ်၊ ဒီလိုမာနဖြစ်လာတဲ့အခါမှာ ကုသိုလ်က အကုသိုလ်ကို ပကတူပနိဿယနဲ့ ကျေးဇူးပြုပါတယ်။

သဒ္ဓါတရားနဲ့ ဒါနပြုလိုက်တဲ့အခါတုန်းက သဒ္ဓါတရားနဲ့ ကုသိုလ်ဇောဝီထိကျပါတယ်။ ကုသိုလ်ဇောဝီထိ ကျပြီးနောက်မှာမှ “ငါကတော့ ဒါနရှင်ကြီး၊ ဒီလို ကုသိုလ်မျိုးကို ငါသာ လုပ်နိုင်တာပဲ”လို့ မိမိဘာသာ မာနဖြစ်တယ်။ အချိန်အကြာကြီးကြာပြီးမှ ကုသိုလ်ဇောဝီထိတွေ အများကြီးဖြစ်ပြီးမှ အကုသိုလ်ဇော ဝီထိကျပါတယ်။ ဝီထိတွေ ခြားပြီးမှ ကျေးဇူးပြုတဲ့ ပစ္စည်းဟာ ပဋ္ဌာန်းမှာ ပကတူပနိဿယပဲ ရတာများပါတယ်။ ပဋ္ဌာန်း (၂၄)ပစ္စည်းစုံတော့မှ ရှင်းပါအုန်းမယ်။ ပဋ္ဌာန်းက အထပ်ထပ်လေ့လာသင်ယူမှ ရှင်းမှာပါ။

ကုသိုလ်ကို အကြောင်းပြုပြီး အကုသိုလ်ဖြစ်တာမှာ အနန္တရမျိုးမှာ မရ၊ အာရမ္မဏမျိုးမှာလဲ တစ်ဝီထိထဲ အာရမ္မဏက ဖြစ်တာမဟုတ်ပါ။ နောက်ထပ်ဖြစ်တဲ့ ဝီထိကနေပြီး အာရမ္မဏက ဖြစ်တာပါ၊ သဒ္ဓါတရားကို အမှီပြုပြီး မာနဖြစ်တဲ့အခါ ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတာ ပဋ္ဌာဝါရလာတဲ့ အတိုင်း ရိုးရိုး ရှင်းပြတာဖြစ်ပါတယ်။

သဒ္ဓါဆိုတဲ့ ယုံကြည်မှုသက်သက်မှာလဲ ပညာမပါရင် မှားချင်မှားနိုင်ပါတယ်၊ အယူသည်းသွားတဲ့အခါ “ဒါနသာ နိဗ္ဗာန်ရောက်နိုင်တယ်၊ ဒီပြင်တရားတွေဟာ နိဗ္ဗာန်မရောက်နိုင်ဘူး”လို့ ဒါနကို အထူးအလေးပေးပြီး ဒိဋ္ဌိဖြစ်နိုင်ပါတယ်။ သဒ္ဓါတရားကို အမှီပြုပြီးလဲ ဒိဋ္ဌိဖြစ်နိုင်ပါတယ်။ ဒါနကို အမှီပြုပြီး ‘ပတ္ထနာ’ဆိုတဲ့ တောင့်တမှုဟာ လောဘပါ။ ဒါနပြုတာ ဒီဘဝမှာ ချမ်းသာဖို့ နောင်ဘဝမှာ ချမ်းသာဖို့ ပစ္စည်းဥစ္စာ ချမ်းသာဖို့ ရာထူးတိုးတက်ဖို့ ဆိုပြီး လောဘတွေဖြစ်တဲ့အခါမှာ သဒ္ဓါတရားကုသိုလ်က လောဘအကုသိုလ်ကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုပါတယ်။

ဒီလို သဒ္ဓါတရားကို မှီပြီး အကုသိုလ်ဖြစ်သလို သီလကိုမှီပြီး မာန ဒိဋ္ဌိ လောဘဆိုတဲ့ တရားတွေ ဖြစ်နိုင်ပါတယ်။ မိမိက သီလရှိတာနဲ့ “ငါသာ

သီလရှိတာ၊ ဒီပြင်လူတွေအားလုံး အလကားလူတွေပဲ၊ ငါသာ သီလဝန္တပုဂ္ဂိုလ်ကြီးပဲ"ဆိုပြီး မာနဖြစ်လာတယ်။ အဲဒီလို ဖြစ်တဲ့သူမှာ ကုသိုလ်က အကုသိုလ်မာနကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုသွားတာပါ။ သီလစောင့်တဲ့ပုဂ္ဂိုလ်က "ဒါနတို့ ဝိပဿနာတို့ဆိုတဲ့ ဒီပြင်အလုပ်တွေက ပိုနေတာပဲ၊ သီလခိုင်မြဲဖို့က အရေးကြီးတာ"ဆိုပြီး သီလတစ်ခုထဲကို အယူသန်ပြီး ဒိဋ္ဌိဖြစ်တယ်ဆိုရင် သီလက ပစ္စည်းတရား၊ ဒိဋ္ဌိက ပစ္စယုပ္ပန်တရားဖြစ်တဲ့အတွက် သီလက ဒိဋ္ဌိကို ပကတူပနိဿယနဲ့ ကျေးဇူးပြုပြန်ပါတယ်။ လောဘကလဲ ဒီအတိုင်းပါပဲ၊ သီလဆောက်တည်တဲ့အခါမှာ ပစ္စည်းဥစ္စာ ချမ်းသာဖို့ ကောင်းတဲ့အာရုံတွေမှန်သမျှ ခံစားဖို့ တောင့်တပြီး သီလဆောက်တည်ရင် သီလက လောဘကို ပကတူပနိဿယနဲ့ ကျေးဇူးပြုပါတယ်။

သုတဆိုတဲ့ ဗဟုသုတကုသိုလ်မှာလဲ "ငါသာ ဗဟုသုတရှိတာ၊ ဒီပြင်လူတွေ ငါလို ပိဋကတ်တတ်တာ မဟုတ်ပါဘူး"လို့ ဒီလို ဗဟုသုတကုသိုလ်က မာနကို ပကတူပနိဿယနဲ့ ကျေးဇူးပြုနိုင်ပါတယ်။ ဗဟုသုတများပြန်တော့ ဒိဋ္ဌိဖြစ်လာနိုင်ပါသေးတယ်။ ဗဟုသုတများတာနဲ့ပဲ ဟိုတွေး ဒီတွေး ဟိုကြံ ဒီကြံ ကြံပြီး ဒိဋ္ဌိဖြစ်လာတော့ ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတာပါပဲ။ ဗဟုသုတဆည်းပူးတာမှာလဲ လောကမှ ထွက်မြောက်ရေး နိဗ္ဗာန်မဂ်ဖိုလ်ရနိုင်ရေး မဟုတ်ဘဲနဲ့ လောကီစည်းစိမ်ခံစားရေးကိုသာ အဓိကထားပြီး လေ့လာလို့ လောဘဖြစ်လာတဲ့အခါမှာလဲ ကုသိုလ်က အကုသိုလ်လောဘကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုတာ ဖြစ်သွားပါတယ်။

ပညာကို အကြောင်းပြုပြီး "ငါသာ ပညာတတ်တယ်၊ ငါသာ ပညာရှိကြီး"လို့ မိမိကိုယ်မိမိ ပညာကို အမှီပြုပြီး မာနဖြစ်တဲ့အခါမှာ ဖြစ်ဖြစ်၊ ပညာလွန်သွားတဲ့အခါ အတွေးအခေါ်များပြီး ဒိဋ္ဌိဖြစ်တဲ့အခါမှာ ဖြစ်ဖြစ် ကုသိုလ်က အကုသိုလ်ကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုတာ ဖြစ်ပါတယ်၊ မိမိလေ့လာထားတဲ့ အသိပညာတွေက ဘဝကောင်းစားရေး လောကီစည်းစိမ်ခံစားရေးတွေကို တောင့်တပြီး လောဘတွေ ဖြစ်လာတဲ့အခါမှာလဲ ဒီပညာကုသိုလ်က လောဘအကုသိုလ်ကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုပါတယ်။

မိမိပြုပြီးဖြစ်တဲ့ ဒါန သီလတွေကို ပြန်ပြီး သာယာနေရင်လဲ ကိုယ်ပြု ခဲ့တဲ့ ဒါန သီလကုသိုလ်က သာယာတဲ့လောဘကို ပကတူပနိဿယနဲ့ ကျေးဇူး ပြုပါတယ်။ သဒ္ဒါ သီလ သုတ အစရှိတဲ့ ကုသိုလ်တရားများကြောင့် မာန ဒိဋ္ဌိ လောဘ စတဲ့ အကုသိုလ်ဖြစ်ပုံများကို ပဋ္ဌာဝါရမှာ လာတဲ့အတိုင်း ရှင်းပြတာ ဖြစ်ပါတယ်။ ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတယ်ဆိုတဲ့အခါမှာ အနန္တရနဲ့ ကျေးဇူး မပြုနိုင်ပါ။ "ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော"ဆိုတော့ ကေသဉ္စိ ပါနေပါတယ်။ အနန္တရပစ္စည်းမှာတုန်းက ကုသိုလ်က ကုသိုလ်ကို ကုသိုလ်က အဗျာကတကို အနန္တရသတ္တိနဲ့ ကျေးဇူးပြုပါတယ်လို့ ဆိုထားတော့ ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတာ အနန္တရမှာ မပါပါ၊ 'ကေသဉ္စိ'ဆိုတော့ အနန္တရသတ္တိနဲ့ ကျေးဇူးမပြုနိုင်ပါ။ အနန္တရမှာက ကုသိုလ်နောင် အကုသိုလ် ဇောက မဖြစ်၊ အကုသိုလ်နောင် ကုသိုလ်ဇောကလဲ မဖြစ်ပါ။ ပဋ္ဌာဝါရအတိုင်း ပြောရရင် လောကမှာ ကုသိုလ်ကို အကြောင်းပြုပြီး အကုသိုလ်ဖြစ်တဲ့ကိစ္စ မှန်သမျှ ပဋ္ဌာန်းမှာ အခြားပစ္စည်းတပ်လို့မရ၊ ပကတူပနိဿယပစ္စည်းသာ တပ်လို့ ရတာများပါတယ်။

ကုသိုလ်လုပ်ပြီး အကုသိုလ်ဖြစ်တယ်ဆိုတဲ့ ကိစ္စမှာ ဘုရားလူကြီး တစ်ယောက်က ဘုရားကိစ္စ ဘုရားဝေယျာဝစ္စတွေ လုပ်ရလို့ သဒ္ဒါ သီလ သုတ ပညာစတဲ့ ကုသိုလ်ဇောတွေ အမှန်ဇောနေပါတယ်။ သို့ပေမဲ့ ဘုရားကိစ္စ ဆောင်ရွက်ရာမှာပဲ ပြဿနာနဲ့ တွေ့ရင် ဒေါသဖြစ်ရလို့ အကုသိုလ်ဖြစ်ပါတယ်။ ဘုရားကို ကြည်ညိုလို့ သဒ္ဒါတရားတွေ ဖြစ်နေဆဲမှာ ဒေါသဖြစ်တာမဟုတ်လို့ ကုသိုလ်ဖြစ်တဲ့အချိန်က တခြား၊ အကုသိုလ်ဖြစ်တဲ့အချိန်က တခြား ဖြစ်ပါတယ်။ ဒီလို ဝီထိက တခြားစီ ဖြစ်လာတဲ့အခါမှာ ပကတူပနိဿယပဲ ပဋ္ဌာန်းမှာ ပစ္စည်းတပ်လို့ရပါတယ်။ "ဘုရားလူကြီးလုပ်ရတာ အကုသိုလ်ဖြစ်ပါတယ်"လို့ လူတွေက အကြောင်းအကျိုး မတန်မရာ ပြောကြတာတွေဟာ ပဋ္ဌာန်းမှာ

ပကတူပနိဿယပဲ တပ်လို့ရပါတယ်။ ပကတူပနိဿယပစ္စည်းက အင်မတန် ကျယ်ဝန်းပါတယ်။ တခြားပစ္စည်းတပ်လို့ မရရင် ပကတူပနိဿယကတော့ ရတာပါပဲ။

၃။ ကုသိုလ်က အဗျာကတကို ကျေးဇူးပြု

ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတယ်လို့ ဆိုတဲ့အခါမှာ ဒါန သီလ သုတ စာဂ ပညာဆိုတာတွေက ကုသိုလ်တရား၊ ဝိပါက်ကြိယာနဲ့ ရုပ်တရားတွေက အဗျာကတတရားများ ဖြစ်ကြပါတယ်။ သဒ္ဓါတရားကို အမှီပြုပြီး ဒါနလုပ်တဲ့အခါ ဆွမ်းကျွေးတဲ့အခါမှာ ပစ္စည်းဝတ္ထုတွေ ရှာဖွေရတယ်၊ ပြေးကာ လွှားကာ ဝယ်ခြမ်းချက်ပြုတ်ရ ဘုန်းကြီးပင့်ရ ဝေယျာဝစ္စလုပ်ရ နောက်ဆုံး တရားနာတဲ့အထိ အကုန်လုံးမှာ ကာယိကဒုက္ခဖြစ်ပါတယ်။ သဒ္ဓါတရားကို အမှီပြုပြီး ကိုယ်ဆင်းရဲခြင်းဆိုတဲ့ ကာယိကဒုက္ခဝေဒနာ ဖြစ်တဲ့အတွက် သဒ္ဓါတရားကုသိုလ်ကို အမှီပြုပြီး ကာယိကဒုက္ခဖြစ်လို့ ကုသိုလ်က အဗျာကတတရားကို ပကတူပနိဿယနဲ့ ကျေးဇူးပြုတာ ဖြစ်ပါတယ်။

ကာယိကဒုက္ခသာ ဖြစ်သလားဆိုတော့ သဒ္ဓါတရားကုသိုလ်ကို အမှီပြုပြီး စိတ်ချမ်းသာမှုလဲ ဖြစ်ပါတယ်။ တရားနာတဲ့အခါမှာ ညောင်းညာကိုက်ခဲလာတော့ ကာယိကဒုက္ခ ဖြစ်သလိုပဲ တရားနာပြီး စိတ်က ချမ်းသာလာတယ်၊ ဒီတော့ စိတ်က အေးမြကြည်လင်ပြီး ကိုယ်ချမ်းသာနေတာက ကာယိကသုခ ဖြစ်ပါတယ်။ အကျဉ်းချုပ်အနေနဲ့ သဒ္ဓါ သီလ သုတ စာဂ ပညာကို အကြောင်းပြုပြီး ဒါန သီလ စတဲ့ အလုပ်တွေ လုပ်တဲ့အခါ ကာယိကဒုက္ခ ကာယိကသုခ ဖြစ်ခြင်းဟာ ကုသိုလ်က အဗျာကတကို ပကတူပနိဿယပစ္စည်းနဲ့ ကျေးဇူးပြုတာပဲ ဖြစ်ပါတယ်။ ပိဋ္ဋကသုံးပုံကို ကျက်မှတ်တဲ့အခါ အလုပ်က ကုသိုလ်အလုပ်ပါ၊ စာကျက်ရ မှတ်ရတာများလာတဲ့အခါ လူပင်ပန်းလာပြီး ကာယိကဒုက္ခ ဖြစ်လာပါတယ်၊ ဒါကလဲ ကုသိုလ်က အဗျာကတကို ပကတူပနိဿယနဲ့ ကျေးဇူးပြုတာပါပဲ။

### ပဋိသန္ဓေဘဝ အကျိုးပေး

ပဋ္ဌာဝါရမှာ ကုသိုလ်က အဗျာကတကို ကျေးဇူးပြုပုံကို ပြတာက ဒီဘဝမှာ ဒါနသီလအစရှိတဲ့ ကုသိုလ်ကောင်းမှုတွေ လုပ်တဲ့သူဟာ ဘယ်ဘုံရောက်သလဲ၊ ဒီဘဝမှာပဲ ကာယိကဒုက္ခ ကာယိကသုခဆိုတဲ့ ဝေဒနာတွေ ခံစားပြီး ကုသိုလ်က အဗျာကတတရားကို ပကတူပနိဿယနဲ့ ကျေးဇူးပြုပြီးတဲ့ နောက် ဒီဘဝမှာသာ ကျေးဇူးပြုနိုင်သလားဆိုရင် ကုသိုလ်ကံ အကျိုးပေးတာက ကာမာဝစရကုသိုလ်ဟာ လူ့ဘုံနတ်ဘုံမှာ အကျိုးပေးပါတယ်၊ လူ့ဘုံကို အကျိုး ပေးတာက မဟာဝိပါက် ပဋိသန္ဓေစိတ်ပဲ။ နတ်ဘုံက မဟာဝိပါက်ဉာဏသမ္ပယုတ် ပဋိသန္ဓေစိတ်ပဲ။ မဟဂ္ဂုတ်ကုသိုလ်က ရူပဘုံမှာ ရူပဝိပါက်၊ အရူပဘုံမှာ အရူပဝိပါက်စိတ်နဲ့ ပဋိသန္ဓေအကျိုးပေးကြပါတယ်။ ဒီဘဝမှာ လုပ်ခဲ့တဲ့ ဒါန သီလစတဲ့ ကုသိုလ်တွေက နောက်ဘဝ လူ နတ် ဗြဟ္မာ ပဋိသန္ဓေနာမ်ခန္ဓာကို ဖြစ်စေပါတယ်။ ပဋိသန္ဓေနာမ်ခန္ဓာဆိုတာက ဝိပါက်ခန္ဓာ ဝိပါက်စိတ်တွေဖြစ်လို့ အဗျာကတ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဘဝမှာလုပ်တဲ့ ဒါန သီလစတဲ့ ကုသိုလ်တွေက နောက်ဘဝ ပဋိသန္ဓေဝိပါက်နာမက္ခန္ဓာကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြု ပါတယ်။

### ရုပ်အဗျာကတကို ကျေးဇူးမပြု

ဥပနိဿယဆိုတာ သာမည ကုသိုလ်ကံ အကုသိုလ်ကံ မဟုတ်ပါ၊ အားကြီးတဲ့ အကြောင်းပါ။ အကျိုးကို ပေးနိုင်တဲ့ ကံမျိုးပါ။ ပကတူပနိဿယကို မူလဋီကာမှာ ပါဠိလို ရေးထားတာ မြန်မာလို ပြန်ဖို့ တော်တော်ခက်ပါတယ်။ ပကတူပနိဿယပစ္စည်းက ရုပ်အဗျာကတကို ကျေးဇူးမပြုပါ။ ခန္ဓာအစဉ်မှာ နာမ်ခန္ဓာအစဉ် ရုပ်ခန္ဓာအစဉ်လို့ (၂)မျိုးရှိတယ်။ နာမ်ခန္ဓာအစဉ်ဟာ ဟို ရှေးယခင်အချိန် တစ်ချိန်က ကမ္ဘာပေါင်း ထောင်သောင်းဆီက 'ပကတ' အားထုတ်မှု ရှိပါတယ်။ ထင်ထင်ရှားရှား ကြီးကြီးကျယ်ကျယ် အားထုတ်ခဲ့မှု ရှိရတယ်။ ဥပမာ–သုမေဓာရှင်ရသေ့ ဘုရားဆုပန်တာဟာ သာမညကုသိုလ်မျိုး

မဟုတ်ပါ၊ ရဟန္တာ(၅၀၀)နဲ့အတူ ဘုရားကြွလာတဲ့အချိန်မှာ ကျော်နင်းသွားနိုင်အောင် အသက်ကိုစွန့်ပြီး မိမိကိုယ်ကို တံတားခင်းပေးတာ၊ ဒီလိုကြီးကျယ်တဲ့ ကုသိုလ်လုပ်ပြီးမှ ဘုရားဆုတောင်းတာပါ။ အဲဒီကုသိုလ်မျိုးဟာ 'ပကတ' ကြီးကြီးကျယ်ကျယ် အားထုတ်ခဲ့တဲ့ ကုသိုလ်မျိုးပါ။ နာမ်ခန္ဓာအစဉ်မှာ ဝီရိယနဲ့ စေတနာက ပြုလုပ်ခဲ့မှု အားထုတ်ခဲ့မှုဆိုတဲ့ 'ပကတ'က ရှိတော့ ခံစားမှုလဲ ရှိပါတယ်။ ရုပ်ခန္ဓာချည်းသက်သက်မှာကတော့ စေတနာမရှိလို့ ခံစားမှုက မရှိနိုင်ပါ၊ ဒါကြောင့် ပကတူပနိဿယပစ္စည်းရဲ့ ပစ္စယုပ္ပန်တရားမှာ ရုပ်တရားတွေ မပါနိုင်ပါ။

ဒီဘဝကုသိုလ်ကံက ပကတူပနိဿယသတ္တိနဲ့ လူ နတ် ဗြဟ္မာပဋိသန္ဓေကို ကျေးဇူးပြုတာဟာ နာမက္ခန္ဓာကိုသာ ကျေးဇူးပြုပါတယ်။ ကမ္မဇရုပ်ကို ကျေးဇူး မပြုနိုင်တဲ့ အကြောင်းကို မူလဋီကာမှာ တော်တော် ကျယ်ကျယ်ပဲ ရှင်းထားပါတယ်။ ဘဝတစ်ခုက ပြုလုပ်ခဲ့တဲ့ ဝီရိယတို့ စေတနာတို့ကြောင့် ခံစားမှု ဝေဒနာဟာ နာမ်ခန္ဓာမှာသာ ရှိပြီး ရုပ်ခန္ဓာမှာ မရှိတဲ့အတွက် ရုပ်ခန္ဓာဟာ ပကတူပနိဿယပစ္စည်းရဲ့ ပစ္စယုပ္ပန် မဖြစ်နိုင်ပါ။ ဒါကြောင့် ဒီဘဝကလုပ်တဲ့ ဒါန သီလစတဲ့ ကုသိုလ်တွေက နောက်ဘဝမှာဖြစ်တဲ့ လူ နတ် ဗြဟ္မာ ပဋိသန္ဓေနာမ်ခန္ဓာကိုသာ ပကတူပနိဿယနဲ့ ကျေးဇူးပြုနိုင်ပါတယ်။ ဒီအကြောင်းတွေကို ဝတ္ထုဇာတ်ကြောင်းတွေမှာ တစ်ဘဝသာမက ကမ္ဘာပေါင်း ထောင်သောင်းသိန်းသန်းက လုပ်ခဲ့တဲ့ ဒါန သီလ ကုသိုလ်တွေက ပကတူပနိဿယသတ္တိနဲ့ နာမ်ခန္ဓာတွေကို အကျိုးပေးပုံ၊ ပကတူပနိဿယဆန်းကြယ်ပုံကို ကမ္မပစ္စည်းကျတော့ တင်ပြပါဦးမယ်။

## ၄။ အကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြု

"ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော" အကုသိုလ်က အကုသိုလ်ကို ကျေးဇူး ပြုပုံမှာ အနန္တရူပနိဿယ အာရမ္မဏူပနိဿယ ပကတူပနိဿယလို့ (၃)ချက်

လုံးမှာ ဥပနိဿယ ရပါတယ်။ အနန္တရူပနိဿယကတော့ အနန္တရအတိုင်း၊ အာရမ္မဏူပနိဿယကလဲ အရမ္မဏာဓိပတိပစ္စည်းမှာ ပါတဲ့အတိုင်း အားလုံး အတူတူပါပဲ။

အဘိဓမ္မာနည်းနဲ့တော့ အနန္တရမှာက ရှင်းနေပါတယ်။ အနန္တရကျေးဇူး ပြုပုံက အကုသိုလ်ဇော (၇)ချက်မှာ ပထမဇောက ဒုတိယဇော၊ ဒုတိယဇောက တတိယဇော၊ တတိယဇောက စတုတ္ထဇော၊ ဒီလိုဆက်ပြီး ကျေးဇူးပြုသွားတယ်။ ဒါကြောင့် ပဋ္ဌာန်းနည်းမှာ အနန္တရသတ္တိနဲ့ ကျေးဇူးပြုတာက ရှင်းပါတယ်။ ပကတူပနိဿယကတော့ သုတ္တန်နည်း နဲနဲ ဆန်ပါတယ်။ လောဘအမှီပြုပြီး သူတစ်ပါးအသက် သတ်တဲ့အခါ စားချင်တဲ့လောဘဖြစ်နေတဲ့ ဝီထိက တစ်ခြား၊ သူ့အသက်သတ်တာက တစ်လကြာမှ သတ်ချင်သတ်မယ်၊ တစ်နှစ်ကြာမှ သတ်ချင်သတ်မယ်၊ ဘယ်လောက်ကြာကြာ ဒီလောဘကို အမှီပြုပြီး သူတစ်ပါး အသက် သတ်တာဖြစ်တယ်။ ဒါဟာ အကုသိုလ်က အကုသိုလ်ကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုတာပါ။ လောဘ ဒေါသ မာန ဒိဋ္ဌိစတဲ့ အကုသိုလ်စေတသိက်အကုန်လုံးမှာ ပကတူပနိဿယ ရနိုင်ပါတယ်။

ဒေါသကို အကြောင်းပြုပြီး သူ့အသက် သတ်တဲ့အခါ တစ်ချိန်တစ်ခါ တုန်းက လူတစ်ယောက်ကို ဒေါသဖြစ်ခဲ့ဖူးတယ်။ နောက် မထိန်းနိုင်တဲ့အတွက် နောင်တစ်ချိန်မှာ သူ့အသက်သေအောင် သတ်တယ်။ ဒါဟာ ဒေါသက အကုသိုလ်ကို ပကတူပနိဿယနဲ့ ကျေးဇူးပြုတာပါပဲ။ ဒီလိုနေရာမျိုးမှာ အနန္တရ မျိုး သဟဇာတမျိုးဆိုတဲ့ ဒီပြင်ပစ္စည်းတွေ တပ်လို့မရပါ။ လောဘ ဒေါသ မာန ဒိဋ္ဌိ အကုသိုလ်အကြောင်းပြုပြီး သူတစ်ပါးအသက် သတ်တာ၊ သူ့ပစ္စည်း ခိုးတာ၊ စားပြတိုက်တာ၊ သူပုန်ထတာဆိုတာတွေ ပဉ္စာဝါရမှာ ပြတာ တော်တော် များပါတယ်။ ဒီအကုသလကမ္မပထ (၁၀)ပါးလုံးနဲ့ အဖေ အမေ သတ်တဲ့ ပဉ္စာနန္တရိယကံအထိ အကုသိုလ်လုပ်ငန်းမှန်သမျှ အကုသိုလ်က အကုသိုလ်ကို (ဒီပြင် ပစ္စည်းတွေက ကျေးဇူးမပြုနိုင်ပေမဲ့) ပကတူပနိဿယကတော့ ကျေးဇူး ပြုနိုင်ပါတယ်။

၅။ အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြု

"ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော"ဆိုပြီး အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတဲ့နေရာမှာ "ကေသဉ္စိ"ပါလာပါတယ်။ ဒီတော့ အနန္တရ မရပဲ အာရမ္မဏူပနိဿယနဲ့ ပကတူပနိဿယတော့ ရပါတယ်။ အနန္တရမှာ ကုသိုလ်ဇောနောင် အကုသိုလ်ဇော ဇောလို့ မရပါ၊ အကုသိုလ်ဇောဝီထိ ကျပြီးရင် အကုသိုလ်ဇောနောင်မှာ တဒါရုံ ဒါမှမဟုတ် ဘဝင်ကျရပါတယ်။ နောက်ဝီထိကျတော့မှ ကုသိုလ်က ဖြစ်ရတယ်။ ဝီထိတစ်ဆက်ထဲ မရတဲ့အတွက် အနန္တရတော့မရပါ။ "ကေသဉ္စိ"ဆိုတာလဲ အနန္တရပစ္စည်းမရဘူးလို့ ပြောတာပါပဲ။

ပဉ္စာဝါရမှာ ဘယ်လိုရှင်းထားသလဲဆိုတော့ သူတစ်ပါးအသက် သတ်တဲ့အကုသိုလ် သူတစ်ပါးပစ္စည်းခိုးတဲ့ အကုသိုလ်ဆိုတဲ့ အကုသိုလ်ဒုစရိုက်အကုန်လုံးပဲ လုပ်တယ်ဆိုပါတော့။ လုပ်ခဲ့တဲ့ ပါဏာတိပါတ အဒိန္နာဒါန ကာမေသုမိစ္ဆာစာရဆိုတဲ့ အကုသိုလ်ကံတွေပျောက်အောင် ဒါန သီလ သမထ ဝိပဿနာ ကုသိုလ်အလုပ်တွေကို လုပ်တယ်။ ကိုယ်ပြုခဲ့ဖူးတဲ့ အကုသိုလ်ကို အကြောင်းပြုပြီး ဒါန သီလ ဘာဝနာကုသိုလ်တွေဖြစ်လို့ အကုသိုလ်က ကုသိုလ်ကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုပါတယ်။

အမှန်က အကုသိုလ်တွေကို ငယ်ငယ်က လုပ်ခဲ့တယ်။ အကုသိုလ်မျိုးစုံလုပ်ခဲ့မိတယ်။ မိဘကို သတ်တဲ့ အာနန္တရိယကံမှတစ်ပါး ဒီ့ပြင် အကုသိုလ်ကံတွေဟာ ကုသိုလ်ပြန်လုပ်ရင် ပြေပျောက်သွားနိုင်တယ်လို့ ဗုဒ္ဓဘာသာမှာ ယုံကြည်မှု ရှိတယ်။ ယုံကြည်မှုရှိတဲ့အတွက် ကြီးတဲ့အခါမှာ အကုသိုလ်ပျောက်ဖို့ ကုသိုလ်လုပ်ပါတယ်။ နှစ်ပေါင်းဘယ်လောက်ကြာကြာ ပြုခဲ့တဲ့အကုသိုလ်ကို အကြောင်းပြုပြီး ကုသိုလ်ပြုလုပ်ရင် ပကတူပနိဿယနဲ့ ကျေးဇူးပြုနိုင်တာပါပဲ။ အကုသိုလ်ကို အများကြီး လုပ်မိလို့ ဗုဒ္ဓဘာသာမှာ တရားသံဝေဂ ရသွားသူတွေ အများကြီးရှိပါတယ်။

ပဋ္ဌာဝါရမှာ "ဈာန် ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ"လို့ ဟောပါတယ်။ အကုသိုလ်ကြောင့် ကုသိုလ်ကို အားထုတ်တဲ့အခါမှာ အာနန္တရိယ ကံမှတစ်ပါး ဒီပြင်အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတဲ့အခါမှာ ဒါန သီလ ဘာဝနာ သမထ ဝိပဿနာ ဈာန် မဂ် ဖိုလ်အထိ ကျင့်ကြံအားထုတ်က ရနိုင်တယ်လို့ ပဋ္ဌာဝါရမှာ အကျယ်ဟောထားခြင်း ဖြစ်ပါတယ်။ ရိုးရိုးကုသိုလ် လုပ်တဲ့သူက ဒီလောက်ပြတ်ပြတ်သားသား လုပ်ချင်မှ လုပ်မယ်။ အကုသိုလ် များများ လုပ်ခဲ့မိသူကတော့ ဒီဘဝမှာပဲ အရိယာဖြစ်အောင် အားထုတ်တယ်။ အရိယာဖြစ်အောင် အားထုတ်တာက အရိယာဖြစ်ရင် ဂတိမြဲတယ်။ သောတာပန် ဖြစ်ရင် အပါယ်မလားဘူးဆိုပြီး သူလုပ်ခဲ့တဲ့ အကုသိုလ်နဲ့ အပါယ်ကျမှာ စိုးတဲ့အတွက် ဒီပြင် လူများထက် ပိုပြီး ဒါန သီလ ဘာဝနာ ကုသိုလ်တွေ လုပ်တတ်ကြပါတယ်။ ဒါကြောင့် ဈာန် အဘိညာဉ် မဂ်ထိအောင် အကျိုးပေး နိုင်တယ်လို့ - ပဋ္ဌာဝါရမှာ ဟောထားတာပါ။

အင်္ဂုလိမာလတို့လို အကုသိုလ်ကို အကြောင်းပြုပြီး အရိယာဖြစ်သွားသူ များ၊ ရဟန္တာဖြစ်သွားသူများရဲ့ ဝတ္ထုကြောင်းတွေ အများကြီးရှိပါတယ်။ ဒီလို ဝတ္ထုကြောင်းတွေနဲ့ သက်သေသာဓကပြပြီး ပဋ္ဌာန်းလေ့လာနေရင် ပြီးဆုံး နိုင်စရာမရှိပါ။ ဒီဝတ္ထုကြောင်းတွေဟာ အကုသိုလ်က ကုသိုလ်ကို ပကတူပ နိဿယသတ္တိနဲ့ ကျေးဇူးပြုတဲ့ သာဓကတွေပါပဲ။

၆။ အကုသိုလ်က အဗျာကတကို ကျေးဇူးပြု

အဗျာကတတရားဆိုတာက ဝိပါက်နဲ့ ကြိယာတွေပါ။ ပကတူပနိဿယ အဗျာကတပစ္စယုပ္ပန်တရားမှာ ရုပ်မပါပါ။ အကုသိုလ်က အဗျာကတကိုကျေးဇူး ပြုတဲ့အခါ ပါဏာတိပါတ=သူတစ်ပါးအသက် သတ်သူမှာ ကာယိကဒုက္ခရှိပါ တယ်။ သတ်ရတဲ့ အလုပ်ကိုက ကိုယ်ခန္ဓာ ပင်ပန်းခံပြီး လုပ်ရတဲ့ အလုပ်ဖြစ် တဲ့အတွက် ပါဏာတိပါတကို အကြောင်းပြုပြီး ကာယိကဒုက္ခဝိပါက်ဝေဒနာ ဖြစ်ပါတယ်။ အကုသိုလ်က အဗျာကတကို ကျေးဇူးပြုတာပါပဲ။ သူများ အသက်

သတ်ပြီး သေသေချာချာ ချက်ပြုတ်အရသာခံပြီး စားပြန်ရင်လဲ ကာယိကသုခ ကိုယ်ချမ်းသာမှုဖြစ်တော့ အကုသိုလ် အကြောင်းပြုပြီး ကာယိကသုခအဗျာကတ ဖြစ်ပြန်ပါတယ်။

ဒီလိုပဲ အဒိန္နာဒါန=သူတစ်ပါးပစ္စည်းကို ရအောင်ကြိုးစားရတာ လုံ့လ ထုတ်ရတာဟာ သာမညဒုက္ခမဟုတ်ပါ၊ တော်တော်ပင်ပင်ပန်းပန်း မရ–အရ ကြိုးစားရပါတယ်။ သူတစ်ပါး ပစ္စည်းရအောင် ကြိုးစားရတဲ့အကုသိုလ်က ကာယိကဒုက္ခအဗျာကတကို ကျေးဇူးပြုပါတယ်။ ပစ္စည်းတွေအများကြီးရလာ တော့ တိုက်နဲ့ ကားနဲ့ အထက်တန်းကျကျ နေရတဲ့အခါ ကာယိကသုခဖြစ်ပါ တယ်။ ကာယိကသုခဖြစ်တာက ဝိပါက်အဗျာကတပါပဲ၊ ကာယိကဒုက္ခ ကာယိကသုခဆိုတဲ့ ဝိပါက်အဗျာကတကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြု တာပါပဲ။

ဒီဘဝက ပါဏာတိပါတ အဒိန္နာဒါနဆိုတဲ့ အကုသိုလ်တွေကလဲ နောက် ဘဝအထိ အကျိုးပေးပါတယ်။ နောက်ဘဝမှာ အပါယ်လေးဘုံဖြစ်တဲ့ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဆိုတဲ့ အကုသလဝိပါက်နာမက္ခန္ဓာ (၄)ပါးဟာ ကမ္မဇရုပ်နဲ့ ပြိုင်တူသွားဖြစ်ပါတယ်။ အကုသိုလ်ကံက ပဋိသန္ဓေ ဝိပါက် နာမက္ခန္ဓာကို ပကတူပနိဿယနဲ့ ကျေးဇူးပြုတာပဲ ဖြစ်ပါတယ်။ ကမ္မဇရုပ်ကိုတော့ ကျေးဇူးမပြုနိုင်ပါ။ သို့သော် ဘဝပေါင်း ထောင်သောင်းက လုပ်ခဲ့တဲ့ အကုသိုလ် ကံက ဒီဘဝမှာလာပြီး ကမ္မဇရုပ်မှာ ဒုက္ခဝေဒနာပေးတာဟာ အကုသိုလ်က အဗျာကတကို ကျေးဇူးပြုတယ်လို့ ဆိုနိုင်ပါတယ်။

အခုဘဝ လောလောဆယ် မြင်တဲ့စိတ် ကြားတဲ့စိတ်နဲ့ နံတဲ့စိတ်ဆိုတာ တွေမှာ ကောင်းတာမြင်တာ ကောင်းတာကြားတာ မှန်သမျှဟာ ပြုခဲ့တဲ့ ကုသိုလ် ကံကြောင့်ပဲ။ မကောင်းတာမြင်တော့ မကောင်းတာကြားတာ မကောင်းတာ နံတာတွေက ပြုခဲ့တဲ့ အကုသိုလ်ကံကြောင့်ပဲ။ ကောင်းတာမြင်တော့ ကုသလ ဝိပါက် စက္ခုဝိညာဉ်။ ကောင်းတာကြားရင် ကုသလဝိပါက် သောတဝိညာဉ်။ မကောင်းတာမြင်တော့ အကုသလဝိပါက်စက္ခုဝိညာဉ်။ မကောင်းတာကြားတော့

အကုသလဝိပါက် သောတဝိညာဉ်ပဲ။ ဒီစိတ်တွေဟာ နေ့စဉ်အဖြစ်များတဲ့ အဗျာကတတရားများ ဖြစ်ကြပါတယ်။ မကောင်းတာမြင်ရ မကောင်းတာ ကြားရ မကောင်းတာနံရတာတွေဟာ အကုသိုလ်ကံကြောင့်ဖြစ်လို့ အကုသိုလ်က အဗျာကတကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုတာဖြစ်ပါတယ်။

၇။ အဗျာကတက အဗျာကတကို ကျေးဇူးပြု

"ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော" အဗျာကတတရားဟာ ဝိပါက်ရယ် ကြိယာရယ် ရုပ်ရယ်လို့ ရှိကြပါတယ်။ ပစ္စည်းမှာ ရုပ်ပါပေမဲ့ ပစ္စယုပ္ပန်မှာ ရုပ်မပါပါ။ ပဋ္ဌာဂါရမှာ ပြတာက ရောဂါဝေဒနာ ခံစားနေရသူတစ်ဦးဟာ ဝေဒနာကြောင့် ကာယိကဒုက္ခ ကိုယ်ဆင်းရဲမှု အဗျာကတက ရှိနေပါတယ်။ ရောဂါဝေဒနာကြောင့်ဖြစ်တဲ့ ကိုယ်ဆင်းရဲမှုကို အကြောင်းပြုပြီး နောက်ထပ် ကိုယ်ဆင်းရဲမှု ဖြစ်ပြန်ပါတယ်။ ပထမဖြစ်တဲ့ ဆင်းရဲမှု ရောဂါဝေဒနာ အဗျာကတက ပင်ပန်းမှု ဆင်းရဲမှုကို အကြောင်းခံပြီး နောက်ထပ်ဖြစ်လာတဲ့ ဝေဒနာအဗျာကတကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုတာပါပဲ။

ကာယိကဒုက္ခဆိုတဲ့ ကိုယ်ပင်ပန်းဆင်းရဲခံပြီး ပစ္စည်းဥစ္စာရှာဖွေရပါတယ်။ ဒီလို ရှာဖွေလို့ ပစ္စည်းဥစ္စာတွေရတော့ အေးချမ်းသာယာစွာ နေရတဲ့အခါ ကာယိကဒုက္ခအဗျာကတက ကာယိကသုခအဗျာကတကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုတာပါပဲ။ ကာယိကဒုက္ခဆိုတဲ့ ဝေဒနာကို အကြောင်းပြုပြီး ရဟန္တာဖြစ်သွားတဲ့အခါမှာ ကြိယာက အဗျာကတဖြစ်တဲ့အတွက် ဒုက္ခဝေဒနာ အဗျာကတက ရဟန္တာသန္တာန်မှာဖြစ်တဲ့ကြိယာအဗျာကတကို ပကတူပနိဿယနဲ့ ကျေးဇူးပြုပြန်ပါတယ်။ ကာယိကသုခ ကိုယ်ချမ်းသာမှုကို အကြောင်းပြုပြီး ကိုယ်ချမ်းသာမှ သမာဓိရ၊ သမာဓိရမှ ပညာဖြစ်၊ ပညာဖြစ်မှ ရဟန္တာဖြစ်တယ်။ ရဟန္တာမှာ ကုသိုလ် အကုသိုလ်မရှိဘဲ ကြိယာသာ ရှိတဲ့အတွက် ကာယိကသုခအဗျာကတ

တရားက ရဟန္တာသန္တာန်မှာဖြစ်တဲ့ ကြိယာအဗျာကတကို ပကတူပနိဿယနဲ့ ကျေးဇူးပြုပါတယ်။

၈။ အဗျာကတက ကုသိုလ်ကို ကျေးဇူးပြု

"ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော" အဗျာကတက ကုသိုလ်ကို ကျေးဇူးပြုတဲ့အခါ အနန္တရပစ္စည်းရပါတယ်။ ဝီထိမှာ ဇော(၇)ကြိမ်နောင် တဒါရုံ သို့မဟုတ် ဘဝင်ကျတော့ တဒါရုံနဲ့ ဘဝင်က အဗျာကတဖြစ်ပါတယ်။ ဝုဋ္ဌောနောင်မှာ ကုသိုလ်ဇောလဲရ အကုသိုလ်ဇောလဲ ရပါတယ်။ ဝုဋ္ဌောက အဗျာကတဖြစ်တဲ့အတွက် ဝုဋ္ဌောနောင်မှာ ကုသိုလ်လဲဖြစ်နိုင် အကုသိုလ်လဲ ဖြစ်နိုင်ပါတယ်။ ပဋ္ဌာန်းမှာ ဝီထိတဆက်ထဲဖြစ်ရင် အနန္တရပစ္စည်းတပ်နိုင်တဲ့ အတွက် ဒီနေရာမှာ "ကေသဉ္စိ" မပါတော့ပါ။

ခန္ဓာကိုယ်မှာ ဝေဒနာခံစားရတော့ သေချင်သေသွားနိုင်တယ်။ ကာယိက ဒုက္ခကို အကြောင်းပြုပြီး တရားအားထုတ်တဲ့အခါ စောင့်ထိန်းတဲ့သီလ တရားအားထုတ်တဲ့ ဝိပဿနာက ကုသိုလ်ဖြစ်ပါတယ်။ ဝိပဿနာတရားအားထုတ်ရင် ဈာန်လဲရနိုင်၊ မဂ်လဲ ရနိုင်ပါတယ်။ ကာယိကဒုက္ခကို အကြောင်းပြုပြီး ဒါန သီလ သမထ ဝိပဿနာကုသိုလ်တွေရတဲ့အခါ ဒုက္ခဝေဒနာအဗျာကတက ကုသိုလ်ကို ပကတူပနိဿယနဲ့ ကျေးဇူးပြုပါတယ်။

ကာယိကသုခကို အမှီပြုပြီး ချမ်းချမ်းသာသာရှိတဲ့ သူတစ်ဦးဟာ ဒီဘဝမှာ ချမ်းသာသလို နောက်ဘဝအဆက်ဆက်မှာ ချမ်းသာအောင် မတောင့်တ, မကြောင့်ကြရဘဲနေရအောင် ဒါနလုပ်တယ်၊ သီလဆောက်တည်တယ်၊ သမထ ဝိပဿနာအားထုတ်တယ်ဆိုရင် ကာယိကသုခကို အကြောင်းပြုပြီး လုပ်တဲ့ အခါမှာ သုခဝေဒနာအဗျာကတက ကုသိုလ်ကို ပကတူပနိဿယနဲ့ ကျေးဇူး ပြုပါတယ်။

၉။ အဗျာကတက အကုသိုလ်ကို ကျေးဇူးပြု

အဗျာကတက အကုသိုလ်ကို ကျေးဇူးပြုရာမှာလဲ ကုသိုလ်နည်းတူပါပဲ။

### ဥပနိဿယပစ္စည်းမှာ အဆုံး(၃)ပိုဒ် ဟောရကြောင်း

ဥပနိဿယပစ္စည်းမှာ အဆုံး(၃)ပိုဒ်က အဓိပ္ပါယ်ကျယ်ဝန်းတဲ့အပြင် လက်တွေ့မှာလဲ အသုံးများပါတယ်။

ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။

သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

(၁) ကုသိုလ်က ကုသိုလ်ကို၊ ကုသိုလ်က အကုသိုလ်ကို၊ ကုသိုလ်က အဗျာကတကိုဆိုတဲ့ ကုသိုလ်အဓိကထားတဲ့အကြောင်းက ၃-ချက်။

(၂) အကုသိုလ်က အကုသိုလ်ကို၊ အကုသိုလ်က ကုသိုလ်ကို၊ အကုသိုလ်က အဗျာကတကိုဆိုတဲ့ အကုသိုလ်အဓိကထားတဲ့ အကြောင်းက ၃-ချက်။

(၃) အဗျာကတက အဗျာကတကို၊ အဗျာကတက ကုသိုလ်ကို၊ အဗျာကတက အကုသိုလ်ကိုဆိုတဲ့ အဗျာကတ အဓိကထားတဲ့ အကြောင်းက ၃-ချက်။

ဥတုဘောဇနမ္ပိစတဲ့ နောက်ဆုံး ၃-ပိုဒ်ဟာ ကျေးဇူးပြုတဲ့အကြောင်း ၉-ချက်ထဲမှာ မပါနိုင်ဘူးလား၊ သို့မဟုတ် အဗျာကတက အဗျာကတကို ကျေးဇူးပြုတာမှာ ထဲ့မလား၊ အကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတာမှာ ထဲ့မလား၊ ကုသိုလ်ကို ကုသိုလ်က ကျေးဇူးပြုတာမှာ ထဲ့မလားလို့ စဉ်းစားကြည့်တဲ့အခါ ကိုယ့်ဉာဏ်နဲ့ကိုယ် ပြောရရင် ပြဿနာတွေ ရှုပ်နိုင်ပါတယ်။ ဘုရားဟောထားတဲ့ ပဋ္ဌာဝါရ ကြည့်ပြီး ပြောတာက အကောင်းဆုံးပါပဲ။

ပဋ္ဌာဝါဒမှာ ဥတုဘောဇနနဲ့ သေနာသနဟာ အဗျာကတက အဗျာကတကို ဆိုတာမှာ တစ်ချက်၊ အဗျာကတက ကုသိုလ်ကို ဆိုတာမှာ တစ်ချက်၊ အဗျာကတက အကုသိုလ်ကိုဆိုတာမှာ တစ်ချက်၊ ဒီသုံးချက်မှာ ပါပါတယ်။ ဒီလို ပါနိုင်ရင် ပစ္စယနိဒ္ဒေသမှာ အဗျာကတက အဗျာကတကို ကျေးဇူးပြုတဲ့ နေရာမှာ ဥတု၊ ဘောဇနနဲ့ သေနာသနကိုထဲ့ပြောရင် ရနိုင်ပါရက်သားနဲ့ ဘာပြုလို့ သီးခြားထုတ်ဟောရသလဲလို့ မေးစရာရှိပါတယ်။ ဥတု၊ ဘောဇဉ်၊ သေနာသနတို့ဟာ "ဥပနိဿယ၊ ဥပနိဿယ"လို့ လောကလူတွေက တဖွဖွ ပြောနေကြတယ်။ သူတို့ဟာ လူသတ္တဝါတွေရဲ့ အမှီသဟဲ ဖြစ်နေတာကလဲ ထင်ရှားတယ်၊ ဥတု၊ဘောဇန၊ သေနာသနတို့ဟာ ပညတ်လား၊ အဗျာကတလား ပြဿနာတွေ တက်နေမယ်၊ ဒါကြောင့် ပစ္စယနိဒ္ဒေသမှာ သီးခြားဟောရပါတယ်။

## ဥတု

ဥတုဆိုတာဟာ ကုသိုလ်လဲ မဟုတ်ဘူး၊ အကုသိုလ်လဲ မဟုတ်ဘူး၊ အပူအအေးဆိုတဲ့ တေဇောဓာတ်ကို ဥတုလို့ ခေါ်ပါတယ်။ တေဇောဓာတ်ဟာ ရုပ်ဖြစ်လို့ အဗျာကတတရားပဲ ဖြစ်ပါတယ်။ "ဥတုသပ္ပါယ မျှတတယ်၊ ဥတု မမျှတလိုက်တာ"လို့ ဒီလိုပြောကြတယ်။ လူတစ်ယောက်ရဲ့ ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှုဟာ ဥတုသပ္ပါယ ဖြစ်တဲ့အခါမှာ ဥတုက ကာယိကသုခကို ကျေးဇူးပြုနိုင်တယ်၊ ဥတုသပ္ပါယ မမျှတတဲ့အခါ ဥတုက ကာယိကဒုက္ခကို ကျေးဇူး ပြုနိုင်တယ်။ ဥတုက အဗျာကတပါ၊ ကာယိကဒုက္ခ ကာယိကသုခကလဲ အဗျာကတပဲ ဖြစ်ပါတယ်။ ကာယိကဒုက္ခ၊ ကာယိကသုခကို ကျေးဇူးပြုတဲ့ အခါမှာ အဗျာကတော အဗျာကတဿထဲ ဝင်သွားတာပါပဲ။

ဥတုသပ္ပါယ ဖြစ်တဲ့အခါမှာ ဒါနပြုကြတယ်၊ သီလဆောက်တည်ကြ တယ်။ ဥတုသပ္ပါယ မဖြစ်တဲ့အချိန်မှာ ဒါနလဲ မပြုနိုင်၊ သီလလဲ မဆောက်တည် နိုင်၊ ဈာန်တရားလဲ အားမထုတ်နိုင်ပါ။ ဈာန်တရား အားထုတ်တဲ့အခါမှာ

ဥတုသပ္ပါယ ဖြစ်ဖို့ အရေးကြီးပါတယ်။ ဥတုသပ္ပါယမဖြစ်ဘဲ စိတ်ထဲမှာ မကြည်မလင်နဲ့ စိတ်အိုက်နေတဲ့အခါ ဈာန်တရား အားထုတ်လို့ မရပါ။ ဥတုသပ္ပါယဖြစ်တဲ့အခါ ဥတုက ဈာန်တရားကို ကျေးဇူးပြုနိုင်ပါတယ်။ ဝိပဿနာ တရားအားထုတ်သူဟာ ဥတုသပ္ပါယမဖြစ်ရင် အားထုတ်လို့ မရပါ။ စိတ် မကြည်လင် စိတ်မချမ်းသာရင် နူးညံ့တဲ့ ဝိပဿနာမှာ ဉာဏ်က မပေါက်နိုင်ပါ။ ဥတုအဗျာကတက ဒါန၊ သီလ၊ ဈာန်၊ မဂ်ကုသိုလ်ကို ကျေးဇူးပြုတဲ့အခါမှာ အဗျာကတက ကုသိုလ်ကို ကျေးဇူးပြုတာပါပဲ။

ဥတုက အကုသိုလ်ကိုလဲ ကျေးဇူးပြုနိုင်ပါတယ်။ မကောင်းတာ လုပ်တဲ့ အခါမှာလဲ ဥတုသပ္ပါယဖြစ်တဲ့အခါမှာ လုပ်တတ်ကြပါတယ်။ ဥတုသပ္ပါယ ဖြစ်လို့ သူ့အသက် သတ်တယ်ဆိုရင် ဥတုက အကုသိုလ်ကို ကျေးဇူးပြုတာပါ။ ဒါကြောင့် ဥတုမှာလဲ ဥတုက အဗျာကတကို၊ ဥတုက ကုသိုလ်ကို၊ ဥတုက အကုသိုလ်ကို ကျေးဇူးပြုနိုင်တယ်ဆိုတဲ့ ဒီအချက် သုံးချက်လုံး ရပါတယ်။

ဘောဇဉ်အစားအစာ

ဘောဇဉ်အစားအစာကို အဗျာကတလို့ သာမညဆိုရင် မသိမှာစိုးလို့ ဘုရားက သီးခြား ဟောသွားပါတယ်။ ဘောဇဉ်အစားအစာကို ကောင်းကောင်း စားရရင် စိတ်ချမ်းသာမှု=စေတသိကသုခ၊ ကိုယ်ချမ်းသာမှု=ကာယိကသုခ ဖြစ်တယ်၊ မကောင်းတဲ့အစားအစာကို စားရရင်တော့ စေတသိကဒုက္ခ ကာယိက ဒုက္ခကို ဖြစ်စေတဲ့အတွက် အစားအစာ အဗျာကတက စေတသိကသုခ ကာယိက သုခ၊ စေတသိကဒုက္ခ ကာယိကဒုက္ခဆိုတဲ့ အဗျာကတကို ကျေးဇူးပြုပါတယ်။

ဘောဇဉ်ဆိုတာကလဲ ကောင်းတာ၊ မကောင်းတာ အဓိက မဟုတ်၊ ကိုယ်စားချင်တာ ကိုယ်ကြိုက်တာကို မစားရရင် ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှု မဖြစ်ပါ။ မိတ်ဆွေတစ်ယောက်ဟာ သူငယ်ငယ်တုန်းက ရုံးက အိမ်ကို ပြန်လာတဲ့အခါ ထမင်းပွဲမှာ ထိုင်ပြီး ထမင်းစားရင် သူကြိုက်တဲ့ ဟင်းမပါတဲ့ အတွက် မျက်ရည်တောက်တောက် ကျရတယ်လို့ ပြောသံကြားဖူးပါတယ်။

ဒါနပြုတဲ့အခါ သီလစောင့်တဲ့အခါမှာ အရေးမကြီး၊ မထင်ရှားပေမဲ့ ဈာန်တရား၊ မဂ်တရား အားထုတ်တဲ့ အခါများမှာ အစားအစာကို မြိုးမြိုးမြက်မြက် ရတာနဲ့ စားနေတဲ့အခါ စိတ်ရဲ့ချမ်းသာမှု၊ ကျေနပ်မှုမရရင် ဈာန်တရား မဂ်တရား အားထုတ်လို့ မရနိုင်ပါ။ ဓမ္မပဒမှာပါတဲ့ ဝတ္ထုကြောင်းနဲ့ ပြောရရင် သံဃာတော်တွေ ကြိုးကြိုးစားစားနဲ့ တရားအားထုတ်ကြပေမဲ့ တရားမရကြတာကို ကြည့်ပြီးတော့ မာတိကာဆိုတဲ့ ဒါယိကာမကြီးက "ဒီသံဃာတော်တွေ ကြိုးစားပြီး တရားအားထုတ်ပေမဲ့ တရားမရနိုင်တဲ့အကြောင်းက ဘာပါလိမ့်"လို့ ကြည့်လိုက်တဲ့အခါ သူက ပရစိတ္တဝိဇာနနအဘိညာဉ်ကို ရနေတော့ သိသွားပါတယ်။ သံဃာတော်တွေဟာ ဆွမ်းစတဲ့ အာဟာရမှာ စိတ်ကျေနပ်မှု မရှိတော့ တရားထူး မရဘဲ ဖြစ်နေပါတယ်။ ဒီတော့မှ ဆွမ်းချက်တဲ့အခါ သံဃာတော်များ စိတ်ကျေနပ်မှုရှိအောင် အဘိညာဉ်စိတ်နဲ့ကြည့်ပြီး အချိုကြိုက်တဲ့ သံဃာတော်အတွက် အချို၊ အချဉ်ကြိုက်တဲ့ သံဃာတော်အတွက် အချဉ် စသဖြင့် ချက်ပြုတ်ပြီး သံဃာများ စိတ်ကြိုက် ဆွမ်းကပ်တော့မှ တရားရသွားကြပါတယ်။ ဘောဇဉ် အစားအစာကလဲ ခန္ဓာကိုယ်ရဲ့ ချမ်းသာမှု၊ ဆင်းရဲမှုကို ဖြစ်စေနိုင်လို့ အစားအစာဆိုတဲ့ အဇ္ဈာကတက ကိုယ်ချမ်းသာမှု၊ ဆင်းရဲမှု အဇ္ဈာကတကို ပကတူပနိဿယနဲ့ ကျေးဇူးပြုတာ ဖြစ်ပါတယ်။

အစားအစာ အဇ္ဈာကတက ကုသိုလ်ကို ကျေးဇူးပြုပုံကတော့ ကိုယ်ကြိုက်တာ စားရတဲ့အတွက် မိမိမှာ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြစ်တဲ့အခါ ဒါန သီလ အားထုတ်နိုင်တယ်၊ ဈာန်နဲ့မဂ်ကိုလဲ အားထုတ်နိုင်ပါတယ်။ ဒါကြောင့် အစားအစာက ဒါန၊ သီလ၊ ဘာဝနာ၊ ဈာန်၊ မဂ် ကုသိုလ်ထိအောင် အထောက်အပံ့ ကျေးဇူးပြုနိုင်လို့ ပကတူပနိဿယ ရပါတယ်။ ဒါကြောင့် ဘုရားရှင်က ဘောဇဉ်တို့ ဥတုတို့ကို သီးခြား ဟောရပါတယ်။

ကောင်းကောင်းစားပြီး ကောင်းကောင်းအားရှိတော့ ကောင်းတာမဟုတ်တဲ့ အကုသိုလ်အလုပ် သူတပါး အသက်သတ်၊ သူတပါးဥစ္စာ ခိုးခဲ့ရင် ဘောဇဉ်

အစားအစာ အဗျာကတက အကုသိုလ်ကို ကျေးဇူးပြုတာပါပဲ။ ဒါကြောင့်မို့ ဘောဇဉ်မှာ အဗျာကတက အဗျာကတ၊ အဗျာကတက ကုသိုလ်၊ အဗျာကတက အကုသိုလ်လို့ သုံးချက်လုံး ရပါတယ်။ ပစ္စယနိဒ္ဒေသပါဠိတော်မှာ ဥတုနဲ့ ဘောဇဉ်ပြီးတော့ ပုဂ္ဂလောပိလို့ ပါနေပါတယ်။ ပဥှာဝါရမှာက ပုဂ္ဂလမပါဘဲ ဥတု ဘောဇဉ် ကာယိကဒုက္ခ ကာယိကသုခနဲ့ သေနာသနပဲ ပါပါတယ်။

### သေနာသန

သေနာသနဆိုတာ အိမ်၊ ကျောင်း၊ နေရာထိုင်ခင်းတွေဖြစ်လို့ ရုပ်အဗျာကတထဲ ထဲ့ပါတယ်။ သေနာသနမှာ "ပိ"ပါတဲ့အဓိပ္ပာယ်က နေစရာထိုင်စရာမှ ကျန်တဲ့ သဘောတူရာအားလုံး ယူနိုင်ပါတယ်။ ဥတုဘောဇနမှာ "ပိ"ကလဲ ဥတုဘောဇဉ်နဲ့သဘောတူတဲ့ ကျန်တဲ့တရားအားလုံး ယူနိုင်ပါတယ်။ ပကတူပနိဿယမှာ "ပိ"နဲ့ အကုန်လုံး ထဲ့သွားနိုင်ပါတယ်။

နေရာထိုင်ခင်း ကောင်းတယ်၊ နေရာကောင်းမှာ ထိုင်ရရင် စိတ်ချမ်းသာမှု၊ ကိုယ်ချမ်းသာမှု ရှိတယ်၊ အိုက်တုန်း ပူတုန်းမှာ ဖုံတွေနဲ့ ထိုင်ရရင် ကာယိယသုခ မဖြစ်နိုင်ပါ။ အေးတော့လဲ အေးတာနဲ့ လိုက်ဖက်ဖြစ်အောင်၊ ပူတော့လဲ အပူနဲ့ လိုက်ဖက်ဖြစ်အောင် သေနာသနသပ္ပါယဖြစ်ရင် တရားအားထုတ်တဲ့ အခါမှာလဲ ဈာန်တွေ၊ မဂ်တွေထိအောင် ရနိုင်ပါတယ်။ တရားအားထုတ်နေပြီး တရားထိုင်တဲ့နေရာကို မိမိစိတ်က မကျေနပ်စရာ ဖြစ်နေရင် တရားက သိပ်ပြီး သိမ်မွေ့တော့ အနှောင့်အယှက်ဖြစ်ရတယ်။ နေရာကောင်းကောင်း၊ ကျောင်းကောင်းကောင်းမှာ ကိုယ်နဲ့စိတ် ကြည်လင်ချမ်းသာတဲ့အခါ သေနာသနအဗျာကတက ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှုအဗျာကတကို ပကတူပနိဿယနဲ့ ကျေးဇူးပြုတာပါပဲ။ ဥတု၊ ဘောဇဉ်နဲ့ သေနာသနတို့ကို ပဥှာဝါရမှာ ထဲ့ဟောတဲ့အတွက် ဥတု၊ ဘောဇဉ်တို့ သေနာသနတို့ဟာ ပညတ် မဟုတ်၊ ပရမတ်လို့ ဆုံးဖြတ်နိုင်ပါတယ်။ အဗျာကတဝါရမှာ ထဲ့ဟောတော့ ကုသိုလ်လဲ

မဟုတ်၊ အကုသိုလ်လဲ မဟုတ်၊ အဗျာကတလို့ ဆိုရပါတယ်။ အဗျာကတ တရားမှာလဲ ရုပ်အဗျာကတသာ ဖြစ်ပါတယ်။

ပုဂ္ဂလောပိ

ပဋ္ဌာဝါရမှာ ပရမတ်ချည်းသက်သက် ဟောတဲ့အတွက် ပဋ္ဌာဝါရမှာ "ပုဂ္ဂလောပိ" မပါတော့ပါ။ ပုဂ္ဂလဆိုတာကို ပညတ်လို့ ဆုံးဖြတ်ရပါတယ်။ ပကတူပနိဿယပစ္စည်းမှာ ပညတ်လဲ ပါနိုင်ပါတယ်။ ပုဂ္ဂိုလ်ပညတ်ကို အမှီပြုပြီး ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှု ဖြစ်တယ်၊ သူတော်ကောင်း မိတ်ဆွေကောင်း ပေါင်းဖော်ရလို့ ပုဂ္ဂလသပ္ပါယဖြစ်လို့ ကိုယ်ချမ်းသာမှုဖြစ်ရရင် ပုဂ္ဂိုလ်ပညတ်က အဗျာကတကို ကျေးဇူးပြုတာပဲ။ မကောင်းတဲ့ ပုဂ္ဂိုလ် ပေါင်းမိပြန်တော့လဲ မကောင်းတဲ့အမှုတွေ ပြုလုပ်မိလို့ စိတ်ဆင်းရဲရင်လဲ ပုဂ္ဂိုလ်ပညတ်က အဗျာကတကို ကျေးဇူးပြုပါတယ်။

ကလျာဏမိတ္တ သူတော်ကောင်းပုဂ္ဂိုလ်နဲ့ ပေါင်းဖော်ပြီး အဘိဓမ္မာတွေ လေ့လာနိုင်တာဟာ ဘာဝနာကုသိုလ်ဖြစ်ပါတယ်။ ဘာဝနာကုသိုလ်ကို ကျေးဇူးပြုတာဟာ ပုဂ္ဂိုလ်ပညတ်က ကျေးဇူးပြုတာပါပဲ။ ကောင်းတဲ့ ပုဂ္ဂိုလ်နဲ့ ပေါင်းရလို့ ဒါနပြုတယ် သီလဆောက်တည်တယ်၊ ဒီပုဂ္ဂိုလ်ကို မှီဝဲရလို့ မဂ်တရားအထိ ရတယ်ဆိုရင်လဲ ပုဂ္ဂိုလ်ပညတ်က ဒါန၊ သီလ၊ ဘာဝနာ၊ ဝိပဿနာ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ထိအောင် ပကတူပနိဿယနဲ့ ကျေးဇူးပြုနိုင်ပါတယ်။ မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ရတဲ့အတွက် ရဟန္တာသိန်းသောင်း ဖြစ်သွားတာဟာ ပုဂ္ဂိုလ်ပညတ်က ပကတူပနိဿယနဲ့ ကျေးဇူးပြုတာဖြစ်ပါတယ်။ မင်္ဂလာတရားတော်အရ ကလျာဏမိတ္တဆိုတဲ့ ပညာရှိမှီဝဲရလို့ ကောင်းမှုကုသိုလ်တွေရရင် ပုဂ္ဂိုလ်ပညတ်က ကုသိုလ်ကို ကျေးဇူးပြုတာပါပဲ။ လူမိုက်နဲ့ ပေါင်းသင်းနေရလို့ အကုသိုလ်တွေ ဖြစ်ရင်လဲ ဒီပုဂ္ဂိုလ်ပညတ်က အကုသိုလ်ကို ကျေးဇူးပြုတာပါပဲ။ ဒါကြောင့် –

ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော၊

ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော၊

သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော–

လို့ ဟောထားခဲ့တယ်။ သာမညကြည့်ရင် ဥတု၊ ဘောဇဉ်တို့က ဥပနိဿယ ပစ္စည်းဖြစ်တယ်၊ ပုဂ္ဂိုလ်ကလဲ ဥပနိဿယပစ္စည်းဖြစ်တယ်၊ သေနာသနကလဲ ဥပနိဿယပစ္စည်းဖြစ်တယ်လို့ ဒီလောက်ပဲ သိကြမယ်၊ ဒါပေမဲ့ ပိတွေနဲ့ ဟောထားတဲ့အတွက် ကျန်တဲ့တရားအကုန်လုံး ယူနိုင်ပါတယ်လို့ မြတ်စွာ ဘုရားက ဥပနိဿယပစ္စည်းကို အကျယ်ဝန်းဆုံး ဟောပြထားတာပါပဲ။ အစ ပထမ ဟောခဲ့တဲ့ ဥပနိဿယ(၉)ချက်နဲ့ စဉ်းစားကြည့်တော့ ဥတု၊ ဘောဇနက အဗျာကတကို ကျေးဇူးပြုတာလား၊ ကုသိုလ်ကို ကျေးဇူးပြုတာလား၊ အကုသိုလ် ကို ကျေးဇူးပြုတာလား၊ အဲဒီ ကိုးချက်ကို အလွတ်လားလို့ ပြန်မေးတဲ့အခါ ပဋ္ဌာဝါဠိရမှာ သွားမကြည့်ရင် အဖြေရ တော်တော်ခက်ပါတယ်။ ဒါကြောင့် ပဋ္ဌာဝါဠိရကို ကြည့်ပြီး စွမ်းအားရှိသမျှ ရှင်းပြနေရခြင်း ဖြစ်ပါတယ်။ ဥပနိဿယ ပစ္စည်းကတော့ ဒီလောက်နဲ့ပဲ တော်ကြပါစို့။

မဟုတ်၊ အကုသိုလ်လဲ မဟုတ်၊ အဗျာကတလို့ ဆိုရပါတယ်။ အဗျာကတ တရားမှာလဲ ရုပ်အဗျာကတသာ ဖြစ်ပါတယ်။

## ပုဂ္ဂလောပိ

ပဋ္ဌာဝါရမှာ ပရမတ်ချည်းသက်သက် ဟောတဲ့အတွက် ပဋ္ဌာဝါရမှာ "ပုဂ္ဂလောပိ" မပါတော့ပါ။ ပုဂ္ဂလဆိုတာကို ပညတ်လို့ ဆုံးဖြတ်ရပါတယ်။ ပကတူပနိဿယပစ္စည်းမှာ ပညတ်လဲ ပါနိုင်ပါတယ်။ ပုဂ္ဂိုလ်ပညတ်ကို အမှီ ပြုပြီး ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှု ဖြစ်တယ်၊ သူတော်ကောင်း မိတ်ဆွေ ကောင်း ပေါင်းဖော်ရလို့ ပုဂ္ဂလသပ္ပါယဖြစ်လို့ ကိုယ်ချမ်းသာမှုဖြစ်ရရင် ပုဂ္ဂိုလ် ပညတ်က အဗျာကတကို ကျေးဇူးပြုတာပဲ။ မကောင်းတဲ့ ပုဂ္ဂိုလ် ပေါင်းမိ ပြန်တော့လဲ မကောင်းတဲ့အမှုတွေ ပြုလုပ်မိလို့ စိတ်ဆင်းရဲရင်လဲ ပုဂ္ဂိုလ်ပညတ်က အဗျာကတကို ကျေးဇူးပြုပါတယ်။

ကလျာဏမိတ္တ သူတော်ကောင်းပုဂ္ဂိုလ်နဲ့ ပေါင်းဖော်ပြီး အဘိဓမ္မာတွေ လေ့လာနိုင်တာဟာ ဘာဝနာကုသိုလ်ဖြစ်ပါတယ်။ ဘာဝနာကုသိုလ်ကို ကျေးဇူး ပြုတာဟာ ပုဂ္ဂိုလ်ပညတ်က ကျေးဇူးပြုတာပါပဲ။ ကောင်းတဲ့ ပုဂ္ဂိုလ်နဲ့ ပေါင်းရလို့ ဒါနပြုတယ် သီလဆောက်တည်တယ်၊ ဒီပုဂ္ဂိုလ်ကို မှီဝဲရလို့ မဂ်တရားအထိ ရတယ်ဆိုရင်လဲ ပုဂ္ဂိုလ်ပညတ်က ဒါန၊ သီလ၊ ဘာဝနာ၊ ဝိပဿနာ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ထိအောင် ပကတူပနိဿယနဲ့ ကျေးဇူးပြုနိုင်ပါတယ်။ မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ရတဲ့အတွက် ရဟန္တာသိန်းသောင်း ဖြစ်သွားတာဟာ ပုဂ္ဂိုလ် ပညတ်က ပကတူပနိဿယနဲ့ ကျေးဇူးပြုတာဖြစ်ပါတယ်။ မင်္ဂလာတရားတော် အရ ကလျာဏမိတ္တဆိုတဲ့ ပညာရှိမှီဝဲရလို့ ကောင်းမှုကုသိုလ်တွေရရင် ပုဂ္ဂိုလ် ပညတ်က ကုသိုလ်ကို ကျေးဇူးပြုတာပါပဲ။ လူမိုက်နဲ့ ပေါင်းသင်းနေရလို့ အကုသိုလ်တွေ ဖြစ်ရင်လဲ ဒီပုဂ္ဂိုလ်ပညတ်က အကုသိုလ်ကို ကျေးဇူးပြုတာပါပဲ။ ဒါကြောင့် –

ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော၊

ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော၊

သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော–

လို့ ဟောထားခဲ့တယ်။ သာမညကြည့်ရင် ဥတု၊ ဘောဇဉ်တို့က ဥပနိဿယ ပစ္စည်းဖြစ်တယ်၊ ပုဂ္ဂိုလ်ကလဲ ဥပနိဿယပစ္စည်းဖြစ်တယ်၊ သေနာသနကလဲ ဥပနိဿယပစ္စည်းဖြစ်တယ်လို့ ဒီလောက်ပဲ သိကြမယ်၊ ဒါပေမဲ့ ပိတွေနဲ့ ဟောထားတဲ့အတွက် ကျန်တဲ့တရားအကုန်လုံး ယူနိုင်ပါတယ်လို့ မြတ်စွာ ဘုရားက ဥပနိဿယပစ္စည်းကို အကျယ်ဝန်းဆုံး ဟောပြထားတာပါပဲ။ အစ ပထမ ဟောခဲ့တဲ့ ဥပနိဿယ(၉)ချက်နဲ့ စဉ်းစားကြည့်တော့ ဥတု၊ ဘောဇနက အဗျာကတကို ကျေးဇူးပြုတာလား၊ ကုသိုလ်ကို ကျေးဇူးပြုတာလား၊ အကုသိုလ် ကို ကျေးဇူးပြုတာလား၊ အဲဒီ ကိုးချက်ကို အလွတ်လားလို့ ပြန်မေးတဲ့အခါ ပဋ္ဌာဝါရမှာ သွားမကြည့်ရင် အဖြေရ တော်တော်ခက်ပါတယ်။ ဒါကြောင့် ပဋ္ဌာဝါရကို ကြည့်ပြီး စွမ်းအားရှိသမျှ ရှင်းပြနေရခြင်း ဖြစ်ပါတယ်။ ဥပနိဿယ ပစ္စည်းကတော့ ဒီလောက်နဲ့ပဲ တော်ကြပါစို့။

# ၁၀။ ပဋ္ဌာန်ရေး ပုရေဇာတပစ္စည်း

ပုရေဇာတပစ္စည်း

ပုရေဇာတဆိုတာ ပုရေ=ရှေ့+ဇာတ=ဖြစ်သည်၊ ပုရေဇာတပစ္စည်းတရားက ပစ္စယုပ္ပန်တရားမဖြစ်ခင် ရှေ့က ဖြစ်နှင့်နေပါတယ်။ အရင်ဖြစ်ပြီးနေပါတယ်၊ ဖြစ်ပြီးတော့ နောက်မှဖြစ်တဲ့တရားကို ကျေးဇူးပြုတာ ပုရေဇာတပစ္စည်းဖြစ်တယ်လို့ ဘုရားက သီးခြား ထပ်ပြီး ဟောပါတယ်။ ပဋ္ဌာန်းကျမ်းဆိုတာ ရုပ်တရား၊ နာမ်တရားတွေ ဖြစ်ပေါ်လာပုံကို အကြောင်းအမျိုးမျိုးနဲ့ အသေးစိတ် ဟောတော်မူတဲ့ ကျမ်းဖြစ်တယ်။ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာပုံမှာ ပုရေဇာတကို မထဲ့ရင် အကြောင်းတရား မပြည့်စုံဘဲ လိုနေပါတယ်။

ပုရေဇာတကို ဝီထိနဲ့ ချကြည့်ရင် အတီတဘဝင်, ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော(၇)ကြိမ်, တဒါရုံ(၂)ကြိမ် ဘဝင်ဆိုပြီး တွေ့ရတယ်၊ ပုရေဇာတအနေနဲ့ ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုတဲ့အခါမှာ ရူပါရုံက အတီတဘဝင်ရဲ့ ဥပါဒ်ခဏက စပြီး ဖြစ်ရပါတယ်။ ရူပါရုံနဲ့ စက္ခုပသာဒဟာ စိတ္တက္ခဏ (၁၇)ချက်အထိ အသက်ရှည်ပါတယ်။ စိတ်က ဥပါဒ်, ဌီ, ဘင်နဲ့ ချုပ်ချုပ်သွားပါတယ်။ ရူပါရုံကို မြင်တဲ့ စက္ခုပသာဒကလဲ အတီတဘဝင်ရဲ့ ဥပါဒ်က စပြီးဖြစ်ရပါတယ်။ ပုရေဇာတပစ္စည်းမှာ "စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော"လို့ ဟောတယ်၊ စက္ခာယတနံဆိုတာ စက္ခုပသာဒ၊ စက္ခုဝိညာဏဓာတုယာဆိုတာ စက္ခုဝိညာဉ်၊ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံက စက္ခုဝိညာဉ်နဲ့ ယှဉ်တဲ့စေတသိက် ဖြစ်ပါတယ်။ စက္ခုပသာဒက စက္ခုဝိညာဉ်ကို ကျေးဇူးပြုတဲ့အခါ စက္ခုပသာဒက အတီတဘဝင်, ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်းဆိုတဲ့ စိတ္တက္ခဏ(၄)ချက်

ရှေ့ကျပြီး နေတဲ့အတွက် နောက်မှ ဖြစ်တဲ့ စက္ခုဝိညာဉ်စိတ်ကို ပုရေဇာတ ပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊ အရင်ဖြစ်နှင့်နေပြီး နောက်မှဖြစ်လာတဲ့ စက္ခုဝိညာဉ် စိတ်ကို ကျေးဇူးပြုပါတယ်။

ဝီထိမှာ စိတ်က အလွန်မြန်တဲ့အတွက် မြင်စိတ်က စက္ခုပသာဒကို မှီပြီး ဖြစ်ရပါတယ်။ အတီတဘဝင်, ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း တို့က ဟဒယဝတ္ထုကို မှီလို့ မှီရာမတူဘဲ တခြားစီ ဖြစ်ပါတယ်။ စက္ခုပသာဒ ဟာ အတီတဘဝင်ကစပြီး ဖြစ်ပေမဲ့ အတီတဘဝင်, ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်းတို့ရဲ့ မှီရာမဟုတ်ဘဲ စက္ခုဝိညာဉ်ရဲ့ မှီရာသာ ဖြစ်ပါတယ်။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယောလို့ နိဿယပစ္စည်းမှာ တွေ့ခဲ့ဖူးပါတယ်။ စက္ခုပသာဒ က ရှေ့ဖြစ်ပြီး နောက်မှဖြစ်တဲ့ စက္ခုဝိညာဉ်ကို ကျေးဇူးပြုတဲ့ ပုရေဇာတပစ္စည်းကို နိဿယပစ္စည်းထဲမှာ ဘာကြောင့် ထဲ့ဟောရသလဲဆိုတော့ မှီရာပါပဲ။ စိတ်က ရုပ်ကို မှီပြီး ဖြစ်တဲ့အခါ စက္ခုဝိညာဉ်က စက္ခုပသာဒ(စက္ခုဝတ္ထု)ကို မှီပြီး ဖြစ်လို့ နိဿယမှာ ပါပါတယ်။ အတ္ထိပစ္စည်းမှာ “စက္ခာယတနံ စက္ခုဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော”လို့ ဟောပါ တယ်။ အတ္ထိဆိုတာ ဖြစ်ဆဲ ထင်ရှားရှိဆဲဆိုတဲ့ အဓိပ္ပါယ်ပါ၊ စက္ခုပသာဒက စက္ခုဝိညာဉ်ကို ကျေးဇူးပြုတဲ့အခါ စက္ခုပသာဒ မချုပ်သေးပါ၊ စက္ခုပသာဒက အတီတဘဝင်ရဲ့ ဥပါဒ်ကစပြီး ဒုတိယတဒါရုံရောက်မှ ချုပ်တော့ အတ္ထိ ထင်ရှား ရှိဆဲ ဖြစ်ဆဲအားဖြင့် ကျေးဇူးပြုတာ ဖြစ်ပါတယ်။

မိဘက သားသမီးကို ကျေးဇူးပြုရာမှာ အသက်ထင်ရှားရှိပြီး ကျေးဇူး ပြုတာ တစ်မျိုး၊ မိဘမရှိမှ သားသမီးကို ကျေးဇူးပြုတာက တစ်မျိုး ရှိပါတယ်။ စက္ခုပသာဒ ထင်ရှားရှိဆဲမှာပဲ စက္ခုဝိညာဉ်စိတ်ကို ကျေးဇူးပြုသလားဆိုတဲ့ အမေးကို အတ္ထိ ထင်ရှားရှိဆဲ ကျေးဇူးပြုတာလို့ ဟောပါတယ်။ ပုရေဇာတမှာ ရှေ့ကနေ နောက်ကို ကျေးဇူးပြုတာ ဖြစ်တယ်၊ ဒီတော့ အတ္ထိပစ္စည်းထပ်ပြီး ထဲ့ဟောရတာက မရှိဘဲနဲ့ ကျေးဇူးပြုတာလားလို့ သံသယရှိမှာ စိုးလို့ပါ။

ဒီလို ထပ်ထပ်ပြီး ဟောရတဲ့အကြောင်းက နတ်ပြဟ္မာတွေရဲ့ ဉာဏ်က ထက်မြက်လွန်းလို့ စောဒကမဝင်နိုင်အောင် ဟောတာပါပဲ။

အဝိဂတပစ္စည်းမှာ 'စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော'လို့ ဆိုပါတယ်။ အဝိဂတဆိုတာ မကင်းရာ မကင်းကြောင်းနဲ့ ကျေးဇူးပြုတာပါပဲ၊ ပုရေဇာတပစ္စည်းကို ဟောလိုက်တဲ့အခါ စက္ခုပသာဒက အရင်ဖြစ်ပြီး နောက်မှဖြစ်တဲ့ စက္ခုဝိညာဉ်တရားကို ကျေးဇူးပြုတာဖြစ်ပါတယ်၊ ထင်ရှားရှိဆဲနဲ့ ကျေးဇူးပြုတာကို အတ္ထိပစ္စည်းနဲ့ နားလည်ပါတယ်။

ထင်ရှားရှိပေမဲ့ ကင်းကင်းနေပြီး ကျေးဇူးပြုတာက တစ်မျိုးပဲ၊ သားသမီးတွေရှိတယ်၊ သူတို့ ချမ်းသာနေတော့ ကိုယ်က ကင်းကင်းနေလို့ ရတယ်ဆိုပြီး ကင်းကင်းနေလို့ရတဲ့ အခြေမျိုးမဟုတ်ဘူး၊ မကင်းရာ မကင်းကြောင်း ကျေးဇူးမပြုဘဲနေလို့ မဖြစ်နိုင်တာက အဝိဂတပစ္စည်းပါပဲ၊ ဝိထိနဲ့ ပြောမယ်ဆိုရင် စက္ခုပသာဒဟာ စက္ခုဝိညာဉ်ကို ကျေးဇူးပြုတာ စိတ္တက္ခဏ (၁၇)ချက် အတွင်းမှာပဲ ဖြစ်နေတော့ ကင်းလို့မရ ကင်းလို့မဖြစ်ဘဲ ကျေးဇူးပြုရလို့ အဝိဂတပစ္စည်း ရပါတယ်။

စက္ခုပသာဒက စက္ခုဝိညာဉ်ကို ကျေးဇူးပြုတဲ့အခါ နိဿယပစ္စည်းမှာလဲ ပါတယ်။

(က) နိဿယမှာ မှီရာအဖြစ်နဲ့ ကျေးဇူးပြုတယ်ဆိုတဲ့ အကြောင်းတစ်ခု၊
(ခ) ပုရေဇာတမှာ ပစ္စည်းတရား ရှေ့ကဖြစ်နှင့်ပြီး ပစ္စယုပ္ပန်တရား နောက်မှ ဖြစ်တယ်ဆိုတဲ့ အကြောင်းတစ်ခု၊
(ဂ) အတ္ထိမှာ ပစ္စည်းတရား အရင်ဖြစ်ပြီး ချုပ်သွားပြီးမှ ကျေးဇူးပြုတာ မဟုတ်ဘဲ စက္ခုပသာဒ မချုပ်ခင် ထင်ရှားရှိဆဲမှာ ကျေးဇူးပြုတာက အကြောင်းတစ်ခု၊
(ဃ) အဝိဂတမှာ စက္ခုဝိညာဉ်ကို ကျေးဇူးပြုတဲ့အခါ စက္ခုပသာဒ အရင်ဖြစ်နေပေမဲ့ ထင်ရှားရှိဆဲသာမက ဘယ်လိုမှ ကင်းလို့မရ

မကောင်းနိုင်တဲ့သဘောနဲ့ ကျေးဇူးပြုတဲ့ အကြောင်းတစ်ခု ဖြစ်ပါတယ်။ စက္ခုပသာဒပစ္စည်းတရားက စက္ခုဝိညာဉ် ပစ္စယုပ္ပန်တရားကို ပစ္စည်းဘယ်နှစ်မျိုး ပြိုင်နိုင်သလဲ၊ ဒီနေရာမှာ ပစ္စယနိဒ္ဒေသကို ကျေရင် ပစ္စည်းပြိုင်တာ သဘောပေါက်နိုင်ပါတယ်။

## ကမ္မဇရုပ် လူ လုပ်လို့မရ

မလေ့လာရသေးပေမဲ့ ဒီပြိုင်ပစ္စည်းမှာဆိုရင် ဣန္ဒြိယပစ္စည်းလဲ ရှိနေပါသေးတယ်၊ ''စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော''ဆိုတော့ စက္ခုန္ဒြိယံဆိုတာ စက္ခုပသာဒပါပဲ၊ စက္ခုပသာဒက စက္ခုဝိညာဉ်ကို ကျေးဇူးပြုတာမှာ စက္ခုပသာဒဟာ ဣန္ဒြေ ထိုက်ပါတယ်။ ဣန္ဒြေ ထိုက်တယ်ဆိုတာ မြင်တဲ့ နေရာမှာ စက္ခုပသာဒက အစိုးရတယ်၊ စက္ခုပသာဒမှတပါး တစ်ခြား ဘယ်သူကမှ မမြင်စေနိုင်လို့ စက္ခုပသာဒကသာ မြင်တဲ့နေရာကို ပိုင်ပါတယ်။ ရုပ်က မမြင်နိုင်၊ ရုပ်မှာ မြင်နိုင်တဲ့သဘောတရား မရှိ၊ စက္ခုဝိညာဉ် နာမ်တရားကသာ မြင်နိုင်တဲ့ သဘောတရား ရှိပါတယ်။ သို့သော် စက္ခုပသာဒမရှိရင် ဘယ်နည်းနဲ့မှ စက္ခုဝိညာဉ်စိတ် ဖြစ်လို့ မရနိုင်ပါ။

လက်တွေ့ ဥပမာပြောရရင် မျက်စိကို ဆေးကုလို့ ရတယ်ဆိုတာ စက္ခုပသာဒရှိနေလို့ ကုလို့ ရတာပါ၊ ပသာဒရုပ် လုံးဝ ပျက်စီးသွားရင် ဆေးကုလို့ မရပါ၊ ပသာဒရုပ်သာ ရှိနေရင် ဆရာဝန်က မြင်အောင် ကုနိုင်ပါတယ်၊ စက္ခုပသာဒရုပ်က ကံကြောင့် ဖြစ်တဲ့ ကမ္မဇရုပ်ပါ၊ ကံကြောင့် ဖြစ်တဲ့ ရုပ်ဆိုတာ လူလုပ်လို့ မရနိုင်ပါ၊ လူတစ်ယောက်မှာ စက္ခုပသာဒ မျက်စိကန်းသွားတယ်ဆိုရင် နောက်ထပ် စက္ခုပသာဒတစ်ခု လူက လုပ်ပေးလို့ မရနိုင်တော့ပါ။

ပုဂံခေတ်တုန်းက ရှင်အဇ္ဇဂေါဏဆိုတဲ့ ဘုန်းကြီးတစ်ပါးဟာ အင်္ဂါရက် ထိုးရင် ရှင်ဘုရင်နဲ့အတူ ထိုးပါတယ်။ အင်္ဂါရက်ထိုးပြီး နောက်ဆုံး ရွှေဖြစ်တဲ့ ခတ်လုံးကို ချည်းရေ စိမ်ပါလို့ဆိုတဲ့ နေရာမှာ ညကြီးသတ်နဲ့ ဥ ကလေး သတ် စာလုံးပေါင်း မှားဖတ်မိတာနဲ့ ချဉ်ရေစိမ်တော့ ခတ်လုံးက မဖြစ်လာ တော့ပါ၊ ဒါနဲ့ ရှင်အဇ္ဇဂေါဏမှာ မျက်လုံးနှစ်ဘက်လုံး ထိုးဖောက်ခံရလို့ စက္ခုပသာဒ ပျက်သွားပါတယ်၊ အင်မတန် စိတ်ပျက်သွားပြီး ကိုရင်ကို ကုဋီထဲ ခတ်လုံး ပစ်ချခိုင်းလိုက်တဲ့အခါမှာ နေရာမှန် ရောက်သွားတယ်၊ ကုဋီမှာ အရောင် တဝင်းဝင်းနဲ့ ဖြစ်နေပါတယ်။ ကိုရင်က ဘုန်းကြီးကို အဖြစ်မှန် ပြန်လျှောက်တဲ့အခါ ခတ်လုံးကို ပြန်ယူခိုင်းပြီး အဇ္ဇ(အဇ)ဆိုတော့ ဆိတ်၊ ဂေါဏဆိုတော့ နွား၊ စက္ခုပသာဒ မပျက်သေးတဲ့ ဆိတ်မျက်စိနဲ့ နွားမျက်စိကို ပြန်တပ်ပြီး ကုသလို့ ရှင်အဇ္ဇဂေါဏဆိုပြီး ပုဂံပြည်မှာ ထင်ရှားရှိခဲ့ပါတယ်၊ ဒီနေရာမှာ စက္ခုပသာဒဆိုတဲ့ ကမ္မဇရုပ်ကို လူလုပ်ယူလို့ မရတာကို ပြောချင် တာပါပဲ။

မြင်တဲ့နေရာမှာ စက္ခုပသာဒက ပိုင်တယ်၊ အစိုးရတယ်၊ ဒီ့ပြင် တစ်ကိုယ်လုံးမှာရှိတဲ့ ဘယ်ရုပ်တရားတွေကမှ မြင်အောင် ကျေးဇူးမပြုနိုင်ပါ၊ မမြင်စေနိုင်ပါ၊ စက္ခုပသာဒဟာလဲ ရုပ်တရားဖြစ်တဲ့အတွက် မမြင်ပါ၊ စက္ခု ဝိညာဉ်စိတ်ကသာ မြင်နိုင်ပါတယ်၊ ဒါပေမဲ့ စက္ခုဝိညာဉ်က စက္ခုပသာဒကို မှီပြီး မြင်တဲ့နေရာကို ရတဲ့အတွက် စက္ခုပသာဒက စက္ခုဝိညာဉ်ကို မြင်နိုင် အောင် ကျေးဇူးပြုတဲ့အတွက် ဣန္ဒြိယပစ္စည်းကလဲ ပြိုင်နိုင်ပါတယ်။

## ရုပ်နဲ့နာမ် သမ္ပယုတ်မဟုတ်

စက္ခုပသာဒက ရုပ်၊ စက္ခုဝိညာဉ်က နာမ်တရား၊ ရုပ်နဲ့ နာမ်ဟာ ကျေးဇူးပြုတဲ့အခါ ဘယ်တော့မှ သမ္ပယုတ္တ ယှဉ်စပ်လို့ မရပါ၊ သူတို့က တစ်ဦးကို တစ်ဦး မှီပြီး မကွေမကွာပဲ ပေါင်းနေရလို့ သမ္ပယုတ္တဖြစ်လေမလား

ဆိုပြီး သံသယရှိလာနိုင်ပါတယ်။ ဘုရားက "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော"လို့ ဟောတဲ့အတွက် ရုပ်တရားနဲ့ နာမ်တရားဟာ ဘယ်တော့မှ သမ္ပယုတ္တ မဖြစ်နိုင်၊ သမ္ပယုတ္တတရားက ဖြစ်လဲအတူ၊ ပျက်လဲ အတူ၊ အာရုံတူ၊ မှီရာတူဆိုတဲ့ ၄–ချက်စုံမှ ဖြစ်ပါတယ်။

စက္ခုဝိညာဉ်နဲ့ စက္ခုပသာဒရုပ်မှာ စက္ခုပသာဒက အတီတဘဝင်ရဲ့ ဥပါဒ်မှာ ဖြစ်တယ်၊ စက္ခုဝိညာဉ်က စိတ္တက္ခဏ ၄–ချက်လွန်မှ ဖြစ်တယ် ဆိုတော့ ဖြစ်တာချင်းကလဲ မတူ၊ တစ်ခါ စက္ခုဝိညာဉ်က ဥပါဒ်၊ ဌီ၊ ဘင်နဲ့ ချုပ်တော့ ချုပ်တာချင်းလဲ မတူပါ၊ ဒါကြောင့် သမ္ပယုတ္တပစ္စည်းမရဘဲ ဝိပ္ပယုတ္တပဲ ဖြစ်နိုင်ပါတယ်။

## ပစ္စည်းပြိုင်

ဒါကြောင့် ပစ္စည်းပြိုင်တဲ့အခါ 'စက္ခုပသာဒသည် စက္ခုဝိညာဉ်အား နိဿယ, ပုရေဇာတ, အတ္ထိ, အဝိဂတ, ဣန္ဒြိယ, ဝိပ္ပယုတ္တ ၆–ပစ္စယတို့ဖြင့် ကျေးဇူးပြုပေ၏'လို့ မှတ်သားရပါတယ်။ ပစ္စည်းပြိုင်တယ်ဆိုတာ ပစ္စယနိဒ္ဒေသ ရရင် လွယ်ပါတယ်။ စက္ခုပသာဒက စက္ခုဝိညာဉ်ကို ကျေးဇူးပြုတဲ့အခါမှာ ဒီပစ္စည်းအားလုံး ဆက်သွယ်နေပါတယ်လို့ ဆိုနိုင်ပါတယ်။ နောက်မှာလဲ စက္ခာယတနအတိုင်း အတူတူပါပဲ။ "သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော"လို့ ဟောတယ်၊ ဒါကြောင့် သောတပသာဒက သောတဝိညာဉ်ကို ကျေးဇူးပြုတဲ့အခါမှာလဲ နိဿယ, ပုရေဇာတ, အတ္ထိ, အဝိဂတ, ဣန္ဒြိယ, ဝိပ္ပယုတ္တဆိုတဲ့ ဒီပစ္စည်း ၆–မျိုးကပဲ ကျေးဇူးပြုနိုင်ပါတယ်။

သောတပသာဒဆိုတာ ကြားတဲ့ နေရာမှာ အစိုးရတဲ့ ရုပ်ပါပဲ၊ ဝီထိမှာ သောတဒွါရဝီထိဖြစ်ရင် စက္ခုပသာဒနေရာမှာ သောတပသာဒ၊ ဃာနာယတန ဆိုရင် စက္ခုပသာဒနေရာမှာ ဃာနပသာဒ၊ စက္ခုဝိညာဉ်နေရာမှာ ဃာနဝိညာဉ်

ဆိုတော့ ဃာနပသာဒက ဃာနဝိညာဉ်ကို နိဿယ, ပုရေဇာတ, အတ္ထိ, အဝိဂတ, ဣန္ဒြိယ, ဝိပ္ပယုတ္တ ဆိုတဲ့ ၆–ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါ တယ်။ အတူတူပါပဲ။ ကာယပသာဒကလဲ ကာယဝိညာဉ်ကို နိဿယ, ပုရေဇာတ, အတ္ထိ, အဝိဂတ, ဣန္ဒြိယ, ဝိပ္ပယုတ္တဆိုတဲ့ ပစ္စည်း ၆–မျိုးနဲ့ ကျေးဇူးပြုပါတယ်။

ဒီပစ္စည်းတွေထဲမှာ တိုက်ရိုက်မပါတာ ဝိပ္ပယုတ္တပစ္စည်းပါပဲ၊ ဣန္ဒြိယ ပစ္စည်းအတွက် "စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ"ဆိုပြီး လာပါတယ်၊ နိဿယ ပစ္စည်းမှာ 'စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ'လို့ လာပါတယ်၊ ပုရေဇာတ၊ အတ္ထိနဲ့ အဝိဂတတွေမှာလဲ စက္ခာယတနံလို့ လာပါတယ်၊ ဒီပစ္စည်းတွေမှာ စက္ခာယတနံလို့ တိုက်ရိုက်ပါနေပြီး ဝိပ္ပယုတ္တမှာ မပါဘူး၊ ဒါကြောင့် "ရူပိနော ခန္ဓာ အရူပီနံ ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော"လို့ပဲ ဟောထားပါတယ်။

ဒီနေရာမှာ နက်နက်နဲနဲ စဉ်းစားကြည့်မှ သိနိုင်မှာပါ၊ သာမညနဲ့ သဘော မပေါက်နိုင်ပါ၊ ရိုးရိုးပြရင် ဝတ္ထုရုပ်ပေါင်း စက္ခုဝတ္ထု, သောတဝတ္ထု, ဃာန ဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထုလို့ ၆–ပါးရှိပါတယ်။ စိတ်ဖြစ်ပုံကိုလဲ ဝီထိအစဉ်အတိုင်း ချရင် စက္ခုဒွါရဝီထိ, သောတဒွါရဝီထိ, ဃာနဒွါရဝီထိ, ဇိဝှါဒွါရဝီထိ, ကာယဒွါရဝီထိ, မနောဒွါရဝီထိလို့ ရှိတော့ မနောဒွါရဝီထိမှာ ဟဒယဝတ္ထုရုပ်ကို မှီပြီးချရမယ်၊ စက္ခာယတနံ, သောတာယတနံ, ဃာနာယတနံ, ဇိဝှါယတနံ, ကာယာယတနံ ပါဠိတော်ကို ပုရေဇာတမှာပဲ ကြည့်ကြည့် အတ္ထိ ပစ္စည်းမှာပဲကြည့်ကြည့် အဝိဂတပစ္စည်းမှာပဲကြည့်ကြည့် ကာယာယတနံမှာ ဆုံးလိုက်ပြီး၊ ရူပါယတနံကို ဆက်သွယ်ထားပါတယ်။

## နိဿယပစ္စည်းနဲ့ မနောဝိညာဏဓာတ်

နိဿယပစ္စည်းမှာတော့ "ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏ ဓာတု စ ဝတ္တန္တိ၊ တံရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော"လို့ ကာယာယတနံ

အပြီးမှာ ဝတ္ထုရုပ် ၆–ပါးစုံသွားအောင် ယံ ရူပံကို ဆက်သွယ်ထားပါတယ်။ မြတ်စွာဘုရားဟောကြားတဲ့ ပါဠိတော်တွေမှာ သေသေချာချာ တွေးရင် အဓိပ္ပါယ် အများကြီး ပါပါတယ်။ ပုရေဇာတမှာ ကာယာယတနံပြီး ရူပါယတနံ ဆက်တယ်၊ နောက်ဆုံးမှာ ''ယံ ရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏ ဓာတုစ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော၊ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန ပစ္စယော''လို့ ဟောပါတယ်၊ ဟောသော်လဲ နိဿယအတွက် အဝိဂတတို့နဲ့ နဲနဲ ကွဲပြားနေတယ်၊ ဘာပြုလို့ ကွဲပြားနေတာလဲဆိုတာ စဉ်းစားရပါတယ်။

ဝတ္ထုရုပ်ကို မှီပြီး မနောဓာတ် မနောဝိညာဏဓာတ် ဖြစ်ပါတယ်။ စက္ခုဝိညာဉ်, သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်ဆိုတဲ့ မြင်စိတ် ကြားစိတ် နံစိတ် အရသာသိစိတ် တွေ့ထိသိစိတ်မှ တပါး မနောနဲ့ သိစိတ်ဆိုတဲ့ မနောဓာတ်နဲ့ မနောဝိညာဏဓာတ်တွေဟာ ဝတ္ထုရုပ် ငါးပါးကို မှီဖြစ်တာ မဟုတ်ဘဲ ဟဒယဝတ္ထုရုပ်ကို မှီပြီး ဖြစ်တာပါ၊ ဝတ္ထုရုပ်က မနော ဓာတ်နဲ့ မနောဝိညာဏဓာတ်ကို နိဿယပစ္စည်းနဲ့ ရိုးရိုးပဲ ကျေးဇူးပြုပါတယ်။

## ပုရေဇာတပစ္စည်းနဲ့ မနောဝိညာဏဓာတ်

ပုရေဇာတပစ္စည်းမှာ 'ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏ ဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော''လို့ ဟောထားတော့ မနောဓာတ်နဲ့ ပုရေဇာတ ပစ္စည်းက ရှင်းပါတယ်၊ မနောဓာတ်ဆိုတာ ပဉ္စဒွါရာဝဇ္ဇန်းနဲ့ သမ္ပဋိစ္ဆိုင်းဒွေးကို ခေါ်တယ်၊ ဟဒယဂတ္ထုရုပ်ကလဲ စက္ခုဝတ္ထုဖြစ်တဲ့ အတီတဘဝင် အချိန်က စပြီး ဝီထိသက် ကျက် အသက်ရှည်ပါတယ်။ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်း ဒွေးဆိုတဲ့ မနောဓာတ်က ဟဒယဝတ္ထုကို မှီဖြစ်တဲ့ အချိန်မှာ မနောဓာတ်က

သိပ်မသိသေးပါ၊ သိသလိုလို အခြေမှာလဲ ရှိပါသေးတယ်၊ မနောဓာတ်က ဟဒယဝတ္ထုရုပ်ကို မှီပြီး ဖြစ်ရလို့ မနောဓာတ်မှာ ပုရေဇာတပစ္စည်း ကျေးဇူး ပြုတာ ပြဿနာမရှိပဲ ရှင်းပါတယ်။

မနောဝိညာဏဓာတ်ကို ကျေးဇူးပြုတာမှာ "မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိ ကာလေ န ပုရေဇာတပစ္စယေန ပစ္စယော"လို့ ဟောပါတယ်၊ ဝတ္ထုရုပ်က မနောဝိညာဏဓာတ်ကို ကျေးဇူးပြုတာ အမြဲမဟုတ်ပါ၊ တစ်ခါတစ်ရံ ကျေးဇူး ပြုပြီး၊ တစ်ခါတစ်ရံ ကျေးဇူးမပြုပါ။

ပဋိသန္ဓေဝီထိချရင် ပဋိသန္ဓေနောက် ဘဝင် ၁၆-ချက် ဖြစ်ပါတယ်၊ လူ့ဘဝမှာ ပထမ ပဋိသန္ဓေစိတ်ဖြစ်ရင် မဟာဝိပါက်စိတ်ပါပဲ၊ မဟာဝိပါက် စိတ်ဟာ မနောဝိညာဏဓာတ်ဖြစ်ပါတယ်၊ ဒါကြောင့် ပဋိသန္ဓေစိတ်ဟာ မနော ဝိညာဏဓာတ်ပါပဲ၊ ဘဝင်စိတ်ကလဲ မနောဝိညာဏဓာတ်ပါပဲ၊ အမည်အမျိုးမျိုးနဲ့ ခေါ်နေကြတာပါ၊ ဘဝရဲ့ ပထမဆုံးအချိန်မှာ ဖြစ်တဲ့ ပဋိသန္ဓေစိတ်ကို ပုရေဇာတ ပစ္စည်းတပ်လို့ ရပါ့မလား၊ ပုရေဇာတပစ္စည်းဆိုတာ သူ့ရှေ့မှာ အရင်ဖြစ်တဲ့ စိတ် ရှိနေရမှာပါ၊ ဘဝရဲ့ ပထမဆုံးပဋိသန္ဓေစိတ်မှာ သူ့ရှေ့က အရင်ရှိနေတဲ့ စိတ် ဟိုဘက်ဘဝက စိတ်ကို ဟောတာ မဟုတ်ပါ၊ ဒီဘဝရဲ့ စိတ်ကိုသာ ဟောတာပါ။

ဒါကြောင့် ဒီဘဝရဲ့ ပထမဦးဆုံးဖြစ်တဲ့ပဋိသန္ဓေစိတ်ကို ပုရေဇာတပစ္စည်း နဲ့ ကျေးဇူးပြုတဲ့စိတ် မရှိတဲ့အတွက် 'ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန'လို့ ဟောပါတယ်။ ဝီထိစိတ် အထပ်ထပ် ဖြစ်တဲ့အခါမှာ ရှေ့စိတ်တွေက ရှိနေတဲ့ အတွက် အရင်ဖြစ်ပြီး နောက်မှ ဖြစ်တဲ့ စိတ်ကို ပုရေဇာတနဲ့ ကျေးဇူးပြုလို့ ရပါတယ်။

ပထမစိတ်နဲ့ ဟဒယဝတ္ထုရုပ်ဟာ တစ်ပြိုင်နက် တစ်ခုကို တစ်ခု မှီပြီး ဖြစ်ပါတယ်၊ ပဋိသန္ဓေစိတ်မှာ ရှိတဲ့ ဝတ္ထုရုပ်က အရင်ဖြစ်တော့ ဒီဝတ္ထုရုပ်က

ပဌမဘဝင်ကို ပုရေဇာတပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်။ ပဋိသန္ဓေစိတ်ကတော့ သူ့ရှေ့က စိတ်မရှိပါဘူး၊ ဒါကြောင့် "ကိစ္စကာလေ"ပဝတ္တိအခါမှာ ပုရေဇာတ ပစ္စည်းနဲ့ ကျေးဇူးပြုပြီး၊ ကိစ္စကာလေ န=ပဋိသန္ဓေအခါမှာ ကျေးဇူးမပြုပါ။ ဒီနေရာမှာ ကိစ္စကာလေဟာ သဟဇာတပစ္စည်းနဲ့ ပြောင်းပြန် ဖြစ်နေပါတယ်။ ဝတ္ထုရုပ်နဲ့ နာမ်ဟာ ပဋိသန္ဓေအခါမှာသာ သဟဇာတက ကျေးဇူးပြုတယ်၊ ပဝတ္တိအခါမှာ ဝတ္ထုရုပ်နဲ့ နာမ်ဟာ သဟဇာတ မဖြစ်ဘူး၊ ပုရေဇာတမှာတော့ ပဋိသန္ဓေအခါမှာ ကျေးဇူးမပြုဘဲ ပဝတ္တိအခါမှာသာ ဝတ္ထုရုပ်က နာမ်ကို ပုရေဇာတနဲ့ ကျေးဇူးပြုပါတယ်၊ သဟဇာတနဲ့ ပုရေဇာတပစ္စည်းကို ယှဉ်ပြီး ရှင်းပြတာပါပဲ။

## ရူပါယတနံ စသည်ဟော ရကြောင်း

အမှန်က ဝတ္ထုရုပ်အတိုင်းသာ ပြသွားမယ်ဆိုရင် စက္ခာယတနံ သောတာယတနံ ဃာနာယတနံ ဇိဝှါယတနံ ကာယာယတနံ ပြီးတော့ ယံ ရူပံ နိဿာယကို ဆက်ပြီး သွားဖို့ ကောင်းပါတယ်၊ ဒီလိုမဆက်ဘဲ ရူပါယတနံကို ဆက်ရခြင်းအကြောင်းကတော့ စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒဆိုတဲ့ ဝတ္ထုပုရေဇာတကို ဟောပြီး၊ ရူပါယတနံကို ဆက်ရပုံက စက္ခုဝိညာဉ်စိတ် ဖြစ်ရခြင်းဟာ စက္ခုပသာဒ အကြောင်းတစ်ခုထဲ လား၊ တစ်ခြား အရေးကြီးတဲ့တရား မရှိတော့ဘူးလားဆိုတဲ့ သံသယဖြစ်မှာ စိုးလို့ အာရမ္မဏပုရေဇာတကို ဆက်ပြီး ဟောပါတယ်။

"ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော"ဒီလို ဟောတော့ အာရမ္မဏပစ္စည်းမှာ ဟောခဲ့ ပြီးပါပြီ၊ အမှန်က ဝိထိကို ဘုရားက ဟောနေတာပါ။ စက္ခုပသာဒက စက္ခုဝိညာဉ်ကို ကျေးဇူးပြုတာ ဝတ္ထုပုရေဇာတပစ္စည်းပါ၊ ရူပါရုံက အတီတဘဝင်

ဥပါဒ်ခဏမှ စ၍ အရင်ဖြစ်နှင့်ပြီး စက္ခုဝိညာဉ်ကို ကျေးဇူးပြုတာက အာရမ္မဏ ပုရေဇာတပစ္စည်းပါ။ စက္ခုပသာဒက စက္ခုဝိညာဉ်ကျေးဇူးပြုတာ မှီရာသဘောနဲ့ ကျေးဇူးပြုတာပါ၊ ရူပါရုံကတော့ အာရုံသဘောနဲ့ ကျေးဇူးပြုတာပါပဲ။ အာရုံ သဘောကလဲ အရေးကြီးပါတယ်၊ ရူပါရုံက စက္ခုဝိညာဉ်ကို ကျေးဇူးပြုတာမှာ နိဿယ မပါတော့ပါ။

## ပစ္စည်းပြိုင်

အာရုံ အာရမ္မဏိကဆိုတာက အဘိုးအိုမှာ တောင်ဝှေးကိုင်ပြီး သွားရ သလို စက္ခုဝိညာဉ်စိတ်ကလဲ အာရုံရှိမှ စိတ်က ဖြစ်နိုင်တော့ ရူပါရုံက အာရမ္မဏ သတ္တိနဲ့ ကျေးဇူးပြုတာဆိုတော့ အာရမ္မဏ ရပါတယ်၊ ရှေ့ဖြစ်လို့ ပုရေဇာတလဲ ရပါတယ်၊ ရူပါရုံက ပုရေဇာတ အရင်ဖြစ်နှင့်ပြီး စက္ခုဝိညာဉ်ကို အာရုံအဖြစ်နဲ့ ကျေးဇူးပြုတာဟာ ထင်ရှားရှိဆဲခဏမှာ ပြုတဲ့အတွက် အတ္ထိပစ္စည်းရပါတယ်။ "ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတ ပစ္စယေန ပစ္စယော"လို့ ဒီလို အဝိဂတပစ္စည်းကျတော့လဲ ပါပါတယ်၊ ရူပါရုံက စက္ခုဝိညာဉ်ကို ကျေးဇူးပြုတဲ့အခါမှာ ဘယ်နည်းနဲ့မှ မကင်းလို့ အဝိဂတ ပါလာပါတယ်။

## ရူပါရုံနဲ့ စက္ခုပသာဒ

ရူပါရုံက စက္ခုဝိညာဉ်ကို ဣန္ဒြိယသတ္တိနဲ့တော့ ကျေးဇူးမပြုနိုင်ပါ၊ ရူပါရုံက စက္ခုဝိညာဉ်ကို စက္ခုပသာဒလောက် ပိုင်ပိုင်နိုင်နိုင် မရှိပါ။ 'ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ' ရုပ်က နာမ်ကို ကျေးဇူးပြုတဲ့အခါ ဝိပ္ပယုတ္တပစ္စည်း ရနိုင် သလားဆိုတော့ ရူပါရုံနဲ့ စက္ခုဝိညာဉ်ဟာ သမ္ပယုတ်လား၊ ဝိပ္ပယုတ်လား သံသယဖြစ်စရာ မရှိတဲ့အတွက် ဝိပ္ပယုတ္တကို ပြောစရာ မလိုပါ။ ရူပါရုံက စက္ခုဝိညာဉ်စိတ်ကို အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ လေးပစ္စည်းနဲ့သာ

ကျေးဇူးပြုနိုင်ပါတယ်။ စက္ခုပသာဒက စက္ခုဝိညာဉ်ကို ကျေးဇူးပြုပုံနဲ့ ရူပါရုံက စက္ခုဝိညာဉ်ကို ကျေးဇူးပြုပုံမှာ ပစ္စည်းပြိုင်တဲ့အခါ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ ထူးခြားချက်ဟာ နက်နဲလှပါတယ်။

သဒ္ဒါရုံက သောတဝိညာဉ်ကို ကျေးဇူးပြုပုံကလဲ ဒီအတိုင်းပါပဲ၊ ရူပါရုံ နေရာမှာ သဒ္ဒါရုံ၊ စက္ခုဝိညာဉ်နေရာမှာ သောတဝိညာဉ်၊ ရူပါရုံနေရာမှာ ဂန္ဓာရုံ၊ စက္ခုဝိညာဉ်နေရာမှာ ဃာနဝိညာဉ်၊ ရူပါရုံနေရာမှာ ရသာရုံ၊ စက္ခုဝိညာဉ်နေရာမှာ ဇိဝှါဝိညာဉ်၊ ရူပါရုံနေရာမှာ ဖောဋ္ဌဗ္ဗာရုံ၊ စက္ခုဝိညာဉ် နေရာမှာ ကာယဝိညာဉ်လို့ ဒီလို အစဉ်လိုက် သွားတာပါပဲ၊ ပုရေဇာတပစ္စည်းကို ကျန်တာကလေး နဲနဲ တင်ပြပါအုံးမယ်။

ဝတ္ထုပုရေဇာတပစ္စည်း

ပုရေဇာတပစ္စည်း ပထမအပိုဒ်မှာ "စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော"လို့ရှိတယ်။

အဲဒီအထိ အမှန်က ကြားထဲမှာ အပိုဒ်(–)ပိုဒ်ထားဖို့ ကောင်းတာပါ၊ ဝတ္ထုပုရေဇာတပစ္စည်းမှာ စက္ခာယတနံ သောတာယတနံ ဃာနာယတနံ ဇိဝှါယတနံ ကာယာယတနံလို့ ဆိုတဲ့ ငါးမျိုးဟာ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထုဆိုတဲ့ ဝတ္ထုငါးမျိုး ဖြစ်ပါတယ်။

ဝတ္ထုပုရေဇာတ အမှန်က စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထုလို့ ဝတ္ထုရုပ် (၆)ပါးရှိပါတယ်၊ ကာယာယတနံ ပြီးရင်

အဆုံးမှာပါတဲ့ "ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော၊ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန ပစ္စယော"လို့ ရှိရမှာပါ။ အဓိပ္ပာယ် အစဉ်အတိုင်းဆိုရင် ယံ ရူပံ နိဿာယ ဆိုတဲ့အပိုဒ်ဟာ ကာယာယတနံ နောက်မှာ နေမှ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထုဆိုတဲ့ ဝတ္ထုရုပ် အစဉ်အတိုင်း (၆)ပါး ဖြစ်ပါတယ်၊ ဒီဝတ္ထုရုပ် (၆)ပါးက ဝိညာဏဓာတ် (၇)ပါးကို ကျေးဇူး ပြုပါတယ်။

ပဋ္ဌာန်းလေ့လာရင် ဒီနေရာမှာ သတိထားကြည့်တဲ့အခါ အစဉ်ပျက်သလို ထင်ရပါတယ်၊ အစဉ်အလာအားဖြင့် သင်္ဂါယနာတင်ရာမှာ ဒီအတိုင်း တင်ထားတဲ့အတွက် ဘာကြောင့် ဒီလို ထားရသလဲ ဆိုတာ နက်နက်နဲနဲ စဉ်းစားရပါတယ်၊ စဉ်းစားပုံကို ရှေ့မှာ ရှင်းခဲ့ပါတယ်။

အဓိပ္ပာယ် အယူအဆအနေနဲ့ ယံ ရူပံကို ကာယာယတနံနဲ့ ဆက်ယူရမှာပါ၊ ဝတ္ထုပုရေဇာတပစ္စည်းမှာ-

စက္ခုဝတ္ထုက စက္ခုဝိညာဏဓာတ်ကို ကျေးဇူးပြုပါတယ်၊

သောတဝတ္ထုက သောတဝိညာဏဓာတ်ကို ကျေးဇူးပြုပါတယ်၊

ဃာနဝတ္ထုက ဃာနဝိညာဏဓာတ်ကို ကျေးဇူးပြုပါတယ်၊

ဇိဝှါဝတ္ထုက ဇိဝှါဝိညာဏဓာတ်ကို ကျေးဇူးပြုပါတယ်၊

ကာယဝတ္ထုက ကာယဝိညာဏဓာတ်ကို ကျေးဇူးပြုပါတယ်၊

ဟဒယဝတ္ထုက မနောဓာတ်နဲ့ မနောဝိညာဏဓာတ်ကို ကျေးဇူးပြုပါတယ်၊

ဝတ္ထုရုပ် (၆)ပါး၊ ဓာတ် (၇)ပါးကို ပေါင်းပြီး "ဆဝတ္ထူနိ ပဝတ္တိယံ သတ္တန္နံ ဝိညာဏဓာတူနံ=ဝတ္ထုရုပ် (၆)ပါးတို့သည် ဝိညာဏဓာတ် (၇)ပါး

တို့အား ဝတ္ထုပုရေဇာတသတ္တဖြင့် ကျေးဇူးပြုတယ်လို့" သဂြိုဟ်ပစ္စည်းပိုင်းမှာ ပြထားပါတယ်၊ ပစ္စယနိဒ္ဒေသ လေ့လာရင် သဂြိုဟ်ပစ္စည်းပိုင်း လေ့လာပြီးသား ဖြစ်သွားပါတယ်၊ ဒါကတော့ ဝတ္ထုပုရေဇာတပါဠိအနေအထားကို ရှင်းပြတာပါ။

အာရမ္မဏပုရေဇာတမှာ ရူပါယတနံ စက္ခုဝိညာဏဓာတုယာက စပါတယ်၊ အာရမ္မဏပုရေဇာတဆိုတာ အာရုံအနေနဲ့ ကျေးဇူးပြုတာပါ၊ ဝတ္ထုပုရေဇာတဆိုတာ မှီရာအနေနဲ့ ကျေးဇူးပြုတာပါ၊ ရူပါယတနံ စက္ခုဝိညာဏဓာတုယာဆိုပြီး စက္ခုဝိညာဉ် မြင်စိတ်ကလေးတစ်ခုဖြစ်ဖို့ ပစ္စည်းပေါင်း များစွာ မြတ်စွာဘုရားက ဟောပါတယ်။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော ဆိုတာ အာရမ္မဏပုရေဇာတပါ။

ရူပါရုံက စက္ခုဝိညာဉ်ကို ကျေးဇူးပြုပါတယ်၊

သဒ္ဒါရုံက သောတဝိညာဉ်ကို ကျေးဇူးပြုပါတယ်၊

ဂန္ဓာရုံက ဃာနဝိညာဉ်ကို ကျေးဇူးပြုပါတယ်၊

ရသာရုံက ဇိဝှါဝိညာဉ်ကို ကျေးဇူးပြုပါတယ်၊

ဖောဋ္ဌဗ္ဗာရုံက ကာယဝိညာဉ်ကို ကျေးဇူးပြုပါတယ်၊

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါးက မနောဓာတ်ကို ကျေးဇူးပြုပါတယ်၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဆိုပြီး အာရုံက (၆)ပါး ရှိပါတယ်။

အာရမ္မဏပစ္စည်းမှာ ပြန်ကြည့်ရင် ''သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ''ဆိုပြီး ဓမ္မာရုံနဲ့ မနောဝိညာဏဓာတ်ကို ဟောပါတယ်၊ မနောဝိညာဏဓာတ်က ဓမ္မာရုံကို အာရုံပြုပါတယ်။ အာရမ္မဏပုရေဇာတမှာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ အာရုံငါးပါးသာ ပါပြီး၊ ဓမ္မာရုံ မပါပါ။ ဒီပါဠိအတိုင်းဆိုရင် အာရမ္မဏပုရေဇာတပစ္စည်းမှာ ဓမ္မာရုံ မပါဘူးလားလို့ သံသယရှိစရာ ဖြစ်နေပါတယ်။

တကယ် သဘာဝတရားမှာကြည့်ရင် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါးက ရုပ်ပိုင်းမှာ ဂေါစရ(အာရုံ)ရုပ် ဖြစ်ပါတယ်၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသနဲ့ ဖောဋ္ဌဗ္ဗာရုံမှာ ပထဝီ၊ တေဇော၊ ဝါယော ဆိုတော့ အာရုံငါးပါးမှာ ရုပ်(၇)ခု ကုန်သွားပါတယ်၊ နိပ္ဖန္နရုပ် (၁၈) ခုက အာရမ္မဏပုရေဇာတပစ္စည်းထိုက်တယ်လို့ ပဋ္ဌာဝါရမှာ ဘုရားက ဟောထားပါတယ်၊ စက္ခုပသာဒရုပ်က ဓမ္မာရုံပါပဲ၊ ဓမ္မာရုံရဲ့ တရားကိုယ်ကို ကြည့်ရင် ပသာဒရုပ် (၅)ခုပါပဲ၊ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ=စက္ခုပသာဒရုပ်ကို အနိစ္စ ဒုက္ခ အနတ္တလို့ ဝိပဿနာရှုတဲ့အခါ ပစ္စုပ္ပန် စက္ခုပသာဒရုပ်ဆိုတဲ့ ဓမ္မာရုံက ဝိပဿနာရှုတဲ့ ကုသိုလ်မနောဝိညာဏဓာတ်ကို အာရမ္မဏပုရေဇာတပစ္စည်းနဲ့ ကျေးဇူးပြုနိုင်ပါတယ်။

ဒီမှာ မပါပေမဲ့ ဓမ္မာရုံက မနောဝိညာဏဓာတ်ကို ပုရေဇာတပစ္စည်းနဲ့ ကျေးဇူးပြုသလား မပြုဘူးလားဆိုတော့ ပဋ္ဌာဝါရမှာ ကျေးဇူးပြုပါတယ်လို့ ဟောထားပါတယ်၊ ပစ္စယနိဒ္ဒေသမှာဆိုရင် အငြင်းပွားစရာ ရှိပါတယ်။ ပစ္စယနိဒ္ဒေသမှာ–

ရူပါရုံက စက္ခုဝိညာဏဓာတ်ကို ကျေးဇူးပြုပါတယ်၊

သဒ္ဒါရုံက သောတဝိညာဏဓာတ်ကို ကျေးဇူးပြုပါတယ်၊

ဂန္ဓာရုံက ဃာနဝိညာဏဓာတ်ကို ကျေးဇူးပြုပါတယ်၊

ရသာရုံက ဇိဝှါဝိညာဏဓာတ်ကို ကျေးဇူးပြုပါတယ်၊

ဖောဋ္ဌဗ္ဗာရုံက ကာယဝိညာဏဓာတ်ကို ကျေးဇူးပြုပါတယ်၊

အာရုံ ငါးပါးက မနောဓာတ်ကို ကျေးဇူးပြုပါတယ်၊

ဓာတ် (၇)ပါးရှိတဲ့အတွက် တစ်ပါးကျန်နေပါတယ်၊ အာရမ္မဏပုရေဇာတမှာ ဓမ္မာရုံက မနောဝိညာဏဓာတ်ကို ကျေးဇူးပြုသလားဆိုတော့ ပစ္စယနိဒ္ဒေသအတိုင်းဆိုရင် မပြုဘူးဆိုတဲ့ အဓိပ္ပါယ်ရောက်နေတယ်၊ အမှန်က ပြုပါတယ်၊ ပဥှာဝါရမှာ မြတ်စွာဘုရား ဟောထားပါတယ်။

ဒါကြောင့် ပညာသင်တဲ့အခါ "ကျမ်းတတ်ထက် ကျမ်းညှိခက်တယ်"လို့ ရှေးဆရာကြီးများ အမိန့်ရှိခဲ့ကြပါတယ်၊ ကျမ်းတတ်တယ်ဆိုတာ ကျမ်းတစ်ခုထဲ သေချာအောင် သင်ရင် တတ်သွားတာပါပဲ၊ ကျမ်းတစ်ခုထဲ တတ်အောင်သင်ပြီး ကျမ်းတစ်ခုထဲ စွဲပြီး ပြောနေရင် မှားတတ်ပါတယ်၊ ကျမ်းစုံအောင် တတ်ရမယ်၊ ညှိတတ်ရမယ်၊ ပစ္စယနိဒ္ဒေသက ပဥှာဝါရနဲ့စာရင် အများကြီး ကျဉ်းနေတယ်၊ ပစ္စယနိဒ္ဒေသမှာ မဟောပေမဲ့ ပဥှာဝါရမှာ ဟောထားလို့ ဓမ္မာရုံက မနောဝိညာဏဓာတ်ကို အာရမ္မဏပုရေဇာတပစ္စည်းနဲ့ ကျေးဇူးပြုနိုင်တယ်လို့ ဆုံးဖြတ်ရပါတယ်။ ဒီနေရာမှာ ပညာရှင်တွေ ကြံစရာက ဓမ္မာရုံဟာ အာရမ္မဏပုရေဇာတပစ္စည်းထိုက်ရဲ့သားနဲ့ ရူပါယတနံ သဒ္ဒါယတနံက စပြီး မနောဓာတ်နောင်မှာ "သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ"လို့ အာရမ္မဏပစ္စည်းအတိုင်း မလာတော့ဘဲ "ယံ ရူပံ"ဆိုတဲ့ ဟဒယဝတ္ထုရုပ်ကို အဆုံးမှာလာပြတဲ့ ပြဿနာပါပဲ၊ အဲဒါကြောင့် ပုရေဇာတပစ္စည်းနေပုံကို ထပ်ပြီး ရှင်းပြနေရတာပါ။ ပုရေဇာတပစ္စည်းကို ဒီလောက်နဲ့ပဲ နိဂုံးချုပ်ကြပါစို့။

# ၁၁။ ပစ္ဆာဇာတပစ္စည်း

## ပစ္ဆာဇာတပစ္စည်း

ပုရေဇာတပစ္စည်းနဲ့ ပစ္ဆာဇာတပစ္စည်းက နဲနဲ ထူးဆန်းပါတယ်၊ ပစ္ဆာ= နောက်+ဇာတ=ဖြစ်သည်၊ နောက်မှာ ဖြစ်ပြီး၊ ရှေ့မှာ ဖြစ်တဲ့ တရားအား ကျေးဇူးပြုတာကို ပစ္ဆာဇာတပစ္စည်းထိုက်တယ်လို့ ဆိုပါတယ်၊ ပုရေဇာတတုန်းက ပစ္စည်းတရားက ရှေ့က အရင်ဖြစ်ပြီး၊ ပစ္စယုပ္ပန်တရားက နောက်မှ ဖြစ်တယ်၊ ဒါကြောင့် ပုရေဇာတနဲ့ ပစ္ဆာဇာတပစ္စည်းဟာ ပြောင်းပြန် ဖြစ်နေပါတယ်၊ ပစ္ဆာဇာတမှာ ပစ္စည်းတရား အကြောင်းတရားက နောက်မှ ဖြစ်တယ်၊ အကြောင်းတရားက နောက်မှ ဖြစ်ပြီး အကျိုးတရား အရင် ဖြစ်နေလို့ ပစ္ဆာဇာတ ပစ္စည်းဟာ အင်မတန် ဆန်းကြယ်ပါတယ်၊ လောကဥပမာ ပေးဖို့လဲ တော်တော် ခက်ပါတယ်။

ရှေးအဋ္ဌကထာဆရာကြီးများက လင်းတနဲ့ ဥပမာပေးကြပါတယ်။ လင်းတများဟာ ငယ်ငယ်က သူတို့ဘာသာ အစာမရှာနိုင်ခင် အစာမစားရဘဲ နေရတယ်၊ ဒါပေမဲ့ နောက်ကျရင် စားရမှာပဲဆိုတဲ့ ''အာသာ''လင်းတများမှာ ရှိနေပါတယ်၊ သူတို့ဘာသာ စားနိုင်တဲ့အခါကျမှ အာဟာရ စားရမှာပါ၊ ဒီ''အာသာ''နဲ့ပဲ သူတို့ နေရတယ်၊ လင်းတမှာ ပဋိသန္ဓေက စဖြစ်တဲ့ သူ့ရုပ် ခန္ဓာကို နောက်မှ ဖြစ်တဲ့ နာမ်တရားက ကျေးဇူးပြုပါတယ်။

လယ်တီဆရာတော်က ဒီလင်းတ ဥပမာကို သိပ်ကြိုက်ပုံ မရပါ၊ သူ့ဥပမာက အခုထင်ရှားရှိနေတဲ့ သစ်ပင်ကလေးဟာ မျိုးစေ့ကစပြီး စိုက်ထားတာ ဖြစ်ပါတယ်၊ ရေမလောင်းရင် သေတော့မှာ၊ ဒါပေမဲ့ မသေဘဲ ပိန်ပိန်လိန်လိန်နဲ့

အခက်အလက်ကတော့ တက်ပါတယ်၊ နောက်ကျ ရေလောင်းလိုက်တဲ့အတွက် လောလောဆယ် သစ်ပင်သာမက ဟိုးရှေးက အစေ့မှ စပြီး ထွက်လာတဲ့ အပင်ကိုလဲ ရှင်သန်ကြီးထွား စိုပြေစိမ်းလန်းလာအောင် ကျေးဇူးပြုပါတယ်။ နောက်မှ ရေလောင်းပေမဲ့ ပထမ အစက ဖြစ်နေတဲ့ မျိုးစေ့မှ စပြီး ထွက်လာတဲ့ သစ်ပင် ပင်စည် အရွက် အကုန်လုံးကို ကျေးဇူးပြုပါတယ်၊ ဒီဥပမာမှာ နောက်မှ လောင်းတဲ့ ရေက အရင်ဖြစ်နှင့်နေတဲ့ ရုပ်တရားကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။

## ဣမဿ ကာယဿ ရှင်းချက်

အမှန်က ပစ္ဆာဇာတဟာ နာမ်က ရုပ်ကို ကျေးဇူးပြုတာ ဖြစ်ပါတယ်။ ပုရေဇာတပစ္စည်းမှာ ရုပ်က နာမ်ကို ကျေးဇူးပြုတာပါ။ ပါဠိတော်မှာ "ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ=နောက်မှဖြစ်တဲ့ စိတ် စေတသိက် နာမ်တရားတွေက ပုရေဇာတဿ ဣမဿ ကာယဿ=ရှေးရှေးဖြစ်တဲ့ ဤခန္ဓာကိုယ်ကို ကျေးဇူးပြုတယ်လို့ ဆိုပါတယ်။ "ဣမဿ ကာယဿ"ကို ခန္ဓာကိုယ်လို့ အဓိပ္ပါယ် ပြန်ရင် ပြီးပေမဲ့ အဘိဓမ္မာစစ်စစ် အသေးစိတ် ပြောရရင် ဤဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယလို့ ပြန်ရပါတယ်၊ ဧကဇကာယဆိုတာ ဧကဇာတ က လာတာပါ၊ ဧက=တစ်ခုသောအကြောင်းကြောင့် ဇာတ=ဖြစ်သည် ဆိုတော့ ဧကဇကာယ=အကြောင်းတစ်ခုကြောင့် ဖြစ်တဲ့ခန္ဓာကိုယ်လို့ ဆိုပါတယ်။ ဒွိဇကာယဆိုတာ ဒွိ=နှစ်၊ ဇာတ=ဖြစ်သည်၊ အကြောင်းနှစ်ခုကြောင့် ဖြစ်တဲ့ ခန္ဓာကိုယ်၊ တိဇကာယဆိုတာ တိ=သုံး၊ ဇာတ=ဖြစ်သည်၊ အကြောင်းသုံးခု ကြောင့် ဖြစ်တဲ့ခန္ဓာကိုယ်၊ စတုဇကာယဆိုတာ စတု=လေး၊ဇာတ=ဖြစ်သည်၊ အကြောင်းလေးခုကြောင့် ဖြစ်တဲ့ခန္ဓာကိုယ်လို့ အဓိပ္ပါယ်ရတယ်။ ဒီစတုဇကာယကို ပါဠိလို ပြောတဲ့အခါ ကံ, စိတ်, ဥတု, အာဟာရ အကြောင်း (၄)ခုကြောင့် ဖြစ်တဲ့ ခန္ဓာကိုယ်ကို စတုဇကာယလို့ ခေါ်မည့်အစား စတုသမုဋ္ဌာနိကကာယ လို့ ခေါ်ရပါတယ်၊ စတုဇကာယက အတို ခေါ်ထားတာပါ။ ဧကဇကာယ,

ဒွိဇကာယ၊ တိဇကာယ စတုဇကာယဖြစ်တာ ဘယ်လိုခန္ဓာလဲ၊ နီးစပ်တဲ့ ဥပမာတွေ ရှိပေမဲ့ တိုက်ရိုက်စောဒက ဝင်စရာတွေ ရှိနေပါတယ်၊ ပဋ္ဌာန်းမှာ ဝီထိနဲ့ရှင်းမှ သဘောပေါက် နားလည်မှာ ဖြစ်ပါတယ်။

## ပဋိသန္ဓေခဏနဲ့ နာမ်ရုပ်ခန္ဓာ

မရဏာသန္နဝီထိဆိုတဲ့ ဘဝပြောင်းတဲ့ ဝီထိမှာ ပဋိသန္ဓေပြီး ဘဝင် (၁၆)ချက် ဖြစ်ပါတယ်၊ ဘဝမှာ ပဋိသန္ဓေစိတ်က ပထမဆုံး စပါတယ်၊ ပထမဆုံး စိတ်က ပဋိသန္ဓေစိတ်၊ ဒီပဋိသန္ဓေစိတ်မှာ ဥပါဒ်, ဌီ, ဘင်၊ ပထမ ဘဝင်မှာ ဥပါဒ်, ဌီ, ဘင်၊ ဒုတိယဘဝင်မှာ ဥပါဒ်, ဌီ, ဘင်၊ တတိယဘဝင်မှာ ဥပါဒ်, ဌီ, ဘင်နဲ့ ဖြစ်နေပါတယ်။ ပဋိသန္ဓေစိတ်အခိုက် ဘာရုပ် ဖြစ်သလဲဆိုရင် ပဋိသန္ဓေရဲ့ ဥပါဒ်ခဏမှာ ကမ္မဇရုပ် (၃၀)ရှိပါတယ်၊ ကမ္မဇရုပ် (၃၀)ဆိုတာ---

(၁) ဘာဝဒသက=ယောက်ျားဆိုရင် ပုမ္ဘာဝဒသက [ပုရိသိန္ဒြေနဲ့ တကွ ရုပ် (၁၀)ခု] မိန်းမဆိုရင် ဣတ္ထိဘာဝဒသက [ဣတ္ထိန္ဒြေနဲ့တကွ ရုပ် (၁၀)ခု]

(၂) ဝတ္ထုဒသက [ဟဒယဝတ္ထုနဲ့တကွ ရုပ်(၁၀) ခု]

(၃) ကာယဒသက [ကာယပသာဒနဲ့တကွ ရုပ် (၁၀)ခု] ဖြစ်ပါတယ်။

ပဋိသန္ဓေတည်တဲ့အချိန် ပဋိသန္ဓေစိတ်နဲ့ ဝတ္ထုရုပ်ကို "ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော"လို့ သဟဇာတမှာ ဆိုခဲ့ပါတယ်၊ အဲဒီ သဟဇာတမှာ ပါတဲ့ ဝတ္ထုနဲ့ နာမ်ပဋိသန္ဓေဝိညာဏ်ဟာ ပဋိသန္ဓေရဲ့ ဥပါဒ်ခဏမှာပဲ သဟဇာတပစ္စည်းအနေနဲ့ နာမ်နဲ့ရုပ် တပြိုင်နက် အတူတူ ဖြစ်ပါတယ်၊ အညမညမှာလဲ "ဩက္ကန္တိက္ခဏေ နာမရူပံ" ပဋိသန္ဓေ အခိုက်မှာ နာမ်နဲ့ရုပ် အပြန်အလှန် ကျေးဇူးပြုတယ်ဆိုတာ တွေ့ခဲ့ပါပြီ။

နောက်မှဖြစ်တဲ့ နာမ်တရားတွေက ရှေ့မှာဖြစ်တဲ့ ရုပ်တရားကို ကျေးဇူးပြုတယ်လို့ဆိုတယ်၊ ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်ခဏမှာ ဘာဝဒသက၊ ဝတ္ထုဒသက၊ ကာယဒသကဆိုတဲ့ ရုပ်ပေါင်း (၃၀) စပြီး ဖြစ်ပါတယ်၊ ပဋိသန္ဓေ စိတ်ရဲ့ ကိုယ်ဖြစ်တဲ့ ရုပ်ဟာ ကံ စိတ်, ဥတု, အာဟာရဆိုတဲ့ အကြောင်း (၄)ပါးနဲ့ ယှဉ်မယ်ဆိုရင် ဘယ်အကြောင်းနဲ့ ဖြစ်လာတဲ့ ရုပ်လဲဆိုတော့ ကမ္မဇကလာပ် (၉)စည်းထဲမှာ ပါတဲ့ ကံကြောင့် ဖြစ်လာတဲ့ ကမ္မဇရုပ်ပဲ ဖြစ်ပါတယ်။

## ကေဇကာယ ဒွိဇကာယ

ကမ္မဇရုပ်ဟာ ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်ခဏမှာ စပြီး ဖြစ်ပါတယ်၊ ဥပါဒ်ခဏမှာ ကေဇကာယနဲ့ စပြီး ဖြစ်တယ်၊ ပဋိသန္ဓေစိတ်နဲ့ အတူ ဥပါဒ်တဲ့ ကေဇကာယကို ပစ္ဆာဇာတပစ္စည်းနဲ့ ကျေးဇူးပြုတယ်၊ ဒီနေရာမှာ ရုပ်တရားက အရင်ဖြစ်ပြီး၊ နာမ်တရားက နောက်မှ ဖြစ်လို့ ပစ္ဆာဇာတက ကျေးဇူးပြုတာ ဖြစ်ပါတယ်။

နောက်ကဖြစ်တဲ့ နောက်စိတ် နာမ်တရားဆိုတာ ပဋ္ဌမဘဝင်မှာ ရှိတဲ့ စိတ်စေတသိက်ကို ဆိုလိုပါတယ်၊ ပဋိသန္ဓေနောင် ဘဝင်ဆိုတဲ့ ပဋ္ဌမဘဝင်မှာ ရှိတဲ့ စိတ်စေတသိက်တို့က ကေဇကာယ=ပဋိသန္ဓေခဏမှာ ဖြစ်တဲ့ ခန္ဓာကိုယ်ကို ပစ္ဆာဇာတပစ္စည်းနဲ့ကျေးဇူးမပြုရင် ဒီခန္ဓာကိုယ်ဟာ မတည်မြဲဘဲ ပျက်သွားမှာပါပဲ၊ နာမ်တရားများက နောက်မှ ဖြစ်ပြီး ရုပ်လောက် ကြာတာ မဟုတ်ပါ။ နာမ်တရားက ဥပါဒ် ဠီ ဘင် ဖြစ်ပြီး ပျက်သွားပါတယ်၊ ရုပ်တရားကတော့ စိတ္တက္ခဏ (၁၇)ချက် ဖြစ်ပြီးမှ ပျက်တာ ဖြစ်တဲ့အတွက် ပဋိသန္ဓေစိတ်ရဲ့ ဠီခဏ ဘင်ခဏ ပထမဘဝင်ရဲ့ ဥပါဒ်ခဏ ဠီခဏ ဘင်ခဏမှာလဲ ဖြစ်တယ်၊ ပဋိသန္ဓေရဲ့ ဥပါဒ်ခဏမှာ စဖြစ်တဲ့ ရုပ်က (၁၇)ချက် ဖြစ်ပြီးရင် ကာမ္မဇရုပ် ပျက်တယ်၊ ဠီခဏမှာ စဖြစ်တဲ့ ကမ္မဇရုပ်ကလဲ (၁၇)ချက် ဖြစ်ပြီး ပျက်တယ်၊ ဘင်ခဏမှာ စဖြစ်တဲ့ ရုပ်ကလဲ (၁၇)ချက် ဖြစ်ပြီးရင် ပျက်တယ်၊ ဒါပေမဲ့

ရုပ်တကယ် အားရှိတာက ဌီခဏမှာပဲ အားရှိ ပါတယ်။ ပဋိသန္ဓေစိတ်ရဲ့ ဌီခဏမှာ အားရှိတဲ့အတွက် ဥတုဇရုပ်ဟာ ဌီခဏမှာ စ-ဖြစ်ပါတယ်၊ ပဋိသန္ဓေ ဥပါဒ်ခဏမှာ စဖြစ်တာက ကမ္မဇရုပ်ပါ၊ ပဋိသန္ဓေစိတ်ရဲ့ ဌီခဏမှာ စဖြစ်တာက ဥတုဇရုပ် ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ဒွိဇကာယ ဖြစ်သွားပါတယ်။

ဒွိဇကာယမှ အအေး အပူ တေဇောဓာတ်ဟာ ဌီခဏမှာ စပြီး ကျေးဇူး ပြုတော့ ကံကြောင့် ဥတုကြောင့် ဖြစ်တဲ့ ကာယ (၂) မျိုးဟာ (၁၇) ချက် ပြည့်အောင် ခဏတိုင်း ဖြစ်ပါတယ်။ စိတ္တဇရုပ်ကတော့ ပဋ္ဌမဘဝင်ရဲ့ ဥပါဒ်က စဖြစ်ပါတယ်။

ပဋိသန္ဓေစိတ်က ဦးစွာ ပထမ ဖြစ်တဲ့အတွက် ရုပ်ကို မဖြစ်စေနိုင်ပါ။ ပဋိသန္ဓေစိတ်က ပထမဆုံး ဖြစ်ရတဲ့ စိတ် ဖြစ်ပါတယ်။ ဒီတော့ အိမ်ရာ တည်ထောင်စ လင်မယားမှာ အစစ ပျိုးထောင်နေရတဲ့အတွက် ဘာမှ အားမရှိ သလို ပဋိသန္ဓေစိတ်ကလဲ ဝတ္ထုရုပ်နဲ့ အပြန်အလှန် ကျေးဇူးပြုပြီး တည်မြဲအောင် မနဲ လုပ်နေရပါတယ်။ ဒီမှာ ရုပ်တရားနဲ့ နာမ်တရား ခိုင်မြဲအောင် ပစ္ဆာဇာတ ပစ္စည်းက ဥပတ္ထမ္ဘကအကြောင်းနဲ့ ထောက်ပံ့ထားရပါတယ်။ ဘဝမှာ အသက် ရှင်လာအောင် နောက်က နာမ်တရားက ထောက်ပံ့ထားရတာဟာ ယိုင်နေတဲ့ အိမ်တစ်အိမ်ကို မပျက်စီးအောင် ကျားကန် ထားရသလို ပစ္ဆာဇာတ ပစ္စည်းက ကျေးဇူးပြုထားရပါတယ်။

ရုပ်ကို မဖြစ်နိုင်စေတဲ့ စိတ်ထဲမှာ ပဋိသန္ဓေစိတ်ပါတယ်လို့ သင်္ဂြိုဟ်မှာ သေသေချာချာ မပြပါ၊ အရူပဝိပါက် (၄)၊ ဒွေးပဉ္စဝိညာဉ် (၁၀)နဲ့ ရဟန္တာ စုတိစိတ်ကတော့ ရုပ်ကို ဖြစ်စေနိုင်တဲ့စိတ် မဟုတ်ဘူးဆိုတာပဲ ပါတယ်၊ ပဋိသန္ဓေစိတ်ဟာ ရုပ်ကို မဖြစ်စေနိုင်ဆိုတာ သူများကို ဖြစ်စေဖို့ မဆိုထားနဲ့ သူကိုယ်တိုင် တည်မြဲအောင် မနဲ ကျားကန်ထားရတဲ့ အချိန်ပါ။

### တိဇကာယ စတုဇကာယ

ပဋိသန္ဓေဝီထိမှာ ပဌမဘဝင်ကျမှ စိတ္တဇရုပ်တွေ ပါလာပါတယ်၊ ဒုတိယဘဝင်က ပထမဘဝင်မှာ ရှိတဲ့ ကာယကို ကျေးဇူးပြုတဲ့အခါ တိဇကာယ ဖြစ်လာပါတယ်၊ ပဌမဘဝင်မှာ ခန္ဓာကိုယ်ဟာ ကမ္မဇ ဥတုဇ စိတ္တဇ အကြောင်း (၃)ပါးကြောင့် ဖြစ်လာပါတယ်၊ စတုဇကာယက ဘယ်အချိန်ရောက်မှ ဖြစ်လာသလဲ၊ အာဟာရဇရုပ်ဆိုတာ (၂)မျိုး ရှိပါတယ်၊ ကမ္မဇရုပ် အဌကလာပ်မှာပါတဲ့ အဇ္ဈတ္တဩဇာဟာ ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်က စပြီး ပါလာပါတယ်။ အဲဒီ ဩဇာအာဟာရက ရုပ်ကို မဖြစ်စေနိုင်သေးပါ၊ အဇ္ဈတ္တဩဇာဟာ ဗဟိဒ္ဓ ဩဇာရဲ့ အထောက်အပံ့ရမှ ရုပ်ကို ဖြစ်စေပါတယ်၊ ဒါကြောင့် အမိက တံတွေး မျိုချတဲ့ အခါမျိုး ရေသောက်တဲ့ အခါမျိုး အာဟာရတစ်ခုခု မျိုချတဲ့ အခါမျိုးမှာ အာဟာရဇရုပ်ဟာ ကလေးခန္ဓာကိုယ်ထဲ ရောက်သွားနိုင်ပါတယ်၊ အဲဒီအချိန်မှာ စတုသမုဋ္ဌာနိကကာယခေါ်တဲ့ စတုဇကာယ ဖြစ်ပေါ်လာပါတယ်။

### ပဋိသန္ဓေမှ စုတိ

ပဋိသန္ဓေစိတ်က စပြီး သေတဲ့အထိ အဆက်မပြတ် ဖြစ်တဲ့ ရုပ်များကို နောက်နောက်စိတ်များက ပစ္ဆာဇာတသတ္တိနဲ့ ကျေးဇူးပြုပါတယ်၊ ကမ္မဇရုပ်ကလဲ ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်ကစပြီး စုတိစိတ်မရောက်မီ (၁၇) ချက် အလိုအထိ အဆက်မပြတ် ဖြစ်နေပါတယ်၊ ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်ဆိုတဲ့ ရုပ်တရားတွေဟာ "နဒီသောတော ဝိယ=မြစ်ရေအလျဉ်နဲ့ တူတယ်၊ ဒီပဇာလာဝိယ= ဆီမီးအလျှံနဲ့ တူတယ်"လို့ ဆိုပါတယ်။ မြစ်ထဲ ရေစီးနေတဲ့အခါ ရှေ့ရေ နောက်ရေ ခွဲလို့ မရသလို မီးတစ်ခုကို ကိုင်ပြီး လှဲ့တဲ့အခါ ဝိုင်းဝိုင်း လည်လည်နေတဲ့ မီးကွင်းမီးဝိုင်းကြီးကို မြင်ရတော့ မီးတစ်ခုထဲ ဖြစ်နေသလို ရုပ်တွေက ထပ်ထပ်ပြီး အစဉ်မပြတ် ဖြစ်နေပါတယ်၊ ဒါဟာ နောက်နောက်မှာ

ရှိတဲ့ စိတ်စေတသိက် တွေက ရှေးရှေးမှာ ရှိတဲ့ ရုပ်တရားတို့ကို ကျေးဇူးပြုနေတာ ဖြစ်ပါတယ်။

ပုရေဇာတမှာ ရုပ်က ရှေ့ကနေပြီး၊ နောက်မှ ဖြစ်တဲ့ နာမ်တရားကို ကျေးဇူးပြုပါတယ်၊ ပစ္ဆာဇာတမှာ နာမ်တရားက နောက်က နေပြီး၊ ရှေ့မှာ ရှိတဲ့ ရုပ်တရားကို ကျေးဇူးပြုတယ်။ ဒါကြောင့် ရုပ်က နာမ်ကို ကြိုးနဲ့ ချည်ထားသလို နာမ်ကလည်း ရုပ်ကို ကြိုးနဲ့ ပြန်ချည်ထားသလို ခန္ဓာကိုယ်မှာ ရုပ်နာမ်သန္တတိအစဉ်ကြီးက ကြီးမားလာပြီး မသေဘဲနဲ့ အကောင်အထည်ကြီး ဖြစ်နေပါတယ်၊ ဒီလို ခန္ဓာကိုယ်မှာ သန္တတိအစဉ်ကြီး မသေဘဲနဲ့ အကောင် အထည်သဏ္ဌာန်ကြီး ဖြစ်နေတယ်ဆိုတာ ပုရေဇာတနဲ့ ပစ္ဆာဇာတအကြောင်း အကျိုးဟာ အင်မတန် အရေးကြီးကြောင်း ထင်ရှားနေပါတယ်။

၂၄–ပစ္စည်း မျိုးခွဲတဲ့အခါ

ပုရေဇာတနဲ့ ပစ္ဆာဇာတပစ္စည်းတို့ကို ပစ္စည်းမျိုးခွဲတဲ့အခါ သီးခြား လာပါတယ်၊ သဟဇာတမျိုးက ပဋ္ဌာန်း ၂၄–ပစ္စည်းမှာ အများဆုံး ဖြစ်ပြီး၊ ၁၅–မျိုး လောက် ရှိပါတယ်၊ သဟဇာတက အတူတူဖြစ် အတူတူပျက်ရမယ်၊ ရုပ်တရားနဲ့ နာမ်တရားဟာ ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်ခဏမှာ တပြိုင်နက်ဖြစ်တော့ သဟဇာတ ဖြစ်ပါတယ်။ စိတ္တဇရုပ်ကလဲ စိတ်ဖြစ်တာနဲ့ ဖြစ်တာပါ။ စိတ္တဇရုပ်နဲ့ နာမ်တရားဟာ အတူဖြစ် အတူပျက်ပါတယ်။ ဝီထိချတဲ့အခါ ရုပ်သက် ၁၇–ချက်ထဲမှာ ဝိညတ်ရုပ်ကို ဖယ်ထားပါတယ်။ ဝိညတ်ရုပ်က နာမ်တရားနဲ့ အတူဖြစ် အတူပျက်မို့ မပါပါ၊ စိတ္တဇရုပ်က သဟဇာတမျိုးထဲမှာ ပါတယ်။

ပုရေဇာတမှာ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံစတဲ့ အာရုံငါးပါးဟာ အတီတဘဝင်က စပြီး ဖြစ်တယ်၊ စိတ္တက္ခဏ ၄–ချက်လောက်မှ စက္ခုဝိညာဉ် စသည်တို့ ဖြစ်တယ်။ ဒါကြောင့် သဟဇာတမျိုးထဲမှာ ပုရေဇာတမျိုး မပါနိုင်ပါ။ ပစ္ဆာဇာတမှာလဲ နာမ်(အကြောင်း)တရားက နောက်မှ ဖြစ်ပြီး၊ ရုပ်(အကျိုး)တရားက အရင်ပထမ ရှိနေတယ်။ နာမ်က ရုပ်ကို ကျေးဇူးပြုရာမှာ ဘယ်နည်းနဲ့မှ တပြိုင်နက် မဖြစ်လို့ သဟဇာတမျိုးထဲမှာ မပါတော့ပါ။

ပဋ္ဌာန်း ၂၄–ပစ္စည်းမှာ အာရမ္မဏမျိုးကလဲ ၈–ပစ္စည်းလောက် ရှိပါတယ်။ အာရမ္မဏမျိုးက အာရုံအားဖြင့် ကျေးဇူးပြုတာဖြစ်တဲ့အတွက် အာရမ္မဏပုရေဇာတက အာရမ္မဏမျိုးမှာ ရပါတယ်။ အာရမ္မဏမျိုးမှာ ဝတ္ထုပုရေဇာတကို များသောအားဖြင့် မရပါ၊ ပစ္ဆာဇာတက အာရုံ အာရမ္မဏိက လုပ်လို့ မရတော့ အာရမ္မဏမျိုးမှာလဲ မပါပါ။

၂၄–ပစ္စည်းမှာ အနန္တရမျိုးက ၇–မျိုး ရှိပါတယ်။ အနန္တရဆိုတာ စိတ်တစ်ခု အခြားမရှိဘဲ ရှေ့စိတ်က နောက်စိတ်ကို ကျေးဇူးပြုတာပါ၊ ပြီးတော့ နာမ်က နာမ်ကိုသာ ကျေးဇူးပြုတာ ဖြစ်ပါတယ်။ ပုရေဇာတမှာ ရုပ်က နာမ်ကို ကျေးဇူးပြုတာ၊ ပစ္ဆာဇာတမှာ နာမ်က ရုပ်တရားကို ကျေးဇူးပြုတာ။ ရုပ်နဲ့ နာမ်ဟာ အနန္တရမျိုးမှာ ဘယ်တော့မှ မရနိုင်ပါ။ ဒါကြောင့် မကျယ်ဝန်းပေမဲ့ ပုရေဇာတမျိုးနဲ့ ပစ္ဆာဇာတမျိုးဆိုပြီး သီးခြား ပစ္စည်း ၂–ခုကို ခွဲထုတ်ရပါတယ်။

## ပဉ္စဒွါရဝီထိ

ပစ္ဆာဇာတမှာ ဝီထိကို ပဋိသန္ဓေစိတ်နဲ့ ချပြီး ပြခဲ့ပြီ၊ ပဉ္စဒွါရဝီထိနဲ့ ချကြည့်ရင် အတီတဘဝင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဉ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော(၇)ကြိမ် တဒါရုံလို့ ချပါတယ်။ ပဝတ္တိအခါ ရောက်လာတော့ အတီတဘဝင်ရဲ့ ဥပါဒ် ဌီ ဘင်၊ ဘဝင်္ဂစလနရဲ့ ဥပါဒ် ဌီ ဘင်၊ ဘဝင်္ဂုပစ္ဆေဒရဲ့ ဥပါဒ် ဌီ ဘင်လို့လဲ သွားပါတယ်။

ပဝတ္တိအခါမှာ ဝီထိစိတ်တွေ ဖြစ်ပြီး ရူပါရုံကို စက္ခုဝိညာဉ်က မြင်တဲ့အခါ စတုဇကာယဆိုတဲ့ ကိုယ်ကလည်းရှိ ရုပ်တွေကလဲ ရှိနေပါတယ်။ ပဋိသန္ဓေ အချိန်မှာ အမိရဲ့ အာဟာရမျိုတဲ့ အချိန်က စပြီး စတုဇကာယ ဖြစ်နေပါတယ်။ စတုဇကာယရုပ်တရားကလဲ အတီတဘဝင်ရဲ့ဌီခဏမှာ ရှိနေတယ်၊ ဘဝင်္ဂစလန နာမ်တရားက အတီတဘဝင်ရဲ့ ဌီခဏမှာ ရှိတဲ့ စတုဇကာယကို ပစ္ဆာဇာတနဲ့ ကျေးဇူးပြုပါတယ်။ ရုပ်က ဌီခဏမှာသာ အားရှိပါတယ်။ ဘဝင်္ဂုပစ္ဆေဒနာမ်

တရားက ဘဝင်စလနရဲ့ ဌီခဏမှာ ရှိတဲ့ စတုဇကာယကို ပစ္ဆာဇာတနဲ့ ကျေးဇူးပြုပါတယ်။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်စေတသိက် နာမ်တရားများက ဘဝင်ုပစ္ဆေဒရဲ့ ဌီခဏမှာ ရှိတဲ့ စတုဇကာယကို ပစ္ဆာဇာတနဲ့ ကျေးဇူးပြုပါတယ်။ စက္ခုဝိညာဉ်စိတ်စေတသိက် နာမ်တရားကလဲ ပဉ္စဒွါရာဝဇ္ဇန်းရဲ့ ဌီခဏမှာ ရှိတဲ့ စတုဇကာယကို ပစ္ဆာဇာတနဲ့ ကျေးဇူးပြုပါတယ်။ ဒီလို ဝီထိတွေ ဖြစ်နေသမျှ နောက်နောက် စိတ်များက ရှေးရှေးစိတ်နဲ့ အတူဥပါဒ်ပြီး ရုပ်ရဲ့ ဌီသို့ ရောက်တဲ့ စတုဇကာယကို ကျေးဇူးပြုပါတယ်။ မနောဒွါရဝီထိ မဂ္ဂဝီထိ ဈာနဝီထိတို့မှာလဲ ဒီအတိုင်းပါပဲ။

ဒါကြောင့် ဒါနပဲ လုပ်လုပ် သီလပဲ ဆောက်တည်ဆောက်တည် ဝိပဿနာပဲ အားထုတ်အားထုတ်၊ ဘာပဲလုပ်လုပ် စတုဇကာယနဲ့သာ လုပ်နေကြတာပါ။ စတုဇကာယတည်တံ့ခိုင်မြဲနေအောင် ပစ္ဆာဇာတပစ္စည်း နာမ်တရားက နောက်မှာ နေပြီး ထောက်ပံ့ထားတာပါ။ တော်တော် ဆန်းကြယ်တဲ့ ပစ္စည်းဖြစ်ပါတယ်။

## အတ္ထိပစ္စည်းနဲ့ ဝိပ္ပယုတ္တပစ္စည်းရပုံ

နောက်နာမ်တရားတွေက ရှေ့က ရုပ်ကို ကျေးဇူးပြုတဲ့အခါ ပစ္စုပ္ပန်မှာ ရှိနေတဲ့အခါမှသာ အတ္ထိပစ္စည်းက ကျေးဇူးပြုပါတယ်။ ဒါကြောင့် အတ္ထိပစ္စည်း ရနိုင်ပါ့မလားလို့ သံသယ ရှိနိုင်ပါတယ်။ ဝီထိမှာ ကြည့်ရင် ရုပ်တရားဟာ အသက် ၁၇–ချက် ရှည်နေတဲ့အတွက် နာမ်တရားက ဥပါဒ် ဌီ ဘင် ဖြစ်နေဆဲမှာ ကျေးဇူးပြုပါတယ်။ ဒါကြောင့် အတ္ထိပစ္စည်းလဲ ရနိုင်ပါတယ်။ "အရူပိနော မမ္ဘာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော=နာမ်တရားက ရုပ်တရားအား ကျေးဇူးပြုတာ ဝိပ္ပယုတ္တပစ္စည်း"ဖြစ်တဲ့အတွက် ပစ္ဆာဇာတပစ္စည်းမှာ ဝိပ္ပယုတ္တလဲ ရပါတယ်။ ပစ္စည်းတွေ စုံတဲ့အခါ ထပ်ပြီး ရှင်းပြပါအုံးမယ်။ ပစ္ဆာဇာတပစ္စည်း တော်လောက်ပါပြီ၊ နိဂုံးချုပ်ကြပါစို့။

# ၁၂။ အာသေဝနပစ္စည်း

## အာသေဝနပစ္စည်း

အာသေဝနပစ္စည်းဆိုတာ အာပုဒ်နဲ့ သေဝနပုဒ်ကို ပေါင်းစပ်ထားတာ ပါပဲ။ မဂ်လသုတ်မှာ အသေဝနာ စ ဗာလာနံ ဆိုတာက "အ"က တားမြစ်တဲ့ပုဒ်၊ သေဝနက မှီဝဲတယ်၊ ဆည်းကပ်တယ်ဆိုတဲ့ အဓိပ္ပာယ်ရှိတယ်။

အသေဝနာ စ ဗာလာနံ=လူမိုက်ကို မပေါင်းသင်းရလို့ ဆိုပါတယ်။ ဒီ အာသေဝနပစ္စည်းမှာ သေဝနဆိုတဲ့ ပါဠိချင်း တူပေမဲ့ ထုံတယ်၊ ပွားများတယ် ဆိုတဲ့ အဓိပ္ပာယ်ပါ၊ အာ–ဆိုတာ အထပ်ထပ်အခါခါ အကြိမ်ကြိမ်ဆိုတဲ့ အနက်မျိုး ရပါတယ်၊ ဒါကြောင့် အကြိမ်ကြိမ် ပွားများထားတယ်၊ ဝါသနာထုံတယ်လို့ အဓိပ္ပာယ်ရှိတယ်။ အကြိမ်ကြိမ် အဖန်ဖန်ထုံထားတဲ့ လုပ်ငန်းတစ်ခုကို အာသေဝန လို့ ခေါ်ပါတယ်။

အာသေဝနပစ္စည်း အထောက်အပံ့ရရင် အားရှိပါတယ်၊ အာသေဝနပစ္စည်း အထောက်အပံ့ မရရင် အားမရှိဘူးလို့ အဋ္ဌကထာ ဋီကာဆရာတွေက ကျမ်းဂန် တွေထဲမှာ ရေးကြတာ ပဋ္ဌာန်းမသင်ဘဲနဲ့ ဒီကျမ်းဂန်တွေကို သဘောမပေါက် နိုင်ပါ၊ အာသေဝနပစ္စည်းဆိုတာ အထပ်ထပ် အကြိမ်ကြိမ် ထုံထား ပွားများထား ပြီး၊ အင်မတန် အားကြီးတဲ့ ပစ္စည်းပါ၊ ဒီလို အားကြီးတဲ့ ပစ္စည်းဖြစ်လို့လဲ အာသေဝနဟာ အနန္တရပစ္စည်းမျိုးထဲမှာ ပါနေပါတယ်၊ အာသေဝနပါဠိတော်ကို ကြည့်ရင် "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော"လို့ ကုသိုလ်က ကုသိုလ်ကိုသာ ကျေးဇူး ပြုတာ ဟောပါတယ်၊ အနန္တရမှာ ကုသိုလ်က အဗျာကတကိုလဲ ကျေးဇူးပြုတယ်၊ ဥပနိဿယမှာ ကုသိုလ်က အကုသိုလ်ကိုပါ ကျေးဇူးပြုတယ်၊ အာသေဝန

မှာတော့ အဗျာကတနဲ့ အကုသိုလ် မရဘဲ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတာပဲ ရတယ်လို့ ဟောပါတယ်။ ကုသိုလ် ကုသိုလ်ချင်းသာ အာသေဝနပစ္စည်း ရပါတယ်။

## လောကုတ္တရာကုသိုလ်စိတ်(၄)ခု အာသေဝန မတပ်

ကုသိုလ်စိတ်အားလုံး (၂၁)မှာ လောကုတ္တရာကုသိုလ်က (၄)၊ လောကီကုသိုလ်က (၁၇) ရှိပါတယ်၊ အာသေဝနပစ္စည်းမှာ ကြီးကျယ်တယ်ဆိုတဲ့ လောကုတ္တရာဇော (၄)ခု အာသေဝနပစ္စည်းမတပ်တာ ဆန်းကြယ်တယ်။ လောကီကုသိုလ်များသာ အာသေဝနတပ်ပါတယ်၊ နာမ်တရားတွေမှာ ဝိပါက်စိတ်များက အားမရှိလို့ အာသေဝနပစ္စည်းမရပါ၊ ဝိပါက်က မှန်ထဲက အရိပ်လို ဘာမှ ကြိုးစားရတာ မဟုတ်ဘဲ မှန်ရှေ့ လူရပ်လိုက်တဲ့အခါ သူ့ဟာသူ မှန်မှာ အရိပ်ထင်တာ ဖြစ်တော့ ဝိပါက်စိတ်ကလဲ နောက်က အကြောင်းတရားလုပ်ခဲ့လို့ အရိပ်တွေ ပေါ်တယ်၊ ကောင်းတာလဲ မြင်၊ မကောင်းတာလဲ မြင်၊ ကောင်းတာလဲ ကြား၊ မကောင်းတာလဲ ကြားရတယ်ဆိုတာဟာ ဝိပါက်စိတ်တွေပါပဲ။

ပဋိသန္ဓေစိတ်ကလဲ သူဌေးဖြစ်တယ်၊ ဆင်းရဲသားဖြစ်တယ်၊ မင်းဖြစ်တယ်၊ သူ့ဘာသာသူ ဖြစ်လာတာ၊ မှန်ထဲမှာ အရိပ်ပေါ်လာသလို သူတို့မှာ ပယောဂ မရှိတဲ့အတွက် ဝိပါက်စိတ်မှန်သမျှ ဘယ်ဝိပါက်စိတ်မှ အာသေဝနပစ္စည်း မဖြစ်ပါ၊ ကုသိုလ်မှာလဲ အားလုံး အာသေဝနပစ္စည်း တပ်သလားဆိုတော့ လောကုတ္တရာကုသိုလ်မှာ အာသေဝနပစ္စည်း မတပ်ပါ၊ အလွန်ကြီးကျယ် မြင့်မြတ်တဲ့ လောကုတ္တရာကုသိုလ်မှာ ဘာကြောင့် အာသေဝနပစ္စည်း မတပ်ရသလဲ၊ ရှေးဆရာကြီးများ သုံးတာက အာသေဝနမှာ ၂-မျိုးရှိပါတယ်။

(၁) အာသေဝနပစ္စည်း မတပ်တာက တစ်မျိုး

(၂) အာသေဝနပစ္စည်း မရတာက တစ်မျိုးလို့ ဖြစ်ပါတယ်။

အာသေဝနပစ္စည်း မတပ်တာက လောကုတ္တရာကုသိုလ်ဇော ၄-ခုဟာ ပစ္စည်းထဲမှာ မပါပါ၊ အာသေဝနပစ္စည်း မရဘူးဆိုတာက လောကုတ္တရာကုသိုလ်ဇော ၄-ခုဟာ ပစ္စယုပ္ပန်တရားထဲမှာ မပါပါ၊ အာသေဝနပစ္စည်းကြောင့် ဖြစ်တဲ့ တရား မဟုတ်ဘူးလို့ ဆိုလိုပါတယ်၊ အာသေဝနပစ္စည်း မတပ်တာနဲ့ မရတာကို နားလည်အောင် ရှင်းရမယ်ဆိုရင် ဝီထိနဲ့ ရှင်းမှ နားလည်မှာပါ။

## မဂ္ဂဝီထိနဲ့ အာသေဝန

မဂ္ဂဝီထိ ချကြည့်ရင် အတီတဘဝင် ဘဝင်စလန ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ မဂ်ဇော တစ်ကြိမ် ဖိုလ်ဇော ၂-ကြိမ် ၃-ကြိမ်လို့ ချရပါတယ်။အမှန်က ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ အားလုံးက လောကီကုသိုလ်စိတ်ပါ၊ ဝိပဿနာ အားထုတ်တဲ့ မဟာ ကုသိုလ် ဉာဏသမ္ပယုတ်စိတ်ဟာ ပုထုဇဉ်မှာ ဖြစ်တဲ့စိတ်ပါ၊ လောကုတ္တရာ ကုသိုလ်ဖြစ်တဲ့ သောတာပတ္တိမဂ်စိတ်ဟာ အာသေဝနပစ္စည်း မတပ်တဲ့ အထဲမှာ ပါပါတယ်၊ အာသေဝနပစ္စည်းကလဲ အနန္တရမျိုးမှာ ပါပါတယ်။ မဂ္ဂဝီထိမှာ- လောကုတ္တရာ ကုသိုလ် မဂ်စိတ်နောက် ဖိုလ်ဆိုတော့ ဖိုလ်က ဝိပါက်စိတ်ဖြစ်ပါတယ်၊ ဝိပါက် စိတ်ကလဲ "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ" ဆိုတော့ ကုသိုလ်က ကုသိုလ်အားသာလျှင် အာသေဝန ပစ္စည်းက ဖြစ်ပါတယ်၊ လောကုတ္တရာမဂ်စိတ်က ကုသိုလ်ဖြစ်ပြီး ဖိုလ်စိတ်က အဗျာကတ ဖြစ်တော့ အာသေဝနပစ္စည်းနဲ့ ကျေးဇူးမပြုနိုင်ပါ၊ လောကုတ္တရာ ကုသိုလ်က အာသေဝနပစ္စည်း မရတာတော့ မဟုတ်ပါ၊ "လောကုတ္တရော အာသေဝန ပစ္စယော နာမ နတ္ထိ"လို့ ဆိုတာက လောကုတ္တရာကုသိုလ်များဟာ အာသေဝန ပစ္စည်း မတပ်ဘူးလို့သာ ပြောကြတာပါ၊ မရဘူးလို့ ပြောတာမဟုတ်ပါ။

## ဇာတ်ချင်းမတူ

မဂ်က ဖိုလ်ကို အာသေဝနပစ္စည်းနဲ့ ဘာကြောင့် ကျေးဇူးမပြုသလဲဆိုရင် ဖိုလ်က ဝိပါက်ဖြစ်နေပြီး ဇာတ်ချင်း မတူလို့ပါပဲ။ အဘိဓမ္မာမှာ ကုသိုလ်

အကုသိုလ် ဝိပါက် ကြိယာဆိုတဲ့ ဇာတ်တွေ ရှိပါတယ်၊ ကုသိုလ်နဲ့ အကုသိုလ်က ဇာတ်ချင်း မတူပါ၊ ဝိပါက်နဲ့လဲ ဇာတ်မတူ၊ ကြိယာနဲ့လဲ ဇာတ်မတူ၊ ဇာတ်မတူတဲ့ တရားအချင်းချင်း အာသေဝနပစ္စည်း မထိုက်ပါ၊ မဂ်က ကုသိုလ်၊ ဖိုလ်က ဝိပါက်ဖြစ်ဖို့ သူတို့ဟာ လောကုတ္တရာစိတ်ချင်း တူပေမဲ့ ဇာတ်မတူလို့ အာသေဝနက ကျေးဇူးပြုမရပါ။

## ဘဝချင်း မတူ

ဂေါတြဘူက မဂ်ကို အာသေဝနနဲ့ ကျေးဇူးပြုနိုင်သလားဆိုတော့ ဘူမိဘေဒလို့ ခေါ်တဲ့ ဘုံချင်း ကွဲနေကြပြန်ပါတယ်၊ ဂေါတြဘူက ပုထုဇဉ်၊ မဂ်က အရိယာဖြစ်လို့ ဘဝချင်း တစ်ခြားစီမို့ ဘုံချင်း ကွဲနေကြတယ်။ ဂေါတြဘူကုသိုလ်က မဂ်ကုသိုလ်ကို ကျေးဇူးပြုတာမှာ အာသေဝနပစ္စည်းတပ်, မတပ် သံသယရှိစရာ ဖြစ်နိုင်ပါတယ်၊ ပစ္စယနိဒ္ဒေသမှာ လောကီကုသိုလ်, လောကုတ္တရာကုသိုလ်လို့ ခွဲခြား မပြောတော့ ဂေါတြဘူကုသိုလ်က မဂ်ကုသိုလ်ကို ကျေးဇူးပြုနိုင်ပါတယ်၊ အာသေဝနပစ္စည်းတပ်တယ်လို့ပဲ ဆိုနိုင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့–ပဋ္ဌာဝါရမှာ "ဂေါတြဘု မဂ္ဂဿ အာသေဝနပစ္စယေန ပစ္စယော"လို့ အမည်ဖော်ထုတ်ပြီး ဟောကြားထားခဲ့လို့ ဖြစ်ပါတယ်။

ဂေါတြဘူနဲ့ မဂ်ဟာ ဘဝချင်း ခြားနေပါတယ်၊ ပစ္စယနိဒ္ဒေသမှာ ကုသိုလ်က ကုသိုလ်ကို အာသေဝနပစ္စည်းနဲ့ ကျေးဇူးပြုတယ်ဆိုတော့ ဇာတ်မတူတဲ့ တရားကို ကျေးဇူးမပြုသလို ဘုံချင်း မတူတဲ့ တရားကို ကျေးဇူးမပြုဘဲ နေမလားလို့ သံသယ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ အာသေဝနပစ္စည်းနဲ့ အင်မတန် အကြီးအကျယ် ထုံထားတဲ့ လောကီကုသိုလ် ဂေါတြဘူက ကျေးဇူးပြုတဲ့အတွက် မဂ်စိတ် ဖြစ်ရတာပဲ၊ ဒါကြောင့် လောကုတ္တရာမဂ်က အာသေဝနပစ္စည်း ရပါတယ်၊ လောကုတ္တရာမဂ်ကုသိုလ်ဟာ အာသေဝနပစ္စည်းတော့ မတပ်ပါ၊ အာသေဝနပစ္စည်းရတာနဲ့ တပ်တာဟာ တစ်ခြားစီပါပဲ။

## အာရုံချင်း မတူ

ဂေါတြဘူနဲ့ မဂ်မှာ ဂေါတြဘူက နိဗ္ဗာန်ကို အာရုံပြုတယ်၊ မဂ်ကလဲ နိဗ္ဗာန်ကို အာရုံပြုတယ်၊ သင်္ခါရတရား အားလုံး အနိစ္စ ဒုက္ခ အနတ္တလို့ ရှုပြီး၊ တေဘူမကသင်္ခါရကို အနုလုံက အာရုံပြုပါတယ်၊ ဂေါတြဘူက မဂ်ရဲ့ ရှေ့ပြေးဖြစ်ပြီး နိဗ္ဗာန်ကိုသာ ပထမဆုံး အာရုံပြုတယ်၊ ဒါကြောင့် အနုလုံနဲ့ ဂေါတြဘူမှာ အာရုံ ကွဲနေတယ်၊ "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ"ဆိုတော့ အနုလုံကလဲ ကုသိုလ်၊ ဂေါတြဘူကလဲ ကုသိုလ်မို့ လောကီကုသိုလ်ချင်း အတူတူပါပဲ၊ သို့သော် အနုလုံက တေဘူမက သင်္ခါရကို အာရုံပြုတယ်၊ ဂေါတြဘူက နိဗ္ဗာန်ကို အာရုံပြုလို့ အာရုံကွဲရင် အာသေဝနပစ္စည်း တပ်ပါ့မလားလို့ သံသယ ဖြစ်နိုင်ပါတယ်။ ပဋ္ဌာန်းကျမ်းမှာ မဟောဘဲ ထားရင် မဖြစ်ထိုက်တာဘဲ များပါတယ်၊ ဒါပေမဲ့ ဒီလို သံသယ ရှိစရာကောင်းတဲ့ နေရာမျိုးမှာ ပဋ္ဌာဝါရကို ကြည့်ရင် "အနုလောမံ ဂေါတြဘုဿ အာသေဝနပစ္စယေန ပစ္စယော"လို့ အမည်ဖော်ထုတ်ပြီး ဟောထားတာ တွေ့နိုင်ပါတယ်။

## ဇောနဲ့ အာသေဝန

ပဋ္ဌဒ္ဒါရဝီထိနဲ့ ကြည့်ရင် အတီတဘဝင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ပဋ္ဌဒ္ဒါရာဝဇ္ဇန်း စက္ခုဝိညာဉ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော ဇော ဇော ဇော ဇော ဇော ဇော ဆိုပြီး၊ ဒါနလုပ်တဲ့အခါ ဥပါဒ် ဌီ ဘင်နဲ့ ကုသိုလ် ဇောတွေ ဖြစ်ပါတယ်၊ ဒီနေရာမှာ အာသေဝနပစ္စည်း မတပ်တာနဲ့ မရတာကို ပြချင်လို့ပါ။ ဝုဋ္ဌောက ကြိယာ၊ ဇောက ကုသိုလ်ဖြစ်တဲ့အတွက် ကြိယာက ကုသိုလ်ကို ဇာတ်ချင်း မတူလို့ အာသေဝနပစ္စည်း မတပ်ပါ၊ ဝုဋ္ဌောက ပဌမဇောရဲ့ ရှေ့က နေပြီး ကြိယာဖြစ်နေလို့ အာသေဝနနဲ့ ကျေးဇူးမပြုနိုင်တဲ့ အတွက် ပဌမဇောမှာ အာသေဝနပစ္စည်းမရပါ၊ မဌမဇောကုသိုလ်က ဒုတိယ

ဇောကုသိုလ်ကို အာသေဝနပစ္စည်းနဲ့ ကျေးဇူးပြုလို့ အာသေဝနပစ္စည်းတော့ တပ်ပါတယ်၊ တပ်တာနဲ့ ရတာက တစ်မျိုးစီပါ၊ ဒါကြောင့် ပစ္စယုပ္ပန်တရားကို ကောက်တဲ့အခါမှာ "ပဌမဇောကြဉ်သော လောကီကုသိုလ်ဇော"လို့ ရေးကြပါတယ်။ ပဌမဇောက ဒုတိယဇောကို အာသေဝနပစ္စည်းနဲ့ ကျေးဇူးပြုတယ်၊ ဒုတိယဇောကလဲ တတိယဇောကို အာသေဝန ပစ္စည်းနဲ့ ကျေးဇူးပြုတယ်၊ ဒါကြောင့် ဒုတိယဇောကတော့ အာသေဝနပစ္စည်းလဲ တပ်တယ်၊ အာသေဝန ပစ္စည်းလဲ ရတယ်၊ ပဌမဇောက အာသေဝနပစ္စည်းတော့ တပ်တယ်၊ အာသေဝန ပစ္စည်းတော့ မရပါ။

## အဆုံးဇော (သတ္တမဇော) အာသေဝနပစ္စည်းမတပ်

အာသေဝနပစ္စည်းတရားဟာ လောကီကုသိုလ် (၁၇)ခုမှာ ရတယ်ဆိုတော့ လောကီကုသိုလ် အကုန်လုံးပဲ အာသေဝနပစ္စည်းထိုက်သလား။ ကုသိုလ်ဝီထိမှာ ဇော (၇)ကြိမ် ကျတော့ အတိမဟန္တာရုံဝီထိဆိုရင် သတ္တမဇောဆိုတဲ့ အဆုံးဇောနောင်မှာ တဒါရုံလို့ ဝီထိဖြစ်တော့ တဒါရုံကလဲ ဝိပါက်စိတ် ဖြစ်တယ်၊ ဇောနောင် ဘဝင်ဆိုရင် ဘဝင်ကလဲ ဝိပါက်စိတ် ဖြစ်တယ်၊ ဇောနောင် စုတိစိတ် ကျရင်လဲ ဝိပါက်စိတ်ပဲ ဖြစ်တယ်၊ ဒီလို သတ္တမဇောဆိုတဲ့ အဆုံးဇောနောက်မှာ ဖြစ်တဲ့ စိတ်တွေဟာ ဇာတ်မတူတဲ့ ဝိပါက်စိတ်တွေ ဖြစ်တော့ လောကီကုသိုလ် သတ္တမဇောဆိုတဲ့ အဆုံးဇောဟာ အာသေဝနပစ္စည်းတရားထဲမှာ မပါနိုင်ပါ။ "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ"ဆိုတဲ့ ပစ္စည်းတရားထဲမှာ ဘုရားက သာမညအားဖြင့် ကုသိုလ်တရားဟာ ကုသိုလ်တရားကို အာသေဝနနဲ့ ကျေးဇူးပြုတယ်ဆိုပေမဲ့ ဇာတ်တူမှ ကျေးဇူးပြုပါတယ်၊ လောကုတ္တရာကုသိုလ်(၄)ခုနဲ့ လောကီကုသိုလ် သတ္တမဇောဆိုတဲ့ အဆုံးဇောဟာ အာသေဝနပစ္စည်းတရားမှာ မပါပါ။

## ကုသိုလ်က ကုသိုလ်အား ကျေးဇူးပြု

ပစ္စယုပ္ပန်တရားကို စစ်ကြည့်ရင် "ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ" ဆိုတဲ့ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတဲ့ ပစ္စယုပ္ပန်တရားကျတော့ ကုသိုလ် အကုန်လုံးပဲ အာသေဝနရသလား၊ မဂ္ဂဝီထိမှာ မဂ်ကုသိုလ်က ဂေါတြဘူ နောင်မဂ်၊ ဝေါဒါန်နောင်မဂ် ဖြစ်တယ်၊ ဈာန်ကုသိုလ်မှာဆိုရင် ဂေါတြဘူနောင် ဈာန်၊ ဝေါဒါန်နောင် ဈာန်လို့ ဖြစ်တယ်။ ဒီလို ဝီထိမှာ ကျတော့ ဘုံလဲ မတူ၊ အာရုံလဲ မတူ၊ သို့သော် ကုသိုလ် ကုသိုလ်ချင်းတော့ တူပါတယ်။ ဂေါဘူတြဲ နောင် လောကုတ္တရာမဂ်ကုသိုလ်ဟာ အာသေဝနပစ္စည်းတရားရဲ့ ပစ္စယုပ္ပန်ဖြစ်တယ်၊ အာသေဝနပစ္စည်းမတပ်ပါ၊ အာသေဝနပစ္စည်းတော့ ရပါတယ်၊ အနုလုံနဲ့ ဂေါတြဘူမှာ အနုလုံက တေဘူမကသင်္ခါရကို အာရုံ ပြုတယ်၊ ဂေါတြဘူက နိဗ္ဗာန်ကို အာရုံပြုလို့ အာရုံ ကွဲနေတယ်၊ သို့သော်လဲ "အနုလောမံ ဂေါတြဘုဿ"ဆိုတော့ အာသေဝနပစ္စည်းက ကျေးဇူးပြုပါတယ်၊ ကုသိုလ်စိတ် (၂၁)ခုလုံးဟာ အာသေဝနပစ္စယုပ္ပန်တရားမှာ ပါပါတယ်၊ လောကုတ္တရာကုသိုလ် (၄)ခု အာသေဝနပစ္စည်းမတပ်ဘူးဆိုတာ ပစ္စည်းထဲမှာ မပါတာကို ဆိုပါတယ်၊ အာသေဝနပစ္စည်းရတယ်ဆိုတာ ပစ္စယုပ္ပန်မှာ ပါလို့ ဆိုတာ ဖြစ်ပါတယ်။

## ပဉ္စမဇော

ပစ္စယုပ္ပန်တရားထဲမှာ ကုသိုလ်စိတ် (၂၁)ခုလုံး အာသေဝနပစ္စည်း ရပါတယ်၊ ဇော (၇)ကြိမ် ချတဲ့အခါ ပဉ္စမဇောရှေ့က ဝုဋ္ဌော ဖြစ်ပါတယ်။ ဒါကြောင့် ဝုဋ္ဌောနောင် ဇော ကျပါတယ်၊ ဝုဋ္ဌောက မနောဒွါရာဝဇ္ဇန်း ဖြစ်လို့ ကြိယာဖြစ်ပြီး၊ ပဉ္စမဇောက ကုသိုလ်ဖြစ်တဲ့အတွက် ဇာတ်ချင်း မတူပါ၊ ပဉ္စမဇော နောင်မှာလဲ ကုသိုလ်ဇောပဲ ဖြစ်လို့ ပဉ္စမဇောက အာသေဝနပစ္စည်းတော့ တပ်ပါတယ်၊ ပစ္စယုပ္ပန်တရားကို ကောက်တဲ့အခါ ကုသိုလ်(၂၁)ခုလုံးရသော်လဲ ကုသိုလ်ပဉ္စမဇောက အာသေဝနပစ္စည်း မရပါ။

**ပဌမဇော၊ အလယ်ဇော ၅-ချက်နဲ့ သတ္တမဇော**

အာသေဝနပစ္စည်းမရ ဆိုတာကို ကံအကျိုးပေးပုံနဲ့ ထပ်ရှင်းရပါတယ်၊ ကုသိုလ်ဇော (၇)ကြိမ် ဇောတဲ့အခါ ပဌမဇောမှာ အာသေဝနပစ္စည်းမရတဲ့ အကြောင်းကတော့ ပဌမဇောရှေ့က ဝုဋ္ဌောနဲ့ ပဌမဇောတို့ ဇာတ်မတူလို့ အာသေဝနပစ္စည်းရဲ့ ပစ္စယုပ္ပန်မဖြစ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ကံခန်းမှာ ပဌမဇောက ပစ္စုပ္ပန်ဘဝမှာ ဒိဋ္ဌဓမ္မဝေဒနီယကံ အဖြစ်နဲ့ အကျိုးပေးပါတယ်၊ ဥပပဇ္ဇဝေဒနီယကံက ဒုတိယဘဝမှာ အကျိုးပေးပါတယ်၊ အပရာပရိယဝေဒနီယ ကံက တတိယဘဝမှ စပြီး နိဗ္ဗာန်အထိ အကျိုးပေးပါတယ်၊ ပဌမဇောစေတနာက ဒီဘဝမှာ အကျိုးပေးရင်ပေး၊ မပေးရင် အဟောသိကံ ဖြစ်သွားပါတယ်။ သတ္တမဇောက ဒုတိယဘဝမှာ အကျိုးပေးရင်ပေး၊ အကျိုး မပေးရင် အဟောသိကံ ဖြစ်သွားပါတယ်၊ ပဌမဇောက ဘာဖြစ်လို့ ဒုတိယဘဝ တတိယဘဝမှာ အကျိုး မပေးနိုင်တာလဲဆိုရင် အာသေဝနပစ္စည်း မရသောကြောင့်ပဲ ဖြစ်ပါတယ်။

ပရမတ္ထတရားတွေဟာ အာသေဝနပစ္စည်းရမှ အားရှိပါတယ်၊ အာသေဝန ပစ္စည်းမရတဲ့ တရားက အားမရှိတော့ အကျိုးမပေးနိုင်ပါ။ အလယ်ဇော (၅) ချက်ဖြစ်တဲ့ ဒုတိယဇော၊ တတိယဇော၊ စတုတ္ထဇော၊ ပဉ္စမဇော၊ ဆဋ္ဌမဇော ထိအောင် ဇော (၅) ချက်က အာသေဝနပစ္စည်းလဲ ဖြစ်၊ ပစ္စယုပ္ပန်လဲ ဖြစ်တယ်။ ဒါကြောင့် အင်မတန် အားကောင်းပါတယ်။ ခဲကို ပစ်တင်လိုက်သလို ခဲဟာ အရှိန်ရှိသလောက် တက်နေတဲ့အခိုက်မှာ အားကောင်းတယ်၊ ပြန်ကျတော့ အားနဲ့ သွားပါပြီ၊ ဇောကလဲ အရှိန်ပါပဲ၊ အရှိန် အပြင်းအထန်ဆုံးကတော့ အလယ်ဇော (၅)ချက်မှာ စတုတ္ထဇောပါပဲ၊ ပဉ္စမ၊ ဆဋ္ဌမဇောမှာ အရှိန်နဲ့သွားပြီ၊ သတ္တမဇောကျတော့ အရှိန်က ကုန်သွားပြီး၊ အားကုန်သွားပါပြီ။

သတ္တမဇောက ဒုတိယဘဝမှာ အကျိုးပေးပါတယ်၊ ဒီဘဝမှာ လှူတဲ့ ဒါနကုသိုလ်ကံ စေတနာဟာ ဇော (၇)ကြိမ် ဇောလိုက်တော့ ပဌမဇောက ဒီဘဝမှာ အကျိုးပေးပါတယ်၊ အများအားဖြင့် ကုသိုလ်လုပ်ကြတာဟာ နောင် ဘဝကို ရည်မှန်းပြီး နောက်ဘဝအကျိုးပေးအတွက် လုပ်ကြပါတယ်။ ဒါပေမဲ့

ကုသိုလ်က လုပ်တယ်ဆိုရင် ဒီဘဝမှာ အကျိုးပေးတာပါ၊ ကုသိုလ် လုပ်ရင် ခေါ်ချင်ပြောချင်သူ များတယ်၊ မိတ်ဆွေသင်္ဂဟများတယ်၊ စီးပွားရှာလို့ ဖြစ်တယ်၊ စီးပွားကလဲ လျှလေ ရှိလေ၊ လျှလေရှိလေပဲ၊ ဒီလိုဖြစ်တာဟာ ပဌမဇောက အကျိုးပေးတာပါ။ သေပြီးတဲ့နောက် ဒုတိယဘဝမှာလဲ အကျိုးပေးတာပဲ၊ ဒါကုသိုလ်လုပ်တဲ့အတွက် ဒုတိယဘဝမှာ ပဋိသန္ဓေသွားနေလို့ လူ့ဘဝ ပြန်ဖြစ်တယ်ဆိုရင် သတ္တမဇောက အကျိုးပေးတာပါ၊ သတ္တမဇောဟာ ဆဋ္ဌမ ဇောက ကျေးဇူးပြုလို့ အာသေဝနပစ္စည်းရပါတယ်၊ နောက်ဆုံးဇောဖြစ်နေတော့ အားသေးပါတယ်၊ ဒုတိယဘဝမှာသာ အကျိုးပေးပြီး သူဌေးဖြစ်ချင်ဖြစ်မယ်၊ ရာထူးရာခံကြီးကြီး ဖြစ်ချင်ဖြစ်မယ်၊ နတ်ပြည်မှာ နတ်ဖြစ်ချင် ဖြစ်မယ်ဆိုတဲ့ ဒုတိယဘဝရဲ့ ပဋိသန္ဓေအကျိုးကို သတ္တမဇောက ပေးပါတယ်၊ သူကတော့ ဒုတိယဘဝ တစ်ဘဝထဲ အကျိုးပေးတဲ့ ဥပပဇ္ဇဝေဒနီယကံပါပဲ။

အလယ်ဇော (၅)ချက်ဖြစ်တဲ့ အပရာပရိယဝေဒနီယကံဆိုတာ ဘဝပေါင်းထောင်သောင်းအထိ အကျိုးပေးနိုင်ပါတယ်၊ ဒီအလယ်ဇော (၅)ချက်က အာသေဝနပစ္စည်းလဲဖြစ်၊ အာသေဝနပစ္စည်းလဲ ရတော့ အားသိပ်ကောင်းတဲ့အတွက် ဘဝပေါင်း အသင်္ချေအနန္တ ဘယ်လောက် ကြာနေခဲ့တဲ့ ကုသိုလ်ဖြစ်ဖြစ် ဥပတ္ထမ္ဘက=ပစ္စုပ္ပန်အကြောင်းတရားနဲ့ ပေါင်းဆုံတဲ့အခါ သူက ဖြိုးကနဲထပြီး ဆင်းရဲသားဘဝက မင်းဖြစ်တယ်၊ ဆင်းရဲတဲ့ ဘဝက သူဌေးတက်ဖြစ်တယ်၊ ဥပတ္ထမ္ဘကကုသိုလ်နဲ့ သူဌေးဖြစ်ချင်သူက သူဌေးဖြစ်မယ့်လုပ်ငန်း လုပ်နေတာဟာ ဒီဘဝအကြောင်းပါပဲ။ ဘဝဘဝက အပရာပရိယဝေဒနီယကံကလဲ ရှိနေတယ်ဆိုရင် ချက်ချင်းဆိုသလို သူဌေးဖြစ်တယ်၊ မင်းဖြစ်တယ်၊ ဒီလိုအကျိုးပေးတာက ပုဂ္ဂိုလ်သတ္တဝါတွေမှာ ဘဝဘဝ အသင်္ချေအနန္တ ဘယ်ဘဝက ဘယ်လို ကုသိုလ်ကောင်းမှု လုပ်ခဲ့တယ်ဆိုတာ မသိနိုင်ပါ၊ အပရာပရိယဝေဒနီယကံဆိုတာ လူတွေမှာ ရှိနေပါတယ်၊ ကုသိုလ်ကံသာ မဟုတ်ပါ၊ အကုသိုလ်ကံတွေကလဲ အပြိုင်အဆိုင် ကိုယ်စီ ရှိနေတာပါပဲ။

နာမ်တရားတွေမှာ ကုသိုလ်ဟာ အာသေဝနပစ္စည်းရရင် သိပ်အားကောင်းပါတယ်၊ ဒိဋ္ဌဓမ္မအကျိုးပေးတာကတော့ ပဌမဇောက ဒီဘဝမှာ အကျိုးပေးတာပါ၊ အလယ်ဇော (၅) ချက်က အပရာပရိယဝေဒနီယကံအဖြစ်နဲ့ အကျိုးပေးလို့ ဘုရားလောင်းများဆိုရင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်လာတာ၊ ဘုရားဖြစ်တဲ့ ဘဝမှာ စုပြုံပြီး အကျိုးပေးပါတယ်၊ (၉၁) ကမ္ဘာထက်တုန်းက ကမ္ဘာပေါင်း ဘယ်လောက်တုန်းက ကုသိုလ်ကောင်းမှုတွေ လာပြီး အကျိုးပေးပုံတွေ ကျမ်းဂန်တွေထဲမှာ တွေ့ရပါတယ်၊ ကံဆိုတာ အင်မတန် ဆန်းကြယ်လှပါတယ်။

အာသေဝနပစ္စည်းမှာ "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော"လို့ ဆိုထားတော့ အနန္တရပစ္စည်း ဥပနိဿယပစ္စည်းတို့နဲ့ ယှဉ်ကြည့်ရပါတယ်။ အာသေဝနပစ္စည်းဟာ အနန္တရမျိုးထဲမှာ ပါလို့ အနန္တရပစ္စည်းမှာ ပြန်ကြည့်ရင် "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော"လို့ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတာက တစ်ချက်၊ "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော"လို့ ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတာက တစ်ချက်ကို တွေ့ရှိရတယ်၊ ဒါကြောင့်-

(၁) ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတယ်၊

(၂) ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတယ်-

လို့ အနန္တရမှာ တွေ့ရှိရပါတယ်။ အာသေဝနပစ္စည်းမှာ ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတာ မပါပါ၊ အနန္တရနဲ့ အာသေဝန ဘယ်လို ထူးခြားသလဲဆိုရင် ဝီထိမှာ ဝုဋ္ဌောက ပဌမဇောကို အာသေဝနပစ္စည်းနဲ့ ကျေးဇူးမပြုပေမဲ့ အနန္တရနဲ့တော့ ကျေးဇူးပြုပါတယ်၊ သတ္တမဇောနဲ့ တဒါရုံမှာလဲ ကုသိုလ်က အဗျာကတကို အနန္တရအနေနဲ့ ကျေးဇူးပြုပါတယ်။ ဒီနှစ်ခုလုံးမှာ အာသေဝန မရပါ။

ဒါကြောင့် အာသေဝနပစ္စည်းပါဠိတော်မှာ အဗျာကတမှ ကုသိုလ်၊ ကုသိုလ်မှ အဗျာကတကို ကျေးဇူးပြုတဲ့ ပါဠိတွေ မပါပါ။

ဥပနိဿယမှာ-

(၁) ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတယ်၊

(၂) ကုသိုလ်က အဗျာကတကို ကျေးဇူးပြုတယ်၊

(၃) ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတယ်-

လို့ သုံးချက် တွေ့ရှိပါတယ်၊ ဥပနိဿယမှာ အနန္တရထက် ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတာ ပိုသွားပါတယ်၊ အနန္တရမျိုးထဲမှာ အာသေဝန ပစ္စည်းရမယ်ဆိုရင် အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတဆိုတဲ့ ပစ္စည်းငါးမျိုး ရပါတယ်။ အာသေဝနကတော့ အနန္တရက ရတိုင်းလဲ အာသေဝန မဖြစ်၊ သမနန္တရက ရတိုင်းလဲ အာသေဝနမဖြစ်၊ နတ္ထိက ရတိုင်းလဲ အာသေဝန မဖြစ်၊ ဝိဂတက ရတိုင်းလဲ အာသေဝန မဖြစ်ပါ၊ ဥပနိဿယကတော့ အင်မတန် ကျယ်ဝန်းတဲ့ ပစ္စည်းမို့ အနန္တရူပနိဿယရရင် အနန္တရလဲရ၊ အခြားပစ္စည်းများလဲ ရပါတယ်။

အာသေဝနက အနန္တရမျိုးမှာ ပါဝင်ပေမဲ့ ရတဲ့အခါရတယ်။ မရတဲ့အခါ မရဘူး၊ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုမှ အကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုမှ ကြိယာက ကြိယာကို ကျေးဇူးပြုမှ အာသေဝနပစ္စည်းရပါတယ်။ ဒါကြောင့် အနန္တရမျိုးမှာ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ၊ အာသေဝန(၆)ပစ္စည်း ပြိုင်တဲ့အခါ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုမှသာ အာသေဝနကို ထည့်ပါ၊ အကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတဲ့အခါမှသာ အာသေဝနကို ထည့်ပါ၊ ကြိယာက ကြိယာကို ကျေးဇူးပြုတဲ့အခါမှသာ အာသေဝနကို ထည့်ပါ၊ ပစ္စည်းစုံတဲ့အခါမှာ ပစ္စယနိဒ္ဒေသ (၂၄)ပစ္စည်းလုံး မှတ်မိရင် ပစ္စည်းပြိုင်က လွယ်သွားပါတယ်။

အကုသိုလ်က အကုသိုလ်အား ကျေးဇူးပြု

"ပစ္ဆိမာန် ပစ္ဆိမာန် အကုသလာန် ဓမ္မာနံ"အရ ပဌမဇောကြဉ်တဲ့ အကုသိုလ်စိတ် ၁၂–ခုကို ကောက်တယ်၊ ဒီတော့ ပဌမဇောရှေ့မှာ ဝုဋ္ဌောဆိုတဲ့ မနောဒွါရာဝဇ္ဇန်းက ဇာတ်မတူတဲ့ ကြိယာဖြစ်နေပါတယ်။ အကုသိုလ်ကို ကြိယာက အာသေဝနနဲ့ ကျေးဇူးမပြုပေမဲ့ ပဌမဇောက အာသေဝနပစ္စည်းထဲမှာ ပါပါတယ်။ ပစ္စယုပ္ပန်မှာသာ မပါတာပါ။ အကျိုးပေးပုံကျတော့ အကုသိုလ် လုပ်ရင် ပဌမဇောက ဒိဋ္ဌဓမ္မဝေဒနီယကံနဲ့ အကျိုးပေးတာပါ။ လူတွေ တော်တော် များများက အကုသိုလ်လုပ်ရင် နောက်ဘဝမှာ အကျိုးပေးမယ်လို့ ထင်နေ ကြပါတယ်။ အကုသိုလ်လုပ်ရင် ဒိဋ္ဌအကျိုးပေးတာက နာမည်ပျက်တယ်၊ စီးပွားရေး ထိခိုက်တယ်၊ မင်းဒဏ်စိုးဒဏ် ခံရတယ်။ ဒါတွေဟာ ပဌမဇောက အကျိုးပေးတာတွေပါ။ အကုသိုလ်လုပ်တာ လူမသိအောင် လုပ်ရင်လဲ အကျိုး မပေးဘူးလို့ ထင်နေကြပါသေးတယ်၊ နာမည်လဲ မပျက်, စီးပွားရေးလဲ မထိခိုက်, မင်းဒဏ်လဲ မခံရစေကာမူ အနဲဆုံး စိတ်ကတော့ ဆင်းရဲရတာပဲ၊ ကာယိက, စေတသိကဒုက္ခ ရောဂါဘယ ရပြီး အိမ်တွင်းရေးတွေ ပွေရှုပ်တာတွေဟာ ပဌမဇောက အကျိုးပေးတာချည်းပါပဲ။ အကုသိုလ်ပဲ လုပ်လုပ်၊ ကုသိုလ်ပဲ လုပ်လုပ် ပဌမဇောကတော့ ဒိဋ္ဌဓမ္မဝေဒနီယကံနဲ့ ပဝတ္တိကာလမှာ အကျိုးပေးပါ တယ်။ ဇော(၇)ကြိမ်မှာ သတ္တမဇောက နောက်ဆုံးဇော ဖြစ်တဲ့အတွက် အားနဲ ပါတယ်၊ အရှိန်သေးတဲ့ အဆုံးဇောဖြစ်တဲ့အတွက် ဒုတိယဘဝမှာ ပဋိသန္ဓေ အကျိုးကို ပေးပါတယ်။ ဇော ၅–ချက် ကုသိုလ် အကုသိုလ်က အပရာပရိယ ဝေဒနီယကံအနေနဲ့ အကျိုးပေးတာမှာ "ဆာယာဝ အနုပါယိနီ"လူရဲ့နောက်မှာ အရိပ်ပါနေသလို ကုသိုလ်အကုသိုလ်ကံတွေဟာ အမြဲ ပါနေပါတယ်။

လူတယောက်ဟာ တိုးတက်နေတယ်၊ အကျိုးပေးနေတယ်ဆိုတာ ကုသိုလ် ကောင်းမှုလုပ်လို့ အကျိုးပေးနေတာပါ။ ကုသိုလ်ကံ အကျိုးပေးနေတဲ့ အခိုက်

အကုသိုလ်ကံကြွင်းတွေကလဲ စောင့်နေပါတယ်။ အဘိဓမ္မာစစ်စစ်မှာ ဒီလို စောင့်နေတယ်လို့ ပြောမရပါ။ စောင့်နေတယ်လို့ပြောရင် သဿတဒိဋ္ဌိ ဖြစ်သွားပါတယ်။ သို့သော် ဒီလိုပဲ ကံတွေက စောင့်နေတယ်၊ အရိပ်ပမာ လိုက်နေတယ်ဆိုတာ အများ နားလည်အောင် သုတ္တန်နည်းနဲ့ ပြောတာ ဖြစ်ပါတယ်။

အာသေဝနမှာ "ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော"လို့ အကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတာကိုပဲ ဟောပါတယ်။

အနန္တရပစ္စည်းမှာတော့–

(၁) အကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတာ ပါတယ်၊

(၂) အကုသိုလ်က အဗျာကတကို ကျေးဇူးပြုတာ ပါတယ်ဆိုတော့ ၂–မျိုး ပါပါတယ်။

ဥပနိဿယပစ္စည်းမှာ–

(၁) အကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုပါတယ်၊

(၂) အကုသိုလ်က အဗျာကတကို ကျေးဇူးပြုပါတယ်၊

(၃) အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတယ်လို့ ၃–မျိုး ပါပါတယ်။

ဒါကြောင့် အာသေဝနက တစ်မျိုး၊ အနန္တရက ၂–မျိုး၊ ဥပနိဿယက ၃–မျိုး။ ဒီလို ပစ္စည်းတွေ ယှဉ်ပြီး လေ့လာမှတ်ထားရင် ပဋ္ဌာန်းဟာ လွယ်သွားပါတယ်။

## ကြိယာဗျာကတက ကြိယာဗျာကတအား ကျေးဇူးပြု

"ပုရိမာ ပုရိမာ ကြိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော"ဆိုပြီး အာသေဝနမှာ ကြိယာဗျာကတကို ဟောပါတယ်။ အနန္တရပစ္စည်းတုန်းက "ပုရိမာ ပုရိမာ

အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော''ဆိုပြီး အဗျာကတဟုသာ ဟောပါတယ်။ ဥပနိဿယပစ္စည်းမှာလဲ ''ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော''လို့ အဗျာကတဟုသာ ဟောပါတယ်။ အာသေဝနမှာ ကြိယာဗျာကတာ ဓမ္မာ ဆိုပြီး ဟောတော့ အဗျာကတက-

(၁) ကြိယာဗျာကတနဲ့

(၂) ဝိပါက်အဗျာကတလို့ (၂)မျိုး ရှိပါတယ်။

## ဝိပါက်အဗျာကတ အာသေဝန မရ

ဝိပါက်အဗျာကတဟာ အာသေဝနပစ္စည်းလဲ မဖြစ်၊ ပစ္စယုပ္ပန်လဲ မဖြစ်နိုင်ပါ။ ဝိပါက်က အကျိုးတရား ဖြစ်ပြီး၊ ကုသိုလ် အကုသိုလ်နဲ့ ကြိယာတွေက အကြောင်းတရားတွေ ဖြစ်ကြပါတယ်။ ဝိပါက်စိတ်က အကျိုးတရားဖြစ်တဲ့ အတွက် လုံ့လ ပယောဂ ဗျာပါရ ဘာမှ မရှိပါ။ ဥပမာအားဖြင့် သူဌေးနဲ့ သူဌေးသားမှာ သူဌေးသားက ဝိပါက်ပါပဲ၊ သူက ဘာမှ ရှာဖွေတာ မရှိဘူး။ မိဘမှာ ရှိတဲ့ ပစ္စည်းကို အဆင်သင့် စားရုံ သောက်ရုံ ဖြုန်းရုံပါပဲ၊ မိဘက ဘယ်လောက် ချမ်းသာအောင် ရှာဖွေရ စုဆောင်းရတယ်ဆိုတာတွေက အကြောင်း တရားတွေပါ၊ ဝိပါက်ဆိုတာကလဲ ဒီအတိုင်းပါပဲ၊ အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားဆိုတော့ ဝိပါက်ဟာ ဘာမှ လုံ့လပယောဂ ဗျာပါရမရှိတဲ့တရား ဖြစ်နေပါတယ်။ အာသေဝနဆိုတာက အဖန်ဖန် အထပ်ထပ် ထုံရတယ်။ ထုံနေရတာကလဲ ပဌမဇောက ဒုတိယဇော၊ ဒုတိယဇောက တတိယဇော စသဖြင့် ကိုယ်နဲ့ သဘောတူတဲ့ ဇောတွေ ဖြစ်ရတယ်။ ဒီလိုဇောတွေက တစ်ခုက တစ်ခု တွန်းပြီး အရှိန်အဟုန်နဲ့ ဖြစ်ရတယ်ဆိုတော့ ဝိပါက်စိတ်တွေဟာ အာသေဝနပစ္စည်း မဖြစ်နိုင်ပါ။

အာဝဇ္ဇန်းနွေး အာသေဝန မရ

ပုရိမာ ပုရိမာ ကြိယာဇ္ဇာကတာ ဓမ္မာမှာ အဟိတ်ကြိယာ (၃)၊ ကာမာဝစရကြိယာ(၈)၊ မဟဂ္ဂုတ်ကြိယာ(၉)ဆိုပြီး ကြိယာစိတ်အားလုံး (၂၀)ရှိပါတယ်။ ကြိယာဇ္ဇာကတာကို ဟောတဲ့ အခါမှာ ကြိယာစိတ် (၂၀)လုံး အာသေဝနပစ္စည်း တပ်နိုင်သလား၊ ပစ္စယုပ္ပန်ဖြစ်နိုင်သလားဆိုရင် ဒီကြိယာစိတ် (၂၀)ထဲမှာ အာဝဇ္ဇန်းနွေးဆိုတဲ့ ပဉ္စဒွါရာဝဇ္ဇန်းနဲ့မနောဒွါရာဝဇ္ဇန်း အဟိတ်ကြိယာစိတ်တွေ ပါနေပါတယ်။

ပဉ္စဒွါရာဝဇ္ဇန်း

ပဉ္စဒွါရာဝဇ္ဇန်းက ကြိယာစိတ်ပါ၊ ဝီထိမှာ ပြန်ကြည့်မယ်ဆိုရင် မြင်တဲ့စိတ်၊ ကြားတဲ့စိတ်ဆိုတဲ့ စိတ်တစ်ခု ဖြစ်လာရအောင် ပဉ္စဒွါရာဝဇ္ဇန်းက ခလုတ်ဖွင့်တဲ့ အစဦးဆုံး စိတ်ဖြစ်တယ်။ ဘဝင်စိတ်တွေ ဖြစ်ပြီးခါစ ပဉ္စဒွါရာဝဇ္ဇန်းက ဖြစ်ရတော့ အင်မတန် အားသေးပါတယ်၊ သူက ကောင်းမှုလဲ မလုပ်၊ မကောင်းမှုလဲ မလုပ်၊ သူ့မှာ လုပ်စရာကလေးတစ်ခုက သူ့နောက်က ဝီထိစိတ် ဖြစ်လာအောင် တံခါးဖွင့်တဲ့ အလုပ်ပဲ။ အိမ်ထဲ လူတွေ ဝင်နိုင်အောင် ဒရဝမ်က တံခါးဖွင့်ပေးရသလိုပါပဲ၊ ပဉ္စဒွါရာဝဇ္ဇန်းက တစ်ကြိမ်ထဲ ဖြစ်တဲ့အပြင် အားကလဲ သေးလို့ အာသေဝနပစ္စည်းမဖြစ်ပါ။ အဋ္ဌကထာဆရာများက အာဝဇ္ဇန်း စိတ်ဟာ ၂-ကြိမ်၊ ၃-ကြိမ်ထိဖြစ်လဲ သဘာဝအားဖြင့် အားသေးတဲ့ ကြိယာစိတ်ဖြစ်တော့ အားမရှိတာနဲ့ပဲ အာသေဝနပစ္စည်း မဖြစ်နိုင်လို့ ဆိုပါတယ်။

မနောဒွါရာဝဇ္ဇန်း

မနောဒွါရာဝဇ္ဇန်းကလဲ ဒီအတိုင်းပါပဲ၊ သူကလဲ အင်မတန် အားသေးပါတယ်။ သူ့အလုပ်ကလဲ ဝီထိစိတ်များ ဖြစ်ရအောင် အပေါက်ဖွင့်ပေးရုံဖြစ်တဲ့ အတွက် အာသေဝနပစ္စည်း မထိုက်ပါ။

ကြိယာစိတ်ရဲ့အဆုံးဇော

ကြိယာစိတ်(၂၀)မှာ အာဝဇ္ဇန်းဒွေးနှုတ်တော့ (၁၈)ခုကျန်တယ်၊ အဲဒီ (၁၈)ခု ပစ္စည်းထဲမှာ အဆုံးဇောကလဲ အာသေဝနပစ္စည်းမထိုက်ပါ၊ အကုသိုလ်ဇော ကုသိုလ်ဇောတွေလိုပဲ ကြိယာဇောကလဲ (၇)ကြိမ် ဇောတာပါပဲ၊ ပုထုဇဉ်မှာ ဘုရားရှိခိုးတယ်၊ ဒါနလုပ်တယ်၊ သီလဆောက်တည်တယ်ဆိုရင် ကုသိုလ်ဖြစ်ပါတယ်။ ဘုရားရဟန္တာများမှာက ဒါနလုပ်တဲ့အခါ ကြိယာစိတ်ဖြစ်ပါတယ်။ အလုပ်ချင်းတူသော်လဲ အမည်ချင်း ကွဲနေပါတယ်။

ပုထုဇဉ် ကုသိုလ်လုပ်တော့ ကုသိုလ်ဇော(၇)ကြိမ် ဇောပြီး၊ ပဌမဇောက ဒိဋ္ဌဓမ္မဝေဒနီယကံ သတ္တမဇောက ဥပပဇ္ဇဝေဒနီယကံတွေနဲ့ အကျိုးပေးတယ်၊ အလယ်ဇောတွေက အပရာပရိယဝေဒနီယကံနဲ့ ဘဝအဆက်ဆက်မှာ အကျိုးပေးခွင့် ရှိတယ်၊ ဘုရားရဟန္တာများကျတော့ နောက်ဆုံးဘဝ ဖြစ်နေပါတယ်။ ဒါနပြုလဲ ပြုကာမျှ၊ သီလဆိုရင်လဲ ရဟန္တာသီလမှာ အစင်ကြယ်ဆုံးဖြစ်ပေမဲ့ ပြုကာမျှပါပဲ၊ ဘဝအဆက်ဆက် အကျိုးမပေးတော့ပါ၊ သူတို့မှာ အကျိုးပေးစရာ ဘဝလဲ မရှိတော့ပါ၊ ဇော(၇)ကြိမ် ဇောတာကတော့ အတူတူပဲ၊ ဒါပေမဲ့ ကြိယာအဆုံးဇောနောင်မှာ ဇာတ်မတူတဲ့ ဝိပါက်စိတ်ဖြစ်နေတယ်၊ ဒါကြောင့်မို့ ကြိယာအဆုံးဇောလဲ အာသေဝနပစ္စည်းထဲမှာ မပါပါ၊ ပဌမကြိယာဇောရှေ့မှာ ဇာတ်မတူတဲ့ ဝုဋ္ဌောစိတ် ဖြစ်နေတယ်။ ဒါကြောင့် ပစ္စယုပ္ပန်မှာ ပဌမကြိယာဇောကို ကြဉ်ရပါတယ်။ ဒါလောက်ဆိုရင် အာသေဝနပစ္စည်းကို နိဒါန်းချုပ်ကြပါစို့။

# ၁၃။ ကမ္မပစ္စည်း

## ကမ္မပစ္စည်း

"ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော"ဆိုတဲ့ ပါဠိတော်မှာ "ကုသလာကုသလံ ကမ္မံ"ဆိုတာ ပစ္စည်းတရား၊ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံဆိုတာ ပစ္စယုပ္ပန်တရား ဖြစ်ပါတယ်။ အနက်အဓိပ္ပါယ်က "ကုသိုလ် အကုသိုလ်ကံသည် ဝိပါက်ခန္ဓာနဲ့ ကဋတ္တာရုပ်ကို ကမ္မပစ္စည်းနဲ့ ကျေးဇူးပြုတယ်လို့ ရပါတယ်၊ ကမ္မပစ္စည်းဆိုတာ ဗုဒ္ဓဘာသာတွေ သိနေတဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေပါပဲ၊ ကမ္မပစ္စည်းမှာ စေတနာနဲ့ ကံကို ရှင်းရမှာ ဖြစ်ပါတယ်။

## စေတနာနဲ့ ကံ

ကမ္မပစ္စည်းရဲ့ပထမပိုဒ်မှာ "ကုသလာကုသလံ ကမ္မံ"လို့ လာပါတယ်။ ဒုတိယပိုဒ်မှာ "စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ"လို့ လာပါတယ်။ ဒီလို ပစ္စည်းက (၂)မျိုးလာတော့ ကံနဲ့ စေတနာဟာ တခြားစီလား၊ အတူတူပဲလား၊ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"လို့ဆိုတဲ့ ပါဠိတော်ကို ကြည့်တဲ့အခါ စေတနာနဲ့ ကံဟာ အတူတူပါပဲလို့ တချို့က ထင်ကြပါတယ်၊ တကယ့် သဘောတရားက နဲနဲ ကွာပါတယ်။ စေတနာနဲ့ ကံမှာ စေတနာဖြစ်တိုင်း ကံ မမြောက်ပါ။ စေတနာတော့ ဖြစ်ပါတယ်။ သို့သော် ကံက မြောက်ချင်တဲ့အခါမှ မြောက်တာပါ။ ကံမမြောက်တဲ့အတွက် ကြီးကျယ်တဲ့ ပဋိသန္ဓေအကျိုးကို မပေးနိုင်တော့ပါ။

## တတိယသင်္ဂါယနာတင်ပွဲရဲ့ နောက်ခံသမိုင်း

ဒီအကြောင်းနဲ့ ပတ်သက်လို့ တတိယသင်္ဂါယနာတင်ပွဲရဲ့ သမိုင်းကြောင်းမှာ ကြီးကျယ်တဲ့ ပြဿနာ ဖြစ်ခဲ့ဖူးပါတယ်။ တတိယသင်္ဂါယနာတင်တဲ့ အချိန်မှာ မြတ်စွာဘုရား သာသနာတော်ကို လှူဒါန်းတဲ့သူတွေ များတော့ လူမျိုးပေါင်းစုံက ရဟန်းပြုလုပ်လာကြပါတယ်။ ဘုရား ပရိနိဗ္ဗာန်စံတော်မူသွား တာကလဲ အနှစ်(၃၀၀)လောက်ပဲ ရှိပါသေးတယ်၊ သို့သော် ဂိုဏ်းတွေက အမျိုးမျိုး ကွဲနေတော့ သံဃာတော်တွေ ဥပုသ်မပြုနိုင်ဘဲ ဖြစ်နေတယ်၊ ဒီအခါ မင်းကြီးက မင်းမှုထမ်းတွေကို ခိုင်းရိုးခိုင်းစဉ်အတိုင်း သံဃာတော်တွေ ဥပုသ်ပြုအောင် စေခိုင်းပါတယ်။ ဟိုအချိန်တုန်းက မင်းခိုင်းတာ မလုပ်ပဲ တော်လှန်ရင် သူတို့ခေတ် ဥပဒေက သတ်ဖို့ပဲ ရှိပါတယ်၊ ဘုရင့်အမိန့်နဲ့ သံဃာတော်တွေ အကုန်အစည်းအဝေး ခေါ်ပြီး "အရှင်းဘုရားတို့ ရှိသမျှ သံဃာတွေ သင့်န်းဝတ်နဲ့ ရှိနေသမျှ ဥပုသ်ပြုကြပါ"လို့ တိုက်တွန်းပါတယ်။

ရဟန်းကောင်း၊ ရဟန်းမြတ်တွေမှာ ပါရာဇိကကျနေတဲ့ ရဟန်းမဟုတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ဥပုသ်အတူတူ မပြုရဆိုတဲ့ သိက္ခာပုဒ်ရှိတယ်၊ မင်းကြီးက ခိုင်းပေမဲ့ သူတို့က ဥပုသ်မပြုကြပါ၊ ဒီလို မင်းကြီးခိုင်းတာကို အာဏာဖီဆန်သလိုဖြစ်တော့ မင်းမှုထမ်းတာဝန်က သန်လျက်နဲ့ ခေါင်းဖြတ်ဖို့ပဲ ရှိပါတော့တယ်။

သန်လျက်နဲ့ ခေါင်းဖြတ်တာကို ထိပ်ဆုံး မထေရ်ကြီးက စပြီး အကုန်လုံး ဇက်စင်းပြီး ခံကြပါတယ်။ ရဟန်းကောင်း အရှင်မြတ်တွေက ရဲပါတယ်။ "ရဲသော် မသေ၊ သေသော် ငရဲမလား"ဆိုတာ ဒီလို ပုဂ္ဂိုလ်မျိုးတွေပါ။ ဘာဖြစ်လို့ ရဲသလဲဆိုရင် သူတို့မှာ သီလ သမာဓိတွေ ပြည့်စုံနေပါတယ်၊ ရဟန္တာအရှင်မြတ်တို့မှာ ကြောက်စိတ်မျိုးလဲ မရှိပါ။ ရဟန္တာမဖြစ်သေးသူတွေလဲ မကြောက်ကြပါ။ ရဟန္တာသာ မဖြစ်သေးတာ၊ သူတို့မှာ သီလ သမာဓိနဲ့ ပြည့်စုံနေလို့ ဒီထက် ကောင်းတဲ့ ဘဝ ရောက်မှာဆိုတော့ သူတို့ မကြောက်ကြပါ။ ဗုဒ္ဓဘာသာလူမျိုးတွေဟာ ရှေးအခါက အလွန် သတ္တိကောင်းတယ်လို့ ကျော်ကြားခဲ့ပါတယ်။ ဘာဖြစ်လို့ သတ္တိကောင်းခဲ့ကြသလဲ၊ ကောင်းတာ

လုပ်နေတဲ့လူဟာ သေသွားခဲ့ရင် ဒီ့ထက် ချမ်းသာတဲ့ ဘဝရောက်မယ်၊ အခုရှိတဲ့ ဘဝထက် တိုးတက်သွားမယ်လို့ ဆိုတဲ့ ခံယူချက်ကြောင့်ပဲ ဖြစ်ပါတယ်။

ဒီလိုနဲ့ သံဃာတော်တွေကို ဇက်ဖြတ်ပြီး သတ်လိုက်တာ နောက်ဆုံး အိမ်ရှေ့မင်းရဟန်းတော်ရဲ့ အလှည့် ရောက်လာပါတယ်။ အိမ်ရှေ့မင်းရဟန်းတော် ကျတော့ သူတို့မှာ "မင်းညီမင်းသားကို လက်နက်ဖြင့် မသတ်ရဘူး"ဆိုတဲ့ ထုံးတမ်းစဉ်လာကို အရာရှိက နားလည်ထားတော့ ဘာလုပ်ရမှန်း မသိတာနဲ့ ရှင်ဘုရင်ကို ပြန်မေးပါတယ်။ ဒီအကြောင်း ကြားသိတဲ့အခါ ရှင်ဘုရင်မှာလဲ အထိတ်တလန့်နဲ့ သံဃာတော်တွေ သတ်မိတာ ဒုက္ခပါပဲဆိုပြီး၊ သူမခိုင်းဘဲနဲ့ သတ်မိရက်သားဖြစ်နေတာကို ကျန်နေသေးတဲ့ သံဃာတော်တွေထံ လျှောက်ထား ပါတယ်။

သူမခိုင်းဘဲနဲ့ မင်းမှုထမ်းက သူ့ဘာသာသူ မှားပြီး၊ သံဃာတော်တွေကို သတ်တာဟာ ရှင်ဘုရင်က သူ့မှာ အပြစ်ရှိ မရှိ မေးတဲ့အခါ ရှင်ဘုရင်သတ် ခိုင်းတာ မဟုတ်လို့ ရှင်ဘုရင်မှာ အပြစ်မရှိဘူးလို့ ပြောသူက ပြောကြတယ်၊ ရှင်ဘုရင်ကတာဝန်ပေးတဲ့အတွက် တာဝန်အရသာ မင်းမှုထမ်းကလုပ်ရတဲ့အတွက် ရှင်ဘုရင်မှာသာ အပြစ်ရှိတယ်လို့လဲ တချို့ကပြောကြတယ်။ ဒီတော့ ပြဿနာက မပြေနိုင်ပါ။ ဒီအခါမှာ ရှင်ဘုရင်ကြီးဟာ လွန်စွာ စိတ်မချမ်းသာဖြစ်ပြီးနေတဲ့ အတွက် စိတ်မချမ်းသာမှု ပြေပျောက်အောင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာကို ရဟန်းကောင်းအရှင်မြတ်တို့က ညွှန်ကြားတဲ့အတွက် မင်းကြီးက ပင့်ခိုင်းတယ်။

အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ဟာ မင်းနန်းတော်ထဲမှာပဲ သီတင်း သုံးပြီး ဗုဒ္ဓဘာသာတရားကို (၇)ရက်တိုင်တိုင် မင်းကြီးကို သင်ပေးတယ်၊ ပြီးတော့ အဆုံးအဖြတ်ပေးတာက "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"ဆိုတဲ့ ဘုရားဟော ပါဠိကို ကိုးကားပြ သွားပါတယ်။ မင်းကြီးမှာ သတ်စေလိုတဲ့ စေတနာ မပါတဲ့အတွက် စေတနာမပါလို့ရှိရင် ကံမမြောက်တော့ ရဟန်းတွေကို သတ်မိသည့်တိုင် ကံက မမြောက်ပါ။ စေတနာ မရှိဘဲနဲ့ ကံမဖြစ်နိုင်ပါလို့

ဆုံးဖြတ်ပေးပါတယ်။ ရဟန္တာဖြစ်တဲ့ စက္ခုပါလ မထေရ်ဟာ မျက်စိကွယ်တော့ စင်္ကြံလျှောက်တဲ့အခါ သတ္တဝါလေးတွေကို နင်းမိလို့ သေရာမှာ သူ လမ်းလျှောက်လို့ သေတာပဲလို့ စက္ခုပါလမထေရ်ကို အခြားသူများက စွပ်စွဲပါတယ်။ ဒီအခါမှာ ဘုရားရှင်က ကြားတော်မူပြီး "ခီဏာသဝါနံ မရဏစေတနာ နာမ နတ္ထိ"လို့ ဟောတော်မူခဲ့ပါတယ်။

## စေတနာက အရင်ဖြစ်

စေတနာနဲ့ ကံ အတူတူပဲလို့ ဆိုပေမဲ့ နဲနဲ ကွဲပါတယ်။ ဘယ်လောက်ကွဲသလဲဆိုရင် စေတနာက အကြောင်းတရား၊ ကံက အကျိုးတရားလောက်ကွဲပါတယ်။ ကံအကျိုးတရားဆိုတာ စေတနာနဲ့သာ ယှဉ်ပြီး ပြောရတာပါ။ တကယ်က ကံကလဲ အကြောင်းတရားပါပဲ။ စေတနာဖြစ်ပြီးမှ ကံကို လုပ်တာပါ။ မနောကံအနေနဲ့စေတနာ ဖြစ်လိုက်တယ်၊ စေတနာဖြစ်ပြီးမှ အကုသိုလ်လုပ်တော့ အကုသိုလ်ကမ္မပထဆိုတဲ့ ကံမြောက်သွားပါတယ်၊ ကုသိုလ်လုပ်တဲ့ အခါမှာလဲ လှူချင်လိုက်တာ လှူချင်လိုက်တာဆိုတဲ့ စေတနာက ရှိတယ်၊ . တကယ် မလှူဘဲနဲ့တော့ ကုသိုလ်ဒါန ဘယ်မြောက်နိုင်မှာလဲ၊ စေတနာနဲ့ ကံမှာ စေတနာက အရင် ဖြစ်ရတယ်၊ ကံက နောက်မှ ဖြစ်ရပါတယ်။ စေတနာရှိမှသာ ကံမြောက်နိုင်ပါတယ်။ အခုခေတ်တရားရုံးတွေမှာလဲ အမှတ်တမဲ့ ဖြစ်ရတဲ့ သေမှုသေခင်းများကို တရားစီရင်ရာမှာ တကယ်စေတနာနဲ့ သတ်မယ် ရည်ရွယ်ပြီး သတ်တော့မှ အပြစ်ရှိတယ်လို့ ဆုံးဖြတ်ပြီး အပြစ်ပေးကြပါတယ်။

## (က) နာနာက္ခဏိကကမ္မ

ကမ္မပစ္စည်းမှာ ပထမပြတဲ့ "ကုသလာကုသလံ ကမ္မံ"ကို နာနာက္ခဏိက ကမ္မလို့ ခေါ်ပါတယ်။ ကုသိုလ်ကောင်းမှုပြုတာက တစ်ချိန်၊ ကံပြုလုပ်တာက ဘဝပေါင်း တစ်ရာ တစ်သောင်းက လုပ်ခဲ့တာ၊ အကျိုးပေးလာတော့ တစ်ချိန်၊

ဒီဘဝမှာ ကံကို လုပ်တယ်၊ နောက်ဘဝပေါင်း တစ်ထောင်တစ်သောင်းမှာ အကျိုးပေးပါတယ်၊ အဲဒီလို အကျိုးပေးနိုင်တဲ့ ပစ္စည်းမျိုးကို နာနာက္ခဏိကကမ္မ လို့ခေါ်တယ်။ (နာနာ=တစ်ခြားစီ+ခဏ=အချိန်)ကံပြုတာက တစ်ချိန် အကျိုးပေး တာက တစ်ချိန် ဖြစ်လို့ ဒီပစ္စည်းမျိုးဟာ ပဋ္ဌာန်းမှာ ဥပနိဿယနဲ့ ကမ္မ(၂)မျိုးပဲ ပြိုင်လို့ ရပါတယ်။

ပဋ္ဌာန်းမှာ အများအားဖြင့် စိတ်စေတသိက်နဲ့ ရုပ်တွေက တပြိုင်နက် ဖြစ်တယ်။ ဝီထိတစ်ခုထဲမှာ အခြားမဲ့ ဖြစ်တာက အနန္တရ ဖြစ်ပြီး၊ တပြိုင်နက် ဖြစ်တာက သဟဇာတ ဖြစ်တယ်။ အာရမ္မဏကတော့ အာရုံ အာရမ္မဏိက အမျိုးတွေ ရှိပေမဲ့ သိပ်မကွဲပါ။ ကမ္မပစ္စည်းကတော့ အကျိုးပေးတဲ့ အချိန်က တစ်ချိန်၊ ကံပြုလုပ်တဲ့ အချိန်က တစ်ချိန် ဖြစ်ပါတယ်။ ဘဝပေါင်း တစ်သိန်း တစ်သန်းရှိမှ သွားပြီး အကျိုးပေးချင်တဲ့အခါ ပေးတာပါ။ အဲဒီလောက်ထိအောင် သတ္တိရှိတဲ့ ပစ္စည်းက ပဋ္ဌာန်းမှာ ကမ္မပစ္စည်းတစ်ခုပဲ ရှိပါတယ်။

## (ခ) သဟဇာတကမ္မ

"စေတနာ သမ္ပယုတ္တကာနံ"ဆိုတဲ့ သဟဇာတကမ္မကတော့ သဟဇာတမျိုး ထဲမှာ ပါပါတယ်။ သဟဇာတဆိုတော့ အကြောင်းနဲ့ အကျိုး တပြိုင်နက် ဖြစ်လာပါတယ်။ စေတနာဖြစ်တာနဲ့ အကျိုးပေးချိန်ဟာ တပြိုင်နက် ဖြစ်လာ ပါတယ်။ ဒါကြောင့် စေတနာဖြစ်ရင် စေတနာကို လိုက်ပြီး စိတ်ကလဲ တစ်ခါထဲ ဖြစ်၊ ရုပ်ကလဲ တစ်ခါထဲဖြစ်တယ်၊ တပြိုင်နက် ဖြစ်လို့ သဟဇာတကမ္မ ခေါ်ပါတယ်။ "စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ" ဆိုတာ စေတနာဖြစ်တာနဲ့ နာမ်နဲ့ ရုပ် အားလုံး တပြိုင်နက် ဖြစ်တာကို ပြောပါတယ်။

"ကုသလာကုသလံ ကမ္မံ"ဆိုတဲ့ နာနာက္ခဏိကကမ္မမှာ ကုသိုလ်ကို ယူရင် အတိတ်ကုသိုလ်ကို ယူရပါတယ်။ အကုသိုလ်ကိုယူရင်လဲ အတိတ် အကုသိုလ်ကို

ယူရပါတယ်။ ကုသိုလ်ကလဲ အတိတ်ဘဝပေါင်း သိန်းသန်း က လုပ်ထားတာ ဒီဘဝမှာ လာပြီး အကျိုးပေးတယ်၊ အကုသိုလ်ကလဲ အတိတ် ဘဝပေါင်း သိန်းသိန်းက လုပ်ပေမဲ့ ဒီဘဝမှာ လာပြီး အကျိုးပေးနိုင်တယ်၊ ဒီကုသိုလ် အကုသိုလ်ကံမျိုးကို "ကုသလာကုသလံ ကမ္မံ"ဆိုတာပါပဲ။

## ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ

"ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ"မှာ ကဋတ္တာရုပ်ဆိုတာ ကမ္မဇရုပ် ပါပဲ၊ ကမ္မဇရုပ်ဆိုတာ ဒီဘဝမှာ ဘာမှ လုပ်လို့ရတဲ့ ရုပ် မဟုတ်ဘူး။ ဟို ဘဝ ကုသိုလ်အကုသိုလ်ကံကြောင့် ဒီဘဝမှာ ပေါ်လာတဲ့ ရုပ်ပါ၊ ကဋတ္တာဆိုတဲ့ ပါဠိအရ ပြုပြီးသော ကံကြောင့် ဖြစ်ပေါ်လာသော ရုပ်လို့ ဆိုပါတယ်။

နာနာက္ခဏိကကမ္မ ပစ္စည်းတရားဆိုတာ အတိတ်ကုသိုလ်ကံနဲ့ အတိတ် အကုသိုလ်ကံပဲ ဖြစ်ပါတယ်။ ပစ္စယုပ္ပန်တရားက ပဋိသန္ဓေဝိပါက်နာမက္ခန္ဓာနဲ့ ကမ္မဇရုပ်တရားတို့ ဖြစ်ပါတယ်။ အကျဉ်းအားဖြင့် ဒါပါပဲ၊ ကမ္မပစ္စည်းကို ပြန်ရှင်းရင် အကုသိုလ်ကံ=အကုသိုလ်စေတနာ (၁၂)ခု ရှိပါတယ်။ စေတနာ စေတသိက်က စိတ်(၈၉)ခုလုံးမှာ ယှဉ်ပါတယ်။ အဘိဓမ္မာမှာ စိတ်ဖြစ်ရင် စေတနာပါမှ ဖြစ်တာပါ။ စေတနာမပါဘဲ ဘယ်စိတ်မှ ဖြစ်တယ်လို့ မရှိပါ။ စေတနာအကျိုးပေးတာက ပဋိသန္ဓေ အကျိုးပေးတာလဲ ရှိ၊ ပဝတ္တိအကျိုး ပေးတာလဲ ရှိပါတယ်၊ သို့ပေမဲ့ အကုသိုလ်စေတနာ (၁၂)ခုမှာ ပဋိသန္ဓေ အကျိုးမပေးတဲ့ စေတနာ ရှိပါသေးတယ်၊ မောဟမူ ဥဒ္ဓစ္စသဟဂုတ် စိတ်မှာ ရှိတဲ့ စေတနာဟာ ပဋိသန္ဓေအကျိုး မပေးနိုင်ဘဲ ပဝတ္တိအကျိုးကိုသာ ပေးနိုင် ပါတယ်။ ဒါကြောင့် အကုသိုလ်စေတနာ(၁၁)ခုကသာ ပဋိသန္ဓေအကျိုးကို ပေးနိုင်ပါတယ်။

ကမ္မပစ္စည်းဟာ (၂၄)ပစ္စည်းမှာ ထူးဆန်းတဲ့ ပစ္စည်းပါပဲ၊ ကမ္မပစ္စည်း နှစ်မျိုးအနက် နာနာက္ခဏိကကမ္မက ထူးဆန်းနေတာပါ၊ နာနာက္ခဏိကကမ္မ

ဆိုတာ အတိတ်ကုသိုလ် အကုသိုလ်ကနေပြီး လူ နတ် ဗြဟ္မာ ခန္ဓာ၊ တိရစ္ဆာန် ခန္ဓာတွေ ဖြစ်ပေါ်လာစေတတ်တဲ့ စေတနာကို ခေါ်ပါတယ်။

"ကုသလာကုသလံ ကမ္မံ"မှာ ကုသိုလ် အကုသိုလ်ကံက ပစ္စည်းတရား၊ "ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ"က ပစ္စယုပ္ပန်တရား ဖြစ်ပါတယ်၊ ဒီတော့ ဘုံပိုင်းမှာ ဘယ်ကုသိုလ်ကံက ဘယ်ဝိပါက် ဘယ်ကမ္မဇရုပ်ကို ဖြစ်စေတာလဲ၊ ဘယ်အကုသိုလ်က ဘယ်ဝိပါက် ဘယ်ကမ္မဇရုပ်ကို ဖြစ်စေတာလဲ ဆိုတာ ထပ်ပြီး ခွဲဖို့ လိုပါတယ်။

## အကုသိုလ်ကံ ပဋိသန္ဓေ

အကုသိုလ် (၁၂)ခုထဲက ဥဒ္ဓစ္စသဟဂုတ်စေတနာက ပဋိသန္ဓေအကျိုးကို မပေးတော့ ပဋိသန္ဓေအကျိုးပေးတာက အကုသိုလ်(၁၁)ခုပဲ ရှိပါတယ်။၊ ဝိပါက်စိတ်ကလဲ (၃၆)ခုရှိတော့ "ဝိပါကာနံ ခန္ဓာနံ"မှာ အကုသလဝိပါက်စိတ် (၇)ခုက ဝိညာဏက္ခန္ဓာနဲ့ စေတသိက်ထဲက ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဆိုပြီး (၄)ပါးပဲ ရှိပါတယ်။ သရုပ်ခွဲရင် အကုသလဝိပါက်(၇)ခုမှာ စေတသိက်(၇)လုံးထဲ ရပါတယ်။ ပဝတ္တိအခါမှာ မကောင်းတာမြင်၊ မကောင်းတာ ကြား၊ မကောင်းတာ စား၊ မကောင်းတာ နံ၊ မကောင်းတာ ထိတွေ့ဆိုတဲ့ အကုသလဝိပါက်ဖြစ်ပါတယ်။ အပါယ်(၄)ဘုံဖြစ်တဲ့ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် အားလုံးမှာ ပဋိသန္ဓေစိတ်ဆိုတာ အကုသလဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏ အဟိတ်စိတ်ပါပဲ။

## ကမ္မဇရုပ်

"ကဋတ္တာ စ ရူပါနံ"ဆိုတဲ့ ကမ္မဇရုပ်အရ ပဋိသန္ဓေကမ္မဇရုပ်နဲ့ ပဝတ္တိ ကမ္မဇရုပ် (၂)ခုလုံး ယူရပါတယ်။ ကမ္မဇရုပ်က "ခဏေ ခဏေ သမုဋ္ဌာပေတိ" ဆိုတဲ့အတိုင်း ပဋိသန္ဓေအခါမှ စ၍ မသေမချင်း ခဏတိုင်း ခဏတိုင်း

ဖြစ်ရပါတယ်။ ဒါပေမဲ့ ပဝတ္တိအခါမှာ စိတ္တဇရုပ် အာဟာရဇရုပ် ဥတုဇရုပ်တွေက ခဏတိုင်း ခဏတိုင်း ထပ်ဖြစ်နေကြပါတယ်။ အတိတ်အကုသိုလ်ကံဟာ ပဋိသန္ဓေကမ္မဇရုပ်ကို ဖြစ်စေပါတယ်။ ပဋိသန္ဓေကမ္မဇရုပ်ဆိုတာ အကုသိုလ်ကံကြောင့် ဖြစ်တာက တစ်မျိုး၊ ကုသိုလ်ကံကြောင့် ဖြစ်တာက တစ်မျိုးပါ၊ တချို့က ခန္ဓာချင်း အတူတူပါပဲလို့ ပြောကြတယ်။ ဥပမာ–တိရစ္ဆာန်ခန္ဓာနဲ့ လူ့ခန္ဓာမှာ တိရစ္ဆာန်မှာလဲ ကမ္မဇရုပ် ရှိပါတယ်။ လူမှာလဲ ကမ္မဇရုပ် ရှိတာပါပဲ၊ ကမ္မဇရုပ်ချင်း တူသော်လဲ တိရစ္ဆာန်မှာ အတိတ်အကုသိုလ်ကံကြောင့် ဖြစ်တယ်။ လူတွေကတော့ ကုသိုလ်ကံကြောင့် ဖြစ်နေတဲ့ ကမ္မဇရုပ်ပဲ၊ ဒါကြောင့် ဇနကအကြောင်းအားဖြင့် ကမ္မဇရုပ်ချင်း မတူပါ။

အကုသိုလ်ကံကြောင့် ဘုံဘဝမှာ ဖြစ်လာတဲ့ သတ္တဝါမှာ ပဝတ္တိအခါ အကုသိုလ်ကမ္မဇရုပ်ပဲ ဖြစ်ပါတယ်။ ကုသိုလ်စိတ်ကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်များ ဖြစ်နိုင်သော်လည်း တိရစ္ဆာန်များမှာ ကုသိုလ်ပြုဖို့ အခွင့် အင်မတန် နဲပါတယ်။ တိရစ္ဆာန်ဘဝမှာ ဘုရားကို ကြည်ညိုတာတို့၊ လိမ္မာတဲ့ သတ္တဝါများက သားသမီးအပေါ်မှာ ထားတဲ့ မေတ္တာတို့ဆိုတဲ့ ကုသိုလ်စိတ်မျိုးဟာ ဖြစ်ဖို့ အင်မတန်နဲပါတယ်၊ လူ့ဘဝမှ ငရဲသွားတာကို မပြောထားနဲ့ တိရစ္ဆာန်ဘဝကို ရောက်သွားရင်တောင် အထက် ပြန်တက်ဖို့လမ်း မရှိသလောက်ပါပဲ၊ တိရစ္ဆာန်ဘဝမှာ ကုသိုလ်ဖြစ်ဖို့ အချိန်နဲ့ အခွင့်အခါ အင်မတန် နဲပါတယ်။

## ကာမာဝစရကုသိုလ်ကံ

"ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ"မှာ ပစ္စည်းတရားယူရင် မဟာကုသိုလ်စိတ် (၈)ခုမှာ ရှိတဲ့ စေတနာ ဆိုတဲ့ ကာမာဝစရကုသိုလ်ကံကို ယူရပါတယ်။ ပစ္စယုပ္ပန်တရားဖြစ်တဲ့ ဝိပါက် ခန္ဓာက အဟိတ်ကုသလဝိပါက်(၈)၊ မဟာဝိပါက်(၈)ဆိုတဲ့ စိတ်(၁၆)ခုနဲ့ နာမက္ခန္ဓာ (၄)ပါးပဲ ဖြစ်ပါတယ်၊ အဟိတ်စိတ်မှာ ပါတဲ့ ကုသလဝိပါက်(၈)ခုက ကောင်းတာ မြင်တယ်၊ ကောင်းတာ ကြားတယ်၊ ကောင်းတာ နံတယ်၊ ကောင်းတာ စားတယ်၊

ကောင်းတာ ထိတွေ့တယ်၊ ဒါဟာ အတိတ်ကာမာဝစရ ကုသိုလ်ကံကြောင့် ဖြစ်တဲ့ အကျိုးတရားပါပဲ၊ ပဝတ္တိအခါမှာ ခံစားရတာတွေပါ၊ ဒါဟာ အတိတ် ကုသိုလ်က ကမ္မပစ္စယသတ္တိနဲ့ အကျိုးပေးတာ ဖြစ်ပါတယ်၊ မဟာဝိပါက်စိတ် (၈)ခုက တဒါရုံကိစ္စတပ်လို့ ကောင်းတာ မြင်တယ်၊ ကောင်းတာ ကြားတယ် ဆိုရင် တဒါရုံမှာ ပါသွားပါတယ်။

"ဝိပါကာနံ ခန္ဓာနံ"အရ ပဋိသန္ဓေအခိုက်မှာ ကာမသုဂတိ ပဋိသန္ဓေ (၉)ခုပဲ ရပါတယ်၊ ပဝတ္တိအခါမှာ (၁၆)ခု ရပါတယ်၊ အဟိတ်ကုသလဝိပါက် စိတ်(၈)ခုက ပဝတ္တိမှာ ဖြစ်ပါတယ်၊ တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်က တိဟိတ်ပဋိသန္ဓေ အကျိုးကို ပေးပါတယ်၊ ဒွိဟိတ်ဥက္ကဋ္ဌ ကာမာဝစရကုသိုလ်က ဒွိဟိတ်ပဋိသန္ဓေ အကျိုးကို ပေးပါတယ်၊ ဒွိဟိတ်ဩမက ကာမာဝစရကုသိုလ်ကတော့ မွေးကထဲက အင်္ဂါချွတ်ယွင်းတဲ့ ဝိပါက် ဥပေက္ခာသန္တီရဏစိတ်နဲ့ အဟိတ်ပဋိသန္ဓေအကျိုးကို ပေးပါတယ်၊ လူ့ဘဝ ဖြစ်လာတယ်ဆိုတာ ဘယ်လောက် ညံ့တဲ့သူပဲ ဖြစ်ဖြစ် အတိတ်ကာမာဝစရကုသိုလ်က ကမ္မပစ္စယသတ္တိနဲ့ အကျိုးပေးတာပဲ ဖြစ်ပါတယ်။

ကာမာဝစရကုသိုလ်ကို ပစ္စည်းတရားယူရင် ဝိပါကာနံ ခန္ဓာနံအရ အဟိတ် ကုသလဝိပါက် (၈)ခု၊ မဟာဝိပါက် (၈)ခု နာမက္ခန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်နဲ့ ပဝတ္တိကမ္မဇရုပ်ပါပဲ၊ အဘိဓမ္မာပါဠိတော်မှာ ကဋတ္တာ စ ရူပါနံဆိုတာ ကမ္မဇရုပ် ပါပဲ၊ ဒီ ရူပက္ခန္ဓာနဲ့ နာမ်ခန္ဓာ(၄)ပါးဟာ ခန္ဓာငါးပါး ဖြစ်တာချင်း တူပေမဲ့ အပါယ်ဘုံခန္ဓာနဲ့ လူ နတ် ခန္ဓာမှာ မတူပါ၊ အပါယ်ဘုံ ခန္ဓာက အကုသိုလ် ကြောင့်ဖြစ်တဲ့ ခန္ဓာငါးပါး ဖြစ်တယ်၊ လူနတ်ခန္ဓာက ကာမာဝစရ ကုသိုလ် ကြောင့်ဖြစ်တဲ့ ခန္ဓာငါးပါး ဖြစ်ပါတယ်။

## ရူပါဝစရကုသိုလ်ကံ

"ကုသလာကုသလံ ကမ္မံ"အရ ကုသိုလ်တွေမှာ ကာမာဝစရကုသိုလ်၊ ရူပါဝစရကုသိုလ်၊ အရူပါဝစရကုသိုလ်၊ လောကုတ္တရာကုသိုလ်လို့ (၄)မျိုး ရှိပါတယ်၊ ရူပါဝစရကုသိုလ်ကံကို ပစ္စည်းတရားယူရင် ပစ္စယုပ္ပန်က ရူပါဝစရ

ဝိပါက်စိတ်(၅)ခုနဲ့ စေတသိက်နာမက္ခန္ဓာပဲ ဖြစ်ပါတယ်၊ ရုပ်က ပဋိသန္ဓေကမ္မဇရုပ်နဲ့ ပဝတ္တိကမ္မဇရုပ်ပဲ ဖြစ်ပါတယ်၊ သို့သော် ရူပါဝစရ (၁၆) ဘုံမှာ အသညသတ်ဘုံ ပါနေပါတယ်၊ ပဥ္စမဈာန် ရူပါဝစရကုသိုလ်က အသညသတ်ဘုံကို ရောက်စေပါတယ်၊ အညသတ်ဘုံက ကမ္မဇရုပ်ကို "အသညသတ်ကမ္မဇရုပ်" လို့ ပဌာန်းမှာ သီးခြား ခေါ်ပါတယ်၊ အသညသတ်ဘုံဟာ ရုပ်ချည်းသက်သက်ရှိတဲ့ ဘုံဖြစ်သော်လည်း သတ္တဝါထဲမှာ ထဲ့ထားပါတယ်၊ အသညသတ်ဘုံ ဗြဟ္မာများဟာ အိမ်ကြီးလို ကျောက်တောင်ကြီးလို ရုပ်မျိုးမဟုတ်ဘဲ ကမ္မဇရုပ်တော့ ရှိပါတယ်၊ နာမ်တရားမရှိတဲ့ အသညသတ်ဗြဟ္မာများမှာ ရူပါဝစရကုသိုလ်ကံအစွမ်းကြောင့် ဖြစ်တဲ့ အသညသတ်ကမ္မဇရုပ်လို့ သီးခြား ရှိပါတယ်၊ ပဋိသန္ဓေမှာ ဖြစ်တဲ့ ကမ္မဇရုပ်၊ ပဝတ္တိမှာ ဖြစ်တဲ့ ကမ္မဇရုပ်လို့ ခွဲခြားဖို့ မလိုတဲ့အတွက် သီးခြား ခေါ်ထားပါတယ်၊ ရူပါဝစရ ပဌမဈာန်(၃)ဘုံ၊ ဒုတိယဈာန် (၃)ဘုံ၊ တတိယဈာန်(၃)ဘုံ၊ စတုတ္ထဈာန်(၆)ဘုံမှာ ရှိတဲ့ ဗြဟ္မာများကတော့ ရုပ်နဲ့နာမ် (၂)မျိုးရှိတဲ့အတွက် ပဋိသန္ဓေကမ္မဇရုပ်ကတစ်မျိုး၊ ပဝတ္တိကမ္မဇရုပ်က တစ်မျိုး၊ (၂)မျိုး ခွဲလို့ ရပါတယ်။

## အရူပါဝစရကုသိုလ်ကံ

အရူပါဝစရကုသိုလ်ကံကို ပစ္စည်းတရားယူရင် "ဝိပါကာနံ ခန္ဓာနံ" ဆိုတဲ့ ပစ္စယုပ္ပန်တရားမှာ အရူပဝိပါက်စိတ်(၄)ခုနဲ့ အဲဒီ (၄)ခုမှာ ယှဉ်တဲ့ စေတသိက်နာမက္ခန္ဓာပဲ ရှိပါတယ်၊ အရူပဘုံမှာ နာမ်သာရှိပြီး၊ အရူပါဝစရကုသိုလ်ကံက ကမ္မဇရုပ်ကို မဖြစ်စေတဲ့အတွက် "ကဋတ္တာ စ ရူပါနံ" ကို ပစ္စယုပ္ပန်တရားမှာ မထဲ့ရပါ။

## လောကုတ္တရာကုသိုလ်ကံ

လောကုတ္တရာကုသိုလ်ကံမှာ နာနာက္ခဏိကကမ္မပစ္စည်းတပ်သေးသလားလို့ မေးဖို့ရှိပါတယ်၊ ကမ္မပစ္စည်းဆိုတာ အတိတ်ကုသိုလ် အကုသိုလ်ကံတွေကြောင့်

လူခန္ဓာ နတ်ခန္ဓာ တိရစ္ဆာန်ခန္ဓာတွေကို ဖြစ်ပေါ်အောင် လုပ်တဲ့ ကံတရား ဖြစ်ပါတယ်၊ လောကုတ္တရာ ကုသိုလ်ကံက ခန္ဓာမဖြစ်တော့အောင် နိဗ္ဗာန် ရောက်အောင် ကျေးဇူးပြုတာ ဖြစ်ပါတယ်၊ ဒါကြောင့် သံသယဝင်စရာ ကောင်းလှပါတယ်၊ သို့သော် "ကုသလာ ကုသလံ ကမ္မံ"မှာ ဒိဋ္ဌဓမ္မ အကျိုးပေး တာက မဂ်ပြီးဖိုလ် တစ်ခါထဲ ဖြစ်ပါတယ်၊ ဝီထိချပြီး ကြည့်ရင် မဂ်ကုသိုလ်က အတိတ် ဖြစ်ပါတယ်၊ ဘဝခြားပြီး ဖြစ်တဲ့ အတိတ် မဟုတ်ပေမဲ့ ပုထုဇဉ်ဘဝနဲ့ အရိယာဘဝ အပြောင်းအလဲမှာ မဂ်စေတနာဟာ ထူးဆန်းတဲ့ ကမ္မပစ္စည်းတစ်ခု ဖြစ်ပါတယ်၊ ဘဝပြောင်းနည်း တစ်မျိုးပါ၊ "ကုသလာ ကုသလံ ကမ္မံ" မှာ လောကီကုသိုလ်နဲ့ အကုသိုလ်ကတော့ ရှင်းပါတယ်။

## ကမ္မပစ္စည်းနဲ့ အနန္တရပစ္စည်း

ဒီဘဝ ဒါနပြုလုပ်တဲ့ အချိန်မှာ ဖြစ်လာတဲ့ စေတနာ၊ သီလ ဆောက် တည်တဲ့အခါ ဖြစ်လာတဲ့ စေတနာ၊ ဒီကုသိုလ်ကံလေးဖြစ်တာဟာ ဘဝပေါင်း ထောင်သောင်းကြာလာမှ အကျိုးပေးချင်ပေးတယ်၊ အတိတ်ကုသိုလ်ကံ အကုသိုလ် ကံဆိုတဲ့ နာနာက္ခဏိက ကမ္မပစ္စည်းတရားဟာ ဘဝပေါင်း သိန်းသန်း ခြားပြီးမှလဲ အပရာပရိယဝေဒနီယကံနဲ့ အကျိုးပေးပါတယ်၊ ဘယ်လို နည်းနဲ့ အကျိုးပေး တာလဲ၊ ကမ္မပစ္စည်းကို အနန္တရပစ္စည်းနဲ့ စဉ်းစားကြည့်ရင် ဘဝတစ်ခုမှာ ပဋိသန္ဓေအစ စုတိအဆုံးရှိတဲ့ အတိတ်ဘဝ၊ ပစ္စုပ္ပန်ဘဝ၊ အနာဂတ်ဘဝဆိုတဲ့ ဘဝတွေမှာ ရုပ်ဖြစ်စဉ်နဲ့ နာမ်ဖြစ်စဉ် ရောနေပါတယ်၊ ရောနေပေမဲ့ ခန္ဓာငါးပါး ရှိတဲ့ သတ္တဝါများမှာ ရုပ်အစဉ် ရူပသန္တတိနဲ့ နာမ်အစဉ်နာမသန္တတိတို့ဟာ သူ့သဘာဝနဲ့ သူ့အကြောင်းကြောင့် ဖြစ်လာကြတာပါ၊ အတိတ်ဘဝ တစ်နေရာ က ဒါန ကုသိုလ် စေတနာ တစ်ချက်ဟာ အတိတ်ဘဝ နာမသန္တတိ ဥပါဒ် ဌီ ဘင် ဖြစ်ပျက်ဆိုတဲ့ နာမ်အစဉ်ထဲမှာ ပါနေပါတယ်။

တစ်ချိန်က လုပ်ခဲ့တဲ့ အတိတ်ကုသိုလ်ကံ အကုသိုလ်ကံဟာ ဘဝတစ်ခုမှာ လာပြီး ရုပ်နာမ် (၂)ပါးလုံး အကျိုးပေးပေမဲ့ ပဋိသန္ဓေမှာ စဖြစ်တဲ့ ကမ္မဇရုပ်ဟာ တစ်ဘဝပြီးရင် ချုပ်သွားပါတယ်၊ ကမ္မဇရုပ်က အနန္တရပစ္စယသတ္တိ မရှိပါ၊ ဒီပစ္စုပ္ပန်ဘဝမှာ ဖြစ်တဲ့ ကမ္မဇရုပ်ဟာ မသေခင် စုတိစိတ်ထက် (၁၇)ချက် စောပြီး မဖြစ်တော့ပါ၊ စုတိစိတ်နဲ့ တပြိုင်နက် စိတ္တဇရုပ်ကလဲ ချုပ်ပါတယ်၊ ဥတုဇရုပ်ပဲ ကျန်ပါတယ်၊ ဥတုဇရုပ်ကလဲ သင်္ချိုင်းမှာ ဆွေးမြေ့ပျက်စီးသွားတာ ပါပဲ၊ ဒါကြောင့် အသုဘရှု ဘိတ်ရင် "ဥတုဇရုပ်အလောင်း သင်္ဂြိုဟ်လိုပါ၍" ဆိုတော့ ဥတုဇရုပ်ကိုပဲ မီးသင်္ဂြိုဟ်လို့ ရပါတယ်၊ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ အာဟာရဇရုပ်တို့ကို မီးသင်္ဂြိုဟ်စရာ မလိုပါ၊ စုတိစိတ်ချုပ်ရင် ကမ္မဇရုပ်၊ အာဟာရဇရုပ်နဲ့ စိတ္တဇရုပ်တို့က ချုပ်သွားပါတယ်၊ ကမ္မဇရုပ်ဟာ စုတိစိတ် မချုပ်မီကထဲက မဖြစ်တော့ဘူး၊ ဒါကြောင့် စုတိစိတ် ကျခါနီးမှာ "မျက်စိက မမြင်တော့ဘူး၊ နားကလဲ မကြားတော့ဘူး၊ သွေးတွေ ဆုတ်ကုန်ပြီ"ဆိုတာဟာ ကမ္မဇရုပ်တွေ တဖြေးဖြေး ချုပ်တာကို ပြောတာပါ၊ ဒီပစ္စုပ္ပန်ဘဝမှာ ဖြစ်တဲ့ ကမ္မဇရုပ်အစဉ်ကို အနာဂတ်မှာ ဖြစ်တဲ့ ကမ္မဇရုပ်နဲ့ ပဋ္ဌာန်းမှာ အနန္တရပစ္စည်း အနေနဲ့ အကြောင်းအကျိုး ဆက်လို့ မရပါ။

## စေတနာက ခန္ဓာကိုယ်ကို ဖြစ်စေခြင်း

အနာဂတ်ဘဝမှာ ဖြစ်တဲ့ ကမ္မဇရုပ်ဟာ ဘယ်သူကြောင့် ဖြစ်သလဲ ဆိုတော့ အတိတ်ဘဝကဖြစ်စေ၊ ပစ္စုပ္ပန်ဘဝကဖြစ်စေ၊ ဟိုကမ္ဘာပေါင်း တစ်သိန်းတစ်သောင်းဘဝက လုပ်ခဲ့တဲ့ ကုသိုလ်ကံကြောင့်ဖြစ်စေ ပြုခဲ့တဲ့ စေတနာ တစ်ခုခုကြောင့် ဒီဘဝမှာ လာပြီး ဖြစ်ပါတယ်၊ နာမ်တရားဆိုတဲ့ စေတနာ နာမ်ဓာတ်ကသာ ရုပ်နဲ့နာမ် (၂)ခုလုံးကို ဖြစ်စေပါတယ်၊ ဘဝတစ်ခုက ရုပ်တရားက အခြားဘဝတစ်ခုက ရုပ်တရားကို မဖြစ်စေနိုင်၊ ဘဝတစ်ခုမှ ရုပ်တရားက ဘဝတစ်ခုက နာမ်တရားကိုလဲ မဖြစ်စေနိုင်ပါ။

သတ္တဝါဖြစ်စဉ်မှာ ရတဲ့ နာမ်နဲ့ရုပ်မှာ ရုပ်က ကမ္မဇရုပ်၊ နာမ်က ပဋိသန္ဓေဝိညာဉ် ဖြစ်ပါတယ်၊ အတိတ်ဘဝက ပြုခဲ့တဲ့ ကုသိုလ်ကံ စေတနာ တစ်ခုခုကြောင့် ဒီဘဝမှာ လာပြီး ကမ္မဇရုပ် ဖြစ်ပါတယ်၊ အတိတ်ဘဝက ကမ္မဇရုပ်နဲ့ ပစ္စုပ္ပန်ဘဝက ကမ္မဇရုပ်မှာ အနန္တရပစ္စည်းအနေနဲ့ အကြောင်းအကျိုး ဆက်လို့ မရပါ၊ ရူပသန္တတိ(ရုပ်အစဉ်) ပြတ်သွားပါတယ်၊ ဒီလို ရူပသန္တတိပြတ်သွားတော့ အနန္တရပစ္စည်းမှာ ပစ္စည်းတရားကလဲ စိတ်နဲ့ စေတသိက် နာမ်တရား၊ ပစ္စယုပ္ပန်တရားကလဲ နာမ်တရားပါပဲ၊ အနန္တရပစ္စည်းရဲ့ အဓိပ္ပာယ်ဆိုတာက ဝိညာဉ်ဆိုတဲ့ နာမ်တရားသာ မပြတ် ဖြစ်နေပါတယ်၊ စုတိပြီးရင် ပဋိသန္ဓေဆိုပြီး နာမ်ရဲ့အစဉ်အဆက်သာ မပြတ်ဘဲ နေပါတယ်၊ ရူပသန္တတိကတော့ ပြောင်းသွားပါတယ်၊ ရုပ်အစဉ် ပြောင်းပုံက ခွေးရုပ်က လူရုပ်၊ လူရုပ်က နတ်ရုပ်ဆိုပြီး ပြောင်းနေပါတယ်၊ တစ်ဘဝနဲ့ တစ်ဘဝမှာ ရုပ်ချင်းက အနန္တရအကြောင်းအကျိုး မရပါ၊ နာမ်အစဉ်မှာတော့ ကမ္မာပေါင်း ထောင်သောင်းများစွာ အနန္တရပစ္စည်းအနေနဲ့ အဆက်မပြတ် ဖြစ်စေနိုင်ပါတယ်။

## နာနာက္ခဏိကကမ္မ အကျိုးပေးပုံ

ဗြဟ္မာကြီးတွေကတော့ သူတို့သက်တမ်းက ကမ္ဘာနဲ့ချီပြီး အသက်ရှည်နေလို့ ဘဝအဆက်ဆက်ကို သိနေကြပါတယ်။ လူ့ဘဝ ဝိညာဉ်ဟာ နတ်ဘဝလဲ ရောက်သွားတယ်။ မန္တလေးက လူက ရန်ကုန်လာ ဝင်စားတယ်၊ ရန်ကုန်က လူက မန္တလေးသွား ဝင်စားတယ်။ ဝိညာဉ်က အဆက်မပြတ် ဖြစ်နေတာ။ ဒီဝိညာဉ် ဘယ်သွားသလဲဆိုတာ သူတို့က မြင်တော့ သွားတဲ့ အဓိပ္ပာယ်ပဲ ရောက်သွားပါတယ်၊ တကယ်တော့ သွားတာ မဟုတ်ဘူး။ စိတ်အစဉ်အတိုင်း အနန္တရပစ္စည်းကြောင့် တဆက်ထဲ ဖြစ်နေတာပါ။ လောပိတက ဓာတ်ကြိုးနဲ့ ဆက်သွယ်ထားတဲ့ ခလုပ်ဖွင့်ရင် လင်းစေချင်တဲ့အပွင့်က လင်းတာပါ။ အဲသလိုပဲ အတိတ်ဘဝက ကုသိုလ်ကံတွေ ရှိနေတော့ ဒီဘဝမှာ အကျိုးပေးပါတယ်။

အကုသိုလ်ကံများ ရှိနေရင်လဲ ဒီဘ၀မှာ အကျိုးပေးပါတယ်။ ဥပမာ–ဥပတ္ထမ္ဘက ဆိုတာ မီးခလုပ်ဖွင့်ပေးတာပါပဲ၊ အတိတ်ဘ၀က ကုသိုလ်ကံတွေ အများကြီး လုပ်ခဲ့တယ်။ ဒါပေမဲ့ အတိတ်ကုသိုလ်ကံက အကျိုး မပေးသေးဘဲ ဖုံးအုပ်နေတဲ့ အခါ အတိတ်ကံ ပေါ်လာအောင် ဥပတ္ထမ္ဘက ကုသိုလ်ကံဆိုတဲ့ ကောင်းမှုတွေ ထပ်ပြီး လုပ်ပေးတော့ နာနာက္ခဏိကကမ္မနဲ့ အကျိုးပေးလို့ ရပါတယ်။

အဘိဓမ္မာလေ့လာထားလို့ နာမ်အစဉ်ဟာ ဥပါဒ် ဌီ ဘင်နဲ့ ဖြစ်ပျက် နေတယ်ဆိုတာ သိရပါတယ်။ တကယ်တော့ နာမ်အစဉ်က ဆက်နေသလို ပါပဲ၊ သူ့ဓာတ်သဘောက ရှိနေပါတယ်။ ဓာတ်ကြိုးထဲမှာ ဓာတ်အား ဖွင့်ထားရင် ဘယ်ဖွင့်ဖွင့် လင်းလာသလို နာမ်အစဉ် သန္တတိအစဉ်ကြီးက ရှိနေတယ်၊ ဘယ်ဘ၀က လုပ်ထားခဲ့တဲ့ ကုသိုလ်ကံဖြစ်ဖြစ် အကုသိုလ်ကံဖြစ်ဖြစ် အကျိုးပေး နိုင်တာပါပဲ၊ ဒီက ဥပတ္ထမ္ဘက ကုသိုလ်ကံကို ဖွင့်မလား၊ အကုသိုလ်ကံကို ဖွင့်မလားဆိုတာပဲ လိုအပ်တယ်။ ဥပတ္ထမ္ဘကကလဲ အရေးကြီးပါတယ်။ ဒါက နာနာက္ခဏိက ကမ္မပစ္စယသတ္တိနဲ့ အကျိုးပေးပုံပါပဲ။

## စေတနာ

“စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော”လို့ ဒုတိယပိုဒ်မှာ ဟောထားပါတယ်၊ စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံဆိုတာ သဟဇာတကမ္မပစ္စည်းပါ၊ သဟဇာတကမ္မဆိုတာ ကမ္မပစ္စည်းကို ခွဲပြီး ဟောထားတာပါ၊ အထက်အပိုဒ်က “ကုသလာ ကုသလံ ကမ္မံ”ကို ဟောတယ်၊ အောက်အပိုဒ်မှာ “စေတနာ”ကို ဟောပါတယ်။ စေတနာ အသုံးနဲ့ ကမ္မအသုံးဟာ ပဋ္ဌာန်းပါဠိတော်ကို ထောက်ရင် ကံမြောက်ပြီးမှ ကုသိုလ်ဆိုရင် လုပ်ပြီးမှ အကုသိုလ်ဆိုရင်လဲ လုပ်ပြီးမှ ကမ္မဖြစ်တယ်။ ကာယကံ, ၀စီကံ, မနောကံမြောက်ပြီးတဲ့ အတိတ်ကုသိုလ်ကံ အကုသိုလ်ကံကို ကမ္မံလို့ ဟောတယ် လို့ သိရပါတယ်။

## စက္ခုဝိညာဉ် မြင်တဲ့စိတ်

သဟဇာတကမ္မမှာ ကမ္မံလို့ မဟောဘဲ စေတနာလို့ပဲ ဟောပါတယ်။ စက္ခုဝိညာဉ် မြင်တဲ့စိတ် ဖြစ်ဖို့အတွက် ဖဿ ဝေဒနာ သညာ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြေ မနသိကာရဆိုတဲ့ စေတသိက်(၇)လုံးဟာ စိတ်ဖြစ်တိုင်း ဖြစ်တိုင်း ပါရပါတယ်၊ မြင်လိုက်တယ်ဆိုရင် စေတသိက် (၇)လုံးပါ ရပါတယ်။

(၁) စိတ်အလုပ်က ရူပါရုံကို ယူတဲ့ သဘောပဲ ရှိပါတယ်။

(၂) စိတ်က အာရုံသိအောင် ဖဿက အာရုံနဲ့ တိုက်ဆိုင် ပေးရပါတယ်။

(၃) ဝေဒနာက အာရုံကို လက်ခံထားပါတယ်။

(၄) သညာက အဖြူ အမဲ စသဖြင့် မှတ်ပါတယ်။

(၅) စေတနာက ကြည့်အောင် တိုက်တွန်းပါတယ်။

(၆) ဧကဂ္ဂတာက အာရုံမှာ ခဏ္ဍခဏ ရပ်တည်ပေးမှ မြင်မှာပါ။

(၇) ဥပါဒ် ဌီ ဘင်အားဖြင့် စိတ်သက်ကလေး တစ်ခု တည်တံ့အောင် လုပ်ပေးတာက ဇီဝိတိန္ဒြေရဲ့ အလုပ်ပါ။

(၈) မနသိကာရ ကတော့ အာရုံကို နှလုံးသွင်းရပါတယ်။

ဒီအင်္ဂါ (၈)ပါးနဲ့ ညီမှ စိတ်က မြင်ပါတယ်။

အဘိဓမ္မာနည်းနဲ့ မြင်စိတ်ကလေး မြင်ရပုံက ဝီထိမှာ အတီတဘဝင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဉ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော (၇) ကြိမ် တဒါရုံအထိ ဝီထိ ကျသွားပါတယ်။ အဲဒီလို မြင်စိတ်ကလေး ဖြစ်ခိုက်မှာ စေတသိက် (၇) လုံး ပါပါတယ်။ ဒီ (၇) ခုမှာ ကမ္မပစ္စည်းထိုက်တာက စေတနာတစ်ခုပဲ ထိုက်ပါတယ်။ "စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော"လို့ ဟောတော့ စေတနာဆိုတဲ့ တရားဟာ သဟဇာတကမ္မ ဖြစ်တဲ့အတွက် စိတ်နဲ့ စေတသိက် ပေါင်းရင် (၈) ခု ရှိပါတယ်။ ရုပ်မှာတော့ အဋ္ဌကလာပ်ဆိုပြီး ရုပ် (၈) ခု

ပေါင်းမှ ကလာပ်တစ်ခု ဖွဲ့လို့ ရတာပါ၊ ရုပ်တစ်ခုစီ တစ်ခုစီဆိုရင်တော့ သဘာဝသက်သက်ပဲ ရှိမှာပါ၊ ရုပ်မှာ အဋ္ဌကလာပ်ရှိသလို စိတ်မှာလဲ ဖဿ ဝေဒနာ သညာအစရှိတဲ့ စေတသိက် (၇)ခုက ရှိရပါတယ်၊ စေတသိက် (၇)ခုနဲ့ စိတ်ဆိုတဲ့ ဓာတ်သဘော စုစုပေါင်း (၈)ခု ပေါင်းဆုံမှ မြင်စိတ်က ဖြစ်ပါတယ်၊ မြင်စိတ် ဖြစ်တဲ့အခါ စေတသိက် (၇)လုံးက အတူတူ ဖြစ်တယ်၊ မြင်စိတ် ပျက်တဲ့အခါမှာလဲ စေတသိက် (၇)လုံးက အတူတူ ပျက်ပါတယ်။ အတူဖြစ် အတူပျက်တယ်ဆိုတာ သဟဇာတပစ္စည်းပါပဲ။

"စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ" စေတနာသည် သူနှင့်ယှဉ်သော တရားတို့အားငင်း ဆိုတာ စေတနာကို ပစ္စည်းတရားယူရင် စေတနာမှ ကြွင်းတဲ့ စက္ခုဝိညာဉ်စိတ်နဲ့ ကျန်စေတသိက် (၆) လုံးဟာ "သမ္ပယုတ္တကာနံ ခန္ဓာနံ"မှာ ယူရပါတယ်။ တံသမုဋ္ဌာနာနဉ္စ ရူပါနံအရ ရုပ်က စိတ္တဇရုပ်ဆိုတော့ စက္ခုဝိညာဉ်စိတ်စေတသိက်ကြောင့် ဖြစ်တဲ့ ရုပ်ကို ယူရမလားဆိုရင် ရုပ်ကို ဖြစ်စေတတ်တဲ့ တရားထဲမှာ ခွဲကြည့်ရမယ်။ တံသမုဋ္ဌာနာနဉ္စ ရူပါနံမှာ ဒွေးပဉ္စ ဝိညာဉ် (၁၀)ဆိုတဲ့ မြင်စိတ် ကြားစိတ် စတာတွေက ရုပ်ကို မဖြစ်စေနိုင်ပါ၊ ဒီလို ရုပ်ပိုင်းကလဲ ဆက်လာရမှာမို့ အဘိဓမ္မာ စိတ်ပိုင်း စေတသိက်ပိုင်း ပကိဏ်းပိုင်း ဝီထိပိုင်း ဝီထိမုတ်ပိုင်း ရုပ်ပိုင်း ပစ္စည်းပိုင်းလို့ (၇)ပိုင်းလောက်ကို မြင်နေမှ ပဋ္ဌာန်းမှာ ပြောရတာ နားလည်လွယ်ပါတယ်။

## ရုပ်တရား ရှင်းချက်

"တံသမုဋ္ဌာနာနဉ္စ ရူပါနံ" စေတနာ၊ စေတနာနဲ့ ယှဉ်တဲ့ တရားတို့ ကြောင့် ဖြစ်တဲ့ ရုပ်လို့ ဆိုလိုပါတယ်။ ဒါပေမဲ့ စက္ခုဝိညာဉ်လို့ ခေါ်တဲ့ မြင်စိတ်နေရာမှာ စေတနာကို ပစ္စည်းတရားယူရင် နာမ်တရားဖြစ်တဲ့ စက္ခု ဝိညာဉ်နဲ့ ကြွင်းတဲ့ စေတသိက် ၆-လုံးက "တံသမ္ပယုတ္တကာနံ ခန္ဓာနံ"မှာ ရသွားပါတယ်။ ဒွေးပဉ္စဝိညာဏ် ၁၀-နဲ့ အရူပဝိပါက် ၄-ပါးဟာ ရုပ်တရားကို

မဖြစ်စေပါ။ ဒါကြောင့် စက္ခုဝိညာဉ်စိတ်မှာ ရှိတဲ့ စေတနာကို ပစ္စည်းတရားယူရင် စေတနာက သဟဇာတကမ္မပစ္စည်း၊ ကျန်တဲ့ စိတ်စေတသိက်ကသာ ပစ္စယုပ္ပန် ဖြစ်ပါတယ်၊ ရုပ်တရားကတော့ ပစ္စယုပ္ပန်ထဲမှာ မပါပါ။ ဒီနေရာမှာ မြင်တဲ့စိတ်ကို နမူနာထားပြီး ပြောတာ ဖြစ်ပါတယ်။

မြင်တဲ့စိတ် ကြားတဲ့စိတ် နံတဲ့စိတ်ဆိုတဲ့ စိတ်ရှိရှိသမျှမှာ စေတနာက ရှိတော့ စိတ်(၈၉)ခုမှာ စေတနာကလဲ (၈၉)ခုပဲ ရှိပါတယ်။ ဖဿ ဝေဒနာ အစရှိတဲ့ စေတသိက် (၇) လုံးကလဲ စိတ်အကုန်လုံးမှာ ယှဉ်ပါတယ်။ စေတနာက (၈၉) ရှိသလို ဖဿကလဲ (၈၉)၊ ဝေဒနာကလဲ (၈၉) ဒီလိုပဲ (၈၉) ခုစီ ရှိကြပါတယ်။ စက္ခုဝိညာဉ် မြင်စိတ်ဖြစ်တဲ့အခါ စေတနာကို ပစ္စည်းတရားယူရင် ပစ္စယုပ္ပန်တရားကို စေတနာနဲ့ တပြိုင်နက်ဖြစ်တဲ့ နာမ်တရားကိုသာ ယူရပါတယ်။ ရုပ်တရားမှာ "တံသမုဋ္ဌာနာနဉ္စ ရူပါနံ"ဆိုတော့ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်လို့ ဆိုရပါတယ်။

## မဟာကုသိုလ်စိတ်မှာ ယှဉ်တဲ့စေတနာ

မဟာဝိပါက်စိတ်မှာ ပဋိသန္ဓေ ဘဝင် စုတိ တဒါရုံဆိုတဲ့ (၄)ကိစ္စ တပ်ပါတယ်၊ မဟာဝိပါက်စိတ်မှာ စေတသိက်က (၃၃) ခုရှိတော့ စေတနာကို ပစ္စည်းတရားယူရင် ကျန်တဲ့ စေတသိက် (၃၂)ခုပဲ ရှိပါတယ်။ ဥပမာ-ပဋိသန္ဓေအခါမှာ တိဟိတ်ပဋိသန္ဓေနဲ့ မဟာဝိပါက်စိတ်ဖြစ်လို့ စေတနာကို ပစ္စည်းတရားယူရင် မဟာဝိပါက်စိတ်နဲ့ ကျန်တဲ့ စေတသိက် (၃၂)ခုကို သဟဇာတကမ္မသတ္တိနဲ့ ကျေးဇူးပြုပါတယ်။ ပဋိသန္ဓေအခိုက် မဟာဝိပါက်စိတ်နဲ့ အတူတကွဖြစ်ရာမှာ "တံသမုဋ္ဌာနာနဉ္စ ရူပါနံ"အရ စိတ္တဇရုပ်ကို မယူဘဲ ပဋိသန္ဓေကမ္မဇရုပ်ကို ယူရပါတယ်၊ ကုသိုလ်စိတ်နဲ့ အကုသိုလ်စိတ်များမှာတော့ စေတနာက စိတ္တဇရုပ်ကို ဖြစ်စေပါတယ်၊ ကမ္မဇရုပ်ကို မဖြစ်စေပါ၊ ပဋိသန္ဓေကိစ္စတပ်လို့ ပဋိသန္ဓေအခိုက်အတန့်မှာ ဖြစ်တဲ့ စိတ်စေတသိက်ထဲမှာ စေတနာ ပါပါတယ်၊

စေတနာက ပစ္စည်းတရားဆိုတော့ ကျန်တဲ့ စိတ်စေတသိက်တွေက ပစ္စယုပ္ပန်တရား ဖြစ်ပါတယ်၊ ပဋိသန္ဓေအခိုက်အတန့်မှာ စိတ္တဇရုပ်ကို မဖြစ်စေနိုင်သေးပါ၊ ပဋိသန္ဓေကမ္မဇရုပ်ကိုပဲ ယူရပါတယ်၊ ပဋိသန္ဓေနောင်ပထမဘဝင် ဒုတိယဘဝင် တတိယဘဝင်ဆိုတဲ့ စိတ္တဇရုပ်ကို ဖြစ်စေနိုင်တဲ့အခါကျတော့မှ စိတ္တဇရုပ်ကိုလဲ ထဲ့ကောက်ရပါတယ်။

"စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ"ရဲ့ သဟဇာတကမ္မပစ္စည်းမှာ ပစ္စည်းက စေတနာတစ်လုံးထဲ၊ ပစ္စယုပ္ပန်တရားက စိတ် (၈၉)၊ စေတသိက် (၅၁)၊ စိတ္တဇရုပ်နဲ့ ကမ္မဇရုပ် ဖြစ်ပါတယ်၊ လူကို ကြည့်လိုက်မယ်ဆိုရင် လူမှာ ရှိနေတဲ့ စေတနာကလေးတစ်လုံးက သဟဇာတပစ္စည်းပဲ။ စေတနာနဲ့တကွဖြစ်တဲ့ စိတ် (၈၉)၊ စေတနာကြဉ်တဲ့ စေတသိက် (၅၁)၊ လူမှာ ဖြစ်တဲ့ စိတ္တဇရုပ် ကမ္မဇရုပ်တွေဟာ ပစ္စယုပ္ပန်တရားပါပဲ၊ ဒီလိုဆိုတော့ လွယ်သွားပါတယ်၊ ကမ္မပစ္စည်း ဒီလောက်နဲ့ တော်လောက်ပါပြီ။

# ၁၄။ ဝိပါကပစ္စည်း

## ဝိပါကပစ္စည်း

"ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော"မှာ ဝိပါကာ စတ္တာရော ခန္ဓာကို ရှင်းပြဖို့ ရှိပါတယ်၊ သင်္ဂြိုဟ်မှာ ဝိပါက်စိတ် (၃၆)ပါးနဲ့ သူ့ကို ယှဉ်တဲ့ စေတသိက် (၃၈)လုံး ရှိပါတယ်။ ဝိပါက်စိတ် (၃၆) က ဝိညာဏက္ခန္ဓာ၊ စေတသိက် (၃၈) က ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဆိုတော့ နာမ်ခန္ဓာ (၄) ပါး ဖြစ်ပါတယ်၊ "ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော" ဝိပါက်နာမ်ခန္ဓာ (၄) ပါးဟာ "အညမညံ ဝိပါကပစ္စယေန ပစ္စယော"လို့ ဆိုတော့ အညမညပစ္စည်းသဘောမျိုး ဖြစ်ပါတယ်။ ပစ္စယနိဒ္ဒေသမှာ ဟောထားပါတယ်၊ ဝိပါက်နာမ်ခန္ဓာ ၄ ပါးဟာ အပြန်အလှန် ကျေးဇူးပြုလို့ ဝိညာဏက္ခန္ဓာ ပစ္စည်းတရား ဖြစ်ရင် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာက ပစ္စယုပ္ပန်တရား ဖြစ်ပါတယ်၊ ဝေဒနာက္ခန္ဓာကို ပစ္စည်းတရား ယူရင် ဝိညာဏက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာက ပစ္စယုပ္ပန် တရား၊ သညာက္ခန္ဓာကို ပစ္စည်းတရားယူရင် ဝိညာဏက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ က ပစ္စယုပ္ပန်တရား၊ သင်္ခါရက္ခန္ဓာကို ပစ္စည်းတရားယူရင် ဝိညာဏက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာက ပစ္စယုပ္ပန်တရား ဖြစ်သွားပါတယ်။

ပစ္စယနိဒ္ဒေသအရ ဝိပါက်စိတ်(၃၆)နဲ့ စေတသိက်(၃၈)တို့ဟာ အပြန်အလှန် ကျေးဇူးပြုပါတယ်၊ အတူတကွ ဖြစ်တယ်လို့ ပြောလို့ ရပါတယ်၊ ဒီမှာ ကျန်နေတာကို ပဋ္ဌာဝါရကျတော့ "ပဋိသန္ဓေဝိပါက်စိတ်တို့ဟာ ပဋိသန္ဓေ အခါ ကမ္မဇရုပ်ကို ဖြစ်စေတယ်၊ ပဝတ္တိအခါမှာ စိတ္တဇရုပ်ကို ဖြစ်စေတယ်"လို့ ဟောထားပါတယ်၊ ဒါပေမဲ့ ဒီမှာ "ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော

အညမညံ ဝိပါကပစ္စယေန ပစ္စယော''လို့ ဆိုထားပြီး၊ နာမ်ခန္ဓာ(၄)ပါးဟာ အချင်းချင်း ကျေးဇူးပြုတယ်လို့ ဆိုပါတယ်၊ ဒါကြောင့် ပစ္စယနိဒ္ဒေသအလို အားဖြင့် ပစ္စည်းကလဲ နာမ်၊ ပစ္စယုပ္ပန်ကလဲ နာမ်၊ နာမ်ကို နာမ်ချင်း ကျေးဇူးပြုတဲ့ ပစ္စည်းထဲမှာပဲ ပါနေပါတယ်။

**သာဝသေသဒေသနာ**

ပဉ္ဟာဝါရကိုပဲ ကြည့်ကြည့်၊ သဘောတရားကိုပဲ ကြည့်ကြည့် ဝိပါက်စိတ်ဟာ စိတ္တဇရုပ်နဲ့ ကမ္မဇရုပ်ကို ဖြစ်စေပါတယ်၊ ကမ္မပစ္စည်းမှာ ''စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ''လို့ ဆိုထားသလို စိတ္တဇရုပ်နဲ့ ကမ္မဇရုပ်တို့ဟာ ဝိပါကပစ္စည်းရဲ့ ပစ္စယုပ္ပန်တရားထဲမှာ ပါသင့်တယ်၊ အဋ္ဌကထာ ဆရာများကလဲ ပါသင့်ပါတယ်လို့ ဆိုပါတယ်၊ ပဉ္ဟာဝါရမှာလဲ မြတ်စွာဘုရားက ဝိပါကပစ္စည်းရဲ့ ပစ္စယုပ္ပန်တရားထဲမှာ စိတ္တဇရုပ်နဲ့ ကမ္မဇရုပ်ကို ထဲ့ဟော ပါတယ်၊ ဒါမျိုးကို သာဝသေသဒေသနာလို့ ခေါ်ပါတယ်၊ ပဋ္ဌာန်းကို အကုန် မကြည့်နိုင်တဲ့ သူများအဖို့ကတော့ ပစ္စယနိဒ္ဒေသကိုပဲ ကြည့်ကြည့်၊ ဝိပါက ပစ္စည်းရဲ့ ပစ္စယုပ္ပန်တရားမှာ ဝိပါက်စိတ်တွေဟာ စိတ္တဇရုပ်၊ ကမ္မဇရုပ်တို့ကို ကျေးဇူးပြုနိုင်သလားလို့ မဝေခွဲနိုင် ဖြစ်တတ်တယ်၊ ဒီလိုအခါမှာ ပဉ္ဟာဝါရကို ကြည့်မှ သိနိုင်ပါတယ်၊ ပဉ္ဟာဝါရမှာ စိတ္တဇရုပ် ကမ္မဇရုပ်ကို ဟောထားပါတယ်၊ ဒါက သာဝသေသဆိုတဲ့ အကြွင်းရှိတဲ့ ဒေသနာ ဖြစ်ပါတယ်၊ အကြွင်းမဲ့ ဒေသနာမျိုး မဟုတ်ဘူး၊ ပစ္စယနိဒ္ဒေသက အကျဉ်းဟောတာမို့ အကုန်လုံး မပြည့်စုံနိုင်ဘူး၊ ဝါရကြီးတွေမှာတော့ အကျယ် ဟောထားတာ ရှိနေပါတယ်၊ ဒီလို အကျယ် ဟောထားတဲ့အခါ ကမ္မဇရုပ်နဲ့ စိတ္တဇရုပ်တွေဟာ ဝိပါကပစ္စည်းရဲ့ ပစ္စယုပ္ပန်မှာ ပါသွားပါတယ်လို့ အဋ္ဌကထာဆရာများက ရှင်းထားပါတယ်၊ ဝိပါကပစ္စည်းကတော့ ဒီလောက်ပါပဲ။

# ၁၅–အာဟာရပစ္စည်း

## အာဟာရပစ္စည်း

အာဟာရဆိုတဲ့ ပါဠိက မြန်မာစကား ဖြစ်နေပါတယ်။ အစားအစာကို အာဟာရလို့ပဲ ခေါ်နေကြပါတယ်။ လူတွေဟာ အာဟာရရှိမှ အသက်ရှင်တယ်၊ အာဟာရ မရှိရင် အသက်မရှင်နိုင်လို့ ပြောနေကြတော့ မြန်မာစကားမှာ အစားအစာဟာ အာဟာရပဲလို့ နားလည်နေကြပါတယ်။ အာဟာရဆိုတဲ့ ပါဠိရဲ့အဓိပ္ပါယ်မှာ အာ=အလွန်+ဟာရ=ဆောင်တယ်၊ လွန်စွာ ဆောင်တတ်သောကြောင့် အာဟာရလို့ ခေါ်တယ်။ အစားအစာဟာ အသက်ရှည်အောင် လွန်စွာ ဆောင်တတ်သောကြောင့် အာဟာရလို့ ဆိုတယ်။ ဒါကြောင့် ဝေါဟာရအားဖြင့် အစားအစာကို အာဟာရလို့ပဲ အများက နားလည်နေကြပါတယ်။

## အာဟာရ (၂) မျိုး

အဘိဓမ္မာမှာ ရုပ်အာဟာရ နာမ်အာဟာရလို့ ၂–မျိုး ခွဲထားပါတယ်၊ ရုပ်အာဟာရက ရုပ်တရားကို အသက်ရှည်အောင် ထောက်ပံ့တဲ့ အစားအစာ၊ နာမ်အာဟာရက နာမ်တရားကို အသက်ရှည်အောင် ထောက်ပံ့နေတဲ့ အစားအစာဖြစ်ပါတယ်။ ရုပ်တရားကို ထောက်ပံ့တဲ့ အစားအစာကိုတော့ နားလည်နေပါတယ်၊ နာမ်တရားကို အသက်ရှည်အောင် ဘယ်တရားက ဘယ်ပစ္စည်းနဲ့ ကျေးဇူးပြုနေတယ်ဆိုတာ သင်္ဂြိုဟ်တို့ ပဋ္ဌာန်းတို့ကို လေ့လာမှ နားလည်နိုင်ပါတယ်။

## ကဗဠီကာရ အာဟာရ

ပါဠိတော်မှာ "ကဗဠီကာရော အာဟာရော ရူပမယ ကာယဿ"လို့ ဆိုထားပေမဲ့ အဘိဓမ္မာမှာ စားသောက်နေတဲ့ အစားအစာကိုပဲ ကဗဠီကာရ အာဟာရလို့ မခေါ်ပါ။ ရုပ် ၂၈-ခုမှာ ဩဇာရုပ်ဆိုတာ ရှိပါတယ်၊ အဲဒီ ရုပ်ထဲမှာ ပါတဲ့ ဩဇာရုပ်ဟာ ကဗဠီကာရ အာဟာရဖြစ်ပါတယ်။ ဩဇာရုပ်ကလဲ ကမ္မဇဩဇာ စိတ္တဇဩဇာ ဥတုဇဩဇာ အာဟာရဇဩဇာလို့ ရှိပါတယ်။ ဩဇာ ၄-မျိုးကို စတုသမုဋ္ဌာနိကဩဇာ စတုဇဩဇာလို့လဲ ခေါ်ပါတယ်။ ရုပ်မှာ စတုသမုဋ္ဌာနိကရုပ်ဆိုတာ ရှိပါတယ်။ ဒီရုပ်က ကံ စိတ် ဥတု အာဟာရ ကြောင့် ဖြစ်ပါတယ်။ စတုဇဩဇာကလဲ ကံ စိတ် ဥတု အာဟာရကြောင့် ဖြစ်ပါတယ်။

## ကမ္မဇဩဇာ

ကမ္မဇဩဇာကို နားလည်နိုင်အောင် သင်္ဂြိုဟ်ရုပ်ပိုင်းကို လေ့လာရပါမယ်။ ရုပ်ကလာပ်ပိုင်းမှာ ကမ္မဇကလာပ် ၉-စည်း ရှိပါတယ်၊ ဒီကလာပ် ၉-စည်း ကတော့ စက္ခုဒသက ကလာပ်၊ သောတဒသက ကလာပ်၊ ဃာနဒသက ကလာပ်၊ ဇိဝှါဒသက ကလာပ်၊ ကာယဒသက ကလာပ်၊ ယောက်ျားဆိုရင် ပုမ္ဘာဝဒသက ကလာပ်၊ မိန်းမဆိုရင် ဣတ္ထိဘာဝဒသက ကလာပ်၊ ဝတ္ထုဒသက ကလာပ်၊ ဇီဝိတနဝက ကလာပ်တို့ ဖြစ်ကြပါတယ်။ စက္ခုနဲ့တကွ ရုပ် ၁၀-ခုကို စက္ခု ဒသက ကလာပ်လို့ ခေါ်တာပါပဲ။ ရုပ်ဆိုတာ တစ်ခုစီ တစ်ခုစီ မနေနိုင်ပါ။ အနဲဆုံး ရုပ် ၈-ခုရှိပါတယ်။ ရေ မြေ တော တောင် သမုဒ္ဒရာဆိုတာတွေမှာလဲ ရုပ် ၈-ခုဆိုတဲ့ အဋ္ဌကလာပ် ရှိပါတယ်။ ပထဝီ တေဇော အာပေါ ဝါယော ဓာတ် ၄-ပါးက ဘယ်ရုပ်မှာမဆို ရှိပါတယ်။ ဒီဓာတ် ၄-ပါးနဲ့ ဝဏ္ဏ ဂန္ဓ ရသ ဩဇာဆိုတဲ့ ရုပ် ၄-ခုတို့ ပေါင်းရင် အဋ္ဌကလာပ် ဖြစ်ပါတယ်။ ရှေးဆရာ များက ဩဇာရုပ်ကို ဩဇဋ္ဌမကရုပ်လို့ ခေါ်ပါသေးတယ်။ ဩဇာလျှင် ရှစ်ခု

မြောက်သော ရုပ်လို့ဆိုပါတယ်။ အဋ္ဌကလာပ်မှာ ဩဇာက ရှစ်ခုမြောက်ဖြစ်တဲ့အတွက် ဩဇဋ္ဌမကရုပ်လို့ ခေါ်တာပါ။ ဒါကြောင့် ကမ္မဇကလာပ်ထဲမှာ ဩဇာ ပါနေပါတယ်။ ကမ္မဇကလာပ်မှာ ပါတဲ့ စက္ခုဒသက ကလာပ်မှာ ရုပ် ၁၀–ခုရှိတယ်၊ အဲဒီ ၁၀–ခုက အဋ္ဌကလာပ် ၈–ခုနဲ့ စက္ခုပသာဒရုပ် ဇီဝိတရုပ်တို့ပဲ ဖြစ်ပါတယ်။ မြင်တယ်ဆိုတဲ့ စက္ခုပသာဒကလေးမှာ ရုပ် ၁၀–ခု ရှိပါတယ်။

## စိတ္တဇဩဇာ

စိတ္တဇကလာပ် ၆–စည်း ရှိပါတယ်၊ စိတ္တဇကလာပ် ၆–စည်းအနက် ပဌမ ကလာပ်ဖြစ်တဲ့ သုဒ္ဓဋ္ဌကကလာပ်မှာ အဋ္ဌကလာပ်က ပါတော့ ဒီကလာပ်ထဲမှာ ဩဇရုပ်က ပါပါတယ်၊ အဲဒီ ဩဇာဟာ စိတ္တဇဩဇာပါပဲ။ လူတွေ နားလည်တာက ပထဝီကိုသိတယ်ဆိုရင် အကြမ်းပထဝီကိုသာ သိတာပါ၊ ပထဝီကလဲ စိတ္တဇပထဝီ ကမ္မဇပထဝီ ဥတုဇပထဝီ အာဟာရဇပထဝီလို့ ရှိပါတယ်။ စိတ်ကြောင့်ဖြစ်တဲ့ ပထဝီဟာ ဘယ်လို သဘော ရှိသလဲဆိုရင် ကြမ်းတယ်၊ ခက်မာတဲ့ သဘောအထိ မဟုတ်ပါ၊ စိတ်ကြောင့် ဖြစ်လာတဲ့ ရုပ်မှာ နဲနဲ မာလာတဲ့ သဘောတရားကလေးပါပဲ၊ စိတ္တဇတေဇောကလဲ စိတ်ကြောင့် ဖြစ်တဲ့ ရုပ်မှာ နဲနဲ ရင့်ကျက်လာတဲ့ သဘောတရားကလေးပါ၊ စိတ္တဇ အာပေါကလဲ ဖွဲ့စည်းတဲ့ သဘောထိအောင် မဟုတ်ဘဲ ပထဝီ တေဇော ဝါယော ပေါင်းစပ်အောင် လုပ်ပေးတဲ့ သဘောလောက်ပါပဲ၊ စိတ္တဇဝါယောကတော့ ထင်ရှားပါတယ်၊ စကားများများ ပြောလာတဲ့အခါ လူမှာ စိတ္တဇ ဝါယော ထင်ရှားတယ်၊ စကားပြောတဲ့ အသံမှာ လုံးကနဲ ခဲကနဲ အသံထွက်တာက အာပေါပါ၊ စကားပြောတဲ့ အသံ မာလာတာက ပထဝီပါ၊ အသံထွက်လာအောင် ဝါယောက လုပ်ပေးရတာပါ၊ တေဇောကတော့ အသံကောင်းအောင် လုပ်ပေးတာပါ၊ စိတ္တဇဝါယောဆိုရင် ပထဝီ တေဇော အာပေါ အားလုံး ပါသွားပါတယ်။

စိတ္တဇရုပ် အသက်ရှင်အောင် လုပ်ပေးတာလဲ ဩဇာပါပဲ၊ ဥပါဒ် ဌီ ဘင်အားဖြင့် ပထမဆုံး ပဋိသန္ဓေစိတ် ချုပ်ပြီးတဲ့အခါ ပဉ္စမဘဝင် ဖြစ်ပါတယ်၊ ပဉ္စမဘဝင်ဟာ ပဋိသန္ဓေဖြစ်ပြီးနောက် ဖြစ်တဲ့ ဒုတိယစိတ်ပါ၊ ဒီ ပဉ္စမဘဝင်ဆိုတဲ့ ဒုတိယစိတ်မှာ စိတ္တဇရုပ်တွေရှိပါတယ်။ အဲဒီစိတ္တဇရုပ်ဟာ ဗဟိဒ္ဓဩဇာအာဟာရ ဘာမှ မရှိသေးပါ၊ ဒါပေမဲ့ ပဉ္စမဘဝင်မှ ရုပ်တွေ ကာယတွေ (ကလလ ရေကြည်ကစပြီး ကာယလို့ ခေါ်ရပါတယ်)မှာ ရှိတဲ့ စိတ္တဇ ဩဇာက စိတ္တဇ ရုပ်ကို အသက်ရှင်စေပါတယ်။

## ဥတုဇဩဇာ

ဥတုဇကလာပ် လေးစည်း ရှိပါတယ်၊ ဥတုဇကလာပ်မှာလဲ အဋ္ဌကလာပ် ရုပ် ၈–ခုပါတယ်။ ပဋိသန္ဓေရဲ့ ဌီခဏက စပြီး ဖြစ်တဲ့ ဥတုဇကာယဆိုတဲ့ ခန္ဓာကိုယ်ကို ဥတုဇကလာပ်မှာပါတဲ့ ဩဇာက အသက်ရှင်နေသရွေ့ ကျေးဇူး ပြုတာပါပဲ။

## အာဟာရဇဩဇာ

အာဟာရဇကလာပ် ၂–စည်း ရှိပါတယ်၊ ဒီကလာပ်ထဲမှာလဲ အဋ္ဌကလာပ် ရုပ် ၈–ခုပါတယ်၊ အဲဒီရုပ် ၈–ခုထဲမှာ ဩဇာ ရှိနေပါတယ်။ အာဟာရမှာ အဇ္ဈတ္တအာဟာရနဲ့ ဗဟိဒ္ဓအာဟာရလို့ ၂–မျိုးကွဲသွားပါတယ်။ အပြင်က အစား အစာ မှီဝဲသုံးဆောင်လို့ ရတာကို ဗဟိဒ္ဓဩဇာခေါ်ပြီး၊ ခန္ဓာကိုယ်ထဲက နဂို အဋ္ဌကလာပ်ရုပ်မှာ ရှိနေတဲ့ ဩဇာကို အဇ္ဈတ္တဩဇာလို့ ခေါ်ပါတယ်။ အပြင် ဩဇာနဲ့ အတွင်းဩဇာပါပဲ၊ ဗဟိဒ္ဓဩဇာရုပ်ဆိုတာ အပြင်က အစားအစာမှာ ပါတဲ့ အဆီအနှစ်၊ ရုပ်ကို တိုးပွားစေတဲ့ အဆီအနှစ်ကို ဆိုတာပါပဲ။ အဲဒီ အဆီအနှစ် ဩဇာဟာ အာဟာရအဋ္ဌကလာပ်အတွင်းမှာ ရှိနေတဲ့ ဩဇာနဲ့ ပေါင်းပါမှ အာဟာရဇ ကလာပ်ကို ဖြစ်စေနိုင်တာပါ။ တကယ်က အတွင်းမှာ ရှိနေတဲ့ ရုပ်ကို တိုးပွားစေပါတယ်။

အမိစားတဲ့ အစားအစာဟာ ကလလရေကြည်တည်တဲ့ ပဋိသန္ဓေကို ရောက်နိုင်တဲ့ အချိန်က စပြီး ဗဟိဒ္ဓသြဇာက အဇ္ဈတ္တသြဇာကို အားပေးပါတယ်။ အဇ္ဈတ္တသြဇာကသာ ရုပ်ကို ဖြစ်စေနိုင်ပါတယ်။ ဗဟိဒ္ဓသြဇာက အဇ္ဈတ္တမှာ ရှိတဲ့ သြဇာကိုအထောက်အပံ့ပေးတာပါ။ ဒါကြောင့် ကဗဠီကာရအာဟာရလို့ ခေါ်တဲ့ စတုဇသြဇာဆိုတာ စိတ္တဇရုပ်ထဲမှာပါတဲ့ သြဇာ၊ ကမ္မဇရုပ်ထဲမှာ ပါတဲ့သြဇာ၊ ဥတုဇရုပ်ထဲမှာပါတဲ့သြဇာ၊ အာဟာရဇရုပ်ထဲမှာပါတဲ့ သြဇာတွေ ပါပဲ။ ဒီသြဇာရုပ်တို့ဟာ ရူပကာယ ကာယသည်=ဤကမ္မဇကာယ စိတ္တဇကာယ ဥတုဇကာယ အာဟာရဇကာယဆိုတဲ့ ခန္ဓာကိုယ်ကြီးအား အထောက်အပံ့ပေးပြီး ကျေးဇူးပြုပါတယ်။

အဘိဓမ္မာမှာ ဒီကိုယ်ကြီးကို ကမ္မဇကာယ စိတ္တဇကာယ ဥတုဇကာယ အာဟာရဇကာယလို့ ခွဲထားလိုက်တဲ့အတွက် အဘိဓမ္မာ လေ့လာရင်း ဝိပဿနာ ရှုဖို့ လွယ်သွားပါတယ်။ လူအများထင်နေကြတာက ဒီခန္ဓာကိုယ်ဟာ မွေးကထဲ က တစ်ခုထဲပဲလို့ ထင်နေကြတာပါ။ အမှန်က စိတ္တဇကာယကလဲ သူ့ဟာသူ ဖြစ်ပျက်ပြီးသွားနေတာ၊ ကမ္မဇကာယကလဲ သူ့ဟာသူ ဖြစ်ပျက်ပြီး သွားနေတာ၊ ဥတုဇကာယကလဲ သူ့ဟာသူ ဖြစ်ပျက်ပြီးသွားနေတာ၊ အာဟာရဇကာယကလဲ သူ့ဟာသူ ဖြစ်ပျက်ပြီးသွားနေတာပါ၊ ဒီလို ဖြစ်ပျက်နဲ့ သွားနေကြပြီး ကာယတွေ မသေပဲ အသက်ရှင်နေအောင် စတုဇသြဇာဆိုတဲ့ အာဟာရက ထောက်ပံ့နေတာ ပါ။

အပြင်အာဟာရကို စားနေလို့သာ ဒီရုပ်ကြီး အသက်ရှင်နေတယ်လို့ လူတွေက ထင်နေကြတာပါ၊ ဗဟိဒ္ဓသြဇာ ရှိနေပေမဲ့ ကမ္မဇရုပ်ထဲက အဇ္ဈတ္တ သြဇာမကောင်းတော့ပဲ လက်မခံတော့ဘူးဆိုရင် ဆေးတွေ ဘယ်လိုပဲ ဖောက်သွင်း သွင်း အာဟာရတွေ ဘယ်လိုပဲ ထဲ့ပေးသော်လည်း သေတာပါပဲ၊ ကမ္မဇ သြဇာ စိတ္တဇသြဇာ ဥတုဇသြဇာ အာဟာရဇသြဇာဆိုတဲ့ အတွင်းသြဇာနဲ့ အပြင်သြဇာပေါင်းပြီး ဗဟိဒ္ဓသြဇာပေးတာကို ခံယူနိုင်မှ အတွင်းသြဇာက ရုပ်ကြီးကို ဖြစ်စေနိုင်တာပါ။

စားနေတဲ့ အစားအစာကြောင့် ရုပ်ကြီး အသက်ရှင်နေတယ်ဆိုတဲ့ အဘိဓမ္မာဟာ အင်မတန် ကြမ်းနေပါတယ်၊ မမှန်ဘူးတော့လဲ မပြောနိုင်ပါ။ သို့သော် အဘိဓမ္မာမှာ ဩဇာက ကမ္မဇဩဇာ၊ စိတ္တဇဩဇာ၊ ဥတုဇဩဇာ၊ အာဟာရဇဩဇာလို့ ရှိတယ်၊ တ္တမဿ ကာယဿမှာလဲ ကမ္မဇကာယ၊ စိတ္တဇကာယ၊ ဥတုဇကာယ၊ အာဟာရဇကာယလို့ ရှိတယ်။ ဒီရုပ်ကြီးဟာ အမိက စားမျိုလို့ ရတဲ့ ဗဟိဒ္ဓ ဩဇာနဲ့ အတွင်းစိတ္တဇကလာပ်၊ ဥတုဇကလာပ်၊ ကမ္မဇကလာပ်၊ အာဟာရဇကလာပ်တို့မှာ ရှိတဲ့ စတုဇဩဇာ အားကောင်းမှ ကြာကြာ အသက်ရှည် နေနိုင်ပါတယ်၊ ဒီလို ရုပ်အသက် ရှည်နေနိုင်ဖို့က အာဟာရပစ္စည်းက အရေးကြီးပါတယ်။

## နာမ်အာဟာရ

စတုသမုဋ္ဌာနိက ဩဇာကြောင့် ရုပ်အသက် ရှည်နေတယ်ဆိုပေမဲ့ ခန္ဓာကိုယ်မှာ ရုပ်ချည်းပဲ ရှိတာမဟုတ်ပါ၊ နာမ်တရားလဲ ရှိနေတယ်။ နာမ်တရားကလဲ ဘာကြောင့် အသက်ရှင်နေရသလဲ။ အစားအစာ စားနေကြတဲ့အတွက် နာမ်တရားတွေဖြစ်တဲ့ စိတ် စေတသိက် အသိဉာဏ်နဲ့ ဝိညာဉ်တွေ အသက်ရှင်နေကြတယ်လို့ အများ ထင်နေကြပါတယ်။ သို့သော် နာမ်တရား အသက်ရှင်နေရခြင်းဟာ သီးခြားသပ်သပ် အစာအာဟာရ ရှိနေတယ်။ ဒါကြောင့် မြတ်စွာဘုရားက ရုပ်အာဟာရနဲ့ နာမ်အာဟာရကို ခွဲခြားပြီး "အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော" လို့ အာဟာရပစ္စည်းမှာ ဟောထားပါတယ်။ "အရူပိနော"ဆိုတာ နာမ်တရားပါ။ အရုပိနော အာဟာရာ=နာမ်အာဟာရတို့သည်။ သမ္ပယုတ္တကာနံ ဓမ္မာနံ= ထိုနာမ်တရားနဲ့ ယှဉ်တဲ့ တရားတို့အားလည်းကောင်း၊ တံသမုဋ္ဌာနာနဉ္စ ရူပါနံ= ထိုနာမ်တရားကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်၊ ကမ္မဇရုပ်တို့အားလည်းကောင်း။ အာဟာရပစ္စယေန ပစ္စယော=အာဟာရပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်။

ဩဇာဆိုတဲ့ ကဗဠီကာရ အာဟာရရုပ်က စတုသမုဋ္ဌာနိက ရုပ်တရားဆိုတဲ့ ခန္ဓာကိုယ် (၄)မျိုးကို ရုပ်တရား အချင်းချင်း အာဟာရသတ္တိနဲ့ ကျေးဇူးပြုပါတယ်။ အရူပိနော အာဟာရာဆိုတဲ့ နာမ်အာဟာရက နာမ်အာဟာရနဲ့ ယှဉ်တဲ့ နာမ်တရားနဲ့ နာမ်တရားတွေကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် ကမ္မဇရုပ်တွေကို ကျေးဇူးပြုပါတယ်။ နာမ်အာဟာရက ရုပ်တရားနဲ့ နာမ်တရား (၂)မျိုးလုံး အသက်ရှင်အောင် ကျေးဇူးပြုပါတယ်။

နာမ်တရား အသက်ရှင်ရခြင်း အကြောင်းက အရူပိနော အာဟာရာမှာ ဖဿ၊ စေတနာ၊ ဝိညာဉ်ဆိုတဲ့ နာမ်အာဟာရ သုံးမျိုးရှိပါတယ်။ နာမ်အာဟာရ ပစ္စည်းမှာ နာမ်တရားတွေ အများကြီးရှိတဲ့အထဲက စေတသိက် (၅၂) ခုမှာ ပါတဲ့ ဖဿနဲ့ စေတနာစေတသိက်တို့က နာမ်တရား အသက်ရှင်အောင် လုပ်ပေးပါတယ်။

## ပဋိသန္ဓေ ဝိညာဉ်အာဟာရ

နာမ်တရားက စိတ်တွေ အများကြီး ရှိတယ်။ ဝိညာဉ်ဆိုတာ သတ္တဝါရဲ့အစ ပဋိသန္ဓေမှာ စပြီး တည်ရပါတယ်။ ပဋိစ္စသမုပ္ပါဒ်တရားတော်မှာ လာတဲ့အတိုင်း 'ဝိညာဏပစ္စယာ နာမရူပံ'ဆိုတော့ ဝိညာဉ်ကြောင့် နာမ်နဲ့ရုပ် အသက်ရှင်လာရတယ်။ ဝိညာဉ်မရှိရင် နာမ်ရုပ် မပေါ်လာနိုင်ပါ။ နာမ်တရားတွေ အသက်ရှင်ဖို့ ပဋိသန္ဓေဝိညာဉ်က နံပါတ် (၁) အာဟာရပါပဲ၊ နာမ် အသက်ရှည်ဖို့ အစားအစာ အာဟာရဆိုတာ အထောက်အပံ့ပဲဖြစ်ပါတယ်။ ပဋိသန္ဓေဝိညာဉ် မရှိရင် အခုလို တစ်ဘဝလုံး နာမ်တွေ ရုပ်တွေ မဖြစ်နိုင်ပါ။ ဘဝတစ်ခုမှာ ပထမဆုံးတည်တဲ့ စိတ် ပဋိသန္ဓေဝိညာဉ်ကို နောင်ကျတော့ ဘဝင်လို့ ခေါ်ပါတယ်၊ အိပ်နေတဲ့အခါ ဘဝင်ဆိုတဲ့ ဝိညာဉ်မရှိရင် သေသွားမှာပါ၊ ဒီဝိညာဉ်ကလေး ရှိနေလို့ အာရုံနဲ့ တွေ့တဲ့အခါ နာမ်တရားတွေက အသက်ရှင်လာတာပါပဲ၊ နာမ်တရား အသက်ရှင်ဖို့ အရေးကြီးဆုံး အာဟာရက ဒီဝိညာဉ်ပါပဲ။

အရူပိနော အာဟာရာ=ပဋိသန္ဓေဝိညာဉ်ဆိုတဲ့ အာဟာရတို့သည်။ သမ္ပယုတ္တကာနံ ဓမ္မာနံ=ဝိညာဉ်နဲ့ ယှဉ်တဲ့ သမ္ပယုတ္တဓမ္မတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ=ထို ပဋိသန္ဓေအခါမှာ ပဋိသန္ဓေဝိညာဉ်နှင့်တကွဖြစ်တဲ့ ကမ္မဇရုပ်၊ ပဋိသန္ဓေနောင် ပဋ္ဌမဘဝင်ကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်တို့အားလည်းကောင်း ကျေးဇူးပြုတယ်ဆိုတော့ နာမ်မှာလဲ အရေးကြီးဆုံးက အာဟာရပါပဲ၊ နာမ်ကလဲ အစားအစာ ရှိနေပါတယ်။

## ဖဿအာဟာရ

ဝိညာဉ်တစ်ခုထဲနဲ့ အသက်ရှင်နေနိုင်သလားဆိုတော့ ဖဿအာဟာရဆိုတာ ရှိပါတယ်။ ဖဿက ပြောလို့ လွယ်ပါတယ်။ ခုနပြောခဲ့တဲ့ ပဋိသန္ဓေဝိညာဉ်က ရှိပြီး ဖြစ်သွားပြီ၊ ပဋိသန္ဓေဝိညာဉ်ရှိနေပေမဲ့ ပဋိသန္ဓေနောက် ပဝတ္တိအခါ အသက်ရှင်ဖို့က ဖဿမရှိဘဲ အသက်မရှင်နိုင်ပါ။ ဖဿဆိုတာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဆိုတဲ့ အာရုံ (၆) ပါးနဲ့ တွေ့ထိမှုပါပဲ။ ဝိညာဉ်ကလဲ ရူပါရုံနဲ့ တွေ့နေရပြီး ဖဿဖြစ်နေရမှ မြင်နိုင်ပါတယ်။ ရူပါရုံနဲ့ ဖဿမရှိရင် မြင်စိတ် မဖြစ်နိုင်ပါ၊ မြင်စိတ် နာမ်တရားရဲ့ ဖြစ်ပေါ်မှုမှာ ဖဿဟာ အာဟာရပါပဲ၊ ကြားစိတ်ဟာ သဒ္ဒါရုံအသံနဲ့ ဖဿဖြစ်မှ ကြားနေရမှာ ပေါ့။ နံတဲ့စိတ်ဟာ ဂန္ဓာရုံ အနံ့နဲ့ ဖဿဖြစ်မှ ဃာနဝိညာဉ် ဖြစ်နေမှာပါ။ ထိသိစိတ်ဟာ ဖောဋ္ဌဗ္ဗာရုံနဲ့ ဖဿဖြစ်မှ တွေ့ထိရမှ ကာယဝိညာဉ် ဖြစ်နေမှာပါ။ တွေးသိစိတ်ဟာလဲ ဓမ္မာရုံနဲ့ တွေ့ထိနေမှ ဖဿဖြစ်မှ မနောဝိညာဉ် ဖြစ်နေမှာပါ၊ ဒီဝိညာဉ်နဲ့ အာရုံ (၆)ပါး ဖဿမဖြစ်ရင် နာမ်တရားတွေ မရှင်နိုင်ပါ။

ဒါကြောင့် လူကို ထောင်ချလိုက်တဲ့အခါ ဘယ်သူနဲ့မှ စကားမပြောရဘဲ တစ်ယောက်ထဲ ပိတ်ထားရင် ဒီလူဟာ ရူးရင်လဲ ရူးသွားမယ်၊ တမျိုးဖြစ်ရင်လဲ ဖြစ်သွားမယ်။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံတွေနဲ့ ဖဿ မရှိအောင် လုပ်လိုက်တော့ စိတ်ကူးနဲ့ ဓမ္မာရုံ ဖဿကတော့ ရှိချင်ရှိမှာပါပဲ။ ဒါပေမဲ့ လူက ဒီလောကနဲ့ မကျေနပ်နိုင်ပါ။ ဝိညာဉ်ဆိုတဲ့ နာမ်တရားမှာ

ဖဿအာဟာရ အများကြီး လိုပါတယ်။ ရူပါရုံလဲ မြင်ချင်တယ်၊ သဒ္ဒါရုံလဲ ကြားချင်တယ်၊ ဂန္ဓာရုံလဲ နံချင်တယ်။ အာရုံတွေနဲ့ မတွေ့ဆုံရအောင် တိုက်လှောင်ထားလိုက်လို့ ဒီလူမှာ ဝိပဿနာတရားသာ လက်ကိုင်မထားရင် စိတ်တွေ ဖောက်ပြန်သွားမှာပါ၊ ဒါဟာ နာမ်တရားရဲ့ အသက် ဖဿအာဟာရ မရတာပါပဲ၊ အာရုံ (၆) ပါးနဲ့ မတွေ့ဆုံရလို့ နာမ်တရားတွေ ဖောက်လွဲဖောက်ပြန် ဖြစ်လာတာပဲ၊ ဒါကြောင့် အဲဒီလူဟာ အပြင်ဘက် ထွက်လာရင် ကြောင်နေတတ်ပါတယ်၊ စကားမပြောဘဲ ဖြစ်သွားတတ်ပါတယ်၊ ဒါကို ပဋ္ဌာန်းနည်းနဲ့ဆိုရင် ဖဿအာဟာရ မရအောင် ဖဿအာဟာရ မကျွေးဘဲ ထားလို့ ဖြစ်သွားတာပါပဲ။

ဗဟိဒ္ဓသြဇာဆိုတဲ့ အစားအစာ ရုပ်အာဟာရ ထမင်း ကျွေးနေပေမဲ့ လမ်းလျှောက်မယ်၊ စာဖတ်မယ်၊ သွားမယ်၊ လာမယ်ဆိုတဲ့ အာရုံ (၆)ပါးနဲ့ တွေ့ထိမှုဆိုတဲ့ နာမ်အာဟာရ ဖဿ မရတဲ့အတွက် စိတ်ဟာ ဘယ်နည်းနဲ့မှ မကျန်းမာနိုင်ပါ။ စိတ္တဇရောဂါ ဖြစ်လာနိုင်ပါတယ်။ ဖဿအာဟာရဟာလဲ နာမ်တရားတွေ အသက်ရှင်ဖို့ အင်မတန် အရေးကြီးတယ်ဆိုတာ လက်တွေ့ထင်ရှားလှပါတယ်။

**စေတနာအာဟာရ**

စေတနာဆိုတာ ကံ ဆိုတဲ့ အလုပ်ပါပဲ၊ နာမ်တရား အသက်ရှင်ဖို့က စေတနာရဲ့ လှုံ့ဆော်မှုနဲ့ ကောင်းတာပဲ လုပ်သည်ဖြစ်စေ မကောင်းတာပဲ လုပ်သည်ဖြစ်စေ လုပ်နေရမှာပါ။ လူမှာ ဘာမှ မလုပ်ဘဲ နေလို့ မရပါ။ လူ့သဘာဝက ကောင်းတာပဲ လုပ်လုပ်၊ မကောင်းတာပဲ လုပ်လုပ် လုပ်နေရမှာပါ။ ငြိမ်ငြိမ်ကလေး ထိုင်နေပါဆိုရင် 'စေတနာ'ဆိုတဲ့ နာမ်အာဟာရ မကျွေးဘဲ ထားတာ ဖြစ်သွားမှာပါ။ တရားနာမယ်၊ စကားပြောမယ်၊ ဘုရားရှိခိုးမယ်၊ ရေဒီယို နားထောင်မယ်ဆိုတာ စေတနာက စိတ်ကို လှုံ့ဆော်မှုဆိုတဲ့ အလုပ်တစ်ခုခု လုပ်နေရတာ ဖြစ်ပါတယ်။ ကမ္မဆိုတဲ့ အမှုအလုပ် ဘာမှ မလုပ်ဘဲ

ထားရင် နာမ်တရားက အသက်မရှည်နိုင်ပါ၊ တကယ်လို့ အသက်ရှည်ပြန်ရင်လဲ နာမ်တရား အကောင်းစား မဖြစ်နိုင်ဘဲ ဖောက်လွဲ ဖောက်ပြန်သာ ဖြစ်သွားမှာပါ။

ဆေးဆရာများမှာလဲ ပဌာန်း အရေးကြီးပါတယ်။ လူတစ်ယောက်ရဲ့ နာမ်တရား ရှင်သန်ဖို့နဲ့ ရုပ်တရား ရှင်သန်ဖို့ဆိုတာ ရုပ်တရား ရှင်သန်ဖို့က အစာအာဟာရ တွဲတာကျွေးရင် ပြီးပါတယ်။ လူတစ်ယောက် ကျန်းမာရေးမှာ ရုပ်တရားတစ်ခုထဲ ရှင်သန်နေလို့ကလဲ မပြီးသေးပါ။ နာမ်တရား ရှင်သန်မှုကလဲ လိုပါသေးတယ်။ ဖဿ၊ စေတနာ၊ ဝိညာဉ်ဆိုတဲ့ ဒီ (၃)ခုဟာ နာမ်တရား ရှင်သန်မှုမှာ အရေးကြီးတဲ့ အာဟာရ ဖြစ်တယ်။ ဒါကြောင့် မြတ်စွာဘုရားက အရူပိနော=နာမ်ဖြစ်ကုန်သော။ အာဟာရာ=ဖဿ၊ စေတနာ၊ ဝိညာဉ်ဆိုတဲ့ နာမ်အာဟာရ (၃)ပါးတို့သည်။ (နာမ်ရဲ့ အစားအစာ (၃)မျိုးတို့သည်။) သမ္ပယုတ္တကာနံ=ဖဿ၊ စေတနာ၊ ဝိညာဉ်နဲ့ ယှဉ်တဲ့ နာမ်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနဉ္စ ရူပါနံ=ထိုစိတ်စေတသိက်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် ကမ္မဇရုပ်တို့အားလည်းကောင်း။ အာဟာရပစ္စယေန=နာမ်အာဟာရသတ္တိနဲ့။ ပစ္စယော= ကျေးဇူးပြုပါတယ်လို့ ဟောတော်မူပါတယ်။

## ဖဿ စေတနာ ဝိညာဉ်

ဖဿကလဲ သင်္ဂြိုဟ်က စိတ်တစ်ခုယုတ် (၉၀)မှာ ယှဉ်တယ်ဆိုတော့ ဖဿ (၈၉)ရှိပါတယ်။ ဘယ်စိတ်ပဲ ဖြစ်ဖြစ် ဖဿမရှိရင် မဖြစ်နိုင်။ ဖဿရှိမှ စိတ်ဖြစ်တာပါ။ ဖဿရှိမှလဲ ခံစားမှုရှိတာပါ။ 'ဖဿပစ္စယာ ဝေဒနာ'ဆိုတော့ ဖဿရှိလို့ပဲ ချမ်းသာတယ်၊ ဆင်းရဲတယ်ဆိုတာ ရှိပါတယ်။ ဖဿမရှိရင် ဆင်းရဲတာလဲ မရှိ၊ ချမ်းသာတာလဲ မရှိနိုင်ပါ။ သို့သော် လူဟာ ဆင်းရဲရင်လဲ ဆင်းရဲနေရမှ၊ ချမ်းသာရင်လဲ ချမ်းသာနေရမှ၊ ဝေဒနာမရှိရင် နေလို့မရပါ။ ဘယ်သူပဲ ဖြစ်ဖြစ် ဝေဒနာဆိုတဲ့ ခံစားမှုတစ်ခုခုအတွက် ကြိုးစားနေကြပါတယ်၊ တရားရှာတယ်ဆိုတာလဲ ချမ်းသာဆိုတဲ့ သုခဝေဒနာအတွက် ကြိုးစားနေကြတာပါ၊ ဘယ်နည်းနဲ့ ချမ်းသာမလဲဆိုတဲ့ ချမ်းသာသုခရရေး ချမ်းသာဆိုတဲ့

ဝေဒနာဖြစ်ရေးအတွက် ကြိုးစားနေကြတာပါ။ လောကီရေးမှာ ကြိုးစား နေကြတာကလဲ ဒီချမ်းသာမှုဆိုတဲ့ ဝေဒနာအတွက် လုပ်နေကြတာပါပဲ။

ရူပါရုံနဲ့ စက္ခုဝိညာဉ်စိတ်မှာ ဖဿရှိမှ မြင်စိတ် ဖြစ်တာပါ။ ဖဿမရှိရင် စိတ်မဖြစ်လို့ စိတ် (၈၉)မှာ ဖဿကလဲ (၈၉)ပဲ ရှိပါတယ်။ စေတနာကလဲ သဗ္ဗစိတ္တသာဓာရဏစေတသိက်မို့ စိတ်အားလုံးမှာ ယှဉ်တဲ့အတွက် စိတ်(၈၉)မှာ စေတနာကလဲ (၈၉)ပဲ ဖြစ်ပါတယ်။ စိတ်ဖြစ်တယ်ဆိုတာ စေတနာက လှုံ့ဆော် ပေးလို့သာ ဖြစ်ရတာပါ။ ရူပါရုံနဲ့ စက္ခုဝိညာဉ်စိတ်မှာ စေတနာက 'ကြည့်ပါ ကြည့်ပါ'လို့ တိုက်တွန်းပေးလို့သာ စက္ခုပသာဒနဲ့ ရူပါရုံ ကိုက်ညီသွားပြီး မြင်စိတ်ဖြစ်လို့ မြင်လာရတာပါ။ စေတနာမပါရင် ဘာစိတ်မှ မဖြစ်လို့ စေတနာ ကလဲ စိတ်(၈၉)ခုလုံးမှာ ပါရပါတယ်။

ဝိညာဉ်ကလဲ ပဋိသန္ဓေတည်စက စပြီး ဖြစ်ပါတယ်။ ဒီပဋိသန္ဓေဝိညာဉ် ကြောင့် စိတ်တွေ အကုန်လုံး ဖြစ်ပါတယ်။ နာမ်ရုပ်တွေကလဲ ဝိညာဏ် ကြောင့်ပဲ ဖြစ်လို့ ပဋ္ဌာန်းအရကောက် ဆရာကြီးများက ဖဿ (၈၉)၊ စေတနာ (၈၉)၊ ဝိညာဉ် (၈၉)ရှိပါတယ်လို့ အာဟာရပစ္စည်းမှာ ကောက်ပြကြပါတယ်။ နာမ်အာဟာရပစ္စည်းဟာ နာမ်တရားရဲ့ အသက်ရှင်ရေးမှာ အင်မတန် ကျေးဇူးများ ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက ရုပ်အာဟာရနဲ့ နာမ်အာဟာရ (၂)မျိုး ခွဲခြားပြီး ဟောကြားတော်မူပါတယ်။ ဒီလောက်နဲ့ပဲ အာဟာရပစ္စည်းကို နိဂုံးချုပ် ကြပါစို့။

# ၁၆။ ဣန္ဒြိယပစ္စည်း

## ဣန္ဒြိယပစ္စည်း

ဣန္ဒြိယဆိုတာ အစိုးရတယ်ဆိုတဲ့ အဓိပ္ပာယ်ပါ၊ ဣန္ဒြိယဆိုတော့ အစိုးရတဲ့ ပစ္စည်းပါပဲ။ နာမ်တရား၊ ရုပ်တရားတွေမှာ အစိုးရတဲ့ နာမ်တရား၊ ရုပ်တရား၊ အစိုးမရတဲ့ နာမ်တရား၊ ရုပ်တရားလို့ ၂-မျိုးရှိပါတယ်။ နာမ်တရား ရုပ်တရားမှာ စိတ် (၈၉)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)ခုနဲ့ နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရား ၄-ပါးရှိပါတယ်။ ဥပမာ လူအများကြီးထဲမှာ အစိုးရဖွဲ့တဲ့အခါ လူနဲနဲနဲ့ လူ (၁၀)ယောက် (၁၅)ယောက်နဲ့ပဲ ဖွဲ့သလို နာမ်တရား၊ ရုပ်တရားတွေ အများကြီးရှိတဲ့အထဲမှာ အစိုးရဖြစ်နိုင်တဲ့ ရုပ်နာမ်တရား ဣန္ဒြေက (၂၂)ပါးပဲ ရှိပါတယ်။ ရုပ်ဣန္ဒြေနဲ့ နာမ်ဣန္ဒြေဆိုပြီး ရုပ်နာမ် ၂-ပါးရှိတဲ့ ခန္ဓာကိုယ်ကို နည်းမျိုးစုံနဲ့ မြတ်စွာဘုရားက ဟောထားတာပါပဲ။ ဝိဘင်းကျမ်းမှာတော့ ဣန္ဒြေ (၂၂)ပါးကို အကျယ်ဟောထားပါတယ်။ ရုပ်နာမ် ၂-ခုဖြစ်တဲ့ ခန္ဓာကိုယ် လောကမှာလဲ သူ့ကို အုပ်ချုပ်နေတဲ့ ရုပ်နာမ်အစိုးရက ရှိနေတော့ လုံးဝ လွတ်လပ်ရေး မရနိုင်ပါ၊ ရုပ်တရားရှိနေလို့ ရုပ်အစိုးရက ပါလာပါတယ်၊ နာမ်တရားရှိလို့ နာမ်အစိုးရကလဲ ပါလာပါတယ်။

## ရုပ်ဣန္ဒြေ

ရုပ်ဣန္ဒြေမှာ "စက္ခုန္ဒြိယံ"ဆိုတာ စက္ခုပသာဒ ဖြစ်ပါတယ်။ "စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော" ဆိုတော့ စက္ခုန္ဒြိယံ=စက္ခုပသာဒရုပ်က စက္ခုဝိညာဉ်ကို အစိုးရပါတယ်၊ ဒီလိုပါပဲ သောတိန္ဒြိယံ=သောတပသာဒရုပ်က သောတဝိညာဉ်ကို အစိုးရပါတယ်။ ဃာနိန္ဒြိယံ=ဃာနပသာဒရုပ်က ဃာနဝိညာဉ်ကို အစိုးရပါတယ်၊ ဇိဝှိန္ဒြိယံ=

ဇိဝှါပသာဒရုပ်က ဇိဝှါဝိညာဉ်ကို အစိုးရပါတယ်၊ ကာယိန္ဒြိယံ=ကာယပသာဒ ရုပ်က ကာယဝိညာဉ်ကို အစိုးရပါတယ်။ ဒီပသာဒရုပ် ၅-ခုကို ပုရေဇာတမှာ စက္ခာယတနံ။ပ။ ကာယာယတနံလို့ ခေါ်ပါတယ်။ စက္ခာယတန ဆိုတာကလဲ စက္ခုပသာဒရုပ်ပါပဲ၊ ဣန္ဒြိယပစ္စည်းမှာ စက္ခုပသာဒရုပ်ကိုပဲ စက္ခုန္ဒြေလို့ ခေါ်ပြန် ပါတယ်။ပ။ ကာယပသာဒရုပ်ကိုပဲ ကာယိန္ဒြေလို့ ခေါ်ပြန်ပါတယ်။

## ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ အပြောင်းအလဲ

ရုပ်ဣန္ဒြေမှာ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေလို့ ရှိပါသေးတယ်၊ ဣတ္ထိန္ဒြေဆိုတာက ရုပ်အစိုးရထဲမှာ ဣတ္ထိဘာဝရုပ်က ပဋိသန္ဓေမှာ ပါလာရင် မိန်းမအသွင်အပြင် မိန်းမအမူအရာ မိန်းမအနေအထိုင်ဟာ သူ့ဟာသူ ဖြစ်လာပါတယ်။ မိန်းမက ယောကျ်ားရုပ် ပြောင်းသွားတယ်ဆိုတာ ဘာဝရုပ် ပြောင်းသွားတာပါ၊ ပဋိသန္ဓေမှာ ဣတ္ထိဘာဝရုပ်နဲ့ မိန်းမအဖြစ် မွေးလာပြီး၊ ကြီးလာတဲ့ ပဝတ္တိအခါမှာ ကံကြောင့် ဣတ္ထိဘာဝရုပ်မှ ပုရိသဘာဝရုပ်သို့ ပြောင်းသွားလို့ မိန်းမက ယောကျ်ား ဖြစ်သွားပါတယ်။ ဒီလိုပဲ ယောကျ်ားက မိန်းမဖြစ်သွားပြန်တယ် ဆိုတာမှာလဲ ပဝတ္တိအခါမှာ ပုရိသဘာဝရုပ်က ဣတ္ထိဘာဝရုပ်ကို ပြောင်းသွားလို့ ယောကျ်ားဘဝကနေပြီး အသွင်အပြင်ကလဲ မိန်းမ၊ ဟန်အမူအရာကလဲ မိန်းမ အဖြစ် ပြောင်းသွားကြပါတယ်။ ဣတ္ထိဘာဝရုပ် ပုရိသဘာဝရုပ်တို့က ဣန္ဒြေ ထိုက်ပါတယ်၊ ရုပ်အစိုးရမှာ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဣတ္ထိန္ဒြေ၊ ဇီဝိတိန္ဒြေလို့ ရုပ်ဣန္ဒြေ ၈-ခု ရှိပါတယ်။

## ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ ဣန္ဒြိယပစ္စည်းမတပ်

ပဌာန်းပါဠိတော် ဣန္ဒြိယပစ္စည်းမှာ ပါတာက ရုပ်ဣန္ဒြေ ၆-ခုပဲ ပါပါတယ်။ ဣတ္ထိန္ဒြေနဲ့ ပုရိသိန္ဒြေဟာ ရုပ်ဣန္ဒြေ ၈-ပါးထဲမှာ ပါပြီး၊ ဘာဖြစ်လို့ ဣန္ဒြိယပစ္စည်း မတပ်သလဲလို့ မေးစရာ ဖြစ်လာပါတယ်။ ဒီအမေးကို ဖြေနိုင်ဖို့

အဘိဓမ္မာရဲ့ သဘာဝကို ရှင်းဖို့ လိုပါတယ်၊ စက္ခုပသာဒရုပ်ရှိမှ စက္ခုဝိညာဉ်စိတ်ဖြစ်ပါတယ်၊ စက္ခုပသာဒ အားနဲ့သွားရင် မျက်စိမှုန်လာတယ်၊ စက္ခုပသာဒ အားကောင်းရင် မျက်စိကြည်လင်တယ်၊ မျက်စိကိုခွဲပြီး ကုသတဲ့ အတတ်ပညာဟာ အခုခေတ်မှာ ထွန်းကားလာတယ်ဆိုပေမဲ့ စက္ခုပသာဒဆိုတဲ့ ကမ္မဇမှန်လို့ ခေါ်တဲ့ ကံကပေးတဲ့ မှန်ဟာ လုံးဝပျက်သွားတယ်ဆိုရင် ဆေးကုလို့ မရနိုင်တော့ပါ၊ အသက်ကြီးလို့ မျက်စိမှုန်လာတယ်ဆိုတာ ကမ္မဇမှန် အားနဲ့လာလို့ မှုန်လာတာပါ။ စက္ခုပသာဒရုပ်က စက္ခုဝိညာဉ်ကို အစိုးရတယ်ဆိုတာ တကယ်ပိုင်ပိုင်နိုင်နိုင် အစိုးရတာပါ၊ စက္ခုပသာဒမရှိရင် စက္ခုဝိညာဉ် ဘယ်လိုမှ ဖြစ်လို့မရတဲ့အပြင် စက္ခုပသာဒ လုံးဝ ချုပ်သွားရင်လဲ ဘယ်လိုမှ ပြုပြင်လို့ မရတော့ပါ။

စက္ခုပသာဒက စက္ခုဝိညာဉ်ကို အစိုးရပါတယ်။ တကယ်ပင်ရင်း စက္ခုပသာဒမရှိရင် စက္ခုဝိညာဉ်က ဖြစ်ကို မဖြစ်နိုင်လို့ စက္ခုဝိညာဉ်ကို အစိုးရတာပါ။ ဣတ္ထိဘာဝရုပ်ဆိုတာ ကံကြောင့်ဖြစ်တယ်၊ အစိုးရနိုင်တာကလဲ အမူအရာ အသွင်အပြင်လောက်ပဲ အစိုးရနိုင်တယ်၊ ဘာဝရုပ်က ပဝတ္တိအခါမှာ ယောကျ်ားဘဝက မိန်းမဘဝ၊ မိန်းမဘဝက ယောကျ်ားဘဝကို ပြောင်းသွားနိုင်ပါတယ်။ စက္ခုပသာဒက ပြောင်းလွဲလို့ မရတဲ့အပြင် အစားထိုးလို့လဲမရ၊ ထပ်ပြင်လို့လဲ မရနိုင်ပါဘူး၊ ဒါကြောင့် အမှန်တကယ် ပိုင်ပိုင်နိုင်နိုင် အစိုးရပါတယ်။

ဣတ္ထိဘာဝရုပ် ပုရိသဘာဝရုပ်တွေ ပြောင်းလဲသွားတယ်၊ လိင်ပြန်တယ်ဆိုတာ ဘုရားလက်ထက်တော်အခါကထဲက ရှိခဲ့ပါတယ်၊ ဝိနည်းပါဠိတော်မှာ ယောကျ်ားတွေ ရဟန်းဝတ်ကြလို့ ဦးပဥ္စင်းတစ်ပါး မိန်းမ ဖြစ်သွားပါတယ်။ မြတ်စွာဘုရားထံ သွားပြီး အရှင်တိဿဟာ မိန်းမ ဖြစ်သွားပါတယ်။ လူဝတ်လဲရမလား၊ ဘယ်လို လုပ်ရမလဲလို့ လျှောက်ထားပါတယ်။ ယောကျ်ားက မိန်းမဖြစ်သွားရင် "၁၀-ဝါရတဲ့ ရဟန်းယောကျ်ားဘဝဟာ ၁၀-ဝါရတဲ့ ရဟန်းမိန်းမအဖြစ် ခံယူစေ"လို့ ဘုရားမိန့်တဲ့အတွက် ဘိက္ခုနီကျောင်းကို လိုက်ပို့လိုက်ပါတယ်။ ဒီနေ့မှ ဘိက္ခုနီမဖြစ်ပေမဲ့ ရဟန်း ၁၀-ဝါရခဲ့တဲ့အတွက် ၁၀-ဝါရဘိက္ခုနီနဲ့ တန်းတူထားပြီး သူ့ထက် ငယ်သူတွေရဲ့ ရှိခိုးခံရပါတယ်၊ အဲဒီလို

ယောက်ျားဘဝက မိန်းမဘဝ ပြောင်းသွားတာ၊ မိန်းမဘဝက ယောက်ျားဘဝ ပြောင်းသွားတာတွေ ဘုရားလက်ထက်တော်ကပဲ ရှိခဲ့လို့ သိက္ခာပုဒ်ပညတ်ထားပါတယ်။ စက္ခုပသာဒရုပ် အပါအဝင်ဖြစ်တဲ့ ပသာဒရုပ် ၅–ခုနဲ့ ဘာဝရုပ်တို့ဟာ ဒီလို သဘောချင်း နဲနဲကွဲနေလို့ ဣန္ဒြိယပစ္စည်းမှာ ပုရိသိန္ဒြေနဲ့ ဣတ္ထိန္ဒြေကို မထဲ့တာ ဖြစ်ပါတယ်။

## ရုပ်ဇီဝိတိန္ဒြေ

ရုပ်ဣန္ဒြေကို ပေါင်းလိုက်ရင် စက္ခုပသာဒရုပ်၊ သောတပသာဒရုပ်၊ ဃာနပသာဒရုပ်၊ ဇိဝှါပသာဒရုပ်၊ ကာယပသာဒရုပ်ဆိုတဲ့ ပသာဒရုပ် (၅)ခုနဲ့ ဇီဝိတရုပ်ကို တွေ့ရတယ်၊ ရုပ် (၂၈) ခုထဲမှာ ဒီရုပ် (၆) ခုပဲ ဣန္ဒြိယပစ္စည်းတပ်ပါတယ်။ "စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော"လို့ဆိုတဲ့ စက္ခုန္ဒြိယံ၊ သောတိန္ဒြိယံ၊ ဃာနိန္ဒြိယံ၊ ဇိဝှိန္ဒြိယံ၊ ကာယိန္ဒြိယံဆိုတဲ့ ပသာဒရုပ် ငါးခုက ရုပ်ပစ္စည်းတရား၊ ဒွေးပဉ္စဝိညာဉ်သူတို့နဲ့ယှဉ်တဲ့ စေတသိက် ပစ္စယုပ္ပန်က နာမ်တရား ဖြစ်နေပါတယ်။ ပသာဒရုပ်က နာမ်တရားကို ကျေးဇူးပြုတဲ့အခါ ရုပ်က နာမ်ကို ကျေးဇူးပြုတဲ့ပစ္စည်း ဖြစ်နေတယ်။ ရုပ်ဇီဝိတိန္ဒြေမှာ "ကဋတ္တာရူပါနံ"လို့ ဆိုတယ်၊ ဒါကြောင့် ရုပ်ဇီဝိတိန္ဒြေက ကမ္မဇရုပ်ကို ကျေးဇူးပြုတဲ့အခါ ရုပ်က ရုပ်ကို ဣန္ဒြိယပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်။

ကမ္မဇကလာပ် (၉)စည်းထဲမှာ ပါတဲ့ ဇီဝိတရုပ်ဟာ စိတ်ကြောင့်လဲ မဖြစ်၊ ဥတုကြောင့်လဲ မဖြစ်၊ အာဟာရကြောင့်လဲ မဖြစ်၊ ကံကြောင့်သာ ဖြစ်တဲ့ရုပ် ဖြစ်ပါတယ်။ အဲဒီ ဇီဝိတရုပ်ကလဲ စက္ခုဒသကကလာပ်၊ သောတဒသကကလာပ်၊ ဃာနဒသကကလာပ်၊ ဇိဝှါဒသကကလာပ်၊ ကာယဒသကကလာပ်ဆိုတဲ့ ကလာပ်တိုင်းမှာ ပါပါတယ်။ အဲဒီလို ဇီဝိတရုပ်ဟာ ကလာပ်တိုင်းမှာ ပါတဲ့အတွက် ကဋတ္တာရုပ်ဆိုတဲ့ ကမ္မဇရုပ်ကို ဣန္ဒြိယပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်။ ဒါကြောင့် ကမ္မဇရုပ် အသက်ရှင်နေတာပါ။

## ရုပ်က ရုပ်၊ ရုပ်က နာမ် ကျေးဇူးပြုပုံကို ခွဲခြားဟောခဲ့

(၂၄)ပစ္စည်းမှာ ကျေးဇူးပြုပုံတွေကို သူ့နေရာနဲ့သူ သဘောပေါက်ဖို့ အရေးကြီးပါတယ်။ အာဟာရပစ္စည်းတုန်းက ခန္ဓာကိုယ်ဆိုတဲ့ စတုဇကာယ(၄)မျိုးလုံးကို ဩဇာက ကျေးဇူးပြုထားလို့ အသက်ရှင်တယ်၊ စတုဇကာယကို အာဟာရ အထောက်အပံ့သဘောနဲ့ ကျေးဇူးပြုလို့ ဩဇာရုပ်ဟာ အရေးကြီးပါတယ်။

"ကဋတ္တာရူပါနံ"အရ ကမ္မဇရုပ်အသက်ရှင်ဖို့ ဇီဝိတရုပ်က ဣန္ဒြိယပစ္စည်းနဲ့ ကျေးဇူးပြုတဲ့အတွက် ဇီဝိတရုပ်ဟာ အရေးကြီးပါတယ်၊ အကယ်၍ ဇီဝိတရုပ်သာ မရှိရင် ဣန္ဒြိယသတ္တိနဲ့ ကျေးဇူးမပြုရင် ရုပ်တရားတွေ သေသွားမှာပါ။ ဣန္ဒြိယပစ္စည်းကို ကြည့်ရင် ပသာဒရုပ်ငါးပါးမှာ ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုပုံနဲ့ ရုပ်ဇီဝိတိန္ဒြေမှာ ရုပ်တရားက ရုပ်တရားကို ကျေးဇူးပြုပုံကို မြတ်စွာဘုရားက ခွဲပြီး ဟောထားပါတယ်။

## အသညသတ်ပြဟ္မာ

ဒီလို ခွဲဟောထားတာက အသညသတ်ဘုံဆိုတာ ရှိလို့ပါ၊ အသညသတ်ဘုံဟာ နာမ်မရှိဘဲ ရုပ်သက်သက်သာရှိတဲ့ ဘုံဖြစ်ပါတယ်၊ ရုပ်သက်သက်သာ ရှိပေမဲ့ အသညသတ်ဘုံ ပြဟ္မာတွေကို သတ္တဝါထဲမှာပဲ ထဲ့ထားပါတယ်။ ဒီ့ပြင် ဘုံများမှာတော့ ရုပ်ရော နာမ်ပါ ရှိနေမှ သတ္တဝါလို့ ခေါ်ပါတယ်။ ရုပ်သက်သက်ဖြစ်တဲ့ အသညသတ်ပြဟ္မာကို ဘာဖြစ်လို့ သတ္တဝါလို့ သတ်မှတ်နိုင်သလဲ ဆိုရင် ဒီပြဟ္မာတွေမှာ ကမ္မဇရုပ်ရှိပါတယ်၊ ကမ္မဇရုပ်ထဲမှာ ပါတဲ့ ဇီဝိတရုပ်ကလဲ ရှိပါတယ်၊ အဲဒီ ကမ္မဇရုပ် အသက်ရှင်နေအောင် ဇီဝိတရုပ်က ဣန္ဒြိယသတ္တိနဲ့ ကျေးဇူးပြုပါတယ်။

"ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော"မှာ ဩဇာက ရုပ်တရားများကို အာဟာရသတ္တိနဲ့ ကျေးဇူးပြုတယ်လို့

ဆိုခဲ့ပါတယ်။ သူတို့မှာ အာဟာရအနေနဲ့ ဘာစားနေသလဲဆိုရင် ဗြဟ္မာကြီးတွေမှာ ကမ္မဇရုပ် ရှိပါတယ်၊ အဲဒီ ကမ္မဇရုပ်ထဲမှာ ဩဇာ ရှိနေပါတယ်၊ သူတို့ရဲ့ ကမ္မဇရုပ်ကို အသက်ရှင်အောင် ဩဇာက စောင့်ရှောက်ထားပါတယ်၊ အစိုးရတဲ့ ဇီဝိတရုပ်ကလဲ ဣန္ဒြိယသတ္တိနဲ့ ကျေးဇူးပြုထားပါတယ်၊ ဒါကြောင့် ဗြဟ္မာကြီးတွေကို သတ္တဝါထဲမှာ ထဲ့ထားပါတယ်။ ဒီလို "ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော"လို့ ဟောထားတဲ့အတွက် နာမ်နဲ့ ရုပ်ရှိတဲ့ သတ္တဝါတွေနဲ့ ရုပ်သက်သက်ရှိတဲ့ သတ္တဝါတွေပါ အကုန်လုံးပါသွားပါတယ်၊ အခု တင်ပြခဲ့တာတွေက ရုပ်ဣန္ဒြေ (၆)မျိုးက နာမ်တရားနှင့် ရုပ်တရားတွေကို ကျေးဇူးပြုပုံပါပဲ။

နာမ်ဣန္ဒြေတရားတွေက ၎င်းနာမ်ဣန္ဒြေတရားနဲ့ ယှဉ်တဲ့ သမ္ပယုတ္တဓမ္မ၊ အဲဒီ နာမ်တွေကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် ကမ္မဇရုပ်တို့ကို ဣန္ဒြိယသတ္တိနဲ့ ကျေးဇူးပြုပါတယ်၊ ရုပ် (၂၈)ခုမှာ ပသာဒရုပ်ငါးခုနဲ့ ဇီဝိတရုပ်သာ အစိုးရ ဖြစ်နိုင်ပါတယ်၊ ခန္ဓာကိုယ်မှာ ကြည့်ရင်လဲ သူတို့သာ အစိုးရတယ်ဆိုတာ ထင်ရှားပါတယ်။

## ပါဠိတော်ဟောပုံ

ဣန္ဒြိယပစ္စည်းမှာ ရုပ်ဣန္ဒြိယ၊ နာမ်ဣန္ဒြိယလို့ (၂)မျိုး ရှိပါတယ်။ ဣန္ဒြေ(၂၂)ပါးကို လေ့လာပြီးမှ နာမ်ဣန္ဒြိယနဲ့ ရုပ်ဣန္ဒြိယက ခွဲလို့ရမှာပါ။ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဇီဝိတိန္ဒြေဆိုတဲ့ (၈)ခုက ရုပ်ဣန္ဒြေပါ၊ ဇီဝိတိန္ဒြေမှာ ရုပ်ဇီဝိတိန္ဒြေနဲ့ နာမ်ဇီဝိတိန္ဒြေ (၂)မျိုး ရှိပါတယ်။ ရုပ်ဇီဝိတိန္ဒြေကို "ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော"လို့ ဟောသွားပါတယ်၊ နာမ်ဇီဝိတကိုတော့ "အရူပိနော ဣန္ဒြိယာ"မှာ ထဲ့ပြီး ဟောသွားပါတယ်။

မနိန္ဒြေ၊ သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ၊ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ တို့ဟာလဲ နာမ်ဣန္ဒြေ

ချည်းပါပဲ။ ရုပ်တ္တန္ဒြေကို "စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော"လို့ ဟောထားပါတယ်။ ဣတ္ထိန္ဒြေနဲ့ ပုရိသိန္ဒြေကို ဣန္ဒြိယပစ္စည်းထဲမှာ မဟောပါ၊ ဣန္ဒြေတော့ ထိုက်ပါတယ်။

## ဣန္ဒြိယပစ္စည်းနဲ့ ဣတ္ထိဘာဝ၊ ပုရိသဘာဝရုပ်

ဣတ္ထိဘာဝရုပ်နဲ့ ပုရိသဘာဝရုပ်ဟာ ပဋိသန္ဓေတည်စ ကလလရေကြည်က စပြီး ပါလာပါတယ်၊ ဒါပေမဲ့ မိန်းမ အမူအရာ အသွင်အပြင် မိန်းမရုပ်သဏ္ဌာန်ကိုသာ ဣတ္ထိဘာဝရုပ်က အစိုးရပါတယ်၊ ပုရိသဘာဝရုပ်ကလဲ ပဋိသန္ဓေတည်စကပဲ ပါလာပေမဲ့ ယောက်ျား အသွင်အပြင် အမူအရာသဏ္ဌာန်ကိုသာ အစိုးရပါတယ်။ ဒီနေရာမှာ အဋ္ဌကထာဆရာကြီးများရဲ့အဆိုက ဣန္ဒြိယပစ္စည်းထဲ မထဲ့တာဟာ ပဋိသန္ဓေတည်စ ကလလရေကြည်အခိုက်မှာ ဣတ္ထိဘာဝရုပ်ဟာ မျက်စိနဲ့ မမြင်နိုင်ကောင်းတဲ့ ရုပ် (၃၀)ထဲမှာပဲ ပါပါတယ်၊ ဒါပေမဲ့ ကလလရေကြည် အခိုက်အတန့်မှာ မိန်းမအသွင်အပြင် အမူအရာဆိုတာ မထင်ရှား၊ မသိနိုင်ပါဘူးတဲ့၊ ဒီအခိုက်အတန့်မှာ ဘာဝရုပ်က ရှိနေပြီး ပစ္စည်း တရားတော့ ရှိပါတယ်၊ ဣန္ဒြိယပစ္စည်းတပ်စရာ ပစ္စယုပ္ပန် မရှိသေးပါ၊ သူအစိုးရတဲ့ မိန်းမ အမူအရာ အသွင်အပြင်က ကလလရေကြည် အခိုက်အတန့်မှာ မရှိသေးလို့ အကျိုးတရား မရှိသေးခြင်း ဖြစ်ပါတယ်။ ဣန္ဒြိယပစ္စည်းမှာ ပစ္စည်း တရားရှိတဲ့ အခိုက်မှာ အကျိုးပစ္စယုပ္ပန်က ပေါ်ကိုပေါ်ရပါလိမ့်မယ်၊ စက္ခုပသာဒ ရှိရင် စက္ခုဝိညာဉ်စိတ်က ဖြစ်ကို ဖြစ်ရမယ်၊ အစိုးရတယ်ဆိုတာ တိုင်းသူပြည်သား ရှိမှ အစိုးရတယ်လို့ ဆိုနိုင်သလို ဣတ္ထိဘာဝနဲ့ ပုရိသဘာဝမှာ အစိုးရလို့ ပြောစရာ အကျိုးတရားက ပဋိသန္ဓေအခိုက်မှာ မပေါ်လာသေးပါ၊ ဘယ်အခါမှ အစိုးရသလဲဆိုရင် ပုံပန်းအသွင်အပြင် အမူအရာပေါ်လာမှ အစိုးရတယ်လို့ ဆိုနိုင်ပါတယ်၊ အသွင်အပြင် ပေါ်လာအောင် ဖော်နိုင်တာကလဲ ဣတ္ထိဘာဝရုပ်ကသာ ဖော်နိုင်တာပါ၊ ဒီပြင်ရုပ်က မဖော်နိုင်တော့ ပဝတ္တိအခါမှာ အစိုးရ ဖြစ်နိုင်ပါတယ်။ ပဋိသန္ဓေအခါမှာ အစိုးမရပါ၊ တကယ် အစိုးရတယ် ဣန္ဒြိယ

ပစ္စည်း ထိုက်တယ်ဆိုတာ ပဋိသန္ဓေအခါက စပြီး အခါခပ်သိမ်း အစိုးရ ဖြစ်ရမှာပါ၊ ဒါကြောင့် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယတို့လို မဟုတ်လို့ ဣတ္ထိဘာဝနဲ့ ပုရိသဘာဝရုပ်ကို ဣန္ဒြိယပစ္စည်းမှာ မထဲ့နိုင်ပါ။

## အရေးကြီးတဲ့ ရုပ်တရား (၈)ပါး

ဣန္ဒြိယပစ္စည်းဆိုတာ လူမှာ အရေးကြီးဆုံး ရုပ်ပိုင်းဆိုင်ရာ သဏ္ဌာန်ကို ဖော်ပြတာပါပဲ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ ယောကျ်ားဆိုရင် ပုရိသိန္ဒြေ၊ မိန်းမဆိုရင် ဣတ္ထိန္ဒြေ၊ နောက်ပြီး ဇီဝိတိန္ဒြေ၊ ဒီ (၈)ခုဟာ လူမှာ အရေးအကြီးဆုံးဖြစ်တဲ့ ရုပ်တရားတွေပါပဲ။ ဣန္ဒြိယပစ္စည်းမှာ ရုပ်တရား (၈)ခုလုံး မဟောပေမဲ့ (၆)ခုကို ဟောပါတယ်၊ ပုရိသိန္ဒြေနဲ့ ဣတ္ထိန္ဒြေ မပါပါ။ မြတ်စွာဘုရား ဣန္ဒြေ (၂၂)ပါးကို ဟောတဲ့အခါ လူရဲ့ ရုပ်ပိုင်းသဏ္ဌာန်မှာ အရေးအကြီးဆုံးနဲ့ စိတ်ပိုင်းဆိုင်ရာ အရေးအကြီးဆုံး တရားတွေအပြင် လောကုတ္တရာရေး လုပ်ငန်းစဉ်များပါ ထဲ့ပြီး ဟောထားပါတယ်။ လူ သို့မဟုတ် သတ္တဝါလို့ ခေါ်နိုင်ရအောင် ဒီ ရုပ်ဣန္ဒြေ (၈)ပါးကပဲ လူနဲ့ ခန္ဓာကိုယ်ကို အကောင်အထည် ဖော်ပါတယ်၊ ခန္ဓာကိုယ်ရုပ်ကို ကြည့်ရင် ပသာဒရုပ် (၅)၊ ဘာဝရုပ်(၂)နဲ့ ဇီဝိတရုပ်ဆိုတဲ့ ကမ္မဇရုပ်ပေါင်း (၈)ခုဟာ လူတွေရဲ့ အစွမ်းသတ္တိနဲ့ လုပ်လို့ဖြစ်တဲ့ ရုပ်မျိုး မဟုတ်ပါ။

လူက ဖန်တီးပြုလုပ်တဲ့ ပဋိသန္ဓေဆိုပြီး သတင်းစာထဲမှာ ပါတာဟာ သဘာဝတရားနဲ့ ဆန့်ကျင်တဲ့အတွက် အဘိဓမ္မာနဲ့ ဘယ်လို ယူဆမလဲလို့ တချို့က ပြောနကြပါတယ်။ "ဒါဟာ သဘာဝနဲ့ မဆန့်ကျင်ပါဘူး၊ မျိုးစေ့မပါဘဲ လုပ်တယ်လို့ သတင်းစာမှာ မပါပါဘူး၊ ယောကျ်ားမျိုးစေ့နဲ့ အမိမျိုးစေ့ကို ယူပြီးမှ အမိရဲ့ သန္ဓေကို တဖြေးဖြေး ပေါ်လာနိုင်တဲ့ ဓာတ်ငွေ့ကို လုပ်ယူတာပါ၊ မျိုးစေ့ကိုတော့ ဖန်တီးလို့ မရပါဘူး"လို့ အဖြေပေးလိုက်ပါတယ်။ ကမ္မဇရုပ်ဆိုတဲ့ မျိုးစေ့ပါရင် မိန်းမရုပ် ယောကျ်ားရုပ်ဆိုတာ ဖြစ်လာတာပါပဲ။

## ဟဒယဝတ္ထုရုပ်

သင်္ဂြိုဟ်မှာ ပသာဒရုပ် (၅)၊ ဘာဝရုပ် (၂)၊ ဇီဝိတရုပ်၊ ဟဒယဝတ္ထုရုပ် ဆိုပြီး ကမ္မဇရုပ် (၉)ခု ရှိပါတယ်၊ ဣန္ဒြိယထိုက်တဲ့တရားမှာ ကြည့်ရင် ဝတ္ထုရုပ် မပါပါ၊ ဒီပြင် ပစ္စည်းများမှာတော့ "ယံ ရူပံ နိဿာယ" ဆိုပြီး မနောဓာတ်နဲ့ မနောဝိညာဏဓာတ်က ဟဒယဝတ္ထုရုပ်ကို မှီပြီးဖြစ်တယ်လို့ ဟောထားပါတယ်။ ဒါကြောင့် ဟဒယဝတ္ထုရုပ် ရှိတယ်၊ မရှိဘူးဆိုပြီး အဘိဓမ္မာ အငြင်းအခုံ ဖြစ်ကြပါတယ်၊ ဣန္ဒြိယပစ္စည်းမှာ သတ္တဝါရဲ့ ရုပ်လုံးဖော်ရာမှာ ဣန္ဒြေ (၈)ပါးနဲ့ ဖော်ထားပါတယ်။ ဝတ္ထုဣန္ဒြေ ဆိုပြီး ဣန္ဒြိယပစ္စည်းထဲမှာ ဟဒယဝတ္ထုရုပ် မပါပါ၊ ဝတ္ထုရုပ်က မနောဓာတ် မနောဝိညာဏဓာတ်ရဲ့ မှီရာသာ ဖြစ်တယ်၊ ဣန္ဒြေထိုက်တယ်လို့ မဟောဘူး၊ မနောဝိညာဉ်ဆိုတာ ပဋိသန္ဓေက စဖြစ်လာတော့ အင်မတန် ကျယ်ဝန်းလှပါတယ်၊ ဒီ မနောဝိညာဉ်ဆိုတဲ့ စိတ်ကို ရုပ်တရားက အစိုးမရနိုင်တော့ ဟဒယဝတ္ထုရုပ်ဟာ ကမ္မဇရုပ်ဖြစ်ပေမဲ့ ဣန္ဒြေ (၂၂)ပါးထဲမှာ ထဲ့လို့ မဖြစ်နိုင်ပါ။ ဣတ္ထိန္ဒြေနဲ့ ပုရိသိန္ဒြေကတော့ ဣန္ဒြေ (၂၂)ပါးမှာ ပါနိုင်ပါတယ်။

## မနိန္ဒြေနဲ့ ဝေဒနာ

မနိန္ဒြေဆိုတာ စိတ်အကုန်လုံး ယူရပါတယ်၊ ဒါကြောင့် ပဋိသန္ဓေအခါ ရုပ်နဲ့နာမ်မှာ နာမ်က အစိုးရနေတော့ ဝတ္ထုရုပ်က ဣန္ဒြေမထိုက်နိုင်တော့ပါ၊ စိတ်အားလုံးဟာ ဣန္ဒြေထိုက်ပါတယ်၊ သုခိန္ဒြေက သုခဝေဒနာ၊ ဒုက္ခိန္ဒြေက ဒုက္ခဝေဒနာ၊ သောမနဿိန္ဒြေက သောမနဿဝေဒနာ၊ ဒေါမနဿိန္ဒြေက ဒေါမနဿဝေဒနာ၊ ဥပေက္ခိန္ဒြေက ဥပေက္ခာဝေဒနာ၊ ဒီဣန္ဒြေငါးပါးဟာ ဝေဒနာ ချည်းပါပဲ။

သတ္တဝါတစ်ယောက်မှာ ရုပ်ဇီဝိတနဲ့ နာမ်ဇီဝိတ (၂)မျိုးရှိရာမှာ (၂)မျိုးလုံး ဣန္ဒြိယပစ္စည်း ထိုက်ပါတယ်။ သတ္တဝါမှာ မနိန္ဒြေရှိရင် အသိစိတ်ဓာတ်ရှိတဲ့

သတ္တဝါ ဖြစ်လာပါတယ်၊ ဒီလို သတ္တဝါတစ်ယောက်ဖြစ်လာခဲ့ရင် ဝေဒနာ ခံစားမှုဆိုတာကလဲ ရှိလာပါတယ်၊ ဝေဒနာက သုခ=ချမ်းသာတာလဲရှိ၊ ဒုက္ခ= ဆင်းရဲတာလဲရှိ၊ သောမနဿ=ဝမ်းမြောက်ဝမ်းသာဖြစ်တာလဲရှိ၊ ဒေါမနဿ= စိတ်မချမ်းသာမှုလဲရှိ၊ ဥပေက္ခာ=စိတ်ချမ်းသာတာလဲမဟုတ်၊ စိတ်ဆင်းရဲတာလဲ မဟုတ်၊ ကြားထဲမှာ ညီမျှနေတဲ့ သဘောလဲ ရှိတယ်။ ဒီဝေဒနာ ငါးမျိုးကို ခံစားနေရမှာပါပဲ။

စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဇီဝိတိန္ဒြေ၊ မနိန္ဒြေဆိုတဲ့ ဣန္ဒြေ (၉) မျိုးနဲ့ သတ္တဝါတစ်ယောက်လို့ ဖြစ်လာခဲ့ရင် ဝေဒနာငါးမျိုးကို ခံစားလာရမှာ အမှန်ဖြစ်ပါတယ်၊ ဒါကလဲ သဘာဝအတိုင်း ဖြစ်လာတာပါ။ ဒီအထဲမှာ သုခတို့ သောမနဿတို့ဟာ ကောင်းတဲ့ ဝေဒနာလို့ ဆိုပေမဲ့ မြဲတဲ့ ချမ်းသာမျိုးမဟုတ်တဲ့အတွက် တကယ် ကောင်းတာလို့ မခေါ်နိုင်ပါ၊ ချမ်းသာတယ် ဝမ်းမြောက်တယ်ဆိုပေမဲ့ ချမ်းသာ မှုဟာ မြဲတဲ့ချမ်းသာမှု မဟုတ်ပါ၊ မြဲတဲ့ဝမ်းမြောက်မှုလဲ မဟုတ်ပါ။ ချမ်းသာမှု တွေက လောကီချမ်းသာမှုတွေဖြစ်တော့ သတ္တဝါဟာ ဒီချမ်းသာမှုတွေကို တကယ် ချမ်းသာမှုလို့သာ ထင်နေရင် ဘယ်နည်းနဲ့မှ ဒီဝေဒနာတွေမှ လွတ်ကင်းနိုင်မှာ မဟုတ်ပါ။ လွတ်မြောက်အောင် လုပ်ချင်တဲ့အခါ လွတ်မြောက်တဲ့လမ်း ရှိသလား ဆိုရင် ဆက်လက် တင်ပြပါ့မယ်။

## လွတ်မြောက်ရေးလမ်းစဉ် သဒ္ဓိန္ဒြေ

သဒ္ဓိန္ဒြေဆိုတာ သဒ္ဓါစေတသိက်ပါ၊ သဒ္ဓါက ယုံကြည်မှု၊ ဘုရားတရား သံဃာ ရတနာသုံးပါးကို စွဲမြဲယုံကြည်မှုပါ၊ ဘုရားအစစ်အမှန်၊ တရားအစစ် အမှန်၊ သံဃာအစစ်အမှန်ကို ကိုးကွယ်အားထားရာ အစစ်အမှန်လို့ ကြည်ညိုမှု သဒ္ဓါစေတသိက်ပါ၊ ဒီဝေဒနာတွေမှ လွတ်မြောက်နိုင်တဲ့ လမ်းစဉ်တွေထဲက သဒ္ဓါရှိဖို့က နံပါတ် (၁) အရေးကြီးပါတယ်၊ သဒ္ဓါဆိုတာ ယုံကြည်တဲ့အပိုင်းကို အစိုးရပါတယ်။

## ဝီရိယိန္ဒြေ

ဝီရိယိန္ဒြေဆိုတာ ဝီရိယစေတသိက်ဖြစ်ပါတယ်၊ ဝီရိယဆိုတာ ကြိုးစားမှု ပါပဲ။ သဒ္ဓိန္ဒြေပြီးမှ ဟောတော့ ဝီရိယကလဲ သဒ္ဓါ=ယုံကြည်မှုရှိတဲ့အတိုင်း ကောင်းတဲ့ ကြိုးစားမှု ဖြစ်ပါတယ်၊ ဒီဝီရိယက သူနဲ့ ယှဉ်ဘက်ဖြစ်တဲ့ စိတ် စေတသိက်ကို အစိုးရတာပါပဲ။ ဒါကြောင့်မို့ သဒ္ဓိန္ဒြေနဲ့ ဝီရိယိန္ဒြေဟာ သဟဇာတ ပစ္စည်းထဲမှာ ပါပါတယ်။

## ဣန္ဒြိယပစ္စည်း (၃) မျိုးနဲ့ ခွဲဝေပုံ

ဣန္ဒြိယပစ္စည်းကလဲ သဟဇာတိန္ဒြိယ၊ ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယလို့ (၃) မျိုးရှိပါတယ်၊ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေဆိုတဲ့ ဣန္ဒြေငါးပါးက ပုရေဇာတိန္ဒြိယ ဖြစ်ပါတယ်။ ပုရေဇာတပစ္စည်းလဲထိုက် ဣန္ဒြိယ ပစ္စည်းလဲ ထိုက်ပါတယ်၊ ရုပ်ဇီဝိတိန္ဒြေက အနန္တရမျိုးစတဲ့ ပစ္စည်းမျိုးတွေမှာ မပါနိုင်လို့ ရူပဇီဝိတိန္ဒြိယမျိုးဆိုပြီး သီးခြား ခွဲရပါတယ်။

နာမ်ဇီဝိတိန္ဒြေကို သဟဇာတထဲမှာ ထဲ့ရပါတယ်၊ ဇီဝိတစေတသိက်က သဗ္ဗစိတ္တသာဓာရဏစေတသိက် ဖြစ်တဲ့အတွက် ဘယ်စိတ်မှာမဆို အကုန်လုံးမှာ ယှဉ်ပါတယ်၊ ဇီဝိတစေတသိက်ရှိမှလဲ စိတ်ကဖြစ်လို့ ရနိုင်ပါတယ်၊ နာမ်တရားရဲ့ အသက်က ဇီဝိတစေတသိက်ပါပဲ။ ရုပ်တရားအသက်က ရုပ်ဇီဝိတ ဖြစ်တယ်၊ ဒါကြောင့် ပသာဒရုပ် ဘာဝရုပ်တွေကို ရုပ်ဇီဝိတက အသက်ရှင်စေတာပါ၊ အာဟာရပစ္စည်းမှာလဲ ရုပ်အာဟာရနဲ့ နာမ်အာဟာရ ရှိပါတယ်။

နာမ်ဇီဝိတက စိတ်တိုင်း စိတ်တိုင်းမှာ တပြိုင်နက် ဖြစ်တော့ သဟဇာတ မျိုးထဲမှာ ပါတယ်၊ ဝေဒနာကို ဣန္ဒြေ ငါးမျိုး ခွဲပေမဲ့ စေတသိက်ပိုင်းမှာ စေတသိက်ဆိုရင် ဝေဒနာတစ်ခုထဲ ပါပါတယ်၊ ဝေဒနာကလဲ စိတ်အားလုံးမှာ ပါတဲ့ စေတသိက်ဖြစ်တော့ ဝေဒနာဆိုတဲ့ အာရုံခံစားမှု ဝေဒနာစေတသိက် မရှိဘဲ ဘယ်စိတ်မှ မဖြစ်ပါ၊ ဝေဒနာစေတသိက်က သူနဲ့ သဟဇာတ ယှဉ်ဘော်

ယှဉ်ဘက်ဖြစ်တဲ့ နာမ်တရားတွေ စိတ္တဇရုပ် ကမ္မဇရုပ်တွေမှာ ဣန္ဒြိယပစ္စည်း တပ်နိုင်ပါတယ်။

## သတိန္ဒြေ

သတိန္ဒြေဆိုတာ သတိကောင်းတဲ့ စေတသိက်ပါ၊ ကောင်းတဲ့လုပ်ငန်း လုပ်မယ်ဆိုရင် (၁) သဒ္ဓါရှိဖို့ လိုပါတယ်၊ (၂) ဝီရိယဆိုတဲ့ ကြိုးစားမှုရှိဖို့ လိုပါတယ်၊ (၃) သတိကောင်းဖို့ လိုပါတယ်၊ သတိမရှိဘဲ မေ့မေ့လျော့လျော့ နေတဲ့သူဆိုရင် ကုသိုလ်ကောင်းမှု လုပ်မယ်ဆိုရင်လဲ တကယ် ကြီးကြီး ကျယ်ကျယ် ကုသိုလ်မျိုးကို မလုပ်ဖြစ်ပါ။ တို့ အသက်ကြီးလာပြီ၊ ဘယ်အချိန် ရောက်လာရင် ဘာလုပ်ရမယ်၊ တိုင်းပြည်အတွက် ဘာတွေ လုပ်ရမယ်၊ ဆွေမျိုး အတွက် ဘာတွေ လုပ်ရမယ်၊ လူငယ်တွေအတွက် ဘာတွေ လုပ်ရမယ်ဆိုတာ သတိကောင်းနေတဲ့ လူတစ်ယောက်မှ ဖြစ်လာနိုင်တာပါ၊ လူဖြစ်လာရင် မလွဲ မသွေ လုပ်ရမဲ့လုပ်ငန်းတွေ စိတ်တွေထဲမှာ အမြဲပေါ်နေမှ သတိရှိနေမှ လုပ်ဖြစ် မှာပါ၊ သတိမရှိဘဲ မေ့မေ့လျော့လျော့နေရင် လုပ်ရမဲ့ အလုပ်တွေ မလုပ်ဖြစ်နိုင် တော့ပါ၊ သဒ္ဓါနဲ့ ဝီရိယရှိပေမဲ့ သတိကောင်းဖို့ကလဲ အရေးကြီးပါတယ်။

## သမာဓိန္ဒြေ

သမာဓိစေတသိက်ဆိုတာ စိတ်အားလုံးမှာ ယှဉ်တဲ့ ဧကဂ္ဂတာစေတသိက် ကို ခေါ်တာပါပဲ၊ ဒါပေမဲ့ ဝိစိကိစ္ဆာစိတ်မှာ ရှိတဲ့ သမာဓိက ဣန္ဒြေမထိုက်ပါဘူး၊ သမာဓိအဆင့်အထိ ရောက်လာရင်တော့ တည်တံ့မှုနဲ့ တည်ငြိမ်မှု ရတာပါပဲ။ ကြီးကျယ်တဲ့လုပ်ငန်းတွေ လုပ်တဲ့အခါမှာ သဒ္ဓါ၊ သတိ၊ ဝီရိယဆိုတဲ့ အစိုးရ (၃) ခုထဲနဲ့ လုပ်လို့ မရသေးပါ၊ ကိုယ်လုပ်နေတဲ့ အလုပ်မှာ စိတ်ဝင်စားပြီး လုပ်တာဟာ သမာဓိကောင်းတဲ့ တည်ကြည်မှုပါပဲ၊ အလုပ်မှာ စိတ်ဝင်စားပြီး လုပ်တာနဲ့ စိတ်မဝင်စားဘဲနဲ့ လုပ်တာမျိုး ရှိတော့ စိတ်ဝင်စားပြီး တည်တည်တံ့တံ့

တဖြောင့်ထဲ လုပ်နိုင်တာဟာ သမာဓိရှိမှ ဖြစ်နိုင်တာပါ၊ ဒီနေ့တော့ အဘိဓမ္မာ လေ့လာတယ်၊ နောက်နေ့ မလေ့လာဘူးဆိုရင် ဒီလုပ်ငန်းက မအောင်မြင်နိုင်ပါ၊ ဒီလတော့ လုပ်မယ်၊ နောက်လတော့ မလုပ်ဘူးဆိုတာကလဲ သမာဓိ မရှိတာပါပဲ၊ ကေဂ္ဂတာသမာဓိက စိတ်တိုင်းမှာ ပါနေလို့ သူကလဲ အရေးကြီးပါတယ်။

## ပညိန္ဒြေ

ပညိန္ဒြေဆိုတာ ပညာစေတသိက်ပါ၊ ဒီပညာက လောကီပညာပဲ ရှိပါ သေးတယ်၊ လောကီပညာလဲ အမှန်တရားကို ဆုံးဖြတ်နိုင်ပါတယ်။ လုပ်ငန်း တစ်ခုမှာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိဆိုတဲ့ အစိုးရ (၄) မျိုးသာ ရှိပြီး ပညာအစိုးရ မရှိရင် အလုပ်တော့ လုပ်တယ်၊ အမှားအမှန် မဆုံးဖြတ်နိုင်သေးပါ၊ မှားတယ် မှန်တယ်လို့ ဆုံးဖြတ်ပေးမဲ့ ပညာအစိုးရမျိုး ရှိဖို့ လိုပါတယ်၊ လောကီပညာဟာ ထွက်ရပ်လမ်းလုပ်တဲ့ အခါမှာလဲ ဣန္ဒြေထိုက်ပါတယ်။ ဒီသဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာငါးမျိုးစုံတဲ့ အစိုးရအဖွဲ့မျိုးမှ လူတစ်ယောက် ရဲ့ တိုင်းပြည်တစ်ခုရဲ့ ထွက်ရပ်လမ်းမှာ အောင်မြင်မှု ပေးနိုင်ပါတယ်။

သို့သော် ဒီအစိုးရအဖွဲ့မှာ သဒ္ဓါလွန်တဲ့အခါလဲ ရှိပါသေးတယ်၊ ဣန္ဒြိယ ဆိုတာ သဒ္ဓါကို အုပ်ချုပ်ပေးတော့ သဒ္ဓါလွန်ရင် ဣန္ဒြေမထိုက်ပါ၊ အစိုးရ အဖွဲ့ထဲ မပါဝင်နိုင်ပါ၊ ဝီရိယကြိုးစားတာ လွန်မယ်ဆိုရင်လဲ ဣန္ဒြေ မထိုက်ပါ၊ ဝီရိယ လွန်တဲ့အခါ ဆန္ဒစောလို့ လုပ်ငန်းတွေ ပျက်နိုင်ပါတယ်၊ သတိကတော့ လွန်တယ် မရှိပါ။ ငါးမျိုးစုံတဲ့ အစိုးရအဖွဲ့မှာ သတိက အစိုးရအဖွဲ့ကို ထိန်းပေး တာပါပဲ။ သဒ္ဓါလွန်သလား ဝီရိယလွန်သလား၊ ဒါကို သတိက ညီမျှအောင် လုပ်ပေးပါတယ်၊ ဒါကြောင့် ဘုရားပရိနိဗ္ဗာန်စံခါနီးမှာ "ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ"လို့ အပ္ပမာဒ= မမေ့မလျော့ မပေါ့မဆဘဲ သတိတရားနဲ့ ပြည့်စုံကြပါလို့ သတိစေတသိက်ကို အရေးတကြီး မှာကြားခဲ့ပါတယ်။

သမာဓိကလဲ လွန်ကဲမှု ရှိပါတယ်၊ သမာဓိလွန်ရင် တရားထိုင်တဲ့အခါမှာ ပေါက်သွားတယ်ဆိုတာ ရှိတယ်၊ အမှားအမှန်ကို ဆုံးဖြတ်တဲ့ ပညာနဲ့ယှဉ်တဲ့ သမာဓိမျိုး မဟုတ်ရင် ပေါက်သွားတာပါပဲ၊ ဆရာသမားနဲ့ တတ်သိနားလည်တဲ့ ဆရာသမားနဲ့ ဆွေးနွေးပြီး လုပ်မယ်ဆိုရင်တော့ ဒီသမာဓိဟာ ဘယ်လို သမာဓိလဲဆိုတာ ပညာက ခွဲနိုင်ပါတယ်။

ပညာက ဣန္ဒြေငါးမျိုးမှာ အစိုးရတယ်ဆိုပေမဲ့ ပညာကလဲ လွန်တဲ့အခါ လွန်နိုင်ပါတယ်၊ သဒ္ဓါကို ပညာက ဖျက်တတ်ပါတယ်၊ အလှူလုပ်မယ်ဆိုရင် ဒီဘုန်းကြီး၊ ဘယ်လို ဘုန်းကြီးလဲ ဘာလုပ်တဲ့ ဘုန်းကြီးလဲလို့ ဖြစ်လာတော့ ပညာက တကယ့်ဘုန်းကြီးပဲ လှူချင်တာ၊ ဒါနဆိုတာ တကယ့်ပုဂ္ဂိုလ်ထူးကို လှူမှ ကုသိုလ်ထူးဖြစ်တာလို့ ဒါနနေရာမှာ ပညာဝင်လာပြီး သိပ်စိစစ်နေတဲ့အတွက် မလှူဖြစ်ဘဲနေတော့ ကုက္ကုစ္စဖြစ်ပါတယ်၊ ကုသိုလ်ဆိုတာ ဘယ်သူ့ပဲ လှူလှူ ဘာပဲလုပ်လုပ် ကောင်းတာလုပ်ရင် ကုသိုလ်ရပါတယ်၊ ပညာကလဲ လွန်တတ်တဲ့ တရားဖြစ်လို့ သတိနဲ့ ထိန်းရပါတယ်။

ဝေဒနာခံစားမှုတို့မှ လွတ်မြောက်အောင် ထွက်ရပ်လမ်း ဝိပဿနာလမ်း လုပ်တဲ့အခါ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာငါးမျိုးစုံတဲ့ အစိုးရ အရေးကြီးပါတယ်၊ ဒီငါးမျိုးစုံတဲ့ အစိုးရအဖွဲ့ တည်ထောင်ပြီး ဝိပဿနာလမ်းစဉ်ကို လုပ်မယ်ဆိုရင် ဘာဣန္ဒြေတွေ ဖြစ်လာမလဲ။

## အနညာတညဿာမီတိန္ဒြေ

အနညာတညဿာမိတိန္ဒြေဆိုတာ အနညာတ=မသိဘူးသေးတဲ့တရား၊ သံသရာတလျှောက် ဘယ်တုန်းကမှ မသိဘူးသေးတဲ့ တရား၊ ဉဿာမိ= သိရတော့မယ်လို့ အဓိပ္ပါယ်ရပါတယ်၊ သစ္စာလေးပါးကို သိတဲ့တရား၊ တကယ့် အမှန်တရားဖြစ်တဲ့ လောကုတ္တရာအရိယာသစ္စာကို သိတဲ့ ပညာပါပဲ၊ (၃၁)ဘုံမှာ ဘဝပေါင်း အသချေ်အနန္တ သံသရာတလျှောက်လုံး ဒီသစ္စာတရားကို ဘယ်တုန်း

အခါကမှ မသိခဲ့ဘူးသေးလို့ ဓမ္မစကြာတရားတော်မှာ "ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ"လို့ ဟောပါတယ်၊ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု=ရှေးအခါ ဘယ်တုန်းကမှ မကြားဘူးသေးတဲ့ တရားတို့ကို၊ စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ=သိလာပါပြီလို့ ဟောတော်မူတာပါ။ ဘယ်တုန်းကမှ မသိသေးတဲ့တရားကို သိတာက သစ္စာလေးပါးကို သိတဲ့ပညာပါပဲ၊ အနညာ-တညဿာ မိတိန္ဒြေဟာ လောကုတ္တရာပထမမဂ် သောတာပတ္တိမဂ်မှာ ယှဉ်တဲ့ ပညာစေတသိက်ပါပဲ။

## အညိန္ဒြေ

အညိန္ဒြေဆိုတဲ့ပုဒ်က ပါဠိမှာ အညာလို့ ရှိပါတယ်။ အာ-ရှေ့ရှိဆိုတဲ့ ဉာဓာတ်ပဲ။ သိပြီးသားတရားကို ထပ်ပြီး သိတယ်။ အညိန္ဒြေ=သိပြီးသား တရားကို ထပ်ပြီး သိတဲ့ ပညာလို့ ဆိုလိုပါတယ်၊ အရိယာတွေမှာ သောတာပန်က နိဗ္ဗာန်ကို ပထမဆုံး မြင်ပါတယ်၊ သကဒါဂါမ်နဲ့ အနာဂါမ် ဖြစ်လာတော့လဲ နိဗ္ဗာန်ကို ထပ်ပြီး မြင်ပါတယ်၊ သစ္စာလေးပါးကို ထပ်ပြီး သိပါတယ်၊ ဒီတော့ လောကုတ္တရာစိတ်ကို (၈)ခုခွဲ ဟောရာမှာ ပထမဆုံးက သောတာပတ္တိမဂ် ဖြစ်တယ်၊ အဲဒီနောက် သောတာပတ္တိဖိုလ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အနာဂါမိဖိုလ်, အရဟတ္တမဂ်ဆိုတဲ့ အလယ်လောကုတ္တရာစိတ် (၆)ခုမှာရှိတဲ့ ပညာဟာ အညိန္ဒြေပါပဲ။

## အညာတာဝိန္ဒြေ

အညာတာဝိန္ဒြေဆိုတာ အလယ်လောကုတ္တရာ ပညာ(၆)ခုက သိပြီးတဲ့ တရားကို နောက်ဆုံး အလုံးစုံ အပြီးသတ် သိတဲ့ပညာ=အရဟတ္တဖိုလ်(ရဟန္တာ) စိတ်နဲ့ယှဉ်တဲ့ ပညာပါပဲ။ အရဟတ္တဖိုလ်စိတ်ဆိုတဲ့ ကိလေသာအားလုံးမှ

ကင်းလွတ်နေတဲ့ ဝိညာဉ်တော်ဟာ ဘယ်တော့မှ မပျက်စီးတော့ဘူး၊ ကိလေသာ သန့်ရှင်းကြည်လင်နေတဲ့ စိတ်မို့ နိဗ္ဗာန်ကို တခါထဲ ရောက်သွားတယ်။

## ရဟန္တာနဲ့ အရဟတ္တဖိုလ်စိတ်

ရဟန္တာပုဂ္ဂိုလ်မှာ အရဟတ္တဖိုလ်စိတ် အမြဲ ဖြစ်နေတာ မဟုတ်ပါ၊ ဖိုလ်ဝင်စားနေတဲ့အခါမှာသာ အရဟတ္တဖိုလ်စိတ်က ဖြစ်ပါတယ်။ အရဟတ္တဖိုလ်က နိဗ္ဗာန်ကို အာရုံပြုတဲ့အတွက် အရဟတ္တဖိုလ်က တခြား၊ နိဗ္ဗာန်က တခြားပါ၊ ဒါပေမဲ့ တချို့ ပါဠိတော်တွေမှာ အရဟတ္တဖိုလ်ကို နိဗ္ဗာန်လို့ခေါ် ပါသေးတယ်၊ ဥပမာ–မင်္ဂလာတရားတော်မှာ အရိယသစ္စာန ဒဿနံဆိုတာ သစ္စာ(၄)ပါး တရားကို သိရတာဟာ မင်္ဂလာပါပဲ၊ အဲဒီ မင်္ဂလာတရားက ဘယ်ဘဝတုန်းကမှ မသိရသေးတဲ့ သစ္စာ(၄)ပါးဆိုတဲ့ အသိတစ်မျိုးကို သိတာပါ၊ တကယ့် အမှန်တရားကို သိရတာဟာ အင်မတန် ထူးမြတ်တဲ့ မင်္ဂလာပဲလို့ ဟောပြပြီး၊ 'နိဗ္ဗာနသစ္ဆိကိရိယာ'လို့ ဟောပြန်ပါတယ်။ အရိယသစ္စာန ဒဿနံဆိုတဲ့ မင်္ဂလာနဲ့ သကဒါဂါမိ အနာဂါမိသာမက သောတာပန်ကလဲ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့အတွက် နိဗ္ဗာနသစ္ဆိကိရိယာ= နိဗ္ဗာန်ကို မျက်မှောက်ပြုရတာ ဟာ မင်္ဂလာတစ်ပါးလို့ဆိုရာမှာ စာထပ်မနေဘူးလားလို့ မေးစရာ ဖြစ်လာ ပါတယ်။

နိဗ္ဗာနသစ္ဆိကိရိယာမင်္ဂလာမှာ နိဗ္ဗာန်ဆိုတာ အရဟတ္တဖိုလ်ကို ခေါ်တာပါ၊ အရဟတ္တဖိုလ်ရလို့ ရဟန္တာအဖြစ်ရောက်ရခြင်းဟာ သံသရာမှ လွတ်မြောက်ပြီး နောက်ဆုံးဘဝကို ရောက်ရခြင်း၊ ကိလေသာအားလုံး ကုန်သွားတဲ့ ဘဝ၊ ငြိမ်းချမ်းသွားတဲ့ဘဝကို ရောက်ရခြင်းထက် ကြီးကျယ်တဲ့ မင်္ဂလာ မရှိနိုင်ပါ၊ ကိလေသာအားလုံးမှ ကင်းရှင်းသန့်စင်နေတဲ့ အရဟတ္တဖိုလ်စိတ်ဆိုတာ နိဗ္ဗာန် ကို ဟောတာပါလို့ အဋ္ဌကထာဆရာများက ပြောကြပါတယ်။

လောကုတ္တရာစိတ်ထဲမှာ အရဟတ္တဖိုလ်စိတ်ဆိုတာ ကိလေသာအားလုံး သန့်ရှင်းကြည်လင်နေတဲ့ ရဟန္တာပုဂ္ဂိုလ်ရဲ့ စိတ်ဖြစ်ပါတယ်၊ အဘိဓမ္မာမှာ ဒီစိတ်က နိဗ္ဗာန်ကို အာရုံပြုနေတာပါ၊ အာရုံနဲ့ အာရမ္မဏိက တခြားစီပါ၊ သုတ္တန်နည်းမှာကတော့ အာရုံနဲ့ အာရမ္မဏိကကို တစ်ခုထဲယူပြီး ရဟန္တာက အရဟတ္တဖိုလ် ဝင်စားနေတဲ့အခါမှာ နိဗ္ဗာန်အာရုံပြုနေတော့ နိဗ္ဗာန်နဲ့နေတဲ့ ပုဂ္ဂိုလ်ဖြစ်နေပါတယ်။ ဒါကြောင့် ရဟန္တာကိုလဲ နိဗ္ဗာန်ရောက်နေတယ်၊ နိဗ္ဗာန် ရနေတယ်လို့ ပြောနိုင်ပါတယ်။

## ဣန္ဒြေ(၂၂)ပါးနဲ့ လုပ်ငန်းစဉ်

အညာတာဝိန္ဒြေကတော့ အရဟတ္တဖိုလ်စိတ်နဲ့ ယှဉ်တဲ့ပညာပါ၊ အနညာတညာဿာမိတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ ဆိုတဲ့ သုံးပါးဟာ လောကုတ္တရာ ဣန္ဒြေ ၃–ပါး ဖြစ်ပါတယ်။ (၁) စက္ခုန္ဒြေ၊ (၂) သောတိန္ဒြေ၊ (၃) ဃာနိန္ဒြေ၊ (၄) ဇိဝှိန္ဒြေ၊ (၅) ကာယိန္ဒြေ၊ (၆) ဣတ္ထိန္ဒြေ၊ (၇) ပုရိသိန္ဒြေ၊ (၈) ဇီဝိတိန္ဒြေ၊ (၉) မနိန္ဒြေ၊ (၁၀) သုခိန္ဒြေ၊ (၁၁) ဒုက္ခိန္ဒြေ၊ (၁၂) သောမနဿိန္ဒြေ၊ (၁၃)ဒေါမနဿိန္ဒြေ၊ (၁၄) ဥပေက္ခိန္ဒြေ၊ (၁၅) သဒ္ဓိန္ဒြေ၊ (၁၆) ဝီရိယိန္ဒြေ၊ (၁၇)သတိန္ဒြေ၊ (၁၈) သမာဓိန္ဒြေ၊ (၁၉) ပညိန္ဒြေတို့က လောကီဣန္ဒြေတွေပါ၊ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေဆိုတဲ့ ဣန္ဒြေငါးမျိုးက လောကုတ္တရာ ပညာရအောင် လုပ်တဲ့လုပ်ငန်းစဉ်ကို ဟောတာပါ။

(၁) စက္ခုန္ဒြေ၊ (၂) သောတိန္ဒြေ၊ (၃) ဃာနိန္ဒြေ၊ (၄) ဇိဝှိန္ဒြေ၊ (၅) ကာယိန္ဒြေ၊ (၆) ဣတ္ထိန္ဒြေ၊ (၇) ပုရိသိန္ဒြေ၊ (၈) ဇီဝိတိန္ဒြေ၊ (၉) မနိန္ဒြေ ဆိုတဲ့ ဣန္ဒြေ ၉–ပါးက ရုပ်နဲ့နာမ် ၂–ပါးရှိတဲ့ သတ္တဝါတစ်ယောက်ရဲ့ ဖြစ်ပုံပဲ ဖြစ်ပါတယ်၊ ရုပ်နဲ့နာမ်ရှိတဲ့ သတ္တဝါဟာ ဝေဒနာငါးမျိုးကို ခံစားရမယ်၊ ဒီဝေဒနာ တွေရဲ့ အုပ်ချုပ်တာကို ခံရမယ်၊ ဝေဒနာအစိုးရလက်အောက်က ထွက်မြောက် ချင်ရင် လုံးဝ လွတ်လပ်ရေးရချင်ရင် သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊

ပညိန္ဒြေဆိုတဲ့ ဣန္ဒြေငါးပါးကို ညီမျှအောင် ကြိုးစားရပါမယ်။ အဲဒီလိုကြိုးစားလို့ ဘယ်တုန်းကမှ မသိရသေးတဲ့ သစ္စာတရားကို သိရမယ်ဆိုတာ အနညာ တညဿာမိတိန္ဒြေပါပဲ။

ဒီပညာကို ရပြီးတဲ့ ပုဂ္ဂိုလ်အတွက် အများဆုံး (၇)ဘဝပဲ ရှိပါတော့တယ်။ သောတာပန်မှာလဲ ကြိုးစားပြီးကျင့်တဲ့ ဣန္ဒြေ အနုအရင့်ကိုလိုက်ပြီး အမျိုးအစား ကွဲသွားပါတယ်။ ဒီသဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာဆိုတဲ့ ဣန္ဒြေကို ကျင့်ကြံရာမှာ နူတည်ပြီးတော့ အလတ်စားပုဂ္ဂိုလ်မှာဆိုရင် (၂) ဘဝ (၃)ဘဝ ကြာမယ်၊ တကယ် အရင့်ကျက်ဆုံးပုဂ္ဂိုလ်ကျတော့ ဒီဘဝမှာ ရဟန္တာဖြစ်ပါတယ်။ သောတာပန် ၃-မျိုး၊ ဣန္ဒြေ ၃-မျိုး ထားတာဟာ ဘုရားလက်ထက်တုံးက ဘုရားဟောတဲ့တရားတစ်ပုဒ်ထဲနဲ့ ချက်ချင်းသောတာပန် ဖြစ်ပေမဲ့ သဒ္ဓါ၊ သတိ၊ ပညာစတဲ့ ဣန္ဒြေတွေ မရင့်ကျက်သေးတော့ (၇)ဘဝထိအောင် နေရတယ်လို့ ဆိုရပါတယ်။ ဝိပဿနာတရားကို နည်းမှန်လမ်းမှန် ကျင့်ကြံတဲ့ ပုဂ္ဂိုလ်များမှာ တစ်ခါထဲ ရဟန္တာဖြစ်နိုင်ပါတယ်၊ ရဟန္တာဖြစ်နိုင်တယ် ဆိုတာ နှစ်ပေါင်းများစွာ ကြိုးစားပြီး ကျင့်ကြံတဲ့ဣန္ဒြေ ရင့်ကျက်လို့ ဖြစ်တာပါ။ ဣန္ဒြေ ၂၂-ပါးနဲ့ သတ္တလောက ဖြစ်ပုံ၊ သတ္တလောကမှ ထွက်မြောက်ပုံများကို ဝိဘင်းကျမ်းမှာ စုံစုံလင်လင် ဟောပြထားပါတယ်။

## ရုပ်ဣန္ဒြိယ နာမ်ဣန္ဒြိယ

စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ ဇီဝိတိန္ဒြေ တို့က ရုပ်ဣန္ဒြိယပစ္စည်း ဖြစ်ပါတယ်။ ဣတ္ထိန္ဒြေနဲ့ ပုရိသိန္ဒြေတို့က ဣန္ဒြိယ ပစ္စည်းမှာ မပါပါ၊ နာမ်ဣန္ဒြေများမှာ ဇီဝိတိန္ဒြေက နာမ်ဇီဝိတစေတသိက် ဖြစ်ပါတယ်။ မနိန္ဒြေက စိတ်(၈၉)ခုလုံးမှာ ယှဉ်ပါတယ်၊ သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေဆိုတာ တရားကိုယ်ကောက်ရင် ဝေဒနာစေတသိက် တစ်ခုထဲ ရပါတယ်။ သဒ္ဒိန္ဒြေက သဒ္ဓါစေတသိက်၊ ဝီရိယိန္ဒြေ က ဝီရိယစေတသိက်၊ သတိန္ဒြေက သတိစေတသိက်၊ သမာဓိန္ဒြေက ဧကဂ္ဂတာ

စေတသိက်၊ ပညိန္ဒြေက လောကီပညာစေတသိက်၊ လောကုတ္တရာပညာမှာ စေတသိက်ကျတော့ ပညာပါပဲ၊ ဇီဝိတိန္ဒြေ၊ မနိန္ဒြေ၊ သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ၊ သဒ္ဓိန္ဒြေ၊ ဝိရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ၊ အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ ဆိုတဲ့ နာမ်တို့ကို တရားကိုယ်ကောက်ရင် ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာဆိုတဲ့ တရားကိုယ် (၈)ခုပဲ ရှိပါတယ်။

နာမ်ဣန္ဒြေ တရားကိုယ်(၈)ပါးဆိုတာ အရူပိနော=နာမ်ဖြစ်ကုန်သော။ ဣန္ဒြိယာ=ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာဟု ဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ၈–ပါးတို့သည်။ သမ္ပယုတ္တကာနံ ဓမ္မာနံ= သူနှင့်ယှဉ်ဘော်ယှဉ်ဘက် သမ္ပယုတ်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ= သူနဲ့တကွ ယှဉ်ဘော်ယှဉ်ဘက် တရားတို့ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ=စိတ္တဇ ရုပ် ကမ္မဇရုပ်တို့အားလည်းကောင်း။ ဣန္ဒြိယပစ္စယေန ပစ္စယော=ဣန္ဒြိယသတ္တိနဲ့ ကျေးဇူးပြုပါတယ်။

## ဇီဝိတစေတသိက်

ဇီဝိတစေတသိက်ဟာ စိတ် (၈၉)ခုလုံးမှာ ယှဉ်ပါတယ်။ နာမ်ဣန္ဒြေ ပစ္စည်းတွေက သဟဇာတမျိုးထဲမှာပါလို့ သဟဇာတိန္ဒြိယပစ္စည်း ဖြစ်ပါတယ်။ သဟဇာတမျိုးထဲမှာ ပါတယ်ဆိုတာ သဟဇာတမှာလဲ သူတို့ပါတယ်၊ ဣန္ဒြိယ မှာလဲ သူတို့ပါတယ်၊ ဒါကြောင့် သဟဇာတပစ္စည်းလဲ ထိုက်၊ ဣန္ဒြိယပစ္စည်းလဲ ထိုက်လို့ သဟဇာတိန္ဒြိယပစ္စည်း ဆိုပါတယ်၊ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေတို့ကတော့ ပုရေဇာတိန္ဒြိယမျိုးထဲမှာ ပါတယ်၊ ပုရေဇာတ ပစ္စည်းလဲထိုက်တယ်၊ ဣန္ဒြိယပစ္စည်းလဲ ထိုက်ပါတယ်။

ဇီဝိတစေတသိက်ဟာ သဟဇာတပစ္စည်းထဲမှာ ပါတယ်။ "စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော"ဆိုတော့ စတ္တာရော ခန္ဓာ=ခန္ဓာ ၄–ပါးဖြစ်ပါတယ်၊ ခန္ဓာ ၄–ပါးက ဝေဒနာ၊ သညာ၊ သင်္ခါရ၊

ဝိညာဉ်ဆိုတော့ သခ်ါရက္ခန္ဓာမှာ ဇီဝိတစေတသိက် ပါပါတယ်၊ ဇီဝိတစေတသိက် ပါရင် အတူတကွဖြစ်တဲ့ စိတ် (၈၉)ခုလဲ တပြိုင်နက်ထဲဖြစ်တော့ ပါရပါမယ်၊ စိတ္တဇရုပ်ကလဲ ပါရပါတယ်။

ပဋိသန္ဓေ ကလလရေကြည်တုန်းက ပဋိသန္ဓေဝိညာဉ်ဟာ ဝိပါက်စိတ် တစ်ခုခုဖြစ်တဲ့ ဝိညာဉ်ပါ၊ ဒီဝိညာဉ်မှာလဲ ဇီဝိတစေတသိက်ပါပြီး ကမ္မဇရုပ်ကို ကျေးဇူးပြုပါတယ်၊ ဒါကြောင့် အရူပိနော ဣန္ဒြိယာမှာ ဇီဝိတစေတသိက် က သူမှကြွင်းတဲ့ စေတသိက်၊ ကမ္မဇရုပ်တို့ကို ဣန္ဒြိယပစ္စည်းနဲ့ ကျေးဇူးပြု ပါတယ်။

## စိတ် စသည်

မနိန္ဒြေဖြစ်တဲ့ စိတ် (၈၉)ခုကို ဣန္ဒြိယပစ္စည်းယူရင် ပစ္စယုပ္ပန်တရားက စေတသိက် (၅၂)၊ ရုပ်မှာ စိတ္တဇရုပ်နဲ့ ကမ္မဇရုပ်တို့ဖြစ်ပါတယ်။ ဝေဒနာ စေတသိက်ကလဲ စိတ်အားလုံးမှာယှဉ်တဲ့ စေတသိက်ပါ၊ ဝေဒနာကို ဣန္ဒြိယ ပစ္စည်းယူရင် ပစ္စယုပ္ပန်က စိတ်(၈၉)၊ ဝေဒနာကြဉ်တဲ့ စေတသိက်(၅၁)ခု၊ စိတ္တဇရုပ် ကမ္မဇရုပ်ကို ယူရပါတယ်၊ ဒီလိုလှည့်ပြီး ယူနိုင်အောင် သင်္ဂြိုဟ်မှာ စိတ်ယှဉ်စေတသိက်ယှဉ်ကို သင်ပြကြရပါတယ်။

ပဋ္ဌာန်းသဟဇာတပစ္စည်းမှာ စိတ် စေတသိက်နဲ့ စိတ္တရုပ်တို့ဟာ အတူဖြစ် အတူပျက်ကြပါတယ်။ ကမ္မဇရုပ်ဟာ ပဋိသန္ဓေအချိန်မှာ ဝိပါက်စိတ်တွေနဲ့လဲ အတူဖြစ်ရပါတယ်၊ အရူပိနော ဣန္ဒြိယာမှာ ပဋ္ဌာန်းအဓိပ္ပါယ်ကို သိပ်ပြီး အသေးစိတ် လေ့လာတဲ့အခါ သဒ္ဓါကို ဣန္ဒြိယပစ္စည်းယူရင် ပစ္စယုပ္ပန်က ဘယ်တရားတွေလဲ၊ သတိကို ဣန္ဒြိယပစ္စည်းယူရင် ပစ္စယုပ္ပန်က ဘယ်တရား တွေလဲ စသဖြင့် ဣန္ဒြိယပစ္စည်းတရားကို တစ်လုံးစီ ပစ္စည်းမှာ ခွဲတတ်ရင် ပစ္စယုပ္ပန် နဲနဲစီ ကွဲသွားပါတယ်၊ စိတ်ယှဉ် စေတသိက်ယှဉ် ကွဲရင် နာမ်ဣန္ဒြေ ပစ္စည်းက ရှင်းပါတယ်။

## ဣန္ဒြေကို တိက်နဲ့ ဝေဖန်ပုံ

ဣန္ဒြိယပစ္စည်းက ကုသိုလ်မှာသာ အစိုးရတာရှိသလား၊ အကုသိုလ်မှာ အစိုးရတာ မရှိဘူးလားလို့ဆိုရင် အကုသိုလ်မှာလဲ အစိုးရတာ ရှိနိုင်ပါတယ်၊ ဣန္ဒြိယပစ္စည်းမှာ နာမ်ဣန္ဒြေ (၈)ပါး၊ ရုပ်ဣန္ဒြေ (၈)ပါးရှိပါတယ်။ ရုပ်ဣန္ဒြေက အဗျာကတတရားဖြစ်တယ်။ ဒါကြောင့် ရုပ်ဣန္ဒြေပစ္စည်းတပ်ရင် အဗျာကတတရားချည်းပဲ ဖြစ်ပါတယ်။ နာမ်ဣန္ဒြေမှာ နာမ်ဇီဝိတစေတသိက်ဟာ စိတ်အားလုံးမှာ ယှဉ်တော့ ကုသိုလ်ဇီဝိတိန္ဒြေ၊ အကုသိုလ်ဇီဝိတိန္ဒြေ၊ အဗျာကတဇီဝိတိန္ဒြေ အားလုံး ရှိနိုင်ပါတယ်။ မနိန္ဒြေကလဲ စိတ်(၈၉)ခုလုံးပဲ ဖြစ်လို့ ကုသိုလ်မနိန္ဒြေ၊ အကုသိုလ်မနိန္ဒြေ၊ အဗျာကတ မနိန္ဒြေလို့ ရှိနိုင်ပါတယ်။ သုခိန္ဒြေက သုခသဟဂုတ်ကာယဝိညာဉ်မှာရှိတဲ့ ဝေဒနာဖြစ်လို့ အဟိတ်ဖြစ်ပါတယ်။ အဟိတ်စိတ်မှာ ယှဉ်တဲ့ ဝေဒနာက အဗျာကတတရားပဲ ဖြစ်ပါတယ်။ ဒုက္ခိန္ဒြေက ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်မှာ ယှဉ်တဲ့ ဝေဒနာဖြစ်လို့ အဟိတ်ဝေဒနာက အဗျာကတပဲ ဖြစ်ပါတယ်။ သောမနဿိန္ဒြေကတော့ ကုသိုလ်မှာလဲရှိ၊ အကုသိုလ်မှာလဲရှိ၊ ဝိပါက်ကြိယာမှာလဲရှိလို့ ကုသိုလ် အကုသိုလ် အဗျာကတ အားလုံးမှာ ဖြစ်နိုင်ပါတယ်။

ဒေါမနဿဝေဒနာဟာ အကုသိုလ်မှာပဲရှိလို့ ဒေါမနဿိန္ဒြေက အကုသိုလ်သက်သက်ပဲ ဖြစ်ပါတယ်။ ဥပေက္ခာက ကုသိုလ် အကုသိုလ် ဝိပါက်ကြိယာမှာရှိလို့ ဥပေက္ခိန္ဒြေမှာ ကုသိုလ် အကုသိုလ် အဗျာကတ သုံးမျိုးဖြစ်နိုင်ပါတယ်။ သဒ္ဓိန္ဒြေ=သဒ္ဓါစေတသိက်ဟာ ကုသိုလ်မှာ ယှဉ်ပြီး အကုသိုလ်မှာ မယှဉ်လို့ ကုသိုလ်နဲ့ အဗျာကတမှာပဲ ဖြစ်ရပါတယ်။ ဝီရိယက ကုသိုလ် အကုသိုလ် အဗျာကတအားလုံးမှာ ယှဉ်လို့ ဝီရိယိန္ဒြေမှာ ၃-မျိုးရပါတယ်။

သတိန္ဒြေဆိုတဲ့ သတိကတော့ ကောင်းတဲ့ဘက်မှာသာ သတိရှိပါတယ်။ မကောင်းတဲ့နေရာမှာ လောကဝေါဟာရ သတိကတော့ ရှိပါတယ်။ အဘိဓမ္မာမှာ သတိဟာ အကုသိုလ်မှာ မရှိပါ။ ကုသိုလ်မှာပဲ ရှိပါတယ်၊ လူကြီးသူမ

များက "ပေါ့ပေါ့ဆဆ မနေနဲ့ သတိနဲ့ နေပါ"ဆိုတာ သတိနဲ့ နေရင် ကုသိုလ်ဘက်ပဲ ရပါတယ်၊ သတိကို အောက်မေ့တယ်လို့ မြန်မာပြန်ကြပါသေးတယ်။ အဘိဓမ္မာမှာ သတိကို "အပ္ပမာဒေန သမ္ပာဒေထ" သတိတရားနဲ့ နေရင် အကုသိုလ် မဖြစ်ရအောင် သတိနဲ့နေတာပါ၊ သတိက အကုသိုလ်မှာ မရှိပါ၊ ကုသိုလ်နဲ့ အဗျာကတမှာပဲ ရှိပါတယ်၊ သမာဓိန္ဒြေက ဧကဂ္ဂတာစေတသိက်ဆိုတော့ စိတ်အားလုံးမှာ ယှဉ်ပါတယ်။ ဒီတော့ အကုသိုလ်သမာဓိလဲ ရှိတဲ့အတွက် သမာဓိန္ဒြေက အကုသိုလ် ကုသိုလ် အဗျာကတ အားလုံးမှာ ရှိနိုင်ပါတယ်။ ပညိန္ဒြေ ပညာက ကုသိုလ်နဲ့ အဗျာကတမှာပဲ ယှဉ်လို့ ကုသိုလ်နဲ့ အဗျာကတမှာပဲ ရှိပါတယ်၊ ပညာက အကုသိုလ်မှာ မရှိပါ၊ နာမ်ဣန္ဒြေ ၈–ပါးထဲမှာ အကုသိုလ်ဣန္ဒြေ ရေတွက်ရင် အကုသိုလ်အစိုးရ ဖြစ်နိုင်တာက ဇီဝိတိန္ဒြေနဲ့ မနိန္ဒြေ၊ ဝေဒနာဆိုတဲ့ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေနဲ့ ဝီရိယိန္ဒြေ၊ သမာဓိန္ဒြေတို့ပဲ ဖြစ်ပါတယ်။

အဓိပတိပစ္စည်း အစိုးရတာကတော့ ပြိုင်ဘက်မရှိဘဲ အစိုးရတစ်ခုထဲ ရှိပါတယ်၊ ဆန္ဒကို အဓိပတိတပ်ရင် ဒီပြင် တရားတွေက ပစ္စယုပ္ပန်ဖြစ်သွားတာပဲ။ ဆန္ဒနဲ့ ပစ္စည်း ပြိုင်တူ ဖြစ်လို့ မရပါ၊ စကြာမင်းဟာ တစ်ကမ္ဘာလုံးကို သူတစ်ဦးတည်း အစိုးရသလိုပဲလို့ အဓိပတိကို ဥပမာပေးကြပါတယ်။

## ခန္ဓာကိုယ် ကမ္ဘာကြီး

ဣန္ဒြိယပစ္စည်းကျတော့ ပြိုင်ပြီး အစိုးရတာပါ၊ စက္ခုန္ဒြေက စက္ခုပသာဒ မြင်တဲ့နေရာမှာသာ အစိုးရတာ၊ ကြားတဲ့နေရာမှာ အစိုးရတာ မဟုတ်ပါ။ သောတိန္ဒြေကလဲ ကြားတဲ့နေရာမှာသာ အစိုးရတာ၊ မြင်တဲ့နေရာမှာ အစိုးရတာ မဟုတ်ပါ။ ဃာနိန္ဒြေကလဲ နံ့တဲ့နေရာမှာသာ အစိုးရတာ၊ မြင်တာကြားတာမှာ အစိုးရတာမဟုတ်ပါ၊ သူ့သဘောအရသာ အစိုးရပြီး သူ့နေရာနှင့်သူ အသီးသီး ပြိုင်ပြိုင်ပြီး အစိုးရလို့ ခန္ဓာကိုယ်မှာ မျက်စိက အစိုးရတစ်ခု၊ နားက အစိုးရ တစ်ခု၊ နှာခေါင်းက အစိုးရတစ်ခု၊ လျှာက အစိုးရတစ်ခု၊ ကိုယ်က အစိုးရ

တစ်ခု၊ စိတ်က အစိုးရတစ်ခု ဖြစ်ပါတယ်။ လောကဆိုတာ ဓာတုလောက၊ ခန္ဓာလောက၊ အာယတန လောကလို့ မြတ်စွာဘုရား ဟောကြားထားတော့ ဒီလောကဆိုတဲ့ ခန္ဓာကိုယ်ကြီးဟာ ကမ္ဘာကြီးတစ်ခုပါပဲ။

## ရုပ်အစိုးရနဲ့ နာမ်အစိုးရ

မြတ်စွာဘုရားက ဒီခန္ဓာကိုယ်ကမ္ဘာကြီးကို ပြိုင်တူ အုပ်စိုးနေတဲ့ အစိုးရတွေက ရုပ်အစိုးရနဲ့ နာမ်အစိုးရတွေပဲလို့ ဟောပါတယ်၊ ရုပ်အစိုးရ ၈–ခုရှိတာက ၈–ခုလုံးပြိုင်တူ သူ့နယ်နဲ့သူ အစိုးရတာပါပဲ၊ အခုခေတ် ပြည်ထောင်စု အစိုးရဖွဲ့သလို ခန္ဓာကိုယ်မှာ မျက်စိကလဲ သူ့အစိုးရနဲ့သူ၊ နားကလဲ သူ့အစိုးရနဲ့သူ၊ နှာခေါင်းကလဲ သူ့အစိုးရနဲ့သူ၊ ဒီပြည်ထောင်စုလေးတွေ ပေါင်းပြီးမှ ဇီဝိတိန္ဒြေနဲ့မနိန္ဒြေက ပြည်မအစိုးရဖြစ်ပြီး ခန္ဓာကိုယ် တစ်ကိုယ်လုံးမှာ ရှိပါတယ်။

ခန္ဓာကိုယ် ကမ္ဘာကြီးမှာ အစိုးရ ဖွဲ့ပြီးတဲ့အခါ သုခိန္ဒြေအစိုးရ၊ ဒုက္ခိန္ဒြေ အစိုးရ၊ သောမနဿိန္ဒြေအစိုးရ၊ ဒေါမနဿိန္ဒြေ အစိုးရ၊ ဥပေက္ခိန္ဒြေ အစိုးရ ဆိုတဲ့ အစိုးရမျိုးတွေက များတော့ ဖြစ်ချင်တဲ့ အစိုးရ ဖြစ်လာမှာပါ၊ သုခိန္ဒြေ ချမ်းသာတဲ့ အစိုးရတက်ချင် တက်လာပါမယ်၊ ဒုက္ခိန္ဒြေ ဆင်းရဲသားအစိုးရ တက်ချင်တက်လာမယ်၊ သောမနဿိန္ဒြေ ပျော်ပျော်ရွှင်ရွှင် အစိုးရ တက်ချင် တက်လာမယ်၊ ဒေါမနဿိန္ဒြေ အမြဲတမ်း ပူပန်နေတဲ့ အစိုးရ တက်ချင်တက် လာမယ်၊ ဥပေက္ခိန္ဒြေ ချမ်းသာတာလဲ မဟုတ်၊ ဆင်းရဲတာလဲ မဟုတ်တဲ့ အစိုးရ တက်လာချင် တက်လာမှာပါ။

ဝေဒနာဣန္ဒြေငါးပါးနဲ့ ရုပ်ဣန္ဒြေက ၈–ပါး၊ ဇီဝိတိန္ဒြေနဲ့ မနိန္ဒြေဆိုတဲ့ သတ္တလောကမှာ လွယ်လွယ်ပြောရရင် ဝေဒနာငါးမျိုးက ဆင်းရဲချင်လဲ ဆင်းရဲမှာ ပါ၊ ချမ်းသာချင်လဲ ချမ်းသာမှာပဲ၊ သဒ္ဓါစတဲ့ ဣန္ဒြေငါးပါးကို စဉ်းစားကြည့်ရင် ကောင်းတဲ့ အစိုးရလဲ ဖြစ်နိုင်ပါတယ်၊ ငါးခုထဲမှာ မကောင်းတဲ့ အစိုးရ ဖြစ်နိုင်တာက ၂–ခုပါလာတော့ မကောင်းတဲ့ အစိုးရလဲ ဖြစ်နိုင်ပါတယ်၊ ဒီငါးခုမှာ ဝီရိယက ဘာလုပ်ရ လုပ်ရ ကြိုးစားပြီးလုပ်မှာပဲ၊ ကုသိုလ်ကိုလဲ

လုပ်မှာပဲ၊ အကုသိုလ်ကိုလဲ လုပ်မှာပါ၊ သမာဓိကလဲ အကုသိုလ် ဖြစ်နိုင်ပါသေးတယ်၊ မကောင်းတာလုပ်တဲ့ လုပ်ငန်းဆိုတာ ပိုကာဆွဲတာမျိုး၊ ငါးမျှားတာမျိုးဟာ အကုသိုလ်သမာဓိတွေပါပဲ၊ ဒီလို ဝီရိယတို့ သမာဓိတို့ ခေါင်းဆောင်တဲ့ အကုသိုလ်အစိုးရ ဖြစ်လာတဲ့အခါ သဒ္ဓါ၊ သတိ၊ ပညာတို့ကတော့ မပါနိုင်ပါ။ သဒ္ဓါ၊ သတိနဲ့ ပညာတို့က ကုသိုလ်အစိုးရ သက်သက်တွေပါ၊ ဝီရိယနဲ့ သမာဓိဟာ ကောင်းတဲ့ အစိုးရအဖွဲ့မှာလဲ ပါတာပဲ၊ မကောင်းတဲ့ အစိုးရအဖွဲ့မှာလဲ ပါတာပါပဲ။

## ဗောဓိပက္ခိယတရားနဲ့ ဣန္ဒြေ

ဒါကြောင့်မို့ ဗောဓိပက္ခိယတရား ၃၇–ပါးမှာ ဣန္ဒြေ ၂၂–ပါးကို ဘုရားမဟောဘဲ သစ္စာလေးပါးတရားရဖို့ မဂ်တရား၊ ဖိုလ်တရားရဖို့နဲ့ ကောင်းတဲ့ လုပ်ငန်းတွေအတွက် သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ ဆိုတဲ့ ဣန္ဒြေငါးပါးကိုပဲ ဟောပါတယ်၊ ဗိုလ်ရွေးတဲ့အခါမှာလဲ သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ် ဆိုတဲ့ တရားငါးပါးပါပဲ၊ ဒီတရားငါးပါးဟာ ကောင်းတဲ့ လုပ်ငန်းမှန်သမျှမှာ အင်မတန် အရေးကြီးပါတယ်၊ ဒါကြောင့် ဣန္ဒြေထိုက်တဲ့အထဲမှာ သူတို့ကို ထဲ့ထားတာပါပဲ။

## အကုသိုလ်အစိုးရများ

ဣန္ဒြေငါးပါးမှာ သဒ္ဓါလွန်ကဲသွားရင် တဏှာဘက် နီးသွားပါတယ်၊ သဒ္ဓါလွန်တော့ အကုသိုလ်အစိုးရဘက် ရောက်သွားပါတယ်၊ ဝီရိယလွန်သွားတော့လဲ သိပ်ပင်ပန်းလာရင် ဒေါသဘက် ယိုင်သွားပြီး အကုသိုလ်အစိုးရဘက် ရောက်သွားပြန်ပါတယ်၊ သမာဓိလွန်သွားတယ်ဆိုရင်လဲ အေးငြိမ်းချမ်းသာတဲ့ ဘက်ကို အားများသွားတော့ ဝီရိယနဲသွားပြီး ဓိမ်ခံတဲ့ အကုသိုလ်ဘက် ရောက်

သွားနိုင်ပါတယ်။ ပညာလွန်ပြန်တော့လဲ အယူဝါဒ ဖောက်ပြန်ပြီး မှားသွားနိုင်ပါတယ်၊ ဒီသဒ္ဓါ ဝီရိယ သမာဓိနဲ့ ပညာတွေ လွန်ကဲလာတဲ့အခါမျိုးမှာ သတိက ထိန်းပေးရပါတယ်။ ဣန္ဒြေငါးပါးမှာ သတိက ထိန်းပေးနိုင်ရင် ကောင်းတဲ့ဘက် ပြန်ရောက်နိုင်ပါတယ်။ အကုသိုလ်တရားတွေမှာ ဣန္ဒြိယပစ္စည်း မထိုက်ဘူးလားဆိုတဲ့ အမေးရဲ့ အကျဉ်းချုပ်အဖြေက ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ ဝီရိယ, သမာဓိတို့ဟာ အကုသိုလ်ဣန္ဒြိယပစ္စည်းထိုက်ပါတယ်။

ဒေါမနဿိန္ဒြေက ခန္ဓာကိုယ်ကို အုပ်စိုးတဲ့အခါမှာ မကောင်းတာတွေ တွေးပြီး စိတ်ဆင်းရဲနေရပါတယ်၊ ဒီအခါမှာ အကုသိုလ် ဒေါမနဿဝေဒနာက ဣန္ဒြိယပစ္စည်း ထိုက်သွားပါတယ်၊ ပျော်ပျော်ရွှင်ရွှင်နဲ့ ဝမ်းမြောက်ဝမ်းသာ အကုသိုလ်လုပ်ငန်းတစ်ခုကို ဖြစ်မြောက်အောင် လုပ်တဲ့အခါမှာ အကုသိုလ် သောမနဿ ဝေဒနာကလဲ အစိုးရ ဖြစ်နိုင်ပါတယ်။ ဒီပြင်တရားတွေက နောက်လိုက်နေရတော့ အကုသိုလ် သောမနဿဝေဒနာက အုပ်စိုးနေတာပါပဲ၊ ဒုက္ခိန္ဒြေက အကုသိုလ်တော့ မဟုတ်ပါ၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ် ဖြစ်တဲ့ ဝေဒနာပါပဲ၊ ကိုယ်ဆင်းရဲမှု ဒုက္ခဝေဒနာခံစားရတဲ့အခါမှာ နာကျင်ကိုက်ခဲပြီး အော်ဟစ်နေတော့ ဒုက္ခိန္ဒြေက အုပ်စိုးနေတာပါပဲ၊ ဥပေက္ခာ ပြုနေပြန်တော့လဲ အကုသိုလ် ဥပေက္ခာ အစိုးရ အုပ်ချုပ်ခံနေရတာပါပဲ၊ ခန္ဓာကိုယ် ကမ္ဘာကြီးမှာလဲ ကောင်းတဲ့ အစိုးရသာမဟုတ်၊ မကောင်းတဲ့ အစိုးရတွေ ရှိတာပါပဲ၊ ဣန္ဒြိယပစ္စည်းက တော်တော့ကို စုံသွားပြီလို့ ထင်ပါတယ်၊ ဒီလောက်နဲ့ပဲ ဣန္ဒြိယပစ္စည်းကို နိဂုံးချုပ်ကြပါစို့။

# ၁၇။ ဈာနပစ္စည်း

## ဈာနပစ္စည်း

ပါဠိမှာ ယာနကို "ယာဉ်"လို့ ပြောင်းတယ်ဆိုတော့ "န"ကို ဉတစ်ခြမ်းပဲ့နဲ့ သတ်တာပါပဲ၊ မော်တော်ယာဉ်၊ လေယာဉ်၊ လှည်းယာဉ်ဆိုတဲ့ ဒီ "ယာဉ်" တွေဟာ မြန်မာစကားမဟုတ်ဘဲ ပါဠိယာနပုဒ်မှာပါတဲ့ "န"က ဉတစ်ခြမ်းပဲ့နဲ့ "ယာဉ်"လို့ ပြောင်းပြီး မြန်မာစကား ဖြစ်လာတာပဲ၊ ဒီလိုပဲ သတိသမ္ပဇာနက သတိသမ္ပဇဉ် ဖြစ်တယ်၊ ဝိညာဏက ဝိညာဉ် ဖြစ်တယ်ဆိုတာတွေဟာ ပါဠိကလာတဲ့ စကားလုံးတွေမို့ နငယ်က ဉတစ်ခြမ်းပဲ့နဲ့ သတ်လိုက်တာချည်း ပါပဲ၊ အဲဒီလို နငယ်ကို ဉတစ်ခြမ်းပဲ့နဲ့ ပါဠိပျက် သတ်ရိုးထုံးစံရှိပါတယ်။ ဒါပေမဲ့ ထူးခြားတာက မြန်မာနိုင်ငံမှာ ဈာန-ကိုတော့ "ဈာဉ်"လို့ မြန်မာ မပြန်ပဲ "ဈာန်"လို့ ဘာသာပြန်ကြပါတယ်။

## ဈာနအဓိပ္ပါယ်

ဈာနဆိုတဲ့ ပါဠိကို မြန်မာက "ရှုးရှုးစိုက်စိုက် ရှုကြည့်တာ"လို့ ဆိုပါ တယ်။ သမထတရားအားထုတ်တဲ့ ပုဂ္ဂိုလ်, သမာဓိတရားအားထုတ်တဲ့ ပုဂ္ဂိုလ် များက အာရုံတစ်ခုမှာ တည်တံ့အောင် ကြည့်နေတာဟာ ဈာနပဲ ဖြစ်ပါတယ်။

ဈာနကို နောက်တစ်မျိုး အဓိပ္ပါယ်ပြန်ကြပါသေးတယ်။ ဈာန်တရားကို အားထုတ်တာဟာ ကိလေသာတွေကို ဘေးဖယ်ပစ်လိုက်တာပါ၊ တစ်နည်းက ကိလေသာတွေကို မီးရှို့ပစ်လိုက်တာပါလို့ ဒီလိုယူဆကြပါတယ်။ ဈာန်တရားကို အားထုတ်လို့ သမာဓိရှိနေဆဲမှာ ကိလေသာက မရှိပါ၊ အဲဒီကိလေသာကို

ဝိက္ခမ္ဘနပဟာန်နဲ့ ပယ်ထားပါတယ်။ သမာဓိပျက်ရင်တော့ ကိလေသာက ပြန်ရောက်လာတာပါပဲ။

## ချာန်ဆိုတာ မတည်မြဲ

သီဟိုဠ်ခေတ်တုန်းက ဈာန်ရတဲ့ ပုဂ္ဂိုလ်တွေ တော်တော်များတယ်။ ကိုရင်တွေတောင် ဆွမ်းခံကြွရင် ဈာန်နဲ့ ကောင်းကင်က ကြွကြပါတယ်။ ကိုရင်လေးတစ်ပါးက ဈာန်နဲ့ပဲ ဆွမ်းခံကြွတာများတော့ ဆရာက "ကိုရင် တော်တော်အပျံဆန်း၊ အကန်းမနဲ့ ညားလိမ့်မယ်"လို့ ဆိုလိုက်ပါတယ်။ ဒီလိုဆိုပေမဲ့လဲ ကိုရင်က သူကြွနေကျအတိုင်း ဈာန်နဲ့သာ ဆွမ်းခံကြွတော့ တစ်နေ့မှာ သူဆွမ်းခံကြွမဲ့ ရွာမရောက်ခင် ယက်ကန်းသမများရွာကို ဖြတ်ပြီး ပျံသွားတဲ့အခါ ယက်ကန်းသမတစ်ဦးရဲ့ သီချင်းသံကို ကြားပြီး၊ သာယာမိသွားပါတယ်။ ကောင်းကင်ပျံနေတဲ့ သမာဓိဟာ သီချင်းသံကိုကြားတော့ ဈာန်က လျှောပြီး တခါထဲ အောက်ကိုကျပါတော့တယ်။ သူ့ကို ဝိုင်းပြီး မေးကြစမ်းကြတော့ သီချင်းသံကို ကြားတာနဲ့ သာယာမိလို့ ဈာန်က လျှောပါတယ်လို့ ဆိုတယ်။ ဒါနဲ့ သီချင်းဆိုတဲ့ ယက်ကန်းသမလေးနဲ့ ပေးစားလိုက်ပါတယ်။ တစ်နေ့ လုပ်ငန်းခွင်မှာ လူကလဲ မောပန်းနေတယ်၊ ထမင်းကလဲ ဆာနေပါတယ်။ ယက်ကန်းသမလေး ထမင်းလာပို့တာ နောက်ကျတယ်ဆိုပြီး ဒေါသအလျောက် ယက်ဖောက်ရစ်တံနဲ့ ပစ်လိုက်တာ ယက်ကန်းသမကလေး မျက်စိကို မှန်ပြီး မျက်စိပျက်သွားပါတယ်။ ဒါက ဈာန်ဆိုတာ ကောင်းကင်ပျံနိုင်ပေမဲ့ အားကိုးထိုက်တဲ့တရား မဟုတ်ဘူးဆိုတာ သက်သေတစ်ခုပါပဲ။

ဈာန်ဟာ စူးစူးစိုက်စိုက် ရှုကြည့်တတ်တဲ့ တရားဆိုတော့ ကုသိုလ်လုပ်ငန်း အကုသိုလ်လုပ်ငန်း (၂)မျိုးလုံးမှာ ပါနေပါတယ်။ ဈာန်က ကိလေသာကို လောင်ကျွမ်းစေတယ်၊ ကိလေသာကို မီးမြှိုက်တယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ယူရင်တော့ ကုသိုလ်အလုပ်မှာပဲ ရပါတယ်။

## ဈာန်အင်္ဂါငါးပါး

ဒီတော့ ကုသိုလ် အကုသိုလ် နှစ်ဖက်လုံးရအောင် ယူမယ်ဆိုရင် စူးစူးစိုက်စိုက် ရှုကြည့်မှုဆိုတဲ့ သဘောတရားဟာ ဈာန်ပါပဲ။ ဈာန်အင်္ဂါက ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာလို့ ငါးပါးရှိပါတယ်။ သင်္ဂြိုဟ်မှာလဲ ဒီငါးပါးပဲပြပါတယ်။

စူးစိုက်မှုကို ဈာန်ဆိုတော့ ဝိတက်က ကုသိုလ် အကုသိုလ်(၂)မျိုးလုံးမှာ ရှိတယ်။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဆိုတဲ့ ဒီစေတသိက်တွေအားလုံးကလဲ စူးစိုက်မှုဈာန်နဲ့လုပ်တဲ့ ကုသိုလ်အကုသိုလ်(၂)မျိုးလုံးမှာ ပါပါတယ်။ ဈန်တရားပဲ လုပ်လုပ် ကုသိုလ်လုပ်ငန်းတစ်ခုခုကို လုပ်မယ်ဆိုရင် လုပ်ငန်းတွင်ကျယ်စေတဲ့ လုပ်ငန်းမှာ ပါသင့်တဲ့ သဒ္ဓါကတော့ မပါပါ၊ ဈာန်အင်္ဂါထဲမှာ ဝီရိယစေတသိက်၊ သတိစေတသိက်၊ ပညာစေတသိက်တွေလဲ မပါပါ၊ စူးစိုက်ကြည့်ရှုမှုမှာ သမာဓိဆိုတဲ့ ဧကဂ္ဂတာစေတသိက် သမာဓိန္ဒြေကတော့ ပါပါတယ်။ ဒီတော့ ဈာန်အားထုတ်တဲ့အခါမှာ ဘာဖြစ်လို့ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ ပညာတို့က မပါရသလဲ၊ ဈာန်တရားဟာ လွယ်တဲ့ အလုပ်လား၊ သမာဓိအလုပ်ဟာ ပညာနဲ့ မဆိုင်လို့လားလို့ စဉ်းစားဖို့ပါပဲ။ ဒီလိုပဲ စဉ်းစားဖြစ်ခဲ့ပါတယ်။

## ဝိတက်

တရားအားထုတ်တဲ့အခါ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ ပညာတို့က မပါဘူးလားဆိုတော့ ဈာန်ရဖို့ ဈာန်အင်္ဂါထဲမှာတော့ မပါပါ။ မပါခြင်းအကြောင်းကို ကုသိုလ်ဖက်က ပြန်ရှင်းပြပါမယ်။ ပထမဆုံး တရားထိုင်တော့မယ်ဆိုရင် ထွက်လေဝင်လေကို မှတ်တဲ့အခါ တရားထိုင်စ မရှိတဲ့ပုဂ္ဂိုလ်မှာ စိတ်က ဘယ်လိုပြေးနေသလဲ။ အိမ်ကို ပြေးသွားတယ်။ အလုပ်ခွင်ကို ပြေးသွားတယ်။ ဈေးကို ပြေးသွားတယ်။ ဒီလို ပြေးတဲ့ စိတ်ကို "မင်းမသွားနဲ့ ဒါကို မှတ်"ဆိုပြီး ပြေးတဲ့ စိတ်ကို ထွက်သက်ဝင်သက်ပေါ် ဆွဲတင်ပေးနေတယ်။ ဒီလို သမထရဲ့

အာရုံဖြစ်တဲ့ အာနာပါနကို ဆွဲဆွဲတင်ပေးနေတာက ဘယ်သူ့အလုပ်လဲဆိုတော့ ဝိတက်ရဲ့ လုပ်ငန်းပါ။ ဝိတက်စေတသိက်ရဲ့ လက္ခဏာကတော့ စိတ်ကို အာရုံပေါ်သို့ တင်ပေးမှုပဲ ဖြစ်ပါတယ်။ ဒီအချိန်မှာ သမထ တရားထိုင်တဲ့ ပုဂ္ဂိုလ်မှာ ဝိတက်ဟာ ခေါင်းဆောင်ပါပဲ။

ဝိတက်များတယ်ဆိုတာက အိပ်လို့ မပျော်နိုင်အောင်ပဲ အကြံအစည် စိတ်ကူးတွေက များနေတယ်။ စိတ်ကူးတယ်ဆိုတဲ့ ဗမာစကားဟာ ဝိတက်ရဲ့ အဓိပ္ပါယ် မှန်ပါတယ်။ စိတ်ကလေးက သားဆီသွား၊ သမီးဆီသွား၊ အလုပ်ဆီ သွား၊ စိတ်ကလေးက အာရုံတစ်ခုက အာရုံတစ်ခုကို ကူးနေတာ။ လူဆိုတာကလဲ တစ်သက်လုံး စိတ်ကူးနေတယ်ဆိုတော့ စိတ်က တစ်နေရာထဲ မနေပဲ ထွက်ပြေး နေပါတယ်။

ဝိသုဒ္ဓိမဂ်မှာ ဥပမာပြတာက နို့ညှစ်မယ်ဆိုတော့ နွားကလေးကို မိခင် နွားမကြီးနို့ကို စို့ခိုင်းလိုက်တယ်၊ နို့သက်လာတဲ့အခါမှာ ဖမ်းပြီး ကြိုးနဲ့ တိုင်မှာ ချည်ထားလိုက်တော့ နွားကလေးဟာ ကြိုးရှည်သလောက် တိုင်ကို ပတ်ပတ်ပြီး ပြေးနေတယ်။ ပြေးတာကြာတော့ မောလာတဲ့အခါမှာ ဘယ်မှ မသွားတော့ပဲ တိုင်နားမှာပဲ အိပ်ပြီး နေသလို စိတ်ကလေးကလဲ ထွက်ထွက် ပြေးနေရာက အာရုံကို ပြန်ပြန်သွင်းယူတော့ ငြိမ်လာပါတယ်။ မပြေးတော့ဘဲ ကိုယ်ထားချင်တဲ့ စိတ်က ထားတဲ့နေရာမှာပဲ နေပြီဆိုတော့ ဒါက ပဌမဈာန် ရသွားပါပြီ။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါငါးပါးနဲ့ ယှဉ်တဲ့ ပဌမဈာန်ရပြီ။

ဒုတိယဈာန်ရောက်တော့ ဝိတက်ကို ပယ်တယ်ဆိုတော့ ဘယ်သူကမှ ပယ်တာမဟုတ်ဘဲ အာရုံက ထားချင်တဲ့ နေရာမှာ နေသွားပြီမို့ ပြေးသွားနေတဲ့ စိတ်ကို ဆွဲတင်ပေးရတဲ့ ဝိတက်ရဲ့ လုပ်ငန်း မရှိတော့တာပါပဲ။

## ဝိစာရ

ရှေ့တစ်ဆင့်တက်ပြီး လုပ်တဲ့ လုပ်ငန်းကတော့ ဝိစာရရဲ့ လုပ်ငန်းပါပဲ။ ဝိစာရကတော့ အာရုံကို သုံးသပ်နေတာပါ။ ဝိတက်လုပ်ငန်းပြီးတော့ အာရုံပေါ်မှာ

စိတ်က မပြေးဘဲ ရပ်နေတယ်။ ဒီလို ရပ်နေတဲ့ အခါကျတော့ ဒုတိယစျာန်မှာ ဝိတက်မလိုတော့ဘဲ ဝိစာရက ငြိမ်နေတဲ့ အာရုံကိုပဲ ထပ်တလဲလဲ သုံးသပ်နေပါတယ်။ ဒီလို သုံးသပ်နေတာကြာတော့ စိတ်က သိပ်ပြီး ငြိမ်လာပါတယ်။ ဒီအခါ ဝိစာရက အာရုံပေါ်မှာ သုံးသပ်စရာ မလိုတော့ဘဲ သူ့ဘာသာသူ ငြိမ်နေတော့ ပီတိဖြစ်လာပါတယ်။

## ပီတိ

ပီတိက ဒီအာရုံနဲ့ နေရတာကို အလွန် ကျေနပ်နှစ်သိမ့်နေတယ်။ ဒီအာရုံကို ရွှေ၊ ငွေ၊ စိန်တွေထက် နှစ်သက်တယ်။ မြတ်နိုးတယ်။ ဒီအာရုံမှာ သိပ်ပြီး ကျေနပ်နေတော့ ဝိစာရလဲ သုံးသပ်ဖို့ မလိုတော့ပါ။ ဝိစာရ သုံးသပ်တယ်ဆိုတာလဲ သိပ်ပြီး မကြိုက်သေးလို့ ဝိစာရက ဆွယ်ပေးရတာမျိုးပါ။ ပီတိဖြစ်လာတော့ အာရုံကို နှစ်သက်တာမှာ တွန်းချလို့ မဆင်းတော့ဘဲ စိတ်က အာရုံကို ကပ်နေတော့ ဝိစာရက သုံးသပ်စရာ မလိုတော့ပါ။ တတိယစျာန် ပီတိဆိုတဲ့ ဒီအာရုံနဲ့နေရရင် ဘယ်လောက်ကြာကြာ ထိုင်ရ ထိုင်ရ (၄)နာရီ (၅)နာရီထိုင်နေရလဲ ထိုင်နိုင်ပါတော့တယ်။ လောကမှာ ဘိန်းစွဲတယ်ဆိုတာက ဒီလောက် မစွဲနိုင်ပါ။ ဒီအာရုံကလေးကို သဘောကျနေတာဟာ ဝိတက်လဲ မလို၊ ဝိစာရလဲ မလို၊ ပီတိဖြစ်နေတာပါ။ သို့ပေမဲ့ ဒီပီတိကို ခွါရမှာပါ။ တချို့က ပီတိအဆင့် ရောက်လာရင်ပဲ တရားပေါက်သလိုလို ဘာပဲ ဖြစ်သလိုလို ပြောတတ်ကြပါတယ်။ ဒီအချိန်မှာ သမထသက်သက် ပီတိ, သုခ, ဧကဂ္ဂတာ ဆိုတဲ့ တတိယစျာန် သမာဓိပဲ ရှိပါသေးတယ်။

## သုခ

တတိယစျာန်သမာဓိက စိတ်ငြိမ်နေတာ ချမ်းသာနေတာပါ။ ပီတိဆိုတာက သိပ်ကြိုက်တယ်၊ ကျေနပ်တယ်၊ နှစ်သက်တယ်။ ပီတိပါနေတဲ့

ချမ်းသာက ကြိုက်ပြီး ချမ်းသာနေတာပါ။ ကြိုက်ပြီး ချမ်းသာတယ်ဆိုတာက တစ်မျိုး၊ ကြိုက်တောင် မကြိုက်ဘဲနဲ့ သူ့ဘာသာသူ အလိုလို ချမ်းသာနေတယ် ဆိုတာက တစ်မျိုး၊ ဒီလို ချမ်းသာနှစ်မျိုးရှိရာမှာ မကြိုက်ဘဲနဲ့ ချမ်းသာနေတာက စိမ့်ရေစမ်းရေဟာ အလိုလို စိမ့်ပြီး ထွက်နေသလို သူ့ဘာသာသူ စိမ့်ပြီး ချမ်းသာနေပါတယ်။ အဲဒါက သုခသက်သက် စတုတ္ထဈာန်ချမ်းသာပါပဲ။ လောကီမှာတော့ ဒီချမ်းသာလောက် ချမ်းသာတာမရှိပါ။ ပီတိကို ခွါလိုက်လို့ ချမ်းသာသက်သက် သွားတွေ့တာပါပဲ။

အလိုလို စိမ့်ပြီး ချမ်းသာတဲ့ စတုတ္ထဈာန်ချမ်းသာကို ရဖူးတဲ့ ပုဂ္ဂိုလ် ဟာ နိဗ္ဗာန်ကိုပဲ ရောက်သလိုလို ဒီအရသာမျိုးကို မပြောဘဲ မနေနိုင်။ ဒီချမ်းသာ က အလွန်ချမ်းသာတဲ့အတွက် သူများပါ ခံစားစေချင်လို့ ချစ်တဲ့ ခင်တဲ့ မိတ်ဆွေမှန်သမျှ တရားထိုင်ဖို့ကို အတင်းပဲ တိုက်တွန်းကော့တာပါ။ ထမင်းပဲ ကျွေးရမလား၊ ပစ္စည်းဥစ္စာအကုန်ခံပြီး လုပ်ရမလား၊ သူများတကာပါ ဒီချမ်းသာကို ရစေချင်လို့ ဆွယ်တရား ဟောခြင်း, မပါပါအောင် အရခေါ်ခြင်း လုပ်တတ် ကြပါတယ်။ လောကီမှာ ဈာနသုခကတော့ ချမ်းသာတကာထက် အလွန် ချမ်းသာတဲ့ စတုတ္ထဈာန်ချမ်းသာပါပဲ။

**ဧကဂ္ဂတာ**

အဲဒီသုခချမ်းသာကို ကြည့်နေ ကျေနပ်နေရင်လဲ ရှေ့ကို တက်လို့ မရတော့ပါ။ သမာဓိလုပ်ငန်းက သုခမှာ ကပ်နေရင်လဲ ရှေ့မတက်နိုင်ပါ။ ဒီလို ရထားတဲ့ စည်းစိမ်ကိုချည်း ကျေနပ်နေလို့ မဖြစ်ပါ။ ဒီစည်းစိမ်ကိုခွါမှ နောက်စည်းစိမ်ကို ရမှာပါ။ အိမ်တစ်အိမ်ကို တွယ်တာနေရာက နောက်ဒီ့ထက် ကောင်းတဲ့အိမ် ဆောက်အုန်းမယ်ဆိုပြီး ဆောက်တော့မှ နောက်အိမ်ကောင်း ကောင်းနဲ့ နေရမှာ ဖြစ်သလို အဲဒီ ချမ်းသာကို ခွါတော့မှ ဧကဂ္ဂတာဆိုတဲ့ ပဥ္စမဈာန်သမာဓိ ဖြစ်ပါတယ်။ ဒီသမာဓိကျမှ သုခနှင့် မရောနှောဘဲ အလွန် တည်ငြိမ်တဲ့ သမာဓိ ဖြစ်လာပါတယ်။

တကယ်တော့ သမာဓိကို ပဌမဈာန်တုန်းကလဲ ရခဲ့တာပါပဲ။ ပြေးနေတဲ့ စိတ်ကို ငြိမ်အောင် လုပ်ခဲ့လို့ သမာဓိက ရသင့်သလောက် ရခဲ့ပါတယ်။ ဒုတိယဈာန်ကျတော့လဲ ဝိစာရက သုံးသပ်လို့ ဒုတိယဈာန် သမာဓိဟာ သူ ငြိမ်သင့်သလောက် ငြိမ်သက်သွားပါတယ်။ တတိယဈာန် ပီတိကျတော့လဲ သမာဓိပါပါတယ်၊ ဒါပေမဲ့ ပီတိက ရောယှက်နေတော့ သိပ်တည်ကြည်တဲ့ သမာဓိ မဟုတ်သေးပါ။ စတုတ္ထဈာန် သုခမှာလဲ သမာဓိပါလာတာပါပဲ။ သူကလဲ သုခနဲ့ တွဲနေတဲ့အတွက် ချမ်းသာခံစားလိုတဲ့ သဘောတရားမျိုးက ရှိနေသေးတော့ စင်ကြယ်တဲ့ သမာဓိမျိုး မဟုတ်သေးပါ။ ပဉ္စမဈာန် သမာဓိက လောကီချမ်းသာအားလုံးကို စွန့်ပစ်လိုက်လို့ အလွန်စင်ကြယ်တဲ့ သမာဓိ ဖြစ်လာပါတယ်။

## ဝသီဘော်

ကောင်းကင်ပျံတယ်၊ မြေလျှိုးတယ်ဆိုတာက ပဉ္စမဈာန် သမာဓိကို ရောက်ပြီးမှ အပြန်ပြန် အထပ်ထပ် ဝင်စားနိုင်မှ ဖြစ်တာပါ။ အဘိညာဉ်ရတယ် ဆိုတာက ပဉ္စမဈာန်ကို ရောက်ရုံနဲ့ တန်ခိုး မပြနိုင်ပါ။ ဈာန်ကစားတယ်ဆိုတာ ပဌမဈာန်ကနေ အဆုံးဈာန်၊ အဆုံးဈာန်ကနေ အောက်ဈာန်ထိအောင် သမာဓိကို အနုလုံ၊ ပဋိလုံ အပြန်ပြန် အထပ်ထပ် ဝင်စားတာကို "ဝသီဘော်"လို့ ခေါ်ပါတယ်။ ဒီလို သမာဓိကို ကစားတဲ့အခါ ဈာန်ဝင်စားတိုင်း ရောက်လိုတဲ့ ဈာန်ကို စိတ်မြန်သလောက် မြန်မြန် ရောက်လာတဲ့အခါမှာ ခန္ဓာကိုယ် ပေါ့ပါး လာပြီး ကောင်းကင်ပျံ၊ မြေလျှိုး၊ ကိုယ်ဖြစ်ချင်တာ အားလုံး ဖြစ်တာပါ။ ဒီပဉ္စမဈာန်သမာဓိက တန်ခိုးရှိပါတယ်။

ဝိတက်ဆိုတဲ့ ပဌမဈာန်မှာလဲ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ပညာယှဉ်တာပါပဲ။ ဒါပေမဲ့ သူတို့က ခေါင်းဆောင်တော့ မဖြစ်နိုင်ပါ။ ဈာန်အင်္ဂါငါးပါးဟာ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာလို့ ဆိုပေမဲ့ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ပညာတို့က ဈာန်အားထုတ်တဲ့အခါ အရေးကြီးတဲ့ စေတသိက်တွေ မဟုတ်ပါဘူးလို့လဲ ပြောလို့

မဖြစ်ပါ။ မြတ်စွာဘုရားက သဗ္ဗညုတဉာဏ်တော်နဲ့ သူ့နေရာနဲ့သူ ခေါင်းဆောင်တင်ပြီး ဟောပြသွားတာဖြစ်ပါတယ်။

ဈာန်တရားအားထုတ်ရင် သဒ္ဓါမရှိဘဲလဲ အားထုတ်လို့ မရပါ။ ဝီရိယမရှိဘဲလဲ တရားထိုင်လို့ မရပါ။ "တရားထိုင်တာ မကောင်းတဲ့ အလုပ်မဟုတ်ဘူး။ တရားအားထုတ်မှ စိတ်ချမ်းသာမယ်"ဆိုတဲ့ သတိတရား မရှိဘဲနဲ့လဲ တရားအားထုတ်လို့ မဖြစ်နိုင်ပါ၊ ပညာကလဲ ပါရတာပါပဲ။ သင်္ဂြိုဟ်မှာ စေတသိက်ယှဉ်ပုံက ပဌမဈာန်မှာ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ ပညာတွေအားလုံး ယှဉ်ပါတယ်။ ဒီလို ယှဉ်ပေမဲ့ လုပ်ငန်းအနေနဲ့ ပြေးနေတဲ့စိတ်ကို အာရုံပေါ်တင်ပေးဖို့က အရေးကြီးလို့ ဝိတက်ကို ခေါင်းဆောင်တင်ရတာပါ။ ဒုတိယဈာန်ကျတော့ အာရုံပေါ်မှာ ရောက်နေတဲ့စိတ်ကို ထွက်မပြေးအောင် ထပ်တလဲလဲ သုံးသပ်ခိုင်းပြီး၊ ဝိစာရကို ခေါင်းဆောင်တင်ရတာပါ။ ဝိစာရက ထပ်တလဲလဲ သုံးသပ်တဲ့အလုပ်မျိုး မရှိတော့တဲ့အခါ ပီတိက ဒီအာရုံကို ကြိုက်နေပြီး ခွါကို မခွါနိုင်လို့ ပီတိက အလိုလို ခေါင်းဆောင်ဖြစ်လာတာပါပဲ။ ပီတိကို ခွါနိုင်သွားတဲ့အခါကျတော့ သုခက ခေါင်းဆောင်ပြီး တက်လာပါတယ်။ သုခကို ပယ်နိုင်တဲ့အခါကျတော့လဲ ဧကဂ္ဂတာက အလိုလိုပဲ ခေါင်းဆောင်ဖြစ်လာပါတယ်။ ဈာန်တရားအားထုတ်တဲ့အခါမှာ လုပ်ငန်းစဉ်အားလျော်စွာ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါတွေကို ခေါင်းဆောင်တင်ရတာပါ။

## ဝိတက်က ထိနမိဒ္ဓနီဝရဏကိုပယ်

ဈာန်အားထုတ်တော့မယ်ဆိုရင် နီဝရဏငါးပါးကို ပယ်ရပါတယ်။ နီဝရဏဆိုတဲ့ တရားက ကုသိုလ်တရား မဖြစ်နိုင်အောင် တားဆီးထားတဲ့တရား၊ ပိတ်ဆို့ထားတဲ့ တရားပါ၊ ကုသိုလ်ဈာန် သမထလမ်းစဉ်မှာ ဈာန်အင်္ဂါငါးပါးမှာ ရန်သူငါးမျိုး ရှိပါတယ်။

ဝိတက်က သူနဲ့ ထိပ်တိုက်ဆန့်ကျင်ဘက်ဖြစ်တဲ့ ထိနနဲ့မိဒ္ဓဆိုတဲ့ စေတသိက်နှစ်မျိုးကို ပယ်နိုင်ပါတယ်၊ ထိနဆိုတာက ထိုင်းမှိုင်းတာဆိုတော့ ပျင်းတာပါပဲ၊ ပျင်းရိတဲ့ထိန ဝင်လာရင် စိတ်က အာရုံပေါ်မှာ မနေနိုင်ဘဲ ပြေးနေတာပါ၊ ဝိတက်က ပြေးတဲ့စိတ်ကို မပြေးအောင် အာရုံတစ်ခုထဲမှာ ရောက်အောင် လုပ်ရတဲ့ အလုပ်ဆိုတော့ ထိုင်းမှိုင်းတဲ့ ထိနကို ပယ်နိုင်ပါတယ်။ မိဒ္ဓဆိုတာက အိပ်ချင်တာပါ၊ အိပ်ငိုက်လာရင်တော့ ဈာန်ကို မရနိုင်။ ဈာန် တရားအားထုတ်ရင် ရုပ်ရောစိတ်ပါ ကြည်လင်ရွှင်လန်းနေမှ တရားရမှာဆိုတော့ ဝိတက်က ထိနနဲ့မိဒ္ဓကို ပယ်နိုင်ပါတယ်။ တရားထိုင်တဲ့အခါမှာ ပျင်းလဲ မပျင်း၊ အိပ်ချင်စိတ်လဲ မရှိ၊ ကြည်လင်နေမှ တရားထိုင်လို့ ရပါတယ်။

## ဝိစာရက ဝိစိကိစ္ဆာနီဝရဏကို ပယ်

ဝိစာရကတော့ ဝိစိကိစ္ဆာနီဝရဏကို ပယ်နိုင်ပါတယ်။ ဝိစိကိစ္ဆာ ဆိုတာက တရားထိုင်နေတဲ့အခါမှာ "ဒီလို တရားထိုင်နေတာ အကျိုးရှိပါ့မလား၊ တရားမှ ရပါ့မလား၊ စီးပွားရေးတွေ ဘယ်လိုများ ရှိပါ့မလဲ"ဆိုတဲ့ ဟိုလိုလို ဒီလိုလို သို့လော သို့လော ဖြစ်လာရင် ကြာကြာ တရားမထိုင်နိုင်ပါ။ တရားထိုင်တာက စိတ်တည်ငြိမ်ပြီး၊ အာရုံထဲရောက်နေရမှာဆိုတော့ "ဒီကုသိုလ် အလုပ်ကဖြင့် တကယ် ကောင်းကင်ပျံမယ်၊ မြေလျှိုးမယ်၊ ဈာန်ချမ်းသာတော့ ခံစားရမှာပါပဲ" ဆိုတဲ့ တကယ့် ယုံကြည်ချက် ပြင်းထန်မှ ဝိစိကိစ္ဆာက ပြေးမှာပါ။ ဝိစာရ ကတော့ ပညာသဘောမျိုးပါပဲ၊ ပညာနဲ့လဲ ဆင်တူရိုးမှား ဖြစ်ပါတယ်။ အကြံကောင်းတယ်၊ ဉာဏ်ကောင်းတယ်လို့ ပြောနေကြတာဟာ အကြံကောင်း တာက ဝိတက်ပါ၊ ဉာဏ်ကောင်းတာက ပညာပါ၊ ဝိတက်နဲ့ ပညာ ယှဉ်ပြီး ဖြစ်တာ များပါတယ်။ ဝိစာရကတော့ ဝိတက်ထက် ပိုပြီး ပညာဆန်ပါတယ်။ ဝိစာရက တရားတစ်ခုကို မှန်တယ် မှားတယ်လို့ ဆင်ခြင်တယ် သုံးသပ်တယ် ဆိုတော့ သူက ဝိစိကိစ္ဆာကို ပယ်နိုင်ပါတယ်။

## သုခက ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏကို ပယ်

သုခကတော့ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏတို့နဲ့ ဆန့်ကျင်ဘက်ပါ။ ဥဒ္ဓစ္စက စိတ်ပျံ့လွင့်တာပါ။ ကုက္ကုစ္စကတော့ "ဒီ ကိစ္စဖြင့် မလုပ်ရသေးပါလား၊ လုပ်ခဲ့မိရင် ဘယ်လောက်ကောင်းလိုက်မလဲ"စသဖြင့် နောင်တပူပန်တာပါပဲ။ သုခဝေဒနာဆိုတဲ့ ချမ်းသာကို ရောက်လာတဲ့အခါမှာတော့ စိတ်က မပျံ့လွင့်တော့ဘဲ ချမ်းသာထဲမှာပဲ နှစ်နေပါတယ်။ "ငါလုပ်မိတယ်၊ မလုပ်ရသေးဘူး"ဆိုတဲ့ နောင်တတဖန် ပူပန်ခြင်းကလဲ ဖြစ်စရာ မရှိတော့ စိတ်က အလွန်အမင်း ချမ်းသာနေတာပါ။ ဒီချမ်းသာထဲမှာ စိတ်အကုန်လုံး ရောက်နေတာက ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စနီဝရဏတရားတွေ ပယ်ပြီး ဖြစ်သွားတာပါပဲ။

## ဧကဂ္ဂတာက ကာမစ္ဆန္ဒနီဝရဏကို ပယ်

ဧကဂ္ဂတာသမာဓိကတော့ ကာမစ္ဆန္ဒနီဝရဏကို ပယ်နိုင်ပါတယ်။ ကာမစ္ဆန္ဒနီဝရဏဆိုတာ ကာမဂုဏ်တရားတွေဖြစ်တဲ့ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါးနဲ့ လူ့စည်းစိမ်အားလုံးပဲ ဖြစ်ပါတယ်။ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာချင်တာ၊ ရာထူးကြီးကြီး လိုချင်တာ၊ သူဌေးကြီး ဖြစ်ချင်တာ၊ ရဖို့ရလမ်းနဲ့ တောင့်တနေတာ မှန်သမျှဟာ ကာမစ္ဆန္ဒနီဝရဏ တရားတွေပါပဲ။ ဒီ နီဝရဏငါးပါးကို ပယ်ရတာလဲ လွယ်တာ မဟုတ်ပါ၊ ဒီတရားတွေကို မပယ်ဘဲနဲ့လဲ ပဌမဈာန်ကို မရောက်နိုင်ပါ။

ရှေးအခါက တရားအားထုတ်တဲ့ ရှင်ဘုရင်တွေ၊ သူဌေးကြီးတွေဟာ ကာမစ္ဆန္ဒနီဝရဏကို ဈာန်အားမထုတ်ခင် အားလုံး စွန့်လိုက်ကြတာပါ။ ရှင်ဘုရင်ကလဲ ထီးနန်းစည်းစိမ်နဲ့ သားသမီးတွေကို စွန့်ပြီး တောထွက်တယ်။ သူဌေးကြီးတွေကလဲ ကုဋေကုဋာ ကြွယ်ဝသမျှကို စွန့်ပစ်ပြီး တောထွက်တယ်။ ရရာစားပြီး ဈာန်တရားအားထုတ်ကြတာပါ။ သာသနာပခေတ်က ဝိပဿနာတရား အားထုတ်တာ မရှိသေးတော့ ဈာန်တရားပဲ အားထုတ်ကြရပါတယ်။

ကာမစ္ဆန္ဒ နီဝရဏကို စွန့်ပယ်ပြီး ဈာန်တရား အားထုတ်တိုင်းလဲ မရကြပါ၊ ကာမစ္ဆန္ဒ နီဝရဏကို သမာဓိကမှ ပယ်နိုင်ပါတယ်။

ဒါကြောင့် ကျောင်းသွားပြီး တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာ အခိုက်အတန့်အားဖြင့် ဒီနေ့ ဒီရက်အဖို့ ကာမစ္ဆန္ဒနီဝရဏတွေကို စွန့်လွှတ်ပြီး တရားထိုင်တဲ့အခါ အရေးကြီးတာက ဝိတက်ပါပဲ။ အာရုံပေါ်မှာ အရှိန်ရလာရင် ဝိစာရ ရောက်နိုင်ပါတယ်။ ဝိစာရနဲ့ အာရုံပေါ်မှာ တည်ငြိမ်ပြီး ပြေးနေတဲ့ စိတ်ကလေး ငြိမ်သွားတဲ့အခါမှာ တတိယဈာန်ပီတိဆိုတဲ့ အာရုံပေါ်မှာ နှစ်သက်နေတာက ခံနေတတ်ပါတယ်။ ပီတိခွါပြီး သုခရောက်လာတော့ ချမ်းသာအစစ်ပေါ်လာတာပါ။ အဲဒီ ချမ်းသာဟာ နိဗ္ဗာန်ချမ်းသာ မဟုတ်၊ လောကီသုခ၊ ဈာနသုခပဲဆိုတာ သိပြီး သုခကို ပယ်နိုင်မှ ဧကဂ္ဂတာသမာဓိရမှာ ဖြစ်ပါတယ်။

ပဉ္စမဈာန်အထိ ရောက်ရင် နီဝရဏတွေ အားလုံး ပယ်ပြီး ဖြစ်ရပါတယ်။ နီဝရဏတရားက သောတာပန်မှာလဲ ရှိ၊ သကဒါဂါမိ၊ အနာဂါမိ အရိယာထိအောင် ရှိနိုင်ပေမဲ့ ဈာန်အားထုတ်တဲ့ သူများကတော့ ဝိက္ခမ္ဘနပဟာန်နဲ့ ခဏ္တ ပယ်ထားရပါတယ်။ ဝိက္ခမ္ဘနပဟာန်ဆိုတာက ပျက်လွယ်ပါတယ်၊ ဒါကြောင့် သီဟိုဠ်နိုင်ငံမှာ ဈာန်ရတဲ့ ပုဂ္ဂိုလ်တွေ ဆွမ်းခံကြွတဲ့အခါ ဈာန်နဲ့ သွားကြတာဖြစ်တော့ နေပြောက်တောင် မထိုးနိုင်ဘူးဆိုတဲ့ ခေတ်အခါတုန်းက ဈာန်နဲ့ဆွမ်းခံကြွသွားတဲ့ ကိုရင်ကလေးက သီချင်းသံကြားတာနဲ့ နှစ်သက် သာယာတဲ့ စိတ်ဖြစ်မိလို့ ဈာန်က လျှောရတာဟာ လောကီဈာန်ရဲ့ ပျက်လွယ်တဲ့ သာဓကပါပဲ။

ဝိပဿနာတရားမှာတော့ အရိယာတို့က ကိလေသာကို သမုစ္ဆေဒပဟာန်နဲ့ ပယ်ကြတာပါ။ ဒီလို ရနေတဲ့ လောကီဈာန်တရားကနေ ဝိပဿနာကို ကူးပြောင်းပြီးအားထုတ်ရင်လဲ သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာ ဖြစ်နိုင်ပါတယ်။ ဝိပဿနာတရားမှာ အနာဂါမိအဆင့်ရောက်မှ ကာမစ္ဆန္ဒ နီဝရဏကို သမုစ္ဆေဒပဟာန်နဲ့ ပယ်ပါတယ်။

## ကုသိုလ်နဲ့ ဈာန်တရား

ကုသိုလ်ပြုတဲ့အခါမှာလဲ ဒီဈာန်အင်္ဂါတွေက ပါတာပါပဲ။ ဥပမာအားဖြင့် မဟာကုသိုလ်စိတ်(၈)ခုထဲက တစ်ခုသော မဟာကုသိုလ်စိတ်နဲ့ ဒါနလုပ်ပါတယ်၊ ကုသိုလ်လုပ်တော့မယ်ဆိုရင် ဒီကုသိုလ်ကို လုပ်ဖို့ စောစောကပဲ ကြံစည် စိတ်ကူးရပါတယ်၊ ဒီလို ဘာတွေလှူကြမယ်၊ ဘာတွေ လုပ်ကြမယ်လို့ စိတ်ကူး တာက ဝိတက်ပါပဲဟာပါတယ်။ ကောင်းကင်ပျံတယ်ဆိုမှ ဈာန် မဟုတ်ပါ၊ ဘုရားတည်ဖို့ ကျောင်းဆောက်ဖို့ စိတ်ကူးနေတယ် ကြံစည်နေတယ်၊ အာရုံကို စူးစိုက်ပြီး တစ်ခုပြီး တစ်ခု ကြံစည်နေတာဟာ ဈာန်ပါပဲ။ ဒီလို ကုသိုလ် လုပ်ငန်းမှာ ဝိတက်က ကြံစည်တယ်၊ ဝိစာရက အပြန်ပြန်အလှန်လှန် သုံးသပ် တယ်၊ ကုသိုလ်လုပ်ငန်းမှာ တော်တော်လေး စိတ်ကူးတဲ့လာတဲ့အခါ စိတ် ကြည်လင်လာပြီး ပီတိပါလာပါတယ်။ ကိုယ်ကြံစည်ထားတဲ့ အကြံကို ကြည်နူး နှစ်သိမ့်နေတယ်၊ ကောင်းတာလုပ်ရမှာမို့ ကျေနပ်နေတယ်ဆိုတော့ စိတ်က အေးချမ်းပြီး ချမ်းသာနေတာမှာ သုခပါလာပါတယ်။ ဒီအာရုံကိုပဲ စိတ်ကူးနေတဲ့ အခါမှာ တည်ကြည်တဲ့ သမာဓိကလဲ ပါပါတယ်။ ဒါ့ကြောင့် ကုသိုလ်အလုပ် ဆိုတဲ့ ဒါန၊ သီလ၊ ဘာဝနာ အားလုံးမှာ ဈာန်အင်္ဂါငါးပါးက ပါလာပါတယ်။

ဒါကြောင့် ဓမ္မသင်္ဂဏီမှာ စိတ်ယှဉ် စေတသိက်ယှဉ်ကို ဟောတဲ့အခါ မဟာကုသိုလ်စိတ်မှာ စေတသိက် (၃၈) ပါး ယှဉ်ပုံ၊ ဈာန်အင်္ဂါထိုက်တဲ့တရား၊ ဣန္ဒြေထိုက်တဲ့တရား၊ ဗိုလ်ထိုက်တဲ့တရား၊ မဂ္ဂင်ထိုက်တဲ့တရားဆိုပြီး သူ့အုပ်စုနဲ့ သူ မဟာကုသိုလ် (၈) ပါးမှာ ယှဉ်ပြီး ပြပါတယ်။ ဒါကြောင့် ရိုးရိုးကုသိုလ် တရားမှာလဲ ဈာန်အင်္ဂါငါးပါးက ပါနေပါတယ်။ ဒါပေမဲ့ ဒါနပြုတဲ့အခါ ဈာန်အင်္ဂါတွေက ခေါင်းဆောင် မဖြစ်နိုင်တော့ မထင်ရှားပါ။

## အကုသိုလ်နဲ့ ဈာန်တရား

အကုသိုလ်အလုပ် လုပ်မယ်ဆိုရင်လဲ သူများ ဥစ္စာခိုးမယ်၊ ဓားပြတိုက်မယ်၊ သူပုန်ထမယ်ဆိုတဲ့ မကောင်းတဲ့အလုပ်တွေ မှန်သမျှမှာလဲ ဝိတက်က ပထမ

စိတ်ကူးရတာပါပဲ၊ ဘယ်လိုသူပုန်ထမယ်၊ ဘယ်နေရာမှာ ဘာတွေလုပ်ကြမယ် ဆိုတာတွေက ဝိတက်ပါရပါတယ်။ ဒီဝိတက်က ဈာနပစ္စည်းထိုက်နေတာပါ။ ဝိတက်က ဘယ်လို ကျေးဇူးပြုသလဲဆိုရင် လောဘမူနာမ်ခန္ဓာနဲ့ စိတ္တဇရုပ်ကို လှုပ်လှုပ်ရွရွဖြစ်အောင် ကျေးဇူးပြုတာပါ။ ဝိတက်ပါလာပြီးတော့ ဒီလုပ်ကြံတဲ့ ကိစ္စဟာ ဘယ်လို ထမြောက်မလဲလို့ ကြံစည်တာကို အပြန်ပြန် အလှန်လှန် သုံးသပ်တာက ဝိစာရပါပဲ။ အကြံလဲ ပြုပြီးပြီ၊ သုံးသပ်လို့လဲ ပြီးပြီဆိုတော့ ခားပြတိုက်ရင် ဘာတွေရမှာပဲ၊ ဒို့ အကြံအစည်တွေတော့ အောင်မြင်တော့မှာပဲ ဆိုပြီး နှစ်သက်တဲ့ ပီတိကလဲ ပါလာပါတယ်။ ဒီအကြံ အစည်ကိုပဲ တစိမ့်စိမ့်နဲ့ နှစ်သက်နေရင် သုခဝေဒနာက ပါလာပါတယ်။ ဒီ အကြံအစည်ကလေးပေါ်မှာ စိတ်က ငြိမ်ပြီး တည်ကြည်နေရင် ဧကဂ္ဂတာကလဲ ပါလာပါတယ်၊ ဒီတော့ အကုသိုလ်လုပ်ကြစို့ဆိုရင်လဲ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါငါးပါးက ပါသွားတာပါပဲ။ သို့ပေမဲ့ ဒီ အကုသိုလ်လုပ်ငန်းမှာ ဈာန်အင်္ဂါတွေက ခေါင်းဆောင် မဖြစ်နိုင်တော့ မထင်ရှားပါ။

## ဈာနပစ္စည်း ပစ္စယုပ္ပန်တရား

ကောင်းတဲ့ဘက်က ဈာနပစ္စည်းကတော့ ရူပါဝစရဈာန်စိတ်နဲ့ အရူပါဝစရ ဈာန်စိတ်မှာ ယှဉ်တဲ့ ဈာန်အင်္ဂါတွေပါပဲ။ ဈာန်ခန်းမှာ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဆိုတဲ့ အင်္ဂါငါးပါးဟာ ဈာနပစ္စည်းတရား။ ဈာန်အင်္ဂါနဲ့ ယှဉ်တဲ့စိတ်စေတသိက် နာမ်တရားတွေနဲ့ စိတ်စေတသိက်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်၊ ကမ္မဇရုပ်တွေက ပစ္စယုပ္ပန်တရားတွေပါပဲ။ ဒါက ကုသိုလ်ဘက်က ကောင်းတဲ့ ဈာန်ပါပဲ။

မကောင်းတဲ့ ဈာန်ကို ပဋ္ဌာန်းမှာ ပြတာက ဝိတက်ဆိုရင် ကုသိုလ်မှာလဲ ယှဉ်၊ အကုသိုလ်မှာလဲ ယှဉ်၊ အဗျာကတမှာလဲ ယှဉ်ပါတယ်။ မကောင်းတဲ့ ဈာန်ဘက်မှာ ဝိတက်ကလဲ အကြံအစည်လုပ်ပြီး ဝိတက်က အကုသိုလ်တရား တွေကို ဈာနပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်။ ဝိစာရကလဲ ကုသိုလ်မှာလဲ ယှဉ်၊

အကုသိုလ်မှာလဲ ယှဉ်၊ အဗျာကတမှာလဲ ယှဉ်ပါတယ်။ ဝိစာရကလဲ အာရုံကို သုံးသပ်ပြီး၊ မကောင်းတဲ့ အကုသိုလ်တရားကို သုံးသပ်ရင်း အကုသိုလ် တရားတွေကို ဈာနပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်။ ပီတိကလဲ ဒီအတိုင်းပါပဲ၊ သူကလဲ ကုသိုလ်မှာလဲ ယှဉ်၊ အကုသိုလ်မှာလဲ ယှဉ်၊ အဗျာကတမှာလဲ ယှဉ်ပါတယ်။ မကောင်းတဲ့ အကုသိုလ်မှာ ပီတိဖြစ်ပြီး မကောင်းတဲ့ အကုသိုလ် တရားတွေကို ပီတိက ဈာနပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်။ သုခဆိုတဲ့ ဝေဒနာနဲ့ ဧကဂ္ဂတာကတော့ စိတ်အားလုံးမှာ ယှဉ်တဲ့ စေတသိက်တွေပါပဲ။

## ဈာန်ရဖို့ ဒုက္ခဝေဒနာရှုဖွယ်မလို

အခုခေတ်မှာ တရားအားထုတ်တဲ့အခါ တရားထိုင်ရင်း ဖြစ်ပေါ်လာတဲ့ ညောင်းတယ်၊ ကိုက်တယ်ဆိုတဲ့ ဒုက္ခဝေဒနာတွေ ခံစားရပြီး၊ ဒီဝေဒနာတွေ ကုန်အောင် ရှုရမယ်ဆိုတော့ ဒီဝေဒနာ ရှုရာမှာ ဈာဆိုနဲ့ ညီရဲ့လားလို့ ဒီလို မေးစရာ ဖြစ်လာပါတယ်။

ပဋ္ဌာန်းမှာတော့ ဝေဒနာဆိုတာက ကောင်းတဲ့ စိတ်မှာလဲ ယှဉ်၊ မကောင်းတဲ့ စိတ်မှာလဲ ယှဉ်ပါတယ်။ ဝေဒနာကလဲ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့ (၃)မျိုးရှိပါတယ်။ ကုသိုလ်ဈာန်မှာ ယှဉ်တဲ့ ဝေဒနာကတော့ ဈာန်ခန်းမှာ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါငါးပါးမှာ ပါတဲ့ ဝေဒနာ ဖြစ်ပါတယ်။ ဒီ ဈာန်အင်္ဂါငါးပါးမှာ ဒုက္ခဝေဒနာရှုဖို့ မပါပါ။

ပဌမဈာန်မှာ အာရုံပေါ်ရောက်အောင် ဝိတက်က စိတ်ကို တင်ပေးတဲ့ အခါ ထွက်သက်ဝင်သက်အာရုံပေါ်မှာ ထားခိုင်းပြီး စိတ်က မပြေးရင် ပဌမဈာန် ဖြစ်တာပါပဲ။ ဝိတက် တင်ပေးတဲ့ အာရုံကိုပဲ ဝိစာရနဲ့ သုံးသပ်နေရင် ဒုတိယ ဈာန်ရောက်ပြီး၊ တတိယဈာန်မှာ သုံးသပ်စရာ မလိုတော့ပါ။ ထိုင်ပြီး အာရုံရှု နေရတာကို နှစ်သက်တဲ့ ပီတိဖြစ်နေတော့ ဝိတက် ဝိစာရ မလိုတော့ဘဲ တတိယဈာန် ရောက်နေတာပါ။ ပီတိ ခွါလိုက်တော့ သုခဝေဒနာပဲ ဖြစ်ရမှာပါ။ ဒီဈာန်ရဲ့ အဆင့်တိုင်းကို ကြည့်ရင် သုခဝေဒနာပဲ ဖြစ်နိုင်ပါတယ်၊ ဒုက္ခဝေဒနာ

မဖြစ်နိုင်ပါ။ သုခကိုလဲ မတွယ်တာပဲ ခွါလိုက်နိုင်တော့ ဥပေက္ခာဖြစ်သွားတဲ့အခါ တည်ကြည်တဲ့ သမာဓိနဲ့ ပဋ္ဌမစျာန်ရောက်ပါတယ်၊ ဒါကြောင့် စျာန်ရဖို့မှာ ဒုက္ခဝေဒနာကို ရှုဖို့ မလိုပါ။

## ဝိပဿနာမှာ ဝေဒနာရှု

သမထလမ်းစဉ်မဟုတ်ဘဲ ဝိပဿနာလမ်းစဉ်မှာတော့ ဝေဒနာနုပဿနာဆိုရင် ဝေဒနာအကုန်လုံးကို ရှုလို့ ရပါတယ်။ ချမ်းသာတဲ့ စိတ်ဖြစ်လာရင် "ချမ်းသာတဲ့ သုခဝေဒနာဟာ ဖြစ်ပြီး ပျက်သွားတာပဲ၊ သူလဲ မြဲနေတာ မဟုတ်ပါလား" လို့ အနိစ္စကို ရှုရပါတယ်။ ညောင်းတယ်၊ ကိုက်တယ် ဆိုတဲ့ ဒုက္ခဝေဒနာ ခံစားလာရပြန်တော့လဲ ဒီဒုက္ခဝေဒနာကို ရှုရပါတယ်။ ဥပေက္ခာဝေဒနာမှာတော့ ချမ်းသာတာလဲမဟုတ် ဆင်းရဲတာလဲမဟုတ်၊ ဒီဝေဒနာကလဲ ဖြစ်ပြီးပျက်တာပါပဲလို့ ဒီလို အနိစ္စကို ရှုလို့ ရပါတယ်။ ဝိပဿနာမှာ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာတွေကို ရှုလို့ ရပါတယ်။ သမထစျာန်လမ်းမှာတော့ ဒုက္ခဝေဒနာကို ရှုဖို့ မလိုပါ။

## စျာန် (၃)မျိုး

စျာန်မှာ ကုသိုလ် အကုသိုလ် အဗျာကတလို့ စျာန်သုံးမျိုးရှိတဲ့ အထဲမှာ လောကမှာ ထင်ရှားတာက ကုသိုလ်စျာန် ကောင်းတဲ့စျာန်ကိုပဲ သိကြပါတယ်။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာတို့က အကုသိုလ်စိတ်မှာ ယှဉ်လို့ အကုသိုလ်တရားမှာလဲ စျာနသတ္တိနဲ့ ကျေးဇူးပြုပါတယ်။

## ဒွေးပဉ္စဝိညာဉ်(၁၀)နဲ့ စျာနပစ္စည်း

ဝေဒနာ ဧကဂ္ဂတာက စိတ်အားလုံးမှာ ယှဉ်တဲ့အတွက် စိတ် (၈၉)ခုလုံးမှာ စျာနပစ္စည်း ရှိသလားဆိုတော့ ဒွေးပဉ္စဝိညာဏ်(၁၀)ခေါ်တဲ့ စက္ခုဝိညာဉ် စိတ်၊

သောတဝိညာဉ်စိတ်၊ ဃာနဝိညာဉ်စိတ်၊ ဇိဝှါဝိညာဉ်စိတ်နဲ့ ကာယဝိညာဉ်စိတ်တို့ကို ကြဉ်ပြီး၊ ကျန်တဲ့စိတ် (၇၉)ခုသာ ဈာနပစ္စည်းရဲ့ ပစ္စယုပ္ပန်တရားထဲမှာ ပါပါတယ်။

မြင်စိတ်ဆိုတဲ့ စက္ခုညာဉ်စိတ်မှာ ဈာနပစ္စည်းက ကျေးဇူးမပြုတာ ဘာကြောင့်လဲဆိုရင် ဒွေးပဉ္စဝိညာဉ်မှာ ဝိတက်မယှဉ်တဲ့အတွက်ကြောင့်လို့ သင်္ဂြိုဟ်မှာ ဆိုပါတယ်။ သဘောတရားကို စဉ်းစားကြည့်ရင် ရူပါရုံကို မြင်တဲ့အခါမှာ စက္ခုဝိညာဉ်က ထင်ရှားတိုက်ရိုက်ရှိနေတဲ့ ရူပါရုံကို မြင်တော့ ဝိတက်က တင်ပေးစရာ စိတ်ကူးစရာအကြောင်း ဘာမှ မရှိပါ။ မြင်တဲ့စိတ်က ရူပါရုံ ထင်ရှားရှိနေတဲ့အခါမှာ တိုက်ရိုက် အာရုံပေါ် ကျရောက်လာတော့ မြင်တဲ့စိတ် ဖြစ်ပါတယ်။ ဒါကြောင့် မြင်တဲ့စိတ်၊ ကြားတဲ့စိတ်၊ နံတဲ့စိတ်၊ အရသာသိတဲ့စိတ် ဆိုတဲ့ စိတ်(၈)ခုမှာ ဝိတက်ရဲ့အလုပ် မပါတော့ပါ။ မယှဉ်ဘူးဆိုတာ ဝိတက်ရဲ့လုပ်ငန်း မရှိတဲ့အတွက် မယှဉ်တော့တာပါ။

ဒွေးပဉ္စဝိညာဉ်(၁၀)ထဲက ကာယဝိညာဉ်ဒွေးမှာ သုခသဟဂုတ် ကာယဝိညာဉ်စိတ်နဲ့ ကောင်းတာထိတွေ့ရင် သုခဝေဒနာ ဖြစ်ပါတယ်။ ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်နဲ့ မကောင်းတာ ထိတွေ့ရင်လဲ ဒုက္ခဝေဒနာ ဖြစ်ပါတယ်။ သို့ပေမဲ့ အဲဒီဝေဒနာတွေမှာ ဈာနပစ္စည်း မတပ်ပါ။ အာရုံက ထင်ရှားရှိတယ်၊ တိုက်ရိုက် ထိတယ်ဆိုတော့ ကာယဝိညာဉ်ဒွေးမှာရှိတဲ့ ဒုက္ခဝေဒနာမှာ ဈာနပစ္စည်း မတပ်ပါ။

အကုသိုလ်မှာ ရှိတဲ့ သုခဝေဒနာ၊ ဥပေက္ခာဝေဒနာ၊ ဒေါမနဿဝေဒနာတို့မှာတော့ ဈာနပစ္စည်း တပ်ပါတယ်။ လောဘမူစိတ်မှာ ရှိတဲ့ သောမနဿသဟဂုတ်စိတ်(၄)ခု၊ ဝေဒနာမှ ကြွင်းတဲ့ စေတသိက်၊ ဝေဒနာနဲ့ယှဉ်တဲ့စိတ်စေတသိက်ကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်တို့ကို ဝေဒနာက ကျေးဇူးပြုပါတယ်။ ဒွေးပဉ္စဝိညာဉ်(၁၀)မှ ကြွင်းတဲ့ စိတ် (၇၉)ခုလုံးမှာ ဈာနပစ္စည်းရဲ့ ပစ္စယုပ္ပန်ဖြစ်နိုင်တယ်ဆိုပေမဲ့ တကယ် အသေးစိတ်တဲ့အခါ လောဘမူသောမနဿဝေဒနာက သူနဲ့ယှဉ်တဲ့စိတ် စေတသိက်၊ စိတ္တဇရုပ်ကိုသာ ဈာနပစ္စည်းနဲ့

ကျေးဇူးပြုပါတယ်။ ဒေါသမူမှာလဲ ဒေါမနဿဝေဒနာမှာ သူနဲ့ယှဉ်တဲ့စိတ် စေတသိက် စိတ္တဇရုပ်ကိုသာ ကျေးဇူးပြုတာပါ။

ဒီလိုပါပဲ မဟာကုသိုလ်စိတ်၊ မဟာဝိပါက်စိတ်၊ မဟာကြိယာစိတ် တို့ဟာ ဝေဒနာက ကျေးဇူးပြုတယ်ဆိုတာက သက်ဆိုင်ရာ ဝေဒနာနဲ့ယှဉ်တဲ့ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်ကိုသာ ကျေးဇူးပြုတာပါ၊ ဒါက အသေးစိတ်ကို ပြောတာ ဖြစ်ပါတယ်။ ဈာနပစ္စည်းကိုတော့ ဒီလောက်နဲ့ပဲ နိဂုံးချုပ်ကြပါစို့။

# ၁၈။ မဂ္ဂပစ္စည်း

## မဂ္ဂပစ္စည်း

"မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော"ဆိုတဲ့ မဂ္ဂင်္ဂါနိကို လူအများက မဂ္ဂင်ရှစ်ပါးလို့သာ နားလည်နေကြပါတယ်။ မြန်မာနိုင်ငံမှာ မဂ္ဂင်မသိတဲ့လူ မရှိသလောက်ပါပဲ။ မဂ္ဂင်ရှစ်ပါးနဲ့ သစ္စာ ၄-ပါးတရားကို ဟောတဲ့သူလဲ များပါတယ်။ ရေးကြတဲ့ သူလဲများလို့ မဂ္ဂင်မှာ ရှစ်ပါးလို့သာ အသိများကြပါတယ်။ ပဋ္ဌာန်းမဂ္ဂင်္ဂါနိမှာ မဂ္ဂင် ၁၂-ပါးဖြစ်နေတယ်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုတာတွေက ကောင်းတဲ့မဂ္ဂင်ပါ။ သမ္မာဒိဋ္ဌိရဲ့ ဆန့်ကျင်ဘက်က မိစ္ဆာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပရဲ့ ဆန့်ကျင်ဘက်က မိစ္ဆာသင်္ကပ္ပ၊ သမ္မာဝါယာမရဲ့ ဆန့်ကျင်ဘက်က မိစ္ဆာဝါယာမ၊ သမ္မာသမာဓိရဲ့ ဆန့်ကျင်ဘက်က မိစ္ဆာသမာဓိလို့ရှိတော့ ပဋ္ဌာန်းကျမ်းမှာ လာတာက မဂ္ဂင်(၁၂)ပါး ဖြစ်ပါတယ်။

## ကုသိုလ်မဂ္ဂင်

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ တို့ကတော့ ကောင်းတဲ့ မဂ္ဂင်ပါပဲ။ သမ္မာဒိဋ္ဌိက ပညာစေတသိက်၊ သမ္မာသင်္ကပ္ပက ဝိတက်စေတသိက်၊ သမ္မာဝါယာမက ဝီရိယစေတသိက်၊ သမ္မာသတိက သတိစေတသိက်၊ သမ္မာသမာဓိက ဧကဂ္ဂတာစေတသိက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုတာက ဝိရတိ စေတသိက်များဆိုတော့ သူတို့က သီးခြား ဖြစ်နေပါတယ်။

အကုသိုလ်မဂ္ဂင်

အကုသိုလ်မဂ္ဂင်မှာ မိစ္ဆာဒိဋ္ဌိဆိုတာ အကုသိုလ်စေတသိက်ထဲက ဒိဋ္ဌိစေတသိက်ပဲ ဖြစ်ပါတယ်။ မိစ္ဆာသင်္ကပ္ပက ဝိတက်စေတသိက်ဖြစ်တော့ ဝိတက်ဟာ ကုသိုလ်စိတ်မှာ ယှဉ်ရင် သမ္မာသင်္ကပ္ပ၊ အကုသိုလ်စိတ်မှာယှဉ်ရင် မိစ္ဆာသင်္ကပ္ပလို့ ဒီလို ဝိတက်မှာ (၂)မျိုးကွဲပါတယ်။ သမ္မာဝါယာမမှာလဲ ဝီရိယဟာ ကုသိုလ်စိတ်မှာယှဉ်ရင် သမ္မာဝါယာမ၊ အကုသိုလ်စိတ်မှာယှဉ်ရင် မိစ္ဆာဝါယာမ ဖြစ်သွားပါတယ်။ သတိကတော့ ကောင်းတဲ့ ကုသိုလ်စိတ်မှာပဲ ယှဉ်ပါတယ်၊ မကောင်းတဲ့ အကုသိုလ်စိတ်မှာ ယှဉ်တဲ့ သတိရယ်လို့ မရှိပါ။ တချို့က သတိကို "အောက်မေ့တယ်"လို့ သာမည မြန်မာပြန်ပြီးတော့ မကောင်းတဲ့ တရားတွေကို အောက်မေ့တာဟာ မိစ္ဆာသတိပဲလို့ ဒီလို သုတ္တန်မှာ မိစ္ဆာသတိပါပြီး အဘိဓမ္မာမှာ မိစ္ဆာသတိ မပါဘူးလားလို့ မေးကြပါတယ်။ အဘိဓမ္မာမှာ သတိ စေတသိက်ကို အဓိပ္ပါယ်ဖွင့်တဲ့အခါ သတိဟာ တံခါးမှူးနဲ့ တူတယ်၊ မကောင်းတဲ့ အကုသိုလ်တရား မဝင်ရအောင် ဆောင်ရွက်တဲ့ တရားပါ၊ သတိရှိနေရင် အကုသိုလ်က မဝင်နိုင်ပါ။ လူတစ်ယောက်မှာ ခါးပိုက်နှိုက် ခံရတယ်ဆိုရင် သတိမေ့လို့ ခံရတာပါပဲ၊ ဘာပဲ ခံရခံရ သတိမရှိလို့ ခံရတာ ဖြစ်ပါတယ်။ သတိဟာ မကောင်းတဲ့ တရားမျိုးမှာ မယှဉ်နိုင်ပါ။ အဘိဓမ္မာမှာ မိစ္ဆာသတိဆိုတာ မရှိလို့ သတိဆိုရင် ကောင်းတဲ့ တရားချည်းပါပဲ။ စေတသိက် ၅၂-လုံးထဲမှာလဲ သတိဟာ ကုသိုလ်ဘက် ကောင်းတဲ့ဘက်မှာပဲ ပါပါတယ်။

သမ္မာသမာဓိကိုတော့ သမာဓိဟာ ကုသိုလ်လုပ်ငန်းမှာသာ သမာဓိရှိတာ မဟုတ်ပါ၊ အကုသိုလ်လုပ်ငန်းမှာလဲ မိစ္ဆာသမာဓိက ရှိပါတယ်။ သမာဓိဆိုတာ အာရုံတစ်ခုထဲမှာသာ တည်တယ်ဆိုတော့ မကောင်းတဲ့ အကုသိုလ်လုပ်ငန်းမှာလဲ သမာဓိ ရနိုင်ပါတယ်၊ ငါးမျှားသူတို့၊ ပိုက်ဆွဲသူတို့မှာလဲ သမာဓိ ရနိုင်ပါတယ်။ သမာဓိက ဧကဂ္ဂတာစေတသိက်ဆိုတော့ စိတ်အားလုံးမှာ ယှဉ်တဲ့ စေတသိက်ဖြစ်လို့ သမ္မာသမာဓိလဲရှိ မိစ္ဆာသမာဓိလဲ ရှိပါတယ်။ မိစ္ဆာသင်္ကပ္ပက ဝိတက်စေတသိက်၊ မိစ္ဆာဝါယာမက ဝီရိယစေတသိက်၊ မိစ္ဆာသမာဓိက

ကေဂ္ဂတာစေတသိက်ဆိုတော့ ဝိတက်၊ ဝီရိယ၊ ကေဂ္ဂတာက အတူတူဖြစ်လို့ ပေါင်းလိုက်ရင် စေတသိက်အရေအတွက်အနေနဲ့ မဂ္ဂင်တရားကိုယ်က ကိုးပါးပဲ ရှိပါတယ်။ မဂ္ဂပစ္စည်းမှာကတော့ မဂ္ဂင် ၁၂-ပါး ရှိပါတယ်။

မဂ္ဂ=လမ်း

မဂ္ဂဆိုတဲ့ အဓိပ္ပါယ်ကတော့ "လမ်း"ပါပဲ၊ ခရီးသွားတဲ့ လမ်းကို မဂ္ဂလို့ ပါဠိလို ခေါ်ပါတယ်။ ဒီ ကုသိုလ်တရားဖြစ်တဲ့ မဂ္ဂင်တရားတွေဟာ ကောင်းရာသုဂတိသို့ ရောက်ကြောင်းဖြစ်တဲ့ မဂ္ဂင်ဖြစ်ပါတယ်၊ ကုသိုလ်မဂ္ဂင် (၈)ပါးက နတ်ရွာ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်ပါတယ်။ မကောင်းတဲ့ မဂ္ဂင်တွေကလဲ မကောင်းတဲ့ အပါယ်ဘုံရောက်ကြောင်း လမ်းပါပဲ။

မဂ္ဂင်(၂)မျိုး

မဂ္ဂင် (၈)ပါး အားထုတ်တဲ့အခါမှာ ပဉ္စင်္ဂိကမဂ်နဲ့ အဋ္ဌင်္ဂိကမဂ်လို့ (၂)မျိုး ရှိပါသေးတယ်။ အဋ္ဌင်္ဂိကမဂ်ကို သိသူများပေမဲ့ ပဉ္စင်္ဂိကမဂ်ကို သိသူ နဲပါတယ်။ ပဉ္စင်္ဂိကမဂ်ဆိုတော့ အင်္ဂါငါးပါးရှိသော မဂ်ဆိုတဲ့အတိုင်း သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတို့ ဖြစ်ကြပါတယ်။ ဒီ ငါးပါးမှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ထပ်ထဲ့ရင် ရှစ်ပါးဖြစ်တော့ အဋ္ဌင်္ဂိကမဂ် ဖြစ်ပါတယ်။

သမ္မာဝါစာ

သမ္မာဝါစာက ဝစီဒုစရိုက် ၄-ပါးကို ရှောင်ကြဉ်မှု ဖြစ်ပါတယ်၊ တချို့က ပါဠိကြည့်ပြီး သမ္မာ=ကောင်းသော+ဝါစာ=စကား၊ မှန်ကန်သော စကားပြောဆိုခြင်းလို့ အဓိပ္ပါယ်ယူဆကြပါတယ်။ မှန်ကန်တဲ့စကားကို ပြောဆိုမှ သမ္မာဝါစာ

မဟုတ်ပါ၊ ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်မှုဟာ ဘာမှ မပြောဘဲ ဆိတ်ဆိတ် နေရင်လဲ သမ္မာဝါစာ ဖြစ်နေတာပါ။ သီလဆောက်တည်ပြီး ငြိမ်ငြိမ်ကလေး ပုတီးစိပ်နေရင်လဲ သမ္မာဝါစာ ဖြစ်နေတာပါပဲ။ အဘိဓမ္မာမှာ ဝစီဒုစရိုက် (၄)ပါးကို ရှောင်နေရင် သမ္မာဝါစာ ဖြစ်တာပါပဲ။

သမ္မာကမ္မန္တ

သမ္မာကမ္မန္တကို အဓိပ္ပါယ်ပြန်တဲ့အခါမှာလဲ မှန်ကန်သောအလုပ်၊ ကောင်းသောအလုပ်ကို လုပ်တယ်လို့ ပြန်ကြပါတယ်။ သမ္မာကမ္မန္တဖြစ်နေတာက မှန်ကန်တဲ့ အလုပ် ကုသိုလ်တွေလုပ်နေမှ မဟုတ်ပါ၊ အဘိဓမ္မာမှာ ကာယ ဒုစရိုက် (၃)ပါးကို မလုပ်ဘဲနေရင် သမ္မာကမ္မန္တဖြစ်တာပါ။ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ ဆိုတဲ့ ဒီသုံးပါးကို လုံခြုံရင် ပုတီးစိပ်နေလဲ သမ္မာကမ္မန္တ၊ လမ်းလျှောက်နေလဲ သမ္မာကမ္မန္တ ဖြစ်နေတာပါပဲ။ အဘိဓမ္မာမှာ ကာယဒုစရိုက် (၃)ပါးကို မလုပ်ဘဲနေတာဟာ သမ္မာကမ္မန္တလို့ ဆိုလိုပါတယ်။

သမ္မာအာဇီဝ

သမ္မာအာဇီဝမှာ မှန်ကန်သော အသက်မွေးမှု၊ ကောင်းသော အသက်မွေးမှု လို့ ဒီလိုဆိုကြပါတယ်။ အဘိဓမ္မာမှာတော့ အသက်မွေးမှုကို ငဲ့ပြီး ကာယ ဒုစရိုက် (၃)ပါး၊ ဝစီဒုစရိုက် (၄)ပါးမှ ရှောင်ကြဉ်မှုကို ဆိုလိုတာပါပဲ။ အခု လခစားတွေ လုပ်နေကြတော့ သူတို့လုပ်ငန်းက ကာယဒုစရိုက် ဝစီဒုစရိုက် နဲ့ အသက်မွေးမှု မဟုတ်ပါ၊ ဒါကြောင့် သူတို့ရှောင်ကြဉ်မှုက ရိုးရိုးသမ္မာဝါစာ၊ ရိုးရိုး သမ္မာကမ္မန္တပါပဲ။ အသက်မွေးဝမ်းကျောင်းကိုက သူများအသက်ကို သတ်ရတဲ့ မုဆိုးတို့ တံငါတို့မှာ "ဒီတစ်နေ့တော့ ငါ ဒီအလုပ်တွေ မလုပ်တော့ဘူး"လို့ စိတ်က ပိုင်းဖြတ်ပြီး မလုပ်ဘဲနေတာ အသက်မွေးမှုကို ငဲ့ပြီး ရှောင်ကြဉ် လိုက်တာဟာ သမ္မာအာဇီဝပါ။ ဒီလို အသက်မွေးမှုအတွက် လုပ်ရိုးလုပ်စဉ်

လုပ်နေကျ မကောင်းတဲ့ အကုသိုလ်လုပ်ငန်းကို မလုပ်ဘဲ ရှောင်ကြဉ်တာဟာ အဘိဓမ္မာနဲ့ ကိုက်ညီတဲ့ သမ္မာအာဇီဝပါပဲ။

## သီလမဂ္ဂင် (၃)ပါး

စေတသိက် (၃)မျိုးကိုကြည့်ရင် သီလစောင့်ထိန်းထားတဲ့အခါမှာ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝမဂ္ဂင်တွေက ပြည့်စုံနေတာပါ။ ငါးပါးသီလမှာ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒဆိုတဲ့ ဒီသိက္ခာပုဒ် (၄)ပါးနဲ့ပဲ စေတသိက်(၃)မျိုးလုံး ပြည့်စုံပါတယ်။ ဒါကြောင့်လဲ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့ကို သီလမဂ္ဂင်တရားမှာ သီးခြား ခွဲခြားထားပါတယ်။

တရားအားမထုတ်ခင် သီလဆောက်တည်လိုက်တယ်ဆိုရင် သမ္မာဝါစာ, သမ္မာကမ္မန္တနဲ့ သမ္မာအာဇီဝကို အားထုတ်စရာ လိုသေးသလားဆိုတော့ အဲဒီ သုံးပါးက ပုဗ္ဗဘာဂမဂ္ဂင်=တရားအားမထုတ်ခင်ကထဲက ပြည့်စုံထားရမဲ့ မဂ္ဂင်တွေ ဖြစ်ပါတယ်။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ဒီမဂ္ဂင်သုံးပါးနဲ့ ပြည့်စုံနေရမယ်။ တကယ် တရားစပြီးအားထုတ်တဲ့အခါ မဂ္ဂင်ငါးပါးနဲ့ အားထုတ်ရပါတယ်။ ဒီမှာ သမ္မာဒိဋ္ဌိမဂ္ဂင်နဲ့ စမလား၊ သမ္မာသင်္ကပ္ပမဂ္ဂင်နဲ့ စမလား၊ မဂ္ဂင်ငါးပါးမှာ ဘယ်မဂ္ဂင်နဲ့ စပြီး အားထုတ်ရမလဲ။

## မဇ္ဈိမပဋိပဒါလမ်း

မြတ်စွာဘုရား ဦးစွာဟောကြားတဲ့ ဓမ္မစကြာမှာ အနှစ်သာရက မဂ္ဂင်ရှစ်ပါးပါပဲ။ ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာပဋိပဒါ=မဇ္ဈိမပဋိပဒါလမ်း ဆိုတာက ဘာလဲ။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာ အာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်ရှစ်ပါးဟာ မဇ္ဈိမပဋိပဒါလမ်းပါ။ ဒီမဂ္ဂင်ရှစ်ပါးဟာ ဘယ်လိုကြောင့် မဇ္ဈိမပဋိပဒါလမ်း

ဖြစ်သလဲဆိုတာ စဉ်းစားထိုက်ပါတယ်၊ အများနားလည်နေကြတာက လက်ဝဲဘက်လဲ မယိမ်း၊ လက်ျာဘက်လဲမယိမ်း၊ အလယ်တဲ့တဲ့ သွားနေတဲ့လမ်းဟာ မဇ္ဈိမပဋိပဒါလို့ နားလည်နေကြပါတယ်။ ဓမ္မစကြာတရားတော်အရ မဂ္ဂင်ရှစ်ပါးမှာ သမ္မာဒိဋ္ဌိက စပါတယ်။

## အစွန်းနှစ်ပါး

ဓမ္မစကြာဖြစ်ပေါ်လာပုံ တရားဟောရခြင်း အတ္ထုပ္ပတ္တိက "ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ" လို့ ဆိုတော့ အန္တာကို တချို့က အယုတ်တရားလို့ ပြန်ကြတယ်။ အန္တကို အစွန်းလို့လဲ ပြန်ကြပါသေးတယ်။ ဒီတော့ အစွန်း (၂)ဘက်ကို ရောက်နေတဲ့ တရားတွေကို ရဟန်းတော်များ ရှောင်ကြဉ်ရမယ်လို့ ဒီလိုတရားတော်မှာ စထားပါတယ်။ ဒီအစွန်း (၂) ဘက်ကို မရောက်အောင် မဂ္ဂင်ရှစ်ပါးကို ကျင့်သုံးရမယ်။

## သမ္မာဒိဋ္ဌိ အမှန်သိဖို့အရေးကြီး

အစွန်းနှစ်ဘက်ဆိုတာက လောကီအာရုံ ကာမဂုဏ်တရားများနဲ့ စည်းစိမ်ချမ်းသာခံစားနေရင်းက မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်တယ်၊ တကယ့် တရားအစစ်တရားမှန်ကို ရနိုင်တယ်လို့ အယူဝါဒရှိတဲ့ ပုဂ္ဂိုလ်တွေက တစ်ဘက်။ သားမယားစည်းစိမ်နဲ့နေပြီး တရားအားထုတ်လို့မရ၊ အပင်ပန်းဆင်းရဲဒုက္ခခံပြီး ဒုက္ကရစရိယာကျင့်မှပဲ တရားရနိုင်မယ်ဆိုတဲ့ ဂိုဏ်းသားတွေက တစ်ဘက်၊ ဒီဂိုဏ်း (၂) ဂိုဏ်းရဲ့ အစွန်း (၂)ဘက်က လွတ်အောင် တရားအားထုတ်မယ်ဆိုရင်တော့ မြတ်စွာဘုရားက သမ္မာဒိဋ္ဌိက အရေးကြီးပါတယ်လို့ ဟောပါတယ်။

သမ္မာဒိဋ္ဌိကို ခေါင်းဆောင်တင်ရတာက ကာမဂုဏ်စည်းစိမ်ခံစားပြီး၊ အပျော်အပါးတွေနဲ့နေရင်း တရားရနိုင်တယ်ဆိုတဲ့ ဒီအယူဝါဒကတစ်မျိုး၊ မစားမသောက် အငတ်အပြတ်ခံပြီး ဒုက္ခအမျိုးမျိုးရောက်ပြီးမှ တရားရတယ်ဆိုတဲ့

အယူဝါဒကတစ်မျိုး။ "အဲဒီ အယူဝါဒတွေဟာ မှားတယ်၊ ဒီလမ်းတွေဟာ နိဗ္ဗာန်ကို ရနိုင်တဲ့လမ်း မဟုတ်ဘူး"လို့ ဒီလိုခွဲခြမ်းသိတဲ့ပညာက ပထမဆုံး အရေးကြီးပါတယ်။ ဒီလို သိဖို့ အရေးကြီးလို့ ဓမ္မစကြာမှာ မဂ္ဂင်ရှစ်ပါးကို သမ္မာဒိဋ္ဌိက စပြီး ဟောထားပါတယ်။

မချိုမပင့်ပဒါဖြစ်တယ်ဆိုတာက စည်းစိမ်ချမ်းသာခံစားပြီးမှ တရား အားထုတ်လို့ တရားရမယ်ဆိုတဲ့ ဂိုဏ်းနဲ့ ဆင်းရဲပင်ပန်းခံပြီးမှ တရားအားထုတ် လို့ တရားရမယ်ဆိုတဲ့ ဂိုဏ်းရှိရာမှာ ဒီဂိုဏ်း (၂)ဂိုဏ်းကြားထဲက သွားတာ မဟုတ်ပါ။ စည်းစိမ်ခံစားပြီး တရားအားထုတ်လို့လဲ တရားမရနိုင်၊ ဒီလမ်းလဲ မှားတယ်။ ပင်ပန်းဆင်းရဲခံပြီး တရားအားထုတ်လို့လဲ တရားမရနိုင်၊ ဒီလမ်းလဲ မှားတယ်။ ဒီလမ်း (၂) ခုလုံးဟာ မှားတယ် လို့ သိတဲ့ ပညာမျိုး၊ အဲဒီပညာမျိုးက သမ္မာဒိဋ္ဌိပညာပါပဲ၊ ဒါကြောင့် ဓမ္မစကြာမှာ လမ်းမှန်သိဖို့က အရေးကြီး ပါတယ်လို့ ဟောကြားတာ ဖြစ်ပါတယ်။

လမ်းမှန်မသိဘဲနဲ့ တရားအားထုတ်လို့တော့ ဘယ်နည်းနဲ့မှ တရား မရနိုင်ပါ။ ဒီလမ်း မှန်သလား၊ မှားသလားဆိုတာ သိပြီးမှ တရားအားထုတ်ရ မှာပါ။ ပဥ္စဝဂ္ဂီငါးဦးထဲက ကောဏ္ဍညဟာ ဘုရားလောင်းကို မွေးဖွားပြီးတဲ့နောက် လက္ခဏာ ဖတ်ပြီး၊ ဘုရားဖြစ်မှာ အမှန်ပဲဆိုပြီး စည်းစိမ်ချမ်းသာတွေ စွန့်ပစ်၊ တောထဲတောင်ထဲမှာ ဒုက္ခအမျိုးမျိုးခံပြီး ကျင့်ကြံနေပေမဲ့လဲ လမ်းမှန်မသိတော့ တရား မရနိုင်ပါ။ ဓမ္မစကြာအနေနဲ့ ပြောရရင် တရားအားထုတ်ဖို့အတွက် လမ်းမှန်နဲ့ လမ်းမှားသိတဲ့ သမ္မာဒိဋ္ဌိဖြစ်ဖို့က ပထမ အရေးကြီးပါတယ်။ သမ္မာဒိဋ္ဌိဖြစ်ပြီးမှ တရားအားထုတ်ပါလို့ ဓမ္မစကြာမှာ ဆိုလိုရင်းပါပဲ။

ဘုရားရှင်ကိုယ်တော်တိုင်လဲ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီ တော်တွေ ဖြည့်ဆည်းခဲ့ပြီး၊ မျက်စိလှူ၊ သွေးလှူ၊ ကိုယ်အင်္ဂါတွေပါ လှူပြီး၊ ကောင်းတာတွေ အားလုံးလုပ်ခဲ့တယ်။ သဗ္ဗညုတဉာဏ်တော်ကို ရဖို့၊ နိဗ္ဗာန်ကို ရဖို့အတွက် ဘုရားဖြစ်မယ့်လမ်းတွေရှိသမျှ အားလုံး လုပ်ခဲ့တယ်။ သို့ပေမဲ့ လမ်းမှန်ကို တကယ်မသိခဲ့လို့ နောက်ဆုံး ဘုရားဖြစ်မယ့်ဘဝမှာတောင် အမှန်

တရား မသိသေးခင်မှာ ဒုက္ခဆင်းရဲ အမျိုးမျိုးခံပြီး ကျင့်ခဲ့ရပါသေးတယ်။ ဒီလိုကျင့်တာဟာ "ဆင်းရဲခံလို့သာ တရားရမယ်ဆိုရင် ငါလို ဆင်းရဲခံပြီး ကျင့်နိုင်သူ မရှိဘူး"လို့ သက်သေပြချင်တာနဲ့ ကျင့်ခဲ့တာပါ။ ဒီလို ဒုက္ကရစရိယာ ကျင့်ခြင်း ကြောင့်လဲ တရားရခဲ့တာ မဟုတ်ပါ၊ တရားရတာကတော့ သမ္မာဒိဋ္ဌိ ဖြစ်လာတော့မှ "ဒါတွေဟာ လမ်းမှားတွေပဲ၊ ဒီဟာကမှ လမ်းမှန်ပဲ"လို့ သယမ္ဘူဉာဏ်တော်နဲ့ ထိုးထွင်းသိလာပြီးမှ တရားကို ရတာပါ။ ဒါကြောင့်လဲ မဇ္ဈိမပဋိပဒါလမ်းကို သိတဲ့ သမ္မာဒိဋ္ဌိ အရေးကြီးတယ်လို့ ဓမ္မစကြာမှာ ဟောတော်မူခဲ့တာပါ။

အဲဒီခေတ်တုန်းက သူဌေးတွေက စည်းစိမ်ဥစ္စာတွေ စွန့်၊ ဘုရင်တွေကလဲ ထီးနန်းတွေ စွန့်ပြီး အငတ်ငတ်အပြတ်ပြတ်နဲ့ ဒုက္ခခံကျင့်နေတဲ့လူတွေ အများကြီး ရှိကြပါတယ်။ အဲဒီလို ကျင့်ကြံကြပေမဲ့ လမ်းမှားနေတော့ တရားမရနိုင်ကြပါ။ ပဉ္စဝဂ္ဂီ ငါးဦးဟာလဲ ဒီလိုပဲ လမ်းမှားနေလို့ "အစွန်း နှစ်ဘက်ဟာ လမ်းမှားပဲ၊ သမ္မာဒိဋ္ဌိနဲ့ သိဖို့ အရေးကြီးတယ်"လို့ ဓမ္မစကြာ ဟောရတာပါ။

လမ်းမှန်ကို သိတာဟာ သမ္မာဒိဋ္ဌိပါပဲ။ အသိမှန်ရင် သမ္မာသင်္ကပ္ပဆိုတဲ့ အတွေးအခေါ် မှန်လာပါမယ်။ အတွေးအခေါ်မှန်လာမှ သမ္မာဝါယာမ ကြိုးစားအားထုတ်တဲ့လုပ်ငန်းတွေဟာ မှန်တဲ့လုပ်ငန်းတွေ ဖြစ်လာမယ်။ အတွေးအခေါ်လဲ မှန်၊ လုပ်ငန်းစဉ်ကလဲ မှန်လာတော့ သမ္မာသတိဆိုတဲ့ သတိတရားတွေကလဲ မှန်လာတယ်။ သတိတရားဖြစ်လာရင် သမ္မာသမာဓိ တည်ကြည်မှုကလဲ မှန်ကန်တဲ့ သမာဓိဖြစ်လာမယ်။ ဒီလို မှန်ကန်တဲ့ သမာဓိဖြစ်ပေါ်လာမှ ရတဲ့ ဈာန်အဘိညာဉ်ဟာ မဂ်ဖိုလ်ရစေနိုင်တဲ့ ဈာန်အဘိညာဉ်ဖြစ်မယ်ဆိုပြီး ဓမ္မစကြာရဲ့ ခေတ်အခြေအနေတုန်းက တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေကို မဂ္ဂင်ရှစ်ပါးတရားဟောကြားတော်မူခဲ့တာပါ။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတာတွေက သီလစင်ကြယ်တယ်ဆိုရင် ပြီးပြည့်စုံပြီးသားဖြစ်နေတော့ သူတို့ သုံးခုဟာ တကယ် ဝိပဿနာတရားအားထုတ်တဲ့အခါမှာ ထပ်ပြီး ဆောက်တည်ဖို့ မလိုတော့ပါ။ ဒါကြောင့်မို့

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့က တရားအားထုတ်တဲ့အခါ မပါတော့ပါ။ သဘောတရားနဲ့ လုပ်ငန်းစဉ် ကြည့်မယ်ဆိုရင်လဲ သူတို့ (၃)ခု ပြည့်စုံပြီးမှ တရားအားထုတ်ရမှာဖြစ်လို့ တရားအားထုတ်တယ်ဆိုတာဟာ ပဉ္စင်္ဂိကမဂ်နဲ့ အားထုတ်ရပါတယ်။ အဋ္ဌင်္ဂိကမဂ်ဆိုတာကတော့ တရားအားမထုတ်ခင်ကထဲက ပြည့်စုံထားရမဲ့ သမ္မာဝါစာ၊ သမ္မာကမ္မန္တနဲ့ သမ္မာအာဇီဝတို့ကို ပဉ္စင်္ဂိကမဂ်ထဲမှာ ပေါင်းပြီး ထဲ့ထားလို့ အဋ္ဌင်္ဂိကမဂ်ဆိုတာ ဖြစ်လာတာပါပဲလို့ အယူအဆရှိတဲ့ ဂိုဏ်းသားတွေကလဲ ရှိခဲ့ကြပါတယ်။

## ဘယ်မဂ္ဂင်နဲ့ စမလဲ

အခုခေတ်မှာ ဘုရားဟောထားချက်တွေ ရှိနေလို့ ဒါက လမ်းမှန်ပဲ၊ ဒါက လမ်းမှားပဲလို့ဆိုတဲ့ မဂ္ဂင်အမှန်ကိုလဲ သိနေပြီ၊ ဘုရားကိုယ်တော်တိုင် ဟောထားတဲ့ ပိဋကတ်တော်တွေကလဲရှိ၊ စာတတ်ပေတတ်ပုဂ္ဂိုလ် အကျင့်သီလနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေကလဲ ရှိ၊ သစ္စာ(၄)ပါးနဲ့တကွ နိဗ္ဗာန်ရောက်ကြောင်း တရားတွေကလဲ အားလုံးရှိပြီး ဖြစ်နေကြပါတယ်။ ဒီတော့ လက်တွေ့ တရားထိုင်တော့မယ့်ပုဂ္ဂိုလ်မှာ သီလနဲ့ပြည့်စုံပြီးသား ဖြစ်နေပါပြီ။ သီလရှိပြီးသား ပုဂ္ဂိုလ်မှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတဲ့ မဂ္ဂင်(၃)ပါး ပြည့်စုံပြီးသားပါပဲ။ သမ္မာဒိဋ္ဌိဆိုတဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိကလဲ ရှိပြီးသားဆိုတော့ ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်ဖို့ကို ဘယ်မဂ္ဂင်နဲ့ စမလဲ။

## သတိပဋ္ဌာန် (၄)ပါး

အခုခေတ်မှာ တရားရိပ်သာတွေ အများကြီး ရှိကြပါတယ်၊ ဘယ်ရိပ်သာမှာပဲ ဖြစ်ဖြစ်၊ သတိပဋ္ဌာန်(၄)ပါးထဲက တစ်ခုခုနဲ့ ကျင့်ကြံအားထုတ်နေကြတာပဲ ဖြစ်ပါတယ်။ ကာယာနုပဿနာဆိုတော့ သတိပဋ္ဌာန်နည်းနဲ့ ထွက်သက်ဝင်သက်လေကို မှတ်ခိုင်းတာပါပဲ။ ၃၂–ကောဋ္ဌာသကို ရှုခိုင်းတာလဲ ရှိပါတယ်။

သုခဝေဒနာ၊ဒုက္ခဝေဒနာဆိုတဲ့ ဝေဒနာပေါ်မှာ ပေါ်တဲ့အတိုင်း မှတ်ကြရှုကြလို့ ဆိုတာကတော့ ဝေဒနာနုပဿနာ ဖြစ်ပါတယ်။ စိတ်သန္တာန်မှာ ကောင်းတဲ့ စိတ် ဖြစ်လာတာလဲ ကြည့်ပါ၊ ဖြစ်ပြီး ပျက်သွားတာပဲ။ လောဘစိတ် ဒေါသ စိတ်တွေ ဖြစ်လာတာလဲ ဒီစိတ်ကို ရှုနေရင် ကြာကြာ မနေဘဲ ဖြစ်ပြီး ပျက်သွားတာပဲဆိုတာကတော့ စိတ်ကို ရှုနေရလို့ စိတ္တာနုပဿနာ ဖြစ်ပါတယ်။ တစ်ချို့ ရိပ်သာမှာတော့ ဖြစ်ပျက် ကြည့်ခိုင်းတာက ရုပ်တရားပဲဖြစ်ဖြစ်၊ နာမ်တရားပဲ ဖြစ်ဖြစ် ပေါ်လာတဲ့ ရုပ်နာမ်တရားဟာ ဖြစ်ပြီးပျက်သွားတာပဲလို့ ဒီလို ဖြစ်ပျက်ကို ရှုခိုင်းတာက ဓမ္မာနုပဿနာဆိုတော့ ဘယ်ရိပ်သာပဲဖြစ်ဖြစ် ကိုယ့်နည်းကိုယ့်ဟန်နဲ့ သတိပဋ္ဌာန်(၄)ပါးကို အားထုတ်ခိုင်းတာပါပဲ။

## တရားအားထုတ်သူနဲ့ မဂ္ဂင်

အခုခေတ်အခြေအနေနဲ့ ပြောရရင် တရားအားထုတ်လိုသူတို့ဟာ မဂ္ဂင်ရှစ်ပါးမှာ သမ္မာသတိမဂ္ဂင်နဲ့ စရှုရမှာပါ။ ဒီလို အမှတ်နဲ့တရားရှုခိုင်းထားတာက သမာဓိရအောင် လုပ်ခိုင်းထားတာပါ။ သတိပဋ္ဌာန်(၄)ပါးမှာ ကာယာနုပဿနာပဲ ရှုရှု၊ ဝေဒနာနုပဿနာပဲရှုရှု၊ စိတ္တာနုပဿနာပဲ ရှုရှု၊ တရားတစ်ခုကို ရှုလို့ တော်တော် စိတ်ငြိမ်လာရင် သမ္မာသတိမဂ္ဂင်ကြောင့် သမ္မာသမာဓိ ဖြစ်လာတာပါပဲ။ သမ္မာသမာဓိကို ရလာတော့ ဝိပဿနာလုပ်ငန်းလုပ်မဲ့ ပုဂ္ဂိုလ်တွေက ဈာန်အဘိညာဉ်ရတဲ့အထိ မသွားဘဲနဲ့ ဒီနေရာမှာ လမ်းခွဲပြီး သမ္မာသင်္ကပ္ပမဂ္ဂင်ကို သွားရပါတယ်။

သမ္မာဝါယာမမဂ္ဂင်ဆိုတဲ့ ဝီရိယကတော့ သတိပဋ္ဌာန်တရားအားထုတ်တော့မယ်ဆိုပြီး (၃)နာရီကြာအောင် ထိုင်မယ်စသဖြင့် အဓိဋ္ဌာန်နဲ့တရားထိုင်တဲ့ အခါမျိုးမှာ ဝီရိယရှိမှ သတိပဋ္ဌာန် ဖြစ်မှာပါ။ သမ္မာဝါယာမမဂ္ဂင် မပါဘဲ တရားအားထုတ်လို့ မရနိုင်ပါ။ သမ္မာသတိကလဲ သမ္မာဝါယာမနဲ့ အတူတူ ပါလာပြီး သူတို့နဲ့ပဲ ဝိပဿနာလုပ်ငန်းကို စ ပေးရပါတယ်။ သမ္မာသတိဖြစ်လာ

ပြီးတော့လဲ သမ္မာသမာဓိက ဖြစ်လာပါတော့တယ်။ ဒီနေရာမှာ တရားရှုတဲ့အခါ ဝိပဿနာဉာဏ်နဲ့ ရှုရတယ်လို့တော့ ပြောကြပါတယ်။ သို့ပေမဲ့ သမ္မာသင်္ကပ္ပဆိုတဲ့ ဝိတက်ကလဲ မဂ်ပညာမျိုး မဖြစ်ခင်မှာ အတွေးအခေါ်တွေ ရှိရပါတယ်။ ဖြစ်ပျက်ပဲရှုနေနေ စိတ္တာနုပဿနာပဲရှုနေနေ ရုပ်တရား နာမ်တရားတွေရဲ့ ဖြစ်ပျက်ကို ကြံစည်နေတာ ရုပ်နာမ်တရားတွေ ဘယ်လို ဖြစ်လာတယ် ဘယ်လို ပျက်သွားတယ်ဆိုတာကို လမ်းလျှောက်ရင်း ထမင်းစား နေရင်း တွေးနေတာဟာ သမ္မာသင်္ကပ္ပမဂ္ဂင်ပါပဲ။

ဒီလိုပညာဉာဏ်ကြီးမားလာအောင် တွေးခေါ်ဆင်ခြင်တဲ့ သမ္မာသင်္ကပ္ပဟာ သမ္မာဒိဋ္ဌိရဲ့ အကောင်းဆုံး မိတ်ဆွေပါပဲ။ မှန်ကန်တဲ့ သစ္စာ(၄)ပါး တရားသိဖို့ ဉာဏ်ပေါ်ပေါက်ဖို့ သမ္မာသင်္ကပ္ပက အမြဲတမ်း ကြံစည်တွေးခေါ်နေရပါတယ်။ ဒီလို တရားပေါ်မှာ အကြံအစည်၊ အတွေးအခေါ်တွေ ရင့်ကျက်လာတဲ့အခါ သစ္စာ(၄)ပါးကို သိတဲ့ သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်လာပါတယ်။ သစ္စာ(၄)ပါးမှာ အမှန်ကို အမှန်အတိုင်း သိတယ်ဆိုတာက "ရုပ်နဲ့ နာမ်ပဲ ရှိတယ်၊ မိန်းမ ယောက်ျား သတ္တဝါဆိုတာက လောကဝေါဟာရတွေပဲ၊ တကယ်က ရုပ်နဲ့ နာမ်သာ သူ့ဘာသာသူ အကြောင်းအကျိုးကြောင့် ဖြစ်ပျက်ပြောင်းလဲပြီး နေတာပဲ"လို့ သက္ကာယဒိဋ္ဌိ ပြုတ်သွားတဲ့ မဂ္ဂသစ္စာထိုက်တဲ့ မဂ်ပညာ သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်ပါတယ်။ ဒီသမ္မာဒိဋ္ဌိမျိုးကို ဓမ္မစကြာက "စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ=မျက်စိပွင့်သွားပြီ၊ ဉာဏ်ပွင့်သွားပြီ၊ ပညာပေါ်လာပြီ၊ ဝိဇ္ဇာပေါက်သွားပြီ၊ အားလုံးလင်းသွားပြီ" ဆိုတော့ ရှင်းရှင်းပြောမယ်ဆိုရင် အတ္တစွဲ မရှိတော့ဘဲနဲ့ တစ်လောကလုံးဟာ ရုပ်နဲ့နာမ် ဖြစ်ပျက်သာရှိတော့တယ်လို့ မြင်သွားပါတယ်။ ဒီလို မြင်တာကို မဂ္ဂသမ္မာဒိဋ္ဌိ ဖြစ်ပေါ်လာတယ်လို့ ဆိုပါတယ်။ ဒီလို သမ္မာဒိဋ္ဌိဖြစ်လာရင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်သွားတာပါပဲ။

## သိဖို့အရေးကြီး

မဂ္ဂင်ရှစ်ပါးမှာ ခုခေတ် တရားအားထုတ်တဲ့ လုပ်ငန်းစဉ်နဲ့ ကြည့်ရင် သမ္မာဒိဋ္ဌိက စရမလား၊ သမ္မာသတိက စရမလား၊ လက်တွေ့လုပ်ငန်းစဉ်မှာ သတိပဋ္ဌာန်က စရပါတယ်။ မဂ္ဂင်ရှစ်ပါးမှာ သမ္မာဒိဋ္ဌိနဲ့ စရမယ်ဆိုတဲ့ ပုဂ္ဂိုလ်များ အဖို့ကတော့ လမ်းမှန်နဲ့ လမ်းမှား ခွဲခြားသိဖို့က ပထမဦးစွာ အရေးကြီးပါတယ်။ အဲဒီသမ္မာဒိဋ္ဌိက ဝိပဿနာသမ္မာဒိဋ္ဌိတော့မဟုတ်ပါ။ ပိဋကတ်သုံးပုံ သင်ကြားခြင်း၊ ဝိပဿနာပညာရပ်တွေ လေ့လာလိုက်စားခြင်းစတဲ့ သမ္မာဒိဋ္ဌိ ဆိုတော့ ကမ္မဿကတာသမ္မာဒိဋ္ဌိအဆင့် သာသာပါပဲ။ ဒီနေရာမှာ ကံလမ်း၊ ဈာန်လမ်း၊ မဂ်လမ်း ခွဲခြားပြီး သိဖို့ အရေးကြီးပါတယ်။ အဲဒီ အသိမျိုး ရလာတော့မှ ကိုယ့်ဟာကိုယ် တရားအားထုတ်တဲ့ပုဂ္ဂိုလ်မျိုးက သမ္မာဒိဋ္ဌိမဂ္ဂင်နဲ့ စတဲ့ပုဂ္ဂိုလ်ပါ။

"တရားအားထုတ်တဲ့သူများမှာ ဘာမှ သိဖို့မလို၊ သတိပဋ္ဌာန်ကိုသာ အားထုတ်၊ ခိုင်းသလိုသာ လုပ်မယ်ဆိုရင် သူ့ဟာသူ တဖြေးဖြေး သိလာလိမ့်မယ်"လို့ ပြောတဲ့သူများကလဲ ပြောကြပါတယ်။

## ဆရာရှိဖို့လို

သို့ပေမဲ့ တရားအားထုတ်ရင်း ဘာမှ မသိသေးတဲ့ ပုဂ္ဂိုလ်က ထိုးထွင်းပြီး အလိုလို သိမလာနိုင်ပါ။ "ဒီအဆင့်ရောက်ရင် ဘယ်လို ဆက်အားထုတ်၊ အခုဖြစ်လာတဲ့ တရားက ဘယ်လို" စသဖြင့် နည်းကျလမ်းမှန် ပြောပြသွန်သင်နိုင်တဲ့ ဆရာကတော့ ရှိရမှာပါ။ ဆရာမရှိဘဲနဲ့ ကိုယ့်ဘာသာကိုယ် ထိုင်ပြီး ကျင့်လိုတော့ တရားကို မသိနိုင်ပါ။ ဒါတွေကတော့ ပဋ္ဌာန်းမဂ္ဂပစ္စည်းနဲ့ တရားအားထုတ်နည်းကို ယှဉ်ပြီး တင်ပြနေတာပဲ ဖြစ်ပါတယ်။

## ပဋိဂ္ဂိကမဂ်နဲ့ အဋ္ဌိဂ္ဂိကမဂ်

ဒီတော့ ပဋိဂ္ဂိကမဂ်နဲ့ အဋ္ဌိဂ္ဂိကမဂ်မှာ လက်တွေ့ တရားအားထုတ်မယ် ဆိုရင် သိဖို့အရေးကြီးတယ်ဆိုတဲ့ ပုဂ္ဂိုလ်များကလဲ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊

သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်ငါးပါးမှာ သမ္မာဒိဋ္ဌိက စပြီး ဒီငါးမျိုးကို လုပ်ရပါတယ်။ သိဖို့ မလိုပါ, တရားအားထုတ်ရင်းနဲ့ တဖြေးဖြေး သိလာလိမ့်မယ်ဆိုတဲ့ ပုဂ္ဂိုလ်များကလဲ ဒီငါးမျိုးကိုပဲ လုပ်ရမှာပါ။ မဂ္ဂင်ရှစ်ပါးမှာ လက်တွေ့ ဝိပဿနာတရား အားထုတ်ရင် ဒီငါးပါးကတော့ ပါရမှာပါပဲ။ သမ္မာဒိဋ္ဌိလား၊ သမ္မာသင်္ကပ္ပလား၊ သမ္မာသတိလားလို့ ခွဲခြားလဲမသိ၊ အမည် နာမတောင် မသိပေမဲ့လဲ တကယ် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်မှာတော့ ဒီငါးမျိုးက ဖြစ်နေရမှာပါ။

သစ္စာ(၄)ပါး အမှန်တရားကို သိဖို့မှာ အဋ္ဌင်္ဂိကမဂ် မလိုပါ၊ ပဉ္စင်္ဂိက မဂ်က ပိုအရေးကြီးပါတယ်လို့ တချို့က ပြောကြပါတယ်။ အဋ္ဌင်္ဂိကမဂ်ကို အရေးထားပြောကြတဲ့ပုဂ္ဂိုလ်တွေကလဲ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ တို့ မရှိဘဲ မဂ္ဂင်ငါးပါးနဲ့သာ တရားအားထုတ်လို့ ဖြစ်သလားလို့ ဆိုပြန်ပါတယ်။

ဒီတော့ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဆိုတဲ့ တရားသုံးပါးက သီလဝိသုဒ္ဓိ ဖြစ်နေပါတယ်။ သီလဝိသုဒ္ဓိမရှိတဲ့ ပုဂ္ဂိုလ်က တရားထိုင်လို့ တရားမရနိုင်ပါ။ သီလဝိသုဒ္ဓိနဲ့ သီလစင်ကြယ်နေပြီး တရားထိုင်မှ တရားပေါက်မှာပါ။ ဒီသမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဆိုတဲ့ မဂ္ဂင်သုံးပါး ပြည့်စုံပြီးမှ မဂ္ဂင်ငါးပါးကို ကျင့်ကြံအားထုတ်ရမှာဖြစ်လို့ သစ္စာ(၄)ပါးကို သိဖို့မှာ မဂ္ဂင် ရှစ်ပါးလုံး လိုပါတယ်။ အမှန်ကတော့ မဂ္ဂင်ရှစ်ပါးလုံး လိုပါတယ်ဆိုတဲ့ အယူအဆကသာ အင်မတန် အဓိပ္ပာယ်လေးနက်ပါတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာ လောကမှာ မဂ္ဂင်ကို ရှစ်ပါးလို့ပဲ ဆုံးဖြတ်ထားကြပါတယ်၊ မဂ္ဂင်ငါးပါး ဆိုတာ ကတော့ ဝါဒတစ်ခုပါပဲ။

## မဟာကုသိုလ်စိတ်နဲ့ လောကုတ္တရာကုသိုလ်စိတ်

မဂ္ဂပစ္စည်းမှာ မဂ္ဂင်ရှစ်ပါးကို လောကီမဂ္ဂင်, လောကုတ္တရာမဂ္ဂင်လို့ နှစ်မျိုး ခွဲကြည့်ရင် ပိုပြီး ရှင်းပါတယ်။ ဒါန, သီလလုပ်တဲ့အခါ မဟာကုသိုလ်စိတ်တွေ ဖြစ်တော့ မဂ္ဂင်ရှစ်ပါးလုံး ပါပါတယ်။ မဟာကုသိုလ်စိတ်(၈)ခုမှာ သမ္မာဒိဋ္ဌိ,

သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိနဲ့ သမ္မာသမာဓိမဂ္ဂင်တွေ ရှိပါတယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတဲ့ မဂ္ဂင်(၃)ပါးလဲ ပါရပါတယ်။ လောကုတ္တရာကုသိုလ်နဲ့ ဘာထူးသလဲဆိုရင် မဟာကုသိုလ်နဲ့ သီလ ဆောက်တည်တဲ့အခါမှာ ဝစီဒုစရိုက်မှ ရှောင်ကြဉ်ရင် သမ္မာကမ္မန္တနဲ့ သမ္မာအာဇီဝ မဖြစ်ပါ။ ကာယဒုစရိုက်က ရှောင်ကြဉ်တဲ့အခါမှာလဲ သမ္မာဝါစာ သမ္မာအာဇီဝ မဖြစ်ပါ။ ဝိရတိ(၃)ပါးက လောကီမဟာကုသိုလ်စိတ်မှာ ဖြစ်တဲ့အခါ တပြိုင်နက် မဖြစ်နိုင်ပါ။ ဒါကြောင့် "မဟာကုသိုလ်စိတ်မှာ ဝိရတိ ရံခါယှဉ်တယ်၊ အသီးသီး ယှဉ်တယ်"လို့ ဒီလိုပဲ သင်ကြရပါတယ်။ ဝိရတိ(၃)ပါးဟာ တပြိုင်နက် ပြိုင်ပြီး မဖြစ်ဘဲ မဟာကုသိုလ်စိတ်မှာ တစ်ပါးစီ တစ်ပါးစီသာ ဖြစ်ပေမဲ့ လောကုတ္တရာစိတ်မှာတော့ မဂ္ဂင်ရှစ်ပါးလုံး တပြိုင်နက် ဖြစ်ပါတယ်။

မဂ္ဂင်ရှစ်ပါးကို မဂ္ဂပစ္စည်း တရားယူရင်

မဟာကုသိုလ်မှာ ယှဉ်နေတဲ့ မဂ္ဂင်ရှစ်ပါးကို မဂ္ဂပစ္စည်းယူရင် မဟာကုသိုလ်စိတ် (၈)ခု, မဂ္ဂင်ရှစ်ပါးမှ ကြွင်းတဲ့စေတသိက်, စိတ္တဇရုပ်တို့ကို ပစ္စယုပ္ပန်တရား ယူရမှာပါ။

ရူပကုသိုလ်စိတ်မှာတော့ မဂ္ဂင်ငါးပါးသာ ယှဉ်ပါတယ်။ ရူပကုသိုလ်မှာ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါတွေကို ရှေ့တန်းတင်ထားပေမဲ့ ဈာန်တရား အားထုတ်တဲ့ ရူပါဝစရကုသိုလ်မှာ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ငါးပါးလုံး ပါပါတယ်။ သူတို့က ခေါင်းဆောင်မဟုတ်ပေမဲ့ ပါတော့ပါရပါတယ်။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့ကတော့ မဟာကုသိုလ်မှာ ရံဖန်ရံခါ တစ်ခုစီ ပါရပေမဲ့ သမထလုပ်ငန်းမှာတော့ မပါနိုင်ပါ။ သမထလုပ်တဲ့အခါမှာ မဂ္ဂင်ငါးပါးက မဂ္ဂပစ္စည်း၊ မဂ္ဂင်ငါးပါးနဲ့ ယှဉ်တဲ့ ရူပကုသိုလ်စိတ်, မဂ္ဂင်ငါးပါးမှ ကြွင်းတဲ့ စေတသိက်, စိတ္တဇရုပ်တို့ဟာ ပစ္စယုပ္ပန် ဖြစ်ပါတယ်။

မဂ္ဂင်္ဂါနိ=မဂ္ဂင်ရှစ်ပါး တရားတို့က၊ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ=မဂ္ဂင်ရှစ်ပါးနဲ့ ယှဉ်တဲ့စိတ်, စေတသိက်၊ တံသမုဋ္ဌာနာနဉ္စ ရူပါနံ=ထိုစိတ်, စေတသိက်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် ကမ္မဇရုပ်လို့ ဒီလိုပဲ ပစ္စယနိဒ္ဒေသမှာ အကျဉ်းပေါင်းပြီး ဟောပါတယ်။

မဟာကုသိုလ်စိတ်မှာ ယှဉ်တဲ့ မဂ္ဂင်ရှစ်ပါးက မဟာကုသိုလ်စိတ်, စေတသိက်, စိတ္တဇရုပ်ကို ကျေးဇူးပြုပါတယ်။ ရူပကုသိုလ်စိတ်မှာယှဉ်တဲ့ မဂ္ဂင်ငါးပါးက ရူပကုသိုလ်စိတ်, စေတသိက်, စိတ္တဇရုပ်ကို ကျေးဇူးပြုပါတယ်။ အရူပကုသိုလ်မှာယှဉ်တဲ့ မဂ္ဂင်ငါးပါးက အရူပကုသိုလ်စိတ်, စေတသိက်, စိတ္တဇရုပ်ကို ကျေးဇူးပြုပါတယ်။

## ဓမ္မသင်္ဂဏီမှ မဂ္ဂင်

ဓမ္မသင်္ဂဏီမှာတော့ မဟာကုသိုလ်စိတ်မှာ ဝိရတိချန်ထားပြီး မဂ္ဂင်ငါးပါးပဲ ဖြစ်ပါတယ်။ စိတ်ယှဉ်စေတသိက်ယှဉ်မှာ ဓမ္မသင်္ဂဏီက ရှင်းပါတယ်။ ရံခါယှဉ်, အသီးသီးယှဉ်ဆိုတာတွေ ထဲ့မထားဘဲ မဟာကုသိုလ်မှာလဲ မဂ္ဂင်ငါးပါးပဲ ပါတယ်။ ရူပကုသိုလ်မှာလဲ မဂ္ဂင်ငါးပါးပဲ ပါတယ်။ အရူပကုသိုလ်မှာလဲ မဂ္ဂင်ငါးပါးပဲ ပါပါတယ်။ သင်္ဂြိုဟ်နည်းမှာကတော့ မဟာကုသိုလ်မှာ မဂ္ဂင်ရှစ်ပါး ရံခါယှဉ်တယ်။ ရူပကုသိုလ်မှာ မဂ္ဂင်ငါးပါးသာ ယှဉ်တယ်။ အရူပကုသိုလ်မှာလဲ မဂ္ဂင်ငါးပါးသာ ယှဉ်တယ်လို့ ပြပါတယ်။ လောကုတ္တရာကုသိုလ်မှာတော့ မဂ္ဂင်ရှစ်ပါး အမြဲယှဉ်တယ်လို့ ဓမ္မသင်္ဂဏီမှာ ဆိုပါတယ်။

မြတ်စွာဘုရားက ဝိရတိသုံးခုကို လောကုတ္တရာမှာသာ တိုက်ရိုက်ဟောထားတာကတော့ သမုစ္ဆေဒပဟာန်ဖြင့် ဝိပဿနာမဂ်ကနေပြီး သမ္မာဒိဋ္ဌိလောကုတ္တရာ မဂ္ဂင်ဖြစ်လိုက်ရင် သီလက အကြွင်းမဲ့ လုံခြုံသွားတော့ သမ္မာဝါစာဝစီဒုစရိုက် စောင့်ထိန်းပြီးသား ဖြစ်၊ သမ္မာကမ္မန္တ ကာယဒုစရိုက်ကိုလဲ

စောင့်ထိန်းပြီးသား ဖြစ်တော့ အလိုလိုကို လုံခြုံနေပါတယ်။ ပုထုဇဉ်မှာကတော့ သီလစောင့်ထိန်း ရပါတယ်။

## အကုသိုလ်မဂ္ဂင်တရားကိုယ်

မဂ္ဂင်မှာ ကုသိုလ်မဂ္ဂင် ကောင်းတဲ့မဂ္ဂင်တရားအကြောင်းပဲ အဟောများ အပြောများကြပါတယ်။ ပဋ္ဌာန်းမှာ ဖြစ်သင့်ဖြစ်ထိုက်တဲ့တရားဆိုရင် အကြွင်း အကျန်မရှိ ဟောရတာဖြစ်တော့ မဂ္ဂင်မှာ အကုသိုလ်မဂ္ဂင်ဆိုတဲ့အကြောင်း ပါလာပါတယ်။ အကုသိုလ်မဂ္ဂင်မှာ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိလို့ ရှိတော့ မိစ္ဆာဒိဋ္ဌိက အကုသိုလ်စေတသိက်မှာ ဒိဋ္ဌိစေတသိက်၊ မိစ္ဆာသင်္ကပ္ပ–က ဝိတက်စေတသိက်၊ မိစ္ဆာဝါယာမက ဝီရိယစေတသိက်၊ မိစ္ဆာ သမာဓိက ဧကဂ္ဂတာ စေတသိက်ပါပဲ။

ပဋ္ဌာန်းမှာ စေတသိက်ပိုင်းက စိတ်ယှဉ်စေတသိက်ယှဉ် ကွဲရင် သဟဇာတ မျိုးမှာ လွယ်ပါတယ်၊ စိတ်ယှဉ်စေတသိက်ယှဉ်မှ မကွဲရင် ပဋ္ဌာန်းနက်နဲတာကို သဟဇာတမျိုးမှာ သဘောမပေါက်နိုင်ပါ။

## မိစ္ဆာဒိဋ္ဌိပစ္စည်းတရား

မိစ္ဆာဒိဋ္ဌိဟာ မဂ္ဂင်ထိုက်ပါတယ်၊ မိစ္ဆာဒိဋ္ဌိဟာ အပါယ်ဘုံကို ရောက် ကြောင်း ဖြစ်လို့ မဂ္ဂင်ဆိုတဲ့ အပါယ်သွားရာလမ်းကြောင်းပါပဲ။ ဒိဋ္ဌိကို မဂ္ဂ ပစ္စည်းယူရင် ဒိဋ္ဌိနဲ့ ယှဉ်တဲ့စိတ်, စေတသိက်, စိတ္တဇရုပ်တို့ဟာ ပစ္စယုပ္ပန် တရားတွေပါပဲ။ မဂ္ဂပစ္စည်း ပစ္စယုပ္ပန်တရားမှာ အကုန်လုံး ပေါင်းရင် ပဋ္ဌာန်း အရကောက်မှာ အဟိတ်စိတ် (၁၈)ခုမှ တပါး စိတ်(၇၁)ခုဟာ မဂ္ဂပစ္စည်းတရားရဲ့ ပစ္စယုပ္ပန်ဖြစ်သွားတယ်။ မဂ္ဂပစ္စည်းက ဟိတ်ရှိမှ ထိုက်တော့ အဟိတ်စိတ် (၁၈)ခုက မဂ္ဂပစ္စည်း ပစ္စယုပ္ပန် မဖြစ်နိုင်ပါ။

### မိစ္ဆာသင်္ကပ္ပပစ္စည်းတရား

မိစ္ဆာသင်္ကပ္ပက ဝိတက်စေတသိက်ပါ၊ ဝိတက်ကတော့ ကောင်းတဲ့ဘက် လဲပါ၊ မကောင်းတဲ့ဘက်လဲ ပါတဲ့ (၂)ဘက်ရ စေတသိက်ဖြစ်လို့ ကောင်းတာ ကြံတဲ့စိတ်က သမ္မာသင်္ကပ္ပ၊ မကောင်းတာကြံတဲ့စိတ်ကတော့ မိစ္ဆာသင်္ကပ္ပပါပဲ။ မိစ္ဆာသင်္ကပ္ပကလဲ မကောင်းတဲ့အပါယ်ဘုံရောက်ကြောင်းလမ်းဖြစ်လို့ အကုသိုလ် မဂ္ဂင် ထိုက်ပါတယ်။ ဝိတက်(မိစ္ဆာသင်္ကပ္ပ)ကို မဂ္ဂပစ္စည်းယူရင် ဝိတက်နဲ့ယှဉ်တဲ့ အကုသိုလ်စိတ်၊ စေတသိက်၊ ၎င်းစေတသိက်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေက ပစ္စယုပ္ပန်ဖြစ်သွားပါတယ်။

မဂ္ဂင်္ဂါနိ=မဂ္ဂင်တို့သည်။ မဂ္ဂသမ္ပယုတ္တကာနံ=မဂ္ဂင်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ = စိတ်စေတသိက်တို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ = ထိုစိတ် စေတသိက်ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ=စိတ္တဇရုပ် ကမ္မဇရုပ်တို့အား လည်းကောင်း ကျေးဇူးပြုတယ်လို့ ပေါင်းပြီး ဟောပါတယ်။

### မိစ္ဆာဝါယာမပစ္စည်းတရား

မိစ္ဆာဝါယာမဆိုကော့ ဝီရိယမှာ ကောင်းတဲ့ ဝီရိယ၊ မကောင်းတဲ့ ဝီရိယ ဆိုပြီး နှစ်မျိုးရှိပါတယ်။ မမှန်မကန်တာ မကောင်းတာကို ကြိုးစားတဲ့ ဝီရိယက အကုသိုလ် မဂ္ဂပစ္စည်းထိုက်ပါတယ်။ ဝီရိယနဲ့ယှဉ်တဲ့ အကုသိုလ်စိတ်၊ စေတသိက်၊ ၎င်း စိတ် စေတသိက်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တို့ဟာ ပစ္စယုပ္ပန်တရားများ ဖြစ်ကြပါတယ်။

### မိစ္ဆာသမာဓိပစ္စည်းတရား

မိစ္ဆာသမာဓိဆိုတာက ဧကဂ္ဂတာစေတသိက်ဖြစ်လို့ စိတ်အားလုံးမှာ ယှဉ်ပါတယ်၊ မဂ္ဂပစ္စည်းမှာ အဟိတ်စိတ်(၁၈)ခု မပါတော့ ကျန်တဲ့စိတ် (၇၁)ခုမှာ ဧကဂ္ဂတာက ယှဉ်ပေမဲ့ မကောင်းတဲ့ သမာဓိမှာတော့ ကောင်းတဲ့ စိတ်တွေက

မယှဉ်ပါ။ သမာဓိလုပ်ငန်းမှာ သမာဓိရရင်ပြီးတယ် ကောင်းတယ်လို့ ထင်ကြပေမဲ့ တရားထိုင်တာဟာ နည်းမှန်လမ်းမှန်မှ သမ္မာသမာဓိ ဖြစ်ပါတယ်၊ မဟုတ်တဲ့တရား ထိုင်မိရင်တော့ မိစ္ဆာသမာဓိဖြစ်လို့ တရားထိုင်တိုင်းလဲ ကောင်းတဲ့ သမာဓိချည်းပဲလို့ ဒီလိုတွက်လို့ မရပါ။ သမာဓိကို မဂ္ဂပစ္စည်းယူရင် သမာဓိနဲ့ယှဉ်တဲ့ အကုသိုလ်စိတ်၊ အကုသိုလ်စိတ်နဲ့ယှဉ်တဲ့ စေတသိက်၊ ၎င်းစိတ်စေတသိက်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တို့ဟာ ပစ္စယုပ္ပန်တရားများ ဖြစ်သွားပါတယ်။

မိစ္ဆာမဂ္ဂင်စေတသိက် (၄)လုံးထဲက ဝိတက်၊ ဝီရိယ၊ ဧကဂ္ဂတာက ကုသိုလ်မဂ္ဂင်မှာ ပါပြီးဖြစ်တဲ့အတွက် အကုသိုလ်စေတသိက်မှ ဒိဋ္ဌိစေတသိက်တစ်ခုသာ ပိုလာပါတယ်။ ကျန်တဲ့ရှစ်ပါးကတော့ အတူတူပဲဖြစ်လို့ စေတသိက် အရေအတွက် ပေါင်းပြီး မဂ္ဂင်တရားကိုယ်ကောက်ရင် မဂ္ဂင်တရားကိုယ် (၉)ပါးလို့ပဲ ကောက်ကြပါတယ်။ မဂ္ဂပစ္စည်းကိုတော့ တော်ကြပါစို့။

# ၁၉။ သမ္ပယုတ္တပစ္စည်း

## သမ္ပယုတ္တပစ္စည်း

သမ္ပယုတ္တကို မြန်မာတစ်ပြည်လုံးမှာ ယှဉ်ဘော်ယှဉ်ဘက်လို့ ဘာသာပြန်ကြပါတယ်။ အဘိဓမ္မာသဘောကို လေးလေးနက်နက် စဉ်းစားမယ်ဆိုရင် သမ္ပယုတ္တက တရားတစ်ခုနဲ့တစ်ခု ခွဲလို့မရအောင် ရောစပ်ပြီးနေတာပါ။ မြတ်စွာဘုရားက ဟောထားလို့ အများသိကြတယ်ဆိုတာက ဉာဏ်နဲ့သာ ခွဲခြားပြီး သိနေကြတာပါ။ "စတ္တာရော ခန္ဓာ"ဆိုတဲ့ နာမ်တရား(၄)ပါးဟာ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဖြစ်ပါတယ်။ သင်္ဂြိုဟ်မှာ စိတ်(၈၉)၊ စေတသိက်(၅၂)ခုကို ခန္ဓာဖွဲ့တော့လဲ နာမက္ခန္ဓာ(၄)ပါးပဲ ရပါတယ်။ ဒီနာမက္ခန္ဓာ(၄)ပါးမှာရှိတဲ့ ဝေဒနာသက်သက်ကို ကွဲအောင် ဝိပဿနာတရားရှုရင်လဲ မလွယ်ပါ။ သမ္ပယုတ္တဆိုတာကလဲ ခွဲလို့မရပါ။ ဉာဏ်နဲ့သာ ရှုရပါတယ်။

## ဝိပဿနာရှုတဲ့အခါ

ဥပမာ ဝေဒနာကို ရှုတယ်ဆိုပါစို့၊ တရားထိုင်တဲ့အခါ ညောင်းတာက ဒုက္ခဝေဒနာပါ၊ ဝေဒနာသိလိုက်တဲ့အခါ နာမ်ခန္ဓာ(၄)ပါး ဘယ်လိုပါလာသလဲ ဆိုတာကို ရှုကြည့်ဖို့ မလွယ်ပါ၊ တစ်ခုခုကို ပဓာနထားပြောရရင်တော့ နဲနဲပေါ်ပါတယ်၊ တရားထိုင်လို့ ညောင်းလာတဲ့အခါမှာ ညောင်းတယ်လို့ သိတာက ဝိညာဏက္ခန္ဓာ၊ ညောင်းလာတာက ဝေဒနာက္ခန္ဓာ၊ ညောင်းတာကို ဝေဒနာလို့ လိုက်လိုက်ပြီး မှတ်နေတာက သညာက္ခန္ဓာ၊ ဒီလိုပဲ "မှတ်လိုက် မှတ်လိုက်"ဆိုပြီး ကိုယ့်စိတ်ကို ကိုယ်တိုက်တွန်းနေတဲ့ ကြိုးစားမှု အားထုတ်မှုက သင်္ခါရက္ခန္ဓာ ဖြစ်နေကြပါတယ်။ ဒီနာမက္ခန္ဓာ(၄)ပါးကို တရားထိုင်တဲ့အခါမှာ တစ်ခုစီ ကွဲအောင် ရှုနိုင်တယ်ဆိုတဲ့ ဝိပဿနာသမားလဲ မရှိနိုင်ပါ။

သမ္ပယုတ္တလက္ခဏာ(၄)ပါး

သမ္ပယုတ္တဆိုတာကလဲ တစ်ပြိုင်နက် တစ်ပေါင်းထဲ ဖြစ်နေပါတယ်။ "စတ္တာရော ခန္ဓာ အရူပိနော အညမည သမ္ပယုတ္တပစ္စယေန ပစ္စယော"ဆိုတော့ သမ္ပယုတ္တမှာ လက္ခဏာ(၄)ပါး ရှိပါတယ်။ အဖြစ်တူရမယ်ဆိုတော့ ဖြစ်တယ်ဆိုရင်လဲ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဆိုတဲ့ နာမ်ခန္ဓာ(၄)ပါးဟာ ဥပါဒ်, ဌီ, ဘင် **အခိုက်အတန့်**မှာ တစ်ပြိုင်နက်လဲ ဖြစ်ရမှာပါ။ အဖြစ်တူတော့ အပျက်လဲ တူရမှာပါ။ တကယ်တော့ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့ဟာ တစ်ပြိုင်နက်ဖြစ်မှ ဝေဒနာကိုသိတယ်ဆိုတဲ့ အဓိပ္ပါယ်ကို ရောက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဖြစ်တူရမယ်၊ အပျက်တူရမယ်လို့ ဆိုထားလို့ပါ။

ဝေဒနာကို ရှုတဲ့အခါမှာလဲ ဝေဒနာကို အာရုံအနေနဲ့ ထားရမှာပါ၊ ညောင်းတယ်ဆိုတဲ့ ဝေဒနာကို အာရုံယူရင် သညာကလဲ ဒါကိုပဲ အာရုံပြုရမှာပါ၊ သင်္ခါရ, ဝိညာဉ် အားလုံးကလဲ ဒါကိုပဲ အာရုံပြုရမှာပါ။ စိတ်ကို ရှုတဲ့အခါ စိတ်ကို အာရုံပြုပြန်ရင်လဲ ကျန်တဲ့ခန္ဓာသုံးပါးက စိတ်ကို အာရုံပြုရမှာပါ။ အာရုံတူတယ်ဆိုရင် မှီရာလဲ တူရမှာပါ၊ မှီတာကလဲ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်အားလုံးဟာ ဟဒယဝတ္ထုရုပ်ကို မှီရပါတယ်။ သမ္ပယုတ္တလက္ခဏာဆိုတာက–

(၁) အဖြစ်တူပါတယ်၊

(၂) အပျက်တူပါတယ်၊

(၃) မှီရာတူပါတယ်၊

(၄) အာရုံတူပါတယ်။

ဒီ(၄)ချက်နဲ့ညီမှ သမ္ပယုတ္တ ဖြစ်ပါတယ်။

ပဋိသန္ဓေစိတ်ရဲ့ ဝတ္ထုရုပ် ပစ္စည်းမရ

"ဩက္ကန္တိက္ခဏေ နာမရူပံ အညမည် သဟဇာတပစ္စယေန ပစ္စယော"လို့ ပဋိသန္ဓေအခါမှာ ပဋိသန္ဓေစိတ်က နာမ်တရား၊ ဝတ္ထုရုပ်က ရုပ်တရား၊ ရုပ်တရားနဲ့ နာမ်တရား အတူဖြစ်ကြပါတယ်။ ပဋိသန္ဓေအခါမှာ အစဦးစွာ ဖြစ်တဲ့ ပဋိသန္ဓေစိတ်က ဝတ္ထုရုပ်ကို မှီပါတယ်။ ဝတ္ထုရုပ်ကလဲ ပဋိသန္ဓေစိတ်ကို မှီရတော့ သူတို့နှစ်ခုဟာ တစ်ခုကို တစ်ခုက မှီရပါတယ်။ ဒီလို တစ်ခုကို တစ်ခု မှီပြီး အတူဖြစ်ဘော်ဖြစ်ဘက်ဖြစ်လို့ သမ္ပယုတ္တပစ္စည်း ထိုက်သလား ဆိုရင် ပဋိသန္ဓေစိတ်ချုပ်ပြီးနောက် ဝတ္ထုရုပ်က ရုပ်သက်(၁၇)ချက်ပြည့်မှ ချုပ်တယ်ဆိုတော့ အပျက်မှာ မတူတော့ပါ။ အဖြစ်တူပေမဲ့ အပျက်မှာ မတူတဲ့ အတွက် သမ္ပယုတ္တပစ္စည်းမရပါ၊ အတူတကွဖြစ်ကြလို့ သဟဇာတပစ္စည်းရပါတယ်၊ အပြန်အလှန်လဲ ကျေးဇူးပြုကြလို့ အညမညပစ္စည်းလဲ ရပါတယ်။

"စတ္တာရော ခန္ဓာ အရူပိနော အညမည် သမ္ပယုတ္တပစ္စယေန ပစ္စယော" လို့ ထပ်ပြီးဟောတာက ပဋ္ဌာန်းဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်၊ ပဋ္ဌာန်းလေ့လာတဲ့ ပုဂ္ဂိုလ် တွေက အညမညပစ္စည်းလဲရ၊ သဟဇာတပစ္စည်းလဲရရင် သမ္ပယုတ္တပစ္စည်းလဲ ရမှာပဲလို့ သံသယရှိစရာဖြစ်လို့ သမ္ပယုတ္တပစ္စည်းကို မြတ်စွာဘုရားက ထပ်ပြီး ဟောတာပါ။

"စတ္တာရော ခန္ဓာ အရူပိနော"က သဟဇာတပစ္စည်းနဲ့ အညမညပစ္စည်းမှာ ပါခဲ့ပါပြီ။ နောက်လာမဲ့ အတ္ထိပစ္စည်းနဲ့ အဝိဂတပစ္စည်းမှာလဲ "စတ္တာရော ခန္ဓာ အရူပိနော"လို့ ထပ်ပြီးဟောပါသေးတယ်။ ဒါကြောင့် ဒီသမ္ပယုတ္တပစ္စည်းကို နဲနဲ ရှင်းသွားအောင် တခြားပစ္စည်းများနဲ့တွဲပြီး ရှင်းပြပါဦးမည်။

သမ္ပယုတ္တနဲ့ ဟေတု

"ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော"လို့ ဟေတုပစ္စည်းမှာ ဟောထားပါတယ်။ ဟေတု ပစ္စည်းက ဟိတ်(၆)ပါးမှာ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊

အမောဟဆိုတဲ့ စေတသိက်နာမ်တရားတွေပါ၊ ဟိတ်(၆)ပါးက ဟိတ်(၆)ပါးနဲ့ ယှဉ်တဲ့ စိတ်၊ စေတသိက် နာမ်တရားများကို နာမ်၊ နာမ်ချင်း ကျေးဇူးပြုရင် ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ=နာမ်၊ နာမ်ချင်း ဖြစ်လို့ သမ္ပယုတ္တပစ္စည်းရပါတယ်။ ဒီပါဠိထဲမှာလဲ သမ္ပယုတ္တဆိုတဲ့စကားက ပါနေပါတယ်။ "စတ္တာရော ခန္ဓာ အရူပိနော အညမညံ"လို့ သမ္ပယုတ္တပစ္စည်းမှာ ထပ်ပြီး ဟောရတာက နာမ်၊ နာမ်ချင်းသာ သမ္ပယုတ္တရတယ်ဆိုတဲ့ ဥပဒေသတစ်ခု ထပ်ပြီး ထုတ်တာပါပဲ။ ဒီဥပဒေကို ကြည့်ပြီး ဟိတ်(၆)ပါးက စိတ်စေတသိက်ဆိုတဲ့ နာမ်တရားကို နာမ်၊ နာမ်ချင်း ကျေးဇူးပြုတာမှာ သမ္ပယုတ္တသာ ရနိုင်တယ်လို့ ဆုံးဖြတ်ဖို့ပါပဲ။

## နာမ်က ရုပ်ကို သမ္ပယုတ္တပစ္စည်းမတာပ်

"တံသမုဋ္ဌာနာနဉ္စ ရူပါနံ"မှာ ဟိတ်(၆)ပါးဖြစ်တဲ့ နာမ်တရားတွေက သူနဲ့ အတူတကွဖြစ်တဲ့ စိတ္တဇရုပ်ကို ကျေးဇူးပြုတော့ ရုပ်ဖြစ်နေတဲ့အတွက် သမ္ပယုတ္တရ၊ မရ စဉ်းစားတဲ့အခါမှာ စိတ္တဇရုပ်ဟာ စိတ်နဲ့အတူတကွ ဖြစ်တယ်၊ စိတ္တဇရုပ်က စိတ်သက်(၁၇)ချက်တော့ အသက်မရှည်၊ စိတ်ဖြစ်ရင်ဖြစ်၊ စိတ်ပျက်ရင်ပျက်ပါတယ်။ စိတ္တဇရုပ်က ဒေါသဖြစ်တဲ့အခါ ဒေါသရုပ်ပေါ်လာတယ်၊ လောဘဖြစ်ရင် လောဘရုပ်ပေါ်တယ်၊ မာနဖြစ်တော့လဲ မာနရုပ်ပေါ်ပါတယ်။ ဟိတ်(၆)ပါးကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေဟာ ဟိတ်(၆)ပါးနဲ့ သဟဇာတ=အတူတကွဖြစ်တော့ လောဘကြောင့်ဖြစ်တဲ့ လောဘရုပ်တွေဟာ သမ္ပယုတ္တ ဖြစ်မလားလို့ စဉ်းစားရင် စတ္တာရော ခန္ဓာ အရူပိနော အညမညံ=နာမ်လဲ ဖြစ်ရပါမယ်၊ နာမ်က နာမ်ကိုသာ ကျေးဇူးပြုတယ်ဆိုတော့ စိတ္တဇရုပ်က ရုပ်ဖြစ် နေလို့ ဟိတ်(၆)ပါးက စိတ္တဇရုပ်ကို ကျေးဇူးပြုတဲ့အခါ သမ္ပယုတ္တမရနိုင်လို့ သိရပါတယ်။

"အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော"ဥပဒေသအရ နာမ်က ရုပ်ကို ကျေးဇူးပြုတဲ့အခါ ဝိပ္ပယုတ္တပဲ ဖြစ်ရပါမယ်လို့ သိရပါတယ်။ ဒါက ဟေတုပစ္စည်းမှာ သမ္ပယုတ္တ ရပုံ၊ မရပုံပါပဲ။

သမ္ပယုတ္တနဲ့ အာရမ္မဏ

အာရမ္မဏပစ္စည်းမှာ ကြည့်ရင် "ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော"ဆိုတဲ့အခါ ရူပါရုံ ရုပ်က အာရမ္မဏပစ္စည်းတရား၊ စက္ခုဝိညာဉ်စိတ်, စေတသိက်နာမ်တရားက အာရမ္မဏပစ္စယုပ္ပန်တရားဖြစ်ပါတယ်။ ရူပါရုံက စက္ခုဝိညာဉ်စိတ်နဲ့ စေတသိက်တွေကို အာရမ္မဏပစ္စည်းနဲ့ ကျေးဇူးပြုတဲ့အခါမှာ သမ္ပယုတ္တရမလား။ ရူပါရုံက ရုပ်တရား၊ စက္ခုဝိညာဉ်က နာမ်တရားဖြစ်နေတော့ "စတ္တာရော ခန္ဓာ အရူပိနော အညမညံ"ဆိုတဲ့ ဥပဒေသအရ ရူပါရုံက စက္ခုဝိညာဉ်ကို ကျေးဇူးပြုတဲ့အခါမှာ သမ္ပယုတ္တမရပါ။

ဒီလိုဆိုတော့ ရုပ်က နာမ်ကို ကျေးဇူးပြုရင် ဝိပ္ပယုတ္တပစ္စည်းရသလား ဆိုရင် ဒီနေရာမှာ ဝိပ္ပယုတ္တပစ္စည်းလဲ မရပါ၊ "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော"ရုပ်က နာမ်တရားကို ကျေးဇူးပြုရင် ဝိပ္ပယုတ္တဆိုတဲ့ ဥပဒေအတိုင်း ပြောရရင် ရူပါရုံ ရုပ်တရားက စက္ခုဝိညာဉ် နာမ်တရားကို ကျေးဇူးပြုတဲ့အခါ သမ္ပယုတ်, ဝိပ္ပယုတ် သံသယရှိစရာ မလိုတဲ့အတွက် အာရမ္မဏမျိုးမှာ ဝိပ္ပယုတ္တလဲ မရပါ။

ဟေတုပစ္စည်းမှာ ဟိတ်(၆)ပါးနဲ့ စိတ္တဇရုပ်, ကမ္မဇရုပ်တို့က အတူတကွ ဖြစ်တယ်ဆိုတော့ သဟဇာတမျိုး ဖြစ်ပါတယ်။ အာရမ္မဏပစ္စည်းက အာရမ္မဏမျိုးဆိုတော့ ရူပါရုံက အတီတဘဝင်ရဲ့ ဥပါဒ်ခဏကစပြီး ဖြစ်ပေမဲ့လဲ စက္ခုဝိညာဉ်က စိတ္တက္ခဏ(၄)ချက် နောက်ကျပြီးမှ ဖြစ်တော့ သဟဇာတဆိုတဲ့ အတူတကွဖြစ်တဲ့မျိုး မဟုတ်ပါ။ ရူပါရုံဖြစ်ပြီးမှ စက္ခုဝိညာဉ်စိတ်ဖြစ်တာက အဝေးကြီးကွာသွားမှဖြစ်တာကြောင့် ရူပါရုံနဲ့ စက္ခုဝိညာဉ်စိတ်ဟာ သမ္ပယုတ္တဖြစ်မလားဆိုတဲ့ သံသယဖြစ်စရာ မလိုတော့ပါ။ ရူပါရုံနဲ့ စက္ခုဝိညာဉ်ဟာ တခြားစီ ဝေးကွာပြီးမှ ဖြစ်ကြလို့ ဝိပ္ပယုတ္တဖြစ်မလားဆိုတဲ့ သံသယရှိစရာမလိုတဲ့အတွက် ဝိပ္ပယုတ္တလို့လဲ ဟောဖို့မလိုတော့ပါ။

## သမ္ပယုတ္တနဲ့ အဓိပတိ

အဓိပတိပစ္စည်းက သဟဇာတမျိုးလဲ ရှိပါတယ်၊ သဟဇာတမျိုးမှာ နာမ်က နာမ်ကို ကျေးဇူးပြုရင် သမ္ပယုတ္တရပါတယ်။ "ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ"မှာ ဆန္ဒကို ပစ္စည်းယူရင် ဆန္ဒကလဲ နာမ်တရား၊ ဆန္ဒနဲ့ယှဉ်တဲ့ စိတ် စေတသိက်တို့ကလဲ နာမ်တရားဆိုတော့ နာမ်ကို နာမ်ချင်း ကျေးဇူးပြုရင် သမ္ပယုတ္တရပါတယ်။ "တံသမုဋ္ဌာနာနဉ္စ ရူပါနံ"မှာ ဆန္ဒနဲ့ယှဉ်တဲ့ စိတ်, စေတသိက်တို့ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်နဲ့ ကမ္မဇရုပ်ကို ကျေးဇူးပြုတဲ့အခါ ဝိပ္ပယုတ္တ ရပါတယ်။ ပစ္စည်းပြိုင်မှာ ဝိပ္ပယုတ္တပြိုင်တဲ့အခါ သမ္ပယုတ္တဖြုတ်ရပါတယ်။ ပစ္စည်းပြိုင်နည်းက သဘောပေါက်သွားရင်လွယ်ပါတယ်။

## သမ္ပယုတ္တနဲ့ အနန္တရ

အနန္တရပစ္စည်းမှာ "စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော"လို့ ဟောတော့ စက္ခုဝိညာဏဝီထိမှာ ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇောလို့ ချပါတယ်။ ပဉ္စဒွါရာပဇ္ဇန်းနဲ့ သမ္ပဋိစ္ဆိုင်းဒွေးဟာ မနောဓာတ်သုံးပါးပါပဲ။ ဒီနေရာမှာ စက္ခုဝိညာဉ်က ပစ္စည်းတရား၊ သမ္ပဋိစ္ဆိုင်းက ပစ္စယုပ္ပန်တရား ဖြစ်ပါတယ်။ "စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ" ဆိုတာက စက္ခုဝိညာဉ်စိတ်, ၎င်းနဲ့ယှဉ်တဲ့ စေတသိက်ဆိုတဲ့ နာမ်တရားများဟာ ပစ္စည်းတရားဖြစ်ပြီး "မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ"က မနောဓာတ်ဆိုတဲ့ သမ္ပဋိစ္ဆိုင်းက ပစ္စယုပ္ပန်တရား ဖြစ်ပါတယ်။ စက္ခုဝိညာဉ်က သမ္ပဋိစ္ဆိုင်းကို အနန္တရသတ္တိနဲ့ ကျေးဇူးပြုတာမှာ စက္ခုဝိညာဉ်စိတ်က ဥပါဒ်, ဌီ, ဘင်နဲ့ ပျက်ပြီး သူက မရှိတော့ဘဲနဲ့ သူ့အခြားမဲ့မှာ သမ္ပယုတ်လား, ဝိပ္ပယုတ်လားလို့ သံသယရှိစရာ မရှိပါ၊ ဖြစ်ပြီးပျက်ပြီးသွားမှ သူတို့က တခြားစီ ဖြစ်တဲ့ တရားဖြစ်တော့ သမ္ပယုတ်ယှဉ်ဘော်ယှဉ်ဘက်လေလား, မယှဉ်လေ

သလားလို့ ပြောစရာမလိုတော့ပါ။ သမနန္တရပစ္စည်းကတော့ အနန္တရနဲ့ အတူတူပါပဲ။

သမ္ပယုတ္တနဲ့ သဟဇာတ

သဟဇာတပစ္စည်းမှာ "စတ္တာရော ခန္ဓာ အရူပိနော အညမည့် သဟဇာတပစ္စယေန ပစ္စယော"ဆိုတော့ "စတ္တာရော ခန္ဓာ အရူပိနော"မှာ သမ္ပယုတ္တဥပဒေသအရ နာမ်ကို နာမ်ချင်း ကျေးဇူးပြုမှ သမ္ပယုတ္တဖြစ်တယ်ဆိုတဲ့အခါ "စတ္တာရော ခန္ဓာ အရူပိနော အညမည့်"မှာ နာမ်ကို နာမ်ချင်း ကျေးဇူးပြုတဲ့အတွက် သမ္ပယုတ္တရပါတယ်။

"စတ္တာရော မဟာဘူတာ"ဆိုတဲ့ မဟာဘုတ်(၄)ပါးမှာ သူတို့က အချင်းချင်း အပြန်အလှန် ကျေးဇူးပြုပါတယ်။ သဟဇာတမှာက မဟာဘုတ်(၄)ပါးမှာ ပထဝီက ကျန်တဲ့ဓာတ်သုံးမျိုးကို ကျေးဇူးပြုတဲ့အခါ ဓာတ်(၄)ပါးကလဲ ခွဲလို့ ရတာမဟုတ်ပါ။ ဓာတ်တစ်ပါးရှိရင် ဓာတ်(၃)ပါးက ရှိနေရတာပါ။ ပထဝီရုပ်က ကျန်တဲ့ဓာတ်(၃)ပါးရုပ်ကို ကျေးဇူးပြုတဲ့အခါမှာ သဟဇာတလဲရ၊ အညမညလဲ ရပါတယ်။ ဒီနေရာမှာ ရုပ်, ရုပ်ချင်း ကျေးဇူးပြုတဲ့အတွက် သမ္ပယောဂလက္ခဏာ မရှိတော့ သမ္ပယုတ္တမရပါ။ သမ္ပယုတ္တလား, ဝိပ္ပယုတ္တလား စဉ်းစားစရာမရှိတော့ ဝိပ္ပယုတ္တလဲ မရပါ။

"ဩက္ကန္တိက္ခဏေ နာမရူပံ အညမည့် သဟဇာတပစ္စယေန ပစ္စယော"ဆိုတဲ့ ပဋိသန္ဓေအခါမှာ နာမ်နဲ့ ရုပ်က တစ်ပြိုင်နက်ထဲ ဖြစ်တယ်၊ အတူတကွလဲ ဖြစ်တယ်ဆိုတော့ သဟဇာတလဲရ၊ အပြန်အလှန် မှီပြီး ဖြစ်ရသောကြောင့် အညမညလဲ ရပါတယ်။ ဒီနေရာမျိုးမှာ သဟဇာတလဲဖြစ်, အညမညလဲဖြစ်တော့ သမ္ပယုတ်များဖြစ်လေမလားလို့ စဉ်းစားစရာရှိလာလို့ မြတ်စွာဘုရားက "စတ္တာရော ခန္ဓာ အရူပိနော အညမည့် သမ္ပယုတ္တပစ္စယေန ပစ္စယော"ဆိုတဲ့ ဥပဒေသကို ထပ်ပြီး ဟောရပါတယ်။ နာမ်က ရုပ်, ရုပ်က နာမ်ကို ကျေးဇူးပြုရာမှာ သမ္ပယုတ္တမရပါ။

"စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော"မှာ စိတ္တစေတသိကာ ဓမ္မာ–က ပစ္စည်းတရား၊ စိတ္တသမုဋ္ဌာနာနံ ရူပါနံ=စိတ်စေတသိက်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တို့က ပစ္စယုပ္ပန်တရား ဖြစ်ပါတယ်။ စိတ်နဲ့ စိတ္တဇရုပ်ဟာ အတူဖြစ် အတူပျက်ဖြစ်သောကြောင့် သမ္ပယုတ္တများ ဖြစ်လေမလားလို့ သံသယရှိလာတဲ့အခါမှာ "စတ္တာရောခန္ဓာ အရူပိနော"ဥပဒေသ ကြည့်လိုက်ရင် သမ္ပယုတ္တက နာမ်ကို နာမ်ချင်းသာ ကျေးဇူးပြုတဲ့အတွက် ဒီနေရာမှာ သမ္ပယုတ္တ မရတာကို သိနိုင်ပါတယ်။ နာမ်က ရုပ်ကို ကျေးဇူးပြုလို့ ဝိပ္ပယုတ္တကတော့ ရပါတယ်။

"မဟာဘူတာ ဥပါဒါရူပါနံ" မှာတော့ မဟာဘုတ် ရုပ်တရားက ပစ္စည်း တရား၊ မဟာဘုတ်ကို မှီပြီးဖြစ်တဲ့ ဥပါဒါရုပ်က ပစ္စယုပ္ပန်တရား။ သူတို့က အတူတကွ သဟဇာတဖြစ်တဲ့အခါမှာ ရုပ်ကို ရုပ်ချင်း ကျေးဇူး ပြုတဲ့အတွက် သမ္ပယုတ္တမရပါ။

## သမ္ပယုတ္တနဲ့ နိဿယ

ပုရေဇာတနိဿယမှာ "စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော" ဆိုတော့ စက္ခုပသာဒ ရုပ်က စက္ခုဝိညာဉ်ကို ကျေးဇူးပြုတဲ့အခါမှာ စဉ်းစားစရာ ရှိပါတယ်။ စက္ခာယတနံဆိုတာက စက္ခုပသာဒရုပ်တရား၊ "စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ" ဆိုတာက စက္ခုဝိညာဉ်စိတ်၊ ၎င်းနဲ့ယှဉ်တဲ့ စေတသိက်တို့က ပစ္စယုပ္ပန်တရား ဖြစ်ပါတယ်။ စက္ခုဝိညာဉ် မြင်တဲ့စိတ်ဟာ စက္ခုပသာဒက ထွက်ထွက်ပြီး လာသလို ဖြစ်နေပါတယ်။ မျက်စိက မြင်တာလို့ ထင်နေကြတာဟာ အမှန်က မြင်စိတ်ဆိုတာ စက္ခုပသာဒရုပ်ကို မှီပြီး ဖြစ်နေ တာပါ။ စက္ခုဝိညာဉ်စိတ်က စက္ခုပသာဒရုပ်ကို မှီပြီး ဖြစ်ရလို့ စက္ခုပသာဒ ရုပ်ကနေ မြင်တဲ့စိတ်က ထွက်လာသလိုဖြစ်နေတော့ စက္ခုပသာဒက စက္ခု

ဝိညာဉ်စိတ်၊ စေတသိက်ကို ကျေးဇူးပြုတဲ့အခါ သံသယရှိမှာ စိုးလို့ ဝိပ္ပယုတ္တကို သီးခြား ဟောထားတဲ့အတွက် သမ္ပယုတ္တမရပါ။

သမ္ပယုတ္တနဲ့ ပစ္ဆာဇာတ

ပစ္ဆာဇာတပစ္စည်းမှာ "ပစ္ဆာဇာတာ စိတ္တစေတသိကာဓမ္မာ" ဆိုတော့ ပစ္စည်းတရားက နောက်နောက်၌ဖြစ်သော စိတ်စေတသိက် နာမ်တရား၊ "ပုရေဇာတဿ ဣမဿ ကာယဿ" ဆိုတဲ့ စတုဇရုပ်ကာယ–က ရုပ်တရား၊ နာမ်က ရုပ်ကို ကျေးဇူးပြုတော့ "အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော" ဥပဒေသအရ ဒီနေရာမှာ ပစ္ဆာဇာတဝိပ္ပယုတ် ရနိုင်ပါတယ်။

ဝိပ္ပယုတ္တပစ္စည်းကို ခွဲတဲ့အခါကျတော့ သဟဇာတဝိပ္ပယုတ်၊ ပုရေဇာတဝိပ္ပယုတ်၊ ပစ္ဆာဇာတဝိပ္ပယုတ်လို့ သုံးမျိုးရှိပါတယ်။ သဟဇာတဝိပ္ပယုတ်မှာ အတူတကွဖြစ်ပေမဲ့ သမ္ပယုတ်မရဘူးဆိုတာ သိစေလိုတဲ့အတွက် သဟဇာတ ဝိပ္ပယုတ်ကို ဟောပါတယ်။ ပစ္ဆာဇာတဝိပ္ပယုတ်မှာ စိတ်စေတသိက်က နောက်မှဖြစ်တဲ့ ပစ္စည်းတရား၊ အကျိုးတရားက အရင်ဖြစ်တယ်၊ အကြောင်းတရားက နောက်မှဖြစ်တယ်ဆိုတော့ ဒီနာမ်နဲ့ ရုပ်ဟာ သမ္ပယုတ် ဝိပ္ပယုတ်မှာ ပြဿနာရှိလို့ ပစ္ဆာဇာတဝိပ္ပယုတ်ကို သီးခြား ဟောပါတယ်။ ပုရေဇာတဝိပ္ပယုတ်က ရှေ့မှာဖြစ်တဲ့ စက္ခုပသာဒက ပစ္စည်းတရား၊ ပစ္စယုပ္ပန် နာမ်တရားက နောက်မှဖြစ်တော့ သမ္ပယုတ် ဝိပ္ပယုတ် ပြဿနာရှိလို့ ဝိပ္ပယုတ်ထဲမှာ ထပ်ပြီး ပုရေဇာတ ဝိပ္ပယုတ်ကို ဟောပါတယ်၊ ဒါကြောင့် သမ္ပယုတ္တမရပါ။

သမ္ပယုတ္တနဲ့ အာသေဝန

အာသေဝနက အနန္တရမျိုးမှာပါလို့ သမ္ပယုတ်၊ ဝိပ္ပယုတ် ပြဿနာ မရှိပါ။

## သမ္ပယုတ္တနဲ့ ကမ္မ

ကမ္မပစ္စည်းမှာ "စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော" လို့ ဆိုထားတော့ ဒီကမ္မပစ္စည်းက သဟဇာတ မျိုးပါ။ "စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ" မှာ စေတနာက ပစ္စည်းတရား၊ "သမ္ပယုတ္တကာနံ ဓမ္မာနံ" မှာ စေတနာနဲ့ ယှဉ်တဲ့ စိတ် စေတသိက်က နာမ်တရားဆိုတော့ နာမ်ကို နာမ်ချင်း ကျေးဇူးပြုရာမှာ သမ္ပယုတ္တ ရပါတယ်။ "တံသမုဋ္ဌာနာနဉ္စ ရူပါနံ"မှာ စေတနာ၊ဒင်းနဲ့ယှဉ်တဲ့ စိတ်စေတသိက်ကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်ဆိုတော့ နာမ်က ရုပ်ကို ကျေးဇူးပြုလို့ ဝိပ္ပယုတ္တ ရပါတယ်။

## သမ္ပယုတ္တနဲ့ ဝိပါက

ဝိပါကပစ္စည်းမှာ "ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ" ဆိုတော့ ဝိပါက်နာမ်ခန္ဓာ (၄)ပါးက အချင်းချင်း အပြန်အလှန် ကျေးဇူးပြုလို့ သမ္ပယုတ္တပစ္စည်း ရပါတယ်။ ဝိပါက်နာမ်ခန္ဓာ (၄)ပါးက စိတ္တဇရုပ်၊ ကမ္မဇရုပ် တွေကို ကျေးဇူးပြုတော့ ဝိပ္ပယုတ္တရပါတယ်။

## သမ္ပယုတ္တနဲ့ အာဟာရ

အာဟာရပစ္စည်းမှာ "ကဗဠီကာရော အာဟာရော" မှာ ဩဇာဆိုတဲ့ အာဟာရရုပ်က ပစ္စည်းတရား၊ "ဣမဿ ကာယဿ" မှာ စတုဇကာယ–က ပစ္စယုပ္ပန်တရား၊ ရုပ် ရုပ်ချင်း ကျေးဇူးပြုရာမှာ သမ္ပယုတ္တမရပါ။ "အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ" မှာ နာမ်အာဟာရသုံးပါးက သူတို့နဲ့ယှဉ်တဲ့ စိတ်စေတသိက်တို့ကို နာမ် နာမ်ချင်း ကျေးဇူးပြုလို့ သမ္ပယုတ္တရပါတယ်။ "တံသမုဋ္ဌာနာနဉ္စ ရူပါနံ"မှာ နာမ်အာဟာရသုံးပါးက သူတို့ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် ကမ္မဇရုပ်ကို ကျေးဇူးပြုတော့ ဝိပ္ပယုတ္တရပါတယ်။

## သမ္ပယုတ္တနဲ့ ဣန္ဒြိယ

ဣန္ဒြိယပစ္စည်းမှာ စက္ခုန္ဒြိယဆိုတဲ့ ပုရေဇာတိန္ဒြိယကျတော့ ပုရေဇာတ ဝိပ္ပယုတ် ရပါတယ်။ ရုပ်ဣန္ဒြေဆိုတဲ့ "ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ"မှာ

ရုပ် ရုပ်ချင်း ကျေးဇူးပြုတော့ သမ္ပယုတ် ဝိပ္ပယုတ်မရှိပါ။ "အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ" မှာ နာမ်တ္ထန္ဓာက သူတို့နဲ့ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်တဲ့ စိတ်စေတသိက်တွေကို နာမ်နာမ်ချင်း ကျေးဇူးပြုလို့ သမ္ပယုတ္တရပါတယ်။ နာမ်တ္ထန္ဓာတွေကြောင့် ဖြစ်လာတဲ့ စိတ္တဇရုပ် ကမ္မဇရုပ်တွေမှာတော့ ဝိပ္ပယုတ္တ ရပါတယ်။ သဟဇာတမျိုးမှာတော့ ဒီအတိုင်းပါပဲ။

သမ္ပယုတ္တနဲ့ ဈာန

ဈာနပစ္စည်းမှာလဲ ဈာန်အင်္ဂါတွေက ဈာန်အင်္ဂါနဲ့ယှဉ်တဲ့ စိတ်စေတသိက်တွေကို နာမ် နာမ်ချင်း ကျေးဇူးပြုလို့ သမ္ပယုတ္တရပါတယ်။ "တံသမုဋ္ဌာနာနဉ္စ ရူပါနံ"မှာ ဈာန်အင်္ဂါတွေက သူတို့ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် ကမ္မဇရုပ်တွေကို ကျေးဇူးပြုတဲ့အခါ ရုပ်ကို ကျေးဇူးပြုလို့ သမ္ပယုတ္တ မရပါ။ ဝိပ္ပယုတ္တတော့ ရပါတယ်။

သမ္ပယုတ္တနဲ့ မဂ္ဂ

"မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော" မဂ္ဂင်တရားတွေက မဂ္ဂင်တရားနဲ့ယှဉ်တဲ့ စိတ်စေတသိက်တွေကို နာမ်က နာမ်ချင်း ကျေးဇူးပြုတဲ့အတွက် သမ္ပယုတ္တ ရပါတယ်။ "တံသမုဋ္ဌာနာနဉ္စ ရူပါနံ"မှာ မဂ္ဂင်တရားတွေက သူတို့ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် ကမ္မဇရုပ်ကို ကျေးဇူးပြုတဲ့ခါ နာမ်က ရုပ်ကို ကျေးဇူးပြုတဲ့အတွက် ဝိပ္ပယုတ္တ ရပါတယ်။ အဲဒီတော့ သမ္ပယုတ္တနဲ့ ဝိပ္ပယုတ္တဆိုတာ နောက်က ဟောခဲ့တဲ့ ပစ္စည်းတွေကို ပြန်ပြီး ရှင်းတာပါပဲ။

ပစ္စည်းပြိုင်သဘော

သဟဇာတမျိုးကို ပြန်ပြီး ရေတွက်ရင် ရှင်းပြခဲ့တဲ့အထဲက ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊

တ္တန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတတို့ အားလုံးဟာ သဟဇာတမျိုးထဲမှာ ဖြစ်ပါတယ်။ သဘောတရားမှာ သဟဇာတမျိုးဟာ ပစ္စည်းပြိုင်ရင် အမျိုးချင်းတူတာ ပြိုင်ရပါတယ်။ ဒီ(၁၅)မျိုးထဲက ရသင့်တဲ့ ပစ္စည်း(၅)ခု ရချင် ရမယ်။ (၆)ခု ရချင်ရမယ်၊ (၉)ခု (၁၀)ခုထိလဲ ရချင် ရနိုင်ပါတယ်၊ ဒါကို ပစ္စည်းပြိုင်တယ်လို့ ခေါ်ပါတယ်။

အတူတကွဖြစ်တဲ့ပစ္စည်း သဟဇာတမျိုးကို အကြီးစား၊ အလတ်စား၊ အငယ်စား ခွဲပါတယ်။ အတူတကွ ပစ္စည်းပြိုင်ကြရင် သဟဇာတ–က မရတာတော့ မရှိပါ၊ ဟေတုတို့ အဓိပတိတို့ကတော့ ရချင်မှရပါတယ်။ သဟဇာတ ရမယ်ဆိုရင် နိဿယကလဲ ရပါတယ်၊ သဟဇာတနဲ့ နိဿယ ရလာတဲ့အခါကျတော့ အတ္ထိနဲ့အဝိဂတကလဲ ရပါတယ်။ သဟဇာတပစ္စည်းမျိုးကို ပြိုင်ရင် သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိကတ ဒီ(၄)မျိုးကတော့ ပါပါတယ်။ ဥပမာ လူတွေ အဖွဲ့ ဖွဲ့တဲ့အခါမှာ ဘယ်အဖွဲ့ကိုပဲဖွဲ့ဖွဲ့ ကော်မတီ၊ ဆပ်ကော်မတီ ဘယ်လိုပဲ ခွဲခွဲ သူတို့ (၄)ဦးလုံး ပါပါတယ်၊ ဒါကြောင့်မို့ သူတို့ကို အကြီးစားအမျိုးလို့ အမည်ပေးကြပါတယ်။

## ပညာနဲ့ ပစ္စည်းပြိုင်

ဥပမာပြောရရင် ဟေတုပစ္စည်းမှာ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်တွေရှိတဲ့အထဲက အမောဟကို ယူပါတယ်၊ အမောဟ ပညာကို ပစ္စည်းတရားယူရင် ပညာနဲ့ယှဉ်တဲ့စိတ်၊ စေတသိက်က ပစ္စယုပ္ပန် တရား ဖြစ်ပါတယ်။ ပညာနဲ့ ယှဉ်တဲ့စိတ်၊ စေတသိက်က အတူတကွဖြစ်လို့ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတကတော့ ရပါတယ်။

ဟေတုပစ္စည်းမှာဆိုရင် ပညာက ဟေတုမည်ပါတယ်။ ပညာကို ပစ္စည်း ပြိုင်တဲ့အခါ ဟေတုထပ်ထည့်တာ ပညာ(အမောဟ)က ဟိတ်ဖြစ်နေလို့ပါပဲ။ အဓိပတိမှာ ဝီမံသက အဓိပတိ ဖြစ်နေပါတယ်၊ အဓိပတိပစ္စည်းမှာ ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ဝီမံသ ဆိုတဲ့ ပစ္စည်းတရားတွေ ဖြစ်နေတော့ ဝီမံသဆိုတာ

ပညာပါပဲ၊ တိဟိတ်ဇောမှာရှိတဲ့ ဝီမံသ ပညာက သူနဲ့ယှဉ်တဲ့စိတ်၊ စေတသိက်တို့ကို ကျေးဇူးပြုတဲ့အခါမှာ အဓိပတိပစ္စည်းရပါတယ်။

နာမ်ကို နာမ်ချင်း အပြန်အလှန် ကျေးဇူးပြုတဲ့အခါ အညမည ရပါတယ်၊ ပညာက သူနဲ့ယှဉ်တဲ့ စိတ်စေတသိက်ကို ကျေးဇူးပြုတော့ သမ္ပယုတ္တလဲ ရပါတယ်။ ဣန္ဒြိယပစ္စည်းမှာတော့ "အရူပိနော ဣန္ဒြိယာ"မှာ နာမ်ဣန္ဒြေ (၈)ပါးက ပညာဆိုတဲ့ ပညိန္ဒြေပါတော့ ပညာပစ္စည်းတရားယူရင် ဣန္ဒြိယပစ္စည်းလဲ ရပါတယ်။

ဈာနပစ္စည်းတရားမှာ ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ (သုခ)၊ ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါငါးပါးမှာ ပညာ မပါတဲ့အတွက် ပညာပစ္စည်းယူရင် ဈာနပစ္စည်းမရပါ။ မဂ္ဂမှာ မဂ္ဂင်ရှစ်ပါးထဲက သမ္မာဒိဋ္ဌိဟာ ပညာဖြစ်နေလို့ ပညာနဲ့ပစ္စည်းပြိုင်ရင် မဂ္ဂပစ္စည်းရပါတယ်။ ပညာက ပညာနဲ့ယှဉ်တဲ့ စိတ်စေတသိက်တို့ကို နာမ်ကို နာမ်ချင်း ပစ္စည်းပြိုင်တဲ့အတွက် အညမည၊ သမ္ပယုတ္တလဲရပါတယ်၊ ရုပ်မဟုတ်တော့ ဝိပ္ပယုတ္တမရပါ။ ဒါကြောင့် ပညာကို နာမ် နာမ်ချင်းပစ္စည်းပြိုင်ကြည့်တဲ့အခါမှာ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတဆိုတဲ့ (၄)ခု ကတော့ ရပြီးသား ဖြစ်ပါတယ်၊ နောက်ထပ်ပြီး ဟေတု၊ အဓိပတိ၊ အညမည၊ သမ္ပယုတ္တ၊ ဣန္ဒြိယ၊ မဂ္ဂဆိုတဲ့ ပစ္စည်းတွေလဲ ရပါတယ်။ အခုရှင်းပြနေတာက ပညာစေတသိက်ကို ပစ္စည်းတရားယူရင် ပစ္စည်းပေါင်း ဘယ်လောက်ပြိုင်လို့ ရသလဲ၊ ပြိုင်နိုင်သလဲဆိုတာကို နမူနာအနေနဲ့ ရှင်းပြတာပဲ ဖြစ်ပါတယ်။ သမ္ပယုတ္တကတော့ ဒီလောက်ဆိုရင် တော်လောက်ပါပြီ။

# ၂၀။ ဝိပ္ပယုတ္တပစ္စည်း

## ဝိပ္ပယုတ္တပစ္စည်း

ပဋ္ဌာန်း(၂၄)ပစ္စည်း ဆုံးခါနီးမှာ "သမ္ပယုတ္တပစ္စယော, ဝိပ္ပယုတ္တပစ္စယော, အတ္ထိပစ္စယော, နတ္ထိပစ္စယော, ဝိဂတပစ္စယော, အဝိဂတပစ္စယော"လို့ ပစ္စည်းတစ်စုံစီ တစ်စုံစီ ဟောပါတယ်။ ဒီလို တစ်စုံတစ်စုံ ဟောရခြင်းအကြောင်းကို စဉ်းစားရင် ဉာဏ်စဉ်အလိုက် နက်နဲသွားပါတယ်။

သမ္ပယုတ္တပစ္စည်းက ယှဉ်ဖော်ယှဉ်ဖက်အဖြစ်နဲ့ ကျေးဇူးပြုတာပါပဲ။ အတူတကွ ကျေးဇူးပြုတဲ့ သဟဇာတပစ္စည်းထက် အများကြီး ကျဉ်းပါတယ်။ သဟဇာတက အတူကကွဖြစ်တဲ့နာမ်က ရုပ်ကို ကျေးဇူးပြုနိုင်တယ်၊ သမ္ပယုတ္တက အတူတူဖြစ်, အတူတူပျက် ပေါင်းစပ်ပြီး ခွဲမရအောင် တသားထဲဖြစ်နေတဲ့ နာမ်, နာမ်ချင်းကိုသာ ကျေးဇူးပြုနိုင်ပါတယ်။

အညမညက အပြန်အလှန်လဲ ကျေးဇူးပြုတယ်၊ အတူတကွလဲ ဖြစ်တယ်။ သမ္ပယုတ္တနဲ့ကျတော့ အညမညက နဲနဲ ကျယ်ပါတယ်။ အညမညက နာမ်က ရုပ်ကို ရုပ်ကနာမ်ကို ကျေးဇူးပြုလို့ ပဋိသန္ဓေအခါမှာ အညမညကတော့ ရပါတယ်။ ပဋိသန္ဓေအခါမှာ ရုပ်က နာမ်ကို ကျေးဇူးပြုတယ်၊ နာမ်က ရုပ်ကို ကျေးဇူးပြုတယ်ဆိုတော့ ရုပ်နဲ့နာမ်ဖြစ်တဲ့အတွက် နာမ်နဲ့နာမ်ချင်းမှာသာ ကျေးဇူးပြုတဲ့ သမ္ပယုတ္တ မဖြစ်ပါ။

သဟဇာတကလဲ အတူတကွ ဖြစ်ပါတယ်၊ အညမညကလဲ အတူတကွ ဖြစ်ပါတယ်၊ သမ္ပယုတ္တကလဲ အတူတကွ ဖြစ်ပါဘယ်။ သို့ပေမဲ့ ဒီသုံးမျိုးမှာ သမ္ပယုတ္တက အကျဉ်းဆုံး ဖြစ်သွားတယ်၊ သဟဇာတ ရတိုင်းလဲ အညမည မရ၊ အညမည ရတိုင်းလဲ သမ္ပယုတ္တ မရ၊ သဟဇာတနဲ့ အညမည ရတိုင်းလဲ သမ္ပယုတ္တ မရပါ။

သမ္မယုတ္တရဲ့ ဆန့်ကျင်ဘက်ကတော့ ဝိပ္ပယုတ္တပစ္စည်းပါပဲ၊ ဝိပ္ပယုတ္တ ပစ္စည်းရဲ့ ပစ္စယနိဒ္ဒေသမှာ ပြတာက ပါဠိတော်အတိုင်းဆိုရင် "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော" ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုရင် ဝိပ္ပယုတ္တပစ္စည်းပါ။ ဒါက ပြီးခဲ့တဲ့ နောက်က ပစ္စည်းတွေကို ပြန်ပြီး ဥပဒေရေးတာပါပဲ။ ပြီးခဲ့တဲ့ပစ္စည်းတွေ ကျေးဇူးပြုတာက ရုပ်က နာမ်ကို ကျေးဇူးပြုပုံတွေ၊ နာမ်က ရုပ်ကို ကျေးဇူးပြုပုံတွေ၊ ရုပ်နာမ်က ရုပ်နာမ်ကို ကျေးဇူး ပြုပုံတွေ၊ နာမ်က ရုပ်နာမ်ကို ကျေးဇူးပြုပုံတွေ၊ နာမ်က နာမ်ကို ကျေးဇူးပြုပုံတွေ အမျိုးမျိုး ပါခဲ့ပါတယ်။ ရုပ်က နာမ်ကို ကျေးဇူးပြုတဲ့အခါမှာ ဝိပ္ပယုတ္တပစ္စည်းထိုက်တယ်၊ နာမ်က ရုပ်ကို ကျေးဇူးပြုတဲ့အခါမှာ ဝိပ္ပယုတ္တပစ္စည်း ထိုက်တယ်လို့ ဒီလို ထပ်ပြီး ဥပဒေနှစ်ခု ရေးဆွဲထားရတာက ဘယ်ရုပ်က ဘယ်နာမ်ကို ကျေးဇူးပြုတဲ့အခါမှာ ဝိပ္ပယုတ္တ ထိုက်သလဲ၊ ဘယ်နာမ်က ဘယ်ရုပ်ကို ကျေးဇူးပြုတဲ့အခါမှာ ဝိပ္ပယုတ္တ ထိုက်သလဲဆိုတာကို ရှင်းချင်လို့ပါပဲ။

ဒီအဖြေက (၂၄)ပစ္စည်းထဲက ပြီးခဲ့တဲ့ ပစ္စည်းတွေမှာ ကျေညက်လာတဲ့ သူဆိုရင် ဖြေတတ်ကြပါတယ်။ သဟဇာတပစ္စည်းနဲ့ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ ခွဲကြည့်ကြပါစို့၊ သဟဇာတပစ္စည်းမှာ ပြန်ကြည့်ရင် နာမ်ကို ကျေးဇူးပြုတဲ့ "စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော"ဆိုတဲ့ ပထမဆုံး အပိုဒ်ဟာ သမ္မယုတ္တမှာလဲ ပါတော့ သဟဇာတပစ္စည်းကို မြတ်စွာ ဘုရားက ထပ်ပြီး သမ္မယုတ္တ၊ ဝိပ္ပယုတ္တဥပဒေနဲ့ ခွဲပြတာပါပဲ။ သူတို့က နာမ် နာမ်ချင်းလဲ ဖြစ်တယ်၊ အတူဖြစ် အတူလဲပျက်တယ်၊ ဒါကြောင့် သမ္မယုတ္တလဲ ဖြစ်တယ်လို့ ဆိုလိုတာပါ။

"စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော" ဒုတိယ အပိုဒ်ကျတော့ မဟာဘုတ်(၄)ပါးဟာ အချင်းချင်း သဟဇာတ ဖြစ်ပါတယ်ဆိုပေမဲ့ ရုပ်ကို ရုပ်ချင်း ကျေးဇူးပြုရာမှာ ဝိပ္ပယုတ္တဥပဒေနဲ့ မဆိုင်တော့ပါ။ ရုပ်က နာမ်ကို ကျေးဇူးပြုမှ၊ နာမ်က ရုပ်ကို ကျေးဇူးပြုမှ

ဝိပ္ပယုတ္တပစ္စည်းက ရတော့ ဝိပ္ပယုတ္တဥပဒေအရ ရုပ်ကို ရုပ်ချင်း ကျေးဇူးပြုလို့ ဝိပ္ပယုတ္တ မရပါ။

"ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော" တတိယအပိုဒ်မှာ ပဋိသန္ဓေအခါ ရုပ်က နာမ်ကို သဟဇာတနဲ့ ကျေးဇူးပြုတယ်၊ နာမ်က ရုပ်ကို သဟဇာတနဲ့ ကျေးဇူးပြုတယ်ဆိုတော့ ဒီနာမ်နဲ့ ရုပ်ဟာ သဟဇာတသာမက အညမညလဲ ရပါတယ်။ ဝိပ္ပယုတ္တပစ္စည်းက "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ"မှာ ဟဒယဝတ္ထုရုပ်က ပဋိသန္ဓေနာမ်ကို၊ ပဋိသန္ဓေနာမ်က ဟဒယဝတ္ထုရုပ်ကို ဝိပ္ပယုတ္တပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊ ဒါကြောင့် "ဩက္ကန္တိက္ခဏေ နာမရူပံ"ဆိုတဲ့ သဟဇာတနဲ့ အညမညပစ္စည်းကို "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ၊ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ"လို့ ထပ်ပြီး ရှင်းပြတာပဲ ဖြစ်ပါတယ်။

တကယ်လို့သာ ဒီလို နောက်မှဆက်ပြီး မဟောရင် သဟဇာတပစ္စည်းမှာ ပဋိသန္ဓေခဏ နာမ်နဲ့ရုပ်ဟာ အတူတကွ တပြိုင်နက်ဖြစ်လို့ သဟဇာတလဲ ဖြစ်တယ်၊ အညမည အပြန်အလှန်လဲ ကျေးဇူးပြုတယ်ဆိုတော့ သမ္ပယုတ်လား၊ ဝိပ္ပယုတ်လားဆိုတာက စဉ်းစားစရာ ဖြစ်လာမှာစိုးလို့ "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ၊ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ"လို့ ဝိပ္ပယုတ္တပစ္စည်းက ဒါကို ပြန်ရှင်းတာပါပဲ၊ ပထမ ဥပဒေတွေက မပြည့်စုံလို့ လိုတဲ့နေရာမှာ အသုံးချနိုင်တဲ့ ဥပဒေများ ထပ်ပြီးရေးရသလိုပါပဲ။

"စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော"ဆိုတဲ့ စတုတ္ထအပိုဒ်မှာ စိတ်စေတသိက်က နာမ်တရား၊ စိတ္တသမုဋ္ဌာနာနံ ရူပါနံ က ရုပ်တရားဖြစ်ပါတယ်။ နာမ်တရားက စိတ္တဇရုပ်ကို ကျေးဇူးပြုတဲ့ အခါမှာ "အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော"ဥပဒေအရ ဝိပ္ပယုတ္တ ရပါတယ်။ သဟဇာတပစ္စည်းကို ပြန်ကြည့်ရင် "ဩက္ကန္တိက္ခဏေ နာမရူပံ၊ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ" ဒီ(၂)ပိုဒ်ကို ဝိပ္ပယုတ္တ ပစ္စည်းမှာ သဟဇာတဝိပ္ပယုတ်လို့ ခေါ်ပါတယ်။

(က) သဟဇာတဝိပ္ပယုတ်

ဝိပ္ပယုတ္တပစ္စည်းက သဟဇာတဝိပ္ပယုတ်, ပုရေဇာတဝိပ္ပယုတ်, ပစ္ဆာဇာတ ဝိပ္ပယုတ် ဒီလို(၃)မျိုး ရှိပါတယ်၊ သဟဇာတမှာ ပါတဲ့ ဒီ(၂)ပိုဒ်ကို ရည်ရွယ်ပြီး "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော၊ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော"လို့ ထပ်ပြီး ဥပဒေတစ်ခု ရေးတာပါပဲ။

(ခ) ပုရေဇာတဝိပ္ပယုတ်

ပုရေဇာတပစ္စည်းမှာ ပြန်ကြည့်ရင် "စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော"ဆိုတော့ စက္ခာ ယတနံက စက္ခုပသာဒရုပ်ပါ၊ စက္ခုဝိညာဉ်နဲ့ စေတသိက်တွေက နာမ်တရား တွေပါ။ ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုတဲ့အခါ စက္ခုပသာဒ (စက္ခုဝတ္ထု ရုပ်)ကို မှီပြီး စက္ခုဝိညာဉ် မြင်စိတ်က ဖြစ်တယ်၊ မျက်စိမြင်တယ်၊ မြင်တယ်လို့ အများက ပြောနေကြတာဟာ မျက်စိက စက္ခုပသာဒရုပ်ပါ၊ ဒီစက္ခုပသာဒရုပ်ကို မှီပြီးဖြစ်တဲ့ စက္ခုဝိညာဉ်စိတ်ကမှ မြင်တာပါ၊ စက္ခုဝိညာဉ်စိတ်ကလေးဟာ စက္ခုပသာဒက ထွက်ထွက်ပြီး မြင်နေရတာလို့ ထင်နေကြတာပါ။ စက္ခု ပသာဒရုပ်နဲ့ စက္ခုဝိညာဉ်ဟာ ရုပ်နဲ့နာမ် ဘယ်လိုပဲ သူတို့ချင်း မှီပြီး တသက်လုံး ပေါင်းနေရပေမဲ့ ဘယ်သောအခါမှ သမ္ပယုတ္တမဖြစ်ပါ၊ ဝိပ္ပယုတ္တပဲ ဖြစ်ရပါတယ်။

ပုရေဇာတဝိပ္ပယုတ္တပစ္စည်းမှာ "စက္ခာယတနံ၊ သောတာယတနံ၊ ဃာနာ ယတနံ၊ ဇိဝှါယတနံ၊ ကာယာယတနံ" အရ စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒဆိုတဲ့ ပသာဒရုပ် ငါးခုပါ၊ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ လျက်သိစိတ်၊ တွေ့ထိစိတ်ဆိုတဲ့ ဒီစိတ် ဝိညာဉ်တွေက ပသာဒရုပ်ငါးခုကို မှီပြီးဖြစ်တော့ ဒီမှီပြီးဖြစ်တဲ့ ဝိညာဉ်နဲ့ အမှီခံရုပ်တွေဟာ သမ္ပယုတ်လား၊ ဝိပ္ပယုတ်လားလို့ တရားနာတဲ့ ပရိသတ်တွေ သံသယရှိမှာစိုးလို့

မြတ်စွာဘုရားက "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ" လို့ ဝိပ္ပယုတ္တပစ္စည်းမှာ ထပ်ပြီး ဥပဒေတစ်ခု ထုတ်ရတာပါပဲ။

ပသာဒရုပ်ငါးခုဖြစ်တဲ့ ဝတ္ထုရုပ်ငါးခုက သူ့အပေါ်မှာမှီပြီးဖြစ်တဲ့ ဝိညာဉ်ကို ကျေးဇူးပြုလို့ ဒါကို ဝတ္ထုပုရေဇာတ ဝိပ္ပယုတ်လို့ ခေါ်ပါတယ်။ ပုရေဇာတ နောက်ဆက်တွဲမှာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံကို ဆက်ပြီး အာရမ္မဏပုရေဇာတကို ဟောတဲ့အခါ ရူပါရုံ–ရုပ်က ပစ္စည်းတရား၊ စက္ခုဝိညာဉ်–နာမ်က ပစ္စယုပ္ပန်တရား၊ ရုပ်က နာမ်ကို ကျေးဇူးပြုတဲ့အတွက် ဝိပ္ပယုတ္တပစ္စည်းထဲ ထဲ့ယူရတော့မလို ဖြစ်နေပါတယ်၊ ဒါပေမဲ့ အာရမ္မဏ ပုရေဇာတမှာ မြတ်စွာ ဘုရားက ဝိပ္ပယုတ္တကို မဟောပါ၊ ဘာဖြစ်လို့ မဟောသလဲဆိုတော့ မြင်တဲ့စိတ်က ရူပါရုံကို မှီပြီး ဖြစ်တာမဟုတ်၊ စက္ခုပသာဒကို မှီပြီး စက္ခုဝိညာဉ်က ဖြစ်တာ၊ ဒီတော့ စက္ခုပသာဒရုပ်နဲ့ မြင်တဲ့စိတ်မှာ သူတို့ချင်း သမ္ပယုတ်လား၊ ဝိပ္ပယုတ်လား စဉ်းစားစရာ ပြဿနာရှိနေပါတယ်။

ဟိုက ရူပါရုံနဲ့ ဒီက မြင်တဲ့စိတ်မှာကတော့ သမ္ပယုတ်လား၊ ဝိပ္ပယုတ်လား စဉ်းစားစရာမရှိပါ၊ ဝိပ္ပယုတ္တအစစ် ဖြစ်ပါတယ်။ "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ"ဆိုတဲ့ ဝိပ္ပယုတ္တဥပဒေက ပြဿနာရှိတဲ့ နေရာမှာသာ အသုံးပြုရပါတယ်။ အာရမ္မဏပုရေဇာတမှာ မဟောတာက အာရုံငါးပါးက ဝိညာဉ်တွေကို ကျေးဇူး ပြုတဲ့အခါမှာ သမ္ပယုတ်၊ ဝိပ္ပယုတ် ပြဿနာမရှိလို့ပါပဲ။

"စက္ခုဝတ္ထုကတော့ စက္ခုဝိညာဉ်နဲ့ ခွဲလို့မရပါ၊ မြင်တဲ့စိတ်ဟာ စက္ခု ပသာဒရုပ်မှ ဘွားကနဲ ဘွားကနဲ ပေါ်လာတယ်၊ မျက်စိက မြင်တယ်၊ နားက ကြားတယ်၊ နှာခေါင်းက နံတယ်လို့ ဒီလိုပဲ ရုပ်တွေက မြင်တယ်၊ ကြားတယ်၊ နံတယ်"လို့ လူတွေက ပြောနေကြတော့ ဒီလို အပြောမှာတောင် ပြဿနာရှိလို့ ဝိပ္ပယုတ္တပစ္စည်းမှာ ထပ်ပြီး ဥပဒေထုတ်ရပါတယ်၊ ဒါကြောင့် အာရမ္မဏပုရေ ဇာတနဲ့ ဝတ္ထုပုရေဇာတ (၂)မျိုးရှိတဲ့အထဲမှာ အာရမ္မဏပုရေဇာတကို ပစ္စည်း ပြိုင်တဲ့အခါ ဝိပ္ပယုတ္တပစ္စည်း ထည့်မပြိုင်ရပါ၊ ဝတ္ထုပုရေဇာတမှာသာ ဝိပ္ပယုတ္တ

ပစ္စည်း ပြိုင်ရပါတယ်။ ဒီပြဿနာက နဲနဲ နက်နဲလို့ သေသေချာချာ ပြန်ပြီး ရှင်းပြတာပါ။

## (ဂ) ပစ္ဆာဇာတဝိပ္ပယုတ်

ဝိပ္ပယုတ္တပစ္စည်းမှာ ပစ္ဆာဇာတဝိပ္ပယုတ် ကျန်နေပါသေးတယ်၊ ပစ္ဆာဇာတ ပစ္စည်းမှာ "ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော" ဆိုတော့ "ပစ္ဆာဇာတာ စိတ္တ စေတသိကာ ဓမ္မာ"က နောက်နောက်၌ဖြစ်သော စိတ်စေတသိက်ဆိုတဲ့ နာမ်တရားတွေပါ၊ "ပုရေဇာတဿ ဣမဿ ကာယဿ"က ရှေးရှေး၌ဖြစ်သော ကေဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယဆိုတဲ့ ခန္ဓာကိုယ်ရုပ်ကြီး ကို ဆိုလိုတာပါ။ ခန္ဓာကိုယ်ရုပ်ကြီးကို နောက်နောက်၌ဖြစ်တဲ့ စိတ်, စေတသိက် တွေက ပစ္ဆာဇာတပစ္စည်းနဲ့ ကျေးဇူးပြုတဲ့အခါမှာ သမ္ပယုတ်လား, ဝိပ္ပယုတ်လား ဆိုတဲ့ ပြဿနာရှိလာပါတယ်။

ဒီအခါမှာ "အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော" ဥပဒေအရ နောက်နောက်က နာမ်တရားက ရှေးရှေ့က ရုပ်တရားကို ကျေးဇူး ပြုတဲ့အခါ ဝိပ္ပယုတ်ပါပဲလို့ ဆုံးဖြတ်ရပါတယ်၊ ပစ္စယနိဒ္ဒေသမှာ သာမညဟော ပေမဲ့ ပဉှာဝါရမှာ ပစ္ဆာဇာတဝိပ္ပယုတ်ကို ဖော်ပြပြီး ဟောထားပါတယ်။

## ဝိပ္ပယုတ္တပစ္စည်း ဟောရကြောင်း

သဟဇာတပစ္စည်းမှာ သမ္ပယုတ်, ဝိပ္ပယုတ် သံသယဖြစ်စရာအပိုဒ်တွေ ပါနေတယ်၊ ဝတ္ထုပုရေဇာတမှာလဲ သမ္ပယုတ်, ဝိပ္ပယုတ် သံသယရှိစရာ ပါနေတယ်၊ ပစ္ဆာဇာတမှာလဲ သမ္ပယုတ်, ဝိပ္ပယုတ် သံသယရှိစရာ ပါနေတယ်။ အဲဒီအခါမှာ ဘယ်တရားနဲ့ ဘယ်တရားဟာ ဝိပ္ပယုတ္တပဲလို့ ဆုံးဖြတ်နိုင်ဖို့အတွက် ဝိပ္ပယုတ္တပစ္စည်းမှာ ရုပ်က နာမ်, နာမ်က ရုပ်ဟာ ဘယ်တော့မှ သမ္ပယုတ္တ

မဖြစ်၊ ဝိပ္ပယုတ္တသာ ဖြစ်တယ်။ ဘယ်နေရာမှာပဲဖြစ်ဖြစ် ဒီတရားတွေဟာ ဘယ်လိုပဲ သဟဇာတ ပေါင်းနေပေါင်းနေ, ဘယ်လိုပဲ အညမည အပြန်အလှန် ကျေးဇူးပြုနေပြုနေ နာမ်နဲ့ ရုပ်ဟာ ဘယ်တော့မှ သမ္ပယုတ္တ မဖြစ်ဘူးလို့ ခိုင်ခိုင်မာမာ ဥပဒေထပ်ပြီး ထုတ်တာပါပဲ။

ပဋိသန္ဓေအခါမှာ နာမ်နဲ့ရုပ်ဟာ အစဦးစွာ ဖြစ်ရတဲ့အတွက် သူတို့ချင်း အတူတူမှီပြီး ထူထောင်လာတဲ့ ဘဝရဲ့ အစကလေးမှာ "ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ" အတူတကွ ဖြစ်ကြလို့ သဟဇာတ, အပြန်အလှန် ကျေးဇူးပြုကြလို့ အညမည ဖြစ်နေပေမဲ့ သမ္ပယုတ္တ မဖြစ်ပါ။ ဒီဥပဒေအရ ရုပ်က နာမ်ကို ဘယ်တော့မှ သမ္ပယုတ္တ မဖြစ်၊ နာမ်က ရုပ်ကို ဘယ်တော့မှ သမ္ပယုတ္တ မဖြစ်လို့ ဒီလို သမ္ပယုတ်, ဝိပ္ပယုတ် သံသယဖြစ်စရာ ပစ္စည်းတွေအတွက် ထပ်ပြီး ဟောတာဟာ ဝိပ္ပယုတ္တပစ္စည်းပါပဲ၊ ဒါက ဝိပ္ပယုတ္တပစ္စည်းရဲ့ ရိုးရိုးပဋ္ဌာန်း အဓိပ္ပါယ်ပါပဲ။

## သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ ဝိပဿနာ

ဒီထက်ပိုပြီး ဝိပဿနာတရားဟောနေတဲ့ ဆရာတော်ကြီးများကတော့ ဝိပ္ပယုတ္တပစ္စည်းကို ဟောခြင်းဟာ "နာမ်နဲ့ရုပ် အတူတကွပဲ ဖြစ်နေဖြစ်နေ အပြန်အလှန်ပဲ ကျေးဇူးပြုနေပြုနေ နာမ်က တခြား၊ ရုပ်က တခြား၊ သဘောတရားမှာကတော့ တခြားစီပဲ၊ ဘယ်တော့မှ ပေါင်းစပ်လို့လဲ မရ၊ သမ္ပယုတ္တမဖြစ်ဘူးလို့ ဒီလိုသိလာတာက နာမရူပပရိစ္ဆေဒဉာဏ်ပါပဲ" လို့ ဆိုပါတယ်။ နာမ်ရဲ့သဘောကိုလဲ သေသေချာချာသိ ရုပ်ရဲ့သဘောကိုလဲ သေသေချာချာသိရင် နာမ်နဲ့ရုပ်ဟာ ကွဲသွားပါတယ်၊ ဝိပ္ပယုတ္တပစ္စည်းကို သဘောပေါက်ရင် နာမရူပပရိစ္ဆေဒဉာဏ်ကို ရရှိနိုင်ပါတယ်လို့ ဆိုပါတယ်။

တချို့ ရုပ်နဲ့နာမ်တွေဟာ အတူတကွ ဖြစ်တယ်၊ စိတ္တဇရုပ်ဆိုရင် စိတ်ဖြစ်ရင်ဖြစ်၊ စိတ်ပျက်ရင် ပျက်ပါတယ်၊ လောဘစိတ်ဖြစ်တဲ့အခါ လောဘ

ရုပ်က ပေါ်လာပါတယ်၊ လောဘစိတ်နဲ့ လောဘရုပ်ဟာ တပြိုင်နက်ထဲ ဖြစ်ပါတယ်၊ လောဘချုပ်သွားရင် လောဘရုပ်ကလဲ ချုပ်သွားပါတယ်။ ဒေါသဖြစ်လာတဲ့ အခါမှာလဲ ဒေါသရုပ်က ပေါ်လာပါတယ်။ ဒေါသရုပ်ဆိုတာ စိတ္တဇရုပ်ပါ၊ ဒေါသစိတ်ကြောင့် ဖြစ်လာတာပါ။ နဂိုက ရှိနေတဲ့ရုပ် မဟုတ်ပါ၊ ဒေါသဖြစ်လို့ ဒေါသရုပ် ပေါက်လာပါတယ်၊ ဒီဒေါသနဲ့ စိတ္တဇရုပ်ဟာ အတူတူလို့ ထင်ရပါတယ်၊ သူတို့က တပြိုင်နက်ဖြစ်တယ်၊ သဟဇာတလဲ ဖြစ်နေတယ်၊ အဲဒီလို အခါမျိုးမှာ ဒေါသရုပ်နဲ့ ဒေါသဆိုတဲ့ နာမ်၊ လောဘရုပ်နဲ့ လောဘဆိုတဲ့ နာမ်ဟာ သမ္ပယုတ်များ ဖြစ်လေမလားလို့ ဒီလိုသံသယရှိနိုင်ပါတယ်၊ အဲဒီလို ရှိနိုင်တဲ့နေရာမှာ ဝိပ္ပယုတ္တပစ္စည်းနဲ့ထပ်ပြီး နာမ်နဲ့ရုပ်ကို ခွဲပစ်လိုက်တဲ့အတွက် ရုပ်နဲ့နာမ်ကွဲအောင် သိသွားရင် နာမရူပပရိစ္ဆေဒဉာဏ်ကို ရနိုင်ပါတယ်။

သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယောဆိုတဲ့ ပစ္စည်း (၂) ခုနဲ့ နာမ်နဲ့ ရုပ်ကို ခွဲပစ်လိုက်ပုံမှာ သမ္ပယုတ္တက နာမ်ကိုနာမ်ချင်းသာ ကျေးဇူးပြုတယ်၊ ဘယ်တော့မှ နာမ်နဲ့ရုပ် သမ္ပယုတ်မဖြစ်ပါ။ ဝိပ္ပယုတ္တကလဲ ရုပ်က နာမ်၊ နာမ်က ရုပ်ကိုသာ ဝိပ္ပယုတ္တနဲ့ ကျေးဇူးပြုတယ်၊ ဘယ်တော့မှ နာမ်နဲ့နာမ်ချင်း ဝိပ္ပယုတ္တ မဖြစ်ပါ။ ဘယ်လိုမှ ခွဲမရတဲ့ အင်မတန် သိမ်မွေ့နက်နဲတဲ့ ရုပ်နာမ် တရားတွေကို သမ္ပယုတ် ဝိပ္ပယုတ် ဥပဒေနဲ့ ခွဲပေးလိုက်တာပါပဲ။

ဒီသမ္ပယုတ် ဝိပ္ပယုတ်သဘောကို သေသေချာချာ စဉ်းစားကြည့်မှ တရားသဘောပေါက်ပြီး ပဋ္ဌာန်းတရားတော်ကြီးဟာ ဘယ်လောက်ထိအောင် နက်နဲတယ်ဆိုတာ သိပါတယ်။ ဝိပဿနာတရား အားထုတ်ပြီး တရားရသွားကြတဲ့ ပုဂ္ဂိုလ်များမှာ ဒီလို ပဋ္ဌာန်းတရားနဲ့ ဆင်ခြင်နိုင်ပြီး တရားပေါက်ကြတာ မဟုတ်ပါ၊ ဒီပဋ္ဌာန်းတရားက ဝိပဿနာတော့ ဝိပဿနာပါပဲ၊ ဒါပေမဲ့ အင်မတန် နက်နဲတဲ့ ဝိပဿနာပါ။ ဒီနာမ်ရုပ်တရားတွေကို နာမရူပပရိစ္ဆေဒဉာဏ်နဲ့ သမ္ပယုတ် ဝိပ္ပယုတ်ခွဲပြီးတော့ သိတဲ့အသိမျိုးပါ။ သိတာက နာမ်၊ မသိတာက ရုပ်၊ ဒါက နာမ်၊ ဒါက ရုပ်လို့ မှတ်ပြီး ဒါလောက်လေးကွဲတဲ့ ဉာဏ်မျိုးမဟုတ်ပါ။

ပဝတ္တိအခါမှာ စိတ်နဲ့ စိတ္တဇရုပ်တွေ၊ ပဋိသန္ဓေအခါမှာ ဝိညာဉ်နဲ့ ဟဒယ ဝတ္ထုရုပ်၊ ပဝတ္တိအခါမှာ ဝတ္ထုရုပ်နဲ့ မှီတဲ့ဝိညာဉ်တွေ ဒီလိုခွဲမရနိုင်တဲ့ အလွန် သိမ်မွေ့တဲ့ နေရာတွေမှာ သမ္မယုတ်၊ ဝိပ္ပယုတ်ခွဲပြီးတော့ နာမရူပပရိစ္ဆေဒ ဉာဏ်နဲ့ ဆင်ခြင်နိုင်တဲ့ ဝိပဿနာက သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်များ ဆင်ခြင်ကြတဲ့ ဝိပဿနာပါ။

ရိုးရိုးပုဂ္ဂိုလ်တွေမှာတော့ ပဋ္ဌာန်းပစ္စည်းတိုင်းနဲ့ ဝိပဿနာဆင်ခြင်လို့ မရနိုင်ပါ။ အာရမ္မဏပစ္စည်းလို တချို့ပစ္စည်းများကတော့ ရသင့်သလောက် ရနိုင်ပါတယ်၊ ဝိပ္ပယုတ္တပစ္စည်းကတော့ ဒီလောက်ဆိုရင် ရှင်းလောက်ပါပြီ၊ နိဂုံးချုပ်ကြပါစို့။

# ၂၁။ အတ္ထိပစ္စည်း

## အတ္ထိပစ္စည်း

ပဋ္ဌာန်းမှာ အတ္ထိပစ္စည်းနဲ့ နတ္ထိပစ္စည်းလို့ တစ်စုံရှိပါတယ်။ အတ္ထိအဓိပ္ပာယ်ကတော့ ရိုးရိုးနဲ့ လွယ်လွယ်ပါပဲ၊ အတ္ထိဆိုတာ ထင်ရှားရှိနေဆဲမှာ ကျေးဇူးပြုတာပါ။ (၂၄)ပစ္စည်းမှာ သဟဇာတပစ္စည်းမျိုးက (၁၅)မျိုး ရှိပါတယ်၊ ဒီ(၁၅)မျိုးလုံးကို အတ္ထိပစ္စည်းက ထင်ရှားရှိနေဆဲမှာသာ ကျေးဇူးပြုတယ်လို့ ခြုံပြီးဟောလိုက်တာပါပဲ။ မြတ်စွာဘုရား အတ္ထိပစ္စည်းဟောကြားခဲ့တာကို ပြန်ပြီးကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရပါတယ်-

### ၁။ သဟဇာတတ္ထိ

(က) စတ္တာရော ခန္ဓာ အရူပိနော အညမည့် အတ္ထိပစ္စယေန ပစ္စယော၊

(ခ) စတ္တာရော မဟာဘူတာ အညမည့် အတ္ထိပစ္စယေန ပစ္စယော၊

(ဂ) ဩက္ကန္တိက္ခဏေ နာမရူပံ အညမည့် အတ္ထိပစ္စယေန ပစ္စယော၊

(ဃ) စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော၊

(င) မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော-လို့ ဆိုထားပါတယ်။

ပထမအပိုဒ်မှာ နာမ်, နာမ်ချင်း သဟဇာတအတူတကွဖြစ်ပြီး ကျေးဇူးပြုတယ်၊ နာမ်, နာမ်ချင်း အညမည အပြန်အလှန် ကျေးဇူးပြုတယ်လို့လဲ

ဟောခဲ့ပါတယ်။ ဒီလို ကျေးဇူးပြုတယ်ဆိုတာကလဲ ထင်ရှားရှိပြီး ကျေးဇူးပြုတဲ့နည်း၊ ထင်ရှားမရှိဘဲ ကျေးဇူးပြုတဲ့နည်းလို့ (၂)မျိုး ရှိပါတယ်။ သဟဇာတအတူတကွ ဖြစ်ပြီးမှ ကျေးဇူးပြုတယ်ဆိုတာက ထင်ရှားရှိတဲ့အခါမှာသာ ကျေးဇူးပြုတာပါ၊ ကာလနဲ့ပြောရင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်သုံးပါးထဲမှာ ပစ္စုပ္ပန်ဆိုတဲ့ ဖြစ်ဆဲခဏမှာသာ ကျေးဇူးပြုနိုင်ပါတယ်၊ ဖြစ်ဆဲခဏမဟုတ်ရင် သဟဇာတမျိုးက ကျေးဇူးမပြုနိုင်ပါ။

## အဘိဓမ္မာပြဿနာတစ်မျိုး

အတ္ထိပစ္စည်းနဲ့ ပတ်သက်လို့ ဒီနေရာမှာ ပြဿနာတစ်ခု ပြောချင်ပါတယ်၊ "ရုပ်တရား နာမ်တရားတွေဟာ တကယ်အရှိတရားတွေ မဟုတ်ဘူး၊ အခုအများပြောနေကြတဲ့ စိတ်(၈၉)၊ စေတသိက်(၅၂)၊ ရုပ် (၂၈)ဆိုတဲ့ နာမ်တရား ရုပ်တရားတွေဟာ တကယ်ရှိတာ မဟုတ်ဘူး၊ တကယ့်အရှိတရားကနေ ရုပ်တရား၊ နာမ်တရားတွေ ထ၊ ထပြီး ဖြစ်နေတာ၊ တကယ်ရှိတဲ့ တရားက သီးခြား ဗိဇသတ္တိအနေနဲ့ ငုပ်လျှိုးနေတဲ့ တရား"လို့ အဘိဓမ္မာလေ့လာတဲ့ ပုဂ္ဂိုလ်တချို့မှာ ဒီပြဿနာ ပေါ်ပါတယ်။ ဒီလိုယူတဲ့ အဘိဓမ္မာဂိုဏ်းက ဗုဒ္ဓအဘိဓမ္မာ အယူအဆနဲ့ ကွဲလွဲ သွားပါတယ်၊ ဒါက ဗုဒ္ဓဝါဒ မဟုတ်ပါ၊ အဘိဓမ္မာဂိုဏ်းကွဲ ပုဂ္ဂိုလ်တွေရဲ့ အယူအဆ ဝါဒတစ်မျိုးပါပဲ။

## တကယ်ရှိတဲ့နာမ်

အတ္ထိပစ္စည်းကို သဘောပေါက်လာရင် အဘိဓမ္မာမှာ ပရမတ္ထလို့ ပြောနေတဲ့ ရုပ်နဲ့နာမ်ဟာ ပစ္စုပ္ပန်ထင်ရှားရှိပါတယ်။ ဖြစ်ဆဲခဏမှာ ဝေဒနာက တကယ်ရှိပါတယ်၊ ဝေဒနာဖြစ်လာရင် ဝေဒနာက္ခန္ဓာက သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဆိုတဲ့ ကျန်တဲ့(၃)ပါးကို ကျေးဇူးပြုတာပါ၊ ကျန်တဲ့ (၃)ပါးကလဲ ဝေဒနာက္ခန္ဓာကို ကျေးဇူးပြုတာပါ။ သေသေချာချာ ဝိပဿနာ ရှုကြည့်ပါ။

ဝေဒနာကို ရှုတဲ့အခါ စိတ်ကူးနဲ့ ရှုနေတာ မဟုတ်ပါ၊ ဝေဒနာဆိုတာက ခံစားမှုတရားသဘော တကယ်ဖြစ်လာတာပါ၊ တကယ်ဖြစ်လာတဲ့ ဝေဒနာကို ပြန်ရှုရင် ရှုလို့ ရပါတယ်။ လောဘစိတ်ကိုပဲ ရှုရှု၊ ဒေါသစိတ်ကိုပဲ ရှုရှု၊ လောဘစိတ်, ဒေါသစိတ်ဆိုတာတွေကလဲ တကယ်ဖြစ်လာပါတယ်။ မေတ္တာစိတ်ဆိုရင်လဲ တကယ်ဖြစ်လာတာပါပဲ၊ မေတ္တာစိတ်ကို ပြန်ရှုရင်လဲ ဖြစ်လာတာ သိနိုင်ပါတယ်၊ "ဧဟိပဿိက" မယုံရင် ထိုင်ကြည့်ပါ၊ လောဘစိတ် ဖြစ်လာတာ သိမြင်ရပါတယ်၊ ဒေါသစိတ်ဖြစ်လာတာလဲ သိမြင်ရပါတယ်၊ မေတ္တာစိတ် ဖြစ်လာတာလဲ သိမြင်နိုင်ပါတယ်။ တကယ်ဖြစ်လာတဲ့စိတ်ဟာ ဝိပဿနာရှုရင် သိမြင်လာပါတယ်။

အတ္ထိပစ္စယောလို့ ဘုရားက ဟောလိုက်တော့ "ဒီရုပ်နာမ်တရားတွေဟာ တကယ်ရှိတဲ့ တရားမဟုတ်ဘူး၊ အရှိတရားက တခြားပဲ"လို့ ဆိုတဲ့ပုဂ္ဂိုလ်တွေအတွက် အဖြေရနိုင်ပါတယ်။ "ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်တွေက တခြား၊ အတွင်းမှာ အနုသယသဘောနဲ့ ငုပ်နေတဲ့ ရုပ်နာမ်တွေက တခြား၊ ရုပ်နာမ်တွေဟာ ဗီဇသတ္တိတွေကမှတစ်ဆင့် တဖွားဖွား ဖြစ်ပေါ်နေပါတယ်"ဆိုတဲ့ အယူဝါဒကို အတ္ထိပစ္စယောနဲ့ ဘုရားရှင်က ရှင်းရှင်းလင်းလင်း ဟောကြားထားပေမဲ့ အခုထက်ထိ ဒီအယူကို ယူတဲ့သူတွေ ရှိနေပါသေးတယ်၊ ဒါကြောင့် "စတ္တာရော ခန္ဓာ အရူပိနော အညမည်"ဆိုတဲ့ ပါဠိအရ နာမ်, နာမ်ချင်းမှာလဲ နာမ်တရားတွေဟာ တကယ့်အရှိတရားတွေပါပဲ။

## တကယ်ရှိတဲ့ ရုပ်

"စတ္တာရော မဟာဘူတာ"ဆိုတဲ့ ဒုတိယပိုဒ်မှာ ပထဝီ၊ တေဇော၊ အာပေါ ဝါယောဓာတ် (၄)ပါးဆိုတဲ့ မဟာဘုတ်တရားတွေဟာ တကယ့်အရှိတရားတွေပါ။ အခုခေတ်မှာ ခေတ်စားနေတဲ့ ဘူတိကဝါဒသမားတွေက "ဩကာသလောက, သတ္တလောက, သင်္ခါရလောကသုံးပါးဟာ ပထဝီ, တေဇော, အာပေါ, ဝါယော

ဆိုတဲ့ ရေ, မြေ, လေ, မီး ဓာတ်ကြီးလေးပါးကြောင့် ဖြစ်ပေါ်လာတာ”လို့ ဒီလိုယူဆကြပါတယ်။ သူတို့ဉာဏ်နဲ့ ကြည့်တော့လဲ သူတို့က ဒီဓာတ်ကြီး (၄)ပါးကိုပဲ မြင်ပါတယ်၊ ဓာတ်ကြီး (၄)ပါးမှာလဲ ပထဝီနဲ့အာပေါ၊ တေဇောနဲ့ ဝါယော ပေါင်းလိုက်ရင် ဓာတ်(၂)ပါးပဲ ဖြစ်သွားပါတယ်။

ဘူတိကဝါဒီတို့က တစ်လောကလုံး လူတွေနေတဲ့ ကမ္ဘာကြီး ဩကာသ လောကကြီး ဖြစ်ပေါ်လာတာဟာ ဓာတ်ကြီးလေးပါးကြောင့် ဖြစ်ပေါ်လာတယ် လို့ ဆိုပါတယ်။ ဒါက မှန်ပါတယ်။ ဘုရားရှင်ကလဲ ဥတုဇရုပ်ဆိုတာ ဥတု ကြောင့် ဖြစ်တယ်လို့ ဟောပါတယ်၊ အပူလွန်ကဲရင်လဲ ကမ္ဘာပျက်တယ်၊ အအေးလွန်ကဲရင်လဲ ကမ္ဘာပျက်တယ်။ ဒီလို ကမ္ဘာက ပျက်သွားပေမဲ့ ဓာတ် (၄)ပါးက ဩကာသလောကမှာ ရှိနေပါတယ်၊ ကောင်းကင်မှာလဲ ရှိနေတာ ပါပဲ။ သူတို့ ယူဆပုံက ဓာတ်(၄)ပါးကြောင့် ဩကာသလောကကြီး ဖြစ်ပါ တယ်။ ဥတုကြောင့် သစ်ပင်, တော, တောင် ဖြစ်လာတယ်၊ ဥတုကြောင့် သတ္တဝါလေးတွေ ဖြစ်လာတယ်၊ ဥတုကြောင့် ရေညှိ ပိုးလောက်လန်းကောင် ကလေးတွေ ဖြစ်လာတယ်၊ နောက်ဆုံး လူတွေပါ ဖြစ်လာတယ်ဆိုတဲ့ ဘူတိက ဝါဒပဲ ဖြစ်ပါတယ်။

## မဟာဘုတ်(၄)မျိုး

ပဋ္ဌာန်းမှာ မြတ်စွာဘုရားဟောတာက “စတ္တာရော မဟာဘူတာ”ဆိုတာ ဩကာသလောက မဟာဘုတ် ဓာတ်(၄)ပါးလောက်ကိုသာ ဟောတာ မဟုတ်ပါ၊ မဟာဘုတ်ဆိုတာက ကမ္မဇမဟာဘုတ်, စိတ္တဇမဟာဘုတ်, ဥတုဇမဟာဘုတ်, အာဟာရဇမဟာဘုတ်လို့ လေးမျိုးရှိပါတယ်။ အခုပြောတဲ့ ဩကာသလောကမှာ ရှိတဲ့ မဟာဘုတ်က ဥတုဇမဟာဘုတ်ပါ၊ ဥတုကြောင့် မြေ, ရေ, လေ, မီး ဓာတ်ကြီးလေးပါး ဩကာသလောကကြီး ဖြစ်လာတာပါ၊ ဘူတိကဝါဒီတို့က ကမ္မဇမဟာဘုတ်ကိုတော့ မလေ့လာနိုင်ကြပါ။

ကမ္မဇမဟာဘုတ်

သတ္တဝါတွေရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ကမ္မဇပထဝီ, ကမ္မဇတေဇော, ကမ္မဇဝါယော, ကမ္မဇအာပေါလို့ရှိတဲ့အနက် ကမ္မဇတေဇောဆိုတာက အပူဓာတ်ပါ၊ ခန္ဓာကိုယ်ထဲမှာရှိတဲ့ အငွေ့ပါ၊ ဒီအငွေ့က ကံကြောင့်ဖြစ်တဲ့ တေဇောအငွေ့ပါ။ ကမ္မဇတေဇောဟာ လူတွေက ပြုပြင်လို့ ဘယ်လိုနည်းနဲ့မှ မရတဲ့အတွက် သတ္တဝါတွေ သေကြရတာပါ၊ အပြင်ဘက်က တေဇောနဲ့လဲ မတူပါ။ အပြင်ဘက်က တေဇောနဲ့ ဘယ်လိုပဲ အားပေးအားပေး ကမ္မဇတေဇောကို အသက်ဆက်လို့ မရပါ။ ကမ္မဇတေဇောကို ဆက်လို့ရနိုင်ရင် သတ္တဝါမှာ သေနိုင်စရာအကြောင်းမရှိပါ။ တေဇောပျက်လို့ သေတာလဲ ရှိတယ်၊ ဝါယောပျက်လို့ သေတာလဲ ရှိပါတယ်၊ ဘာဝါယောလဲဆိုတော့ ကမ္မဇဝါယောပါ။ ခန္ဓာကိုယ်ကို စဖွဲ့စည်းတဲ့ ပဋိသန္ဓေတည်ကထဲက ပါလာတဲ့ ကမ္မဇပထဝီ, ကမ္မဇတေဇော, ကမ္မဇအာပေါ, ကမ္မဇဝါယောဆိုတဲ့ ကမ္မဇမဟာဘုတ် (၄)ပါးထဲက ပထဝီပဲပျက်ပျက်, တေဇောပဲ ပျက်ပျက်, ဝါယောပဲပျက်ပျက်, အာပေါပဲပျက်ပျက် တစ်ခုပျက်တယ်ဆိုရင် သေတာပါပဲ။ မြန်မာဆေးဆရာတွေက "ဒီရောဂါဟာ ပထဝီလွန်ကဲတဲ့ ရောဂါပဲ၊ အာပေါလွန်ကဲတဲ့ ရောဂါပဲ"လို့ ပြောနေကြတာဟာ ဒီဓာတ်(၄)ပါးကို ပြောနေကြတာပါပဲ။

ကမ္မဇမဟာဘုတ် (၄)ပါးမှာ တစ်ပါးပျက်ရင် ဘာဖြစ်လို့ သတ္တဝါတွေ သေရသလဲဆိုတော့ မဟာဘုတ်(၄)ပါးက သူတို့ချင်း အတူတကွ ဖြစ်တဲ့ သဟဇာတပစ္စည်း၊ အပြန်အလှန် ကျေးဇူးပြုနေတဲ့ အညမညပစ္စည်း၊ မဟာဘုတ်(၄)ပါးမှာ ပထဝီက ကျန်တဲ့သုံးပါးကို မှီရတယ်၊ တေဇောကလဲ ကျန်တဲ့ သုံးပါးကို မှီရတယ်၊ အဲဒီလို မှီနေရတော့ တစ်ခုသေရင် တစ်ခုသေတယ်၊ တစ်ခုပျက်ရင် တစ်ခုပျက်ပါတယ်။ အညမည အပြန်အလှန် တစ်ခုက ကျေးဇူးမပြုရင် ကျန်တဲ့ (၃)ခုကလဲ ကျေးဇူးမပြုဘဲ ပျက်ရတယ်၊ ဒီကမ္မဇမဟာဘုတ်ရုပ်တွေက သေသေချာချာ ကြည့်ရင် ရှိပါတယ်။ ဝိပဿနာရှုတဲ့အခါမှာ ကမ္မဇ

မဟာဘုတ်ထိအောင် ရှုဖို့တော့ သိပ်မလွယ်လှပါ။ တော်တော်ဉာဏ်ကြီးတဲ့ ပုဂ္ဂိုလ်တွေမှပဲ မြင်နိုင်မှာပါ။

စိတ္တဇမဟာဘုတ်

အများမြင်နိုင်တာကတော့ စိတ္တဇမဟာဘုတ်ပါပဲ၊ စိတ်ဆိုးရင် ရုပ်က တစ်မျိုးဖြစ်လာပါတယ်၊ ဒါကလဲ ထင်ရှားပါတယ်။ စိတ်ဆိုးရင် ရုပ်က ကြမ်းလာတော့ ပထဝီပါ။ ဒေါသဖြစ်ရင် လှုပ်ရှားလာတာက ဝါယောပါပဲ။ တေဇောကလဲ မျက်စိမျက်နှာတွေ နီလာတယ်။ စိတ္တဇမဟာဘုတ်ကို ကြည့်မယ်ဆိုရင် ခန္ဓာကိုယ်မှာ ဝါယောလှုပ်ရှားလာပုံ, တေဇောလှုပ်ရှားလာပုံ တွေ့မြင်နိုင်ပါတယ်။ စိတ္တဇမဟာဘုတ်ကို ဝိပဿနာရှုဖို့ လွယ်ပါတယ်။

အာဟာရဇမဟာဘုတ်

အာဟာရဇမဟာဘုတ်ကိုလဲ ဝိပဿနာရှုရင် ရပါတယ်၊ အိမ်မှာ ညနေစာ စားမယ်လို့ စားပွဲမှာ ထိုင်လိုက်တဲ့အခါ ဗိုက်ကလဲ ဆာနေတယ်၊ ကိုယ်ကြိုက်တတ်တဲ့ စားချင်တဲ့ ဟင်းကလေးများ စားရရင် ပြုံးပျော်ပြီး အင်မတန်ကျေနပ်တဲ့ အာဟာရဇရုပ် ဖြစ်လာပါတယ်။ ဒါကလေး စားလိုက်ရတော့ စိတ်က ကျေနပ်နေတဲ့အခါ ရုပ်က ရွှင်လန်းပြီး တစ်မျိုးဖြစ်လာတာပါ။ အာဟာရကြောင့် ဖြစ်တဲ့ အာဟာရဇမဟာဘုတ် ပထဝီ, အာပေါ, တေဇော, ဝါယော ဆိုတဲ့ ဓာတ်တွေက လူတွေကို ချက်ချင်း ကျန်းမာစေပါတယ်။ ဒါကြောင့် ဆေးတိုက်တဲ့အခါမှာ ဆေးကလဲ အာဟာရမို့ အင်မတန် အင်အားနဲ့ပြီး ပျော့နေတဲ့ လူနာတစ်ယောက် သူ့ရောဂါနဲ့ တည့်တဲ့ဆေးကို တိုက်လိုက်ရင် ချက်ချင်း လူက လန်းလာပါတယ်။ အာဟာရဇမဟာဘုတ်ဓာတ် (၄)ပါးကိုလဲ ဝိပဿနာရှုရင် လွယ်ပါတယ်။

ဥတုဇမဟာဘုတ်

ဥတုဇမဟာဘုတ်မှာ ခန္ဓာကိုယ်ဟာ သိပ်ပြီး နေပူလာတဲ့အခါ အပူကြောင့် ရုပ်က နီလာတယ်၊ မဲလာတယ်၊ လေတိုက်ထဲ သွားရင်လဲ ရုပ်က ကြမ်းပြီးလာပါတယ်။ အပူအအေးကြောင့်ဖြစ်တဲ့ ရုပ်ကတော့ ပိုပြီး ထင်ရှားလို့ ဥတုဇမဟာဘုတ်ကို ဝိပဿနာရှုရင်လဲ မြင်လွယ်ပါတယ်။

အတ္ထိပစ္စည်းမှာ မဟာဘုတ်(၄)ပါးဟာ အတူတကွ ဖြစ်လို့ သဟဇာတပစ္စည်း၊ အပြန်အလှန် ကျေးဇူးပြုလို့ အညမညပစ္စည်း ဖြစ်ပါတယ်။ ဥတုဇမဟာဘုတ်ကိုတော့ ရေ, မြေ, တော, တောင် အသေးစိတ်ထိအောင် သိနေကြပါပြီ။ သို့သော် စိတ္တဇမဟာဘုတ်, ကမ္မဇမဟာဘုတ်, အာဟာရဇမဟာဘုတ်တို့ဟာလဲ စိတ်ကူးမဟုတ်ပါ၊ တကယ်ရှုကြည့်ရင် တကယ်ဖြစ်ပေါ်လာတာကို မြင်နိုင်ပါတယ်။ အတ္ထိပစ္စည်းဆိုတာက ဒီမဟာဘုတ်(၄)ပါးဟာ တကယ် ထင်ရှားရှိပြီး ကျေးဇူးပြုလို့ ဝိပဿနာနဲ့ ရှုကြည့်တဲ့အခါမှာလဲ ကိုယ်တိုင် ဆင်ခြင်နိုင်လို့ ပစ္စုပ္ပန်အနေနဲ့ အတ္ထိပစ္စည်းထိုက်ပါတယ်။

သဟဇာတပစ္စည်း ငါးပိုဒ်လုံးဟာ ပစ္စုပ္ပန်အနေနဲ့ ထင်ရှားရှိပြီး ကျေးဇူးပြုတာပါလို့ မြတ်စွာဘုရားက အတ္ထိပစ္စည်းနဲ့ ထပ်ဆင့်ပြီး ဟောခဲ့ပါတယ်၊ ဒီငါးပိုဒ်လုံးကို သဟဇာတတ္ထိပစ္စည်းလို့ ခေါ်ပါတယ်၊ သဟဇာတတ္ထိ ပါဠိကို ခွဲရင် သဟဇာတ=အတူတကွ+အတ္ထိ=ထင်ရှားရှိသည်၊ တကယ်ထင်ရှား ရှိပြီး အတူတကွ ကျေးဇူးပြုတာပါလို့ ဆိုလိုရင်း ဖြစ်ပါတယ်။

၂။ ပုရေဇာတတ္ထိ

(က) ဝတ္ထုပုရေဇာတတ္ထိ

(၁) စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊

(၂) သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊

(၃) ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊

(၄) ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊

(၅) ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဒီငါးချက်ဖြစ်တဲ့ စက္ခာယတနံ, သောတာယတနံ, ဃာနာယတနံ, ဇိဝှါယတနံ, ကာယာယတနံ ဆိုတဲ့ ပုရေဇာတပစ္စည်းကို ဝတ္ထုပုရေဇာတလို့ ခေါ်ပါတယ်။ ဝတ္ထုပုရေဇာတဆိုတာက စက္ခုဝတ္ထုက အတီတဘဝင်ရဲ့ ဥပါဒ်က စပြီး ရှုပါရုံနဲ့ တပြိုင်နက် အတူဖြစ်ပါတယ်။ အတီတဘဝင်ရဲ့ ဥပါဒ်က စပြီး ရှုပါရုံနဲ့ တပြိုင်နက်ဖြစ်တဲ့ စက္ခုပသာဒက စိတ္တက္ခဏ(၄)ချက် စောပြီးဖြစ်ပေမဲ့ စက္ခုဝိညာဉ်စိတ်က နောက်မှဖြစ်ပြီး ရှုပါရုံနဲ့ ပြိုင်ဖြစ်တဲ့ စက္ခုဝတ္ထုရုပ်ကို မှီပြီး ဖြစ်ရပါတယ်။ ဒီလို မှီပြီးဖြစ်တော့ စက္ခုဝတ္ထုက စက္ခုဝိညာဉ်ကို ကျေးဇူးပြုတာဟာ မရှိဘဲနဲ့ ကျေးဇူးပြုတာလား၊ ရှိရက်နဲ့ ကျေးဇူးပြုတာလားလို့ သံသယ ရှိစရာပါပဲ။

စက္ခုပသာဒဖြစ်တာက စိတ္တက္ခဏ(၄)ချက်လောက် စောပြီး ဖြစ်တော့ စက္ခုဝိညာဉ်က နောက်ကျနေပြီးမှ ဖြစ်ရတဲ့အတွက် မရှိဘဲနဲ့ ကျေးဇူးပြုတာလား ဆိုတော့ စက္ခုပသာဒက စက္ခုဝိညာဉ်ကို ပုရေဇာတပစ္စည်းနဲ့ ထင်ရှားရှိဆဲမှာ ကျေးဇူးပြုတာပါ။ ချုပ်ပြီးတဲ့နောက်မှ ကျေးဇူးပြုတာ မဟုတ်ပါ။ စက္ခုဝတ္ထုဟာ ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏတိုင်းမှာ ရှိနေတာပါ။ စက္ခုဝတ္ထု မပျက်ခင် မချုပ်ခင် စက္ခုဝိညာဉ်ကို ကျေးဇူးပြုတာဟာ အတ္ထိပစ္စည်း ထင်ရှားရှိဆဲမှာပဲ ကျေးဇူးပြုတာပါ။ မြတ်စွာဘုရားက ပုရေဇာတပစ္စည်းမှာလဲ စက္ခုဝတ္ထုရုပ်ဟာ

တကယ်ထင်ရှားရှိတာပါ။ ပရမတ္ထအားဖြင့် ထင်ရှားရှိဆဲ ဝတ္ထုရုပ်တွေက ဝိညာဉ်တွေကို ကျေးဇူးပြုနေပါတယ်ဆိုတာကို အတ္ထိပစ္စည်းမှာ ထပ်ပြီး ရှင်းတာပါ။ တကယ်လို့သာ ဒီလို ထပ်မဟောရင် ဒီစက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထုဆိုတဲ့ ဝတ္ထုရုပ်တွေဟာ တကယ်ရှိတဲ့ ပရမတ္ထတရားတွေ မဟုတ်ပါဘူးဆိုတဲ့ အယူဝါဒမျိုး ဝင်လာပြီး ဒီအယူဝါဒတွေကြောင့် မြတ်စွာဘုရားရဲ့ သာသနာဟာ ကွယ်သွားနိုင်ပါတယ်။

## အနက်နဲဆုံးဝိပဿနာ

အဘိဓမ္မာပဋ္ဌာန်းဆိုတာက အနက်နဲဆုံး ဝိပဿနာပါ၊ မြတ်စွာဘုရားရှင်များရဲ့ ဝိပဿနာပါပဲ။ အရှင်သာရိပုတ္တရာတောင်မှ ပရမတ္ထတရားတွေကို ဥပါဒ်၊ ဋ္ဌီ၊ ဘင်အထိ သိတာဟာ (၁၃) လုံးလောက်ပဲ သိပါတယ်တဲ့၊ ပရမတ္ထတရားအားလုံးကို မသိနိုင်ပါဘူးတဲ့။ ရိုးရိုးဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်တွေမှာ ဥပါဒ်ခဏ၊ ဋ္ဌီခဏ၊ ဘင်ခဏထိအောင် မရှုနိုင်ပါ၊ ရှုနိုင်တာကတော့ ရုပ်နာမ်ရဲ့ ဖြစ်စဉ် သန္တတိကိုသာ ဝိပဿနာရှုနိုင်ပါတယ်။ စက္ခုဝတ္ထုဖြစ်လာတဲ့ ဥပါဒ်ခဏ၊ ဋ္ဌီခဏ၊ ဘင်ခဏ၊ စက္ခုဝိညာဉ် စိတ်ကလေးဖြစ်လာတဲ့ ဥပါဒ်ခဏ၊ ဋ္ဌီခဏ၊ ဘင်ခဏဆိုတာက မြတ်စွာဘုရားကလွဲရင် ဘယ်သူမှ မမြင်နိုင်ပါ။

ဒီလိုမမြင်နိုင်တဲ့အတွက် "ဒို့မမြင်လို့ မရှိနိုင်ဘူး" ဆိုတဲ့ အယူဝါဒတွေ ဖြစ်လာမှာစိုးလို့ အတ္ထိပစ္စည်းနဲ့ ထပ်ပြီး တကယ်ရှိပါတယ်လို့ ဟောရတာပါပဲ။ ဒီစက္ခာယတနံက ကာယာယတနံအထိကို ဝတ္ထုပုရေဇာတတ္ထိလို့ ခေါ်ပါတယ်။ ဝတ္ထုရုပ်တွေက ကျေးဇူးပြုတဲ့ ဝတ္ထုပုရေဇာတပစ္စည်းမှာ အတ္ထိပစ္စည်းထပ်ထဲ့တဲ့အခါ ဝတ္ထုပုရေဇာတတ္ထိ ဖြစ်သွားပါတယ်။

## (၁) အာရမ္မဏပုရေဇာတတ္ထိ

ပစ္စယနိဒ္ဒေသ ပါဠိတော်မှာ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ က စပြီး ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယနံ ဖောဋ္ဌဗ္ဗာယတနံ

မနောဓာတုယာ အထိကတော့ အာရမ္မဏပုရေဇာတလို့ ခေါ်ပါတယ်။ အာရမ္မဏ ပုရေဇာတကလဲ ဒီအတိုင်းပါပဲ၊ စက္ခုပသာဒရုပ်က စက္ခုဝိညာဉ်ကို ဝတ္ထု ပုရေဇာတနဲ့ ကျေးဇူးပြုတယ်။ ရူပါရုံက စက္ခုဝိညာဉ်ကို အာရမ္မဏပုရေဇာတနဲ့ ကျေးဇူးပြုပါတယ်။ ဝတ္ထုဆိုတာက မှီရာလဲဖြစ်၊ ရှေ့လဲကျတယ်ဆိုတော့ စက္ခု ပသာဒက ဝတ္ထုပုရေဇာတဖြစ်ပါတယ်။ ရူပါရုံက ရှေ့ကျတယ်၊ စက္ခုဝိညာဏ်က သူ့ကိုလဲ အာရုံပြုလို့ အာရမ္မဏ ပုရေဇာတနဲ့ ကျေးဇူးပြုပါတယ်။ ရူပါရုံနဲ့ စက္ခုဝိညာဉ်ဟာ စိတ်ဖြစ်စဉ်ကို ကြည့်ရင် ရူပါရုံက စိတ္တက္ခဏ(၄)ချက်စောပြီး ဖြစ်ပါတယ်။ အာရမ္မဏနဲ့ ကျေးဇူးပြုတယ် ဆိုတာက စိတ်ကူးလား၊ အတိတ်လား၊ အနာဂတ်လားဆိုတော့ ပစ္စုပ္ပန်ထင်ရှားရှိတဲ့ ရူပါရုံက ပစ္စုပ္ပန်ထင်ရှားရှိတဲ့ စက္ခုဝိညာဉ်ကို ကျေးဇူးပြုတာပါ။ အတ္ထိပစ္စည်းဆိုတာက ပစ္စည်းတရားကလဲ ထင်ရှားရှိဆဲ၊ ပစ္စယုပ္ပန်တရားကလဲ ထင်ရှားရှိနေဆဲမှာသာ ကျေးဇူးပြုတာပါ။

## အတ္ထိပစ္စည်းငါးမျိုး ပဥ္စဝါရမှာ ဟောခြင်း

"ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိ ပစ္စယေန ပစ္စယော"လို့ ရူပါယတနံက စပြီး အဆုံးအထိကို အာရမ္မဏပုရေဇာ တတ္ထိလို့ ခေါ်ပါတယ်၊ ဝတ္ထုပုရေဇာတတ္ထိပစ္စည်းနဲ့ အာရမ္မဏပုရေဇာတတ္ထိကို ပေါင်းပြီး ပုရေဇာတတ္ထိလို့ တစ်ခုထဲ ယူရပါတယ်။ အတ္ထိပစ္စည်းကို ပဋ္ဌာန်း ပဥ္စဝါရမှာ ငါးမျိုးဟောပါတယ်၊ ပစ္စယနိဒ္ဒေသမှာတော့ ၂–မျိုးပဲ ရှိပါတယ်။ အဲဒီနှစ်မျိုးက သဟဇာတတ္ထိနဲ့ ပုရေဇာတတ္ထိပါပဲ။ ပဥ္စဝါရမှာ သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိနဲ့ အာဟာရပစ္စည်းမှာ ရုပ်အာဟာရက အာဟာရတ္ထိ၊ ဣန္ဒြိယပစ္စည်းမှာ ရူပဇီဝိတိန္ဒြိယတ္ထိလို့ အတ္ထိပစ္စည်းငါးမျိုးလာတာပါ။

## ၃။ ပစ္ဆာဇာတတ္တိ

ပစ္ဆာဇာတပစ္စည်းမှာ အတ္တိပစ္စည်းဟောရတာက ထင်ရှားမရှိဘဲနဲ့ ကျေးဇူးပြုနေတာလားလို့ သံသယရှိလို့ ဟောရတာပါ။ တကယ်က ပစ္ဆာဇာတပစ္စည်းမှာ လောကအနေနဲ့တော့ မလွယ်တဲ့ တရားပါ။ အကြောင်းတရားက နောက်မှဖြစ်ရတယ်၊ အကျိုးတရားက အရင်ဖြစ်နေတယ်ဆိုတော့ လူအများနားလည်ကြတာက အကြောင်းကြောင့် အကျိုးရှိတယ်၊ အကြောင်းရှိမှပဲ အကျိုးရှိတယ်လို့ ဆိုကြပါတယ်။ အကျိုးတရားက အရင်ဖြစ်၊ အကြောင်းတရားက နောက်မှဖြစ်တယ် ဆိုတာကတော့ သေသေချာချာ လေ့လာရင် ရှိတဲ့နေရာမှာ ရှိပါလိမ့်မယ်၊ သို့ပေမဲ့ အကြောင်းအကျိုးလေ့လာတဲ့ ပညာရှင်တွေကတော့ "အကြောင်းရှိမှ အကျိုးရှိတယ်" လို့ သိတာများကြပါတယ်။

ပဋ္ဌာန်းကိုကြည့်ရင်လဲ အကြောင်းကြောင့် အကျိုးဖြစ်တယ်လို့ ဆိုတာများပါတယ်၊ အကြောင်းက အရင်၊ အကျိုးက နောက်မှ ဖြစ်တယ်၊ အကြောင်းအကျိုး အတူတကွဖြစ်တယ်၊ တပြိုင်နက်ဖြစ်တယ်ဆိုတာတွေကသာ များပါတယ်။

ပစ္ဆာဇာတပစ္စည်းမှာတော့ အကြောင်းတရားဆိုတဲ့ နာမ်တရားက နောက်မှဖြစ်တယ်၊ အကျိုးတရားက အရင်ဖြစ်တယ်လို့ဆိုပါတယ်။ ထုတ်ပြလိုက်တာကတော့ ပဋိသန္ဓေအခါမှာရှိနေတဲ့ ကေဇကာယဟာ စ–စခြင်း ဥပါဒ်ခဏမှာ ကမ္မဇရုပ်ပဲရှိတော့ ဒီကမ္မဇရုပ်ဟာ ပဋိသန္ဓေဝိညာဉ်ဆိုတဲ့ နာမ်တရားကို မှီနေရတယ်။ သူက အထောက်အပံ့ရပုံမှာ ပဋိသန္ဓေပြီးရင် သူ့နောက်မှဖြစ်တဲ့ ဘဝင်စိတ်တွေက သူ့ကို ကျေးဇူးပြုပါတယ်၊ နောက်ကနေပြီး ကျားကန်ပေးတဲ့ သဘောပါ။ ဘာကြောင့်လဲဆိုရင် ပဋိသန္ဓေကမ္မဇရုပ်က ရုပ်သက် (၁၇) ချက်အသက်ရှည်တော့ ဒီကမ္မဇရုပ်ရဲ့ ရုပ်သက် (၁၇)ချက် အသက်မကုန်ခင် ထင်ရှားရှိနေဆဲမှာပဲ နာမ်တရားက ဥပါဒ်၊ ဌီ၊ ဘင်နဲ့ (၁၇) ကြိမ်ဖြစ်ပါတယ်။ အဲဒီ (၁၇)ကြိမ်ဖြစ်တဲ့ စိတ်စေတသိက်နာမ်တရားတွေက ပဋိသန္ဓေကမ္မဇရုပ်ရဲ့

စည်းဝိုင်းထဲမှာ ရောက်နေပါတယ်။ ဒီစည်းဝိုင်းထဲမှာ ဖြစ်နေတဲ့ နာမ်တရားတွေက ကမ္မဇရုပ်ကို တည်တံ့ခိုင်မြဲအောင် ထောက်ပံ့နေတာပါ။ ဒါကို မြတ်စွာဘုရားက သဗ္ဗညုတဉာဏ်နဲ့ ကြည့်ပြီး ဟောတာ ဖြစ်ပါတယ်။

ဒီနာမ်တရားလေးတွေက ပဋိသန္ဓေကမ္မဇရုပ်ကို ပစ္ဆာဇာတပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊ အဲဒီလို ကျေးဇူးပြုတယ်ဆိုတာ ပစ္ဆာဇာတက တကယ် ရှိရဲ့လား၊ အကြောင်းတရားက နောက်ကနေပြီး ကျေးဇူးပြုတယ်ဆိုတော့ ဒီလို ကျေးဇူးပြုတာဟာ ရုတ်တရက်ဆိုရင် မရှိခင်က ကျေးဇူးပြုသလို ဖြစ်နေပါတယ်၊ အမှန်ကတော့ မဟုတ်ပါ၊ ပထမဘဝင်ဆိုတဲ့ နောက်နောက် စိတ်တွေက ဥပါဒ်၊ ဌီ၊ ဘင်နဲ့ (၁၇)ချက် ဖြစ်ပြီး ထင်ရှားရှိဆဲ ပဋိသန္ဓေ ကမ္မဇရုပ်ကို ခိုင်မြဲအောင် ကျေးဇူးပြုတာပါ။ သူတို့ကလဲ မဖြစ်ခင်က ကျေးဇူးပြုတာ မဟုတ်ပါ။ ဥပါဒ်၊ ဌီ၊ ဘင် ထင်ရှားရှိဆဲခဏမှာပဲ ကျေးဇူးပြုတာပါ။

လင်းတဥပမာ

ပစ္ဆာဇာတပစ္စည်းမှာ လင်းတနဲ့ ဥပမာပေးကြပါတယ်။ လင်းတငယ် ကလေးများဟာ သူတို့ကို ဥက ပေါက်ပေါက်ချင်း ဘာအစာမှ မကျွေးဘဲ မိခင် လင်းတမကြီးက အသိုက်ထဲမှာ ပစ်ထားခဲ့တယ်။ သူတို့ဟာ အမေ ပြန်လာရင် အစာစားရလိမ့်မယ်ဆိုတဲ့ အာသာနဲ့ပဲ နေရပါတယ်။ ဒီအာသာနဲ့ပဲ ရုပ်နာမ်က ဖြစ်နေရတာဆိုတော့ တကယ်စားရတာ မဟုတ်ပေမဲ့ ဒီအာသာဆိုတဲ့ ကျေနပ်နေတဲ့ စိတ်စေတသိက်ကလေးတွေကတော့ ဖြစ်နေပါတယ်။ ဒီကျေနပ်မှု နာမ်တရားကပဲ လင်းတငယ်ရဲ့ ရုပ်ခန္ဓာကိုယ်ကို ကျေးဇူးပြုတယ်လို့ ဥပမာ ပေးကြပါတယ်။ ပစ္ဆာဇာတပစ္စည်းမှာ ရှိပြီး ကျေးဇူးပြုတာလား၊ မရှိဘဲနဲ့ ကျေးဇူးပြုတာလားဆိုတာကို ပဥ္စဝါရမှာ အကျယ်ထပ်ပြီး ဟောထားပါတယ်။

၄။ ရုပ်အာဟာရတ္ထိ

ပဉ္စာဝါရမှာ အကျယ်ဟောတဲ့ အာဟာရတ္ထိဆိုတာက အာဟာရပစ္စည်းမှာ "ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော" ဆိုတဲ့ ရုပ်အာဟာရမှာသာ ပြဿနာရှိပါတယ်။ နာမ်အာဟာရမှာတော့ ပြဿနာ မရှိပါ။ ဖဿ၊ စေတနာနဲ့ ဝိညာဉ်ဆိုတဲ့ နာမ်အာဟာရက သူတို့နဲ့ အတူတကွ ဖြစ်တဲ့ တရားတွေကို ကျေးဇူးပြုကြလို့ သဟဇာတတ္ထိပစ္စည်းမှာ ပါသွားပါပြီ။

ကဗဠီကာရအာဟာရဆိုတဲ့ဩဇာ

ကဗဠီကာရ အာဟာရဆိုတာကတော့ ဩဇာရုပ်ပါ၊ နေ့တိုင်းစားနေကြတဲ့ အစာအာဟာရမှာပါတဲ့ အဆီအစေးဆိုတဲ့ ဩဇာပါ။ လူတွေမှာလဲ ကျန်းမာအောင် ဩဇာရှိတဲ့အစာကို စားရပါတယ်၊ သို့သော်လဲ ဒီလို စားလိုက်တဲ့ ဗဟိဒ္ဓအာဟာရမှာပါတဲ့ ဗဟိဒ္ဓဩဇာက ခန္ဓာကိုယ်ကို တိုက်ရိုက်ကျေးဇူးပြုနိုင်တာ မဟုတ်ပါ။ ဘယ်လောက်ကောင်းတဲ့ အာဟာရပဲဖြစ်ဖြစ် ခန္ဓာကိုယ်ကို တိုက်ရိုက်ကျေးဇူးမပြုနိုင်ပါ။ ခပ်လွယ်လွယ် ပြောရမယ်ဆိုရင် တကယ်လို့သာ စားတဲ့ အစာအာဟာရက ခန္ဓာကိုယ်ကို ကျေးဇူးပြုနိုင်ရင် ချမ်းသာတဲ့သူတွေမှာ သေနိုင်စရာမရှိပါ။ ချမ်းသာတဲ့ သူတွေကတော့ အကောင်းဆုံးအာဟာရတွေကို စားနေမှာမို့ အကောင်းဆုံးဆိုတဲ့ ဩဇာတွေကို စားနေကျွေးနေရင် ဘယ်တော့မှ သေနိုင်စရာမရှိတော့ပါ။ ဗဟိဒ္ဓဩဇာဆိုတဲ့ အသီးအရွက်တွေ သားငါးအစရှိတဲ့ အစားအစာတွေက ရတဲ့ ဩဇာက ကမ္မဇရုပ်ကို တိုက်ရိုက်ကျေးဇူးမပြုနိုင်ပါ။

အဇ္ဈတ္တိကဩဇာ

တကယ် အရေးကြီးတာက အဇ္ဈတ္တိကဩဇာပဲ ဖြစ်ပါတယ်။ လူတွေမှာ ပဋိသန္ဓေခဏက စပြီး ပါလာတဲ့ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ် တွေထဲမှာ အဋ္ဌကလာပ်တွေ ရှိပါတယ်။ ဒီကလာပ်တွေထဲမှာ ဥပမာအားဖြင့် စိတ္တဇရုပ်ဆိုရင်လဲ ဝိညာဉ်တွေ ဖြစ်တိုင်းဖြစ်တိုင်းမှာ ပထဝီ၊ တေဇော၊ အာပေါ၊

ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဆိုတဲ့ ဒီအဋ္ဌကလာပ်ရုပ်ထဲမှာ ဩဇာက ပါလာပါတယ်။ ဒီစိတ်ကြောင့်ဖြစ်တဲ့ အဋ္ဌကလာပ်ထဲမှာပါတဲ့ ဩဇာကမှ လူကို အသက်ရှည်စေနိုင်ပါတယ်။

လူတစ်ယောက်ကို ဆေးကုတဲ့အခါ စိတ္တဇကလာပ်ထဲမှာပါတဲ့ ဩဇာဟာ ဘယ်လောက် အရေးကြီးသလဲဆိုတော့ ဒီလူဟာ စိတ်ဆင်းရဲနေရင် စိတ်ညစ်နေရင် ဆေးကုလို့ မရနိုင်ပါ။ "စားပေမဲ့ အာဟာရ မဖြစ်ဘူး"လို့ ဒီလိုပဲ ဆေးဆရာများက ပြောတတ်ကြပါတယ်။ စိတ္တဇရုပ်ထဲမှာပါတဲ့ ဩဇာနဲ့ ဗဟိဒ္ဓက ကျွေးတဲ့ဩဇာပေါင်းပြီးမှ အဇ္ဈတ္တိကဩဇာက ခန္ဓာကိုယ်ကို အာဟာရနဲ့ ထောက်ပံ့နိုင်ပါတယ်။ ဒီလိုထောက်ပံ့မှုလဲ အာဟာရဖြစ်ပါတယ်။

## အတ္ထိပစ္စည်းနဲ့ အယူဝါဒရေးရာ

အတ္ထိပစ္စည်းဟာ ပဋ္ဌာန်းကို သာမညလောက် သင်တဲ့သူများကတော့ သိပ်ပြီး အဓိပ္ပါယ်ရှိတယ် မထင်ကြပါ၊ သေသေချာချာ စဉ်းစားကြည့်ရင် (၂၄)ပစ္စည်းလုံးကို ခြုံပြီး ဟောတာပါ။ အတ္ထိက ငါးမျိုးရှိပါတယ်၊ အတ္ထိပစ္စည်းဆိုတာက ထင်ရှားရှိနေဆဲမှာ ကျေးဇူးပြုတာပါ၊ ပရမတ္ထရုပ်နာမ်တရားတွေဟာ သူကိုယ်တိုင် ဥပါဒ်, ဋ္ဌီ, ဘင်အားဖြင့် ထင်ရှားဖြစ်ပေါ်ပြီးမှ ကျေးဇူးပြုပါတယ်။

ရှေးအခါက ဝါဒတွေ အမျိုးမျိုး ရှိကြပါတယ်။ အဘိဓမ္မာ လေ့လာတဲ့ ပုဂ္ဂိုလ်တွေက ဘုရားမပွင့်ခင်ကထဲက လေ့လာနေကြတာပါ၊ အဘိဓမ္မာပါရဂူကြီးတွေလို့ မိမိကိုယ်ကို ထင်မြင်ပြီး အဘိဓမ္မာဝါဒတွေ တီထွင်ဟောပြောနေကြတာပါ။ ဒီလို ဘုရားမပွင့်ခင် အဘိဓမ္မာလေ့လာတဲ့ ပုဂ္ဂိုလ်တွေ ပေါ်ပေါက်နေရတာကလဲ ခမ္ဘတာပါ။

"စိတ်, စေတသိက်, ရုပ်ဆိုတဲ့ ပရမတ္ထတရားတွေဟာ ပရမတ္ထတရား အစစ် မဟုတ်ဘူး၊ ပရမတ္ထတရား အစစ်က ဥပါဒ်, ဋ္ဌီ, ဘင်အားဖြင့် ထင်ရှား မဖြစ်ပေါ်ဘူး၊ တကယ့်တရားအစစ်က ဗီဇသတ္တိအားဖြင့် သီးခြားရှိပြီး၊ အဲဒီ

ဗီဇသတ္တိကမှ တစ်ဆင့် စိတ် စေတသိက် ရုပ်တွေ ထထပြီး ဖြစ်နေတာ''လို့ ဒီလို အဘိဓမ္မာဝါဒတွေက ဘုရားမပွင့်မီကပဲ ရှိနေတာပါ။ အခုလဲ အဘိဓမ္မာတွေ သင်ပြီးမှ ဒီလိုယူဆတဲ့ ပုဂ္ဂိုလ်တွေ ပေါ်လာသေးတယ်ဆိုတာ သိရပါတယ်။ အတ္ထိပစ္စည်းက အယူဝါဒရေးရာနဲ့ ပတ်သက်ပြီး အလွန်နက်နဲပါတယ်။

မြတ်စွာဘုရား ဟောတာက အတ္ထိပစ္စည်းမှာ ရုပ်တရားနာမ်တရားတွေဟာ ပစ္စည်း, ပစ္စယုပ္ပန် အတူတကွ ဖြစ်ပေါ်လာပြီး၊ ဥပါဒ်, ဌီ, ဘင်အားဖြင့် ထင်ရှားရှိနေဆဲအခိုက်မှာ ကျေးဇူးပြုတာမျိုးက သဟဇာတတ္ထိပါ။

ပုရေဇာတတ္ထိဆိုတာ ပစ္စည်းက အရင်ဖြစ်၊ ပစ္စယုပ္ပန်က နောက်မှ ဖြစ်ပါတယ်။ ပုရေဇာတမှာ ရှေ့နောက်ဖြစ်တယ်ဆိုပေမဲ့ ရုပ်က ရုပ်သက်(၁၇)ချက် မချုပ်သေးခင် ဖြစ်တယ်ဆိုတော့ သူက ရှိနေဆဲမှာပဲ ကျေးဇူးပြုတဲ့ ပုရေဇာတတ္ထိ ဆိုတဲ့ အတ္ထိတစ်မျိုးပါ။ ဒါကလဲ ရှိတာတစ်မျိုးပါပဲ။

ပစ္ဆာဇာတတ္ထိမှာ အကြောင်းတရားက နောက်မှ ဖြစ်တယ်၊ အကျိုးတရားက အရင်ဖြစ်နှင့်နေတာ ဖြစ်သော်လဲ နောက်မှဖြစ်တဲ့ အကြောင်းတရားက ဥပါဒ်, ဌီ, ဘင်အားဖြင့် ထင်ရှားရှိနေဆဲမှာ ကျေးဇူးပြုတာပါ။ ပရမတ္ထတရားဆိုတာက ဥပါဒ်, ဌီ, ဘင်အားဖြင့် ဖြစ်ပေါ်တဲ့ တရားကိုမှ ပရမတ္ထခေါ်ပါတယ်။ ဥပါဒ်, ဌီ, ဘင်အားဖြင့် ဖြစ်ပေါ်တဲ့အထိ မရောက်လာရင် ပရမတ္ထမဟုတ်ပါ၊ တကယ် မရှိတဲ့ ပညတ်ပဲဖြစ်ပါတယ်။ ဒါကြောင့် အတ္ထိပစ္စည်းဟာ အရေးကြီးတာပါ။

အင်မတန် သေးသိမ်တဲ့ အမှုန်အမွှား ရုပ်ကလေးတွေ ရှိနေတယ်ဆိုတာ အားလုံး သိနေကြပါတယ်။ အခုခေတ် သိပ္ပံဆရာတွေက ဒါတွေကို လေ့လာလို့ သူတို့က ပိုပြီး မြင်နေကြပါပြီ။ ဒီလို မျက်စိနဲ့ မမြင်ရတဲ့ ရုပ်အမှုန်အမွှားတွေ အနုမြူတွေ တစ်ခုစီ တစ်ခုစီ အဋ္ဌကလာပ်ပေါင်း မြောက်မြားစွာ ရှိနေပါတယ်။ အဲဒီ ကလာပ်ကလေးတစ်ခုမှာလဲ ဩဇာရုပ်က ရှိပါတယ်။ ဒီဩဇာရုပ်က ကျန်တဲ့ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်တွေကို အာဟာရသတ္တိနဲ့ ကျေးဇူးပြုပါတယ်။

အာဟာရသတ္တိနဲ့ ကျေးဇူးပြုတဲ့အခါ သူက သဟဇာတမျိုးလဲမဟုတ်ပါ၊ ပစ္ဆာဇာတထဲလဲ ထဲ့လို့မရ၊ ပုရေဇာတထဲလဲ ထဲ့လို့မရပါ၊ ဘာကြောင့်လဲဆိုတော့ ဥပမာ–မျက်စိဆိုတဲ့ စက္ခုဒသက ကလာပ်မှာ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာနဲ့ ဓာတ်ကြီး(၄)ပါး၊ ဇီဝိတနဲ့ ဝတ္ထုရုပ်၊ ပေါင်း ရုပ်(၁၀)ခု ရှိပါတယ်။ အဋ္ဌကလာပ် တစ်ခုထဲမှာ ဇီဝိတနဲ့ စက္ခု ပေါင်းထဲ့လိုက်ရင် ရုပ်(၁၀)ခုကို စက္ခုဒသကကလာပ် လို့ ခေါ်ပါတယ်။ ကလာပ်အမျိုးအစားတွေကလဲ ကမ္မဇကလာပ်က (၉)စည်း၊ စိတ္တဇကလာပ်က (၆)စည်း၊ အာဟာရဇကလာပ်က (၂)စည်း၊ ဥတုဇကလာပ်က (၄)စည်း ကလာပ်ပေါင်း (၂၁)စည်း ရှိပါတယ်။ ဒီစက္ခုဒသကကလာပ်မှာပါတဲ့ ဩဇာက ကျန်တဲ့ ကလာပ်(၂၁)စည်းမှာရှိတဲ့ ရုပ်တွေကို အာဟာရသတ္တိနဲ့ ကျေးဇူးပြုပါတယ်။ အဲဒီလို ကျေးဇူးပြုတာကို သဟဇာတမျိုးထဲ ထဲ့လို့ မရပါ၊ ဩဇာရုပ်က မဖြစ်ဘဲနဲ့ ကျေးဇူးပြုတာ မဟုတ်၊ ဥပါဒ်, ဌီ, ဘင်အားဖြင့် ဖြစ်ပြီးမှသာ ကျေးဇူးပြုတာပါ။ ရုပ်အာဟာရတ္တိဟာ ပစ္စယနိဒ္ဒေသမှာ မပါပေမဲ့ ပဉှာဝါရမှာ မြတ်စွာဘုရားက ဟောထားလို့ ရုပ်အာဟာရတ္တိလို့ သီးခြား အတ္တိတစ်မျိုး ရှိပါတယ်။

## ၅။ ရူပဇီဝိတိန္ဒြိယတ္တိ

ဣန္ဒြိယပစ္စည်းမှာလဲ (၁) ပုရေဇာတိန္ဒြိယ (၂) ရူပဇီဝိတိန္ဒြိယနဲ့ (၃) နာမ်ဣန္ဒြိယလို့ (၃)မျိုးပြောခဲ့ပါတယ်။ ပါဠိမှာ “ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော”ဆိုတော့ ရုပ်ဇီဝိတိန္ဒြေက ကမ္မဇရုပ်ကို ရူပဇီဝိတိန္ဒြိ ယသတ္တိနဲ့ ကျေးဇူးပြုပါတယ်။ ရုပ်ဇီဝိတိန္ဒြေက ကမ္မဇကလာပ်ကို ကျေးဇူးပြုတယ် ဆိုတော့ ကမ္မဇကလာပ်က စက္ခုဒသကကလာပ်, သောတဒသကကလာပ်, ဃာနဒသကကလာပ်, ဇိဝှါဒသကကလာပ်, ကာယဒသကကလာပ်, ဣတ္ထိဘာဝ ဒသကကလာပ်, ပုမ္ဘာဝဒသကကလာပ်, ဝတ္ထုဒသကကလာပ်, ဇီဝိတနဝက ကလာပ်လို့ ကမ္မဇကလာပ်က (၉)စည်း ရှိပါတယ်။ ဒီကမ္မဇကလာပ် (၉)စည်းမှာ

အကုန်လုံး ကမ္မဇရုပ်ချည်းဖြစ်တော့ (၉)စည်းလုံးမှာ ရုပ်ဇီဝိတိန္ဒြေဆိုတဲ့ ဇီဝိတ ရုပ်က ပါပါတယ်။

## သစ်ပင်မှာ အသက်ရှိသလား

ဒီပြဿနာဟာ အခုခေတ်မှာ ဘယ်လောက်ရှုပ်နေသလဲဆိုရင် သက်ရှိ သက်မဲ့ ဆုံးဖြတ်တဲ့အခါမှာ သိပ္ပံဆရာတွေက "သစ်ပင်မှာ အသက်ရှိတယ်၊ သူတို့မှာလဲ လူတွေ အာဟာရစားသလို အာဟာရဆိုတဲ့ ရေဓာတ်မြေဓာတ်တွေ ကို စုပ်ယူတဲ့ သဘောသတ္တိရှိတယ်၊ ဒါကြောင့် သစ်ပင်မှာ အသက်ရှိတယ်"လို့ ယူဆကြပါတယ်။ ဒီလို ယူခဲ့တဲ့ ဝါဒဟာ အခုခေတ်မှာသာ ရှိတာမဟုတ်ပါ၊ ဘုရားလက်ထက်တော်အခါကလဲ သစ်ပင်မှာ အသက်ရှိတယ်လို့ ယူဆတဲ့ပုဂ္ဂိုလ် တွေက မြတ်စွာဘုရားရဲ့ တပည့်သား ရဟန်းတော်တွေ သစ်ပင်သစ်ရွက်ခူးတာ ခုတ်တာကို ကဲ့ရဲ့ကြလို့ "ရဟန်းများ သစ်ပင်ကို မခူးရ၊ မခုတ်ရ၊ မဖြတ်ရ"လို့ သိက္ခာပုဒ် ပညတ်ထားခဲ့ရပါသေးတယ်။ အဘိဓမ္မာနည်းအရ သစ်ပင်မှာ အသက် မရှိဆိုတာက သစ်ပင်မှာ ကမ္မဇရုပ် မရှိလို့ပါပဲ။

## စက္ခုဒသကကလာပ်နဲ့ ဣန္ဒြိယ

ဇီဝိတရုပ်ဆိုတာက ကမ္မဇကလာပ် (၉)စည်းမှာ ပါရပါတယ်။ စက္ခုဒသက ကလာပ်ဆိုတဲ့ ရုပ်(၁၀)ခုမှာလဲ ဇီဝိတရုပ် ပါပါတယ်။ ဇီဝိတရုပ်က ဣန္ဒြိယ ပစ္စည်းဖြစ်တော့ ကျန်တဲ့ ရုပ်(၉)ခုက ပစ္စယုပ္ပန်ဖြစ်ပါတယ်။ ဒီဇီဝိတရုပ် ကလေးက ကမ္မဇရုပ်တွေကို အစိုးရတယ်။ အစိုးရတယ်ဆိုတာက သူမရှိရင် မျက်စိက ကန်းသွားပါတယ်။ ကမ္မဇရုပ်ဆိုတာကလဲ လူက လုပ်ယူလို့ မရတဲ့ အတွက် ဇီဝိတရုပ်ပျက်လို့ မျက်စိကန်းသွားရင် ဒီမျက်စိက ကုလို့မရတော့ပါ။ ဒီ ဇီဝိတရုပ်က ကျန်တဲ့ရုပ်(၉)ခုကို ဣန္ဒြိယသတ္တိနဲ့ အမြဲတမ်း ကျေးဇူး ပြုပါတယ်။

## သောတဒွါရိကကလာပ်နဲ့ ဣန္ဒြိယ

နားမှာလဲ သောတဒသကကလာပ် ရုပ်(၁၀)ခု ဖြစ်ပါတယ်။ သောတ ပသာဒဖြစ်ရင် ကြားတယ်ဆိုတာကလဲ ဒီရုပ်(၁၀)ခုရှိနေလို့ပါပဲ။ ကြားနိုင်တာဟာ ဇီဝိတရုပ်က ကျန်တဲ့ရုပ်(၉)ခုကို ကျေးဇူးပြုနေလို့ပါ။ လူမှာရှိတဲ့ ကမ္မဇကလာပ် ရုပ်တွေဆိုရင် ဇီဝိတရုပ်က ပါနေပါတယ်။ ဒီဇီဝိတရုပ်က တစ်ခြားရုပ်တွေကို ကျေးဇူးပြုတဲ့အခါ ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ထင်ရှားနေတဲ့ အခိုက်မှာ ကျေးဇူး ပြုတာပါ။

ဥပမာ–စက္ခုဒသကကလာပ်က အမြဲရှိနေတယ်လို့ ထင်ရပေမဲ့ သူက အမြဲရှိနေတာ မဟုတ်ပါ၊ သူလဲ ဖြစ်ပြီး ပျက်သွားပါတယ်။ သောတဒသကမှာ ရှိတဲ့ ဇီဝိတရုပ်က ကျန်တဲ့ ကလာပ်မှ ရုပ်တွေကို ကျေးဇူးပြုတာ မဟုတ်ပါ။ သူထင်ရှားဖြစ်ပေါ်လာတဲ့အခါမှာသာ ကျေးဇူးပြုတာပါ။ သို့ပေမဲ့ ရုပ်တရားတွေ ထပ်ခါထပ်ခါ ဖြစ်ဖြစ်ပြီး အဆက်မပြတ် ကျေးဇူးပြုတဲ့အတွက် "မြင်နေတယ်၊ ကြားနေတယ်"လို့ ထင်နေကြရပါတယ်။ မရှိတဲ့ ဇီဝိတရုပ်က ကျန်တဲ့ ကလာပ်မှ ရုပ်တွေကို ကျေးဇူးပြုတာမဟုတ်ဘဲ သူထင်ရှားဖြစ်ပေါ်လာတဲ့အခါမှသာ ကျေးဇူး ပြုတာပါ။ ဒီရုပ်က ထင်ရှားရှိနေဆဲမှာ ကျေးဇူးပြုသလား၊ မရှိဘဲနဲ့ ကျေးဇူး ပြုသလားဆိုတဲ့ သံသယရှိတဲ့အတွက် ရူပဇီဝိတိန္ဒြိယတ္တိလို့ အတ္ထိပစ္စည်းမှာ ထပ်ပြီး ဘုရားရှင်က ရှင်းခဲ့တာပါပဲ။

## ဣန္ဒြိယဗဒ္ဓရုပ် အနိန္ဒြိယဗဒ္ဓရုပ်

သစ်ပင်မှာ သက်မဲ့လို့ အဘိဓမ္မာက ဆုံးဖြတ်တာဟာ သစ်ပင်မှာ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာနဲ့ ဓာတ်ကြီး (၄)ပါးဆိုတဲ့ ရုပ်(၈)ခုပဲ ရှိပါတယ်။ ဘာသစ်ပင် ပဲဖြစ်ဖြစ် သစ်ပင်ဘယ်လောက်ပဲကြီးကြီး ဘယ်လောက်ပဲ သေးသေး ဇီဝိတ ရုပ်ဆိုတဲ့ ဇီဝိတိန္ဒြေမရှိတဲ့ ရုပ်ဒြပ်ဝတ္ထုများကို သက်မဲ့လို့ပဲ ခေါ်ပါတယ်။ ရုပ်မှာ ဣန္ဒြေနဲ့ စပ်နေတဲ့ ရုပ်များကို ဣန္ဒြိယဗဒ္ဓရုပ်၊ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊

ဃာနိန္ဒြေ စတဲ့ ဩဠာရိကနိန္ဒြေတို့နဲ့ မစပ်တဲ့ ရုပ်များကို အနိန္ဒြိယဗဒ္ဓရုပ်လို့ ၂-မျိုး ရှိပါတယ်။ ရေ၊ မြေ၊ တော၊ တောင်၊ သစ်ပင်များကို သက်မဲ့လို့ဆိုတာက ဇီဝိတိန္ဒြိယရုပ် မရှိလို့ပါ၊ ဘုရားရှင်ရဲ့ အဘိဓမ္မာက ဇီဝိတိန္ဒြိယရုပ်ရှိတဲ့ ရုပ်မျိုး ကလာပ်မျိုးများမှ အသက်ရှိတယ်၊ ဇီဝိတိန္ဒြိယရုပ်ရှိတဲ့ ရုပ်ခန္ဓာကိုမှ အသက် ရှိတယ်လို့ ဆိုပါတယ်။

## အသညသတ်ပြဿနာ

အသညသတ်ဘုံမှာ ရုပ်ချည်း သက်သက်ရှိပေမဲ့ တောင်ကြီးလို ရုပ်တော်မူ ကိုယ်တော်ကြီးလို သက်မဲ့ရုပ်မျိုးမဟုတ်ပါ။ အသညသတ်ဘုံမှာ ရုပ်ဇီဝိတိန္ဒြေနဲ့ ကမ္မဇရုပ် ရှိပါတယ်။ ဒါကြောင့် (၃၁)ဘုံမှာ အသညသတ်ကို သက်ရှိသတ္တဝါ ထဲမှာ ထဲ့ထားပါတယ်။ သက်မဲ့လေလားလို့ သံသယရှိမှာစိုးတဲ့အတွက် အသည သတ္တလို့ သတ္တပုဒ်ထဲ့တာပါ။ သတ္တပုဒ်ထဲ့လိုက်တော့ အသညသတ်ပြဿနာများဟာ (၃၁)ဘုံမှာရှိတဲ့ သတ္တဝါထဲမှာ ဝင်သွားပါတယ်။ "ဇီဝိတိန္ဒြိယရုပ်ရှိရင် သက်ရှိ၊ ဇီဝိတိန္ဒြိယရုပ် မရှိရင် သက်မဲ့" လို့ ဒီလိုပဲ ဆုံးဖြတ်ကြပါတယ်။ အတ္ထိပစ္စည်းငါးမျိုး ကတော့ တော်တော်စုံသွားပြီထင်ပါတယ်။ ဒီလောက်နဲ့ပဲ အတ္ထိပစ္စည်းကို နိဂုံး ချုပ်ကြပါစို့။

# ၂၂။ နတ္ထိပစ္စည်း

## နတ္ထိပစ္စည်း

အတ္ထိပစ္စည်းနဲ့ နတ္ထိပစ္စည်းက တွဲပြီးပြောမှ အဓိပ္ပာယ်ပေါ်လွင်ပါတယ်။ "သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော"လို့ နတ္ထိပစ္စည်းမှာ ဟောပါတယ်။ နတ္ထိပစ္စယောမှာ န–က မရှိ၊ အတ္ထိဆိုတာက ရှိတယ်လို့ အဓိပ္ပာယ်ရပါတယ်။ ရုပ်တရား နာမ်တရားတွေ ကျေးဇူးပြုပုံမှာ အတ္ထိပစ္စယောက ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ထင်ရှား ရှိပြီးမှ ကျေးဇူးပြုတာနဲ့ နတ္ထိပစ္စယောက ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ထင်ရှား မရှိဘဲနဲ့ ကျေးဇူးပြုတာ နှစ်မျိုးရှိပါတယ်။

ဥပမာ–တိုင်းပြည်ရဲ့ ခေါင်းဆောင်တစ်ဦးဟာ တိုင်းသူပြည်သားတွေကို ကျေးဇူးပြုရာမှာ သူထင်ရှားရှိဆဲမှာပဲ ကျေးဇူးပြုတဲ့ ခေါင်းဆောင်လဲရှိ၊ သူ မရှိတော့ဘဲနဲ့ ကျေးဇူးပြုတဲ့ခေါင်းဆောင်လဲ ရှိပါတယ်။ မြတ်စွာဘုရား ပွင့်တော်မူလို့ သက်တော်ထင်ရှား ရှိစဉ်ကလဲ ကမ္ဘာသူကမ္ဘာသားအကုန်လုံး ကောင်းစားအောင် လုပ်ခဲ့ပါတယ်။ မြတ်စွာဘုရားမရှိတော့တာဟာ အခု နှစ်ပေါင်း (၂၅၀၀) ကျော်နေပါပြီ။ ဘုရားဟောတော်မူခဲ့တဲ့ တရားတွေ ဝါဒတွေက လူအများ ကောင်းစားရေး ချမ်းသာရေးကို ဒီနေ့ထိ လုပ်နေဆဲပါပဲ။ ဒါဟာ သူမရှိတော့လဲ ကျေးဇူးပြုနေတာပဲ ဖြစ်ပါတယ်။ ရုပ်တရား နာမ်တရားများဟာလဲ ရှိနေဆဲမှာ ကျေးဇူးပြုတာနဲ့ မရှိတော့မှ ကျေးဇူးပြုတာလို့ နှစ်မျိုးရှိတာကို နတ္ထိပစ္စည်းမှာ ထပ်ပြီး ဟောရတာပါ။

## နာမ်ကို နာမ်ချင်း မရှိဘဲနဲ့ ကျေးဇူးပြု

နတ္ထိပစ္စည်းမှာ ရုပ်တရား မပါပါ။ "သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ၊ တဆက်ထဲဖြစ်ပြီး ပျက်သွားသော စိတ် စေတသိက် နာမ်တရားတို့သည်။ ပစ္စုပ္ပန္နာနံ၊ မိမိတို့ နောက်မှ ဖြစ်ကုန်သော။ စိတ္တစေတသိကာနံ ဓမ္မာနံ၊ စိတ် စေတသိက် နာမ်တရားတို့အား။ နတ္ထိပစ္စယေန ပစ္စယော၊ မရှိဘဲနဲ့ ကျေးဇူးပြုတယ်"လို့ နတ္ထိပစ္စည်းကို အကျဉ်းဟောခဲ့ပါတယ်။

## အနန္တရမျိုး

(၂၄)ပစ္စည်းထဲမှာ အနန္တရ, သမနန္တရ, ဥပနိဿယ, အာသေဝန, ကမ္မ, နတ္ထိ, ဝိဂတလို့ အနန္တရ (၇)မျိုး ရှိပါတယ်။ သဟဇာတ (၁၅)မျိုးကိုတော့ ပြောခဲ့ပြီးပါပြီ။ သဟဇာတက ဥပါဒ်, ဌီ, ဘင်အားဖြင့် ထင်ရှားရှိပြီး ကျေးဇူးပြုတဲ့ အတ္ထိမျိုး၊ အတူတကွ ဖြစ်တဲ့ သဟဇာတမျိုး ဖြစ်ပါတယ်။ အနန္တရမျိုးထဲက နတ္ထိပစ္စည်းကတော့ မရှိတော့မှ ကျေးဇူးပြုတယ်ဆိုတဲ့ သဘောပါ။ နာမ်တရားတစ်ခုက ဥပါဒ်, ဌီ, ဘင်အားဖြင့် ဖြစ်ပျက်သွားပြီးနောက် နာမ်တရားများ အဆက်မပြတ် ဖြစ်နေဖို့ ကျေးဇူးပြုတာဖြစ်လို့ အနန္တရမျိုး ဖြစ်တဲ့ နတ္ထိပစ္စည်းဟာ မရှိတဲ့အခါမှာ ကျေးဇူးပြုပါတယ်။

အာသေဝနမှာကတော့ နာမ်, နာမ်ချင်းကျေးဇူးပြုပါတယ်။ ကမ္မမှာ နာနာက္ခဏိကကမ္မ-က နာမ်နာမ်ချင်း ကျေးဇူးပြုလို့ အနန္တရမျိုးထဲမှာပါပေမဲ့လဲ သဟဇာတကမ္မတော့ မရပါ။ မဂ်စိတ် (၄)ပါးက ဖိုလ်စိတ်ကို ကျေးဇူးပြုတဲ့ အခါမှာသာ ကမ္မပစ္စည်းက အနန္တရ ရပါတယ်၊ ကမ္မကို ထဲ့ထားပေမဲ့ အနန္တရမျိုးထဲမှာ ကမ္မ-ရတာ နဲပါတယ်။

## နိဗ္ဗာန်နဲ့ အတ္ထိပစ္စည်း

နိဗ္ဗာန်ဟာ ပရမတ္ထတရား (၄)ပါးမှာ ပါပါတယ်။ ပဋ္ဌာန်းမှာတော့ များသောအားဖြင့် ပစ္စည်းတွေမှာ စိတ်, စေတသိက်, ရုပ်ဆိုတဲ့ တရားတွေကိုပဲ

ပြပါတယ်။ နိဗ္ဗာန်က အာရမ္မဏပစ္စည်းနဲ့ အာရမ္မဏူပနိဿယပစ္စည်းမှာ ပစ္စည်းအနေနဲ့တော့ ပါခဲ့ပါတယ်။ ပစ္စယုပ္ပန်အနေနဲ့တော့ ဘယ်ပစ္စည်းမှာမှ မပါပါ။ ဒါကြောင့် နိဗ္ဗာန်ကို အတ္ထိပစ္စည်းတပ်, မတပ် ပြဿနာ ဖြစ်ခဲ့ကြပါတယ်။

နိဗ္ဗာန်ကို ရှိသလား, မရှိဘူးလားလို့ မေးရင် ရှိပါတယ်လို့ ဖြေကြရမှာဖြစ်ပါတယ်။ နိဗ္ဗာန်ရှိတယ်ဆိုရင် အတ္ထိပစ္စည်းတပ်သလားဆိုတဲ့ အခါမှာ အတ္ထိပစ္စည်း မတပ်ပါ။ မတပ်ရင် နိဗ္ဗာန်မရှိဘူးလို့ ပြောရမလို ဖြစ်နေပါတယ်။ ဘုရားဟောတဲ့အထဲမှာ ပဋ္ဌာဝါရနဲ့ ပစ္စယနိဒ္ဒေသကို ကြည့်ရင် အတ္ထိပစ္စည်းမှာ သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, ရုပ်အာဟာရတ္ထိ, ရူပဇီဝိတိန္ဒြိယတ္ထိလို့ အတ္ထိငါးမျိုးပဲ ရှိပါတယ်၊ အကယ်၍သာ နိဗ္ဗာန်ဟာ အတ္ထိပစ္စည်းတပ်ရင် အတ္ထိ–က သီးခြား ပါလာရပါမယ်။

## အဖြစ်တရားနဲ့ အရှိတရား

ပဋ္ဌာန်းမှာ အဟောများတဲ့ စိတ်, စေတသိက်, ရုပ်တို့ကို ဥပါဒ်, ဌီ, ဘင်ရှိတဲ့အတွက် အဖြစ်တရား, အရှိတရားလို့ ယူပါတယ်။ အဖြစ်တရားက တခြား၊ အရှိတရားက တခြားလို့ မယူပါဘူး။ ဒါပေမဲ့ တချို့အဘိဓမ္မာဆရာများက သဘောတရားရေးရာ ဆွေးနွေးတဲ့အခါမှာ "နဂိုက အမြဲရှိနေတဲ့ တရားဟာ အရှိတရား၊ နဂိုရှိတဲ့ တရားက ထ–ထ ဖြစ်နေတာက အဖြစ်တရား"လို့ ဒီလိုဆိုပါတယ်။ အဘိဓမ္မာမှာ ဥပါဒ်, ဌီ, ဘင်အားဖြင့် မဖြစ်သေးဘဲ သူ့ဘာသာသူ ငုပ်နေတဲ့ ဗီဇသတ္တိကို အရှိတရားလို့ မယူပါ။ အဘိဓမ္မာမှာ အရှိတရား (၂)မျိုး ရှိပါတယ်။ စိတ်, စေတသိက်, ရုပ်တွေ ဖြစ်နေလို့လဲ ပရမတ္ထတရားလို့ ခေါ်ပါတယ်။ ပရမတ္ထတရားဆိုတာ အရှိလဲ ဟုတ်တယ်၊ အဖြစ်လဲ ဟုတ်တယ်။ နိဗ္ဗာန်က အရှိတရားဟုတ်သော်လည်း ဥပါဒ်, ဌီ, ဘင်မရှိတဲ့အတွက် အဖြစ်တရားတော့ မဟုတ်ပါ။

အတ္ထိပစ္စည်းမှာ ဟောတာက ပစ္စုပ္ပန် ဥပါဒ်, ဌီ, ဘင်အားဖြင့် ရှိတဲ့တရားကိုသာ အတ္ထိပစ္စည်းလို့ ဟောတာပါ။ နောက်ပြီး နိဗ္ဗာန်ကို ပစ္စုပ္ပန်လား, အတိတ်လား, အနာဂတ်လား ဘယ်လိုယူမလဲဆိုရင် နိဗ္ဗာန်က ကာလဝိမုတ်= ကာလသုံးပါးက လွတ်တဲ့တရားပါ။

## ပစ္စုပ္ပန် (၃)မျိုး

စိတ်, စေတသိက်, ရုပ်တွေဟာ ဥပါဒ်, ဌီ, ဘင်အားဖြင့် အရှိတရား။ ဒီအရှိတရားကတော့ တေဘူမကသင်္ခါရမို့ ဖြစ်လာရင် ပျက်ရမယ်ဆိုတဲ့ ဥပဒေကို ကျော်လွန်လို့ မရပါ။ ဒီလို စိတ္တက္ခဏအားဖြင့် ဖြစ်တာ ပျက်တာကို ဥပါဒ်, ဌီ, ဘင်ဆိုတဲ့ ခဏပစ္စုပ္ပန်လို့ ခေါ်ပါတယ်။ သန္တတိပစ္စုပ္ပန်ဆိုတာကတော့ မွေးတဲ့နေ့ကစပြီး သေတဲ့နေ့အထိ ဒီရုပ်ကြီးအစဉ်မပြတ်ဖြစ်နေပေမဲ့ အပူရုပ်စဉ် အအေးရုပ်စဉ် အပြောင်းအလဲ ဖြစ်နေတာဟာ သန္တတိပစ္စုပ္ပန်ပါ။ သမယပစ္စုပ္ပန်ဆိုတာကတော့ မနေ့ကနဲ့ ဒီနေ့ဆိုရင် မနေ့က အတိတ်, ဒီနေ့မှာ ပစ္စုပ္ပန်, နက်ဖြန်ခါ အနာဂတ်ဆိုတော့ ဒါက သမယပစ္စုပ္ပန်လို့ ခေါ်ပါတယ်။ ပစ္စုပ္ပန်ခေါ်နည်းကို အဘိဓမ္မာမှာ အဲဒီလို ရှင်းပြပါတယ်။

## သင်္ခတနဲ့အသင်္ခတ

ခဏပစ္စုပ္ပန်အားဖြင့် ဖြစ်ပေါ်လာတဲ့ တရားမှန်သမျှဟာ ပျက်ရမှာပါပဲ။ ရုပ်နာမ်တရားတွေဟာ ဥပါဒ်, ဌီ, ဘင်ရှိပါတယ်။ ဥပါဒ်, ဌီ, ဘင် ရှိလို့လဲ ဖြစ်ပြီးရင် ပျက်ရမှာပါ။ နိဗ္ဗာန်ကတော့ ဥပါဒ်, ဌီ, ဘင်မရှိတဲ့တရား ဖြစ်ပါတယ်။ အကယ်၍သာ ဥပါဒ်, ဌီ, ဘင်ရှိတဲ့ အဖြစ်တရားဆိုရင် နိဗ္ဗာန်ကလဲ ပျက်ရပါလိမ့်မယ်။ နိဗ္ဗာန်ကတော့ မအိုရာ, မနာရာ, မသေရာမို့ ဥပါဒ်, ဌီ, ဘင် မရှိပါ။ ဘယ်တော့မှလဲ မပျက်စီးပါ။

ပုဂ္ဂိုလ်သတ္တဝါတွေကို ထဲ့မကြည့်ဘဲ နိဗ္ဗာန်ကို ရှင်းပြရမယ်ဆိုရင် ဒီမှာဘက်ကမ်းနဲ့ ဟိုမှာဘက်ကမ်းဆိုပါစို့၊ ဒီမှာဘက်ကမ်းမှာ ရုပ်နာမ်တွေရဲ့ အရှိ

တရားက ဥပါဒ်, ဋ္ဌီ, ဘင် ဖြစ်ပြီး ပျက်လိုက်–ဖြစ်ပြီး ပျက်လိုက်ဆိုတဲ့ ဖြစ်ပျက်စဉ် သဘာဝမှုကြီးပါ၊ ဒီထက်ရှင်းအောင် ပြောရရင် ပုဂ္ဂိုလ်တွေ သတ္တဝါတွေ ဘုံတွေ ပညတ်တွေ ဖြုတ်လိုက်တော့ ဥပါဒ်, ဋ္ဌီ, ဘင်အားဖြင့် ဖြစ်ပြီး ပျက်သွားတယ်ဆိုတဲ့ ဖြစ်ပျက်စဉ် ရုပ်နာမ်သဘာဝမှုဖြစ်တဲ့ သင်္ခတ တရားက တစ်မျိုးပါ။

အသင်္ခတဆိုတဲ့ ဟိုဘက်ကမ်းမှာ နိဗ္ဗာန်ကတော့ ဥပါဒ်, ဋ္ဌီ, ဘင် မရှိပါ၊ တကယ်လို့ နိဗ္ဗာန်မှာ ဥပါဒ်, ဋ္ဌီ, ဘင်ရှိရင် နိဗ္ဗာန်က ပျက်ရမှာပါ၊ ဥပါဒ်, ဋ္ဌီ, ဘင် မရှိတော့ မပျက်ပါ၊ နိဗ္ဗာန်က မြဲပါတယ်။ နိဗ္ဗာန်မြဲတယ် ဆိုတာက ဒီဘက်ကမ်း သင်္ခတနယ်ကနေ ဟိုဘက်ကမ်း အသင်္ခတနယ်ကို ကူးသွားတာပါ။ အရိယာပုဂ္ဂိုလ်တွေ နိဗ္ဗာန်ရောက်ကြတယ်ဆိုတာက ဖြစ်ပျက်တဲ့ သဘာဝမှုကနေပြီး မဖြစ်မပျက်တဲ့ သဘာဝမှုသို့ ပြောင်းသွားတာကို နိဗ္ဗာန် ရောက်တယ်ဆိုတာပါပဲ။

အသင်္ခတဆိုတဲ့ နိဗ္ဗာန်ဟာ အတ္ထိပစ္စည်းမတပ်တာက ဥပါဒ်, ဋ္ဌီ, ဘင် မရှိလို့ပါ။ ဥပါဒ်, ဋ္ဌီ, ဘင်မရှိတဲ့ တရားမျိုးကို အတ္ထိပစ္စည်းထဲ ထဲ့ဟောလို့လဲ မရပါ။ ရုပ်နာမ် သင်္ခတတရားတွေက ဥပါဒ်, ဋ္ဌီ, ဘင် ဖြစ်ပေါ်လာရင် အတ္ထိပစ္စည်းလဲ ရ၊ ဥပါဒ်, ဋ္ဌီ, ဘင် ပျက်သွားရင် နတ္ထိပစ္စည်းလဲ ရပါတယ်။ အသင်္ခတ နိဗ္ဗာန်မှာ အရှိတရားဆိုတာက အတ္ထိပစ္စည်းမျိုးလို မဟုတ်ပါ။ နိဗ္ဗာန်က အသင်္ခတ ဖြစ်တော့ အမြဲတမ်းရှိတဲ့ တရားဖြစ်တဲ့အတွက် အတ္ထိပစ္စည်း မတပ်ပါ။

## နိဗ္ဗာန် အတ္ထိပစ္စည်းမတပ်တဲ့အကြောင်း

နိဗ္ဗာန် အတ္ထိပစ္စည်းတပ်သလားလို့ မေးရင် နိဗ္ဗာန်ဟာ ထင်ရှားရှိတဲ့ ပရမတ္ထတရားဖြစ်လို့ တပ်ပါတယ်လို့ ရုတ်တရက်တော့ ပြောမိမှာပါ။ သို့ပေမဲ့ အရှိတရားက ပရမတ္ထတရားထဲမှာ စိတ်, စေတသိက်, ရုပ်တွေ ရှိပုံနဲ့ နိဗ္ဗာန်ရှိပုံက မတူပါ။ ရှိတဲ့တရားချင်း တူပေမဲ့ ဒီသဘောကို ပြောရင် တော်တော်ရင့်ကျက်တဲ့

တရားထိုင်နေကျ ပုဂ္ဂိုလ်တွေကတော့ သိပါတယ်။ စိတ်, စေတသိက်, ရုပ်တရားတွေ ရှိနေတာက ဖြစ်ပြီး ပျက်သွားလိုက်–ဖြစ်ပြီး ပျက်သွားလိုက်နဲ့ အဖြစ်တရားရဲ့ အရှိမျိုးနဲ့ ရှိနေတာပါ။ နိဗ္ဗာန်က အဲဒီလို ရှိနေတဲ့ သဘောမျိုးမဟုတ်ပါ။

တချို့ကတော့ နိဗ္ဗာန်ကို နာမ်တရားနဲ့ နှိုင်းပြီး ဥပမာပေးကြပါတယ်။ လူတွေမှာ ဝေဒနာစေတသိက် ခံစားမှုရှိပါတယ်။ သညာ မှတ်သားမှု နာမ်တရားလဲ ရှိပါတယ်။ စေတနာဆိုတဲ့ နာမ်တရားလဲ ရှိပါတယ်။ လောဘ ဆိုတာကလဲ နာမ်တရား အရှိတရားပါပဲ။ ဒီလို ဝေဒနာဖြစ်ပေါ်တာသိ၊ လောဘ ဖြစ်လာတာသိ၊ ဒါလေးတွေကို သိနေမယ်ဆိုရင် ဒီတရားတွေရှိတာ ကိုယ်တိုင်ပဲ သိနေကြပါတယ်၊ သို့ပေမဲ့ ဒီတရားတွေက ဖြစ်ပြီး ပျက်သွားတာပါ။

တရားတွေ ရှိသမျှ အကုန်လုံး ခြုံပြီးကြည့်ရင် အကုန်လုံး သဘာဝမမှုပါပဲ၊ သဘောတရားချင်း တူပေမဲ့ နိဗ္ဗာန်က နာမ်တရားများလို ရှိနေတဲ့ အရှိတရားမျိုး မဟုတ်ပါ၊ အမြဲတမ်း ရှိနေတဲ့တရား ဖြစ်ပါတယ်၊ နိဗ္ဗာန်ဟာ ဖြစ်လာတဲ့တရားလဲ မဟုတ်၊ ဖြစ်လာတဲ့တရားဆိုရင် ပျက်သွားတာ ရှိတယ်။ ဘယ်ကမ္ဘာကစပြီး နိဗ္ဗာန်ဖြစ်နေတယ်၊ ဘယ်ကမ္ဘာကျရင် နိဗ္ဗာန်ပျက်သွားမယ်ဆိုတဲ့ ဒီလိုသဘောတရားမျိုးလဲ မဟုတ်ပါ၊ အသင်္ခတဓာတ်ဆိုတဲ့ နိဗ္ဗာန်ဓာတ်သဘောက အမြဲတမ်း ရှိနေပါတယ်။ အမြဲတမ်းရှိနေလို့လဲ မအိုရာ, မနာရာ, မသေရာလို့ မြတ်စွာဘုရားက ဟောပါတယ်။ ဒါက နိဗ္ဗာန်အတ္ထိပစ္စည်း မတပ်တဲ့ အကြောင်းပါ။

## အတ္ထိပစ္စည်းနဲ့ ဥစ္ဆေဒဒိဋ္ဌိ

အယူဝါဒနဲ့ပတ်သက်ပြီး အတ္ထိပစ္စည်းကို ဘယ်ပုဂ္ဂိုလ်တွေအတွက် ဟောတာလဲဆိုတော့ ဥစ္ဆေဒဒိဋ္ဌိယူတဲ့သူတွေအတွက်ပါ။ ဒီလူတွေက "မရှိဘူး" လို့ ပြောတဲ့လူတွေပါ၊ လူသေပြီးရင် နောက်ထပ် ရုပ်နာမ်မဖြစ်တော့ဘဲနဲ့ ပြတ်သွားတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေပါ။ သူတို့က အတ္ထိရှိနေတယ်ဆိုတဲ့ အဓိပ္ပါယ်ကို

နားမလည်လို့ ဥစ္ဆေဒဒိဋ္ဌိဖြစ်ပါတယ်။ အနန္တရပစ္စည်းမှာ စုတိစိတ်ပြီးရင် ပဋိသန္ဓေစိတ်ဖြစ်လာပါတယ်၊ စုတိစိတ်မှာ အနန္တရသတ္တိရှိလို့ စုတိစိတ်ပျက်သွားပေမဲ့ အနန္တရက နောက်က နာမ်တရားတွေ ဖြစ်ပေါ်ဖို့ကို ကျေးဇူးပြုခဲ့တော့ စုတိပြီး ပဋိသန္ဓေက မဖြစ်ဘဲ နေလို့ မရ၊ စိတ္တနိယာမ သဘာဝနိယာမဆိုတဲ့ နိယာမအတိုင်း စုတိပြီး ပဋိသန္ဓေက ဖြစ်ကိုဖြစ်ရမှာပါ။ ဒါက အနန္တရသတ္တိပါ။

စုတိပြီး ပဋိသန္ဓေဖြစ်တာကို သူတို့က မမြင်တဲ့ မသိတဲ့အတွက် လူဟာသေပြီးရင် ပြတ်သွားတာပဲ၊ ရုပ်နာမ်ဖြစ်တာဟာ တစ်ဘဝထဲပဲလို့ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်နေကြတယ်။ ဒါကြောင့် ရုပ်နာမ်တရားကို အတ္ထိပစ္စည်းနဲ့ ဟောတာက ဥစ္ဆေဒဒိဋ္ဌိသမားတွေအတွက် ဟောတာပါ။ ပရမတ္ထတရားတွေဟာ ဥပါဒ်၊ ဌီ၊ ဘင်နဲ့ ထင်ရှားဖြစ်ပေါ်ပြီး အရှိအားဖြင့် ကျေးဇူးပြုနေတယ်လို့ ဒီလို အတ္ထိပစ္စည်းကို နားလည်သွားရင် ဥစ္ဆေဒဒိဋ္ဌိသမားတွေ အယူပြောင်းသွားနိုင်ပါတယ်။

## နတ္ထိပစ္စည်းနဲ့ သဿတဒိဋ္ဌိ

နတ္ထိကို ဟောရတာက "အတ္ထိပစ္စယော" သာဟောရင် ရုပ်တရား နာမ်တရားဟာ အမြဲရှိတယ်၊ ပျက်ကို မပျက်ဘူးလို့ ရှိတာတစ်ခုထဲဟောရင် သဿတဒိဋ္ဌိ ဖြစ်သွားမယ်။ ရှိတာလဲ ဟုတ်တယ်၊ ရှိပြီးတော့လဲ ပျက်သွားတာပဲဆိုတာက နတ္ထိပစ္စယောပါ။ ဒီလို နတ္ထိပစ္စယော ဟောလိုက်ပြန်တော့ သဿတဒိဋ္ဌိသမား တွေရဲ့ "ဒို့အယူဝါဒက မှန်တယ်၊ မြတ်စွာဘုရားက အတ္ထိပစ္စယော ဟောတာပဲ၊ ရုပ်တရား နာမ်တရားဟာ အရှိတရားပဲ၊ ဘယ်တော့မှ ပျောက်မှာ မဟုတ်ဘူး" ဆိုတဲ့ ယူဆချက်ဟာ တခါထဲ လွင့်ပျောက်သွားပါတယ်။

"ဥဘော အန္တေ အနုပဂ္ဂမ္မ" ဆိုတဲ့ ဓမ္မစကြာမှာပါတဲ့ အစွန်းနှစ်ဘက်က လွတ်အောင် မြတ်စွာဘုရားက "အတ္ထိပစ္စယော၊ နတ္ထိပစ္စယော" လို့ ဟောပါတယ်။ နိဗ္ဗာန်မပါဘဲ စိတ်၊ စေတသိက်၊ ရုပ်ဟာ အတ္ထိပစ္စယောဆိုတော့ ပရမတ္ထတရား ရုပ်နဲ့နာမ်ဟာ ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် အမြဲဖြစ်နေတာပဲ၊

အဖြစ်တရားဆိုတာက "စုတိပြီး ပဋိသန္ဓေ၊ စုတိပြီး ပဋိသန္ဓေ" လို့ ဒီလို အမြဲတမ်း အဖြစ်တရား ဖြစ်နေတာကို မြင်တော့ ဥစ္ဆေဒဒိဋ္ဌိလွင့်ပျောက် သွားပါတယ်။

သဿတဒိဋ္ဌိသမားတွေကတော့ ဘုရားမပွင့်ခင်ကလဲ ရှိကြပါတယ်၊ သူတို့က ဈာန်အဘိညာဉ်ရတဲ့ တိတ္ထိကြီးတွေဖြစ်လို့ သူတို့ကိုယ်သူတို့ ဘုရားလို့ပဲ ကြွေးကြော်ပြီး နေကြသူတွေပါ။ သူတို့က "ဝိညာဉ်က မြဲနေတယ်" လို့ ယူဆပြီး ဝိညာဉ်ရဲ့ အဖြစ်အပျက်ကို မမြင်၊ ဝိညာဉ်ရဲ့ ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်ကို မမြင်၊ သတ္တဝါတွေ ဘဝပြောင်းသွားတာကိုတော့ မြင်ပါတယ်။ ဒိဗ္ဗစက္ခု အဘိညာဉ်နဲ့ကြည့်ရင် ဘယ်သူဖြင့် နတ်ပြည်ရောက်သွားပြီ၊ ဘယ်သူဖြင့် ငရဲပြည်မှာလို့ ပုဂ္ဂိုလ်သတ္တဝါကို မြင်တဲ့အတွက် ပုဂ္ဂိုလ်သတ္တဝါဟာ မြဲတယ်၊ တစ်ဘဝပြီးတစ်ဘဝ ပြောင်းနေတာပဲလို့ သဿတဒိဋ္ဌိယူတဲ့ သူတွေပါ။ မြတ်စွာဘုရားရဲ့ ဝိပဿနာတရားကို ကျင့်နိုင်တဲ့အခါကျမှသာ "အတ္ထိပစ္စယော၊ နတ္ထိပစ္စယော" ကို သဘောပေါက်ပြီး၊ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌိ (၂) ခုက လွတ်မှာပါ၊ ဒါက အတ္ထိပစ္စည်း နတ္ထိပစ္စည်း တစ်တွဲပါ။ ဒီလောက်နဲ့ပဲ နတ္ထိပစ္စည်းကို နိဂုံးချုပ်ကြပါစို့။

# ၂၃။ ဝိဂတပစ္စည်း

## ဝိဂတပစ္စည်း

### ဝိဂတပစ္စည်းနဲ့ နတ္ထိပစ္စည်းသဘော

ဝိဂတကို "ကင်းတယ်"၊ နတ္ထိကိုတော့ "မရှိ"လို့ပဲ အဓိပ္ပါယ်ပြန်ပါတယ်။ "သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော" မှာ သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ=အခြားမဲ့ တဆက်ထဲဖြစ်၍ ကင်းပြီးကုန်သော စိတ်စေတသိက်ဖြစ်တဲ့ နာမ်တရားတို့သည်။ ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ=မိမိတို့ နောက်၌ တဆက်ထဲ ဖြစ်ကုန်သော စိတ်စေတသိက်တို့အား။ ဝိဂတပစ္စယေန ပစ္စယော= ဝိဂတပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်။ နတ္ထိကတော့ မရှိတဲ့အနေနဲ့ ကျေးဇူးပြုပါတယ်၊ ဝိဂတက ကင်းတဲ့အနေနဲ့ ကျေးဇူးပြုတယ်လို့ ဝိဂတအဓိပ္ပါယ်က ဒီလောက်ပဲ ရပါတယ်။

ကင်းတာနဲ့ မရှိတာမှာ ကျေးဇူးပြုပုံချင်းအတူတူဖြစ်လို့ ဘာကြောင့် ဝိဂတပစ္စည်းကို ထပ်ဟောရပါသလဲ။ အဋ္ဌကထာ ဋီကာဆရာတွေကတော့ တော်တော်ရှင်းထားပါတယ်။ သို့ပေမဲ့ ဥပမာနဲ့ပြောမှ သဘောပေါက်မှာပါ၊ စက္ခုဝိညာဉ်က သမ္ပဋိစ္ဆိုင်းကို ကျေးဇူးပြုရာမှာ စက္ခုဝိညာဉ်က ဥပါဒ်၊ ဌီ၊ ဘင်အနေနဲ့ ပျက်သွားပြီးမှ သူက မရှိတဲ့အနေနဲ့ ကျေးဇူးပြုတာပါ။ သူမရှိတော့လို့ နောက်က သမ္ပဋိစ္ဆိုင်းဖြစ်ခွင့်ရတာပါ၊ သူမရှိလို့ သမ္ပဋိစ္ဆိုင်းဖြစ်ခွင့်ရတာက နတ္ထိက ကျေးဇူးပြုတာပါ။ ဝိဂတကတော့ မရှိရုံမက သတ္တိအားဖြင့်လဲ ကင်းတာပါ။ စက္ခုဝိညာဉ်စိတ်က မရှိတော့ပေမဲ့ သူ့ရဲ့သဘောတရား သူ့ရဲ့ သတ္တိက မကင်းသေးရင် သမ္ပဋိစ္ဆိုင်းက မဖြစ်နိုင်ပါ။ သူက "ကင်းပါပြီ၊ ရှင်းပါပြီ၊ ငါ့

သဘောတရား ဘာမှ မရှိတော့ပါဘူးလို့ "ကြေငြာပြီးမှ သမ္မုဋ္ဌိဆိုင်းက ဖြစ်ခွင့် ရတာပါ။

နတ္ထိနဲ့ ဝိဂတကို ဥပမာထပ်ပေးရမယ်ဆိုရင်တော့ နဲနဲ ကြမ်းပါတယ်။ မိန်းမနဲ့ ယောကျ်ားဟာ အိမ်ထောင်ကွဲသွားကြတယ်၊ ကွဲတော့ ယောကျ်ား မရှိတော့လို့ နတ္ထိပစ္စည်းမှန်ပါတယ်၊ သို့ပေမဲ့ ဒီမိန်းမကို သူ့ယောကျ်ားက "ကင်းပါပြီ"လို့ ပြတ်စာမပေးသေးရင် ဒီမိန်းမက နောက်ထပ် အိမ်ထောင်ပြု လို့ မရပါ။ နတ္ထိပစ္စည်းကတော့ ဟုတ်နေပါပြီ၊ ပြတ်စာမပေးသေးရင် ဝိဂတ ပစ္စည်း မဖြစ်သေးပါ၊ အဲဒီ သဘောပါပဲ။

နတ္ထိပစ္စည်းဆိုတာက "အဘာဝမတ္တေန"သူက မရှိရုံပဲ ကျေးဇူးပြုလိုက်တာ ပါ။ ဝိဂတမှာတော့ မရှိတော့ပေမဲ့ သူ့သဘောတရား တကယ်မကင်းသေးရင် ဖြစ်ခွင့်မရပါ။ ကင်းပါပြီ၊ ရှင်းပါပြီလို့ဆိုမှ ကျေးဇူးပြုတာကတော့ ဝိဂတပစ္စည်း ပါပဲ။ ဒီနေရာမှာ ဆိုလိုရင်းက မရှိရုံမက သူ့ရဲ့သဘောသဘာဝ သတ္တိကလဲ ရှင်းသွားပါပြီ၊ ဒီလို ကင်းမှုရှင်းမှုလဲ နောက်တရားတစ်ခု ဖြစ်လို့ ရပါမယ်။ ပရမတ္ထတရားတွေဟာ ပျက်သွားပေမဲ့ သူတို့ရဲ့ သတ္တိကတော့ ကျန်နေသေးတယ် ဆိုတဲ့ သဿတဒိဋ္ဌိသမားတွေအတွက် နတ္ထိပစ္စည်းကို ဟောပြီးပေမဲ့ ဝိဂတ ပစ္စည်းကို ထပ်ပြီး ဟောရပြန်ပါတယ်။

## အဝိဂတပစ္စည်းနဲ့ အတ္ထိပစ္စည်းသဘော

နတ္ထိပစ္စည်းနဲ့ ဝိဂတပစ္စည်းနှစ်ခုက တစ်စုံပါ၊ အတ္ထိပစ္စည်းနဲ့ အဝိဂတ ပစ္စည်းက တစ်စုံပါ။ အဝိဂတက မကင်းတာ၊ အတ္ထိက ရှိတာပါ၊ ကျေးဇူးပြု ပုံကို ပါဠိတော်မှာ ကြည့်ရင် အတ္ထိပစ္စည်းမှာ ဟောပုံနဲ့ အဝိဂတမှာဟောပုံက ပစ္စယနိဒ္ဒေသနဲ့ ပဥှာဝါရမှာ အတူတူပါပဲ။ အတ္ထိပစ္စည်းရရင် အဝိဂတပစ္စည်း ရပါတယ်။ နတ္ထိပစ္စည်းရရင် ဝိဂတပစ္စည်းလဲ ရပါတယ်။ ပစ္စည်းမျိုးကို ပြောရင် အနန္တရ, သမနန္တရ, ဥပနိဿယ, အာသေဝန, နတ္ထိ, ဝိဂတဆိုတော့ နတ္ထိပါရင်

ဝိဂတက ပါပါတယ်၊ သဟဇာတမျိုးကို ကြည့်ရင်လဲ အတ္ထိပါရင် အဝိဂတပါ ပါတယ်။

အတ္ထိ ရှိတယ်ဆိုတာက ဥပါဒ်၊ ဌီ၊ ဘင် ထင်ရှားရှိပြီး ကျေးဇူးပြုတာပါ။ အဝိဂတဆိုတာက ထင်ရှားရှိပြီးတော့ သူ့သဘောသတ္တိက ကင်းနေရင် ကျေးဇူး ပြုသလား မပြုဘူးလား။

ဥပမာပေးရမယ်ဆိုရင် လင်နဲ့မယား ဥပမာမှာတော့ ထင်ရှားပါတယ်။ လင်နဲ့မယားဟာ တစ်အိမ်ထဲမှာပဲ အတူတူ နေကြတော့ ယောကျ်ားက ထင်ရှား ရှိနေပေမဲ့ ကင်းတယ် မကင်းဘူးဆိုတာက ပြဿနာရှိနေတယ်။ ယောကျ်ားက အတ္ထိပစ္စည်းနဲ့ ရှိနေတာပါ။ သို့ပေမဲ့ ပိပ္ပလိတို့ မယ်ဘဒ္ဒါတို့လို ကင်းနေတာကလဲ ရှိပါသေးတယ်။ ဒီဥပမာမှာ ယောကျ်ားထင်ရှားရှိနေတာက အတ္ထိပစ္စည်းနဲ့ ကျေးဇူး ပြုတာပါ၊ လင်နဲ့ မယား သဘောတရားချင်းကတော့ ကင်းနေပါတယ်။

အဲဒီ ဥပမာလို သဘောတရား ကင်းနေသလားဆိုရင် ဥပါဒ်၊ ဌီ၊ ဘင်နဲ့ ထင်ရှားရှိနေတာလဲ ဟုတ်ပါတယ်။ သဘောတရားအားဖြင့်လဲ မကင်းပါ၊ အဲဒီလို ကျေးဇူးပြုတာကမှ အတ္ထိနဲ့အဝိဂတပစ္စည်းခေါ်ပါတယ်။ အတ္ထိနဲ့နတ္ထိက တစ်စုံ၊ ဝိဂတနဲ့ အဝိဂတက တစ်စုံ။ မြတ်စွာဘုရားက ဒီလို နှစ်ခု နှစ်ခု ထပ် ဟောကြားခဲ့ရတာက အင်မတန် နက်နဲတဲ့ သဘောတရားတွေဖြစ်တော့ အဘိဓမ္မာ အယူအဆတွေ ရောထွေးမသွားရအောင် အယူလွဲမှားမသွားရအောင် အတ္ထိနဲ့ အဝိဂတကို ထပ်ဆင့်ပြီး အထူးဟောခဲ့ရပါတယ်။

ဝေနေယျဇ္ဈာသယ

ရှေးဆရာကြီးများရဲ့ ဆုံးဖြတ်ချက်တစ်ခု ရှိပါသေးတယ်။ နတ္ထိနဲ့ ဝိဂတ ဟာလဲ အတူတူပါပဲ၊ အတ္ထိနဲ့ အဝိဂတကလဲ အတူတူပါပဲလို့ ဆိုပါတယ်။ ဒီလို တူရဲ့သားနဲ့ ထပ်ပြီး ဟောရတာက ဝေနေယျဇ္ဈာသယကို လိုက်ပြီး ဟောတာဖြစ်ပါတယ်၊ တရားနာတဲ့ နတ်ပရိသတ်၊ ဗြဟ္မာပရိသတ်တွေကို

ဟောနေတဲ့အခါ အတ္တိကို ဟောတော့ သဘောမပေါက်ဘဲ ကျန်နေတဲ့ နတ်တွေ ဗြဟ္မာတွေအတွက် အဝိဂတကို ထပ်ပြီး ဟောရပါတယ်။ နတ္ထိပစ္စည်းဟောတဲ့ အချိန်မှာလဲ သဘောမပေါက်ဘဲ ကျန်နေသေးတဲ့ ပုဂ္ဂိုလ်များအတွက် ဝိဂတ ပစ္စည်းကို ထပ်ပြီး ဟောရပါတယ်လို့ ဆိုပါတယ်။ ဓမ္မသင်္ဂဏီမှာလဲ အာသဝ, ဩဃ, ယောဂဆိုတာတွေက တရားကိုယ်မှာ အတူတူဖြစ်ပေမဲ့ ဩဃနဲ့ နားလည်မယ့်ပုဂ္ဂိုလ်ကို ဩဃကို ဟောရပါတယ်၊ ယောဂနဲ့ နားလည် မယ့် ပုဂ္ဂိုလ်ကို ယောဂကို ဟောရပါတယ်၊ ဒီလို အဘိဓမ္မာမှာ ထပ်ထပ်ပြီး ဟောရင် ဝေနေယျဗွာသယလို့ ဖြေရိုးဖြေစဉ်ရှိပါတယ်။ ဝိဂတပစ္စည်းကိုတော့ ဒီလောက်နဲ့ပဲ နိဂုံးချုပ်ကြပါစို့။

# ၂၄။ အဝိဂတပစ္စည်း

## အဝိဂတပစ္စည်း

(၂၄)ပစ္စည်းမှာ အဝိဂတပစ္စည်းက နောက်ဆုံးပစ္စည်းပါပဲ။ အဝိဂတနဲ့ အတ္ထိပစ္စည်းက ပါဠိမှာ အားလုံး အတူတူပါ။ "စတ္တာရော ခန္ဓာ"က စပြီး "မဟာဘူတာ ဥပါဒါရူပါနံ အဝိဂတပစ္စယေန ပစ္စယော"အထိ ပါဠိက သဟဇာတအဝိဂတပါ။ "စက္ခာယတနံ သောတာယတနံ ဃာနာယတနံ ဇိဝှါယတနံ ကာယာယတနံ"ဆိုတဲ့ ငါးခုက ဝတ္ထုပုရေဇာတအဝိဂတပါ။ ရူပါယတနံ ကစပြီး အဆုံးအထိက အာရမ္မဏပုရေဇာတအဝိဂတဖြစ်ပါတယ်။

ပဋ္ဌာဝါရမှာ အတ္ထိငါးမျိုးရှိသလို အဝိဂတမှာလဲ သဟဇာတအဝိဂတ, ပုရေဇာတအဝိဂတ, ပစ္ဆာဇာတအဝိဂတ, ရုပ်အာဟာရအဝိဂတ, ရုပ်ဇီဝိတိန္ဒြိယ အဝိဂတလို့ ငါးမျိုး ရှိပါတယ်။ ငါးမျိုးချင်း အတူတူရှိပေမဲ့ အတ္ထိမှာလဲ သဟဇာတတ္ထိ, ပုရေဇာတတ္ထိ (၂)မျိုးနဲ့ အဝိဂတမှာလဲ သဟဇာတအဝိဂတနဲ့ ပုရေဇာတအဝိဂတ ဒီ(၂)မျိုးပဲ ပစ္စယနိဒ္ဒေသမှာ ဟောပါတယ်။ ပဋ္ဌာဝါရမှာတော့ ငါးမျိုးလုံးဟောပါတယ်။ အဓိပ္ပါယ်ကတော့ နောက်ကပစ္စည်းတွေအတိုင်း အတူတူပါပဲ။ အဆုံးမှာ အတ္ထိပစ္စယောနဲ့ နတ္ထိပစ္စယော, ဝိဂတပစ္စယောနဲ့ အဝိဂတပစ္စယောဆိုတဲ့ လေးပစ္စည်းက (၂၄)ပစ္စည်းလုံးကို အုပ်ပြီး ဟောလိုက်တာပါ။

## သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိပျောက်အောင်

ဝိဂတပစ္စည်း ဟောတာကတော့ တရားနာတဲ့ နတ်ဗြဟ္မာတွေမှာ သဿတ ဒိဋ္ဌိအယူဝါဒ ရှိတာများပါတယ်။ သူတို့က ဒိဗ္ဗစက္ခုအဘိညာဉ်ရတော့ သတ္တဝါဟာ

တစ်ဘဝနဲ့ တစ်ဘဝ တစ်ဘုံနဲ့ တစ်ဘုံ ပြောင်းသွားတာကို သိပါတယ်၊ ရုပ်နာမ်ရဲ့ အဖြစ်အပျက်ကိုတော့ မသိပါ။ မြတ်စွာဘုရားက ဝိဂတပစ္စည်းကို ဟောလိုက်တဲ့အခါမှာ "ရုပ်တရားနဲ့ နာမ်တရားဟာ သူ့ဘာသာ သူ ဖြစ်ပြီး ပျက်သွားတယ်၊ ပျက်သွားတဲ့ တရားက ဝိဂတပစ္စည်းနဲ့ ကျေးဇူးပြုလို့ နောက်ထပ် အသစ်အသစ် ရုပ်နာမ်တွေ ဖြစ်လာတာပါလား"လို့ သိသွားတော့ သဿတဒိဋ္ဌိ ပျောက်သွားပါတယ်။ တခါ အဝိဂတပစ္စည်းကို ဟောပြန်တော့လဲ ဥစ္ဆေဒဒိဋ္ဌိ ယူထားတဲ့ ပုဂ္ဂိုလ်တွေမှာ တစ်ဘဝနဲ့ပဲ ပြီးသွားတယ်၊ လူဟာ သေပြီး သင်္ချိုင်း ကုန်းမှာ ဆုံးတယ်လို့ ဒီလိုအယူရှိတဲ့ ပုဂ္ဂိုလ်တွေမှာ 'အဝိဂတပစ္စယော'လို့ ဆိုလိုက်တော့ ရုပ်နာမ်တွေဟာ ပျက်သွားတာပဲ၊ ပျက်သွားတဲ့ ရုပ်နာမ်နဲ့ နောက် အသစ်ဖြစ်တဲ့ ရုပ်နာမ်က မကင်းဘူး၊ အဝိဂတပစ္စည်းနဲ့ မကင်းတဲ့အနေနဲ့ ကျေးဇူးပြုလို့ နောက်ထပ် ရုပ်နာမ် အသစ်ဖြစ်တာပဲလို့ ဒီလိုသိသွားပြီး ဥစ္ဆေဒဒိဋ္ဌိ ပြုတ်သွားပါတယ်။

ဒါကြောင့် အတ္ထိပစ္စယော နတ္ထိပစ္စယောနဲ့ ဟောမှ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒ ဒိဋ္ဌိပျောက်မယ့် သူများအတွက် မြတ်စွာဘုရားက အတ္ထိပစ္စယော နတ္ထိပစ္စယော လို့ ဟောပါတယ်။ တချို့ နတ်တွေ ဗြဟ္မာတွေကျတော့လဲ ဝိဂတပစ္စယော အဝိဂတပစ္စယောလို့ ဟောမှ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ပျောက်ပါတယ်။ ဒီ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ (၂)ခုလုံး ကွာသွားတာကို ဗုဒ္ဓဘာသာမှာ မဇ္ဈိမ ပဋိပဒါလမ်းစဉ်လို့ ခေါ်ပါတယ်၊ ဒီ ဝါဒ(၂)ခု ပျောက်အောင်ပဲ အတ္ထိ၊ နတ္ထိနဲ့ ဝိဂတ၊ အဝိဂတကို (၂၄)ပစ္စည်းမှာ ငုံပြီး ဟောကြားသွားပါတယ်။ ဒီနေရာမှာ ပဋ္ဌာန်း(၂၄)ပစ္စည်း ကုန်သွားပါပြီ။

# အခန်း (၂)

## ပဋ္ဌာန်းဝိပဿနာ

ပဋ္ဌာန်း (၂၄)ပစ္စည်းမှာ အကြောင်းအကျိုး ဝိပဿနာနဲ့ ဆင်ခြင်ပုံက ပစ္စည်းတစ်ခုနဲ့ တစ်ခု ဆင်ခြင်ပုံချင်း မတူပါ၊ ပစ္စည်းတစ်ခုမှာ ဝိပဿနာရှုနည်း တစ်မျိုးလို့ပဲ ဆိုနိုင်ပါတယ်။ ဒါကြောင့် သူ့အချိန်နဲ့သူ ကြိုက်သလို ဆင်ခြင်လို့ရပါတယ်။

## ၁။ ဟေတုပစ္စည်းနဲ့ ဝိပဿနာ ရှုနည်း

လောကမှာ ရှိရှိသမျှ လူ နတ် ဗြဟ္မာ သတ္တဝါတွေဟာ အဘိဓမ္မာစကားနဲ့ ပြောရရင် နာမ်နဲ့ရုပ်လို့ပဲ ပြောရပါမယ်။ ဒီနာမ်ရုပ်တွေနဲ့ပဲ အားလုံး လှုပ်ရှားနေကြပါတယ်။ နာမ်နဲ့ရုပ်က ဘာကြောင့် ဖြစ်တာလဲဆိုတာကို ဟေတုပစ္စည်းနဲ့ ဝိပဿနာရှုရင် နာမ်ရုပ်တွေရဲ့ လှုပ်ရှားမှုဟာ လောဘကြောင့်လဲ လှုပ်ရှားတယ်၊ ဒေါသကြောင့်လဲ လှုပ်ရှားတယ်၊ ဒါက မကောင်းတဲ့ဘက်က လှုပ်ရှားမှုပါပဲ။ အခု လူတွေလှုပ်ရှားနေကြတာ တစ်နိုင်ငံလုံး တစ်ကမ္ဘာလုံး လှုပ်လှုပ် လှုပ်လှုပ်နဲ့ ဖြစ်နေကြတာဟာ လောဘကြောင့် ဒေါသကြောင့် မောဟကြောင့် နာမ်ရုပ်တွေ လှုပ်ရှားနေကြတာပဲ ဖြစ်ပါတယ်။ တချို့နာမ်ရုပ်က အလောဘကြောင့် ဖြစ်နေတယ်၊ တချို့ နာမ်ရုပ်က အဒေါသကြောင့် ဖြစ်နေတယ်၊ တချို့နာမ်ရုပ် ကျတော့လဲ အမောဟကြောင့် ဖြစ်နေကြတယ်။

အခု လောဘကြောင့်ဖြစ်တဲ့ နာမ်ရုပ် ဖြစ်ချင်ဖြစ်မယ်၊ အခု အလောဘကြောင့် ဖြစ်တဲ့ နာမ်ရုပ် ဖြစ်ချင်ဖြစ်မယ်၊ ဥပမာ– အဘိဓမ္မာသင်တန်းတက်တယ် ဆိုပါတော့၊ အဘိဓမ္မာသင်တန်း မလာခင် ဘာရဖို့ ညာရဖို့ လုပ်နေတဲ့အခါမှာ ကားနဲ့ လူပ်ရှားနေကြတော့ ကားမောင်းတဲ့ နာမ်ရုပ်ကလဲ လောဘကြောင့် မောင်းသွားနေတာပါ။ အဲဒီလို လောဘကြောင့် ဖြစ်ပေမဲ့ သင်တန်းသွားမယ် ဆိုပြီး လောဘကို ဖြတ်လိုက်တဲ့အခါ သင်တန်းရောက်လာတဲ့ နာမ်ရုပ်က အလောဘကြောင့် ဖြစ်ပါတယ်။

ဒါကြောင့် "ဟေတူ ဟေတုသမ္ပယုတ္တကာနံ" လို့ ဘုရားဟောတာမှာ မြန်မာလို ရှင်းအောင် ပြောရမယ်ဆိုရင်–လောဘကြောင့် လောဘနဲ့ယှဉ်တဲ့ နာမ်ခန္ဓာတွေ၊ လောဘရုပ်ခန္ဓာတွေ ဖြစ်ပေါ်လာတယ်။ ဒေါသကြောင့် ဒေါသနဲ့ ယှဉ်တဲ့ နာမ်ခန္ဓာတွေ၊ ဒေါသ ရုပ်ခန္ဓာတွေ ဖြစ်ပေါ်လာတယ်။ မောဟကြောင့် မောဟနဲ့ ယှဉ်တဲ့ နာမ်ခန္ဓာတွေ၊ မောဟရုပ်ခန္ဓာတွေ ဖြစ်ပေါ်လာတယ်။ အလောဘကြောင့် အလောဘနဲ့ယှဉ်တဲ့ နာမ်ခန္ဓာတွေ၊ အလောဘရုပ်ခန္ဓာတွေ ဖြစ်ပေါ်လာတယ်။ အဒေါသကြောင့် အဒေါသနဲ့ယှဉ်တဲ့ နာမ်ခန္ဓာတွေ၊ အဒေါသရုပ်ခန္ဓာတွေ ဖြစ်ပေါ်လာတယ်။ အမောဟကြောင့် အမောဟနဲ့ ယှဉ်တဲ့ နာမ်ခန္ဓာတွေ အမောဟရုပ်ခန္ဓာတွေ ဖြစ်ပေါ်လာတယ်။

လူတွေရဲ့ရုပ်ကို ကြည့်မယ်ဆိုရင်လဲ ဒီခန္ဓာဟာ တစ်ချိန်တစ်ခါမှာ လောဘရုပ်နာမ်၊ တစ်ချိန်တစ်ခါမှာ ဒေါသရုပ်နာမ် ဖြစ်နေတယ်။ အခု ဒီပဋ္ဌာန်းကို လေ့လာနေတဲ့အချိန်မှာ အလောဘရုပ်နာမ် ဖြစ်နေတယ်၊ အဒေါသရုပ်နာမ် ဖြစ်နေတယ်၊ အမောဟရုပ်နာမ် ဖြစ်နေတယ်။

## ဝိပဿနာရှုပုံ

ဒီလိုသိတဲ့အခါကျတော့ ရုပ်နာမ်မမြဲတာကို ဝိပဿနာရှုလို့ ရပါတယ်။ ဟေတုပစ္စယောနဲ့ ရှုရင် လောဘရုပ် ချုပ်သွားပြီ၊ လောဘရုပ်ချုပ်ရင် အလောဘ

ရုပ်ဖြစ်နေတာပဲ၊ သားနဲ့ မယားနဲ့ စိတ်ဆိုးပြီး တော်တော်ကြာရင် ဘုရားရှိခိုး
တော့ မေတ္တာပို့နေပါတယ်၊ အခုန သားမယားနဲ့ စိတ်ဆိုးတုန်းက ဒေါသရုပ်
နာမ်ပါ၊ အခု ဘုရားရှိခိုးပြီး မေတ္တာပို့တဲ့အခါမှာ အဒေါသရုပ်နာမ် ဖြစ်ပါတယ်၊
ခုပဲ မောဟရုပ်နာမ်ဖြစ်ပြီး၊ ပညာနဲ့ ယှဉ်ပြီး တစ်ခုခု လုပ်လိုက်တဲ့အခါမှာတော့
အမောဟရုပ်နာမ် ဖြစ်သွားပါတယ်။

ဟေတုပစ္စည်းနဲ့ ကိုယ့်ခန္ဓာကို ပြန်ကြည့်ရင် "ငါ"ဆိုတာ မတွေ့ရပါ။
လောဘကြောင့် ရုပ်နာမ်ဖြစ်၊ ဒေါသကြောင့် ရုပ်နာမ်ဖြစ်၊ ဟိတ် (၆)ပါး
ကြောင့် ရုပ်နာမ်ဖြစ်တာပဲဆိုတဲ့ မမြဲတာတွေကို အနိစ္စထင်မြင်လာပါတယ်။
အဲဒီလို အနိစ္စထင်မြင်ဖို့က ပထမ အရေးကြီးတာပါ။ ရုပ်နာမ်အတုံးအခဲကြီး
ထင်နေလို့သာ ဝိပဿနာတရား မရတာပါ။ "ဒီရုပ်နာမ်ဟာ လောဘရုပ်နာမ်၊
ဒေါသရုပ်နာမ်၊ မောဟရုပ်နာမ်၊ အလောဘရုပ်နာမ်၊ အဒေါသရုပ်နာမ်၊ အမောဟ
ရုပ်နာမ်၊ တစ်ရုပ်နှင့်တစ်ရုပ် မတူပါလား"လို့ မြင်လာတဲ့အခါကျတော့ "ဒီရုပ်နာမ်
ဟာ မမြဲပါလား"လို့ ဆိုတဲ့ အနိစ္စသဘောတရား ထင်လာပါတယ်။

မမြဲတဲ့ ရုပ်နာမ်ကို ပြုစုလုပ်ကျွေးပြီးတော့ သူ့ကို အရေးပေးနေရတာဟာ
ဘယ်လောက် ဒုက္ခများသလဲ၊ ဒါလောက် မမြဲတဲ့ရုပ်နာမ်ဟာ အခု-အိုလာပြီ၊
နာလာတော့မယ်၊ တော်တော်ကြာရင် သေမယ်။ "အိုမယ့် နာမယ့် သေမယ့်
ရုပ်နာမ်၊ ဘယ်လိုမှ တားမရတဲ့ ရုပ်နာမ်ကို ကျွေးမွေးပြုစုနေရတာပါကလား၊
ဘာမှ အနှစ်သာရမရှိတဲ့ ရုပ်နာမ်ကို ပြုစုစောင့်ရှောက်နေရတာပါကလား"လို့
ကိုယ်က ဘာမှ မပိုင်တဲ့သဘော ကိုယ်နဲ့ ဘာမှ မဆိုင်လို့ အနတ္တဆိုတဲ့သဘော
လက္ခဏာဟာ ထင်ရှားလာပါတယ်။ ဒီလိုသိပြီး ဒီလို ဆင်ခြင်လာနိုင်တယ်
ဆိုရင် ဒီရုပ်နာမ်ရဲ့ မမြဲတဲ့ အနိစ္စ၊ ဆင်းရဲတဲ့ဒုက္ခနဲ့ မပိုင်ဆိုင်တဲ့ အနတ္တတရား
တွေဟာ ထင်မြင်လာနိုင်ပါတယ်။

ပစ္စယနိဒ္ဒေသမှာ (၂၄)ပစ္စည်းနဲ့ ဟောသွားတဲ့တရားတွေထဲက ပဋ္ဌာန်း
နည်းနဲ့ ရှုပုံရှုနည်း (၂)ခု (၃)ခုလောက်ကို နည်းပြအနေနဲ့ တင်ပြပါအုန်းမယ်။
ပဋ္ဌာန်းဝိပဿနာက အင်မတန် နက်နဲတဲ့ ဝိပဿနာရှုနည်းမျိုးပါ၊ နတ် ဗြဟ္မာ

ထွေဟာ အဘိဓမ္မာ(၇)ကျမ်းနဲ့ပဲ အကျွတ်တရား ရသွားကြတာပါ။ ပဋ္ဌာန်းဟာ အနက်နဲဆုံး ဝိပဿနာစစ်စစ်ပါ။

## ပဋ္ဌာန်းမှာ ပညတ်မပါဘဲ ရုပ်နာမ်ကိုသာ ဟောခြင်း

နတ်ပြည်မှာ တရားနာနေတဲ့ နတ်ဗြဟ္မာပရိသတ်ကြီးကို မြတ်စွာဘုရား ပဋ္ဌာန်းတရားဟောတဲ့အခါမှာ ပဋ္ဌာန်းဒေသနာဟာ အလွန် ကြည်ညိုစရာ ကောင်းပါတယ်။ အခု (၂၄)ပစ္စည်းအားလုံးကို လေ့လာခဲ့တာမှာ သုတ္တန်ကျမ်းများမှာ ဟောသလို နတ်မင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းဆိုတဲ့ အမည်နာမမျိုး ဘယ်ပုဂ္ဂိုလ်မျိုးမှ မပါပါ၊ ရုပ်နာမ်(၂၂)ခုတို့ရဲ့ ဖြစ်ပုံအကြောင်းအမျိုးမျိုးကိုပဲ ဟောတော်မူတာပါ။ ဗြဟ္မာမင်းလဲ မငဲ့၊ နတ်မင်းလဲ မငဲ့၊ ရသေ့, ရဟန်း, မင်း, ဆင်းရဲသား ဘယ်သူမှ မပါဘဲ နာမ်ရုပ်သက်သက်သာပါတဲ့ တရားပါ။ အဲဒီလို နာမ်ရုပ် သက်သက်ပဲ ပါတယ်ဆိုတော့ ဒီတရားဟာ ဘယ်လောက် ဓမ္မဓိဋ္ဌာန်ကျသလဲ၊ ဘယ်လောက် သဘာဝကျသလဲဆိုတာ ခန့်မှန်းနိုင်ပါတယ်။

ဒီလောက်ကြီးကျယ်တဲ့ နတ် ဗြဟ္မာ ပရိသတ်ကို တရားဟောတဲ့အခါမှာ ပုဂ္ဂိုလ် သတ္တဝါ နတ် ဗြဟ္မာ စတဲ့ ပညတ်တစ်ခုမှ မပါတော့ ပဋ္ဌာန်းတရားတော်ကို ဘယ်လိုပုဂ္ဂိုလ်မျိုးမှ စောဒကတက်စရာ မရှိနိုင်ပါ။ တကယ်လို့သာ ပုဂ္ဂိုလ် သတ္တဝါနဲ့ ဟောခဲ့ရင် အင်မတန် ဉာဏ်ကြီးတဲ့ တန်ခိုးကြီးတဲ့ နတ် ဗြဟ္မာတွေမှာ ပြဿနာတွေ အများကြီး ဝင်လာမှာပါ၊ ဘယ်နတ် ဘယ်ဗြဟ္မာမှ စောဒကမတက်နိုင်အောင် နာမ်ရုပ်တွေ ဖြစ်လာရတဲ့ အကြောင်းကို ပုဂ္ဂိုလ် သတ္တဝါ အမည်ပညတ် တစ်ခုမှမပါဘဲ အကြောင်းပစ္စည်းပေါင်း (၂၄)မျိုးထိ ဟောခဲ့ရတာပါ။

## အဘိဓမ္မာရဲ့ အနှစ်သာရ

အဘိဓမ္မာဆိုတာ အနှစ်သာရကတော့ နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် ယထာဘူတဉာဏ် ဓမ္မဋ္ဌိတိဉာဏ်ဆိုတဲ့ ဉာဏ်တွေအတွက်ပါပဲ။

## နာမရူပပရိစ္ဆေဒဉာဏ်

မြတ်စွာဘုရား နတ်ပြည်မှာ ဟောခဲ့တဲ့ တရားအစဉ်က ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းဖြစ်ပါတယ်။ ပဋ္ဌာန်းကျမှ တရားဆုံးပေမဲ့ အောက်(၆)ကျမ်းမှာထဲက နာမ်နဲ့ရုပ်ကို ခွဲခြားပြီး ဟောတဲ့အတွက် အောက်(၆)ကျမ်းနာရတာနဲ့ပဲ နတ်ဗြဟ္မာတွေမှာ နာမရူပ ပရိစ္ဆေဒဉာဏ်ရသွားကြပါတယ်။

## ပစ္စယပရိဂ္ဂဟဉာဏ်

ပဋ္ဌာန်းကျတော့ အရေးကြီးတာက ပစ္စယ=အကြောင်း+ပရိဂ္ဂဟ=သိမ်းဆည်းတယ်၊ ပစ္စယပရိဂ္ဂဟဉာဏ်=အကြောင်းကို သိမ်းဆည်းတဲ့ဉာဏ်ရဖို့က အရေးကြီးတာပါ။ ဒါကြောင့်လဲ မြတ်စွာဘုရားက အကြောင်းတွေ မျိုးစုံအောင် ဟောပြထားခဲ့တာပါ။

## ယထာဘူတဉာဏ်

ယထာဘူတဉာဏ်ဆိုတာက ပရမတ္ထအားဖြင့် လူ နတ် ဗြဟ္မာ သတ္တဝါ အားလုံးဆိုတာ ရုပ်နဲ့နာမ်ပဲ ရှိတယ်၊ တကယ်ရှိတာဟာ ရုပ်နဲ့နာမ်ပဲလို့ အရှိကို အရှိအတိုင်း အမှန်ကို အမှန်အတိုင်း သိတာက ယထာဘူတဉာဏ်ပါ။ အဘိဓမ္မာမှာ "အရှိ"ဆိုတာက (၃၁)ဘုံလုံးရှိသမျှ သတ္တလောက ဩကာသလောက သင်္ခါရလောက အားလုံး အကုန်စုလိုက်ရင် တကယ်ရှိတာက နာမ်နဲ့ ရုပ်ပဲ ရှိတယ်။ လူလဲမရှိ၊ နတ်လဲမရှိ၊ ဗြဟ္မာလဲမရှိ၊ သတ္တဝါလဲ မရှိ၊ သူဌေးလဲမရှိ၊ မင်းလဲမရှိ၊ ရှိတာက နာမ်နဲ့ရုပ်သာ ရှိတာပါ၊ ဒါက အရှိပါ။ အရှိကို အရှိအတိုင်း သိတာ အမှန်အတိုင်း သိတာက ယထာဘူတဉာဏ်ပါ။ ဒီ ယထာဘူတဉာဏ်ကိုပဲ ပစ္စယပရိဂ္ဂဟဉာဏ်လို့လဲ ခေါ်ကြပါတယ်။

## ဓမ္မဋ္ဌိတိဉာဏ်

ဓမ္မ=တရား၌၊ ဋ္ဌိတိ=တည်သည်ဆိုတော့ ဓမ္မဋ္ဌိတိဉာဏ် တရားမှာ တည်တဲ့ ဉာဏ်ဆိုတာက တရားအားမထုတ်ဖူးသူ မှန်သမျှ အားထုတ်ဖူးသော်လဲ နည်းစနစ် မှန်မှန်ကန်ကန်နဲ့ အားမထုတ်ဖူးတဲ့ ပုဂ္ဂိုလ်မှန်သမျှ တရားပေါ်မှာ ဘယ်တော့မှ ဉာဏ်က မရောက်နိုင်ပါ၊ ဉာဏ်ရောက်တာက ပညတ်ပေါ်မှာသာ ရောက်နေကြတာပါ။ လူပေါ်မှာ ရောက်နေတယ်၊ နတ်ပေါ်မှာ ရောက်နေတယ်၊ ဗြဟ္မာပေါ်မှာ ရောက်နေတယ်၊ ယောကျ်ားပေါ်မှာ ရောက်နေတယ်၊ မိန်းမပေါ်မှာ ရောက်နေတယ်၊ စဉ်းစားတဲ့ ဉာဏ်အားလုံးဟာ ပညတ်ပေါ်မှာပဲ ရောက်နေကြတာပါ။ တရားပေါ်မှာ ရောက်တယ်ဆိုတာက တကယ့်နာမ်ရုပ်ပေါ်မှာ ရောက်တာပါ။ တရားပေါ်မှာ ဉာဏ်ရောက်မှလဲ တရားတွေကို သိမှာပါ။

အဲဒါကြောင့်မို့ ပဋ္ဌာန်းတရားဟာ ဘယ်လောက်ထိအောင် နက်နဲသလဲ၊ သန့်ရှင်းသလဲဆိုရင် သုတ္တန်တရားတွေလို ဘယ်တိုင်းပြည်မှာ ဘယ်ပုဂ္ဂိုလ်ကို ဟောတယ်၊ ဘယ်ဒကာကြီး ဘယ်လိုဖြစ်သွားတယ်၊ ဘယ်ဒကာမကြီး ဘာဖြစ်သွားတယ်လို့ ဒီလိုပညတ်တွေ တစ်ခုမှ မပါပါ။ ဟေတုပစ္စယောမှာပဲ ကြည့်ပါ၊ လူလဲ မပါ၊ နတ်လဲ မပါ၊ ဗြဟ္မာလဲ မပါ၊ ပညတ်တွေ တစ်ခုမှ မပါတဲ့ အလွန်သန့်ရှင်းတဲ့ တရားတော်ကြီးပါ။

## ရုပ်ဝါဒီတွေအတွက် ဟေတုပစ္စည်းဟော

ဟေတုပစ္စည်းကိုပြောရရင် "ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော"မှာ ဟေတူက အကြောင်းတရား၊ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံက အကျိုးတရား။ အကျဉ်းချုပ်ကတော့ အကြောင်းတရားက နာမ်၊ အကျိုးတရားက နာမ်နဲ့ ရုပ်ပါပဲ။ အခု တစ်ကမ္ဘာလုံးမှာ ခေါ်နေကြတဲ့ လူတွေ နတ်တွေ ဗြဟ္မာတွေဆိုတာ နာမ်နဲ့ရုပ်သာ ရှိကြတယ်၊ နာမ်နဲ့ရုပ်ဟာ တလှုပ်လှုပ်နဲ့ ပြေးလွှားလုပ်ကိုင်နေကြတာက ဘာကြောင့်လဲဆိုတော့ အကြောင်းက ဟိတ်(၆)ပါးပဲ ဖြစ်ပါတယ်။

ဟောတုပစ္စည်း ဟောရတာကတော့ ရုပ်ဝါဒသမားတွေအတွက် ဖြစ်ပါတယ်။ နတ်တွေ ဗြဟ္မာတွေမှာလဲ ရုပ်ဝါဒသမားတွေ ရှိကြတာပါပဲ၊ ရုပ်က ထင်ရှားနေတော့ ရုပ်ကပဲ အရေးကြီးတယ်လို့ ထင်မှတ်နေတဲ့ပုဂ္ဂိုလ်တွေကလဲ ရှိနေပါတယ်။ ဒီလူနတ် ဗြဟ္မာလို့ ခေါ်နေကြတဲ့ ဒီနာမ်နဲ့ ရုပ်တွေဟာ ဘာကြောင့် ဖြစ်နေသလဲဆိုတော့ ဟေတုဆိုတဲ့ နာမ်ကြောင့် ဖြစ်နေတာပါ။ နာမ်ကလဲ အများကြီး မဟုတ်ပါ၊ လောကမှာ အထင်ရှားဆုံးဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဒီနာမ် (၆)မျိုးကြောင့် လှုပ်လှုပ်ရွရွဖြစ်နေကြတာပါ။

မြတ်စွာဘုရားက နတ်တွေ ဗြဟ္မာတွေကို "ဒီ နာမ်နဲ့ ရုပ်ဟာ လောဘကြောင့် ဖြစ်နေတာပဲ၊ ဒေါသကြောင့် ဖြစ်နေတာပဲ၊ မောဟကြောင့် ဖြစ်နေတာပဲ၊ အလောဘကြောင့်ဖြစ်နေတာပဲ၊ အဒေါသကြောင့်ဖြစ်နေတာပဲ၊ အမောဟကြောင့် ဖြစ်နေတာပဲ၊ နာမ်နဲ့ ရုပ် ဖြစ်ခြင်းအကြောင်းက ဟေတုပစ္စယောပဲ" လို့ ဟောလိုက်တော့ ရုပ်ဝါဒသမားတွေဟာ အများကြီး စဉ်းစားစရာ ဖြစ်သွားကြပါတယ်။

ဘုရားဟောလိုက်တဲ့ ဟေတုပစ္စယောကလဲ အမှန်အတိုင်းဖြစ်နေတယ်။ လူ့ပြည်မှာ လူတွေဟာ နာမ်ရုပ်ကလေးတွေ လှုပ်နေတာ တချို့မှာ လောဘကြောင့် လှုပ်တယ်၊ တချို့မှာ အလောဘကြောင့် လှုပ်တယ်၊ တချို့မှာ ဒေါသကြောင့် လှုပ်တယ်၊ တချို့မှာ အဒေါသကြောင့် လှုပ်တယ်၊ တချို့မှာ မောဟကြောင့် လှုပ်တယ်၊ တချို့မှာ အမောဟကြောင့် လှုပ်တယ်၊ လူတွေ တလှုပ်လှုပ်နဲ့ လုပ်နေတာဟာ ကုသိုလ်လုပ်လုပ်၊ အကုသိုလ်လုပ်လုပ် ဒီအကြောင်း (၆)မျိုးက လွဲပြီး ဘာမှ မရှိပါ။ လောဘနဲ့ လှုပ်ချင်လှုပ်၊ လောဘကတော့ မကောင်းပါ၊ သို့သော် ဒီနေရာမှာ ကောင်းတာ, မကောင်းတာ ဘုရားက ဘာမှ ခပြော၊ နောက်အကျယ်ကျမှ ကုသိုလ်ဟိတ်၊ အကုသိုလ်ဟိတ်၊ အဗျာကတဟိတ်နဲ့ တွဲမှသာ ဟောတာပါ၊ ဒီပစ္စယနိဒ္ဒေသမှာတော့ သာမညပဲ ဟောပါတယ်။

ပညတ်နဲ့ ပရမတ်

ကမ္ဘာကြီးပေါ်မှာ နာမ်ရုပ်တွေ တလှုပ်လှုပ်ဖြစ်နေတာဟာ ဟိတ်(၆)ပါး ကြောင့် ဖြစ်နေတာပါ။ အရိုးခံအတိုင်းဆိုတော့ အသိရခက်ပါတယ်။ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါမပါဘဲ နာမ်နဲ့ရုပ် ဖြစ်နေရတဲ့အကြောင်းက ဟေတုပစ္စယာ ပဲလို့ သိတော့ ပညတ်နဲ့ ပရမတ် ကွဲသွားပါတယ်။

ဘယ်လို ပညတ်နဲ့ပရမတ် ကွဲသွားသလဲဆိုတော့ ဟေတုပစ္စည်းကို ဝိပဿနာနဲ့ ရှုကြည့်မယ်ဆိုရင် "ငါလိုချင်တယ်"ဆိုတော့ လိုချင်တဲ့ သဘော တရား "လောဘ"ဆိုတာ ရှိတယ်၊ ငါဆိုတဲ့ သဘောတရားက ရှိရဲ့လားဆိုတော့ ငါဆိုတာက မရှိ၊ မရှိတဲ့တရား 'ငါ'က ပညတ်၊ လောဘက ပရမတ်။ အရှိကို အရှိအတိုင်း မြင်တာမှာ တကယ်ရှိတာက လောဘက ရှိတယ်။ "ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတု ပစ္စယေန ပစ္စယော"ဆိုတော့ လောဘကြောင့် နာမ်ရုပ်ဖြစ်နေတာပါ၊ လောဘကို 'ငါ'တပ်တော့ "ငါ"က တကယ်မရှိ၊ "ငါ"က ပညတ်၊ လောဘက ပရမတ်လို့ ဒီလို ပညတ်နဲ့ပရမတ် ကွဲသိတာဟာ အမှန်ကိုအမှန်အတိုင်း သိတာပါ။ ပညတ်နဲ့ ပရမတ်မကွဲရင် အတ္တဒိဋ္ဌိက အရေးကြီးပါတယ်၊ ဒိဋ္ဌိပြုတ်ရမှာပါ။ ဒိဋ္ဌိမပြုတ်ဘဲ ဝိပဿနာလုပ်ရင် တရားမရနိုင်ဘူးလို့ ပြောကြတာက ပညတ်နဲ့ပရမတ် မကွဲ လို့ပါ၊ "ငါ"ဟာ ဘယ်သူလဲ လိုချင်တာ၊ လိုချင်တာက ဘယ်သူလဲ "ငါ"၊ လိုချင်တာနဲ့ ငါနဲ့က မကွဲပါ။ လိုချင်တာနဲ့ ငါ အတူတူ ဖြစ်နေတော့ သက္ကာယ ဒိဋ္ဌိဖြစ်ပါတယ်။ "ငါ"တပ်လိုက်တဲ့အတွက် လိုချင်တဲ့ လောဘက ဒုက္ခပေးမယ် ဆိုရင် ခံစရာရှိတော့ ဘယ်သူခံရမလဲ၊ "ငါ"ခံရမှာပါ၊ ငါရှိနေတဲ့ ပုဂ္ဂိုလ်မှာ ခံစရာရှိတော့ "ငါ"ခံရမှာပါ၊ ဒီမှာ "ငါ"သွားတပ်တော့ လိုချင်တာက လောဘ က လိုချင်တာ၊ လောဘလိုချင်တာကို "ငါလိုချင်တာ"လုပ်တဲ့အတွက် ခံရတဲ့ အခါကျတော့ "ငါ"ခံရတော့မယ်ဆိုတဲ့ စိုးရိမ်မှုတွေ ဖြစ်ပေါ်လာရတယ်၊ ပူပန်မှု တွေ ဖြစ်လာရတယ်၊ ကြောက်လန့်မှုတွေ ဖြစ်လာရတယ်။ တကယ်လို့ ပညတ်နဲ့ ပရမတ် ကွဲသွားလို့ သက္ကာယဒိဋ္ဌိ ပြုတ်သွားတဲ့ ပုဂ္ဂိုလ်ဆိုရင် ဘယ်လိုမြင်သလဲ

ဆိုတော့ လိုချင်တဲ့လောဘ ဖြစ်လာတယ်၊ "အော် လောဘဖြစ်လာတာပါလား၊ လိုချင်တာ လောဘပဲ"လို့ ဒီလိုသိတယ်၊ ငါလိုချင်တယ်လို့ မသိပါ။

ဉာတပရိညာ

တစ်ခုခု ခံရတော့မယ်၊ ခံစားရတော့မယ်ဆိုရင်လဲ "ခံစားတယ်ဆိုတာ ဝေဒနာပဲ၊ ဝေဒနာမှတပါး ငါဆိုတာ မရှိ၊ လောဘမှတပါး ငါဆိုတာမရှိ"လို့ ဒီလို "ငါ"ကို တဖြေးဖြေး ဖျောက်လိုက်တော့ သက္ကာယဒိဋ္ဌိဆိုတဲ့ အတ္တ ပြုတ်သွားပါတယ်။ အတ္တပြုတ်သွားတဲ့အခါ အမှန်ကို အမှန်အတိုင်း သိတော့ ပညတ်နဲ့ ပရမတ် ကွဲသွားပါတယ်၊ "လိုချင်တာ ငါမဟုတ်၊ ငါဆိုတာ မရှိ၊ လိုချင်တာက လောဘပဲ၊ လိုချင်တဲ့လောဘကြောင့် လောဘနာမ်ရုပ်တွေ ဖြစ်လာတာပဲ"လို့ သိတာပါ၊ "ငါအားကောင်းတယ်၊ ငါပြေးနေတယ်၊ ငါ ကစားနေတယ်၊ ငါအိပ်နေဘယ်"လို့ ဒီလိုမသိတော့ပါ၊ လိုချင်တာက လောဘ၊ လောဘကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်တွေဟာ ဖြစ်သွားလိုက် ပျက်သွားလိုက်နဲ့ လောဘဖြစ်လာတာလဲ သိတယ်၊ ပျက်သွားတာလဲ သိတယ်၊ လောဘကြောင့် ဖြစ်တဲ့ နာမ်ရုပ်ကိုလဲ လောဘနာမ်ရုပ် ဖြစ်လာတယ်၊ လောဘနာမ်ရုပ် ပျက်သွားတယ်လို့ ဖြစ်တာလဲ သိတယ်၊ ပျက်သွားတာလဲ သိတယ်၊ ဝိပဿနာ ရှုတယ်ဆိုတာ နာမ်နဲ့ ရုပ်ကို သိအောင် ဉာဏ်နဲ့လိုက်ပြီး ကြည့်တာပါပဲ။

ပဋ္ဌာန်းဝိပဿနာရှုနည်းက အနက်နဲဆုံး ဝိပဿနာ နည်းပါ၊ ရှုတော့ ဘာမြင်လာသလဲ၊ လောဘ မြဲသလား၊ မမြဲသလားကြည့်နေရင် လောဘမမြဲဘူး ဆိုတာ မြင်လာတယ်၊ လောဘကို ကိုယ့်ခန္ဓာထဲမှာ နေပါအုန်းဆိုလို့ မရပါ၊ လောဘကို ဆွဲထားလို့လဲ မရပါ၊ ဖြစ်ပြီး ပျက်သွားတော့ လောဘမရှိတော့ဘူး ဆိုရင် လောဘကြောင့် ဖြစ်တဲ့နာမ်ရုပ်လဲ မရှိတော့ပါ၊ လူတွေ အစွဲကြီးနေတာက မနေ့ကဖြစ်တဲ့ လောဘနာမ်ရုပ်တွေ ဒီနေ့ ရှိနေသေးတယ် ထင်နေတာပါ။ တချို့က ဟိုငယ်ငယ်တုန်းက ဒေါသဖြစ်လို့ လုပ်ပစ်ခဲ့တာ အခုရှိနေသေးတယ်လို့ ထင်နေတာဟာ စွဲလမ်းနေတာပါ။

### အနိစ္စလက္ခဏာ

ဝိပဿနာသမားကတော့ ငယ်ငယ်တုန်းကကို မပြောနဲ့၊ မနေ့က လောဘကြောင့် ဖြစ်ခဲ့တဲ့ မကောင်းတဲ့နာမ်ရုပ်ဟာ ဒီနေ့ကျတော့ မရှိတော့ပါ။ အရှိကို အရှိအတိုင်းပဲ ကြည့်တော့ လောဘကြောင့် ဖြစ်ခဲ့တဲ့နာမ်ရုပ်ကို သွားပြီး ဉပါဒါန်နဲ့ စိုးရိမ်ခြင်း, စွဲလမ်းခြင်းမရှိပါ။ "လောဘကြောင့် ဖြစ်တဲ့ နာမ်ရုပ်ဟာ မမြဲဘူး၊ လောဘလဲ မမြဲလို့ ဖြစ်ပြီး ပျက်သွားတာပဲ"လို့ အဲဒီလို လောဘနဲ့ လောဘကြောင့်ဖြစ်တဲ့ နာမ်ရုပ် မမြဲတာကို မြင်တော့ အနိစ္စလက္ခဏာပါ။ ပစ္စယပရိဂ္ဂဟဉာဏ်နဲ့ နာမ်ရုပ်ဖြစ်ခြင်းရဲ့ အကြောင်းကို ကြည့်တော့ လောဘနဲ့ လောဘကြောင့်ဖြစ်တဲ့ နာမ်ရုပ်ကိုလဲ မြင်လာတယ်၊ အကြောင်းအကျိုးမြင်လာတဲ့အခါ လောဘလဲ မမြဲဘူး၊ လောဘကြောင့်ဖြစ်တဲ့ နာမ်ရုပ်လဲ မမြဲဘူးလို့ ဒီလိုသိလာတယ်၊ ဒီတော့ အနိစ္စလက္ခဏာ ထင်လာပါတယ်။

### ဒုက္ခလက္ခဏာ

အဲဒီလို အနိစ္စလက္ခဏာ ထင်လာတာများတော့ "မမြဲတဲ့နာမ်ရုပ်ဟာ ဖြစ်လိုက် ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက်နဲ့ ဖြစ်နေတဲ့ နာမ်ရုပ်ဟာ နဲနဲမှ တွယ်တာစရာ မရှိ၊ လောဘကြောင့်ဖြစ်တဲ့ နာမ်ရုပ်လဲ တွယ်တာစရာမရှိ၊ ဒေါသကြောင့်ဖြစ်တဲ့ နာမ်ရုပ်လဲ တွယ်တာစရာမရှိ၊ အလောဘကြောင့်ဖြစ်နေတဲ့ နာမ်ရုပ်လဲ တွယ်တာစရာမရှိ၊ ဘာနာမ်ရုပ်မှ တွယ်တာစရာမရှိ၊ နာမ်ရုပ်ဖြစ်နေတာဟာ ဒုက္ခပါလား"ဆိုပြီး အနိစ္စမြင်ရင် ဒုက္ခမြင်လာပါတယ်။

### အနတ္တလက္ခဏာ

နာမ်ရုပ်တွေဟာ ဆင်းရဲတယ်ဆိုတာမှာ "ဖြစ်တာ ပျက်တာကို ဘယ်လိုမှ တားဆီးလို့ မရလို့ ဒီနာမ်ရုပ်ဒုက္ခဟာ သံသရာတစ်ခွင်မှာ ဒီလိုပဲ ဖြစ်နေမှာပဲ၊ ဒီလိုပဲ ပျက်နေမှာပဲ၊ ဒါဟာ ဒုက္ခကြီး၊ ကြောက်စရာကြီး"လို့ မြင်လာပါတယ်။

ဒုက္ခထင်လာတယ်ဆိုရင်ပဲ အနတ္တက အထူးအားထုတ်စရာ မလိုပါ။ ဖြစ်နေပျက်နေတဲ့ တရားကို မဖြစ်ပါနဲ့ဆိုလို့ မရ၊ လောဘကြောင့် ဖြစ်နေတဲ့ နာမ်ရုပ်ကို မဖြစ်နဲ့လို့ နဲနဲမှ ပိုင်စိုးပိုင်နင်းနဲ့ လုပ်လို့မရနိုင်၊ နိယာမအတိုင်း ဖြစ်လိုက် ပျက်လိုက်နဲ့ ဖြစ်ပျက်နေတဲ့ တရားကြီးကို မဖြစ်ပါနဲ့ တည်မြဲနေပါလို့ ကိုယ်က အမိန့်ပေးလို့လဲ မရ၊ ဘယ်လိုမှ အစိုးမရတဲ့အတွက် အနတ္တပါပဲလို့ ဝိပဿနာဉာဏ်အမြင် စိတ်လာလေ အတ္တကွာလေပါပဲ။

အတ္တကွာသွားတဲ့အခါမှာ ပဟာနပရိညာလို့ ခေါ်ပါတယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်လာတော့ သက္ကာယဒိဋ္ဌိ လုံးလုံး ကွာသွားတယ်၊ ကိုယ့်ခန္ဓာဟာ ပင်လယ်ထဲက လှိုင်းတွေလို တက်လာတဲ့ အမြှုပ်တွေလို မိုးရွာတဲ့အခါ အမြှုပ်တွေထလာပြီး အမြှုပ်တွေ ပြန်သေသွားတာလို တိမ်ရိပ်တွေလို သဘောပေါက်နားလည်လာပါတယ်။

ခန္ဓာကိုယ်ကြီးဟာတစ်လုံးတစ်ခဲထဲလို့ လူတွေမှာဃနပညတ်က အထပ်ထပ်ခံနေပါတယ်၊ ဃနပညတ်ဆိုတာက အတုံးအခဲကြီးလို့ ထင်နေတာပါ။ လောဘကြောင့်ဖြစ်တဲ့ နာမ်ရုပ်ကို လောဘမရှိဘဲ ကုသိုလ်ကောင်းမှု ဒါန၊ သီလ၊ ဘာဝနာလုပ်နေတဲ့ အခါမှာလဲ လောဘနာမ်ရုပ်ရှိတယ်လို့ ထင်နေသေးတာပါ။ ဒီအချိန်မှာ ဒီလောဘနာမ်ရုပ်က မရှိတော့ပါ၊ အလောဘ နာမ်ရုပ်တွေ ဖြစ်နေတာပါ၊ အလောဘမရှိတဲ့အခါကျတော့ အလောဘနာမ်ရုပ်ကလဲ မရှိတော့ပါ။

အကျဉ်းချုပ်ကတော့ ဝိပဿနာရှုတဲ့သူမှာ နာမ်ရုပ်တွေဟာ အကြောင်းတရားကြောင့် ဖြစ်လာတာပဲလို့ ပညတ်နဲ့ ပရမတ် ကွဲသွားတာကို ဉာတပရိညာလို့ ခေါ်ပါတယ်။ အကြောင်းတရားကြောင့် ဖြစ်လာတဲ့ နာမ်ရုပ်တွေကို ဒါတွေဟာ အနိစ္စပဲ ဒုက္ခပဲ အနတ္တပဲလို့ လက္ခဏာရေး (၃)ပါးနဲ့ စူးစမ်းတဲ့ဉာဏ်က တီရဏပရိညာပါ၊ တကယ်အလုပ်လုပ်တဲ့ ဉာဏ်ပါ။ ပဟာနပရိညာကျတော့ နာမ်ရုပ်ကို အတုံးကြီး အခဲကြီးထင်နေတဲ့ အတ္တဒိဋ္ဌိ ကွာသွားတာပါ။

တီရဏပရိညာ

တီရဏပရိညာက စူးစမ်းပြီးအလုပ်လုပ်တော့ "နာမ်ရုပ်ဟာ အတုံးအခဲ မဟုတ်ပါလား၊ ဒေါသနာမ်ရုပ်ကလဲ ဒေါသနာမ်ရုပ်တခြား၊ လောဘနာမ်ရုပ်ကလဲ လောဘနာမ်ရုပ်တခြား၊ မောဟနာမ်ရုပ်ကလဲ မောဟနာမ်ရုပ်တခြား တစ်ခုစီ တစ်ခုစီဖြစ်ပြီး အဟောင်းအဟောင်းက ပျက်ပျက်သွားပြီး အသစ်အသစ်တွေ ထပ်ထပ်ဖြစ်နေတာပါလား"လို့ မြင်လာပါတယ်။

ဥပမာ–ညအချိန် မီးကို ဒုတ်မှာ ချည်ပြီး ဝိုင်းအောင် လှဲ့လိုက်တဲ့အခါ အဝေးက လူက မီးဝိုင်းကြီးလို့ ထင်ရတယ်၊ တကယ်တော့ မီးက ဝိုင်းနေတာ မဟုတ်ပါ၊ ဧရာဝတီမြစ်က ရေတွေစီးဆင်းနေတာ ရှေ့က ရေကလဲ ရှေ့ကစီး၊ နောက်ကရေကလဲ နောက်ကလိုက်သွားတာပါ၊ သို့သော် အဆက်မပြတ် စီးဆင်းနေတဲ့အတွက် ရေတွေဟာ တစ်ပြင်ထဲလို့ ထင်ရပါတယ်။ ဒီနာမ်ရုပ်တွေမှာလဲ လောဘကြောင့်ဖြစ်တဲ့ နာမ်ရုပ်က ဖြစ်ပြီးပျက်၊ ဒေါသကြောင့်ဖြစ်တဲ့ နာမ်ရုပ်က ဖြစ်ပြီးပျက်၊ မောဟကြောင့်ဖြစ်တဲ့ နာမ်ရုပ်က ဖြစ်ပြီးပျက်၊ ဒီလို အစဉ်ကြီး ဖြစ်နေလို့ နာမ်ရုပ်ကို အစိုင်အခဲကြီး ထင်နေတာပါ။ ဒီလို ထင်နေတဲ့ အတုံးအခဲကြီးကို ဖြိုဖျက်တာကတော့ ဝိပဿနာပါ။ ပဋ္ဌာန်းနဲ့ကျတော့ ဝိပဿနာက ပိုပြီး လေးနက်နေပါတယ်။

ဝိပဿနာဉာဏ် ရင့်သန်တဲ့သူကျတော့ ပုဂ္ဂိုလ်အားလျော်စွာ တစ်လုံးပြောတာနဲ့ တရားရသွားကြတာပါပဲ။ အရှင်သာရိပုတ္တရာအလောင်းလျာ ဥပတိဿဟာ "ယေ ဓမ္မာ ဟေတုပ္ပဘဝါ=ရှိရှိသမျှ နာမ်ရုပ်တရားတွေဟာ အကြောင်းကြောင့်ဖြစ်ကြတာပဲ။ တေသဉ္စ ယော နိရောဓော=ဖြစ်လာတဲ့အကြောင်းတရားတို့ဟာ ပျက်သွားကြတာပဲ"လို့ မြတ်စွာဘုရားရဲ့ တရားကို တစ်ဆင့်ကြားနာရရုံနဲ့ ဖြစ်လာတဲ့ နာမ်ရုပ်တွေဟာ အကြောင်းကြောင့် ဖြစ်လာတယ်၊ ဖြစ်လာတဲ့ တရားတွေဟာ ဖြစ်ပြီး ပျက်သွားကြတယ်လို့ သိသွားပြီး တစ်ဂါထာထဲနဲ့ သောတာပန်ဖြစ်သွားပါတယ်။

ဓမ္မစကြာမှာ "ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ။ ယံ ကိဉ္စိ= ရှိသမျှတရား အားလုံးဟာ၊ သမုဒယဓမ္မံ=အကြောင်းကြောင့် ဖြစ်ပေါ်လာကြတယ်။ တံ သဗ္ဗံ=ထိုဖြစ်ပေါ်လာတဲ့ တရားမှန်သမျှဟာ။ နိရောဓမ္မံ=ပျက်ခြင်းသဘောရှိတယ်"လို့ ဟောလိုက်တာနဲ့ အရှင်ကောဏ္ဍည သောတာပန် ဖြစ်သွားပါတယ်။

ဝိပဿနာတရားဆိုတာက ဘယ်တရားမှ မမြဲဘဲနဲ့ နဂိုကလဲ ဘယ်တရားမှ မရှိဘဲနဲ့ အကြောင်းကြောင့် ဖြစ်ပြီးလာတာ၊ အကြောင်းတွေပေါင်းဆုံဖြစ်လာပြီး၊ ဖြစ်ပြီးတာ တည်မြဲသလားဆိုတော့ ဖြစ်ပြီးပျက်သွားကြတာပဲလို့ ဒီတစ်ချက်မြင်ရင် တစ်လောကလုံး ဖြစ်ပြီး ပျက်နေတာလို့ မြင်နေတာပါပဲ။

ဒီလို ဖြစ်ပျက်တွေက သေချာလွန်းလို့ ဘယ်ရုပ် ဘယ်နာမ်ပဲ ဖြစ်ဖြစ် ဖြစ်ပြီးပျက်သွားတော့ သေရဖို့ဆိုတာ သိပ်သေချာပါတယ်၊ ကိုယ်သေမယ့်နေ့ကို ကေန်ကေ မသိနိုင်ပေမဲ့ သေမယ့်နေ့ကတော့ သေချာပါတယ်။ ငယ်တဲ့သူတွေက မသေသေးဘူးထားပါတော့၊ အသက်(၆၀)ကျော်ရင်တော့ သေမှာကသေချာပါတယ်၊ အသက်(၄၀)တုန်းကတော့ (၅၀)လောက်ထိ နေရမှာပါ၊ (၅၀)လောက်ကျတော့ (၆၀)လောက်ထိနေဦးမှာပါ၊ (၆၀)ကျော်တော့လဲ ကျန်းကျန်းမာမာနဲ့မို့ (၇၀)(၈၀)ထိနေဦးမှာပါလို့ ဒီလို ထင်နေကြပေမဲ့ (၆၀)ကျော်ရင်တော့ သေတာများတာပါပဲ။ (၈၀)ကျော်မှ သေတယ်ဆိုတာကတော့ လူ(၁၀၀)မှာ (၂)ယောက် (၃)ယောက်လောက်ပဲ ရှိပါတယ်။

## ဒေါသကိုရှုနည်း

ခုပြောခဲ့တာတွေကတော့ ဟေတုပစ္စယောမှာ ဝိပဿနာ ရှုနည်းပါပဲ။ ဒေါသကျတော့လဲ ဒီအတိုင်းပဲ၊ ဒေါသမှာလဲ "ငါစိတ်ဆိုးတယ်"ဆိုတော့ စိတ်ဆိုးတာမှာ ပရမတ်တရားက ဒေါသ၊ ငါဆိုတာက မရှိတဲ့တရား၊ ဒေါသပရမတ်က တကယ်ရှိတဲ့တရား၊ ဒေါသကို ကိုယ့်ဘာသာ ကြည့်လို့လဲ သိတယ်၊

လောဘထက်လဲ မြင်လွယ်ပါတယ်။ ငါဆိုတာက မရှိတဲ့ ပညတ်ပါ၊ ဦးဘ, ဦးမြဆိုတဲ့ နာမည်တွေကလဲ ကိုယ့်ဟာကိုယ် မှည့်ထားတာပါ၊ လူဆိုတာကလဲ ကိုယ့်ဟာကိုယ် ခေါ်ကြတာပါ။ ပဋ္ဌာန်းမှာ ဘုရားဟောထားတာက ဒေါသ ကြောင့်ဖြစ်တဲ့ နာမ်ရုပ်ရှိတယ်၊ အဒေါသကြောင့် ဖြစ်တဲ့ နာမ်ရုပ်ရှိတယ်၊ လောဘကြောင့်ဖြစ်တဲ့ နာမ်ရုပ်ရှိတယ်၊ အလောဘကြောင့် ဖြစ်တဲ့ နာမ်ရုပ်ရှိ တယ်၊ မောဟကြောင့် ဖြစ်တဲ့ နာမ်ရုပ်ရှိတယ်၊ အမောဟကြောင့် ဖြစ်တဲ့ နာမ်ရုပ်ရှိတယ်။ ဒါတွေပဲ ရှိတယ်လို့ ဟောလိုက်တော့ နတ်ဗြဟ္မာတွေဟာ လေးလေးနက်နက် စဉ်းစားစရာ ဖြစ်သွားကြပါတယ်။

နတ်တွေ ဗြဟ္မာတွေက သူတို့ကိုယ်သူတို့ သိပ်တန်ခိုးကြီးတယ် ထင်နေ ကြတာပါ။ ဗြဟ္မာဆိုတာကလဲ လက်ညှိုးတစ်ချောင်းထောင်ရင် စကြဝဠာတစ်ခု လုံး လင်းနိုင်တာပါ။ ဘုရားက နတ်လဲ မရှိ၊ ဗြဟ္မာလဲ မရှိ၊ နာမ်နဲ့ ရုပ်ပဲ ရှိတယ်၊ နာမ်နဲ့ ရုပ်ကလဲ ဟိတ်(၆)ပါးကြောင့်ဖြစ်တယ် ဆိုတော့ သူတို့က ဉာဏ်ကြီးသူတွေဖြစ်တဲ့အတွက် သူတို့သန္တာန်မှာ ဟိတ်(၆)ပါးကြောင့် နာမ်ရုပ် တွေ ဖြစ်နေတာကို ထင်းကနဲ သိကြတယ်၊ ဘုရားရဲ့တရားလာနာတာကလဲ အလောဘ အဒေါသ အမောဟကြောင့်ဖြစ်တဲ့ သူတို့ရုပ်နာမ်တွေဟာ တရားနာ ကြဖို့ စကြဝဠာတိုက် တစ်သောင်းက ရွှေ့လာကြတာပါလားလို့ ကိုယ်တိုင် သိသွားကြပါတယ်။

လူ, နတ်, ဗြဟ္မာ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမဆိုတာက သက်သက် နာမည်နာမတွေ ပေးထားကြတာပါ။ ယောကျ်ား, မိန်းမ, လူ, နတ်, ဗြဟ္မာဆိုတာ တွေဟာ သေသွားတဲ့အခါကျတော့ ပါသွားရဲ့လား။ "ဦးဘ သေသွားပြီ"လို့ ပြောတော့ပြောကြမှာပေါ့၊ သေတာက နာမ်နဲ့ ရုပ်ပါ၊ ဦးဘဆိုတဲ့ နာမည်က မသေပါ၊ ဦးဘဆိုတာ နဂိုကမှ မရှိတဲ့တရားပဲ။ ဒါပေမဲ့ ပညတ်နဲ့ ပရမတ်ကို တစ်ခုထဲ ထင်နေကြလို့ ခက်နေကြတာပါ။

"ငါဟေ့"လို့ ဆိုတဲ့နေရာမှာ အဘိဓမ္မာနဲ့ပြောတော့ စိတ်ဆိုးတာ ဘယ် သူတုန်းလို့ မေးရင် "ဒေါသ"က ဆိုးတာပါ၊ ကိုယ့်မိန်းမကို စိတ်ဆိုးတဲ့အခါမှာ

ပြောကြပါတယ်၊ "ရှင်, စိတ်ဆိုးနေသလား၊ ငါ စိတ်မဆိုးပါဘူး၊ ဘယ်သူ စိတ်ဆိုးတာလဲ၊ ဒေါသက စိတ်ဆိုးတာပါ၊ ငါက ကောင်းပါတယ်၊ ဆိုးတာက ဒေါသက ဆိုးတာပဲ"လို့ အဲဒီလို သိတာနဲ့ တပြိုင်နက် ဒေါသက ပျောက်သွားပါတယ်။ ဒါကလဲ နဲနဲသိတဲ့ အသိမျိုးမဟုတ်ပါ၊ ဒေါသဆိုတာပဲလို့ သိတာက ဉာတပရိညာပါ။ ငါဆိုးတာပဲလို့ဆိုရင် ဒေါသက တစ်ဖြေးဖြေး ပြင်းထန်လာပါတယ်။ ဘေးကလူတွေကလဲ တောင်းပန်ရဦးမယ်၊ ဆွဲလေ ဆိုးလေပါပဲ၊ ဒေါသက ဆိုးတာပဲလို့ သိတဲ့အခါမှာတော့ ဒေါသက ဝပ်သွားပါတယ်။ ဒေါသ ဆိုးတာပဲလို့ ဉာဏ်က သိတာနဲ့ ဒေါသက ဉာဏ်ကို မခံနိုင်ပါ။ ဉာဏ်ရဲ့ အရှိန်နဲ့ကျတော့ ဒေါသပျောက်သွားပါတယ်။ ငြိမ်သွားတဲ့ ဒေါသဟာ ဒီလို ခဏခဏ သိပါများလာရင် မလာတော့ဘဲ ဉာဏ်ကို ကြောက်သွားပါတယ်။ ဒေါသဖြစ်အုန်းတော့ တစ်ခြားလူဆီ မရောက်တော့ဘဲ မျက်နှာအမူအရာ လောက်ပဲ ပြပါတယ်၊ နောက်ကျတော့လဲ မျက်နှာအမူအရာတောင် မပြတော့ ဘဲ သူ့ဘာသာသူ သိလိုက်တာနဲ့ တပြိုင်နက် ဒေါသက ထွက်ပြေးသွားပါတယ်။ ဒေါသကလဲ ဆွဲထားလို့ရတဲ့ တရားမဟုတ်ပါ။ ပညတ်နဲ့ ပရမတ် ကွဲသွားတာက ဉာတပရိညာဖြစ်သွားပါတယ်။

## ဘဝကူး ကောင်းပါ့မလား

ဒေါသနာမ်ရုပ်က ဒေါသဖြစ်တုန်းသာ ရှိတာပါ၊ ဒေါသမရှိရင် ဒေါသ ရုပ်နာမ်လဲ မရှိတော့ပါ။ မေတ္တာစိတ်ရောက်လာရင် မေတ္တာရုပ်နာမ် ပေါ်လာပါ တယ်။ ဒါဟာ အဒေါသရုပ်နာမ် ဖြစ်လာတာပဲ။ တစ်နေ့(၂၄)နာရီမှာ ဒေါသ ဖြစ်နေတဲ့ ရုပ်နာမ် ဘယ်လောက် အချိန်ကြာသလဲ၊ လောဘဖြစ်နေတဲ့ ရုပ်နာမ် ဘယ်လောက်ကြာနေသလဲ၊ တစ်ခါတစ်လေ တစ်နေ့လုံး တစ်ခါမှ မဖြစ်တဲ့ အပြင် လှူဖို့ တမ်းဖို့ ပေးဖို့ ကမ်းဖို့ တရားနာဖို့ အလောဘ အဒေါသဆိုတဲ့ မေတ္တာရုပ်နာမ်တွေသာ တစ်နေ့ (၂၄)နာရီမှာ နာရီ(၂၀)လောက် ဖြစ်နေတာပါ။

ကုသိုလ် အကုသိုလ်က နှိုင်းချိန်ကြည့်ရပါမယ်၊ ကုသိုလ်အလုပ်များတယ်ဆိုရင် ကုသိုလ်ဘက် ရောက်သွားတာပါ။ သစ်ပင်ကြီးတစ်ပင်ဟာ တောင်ဘက်ကို ယိမ်းနေတော့ လေတိုက်လိုက်တဲ့အခါမှာ တောင်ဘက်ပဲ လဲမှာပါ၊ ကိုယ်က ကုသိုလ်ဘက်လုပ်နေတဲ့ ပုဂ္ဂိုလ်တွေမှာ လောဘဖြစ်ချင်လဲ ဖြစ်မှာပဲ၊ ဒေါသဖြစ်ချင်လဲ ဖြစ်မှာပဲ၊ ဒါပေမဲ့ တရားကို သိသင့်သလောက် သိနေတဲ့သူတွေမှာ လောဘဖြစ်တဲ့ ရုပ်နာမ် ဒေါသဖြစ်တဲ့ ရုပ်နာမ် (၂၄)နာရီအတွင်း ကြည့်ပါ၊ လောဘဒေါသဖြစ်တာ နဲပါတယ်။ သေရင် ကောင်းတဲ့ ဘုံကို ရောက်မှာ သေချာပါတယ်။

ဒေါသရုပ်နာမ်ကလဲ မြဲနေတာ မဟုတ်ပါ၊ မမြဲတာမြင်လာတော့ ဒေါသရုပ်နာမ်တွေက မရှိတော့ဘူးဆိုရင် အနိစ္စမြင်လာတာပါ။ ဝိပဿနာရှုတယ်ဆိုတာက မမြဲတာကို ကြည့်ရမှာပါ၊ အနိစ္စကို ကြာကြာကြည့်မှ ဖြစ်ပျက်ဆိုတဲ့ ဒီရုပ်နာမ်တွေကို မြင်လာမှာပါ၊ လောဘ ဒေါသက တစ်ခုမဟုတ် တစ်ခုက ဖြစ်နေတာပါ။ လောဘဖြစ်ရင်ဖြစ်, မဖြစ်ရင် ဒေါသဖြစ်ဆိုတော့ လောဘဒေါသ အကြမ်းစားကို အရင်မြင်ပါတယ်။ နောက် သိမ်မွေ့တဲ့ လောဘဒေါသရုပ်နာမ်တွေ မြင်လာတယ်။ ဒီ သိမ်မွေ့လာတဲ့ လောဘဒေါသရုပ်နာမ်တွေကလဲ ဖြစ်ပြီး ပျက်သွားတာပါပဲ။ အနိစ္စထင်လာတော့ ဒီမမြဲတဲ့ ရုပ်နာမ်ကို ပဋ္ဌာန်းဟေတုပစ္စည်းနဲ့ ဆက်ကြည့်ရပါတယ်။

ဟေတုပစ္စည်းနဲ့ ဆက်ကြည့်တဲ့အခါကျတော့ အချိန်ရှိသရွေ့ ဘယ်တော့မှ မပြတ်အောင် ဖြစ်နေလို့ ဘယ်ခါမှ ဆုံးနိုင်မှာ မဟုတ်ဘူးဆိုတဲ့ ဖြစ်ပျက်ကြီးကို ဒုက္ခထင်လာတယ်၊ မဖြစ်မပျက်အောင် ဘယ်လိုမှ လုပ်လို့မရလို့ ဘယ်ဉာဏ်နဲ့ပဲ စဉ်းစား စဉ်းစား ဘယ်လိုမှ ကိုယ်မပိုင်, ကိုယ်အစိုးမရတော့ အတ္တပြုတ်သွားပါတယ်။ အဲဒါကြောင့် ဒီပဋ္ဌာန်းဟေတုပစ္စည်း ဟိတ်(၆)ပါးနဲ့ ဝိပဿနာရှုလို့ တရားရမယ့် ပုဂ္ဂိုလ်ကတော့ ဒီဟေတုပစ္စည်းမှာပဲ တရားရသွားကြပါတယ်။ ဟေတုပစ္စည်းနဲ့ ဝိပဿနာရှုနည်းကတော့ ဒီလောက်ဆို နည်းရလောက်ပါပြီ။

## ၂။ အာရမ္မဏပစ္စည်းနဲ့ ဝိပဿနာရှုနည်း

တရားအစမှာ မြတ်စွာဘုရားက ဟေတုပစ္စည်း ဟိတ်(၆)ပါးဆိုတဲ့ နာမ်ကြောင့် နာမ်ရုပ်ဖြစ်တယ်လို့ ဟောတဲ့အခါ ရုပ်ဝါဒသမားတွေက နာမ်ကြောင့် နာမ်ရုပ်ဖြစ်ပုံကို ဝိပဿနာဇော ကျချင်မှ ကျမှာပါ၊ ဘဝင်မကျသေးတဲ့ နတ်ဗြဟ္မာတွေ စောဒကမတက်နိုင်အောင် အာရမ္မဏပစ္စည်းကို ဆက်ပြီး ဟောရပါတယ်။

အာရမ္မဏပစ္စည်းနဲ့ ဝိပဿနာရှုနည်းကတော့ ဝိပဿနာချင်း တော်တော်ကွာသွားပါတယ်၊ "အာရမ္မဏပစ္စယေန ပစ္စယော"ဆိုတဲ့ အာရမ္မဏပစ္စည်းကို ကြည့်ရင် နာမ်, ရုပ်, ပညတ်, နိဗ္ဗာန် အကုန်ပါပါတယ်၊ ပစ္စယုပ္ပန်က နာမ်တစ်ခုထဲပါ၊ အကြောင်းတရားက နာမ်, ရုပ်, ပညတ်, နိဗ္ဗာန်၊ အကျိုးတရားက နာမ်သက်သက် စိတ်စေတသိက်တွေပါပဲ။

မြတ်စွာဘုရားက ရုပ်ဝါဒီတွေ သဘောကျအောင် ဘာနဲ့ဟောသလဲဆိုရင် ပထမ ရုပ်အကြောင်းတရားကို ထုတ်ပြီး "ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော" မြင်တဲ့စိတ် စက္ခုဝိညာဉ်ကလေး ဖြစ်လာတာဟာ ဘာကြောင့်ဖြစ်ရသလဲဆိုတော့ ရူပါရုံ ရုပ်ကြောင့် မြင်တဲ့စိတ်ဖြစ်တယ်။ မြင်စိတ်ဆိုတာမှာ စေတသိက်လဲ ပါပါတယ်။ ရူပါရုံတွေ့ရင် မြင့်တဲ့စိတ်ဖြစ်တယ်ဆိုတော့ နတ်ဗြဟ္မာတွေအားလုံး သဘောပေါက်သွားကြပါတယ်။ "ရုပ်ကြောင့် နာမ်ဖြစ်လာတယ်၊ အသိဆိုတဲ့တရားကလေး ဖြစ်လာတယ်"လို့ ရုပ်ကြောင့် နာမ်တရားဖြစ်ပုံကိုတော့ နတ် ဗြဟ္မာတွေ တော်တော်များများ သဘောကျသွားကြပါတယ်။

## မြင်စိတ်ဝိပဿနာ

ဝိပဿနာမှာ လူက မြင်တယ်၊ နတ်က မြင်တယ်လို့ ပြောကြတဲ့အခါ မြင်တယ်ဆိုတဲ့ စက္ခုဝိညာဉ်စိတ်က ပရမတ်၊ လူဆိုတာက မရှိတော့ ပညတ်။ လူက မြင်တယ်ဆိုရာမှာ အမှန်က စက္ခုဝိညာဉ်က မြင်တာပါ၊ စက္ခုဝိညာဉ် မြင်တာ ဘာကြောင့်မြင်သလဲဆိုတော့ ရူပါရုံရှိလို့ မြင်တာပါ။ စက္ခုဝိညာဉ် မြင်တာကို လူက မြင်တယ် နတ်က မြင်တယ်ဆိုပြီး ပညတ်နဲ့ တွဲလိုက်တော့ အတ္တဒိဋ္ဌိ ဖြစ်သွားတာပါ။

## အနိစ္စမြင်

မြတ်စွာဘုရား အလိုတော်ရှိတာက ဒီလောက်သိဖို့သာ မဟုတ်ပါ၊ အကြောင်းကြောင့် စက္ခုဝိညာဉ်စိတ် ဖြစ်ပေါ်လာရင် ဘယ်လောက်ကြာကြာ နေသလဲ၊ မြင်တဲ့စိတ်က ဖြစ်ပြီးပျက်သွားတာပဲ။ ပညတ်တရားကတော့ မရှိလို့ ပြဿနာလုပ်စရာမလိုပါ။ ရှိပါတယ်ဆိုတဲ့ ပရမတ္ထတရား ထင်ရှားရှိတဲ့ ရူပါရုံကို မြင်နိုင်တဲ့ စက္ခုဝိညာဉ်စိတ်ဟာ ဖြစ်ပြီးပျက်သွားတာပါ၊ စက္ခုဝိညာဉ်စိတ်ဟာ ဖြစ်လာရင် ပျက်သွားတာပဲလို့ မြင်တာဟာ အနိစ္စကို မြင်တာပါ။

## ဒုက္ခမြင်

စက္ခုဝိညာဉ်စိတ်က ရူပါရုံရှိရင် မြင်လာလိုက်၊ ရူပါရုံမရှိရင် ပျက်သွားလိုက်၊ ရူပါရုံတွေ့ရင် မြင်လာလိုက်၊ ရူပါရုံမတွေ့ရင် ပျက်သွားလိုက်၊ ဒီလိုပဲ ဖြစ်ပျက်သံသရာ မဆုံးနိုင်ပါလို့ ဖြစ်ပျက်သံသရာ ဒုက္ခကြီးကို မြင်လာရင် ဒုက္ခကို မြင်တာပါပဲ။

## အနတ္တမြင်

စက္ခုဝိညာဉ်စိတ်ဟာ ရှိနေတဲ့ ပရမတ်တရားပါ၊ ဒါပေမဲ့ သူကလဲ ဖြစ်လိုက် ပျက်လိုက်ပါ။ ဖြစ်ပျက်သံသရာကြီးကို မဖြစ်ပါနဲ့ မပျက်ပါနဲ့လို့ ဘယ်လူ

ဘယ်နတ် ဘယ်ဗြဟ္မာ ဘယ်ဘုရားမှ လုပ်လို့မရတဲ့ အနတ္တပါ။ အဖေက မြင်တယ်၊ အမေက မြင်တယ်၊ သူက မြင်တယ်၊ ငါက မြင်တယ်လို့ ထင်နေတာက သက္ကာယဒိဋ္ဌိပါ။ အနိစ္စထင်ရင် ဒုက္ခထင်တယ်၊ ဒုက္ခထင်ရင် အနတ္တ ထင်လာပါတယ်။

## ခန္ဓာကိုယ်ကြီးကိုတွယ်တာမှု

ကိလေသာထဲမှာ ခန္ဓာကိုယ်ကြီးကို တွယ်တာနေတဲ့ တဏှာလောဘဟာ အကြီးကျယ်ဆုံး ကိလေသာပါ၊ ပစ္စည်းတွယ်တာတဲ့ လောဘက တစ်မျိုး၊ သားသမီးတွယ်တာတဲ့ လောဘက တစ်မျိုး၊ မိတ်ဆွေသင်္ဂဟတွယ်တာတဲ့ လောဘက တစ်မျိုး၊ ကိုယ့်ကိုယ်ကို တွယ်တာတဲ့ လောဘက တစ်မျိုး၊ သဘောချင်း တူရဲ့လား၊ လောဘကို ခွဲကြည့်မယ်ဆိုရင် အဘိဓမ္မာလောဘက အများကြီးပါ၊ သူဌေးမှာဖြစ်တဲ့ လောဘက တစ်မျိုး၊ စာရေးမှာဖြစ်တဲ့ လောဘက တစ်မျိုး၊ ကုန်သည်ကြီးမှာဖြစ်တဲ့ လောဘက တစ်မျိုး၊ ဈေးသည်ကလေးမှာ ဖြစ်တဲ့ လောဘက တစ်မျိုး၊ မိန်းမတွေမှာဖြစ်တဲ့ လောဘက တစ်မျိုး၊ ယောကျာ်း တွေမှာဖြစ်တဲ့ လောဘက တစ်မျိုး၊ ခလေးတွေမှာဖြစ်တဲ့ လောဘက တစ်မျိုး၊ လူကြီးတွေမှာဖြစ်တဲ့ လောဘက တစ်မျိုး၊ လောဘကို သရုပ်ခွဲလို့ မကုန်နိုင်ပါ၊ ဒီဂရီချင်းလဲ မတူပါ။ လောဘတွေ အကုန်လုံးမှာ အကြီးကျယ်ဆုံး လောဘဟာ ဘယ်လောဘလဲ၊ ကိုယ့်ခန္ဓာကို တွယ်တာတဲ့ လောဘက အကြီးကျယ်ဆုံးပါ၊ ဘာဒိဋ္ဌိလဲဆိုတော့ သက္ကာယဒိဋ္ဌိ ရှိနေလို့ပါ။

## တဏှာ မာန ဒိဋ္ဌိ

လောဘနဲ့ ဒိဋ္ဌိက တွဲနေပါတယ်။ ခန္ဓာကိုယ်ကို "ငါ" လို့ ထင်နေတဲ့ အထင်ကြီးဟာ မာနပါပဲ။ ငါပိုင်တယ်ထင်တာက တဏှာ၊ "ငါ" ဆိုတာ တကယ်ရှိတယ်လို့ ထင်တာက ဒိဋ္ဌိ။ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ ဒီတရား ၃-ပါးမှာ လောဘက ခေါင်းဆောင်ပါတယ်၊ ဒီလောဘက အကြီးကျယ်ဆုံးပါ။

## ကိလေသာ (၃) မျိုး

ကိလေသာမှာ အနုသယကိလေသာ၊ ဝီတိက္ကမကိလေသာ၊ ပရိယုဋ္ဌာန ကိလေသာလို့ (၃)မျိုး ရှိပါတယ်။ ဝိပဿနာမှာ ပယ်ရမယ့် အနုသယ ကိလေသာနဲ့ ပတ်သက်ပြီး ကိန်းနေတယ်ဆိုတဲ့ အဓိပ္ပါယ်ကို ရှင်းအောင် မပြောတတ်ကြပါ။ ဝီတိက္ကမလောဘက ကာယကံ ဝစီကံနဲ့ လွန်ကျူးတာ၊ လိုချင်တယ်ဆိုရင် သွားပြီး ခိုးလိုက်တာမျိုးပါ။ ပရိယုဋ္ဌာနလောဘကတော့ "ဒီဂိုဒေါင်ထဲက ပစ္စည်းတွေကို စာရင်းဖျောက်လိုက်ရင် (၁၀) သိန်းလောက်တော့ ရမှာပဲ၊ ငွေ (၁၀) သိန်းလောက်ရရင်တော့ တိုက်နဲ့ ကားနဲ့ ငါအလုပ်ထွက်ပြီး အေးအေးနေနိုင်တာပဲ" လို့ ခိုးဖို့လို့ စိတ်ကူးတာပါ၊ တကယ်တော့ မခိုးသေးပါ။ အနုသယလောဘဆိုတာကတော့ ကိန်းအောင်းတယ်လို့ ပြောကြပါတယ်။ အမြဲတမ်းရှိနေတယ်ဆိုတဲ့ တရားဟာ ခန္ဓာကိုယ်ထဲမှာ မရှိပါ။ ဘယ်တရားမှ ခန္ဓာကိုယ်ထဲမှာ မြဲနေတာမရှိလို့ ဖြစ်ပြီးတာမှန်သမျှ ပျက်သွားပါတယ်။ ဒီ ခန္ဓာကိုယ်ကြီးကလဲ မြဲတာ မဟုတ်ပါ။

အဖြစ်အများဆုံး လောဘက ဘယ်လောဘလဲ၊ ပစ္စည်းလိုချင်တဲ့ လောဘက တစ်နေ့လုံးမှာ တခါတလေမှ သတိရတာပါ၊ သား၊ သမီး၊ ဇနီး မယားတွယ်တာတဲ့ လောဘက တစ်နေ့လုံး ဖြစ်ရဲ့လား၊ လေးငါးရက် နေလို့တောင်မှ တစ်ခါမဖြစ်ပါ။ အဖြစ်များနေတဲ့ လောဘက ဘယ်ပေါ်မှာ ဖြစ်နေတာလဲ၊ ကိုယ့်ခန္ဓာကို တွယ်တာတဲ့လောဘက မနက်မိုးလင်းလာရင် မျက်နှာကလေး သစ်လိုက်ရတယ်၊ မျက်နှာသစ်ပြီးတော့လဲ နံနေမှာစိုးလို့ အမွှေး အကြိုင်ကလေး ထုံလိုက်ရတယ်၊ ဒီခန္ဓာကိုယ်ကို တွယ်တာပြီးလုပ်နေရတဲ့ လောဘက (၂၄) နာရီမှာ နာရီအများဆုံး လုပ်နေရတယ်၊ ဒီလောဘက အနုသယလောဘပါ။

အနုသယဆိုတော့ အနု=အကြိမ်ကြိမ် အဖန်ဖန်+သယ=ဖြစ်တယ်၊ အကြိမ်ကြိမ် အဖန်ဖန် ဖြစ်တယ်ဆိုတာက အဖြစ်များတာပါ။ အနုသယဆိုတာက ကိန်းနေတာတော့ မဟုတ်ပါ။ ဒီအနုသယကလဲ ဖြစ်ပျက်ပါပဲ။ ဥပမာ–မျက်နှာ

သစ်နေခိုက်ဖြစ်တဲ့ လောဘက ရေချိုးတဲ့အခိုက် ရှိသေးသလား၊ မရှိတော့ပါ။ ရေချိုးတုန်း ကိုယ့်ခန္ဓာကိုယ်ကို တွယ်တာတဲ့ လောဘက လဘက်ရည်သောက်တော့ ရှိသေးသလား၊ မရှိတော့ပါ၊ ရေချိုးတုန်းက ရေချိုးတဲ့ လောဘပဲ၊ လဘက်ရည်သောက်တော့ လဘက်ရည်သောက်တဲ့ လောဘပဲ၊ ဒီအနုသယကိလေသာကို လူ့လောကအနေနဲ့ ဘယ်သူမှ ကိလေသာလို့ မပြောကြပါ၊ လောဘလို့လဲ မပြောကြပါ။

သို့ပေမဲ့ (၃၁) ဘုံမှ ထွက်သွားချင်တဲ့ နိဗ္ဗာန်ရောက်ချင်တဲ့ ပုဂ္ဂိုလ်များကျတော့ အဲဒီလောဘကို ကြည့်ရတယ်။ (၃၁) ဘုံက ကျွတ်ချင်ရင် ဒီအနုသယကိလေသာကို မြင်မှ ဒီခန္ဓာကိုယ်ပေါ်မှာ တွယ်တာနေတဲ့ လောဘကို ပယ်မှ နိဗ္ဗာန်ရောက်မှာပဲလို့ ဒါကို မြင်ရမှာပါ။ (၃၁) ဘုံထဲမှာ နေချင်တဲ့ သူများကတော့ ဒီလောဘက အရေးမကြီးပါ။ ဘာကြောင့်လဲဆိုတော့ ကိုယ်ကောင်းကောင်းဖြစ်ဖို့ တစ်ဘဝထက် တစ်ဘဝ ငါချမ်းသာအောင် လုပ်ဖို့ဆိုတာ အနုသယလောဘပါပဲ။ ဒီလောဘနဲ့ လောကီကုသိုလ်တွေလုပ်ရင် ကုသိုလ်ရပါတယ်။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ဟောတဲ့အခါမှာ ပုညာဘိသင်္ခါရကုသိုလ်တွေဟာ သံသရာလည်တယ်လို့ ဟောခဲ့တာပါ။ ဒီလောဘကို ဒါနသီလကုသိုလ်နဲ့ ပယ်လို့မရပါ။ ဝိပဿနာကုသိုလ်နဲ့သာ ပယ်လို့ရပါတယ်။ ဒါကြောင့် ရှေးဆရာတော်ကြီးများက “နိဗ္ဗာန်က ငါပါရင် လက်မခံဘူး” လို့ အမိန့်ရှိကြပါတယ်။ ငါ-လို့ ပြောနေတာက လောဘမာနဒိဋ္ဌိပါ၊ ဒီသုံးခုက ငါလို့ ပြောနေတာပါ။ ဘယ်သူရှိသလဲ၊ “ငါရှိတယ်” ဆိုတော့ မာနက ထွက်ပြောလိုက်တယ်၊ လောဘက ထွက်ပြောလိုက်တယ်၊ ဒိဋ္ဌိက ငါရှိနေတယ်၊ မာနက ငါလို့ ထင်နေတယ်။

စက္ခုဝိညာဉ်စိတ်ကလေး မြင်တာကို ငါမြင်တာလို့ ထင်တာပါ၊ မြင်တာက စက္ခုဝိညာဉ်က မြင်တာပါ။ ဝိပဿနာ အားထုတ်လာတဲ့အခါ ငါကြားတာ မဟုတ်၊ သောတဝိညာဉ်က ကြားတာ၊ သောတဝိညာဉ်က ကြားတယ်ဆိုရင် ရေဒီယိုက မကြိုက်တာ အသံလွှင့်လဲ ဒေါသမဖြစ်တော့ပါ။ “သောတဝိညာဉ်က

ကောင်းတာလဲ ကြားတာပဲ၊ မကောင်းတာလဲကြားတာပဲ၊ သောတဝိညာဉ်ရှိရင် ကြားနေမှာပဲ'' လို့ ကြားတဲ့အခါမှာ ငါနဲ့ ကြားတာနဲ့ ကွဲသွားရင် အများကြီး သက်သာသွားပါတယ်။

မြင်တာမှာလဲ အတူတူပါပဲ။ မြင်တာလဲ ငါမြင်တာမဟုတ်၊ စက္ခုဝိညာဉ် မြင်တာပါ၊ ကောင်းတာပဲ မြင်မြင် မကောင်းတာပဲ မြင်မြင် စက္ခုဝိညာဉ်ရှိရင် မြင်နေရမှာပါ။ အကုန်လုံး အတူတူပါပဲ၊ နံတာလဲ ငါနံတာမဟုတ်၊ ဃာန ဝိညာဉ်က နံတာ၊ ဂန္ဓာရုံနဲ့တွေ့ရင် ဃာနဝိညာဉ်စိတ်က ဖြစ်မှာပါ။ မကောင်းတဲ့ အနံ့ ကောင်းတဲ့အနံ့ သိတာက ဃာနဝိညာဉ်က သိတာပါ။ ငါနဲ့ ဘာမှ မဆိုင်ဘူးလို့ အရှိကိုအရှိအတိုင်း မြင်သွားရင် ဉာတပရိညာ ဉာဏ်နဲ့မြင်တာပါ။

စားတဲ့အခါမှာလဲ အရသာသိတာက ဇိဝှါဝိညာဉ်က သိတာပါ။ ခုတော့ ထင်နေကြတာက ဟင်းမကောင်းဘူးဆိုရင် ငါက သိတယ်လို့ ထင်နေတာပါ။ ငါက ဟင်းမကောင်းဘူးလို့ ပြောပေမယ့် အရသာကို သိတာက ဇိဝှါဝိညာဉ် (လျှာ) က သိတာပါ။ ကောင်းတာဆိုရင် ကောင်းတာလို့ သိတယ်၊ မကောင်းတာ ဆိုရင် မကောင်းဘူးလို့ သိတယ်။ သိတော့ ဒီအသိက ကြာကြာနေရဲ့လား၊ ပျက်သွားတာပါ။ အဲဒီလို မြင်တာ၊ ကြားတာ၊ နံတာ၊ အရသာသိတာ၊ ထိတွေ့ သိတာတို့ကို အရှိကိုအရှိတိုင်း မြင်လာရင် ဉာတပရိညာပါ။ သက္ကာယဒိဋ္ဌိလဲ ကွာသွားမှာပါ၊ ပညတ်နဲ့ ပရမတ်လဲ ကွဲသွားမှာပါ။

မြတ်စွာဘုရားက ''ရူပါယတနံ စက္ခုဝိညာဏဓာတုယာ၊ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ၊ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ၊ ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ၊ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ'' ဆိုတဲ့ အာရုံငါးပါးကို ဟောရတာက ဒီအာရုံငါးပါး ရုပ်တရားတွေက လူတွေကို နေ့ရှိသမျှ တိုက်နေတော့ ဒီဝိပဿနာတရားက လူတိုင်း မြင်တယ်၊ ကြားတယ်၊ နံတယ် စသဖြင့် ဖြစ်လာတဲ့ နာမ်တရားတွေဟာ မြဲသလား၊ ဖြစ်လာတဲ့ နာမ်တရားတွေဟာ ''ငါ'' လား၊ ဒါတွေသိဖို့ပါ။

ပရမတ်မှန်ရင် ဖြစ်ပြီး ပျက်ရတယ်။ ပညတ်က ဖြစ်ရဲ့လား၊ ပညတ်က မရှိတဲ့တရားမို့ ဖြစ်တာလဲမရှိ၊ ပျက်တာလဲ မရှိပါ၊ မရှိတဲ့တရားက ပျက်စရာ မလိုပါ။ ဦးဘဆိုတာ ရှိတာမဟုတ်၊ သက်သက်ခေါ်ထားတာပါ။ ဦးဘလို့ မခေါ်ဘဲ ဦးကျော်ဇောလို့ခေါ်လဲ ရတာပဲ၊ ပြောင်းချင်တာ ပြောင်းခေါ်လို့ ရပါတယ်။ ကိုကိုဆိုလဲ ရတယ်၊ မောင်လေးဆိုလဲရ၊ ခေါ်ချင်သလိုခေါ်ကြည့်လို့ ရပါတယ်၊ ပညတ်ဆိုတာက ရှိတာမှ မဟုတ်ပါ။

တကယ်ရှိနေတာက စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ဃာနဝိညာဉ်ဆိုတဲ့ ပရမတ်တွေက ရှိနေတာ။ ဒီပရမတ်တွေကလဲ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံကြောင့် ဖြစ်နေတာပါ။ အကြောင်းတရားရှိရင် ဖြစ်တယ်၊ အကြောင်းတရားမရှိရင် ပျက်သွားမှာပါ။ အဲဒီအပေါ်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တထင်လာရင် သက္ကာယဒိဋ္ဌိ ကွာသွားမှာပါ။ ဒီလိုသိတာက ပစ္စယပရိဂ္ဂဟဉာဏ်၊ ယထာဘူတဉာဏ်၊ ဓမ္မဋ္ဌိတိ ဉာဏ်တွေပါပဲ။ ဓမ္မဋ္ဌိတိဉာဏ်ဆိုတာက ပရမတ္ထတရားတွေဖြစ်တဲ့ စက္ခုဝိညာဉ် တို့၊ လောဘ၊ ဒေါသတို့အပေါ်မှာ ဉာဏ်ဆိုက်အောင် မြင်နိုင်အောင် အပေါ်ယံက ပညတ်တွေကို ခွါပြီး ပရမတ်တွေကို မြင်အောင် ကြည့်တာပါ။

နဂိုကကြည့်တာကတော့ ဦးဘကို မြင်တယ်ဆိုရင် ဦးဘကိုပဲ တွေ့ပါတယ်။ ဦးဘရဲ့ အသံကို ကြားတယ်ဆိုတော့လဲ ဦးဘပြောတာပဲ ကြားနေပါတယ်။ အခုကျတော့ စက္ခုဝိညာဉ်က မြင်တာပါလား၊ သောတဝိညာဉ်က ကြားတာ ပါလား၊ ဃာနဝိညာဉ်က နံတာပါလားလို့ တရားပေါ်မှာ သိလာတဲ့အခါ ဓမ္မဋ္ဌိတိ ဉာဏ်ရတာပါပဲ။ အဲဒီ ဓမ္မဋ္ဌိတိဉာဏ်ရရင် အပါယ်မကျတော့ပါ၊ မကောင်းတဲ့ အပါယ်ဘဝ သေသေချာချာ တံခါးပိတ်ပါတယ်။ ပဋ္ဌာန်းလေ့လာပြီးမှဖြင့် ဒီလို ဉာဏ်အမြင်တွေ ရှင်းလာတဲ့အခါမှာ အပါယ်တံခါး ပိတ်လို့ မကောင်းတဲ့ ဘဝရောက်မှာ ဘာမှ ကြောက်စရာမရှိတော့ပါ။ ဒီလောက်ဆိုရင် အာရမ္မဏ ပစ္စည်းနဲ့ ဝိပဿနာရှုနည်းကတော့ နည်းရလောက်ပါပြီ။

# ၃။ အဓိပတိပစ္စည်းနဲ့ ဝိပဿနာရှုနည်း

ရုပ်ကြောင့် နာမ်တရားတွေ ဖြစ်လာတယ်၊ ဖြစ်ပြီးတော့လဲ ပျက်သွားတယ်လို့ အာရမ္မဏပစ္စည်းနဲ့ ဟောလိုက်တော့ ရုပ်ဝါဒီနတ်ဗြဟ္မာတွေဟာ အားလုံး သဘောပေါက်သွားကြပါတယ်။ ဟေတုပစ္စယောနဲ့ ဟောလို့ ကျွတ်တမ်း မဝင်သေးဘဲ ကျန်နေသေးတဲ့ ပုဂ္ဂိုလ်တွေ၊ အာရမ္မဏပစ္စယော သဘောမပေါက်သေးတဲ့ နတ်ဗြဟ္မာတွေကိုတော့ အဓိပတိပစ္စယောနဲ့ ဟောရပါတယ်။

ပဋ္ဌာန်းနဲ့ဝိပဿနာရှုနည်းကို တင်ပြရာမှာ ပဋ္ဌာန်း ၂၄-ပစ္စည်းလုံး ဝိပဿနာရှုနည်း ပြောဖို့ကတော့ မလိုပါ။ နည်းရရုံ အရေးကြီးတဲ့ လေးငါး ပစ္စည်းလောက်ပဲ ပြောဖို့ လိုပါတယ်။

နတ်ဗြဟ္မတွေကို ပဋ္ဌာန်းဟောတဲ့အခါမှာ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟဆိုတဲ့ ဟိတ် ၆-ပါးဟေတုပစ္စည်းနဲ့ပဲ နတ်ဗြဟ္မာတွေ တော်တော်များများ အကျွတ်တရား ရကြမှာပါ။ အာရမ္မဏပစ္စည်းနဲ့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ အစရှိတဲ့ အာရုံ ၆-ပါးကြောင့် ရုပ်နာမ်တွေ ဖြစ်ပေါ်နေပုံကို ဟောတော့လဲ တော်တော်များများပဲ အကျွတ်တရား ရကြမှာပါ။ အာရမ္မဏကို သဘောမပေါက်သေးတဲ့ နတ်ဗြဟ္မာတွေအတွက်ကျတော့ အဓိပတိ ပစ္စည်းကို ဆက်ဟောပါတယ်။ ရုပ်နာမ်ဖြစ်ခြင်းအကြောင်းကတော့ သုတ္တန်မှာ နဲနဲပဲ ပါပါတယ်၊ အဘိဓမ္မာပဋ္ဌာန်းကျမှ အစုံဟောတာပါ။

ဝိပဿနာရှုတယ်ဆိုတာက ပထမတော့ ရုပ်နာမ်သိတဲ့ နာမရူပပရိစ္ဆေဒ ဉာဏ်ရဖို့ပါပဲ။ နာမ်နဲ့ရုပ် ကွဲသွားပြီးနောက် ဘာကြောင့် နာမ်ရုပ်ဖြစ်ရသလဲ ဆိုတဲ့အကြောင်းကို လိုက်ရှာတော့ အကြောင်းကို သိမှ ပစ္စယပရိဂ္ဂဟဉာဏ် ရနိုင်မှာပါ။ သုတ္တန်နည်းနဲ့ ဝိပဿနာဟောတဲ့အခါမှာ အကြောင်းတရားမျိုးစုံ အောင် မဟောပါ။ ပဋ္ဌာန်းနည်းနဲ့ ဝိပဿနာရှုတဲ့အခါကျတော့ ဟိတ် ၆-ပါး

ကလဲ ရုပ်နာမ်ဖြစ်ခြင်း အကြောင်းတရားပဲ၊ ရုပ်နာမ်တွေ ဖြစ်နေတာဟာ အကြောင်းတရား ဒီလောက်ပဲ ရှိသလားဆိုတော့ အဓိပတိပစ္စည်းကို ဆက်ပြီး ဟောပါတယ်။

ဗြဟ္မာဆိုတာ ဘာလဲ

ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာကြောင့် နာမ်ရုပ်တွေ ဖြစ်နေတာလို့ အဓိပတိပစ္စည်းနဲ့ ဟောလိုက်တော့ များသောအားဖြင့် ဗြဟ္မာတွေက ပိုပြီး အကျွတ်တရား ရကြမှာပါ။ ဗြဟ္မာကို လူတွေက သာမညထင်နေကြပေမဲ့ ဗြဟ္မာဆိုတာက ရှိခိုးထိုက်တဲ့ပုဂ္ဂိုလ်တွေပါ။ ဗြဟ္မာတွေမှာ ပုထုဇဉ်ပဲဖြစ်ဖြစ် အရိယာပဲဖြစ်ဖြစ် ကာမဂုဏ် ခံစားတာ မရှိပါ၊ ကာမဂုဏ်ပယ်ထားပြီးတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ ဗြဟ္မာတွေက ကိလေသာကို ဝိက္ခမ္ဘနပဟာန်နဲ့ ပယ်ထားလို့ ကာမဂုဏ် ခံစားမှု မရှိပါ။ အာဟာရအနေနဲ့လဲ လူတွေ ထမင်းစားသလို အစားအစာ မစားပါ။ ပီတိချမ်းချမ်းသာနဲ့ပဲ နေကြတာပါ။

အဲဒီဗြဟ္မာတွေ ဗြဟ္မာ့ဘုံရောက်ရခြင်းအကြောင်းကို ကြည့်တဲ့အခါ ပထမဈာန်ဘုံမှာ သုံးဘုံကွဲသွားတာ ဘာကြောင့်လဲဆိုတော့ တရားအားထုတ်တဲ့အခါတုန်းက ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာတို့ ညံ့တဲ့ပုဂ္ဂိုလ်က အောက်ပထမဈာန်ဘုံမှာ ဖြစ်ပါတယ်။ အလတ်စား ပုဂ္ဂိုလ်က အလတ်စားပထမဈာန်ဘုံမှာ ဖြစ်ပါတယ်။ အမြတ်စားပုဂ္ဂိုလ်က အမြတ်စားပထမဈာန်ဘုံမှာ ဖြစ်ပါတယ်။ ဒုတိယဈာန်ဘုံမှာလဲ သုံးဘုံ၊ တတိယဈာန်ဘုံမှာလဲ သုံးဘုံ ကွဲသွားပါတယ်။ ဗြဟ္မာမဖြစ်ခင် တရားအားထုတ်စဉ်က ဆန္ဒ၊ ဝီရိယ၊ စိတ် ပညာဆိုတဲ့ အဓိပတိတရား ၄-ပါးရဲ့ အယုတ်၊ အလတ်၊ အမြတ် ကွဲပြားတဲ့အတိုင်း ဘုံကလဲ အယုတ်အလတ်အမြတ် သုံးဘုံကွဲသွားတာ ဖြစ်ပါတယ်။

ဆန္ဒာဓိပတိနဲ့ ဝိပဿနာ

ဒါကြောင့် မြတ်စွာဘုရားက ဗြဟ္မာတွေရဲ့ စိတ်ကိုကြည့်ပြီး "ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ခန္ဓာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော"

လို့ ရုပ်နာမ်တွေဟာ ဆန္ဒကြောင့်လဲ ဖြစ်ပါတယ်လို့ ဟောလိုက်တာပါပဲ။ ဒီ အဓိပတိပစ္စည်းကို လူတွေလဲ သဘောပေါက်နိုင်ပါတယ်။ ဥပမာ–အဘိဓမ္မာ သင်တန်းတက်တယ်ဆိုပါစို့၊ အဘိဓမ္မာသင်တန်းကို လာတဲ့ ရုပ်နာမ်ဟာ တရား နာလိုတဲ့ ဆန္ဒက အဓိပတိတပ်လို့ သင်တန်းကို ရောက်လာတာပါ။ အကယ်၍ တရားကိုနာချင်တဲ့ ဆန္ဒဟာ သာမညဆန္ဒဆိုရင် လာမှာ မဟုတ်ပါ။ ရုပ်နာမ် ဖြစ်ခြင်းအကြောင်းဟာ ဆန္ဒ အဓိပတိတပ်တယ်ဆိုတော့ ဆန္ဒကို အဓိပတိတပ်ပြီး လုပ်တဲ့ ပုဂ္ဂိုလ်တွေမှာ လောဘ, ဒေါသ, မထင်ရှားပါ။ ဆန္ဒတစ်ခုပဲ ထင်ရှား ပြီး သူလုပ်ချင်တာ တစ်ခုပဲရှိလို့ သူ့ရုပ်နဲ့ ရုပ်နာမ်ဟာ အချိန်မရွေး လှုပ်လှုပ် ရှားရှား သွားလာနေပါတယ်။ ဒါကြောင့် ရုပ်နဲ့ နာမ်ဟာ ဆန္ဒကြောင့် ဖြစ်ပါ တယ်။

## ဝီရိယာဓိပတိနဲ့ ဝိပဿနာ

"ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော" ရုပ်နဲ့နာမ်ဟာ ဝီရိယကြောင့်လဲ ဖြစ်ပါတယ်။ ဆန္ဒကြောင့်ဖြစ်တဲ့ ရုပ်နာမ်ဟာ ဝီရိယကြောင့် ဖြစ်တဲ့ ရုပ်နာမ်ပေါ်လာတဲ့ အခါကျတော့ မရှိတော့ပါ။ အဓိပတိဆိုတာက တရားတစ်ခု အဓိပတိတပ်နေရင် တခြားတစ်ခုက ပြိုင်ပြီး တရား ၂–ခု တပြိုင်ထဲ အဓိပတိမတပ်နိုင်ပါ။ ဒီလို နှစ်ခုပြိုင်ပြီး အဓိပတိမတပ်နိုင်တော့ ဖြစ်ပျက်ဝိပဿနာရှုတဲ့အခါ ဆန္ဒပြင်းထန် နေတဲ့အချိန်မှာ ဖြစ်တဲ့ရုပ်နာမ်ဟာ ဝီရိယအဓိပတိတပ်ပြီး ဖြစ်တဲ့အချိန်မှာ မရှိတော့တာက ထင်ရှားပါတယ်။ ဒီအခါမှာ "ဖြစ်နေတဲ့ ရုပ်နာမ်ဟာ ဝီရိယ ကြောင့် ဖြစ်နေတာ၊ ဆန္ဒ အဓိပတိတပ်တုန်းက ရုပ်နာမ်က မရှိတော့ပါဘူး" ဆိုပြီး ပထမဆုံး ဒါကိုပဲ အနိစ္စထင်မြင်ပါတယ်။ ဆန္ဒကြောင့် ဖြစ်တဲ့ ရုပ်နာမ် ကို အနိစ္စထင်မြင်သွားတော့ "ဒီရုပ်နာမ်ဟာ ဒုက္ခပါကလား၊ နဂိုက အမြဲရှိ နေတယ်လို့ ထင်တာတွေဟာ မရှိတော့ပါလား၊ အနတ္တပါလား"လို့ ဆန္ဒ ကြောင့်ဖြစ်တဲ့ ရုပ်နာမ်ပေါ်မှာ တီရဏပရိညာဆိုတဲ့ လက္ခဏာရေး ၃–ပါး

ထင်မြင်လာတဲ့အခါ အတ္တဒိဋ္ဌိပြုတ်သွားပါတယ်။ အတ္တဒိဋ္ဌိပြုတ်သွားလို့ ဒိဋ္ဌိကို ပယ်လိုက်တာက ပဟာနပရိညာပါ။ ရုပ်နာမ်ဟာ ဆန္ဒကြောင့် ဖြစ်လာတာပဲလို့ သိတာက ဉာတပရိညာပါပဲ။

ဝီရိယကြောင့်ဖြစ်တဲ့ ရုပ်နာမ်ဟာလဲ တရားအားထုတ်တဲ့အခါ လုံ့လ ဝီရိယနဲ့ အလုပ်လုပ်တဲ့အခါမှာ အင်မတန် ထင်ရှားပါတယ်။ သေသေချာချာ ကြည့်မယ်ဆိုရင် အဲဒီ ဝီရိယကြောင့်ဖြစ်နေတဲ့ ရုပ်နာမ်ကလဲ ပညာဖြစ်လာတဲ့ အချိန်မှာ မရှိတော့ဘူးဆိုတာ ထင်ရှားပါတယ်။ ပညာကြောင့်ဖြစ်တဲ့ ရုပ်နာမ်ဟာ တရားကို ဆင်ခြင်နေတဲ့အခိုက်မှာ အင်မတန် အေးမြကြည်လင်ပါတယ်၊ ပညာ ကြောင့် ဖြစ်နေတဲ့ ရုပ်နာမ်က ချမ်းသာပါတယ်။ ဝီရိယကြောင့် ဖြစ်နေတဲ့ ရုပ်နာမ်ကတော့ နံနဲ ပင်ပန်းပါတယ်။ ပညာနဲ့ ဆင်ခြင်တဲ့အခါမှာ "ဝီရိယ ကြောင့် ဖြစ်လာတဲ့ ရုပ်နာမ်ဟာ ချုပ်ငြိမ်းသွားပြီး အင်မတန် အေးမြကြည်လင် တဲ့ ရုပ်နာမ်ပေါ်လာတာ မြင်နိုင်ပါတယ်။ အဲဒီလို မြင်တဲ့အခါမှာ 'ဝီရိယ ကြောင့် ဖြစ်တဲ့ ရုပ်နာမ်ကလဲ မမြဲဘူး၊ အနိစ္စပဲ၊ မမြဲတဲ့ရုပ်နာမ်ကြီးဟာ အမြဲတမ်း ဖောက်ပြန်တဲ့ ဝိပရိဏာမ ဒုက္ခကြီးပါလား"လို့ ရုပ်နာမ်ပေါ်မှာ အနိစ္စကို မြင်ရင် ဒုက္ခကိုလဲ မြင်လာပါတယ်။

ဝီရိယကြောင့်ဖြစ်တဲ့ ရုပ်နာမ်ဟာ ဖြစ်ပြီးပျက်သွားတာပဲ၊ ဘာမှ အနှစ် သာရ ရှာမရ၊ မဖြစ်မပျက်ဘဲ နေပါလို့ ဆိုလို့လဲမရ၊ အမိန့်ပေးလို့လဲ မရ၊ ဒါကြောင့် အနတ္တပဲလို့ဒီလိုမြင်လာတာကတီရဏပရိညာပါ။ အတ္တဒိဋ္ဌိပြုတ်တာက ပဟာနပရိညာပါ။ ရုပ်နာမ်ဟာ ဝီရိယကြောင့် ဖြစ်တာပဲလို့ သိတာက ဉာတ ပရိညာပါပဲ။ ဒီလို ဝီရိယကြောင့် ဖြစ်လာတဲ့ ရုပ်နာမ်ပေါ်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲလို့ လက္ခဏာရေးသုံးပါးနဲ့ ဆင်ခြင်တာက ပဋ္ဌာန်းဝိပဿနာ။ ရိုးရိုး ဝိပဿနာနည်းတွေမှာတော့ ရုပ်နာမ်တွေဟာ ဆန္ဒကြောင့် ဖြစ်တယ်၊ ဝီရိယ ကြောင့် ဖြစ်တယ်၊ ပညာကြောင့် ဖြစ်တယ်လို့ ဟောတဲ့နည်းက နဲပါတယ်။

ပဋ္ဌာန်းကျတော့ အဓိပတိ ၄-ပါးကြောင့် ရုပ်နာမ်ဖြစ်ပုံကို နတ်ပြဟ္မာတွေ သဘောပေါက်သွားကြတဲ့အခါ "ရုပ်နာမ်တွေဟာ ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ဝီမံသ

တစ်ခုမဟုတ် တစ်ခုကြောင့် ဖြစ်နေကြတာပါကလား၊ တစ်ခုဖြစ်ရင် တစ်ခုက မရှိတော့ပါလား၊ စိတ်ကြောင့် ဖြစ်တဲ့ ရုပ်နာမ်ဟာ ဆန္ဒကြောင့် ရုပ်နာမ် ဖြစ်လာတဲ့အခါ မရှိတော့ပါလား''လို့ ဉာဏ်နဲ့မြင်လာတဲ့အခါမှာ တရားတစ်ပွဲ ထဲနဲ့ပဲ ဗြဟ္မာတွေက ကာမဂုဏ်ပယ်ထားကြတဲ့အတွက် လွယ်လွယ်နဲ့ ထိုက်သင့် သလို မဂ်ဖိုလ် ရနိုင်ကြပါတယ်။ အဘိဓမ္မာတရားပွဲဆိုတာက အင်မတန်ကြီး ကျယ်တဲ့ စကြဝဠာတစ်သောင်းက လာတဲ့ နတ်တွေ ဗြဟ္မာတွေကို ဟောတဲ့ တရားပွဲကြီးပါ။

အဓိပတိပစ္စည်းနဲ့ ဝိပဿနာရှုရင် ရုပ်နာမ်ဖြစ်ခြင်းအကြောင်းကို ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသဆိုတဲ့ ဒီ ၄–ပါးနဲ့ပဲ ရှုရပါတယ်။ ဝိပဿနာရှုနည်းက တစ်ခုထဲ မဟုတ်ပါ။ ဘယ်နည်းနဲ့ ရှုရှု ကိုယ်သဘောပေါက်တဲ့နည်းနဲ့ ကိုယ်ရှုလို့ ရုပ်နာမ်ဖြစ်ခြင်းအကြောင်းတရားသိရင် ပစ္စယပရိဂ္ဂဟဉာဏ်ရတာပါပဲ။ ဒီလို ဉာဏ်မျိုးနဲ့ ဒီလိုရှုလို့ ပစ္စယပရိဂ္ဂဟဉာဏ်ရလာရင် စူဠသောတာပန်ဖြစ်သွားတဲ့ အတွက် အပါယ်မလားတော့ပါ။ ပဋ္ဌာန်းနည်းနဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ရလာတဲ့ အထိ အားထုတ်ထားတဲ့သူကတော့ ဂတိမြဲပါတယ်။

စူဠသောတာပန်ဆိုတာက ရုပ်နာမ်ဖြစ်ခြင်းအကြောင်းကို ပစ္စယပရိဂ္ဂဟ ဉာဏ်နဲ့ သိထားတာပါ။ ဝိပဿနာတရားထိုင်နေတဲ့အခါမှာ ရုပ်နာမ်ဖြစ်ခြင်း အကြောင်းကို ဟိတ် ၆–ပါးနဲ့ ကြည့်ရင်လဲ ရပါတယ်။ ဒါမှမဟုတ် အာရုံ ၆–ပါးနဲ့ ကြည့်ရင်လဲ ရပါတယ်။ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယောနဲ့မှ သဘောမပေါက်သေးရင် ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသဆိုတဲ့ အကြောင်းတွေနဲ့ ကြည့်ရင်လဲ ရပါတယ်။ အဓိပတိပစ္စည်းနဲ့ ဝိပဿနာရှုနည်းကတော့ နည်းရ လောက်ပါပြီ။

## ၄။ အနန္တရပစ္စည်းနဲ့ ဝိပဿနာရှုနည်း

အဓိပတိပစ္စည်းနဲ့ ဝိပဿနာရှုလို့ အရိယာမဖြစ်သေးတဲ့ နတ်၊ ဗြဟ္မာတွေကို "အနန္တရပစ္စယော"လို့ ထပ်ပြီး ဟောရပါတယ်။ ပဋ္ဌာန်းမှာ ဟေတုပစ္စည်း၊ အာရမ္မဏပစ္စည်း၊ အဓိပတိပစ္စည်း သုံးမျိုးနဲ့ အစပထမ ဟောရတာက လူနတ်ဗြဟ္မာတွေမှာ ဒီတရားတွေက ထင်ရှားနေပါတယ်။ ဟေတုဆိုတဲ့ ဟိတ် ၆-ပါးကလဲ ထင်ရှားတယ်။ ဒီထင်ရှားတဲ့ တရားတွေဟာ ရုပ်နာမ်ဖြစ်ခြင်းအကြောင်းဆိုတော့ ဒီသုံးပစ္စည်းနဲ့ပဲ တော်တော်ပြည့်စုံနေပါပြီ။ ပြည့်စုံရက်နဲ့ အနန္တရပစ္စည်း ဆက်ဟောရတာက အနန္တရပစ္စည်း လေ့လာတဲ့အခါမှာ ပစ္စည်းအကြောင်းတရားကလဲ နာမ်တရား၊ ပစ္စယုပ္ပန်အကျိုးတရားကလဲ နာမ်တရား။ ရုပ်မပါတော့တဲ့အတွက် စဉ်းစားစရာ ပြဿနာတွေ တက်လာပါတယ်။

### ရုပ်ဝါဒီ နာမ်ဝါဒီ

ဟေတုပစ္စည်းမှာ နာမ်က အကြောင်းတရား၊ နာမ်ရုပ်က အကျိုးတရား။ ဟေတုပစ္စည်းနဲ့ နာမ်ကြောင့် နာမ်ရုပ်တွေ ဖြစ်ပေါ်နေပုံကို ဟောတဲ့အခါကျတော့ ရုပ်ဝါဒသမားတွေက "ရုပ်ကြောင့်သာ နာမ်ရုပ်ဖြစ်နေတာမဟုတ်၊ နာမ်ကြောင့်လဲ နာမ်ရုပ်ဖြစ်နေတာ"လို့ သူတို့မှာ ပြဿနာတွေ ရှင်းသွားကြပါတယ်။ အာရမ္မဏပစ္စည်းမှာ အကြောင်းပစ္စည်းတရားက နာမ်တရား ရုပ်တရား ပညတ်နဲ့ နိဗ္ဗာန်အားလုံးဖြစ်ပါတယ်။ အကျိုးပစ္စယုပ္ပန်တရားကတော့ စိတ်စေတသိက်နာမ်တရားပဲဖြစ်ပါတယ်။ ဒီတော့ ရုပ်က အကြောင်းတရား၊ နာမ်က အကျိုးတရား ဖြစ်သွားပြန်ပါတယ်။ နာမ်ဝါဒသမားတွေကလဲ "နာမ်တရားဟာလဲ ရုပ်ကြောင့်ဖြစ်နိုင်တာပဲ"ဆိုပြီး သူတို့မှာ ပြဿနာတွေ ရှင်းသွားပါတယ်။

နာမ်ဝါဒီ ရုပ်ဝါဒီတို့အတွက် ပြဿနာရှင်းပြီးတော့ အဓိပတိမှာ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသဆိုတဲ့ နာမ်တရားတွေက ပစ္စည်းတရား၊ ပစ္စယုပ္ပန်တရားက နာမ်နဲ့ရုပ်ဆိုတော့ ဟေတုပစ္စည်းနဲ့ ဘာထူးသလဲဆိုတဲ့ ပြဿနာဝင်လာပါတယ်။

ဒီပြဿနာတွေထဲမှာ အနန္တရပစ္စည်း ထပ်ဟောရခြင်းရဲ့ အကြောင်းကတော့ ဗြဟ္မာတွေက ဒိဗ္ဗစက္ခုအဘိညာဉ်ရထားတဲ့အတွက် "ဘယ်သူသေပြီး၊ ဘယ်ဘုံရောက်နေပြီ၊ ဘယ်ကျောင်းဒကာကြီးဖြင့် ဘယ်ဘုံရောက်လာပြီ၊ ဘယ်ဗြဟ္မာက စုတေပြီး ဘယ်ဘုံမှာ ရောက်နေပြီ၊ ဘယ်နတ်က စုတေပြီး ဘယ်ဘုံရောက်နေပြီ" ဆိုတာကို သိနေတော့ သူတို့ဉာဏ်က အင်မတန်အဆင့်အတန်းမြင့်ပါတယ်။ သူတို့က နာမ်တရားတွေ တစ်ဘဝက တစ်ဘဝကို သွားနေတာမြင်ပါတယ်။

လူတွေမှာကတော့ ဘုရားက ဟောထားလို့သာ ယုံကြည်မှုရှိပြီး "သေရင် နတ်ပြည်ရောက်တယ်၊ ဗြဟ္မာ့ပြည်ရောက်တယ်လို့" ပြောကြပေမဲ့ ဘယ်သူမှ မမြင်နိုင်တဲ့အပြင် ဘယ်လောက်အကုသိုလ်လုပ်တဲ့သူ ငရဲကျတယ်၊ ဘယ်လောက် ကုသိုလ်လုပ်တဲ့သူ နတ်ပြည်ရောက်တယ်ဆိုတာကို ဘာမှမသိရ မမြင်ရပါ။ နတ် ဗြဟ္မာတွေကတော့ သေရင် ဘယ်ရောက်မယ်ဆိုတာ အကုန်သိနေတော့ သူတို့မှာ နာမ်က မြဲတယ်ဆိုတဲ့ သဿတဒိဋ္ဌိက ရှိနေပါတယ်။

နာမ်တရားက ဖြစ်လိုက်ပျက်လိုက်နဲ့လက်ဖျစ်တစ်တွက်မှာ ကုဋေတစ်သိန်းဖြစ်နေတဲ့ ဖြစ်ပျက်ကို သဗ္ဗညုတဉာဏ်တော်ကမှ မြင်တာပါ။ အင်မတန်ဉာဏ်ကြီးကျယ်တဲ့ ဗြဟ္မာတွေလဲ ဥပါဒ်၊ ဌီ၊ ဘင် ဖြစ်ပျက်နေတဲ့ နာမ်တရားကို မသိပါ။ စိတ္တက္ခဏ=ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်သွားတဲ့ နာမ်တရားကို ဗြဟ္မာလဲ မမြင်ပါ။ မမြင်တဲ့အတွက် နာမ်တရားက မြဲတယ်ဆိုပြီး သူတို့ကိုယ်တိုင် ဘုရားလုပ်ပြီးတော့ သတ္တဝါတွေ တစ်ဘုံက တစ်ဘုံ ပြောင်းနေတယ်လို့ ဒီလိုဝါဒဖြန့်နေတဲ့ ထာဝရဘုရားတွေ ဗြဟ္မာတွေဖြစ်လို့ နာမ်တရားကို မြဲတယ်လို့ သဿတအယူရှိတဲ့ ဗြဟ္မာတွေအတွက် အနန္တရပစ္စယောလို့ ထပ်ပြီး ဟောရပါတယ်။

အနန္တရသတ္တိ

စိတ်ဆိုတာ ဥပါဒ်၊ ဌီ၊ ဘင်နဲ့ တစ်ခုဖြစ်ပြီးနောက်တစ်ခုဖြစ်ဖို့ အနန္တရသတ္တိနဲ့ ကျေးဇူးပြုပါတယ်။ အနန္တရဆိုတာက တစ်ဆက်ထဲဖြစ်အောင် ကျေးဇူးပြုတာပါ။ တစ်ဆက်ထဲဖြစ်အောင် ကျေးဇူးပြုတယ်ဆိုတော့ လူတွေ သေတယ်လို့ ဆိုရာမှာ အဘိဓမ္မာနဲ့ကြည့်ရင် စုတိပြီး ပဋိသန္ဓေ ဖြစ်တာပါပဲ။ စုတိ ဥပါဒ်၊ ဌီ၊ ဘင်ပျက်ရင် ပဋိသန္ဓေ ဥပါဒ်၊ ဌီ၊ ဘင် ဆက်ဖြစ်ပါတယ်။ ကြားထဲမှာ ဘာမှမခြားပါ။ ဒီဘဝမှာ မြင်တဲ့စက္ခုဝိညာဉ်စိတ်ဖြစ်ပြီး သမ္ပဋိစ္ဆိုင်းဖြစ်သလို တစ်ဆက်ထဲ ဖြစ်တာပါပဲ။ စုတိနဲ့ ပဋိသန္ဓေဆက်ပုံမှာ မသေခင်ဖြစ်နေတဲ့ စိတ်တွေဖြစ်ပုံနဲ့ ဘာမှ မထူးပါ။ ခုလဲ မသေမချင်း နာမ်တရားတွေက ဖြစ်ပျက်ဖြစ်ပျက်နဲ့ တစ်ဆက်ထဲ ဖြစ်နေတာပါပဲ။

စုတိပဋိသန္ဓေ ဘဝကူးမြန်ပုံက ကုသိုလ်ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်များသေတော့ အခုဒီမှာ ငိုနေကြတယ်၊ သေသွားတဲ့ သူက ဟိုမှာ နတ်သမီးတွေနဲ့ ပျော်နေပါတယ်။ အဲဒီလောက် စုတိနဲ့ ပဋိသန္ဓေက မြန်တော့ ဒီဖြစ်ပျက်ကို ဗြဟ္မာတွေက မမြင်နိုင်ပါ။ သူတို့မြင်တဲ့ ဒိဗ္ဗစက္ခုက ဝိညာဉ်ကိုပဲ မြင်တာပါ။ ဝိညာဉ်ရဲ့ ဖြစ်ပျက်ကို မမြင်ပါ။ ဒီဝိညာဉ်ပဲ ဒီလူပဲ နတ်ပြည်မှာ သွားဖြစ်တာလို့ ဗြဟ္မာတွေ ပြောတာ ဟုတ်သလောက်လဲ ဟုတ်ပါတယ်။ မြတ်စွာဘုရားကတောင် သုတ္တန်မှာ လူတွေ နားလည်အောင် ဒီလိုပဲ ဟောထားချက်တွေရှိပါတယ်။

ဒါပေမဲ့ အဘိဓမ္မာမှာ ဝိပဿနာအဆင့်ကျတော့ ဒီလို သဿတအယူရှိတဲ့ သူတွေအတွက် အနန္တရပစ္စည်းကို ထပ်ပြီး ဟောရပါတယ်။ အနန္တရပစ္စည်း တစ်ဆက်ထဲ ဖြစ်နေတာက ဒီဘဝက ဦးဘက နောက်ဘဝ နတ်ပြည်ပြောင်းသွားတာမဟုတ်၊ ဦးဘဆိုတဲ့ ရုပ်နာမ်ဟာ အကုန်လုံး ဒီမှာ ဖြစ်ပြီးပျက်သွားတာပါ။ ဟိုဘက်က ရုပ်နာမ်တွေက သီးခြားပါ။ ဒီဘဝက အကြောင်းတရားတွေကြောင့် စုတိက အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတာပါ။

လွယ်လွယ်ပြောရမယ်ဆိုရင် လူတွေမှာ မြင်တဲ့စိတ်နဲ့ ကြားတဲ့စိတ်၊ အခုစကားပြောနေတဲ့အသံ၊ မြင်နေတဲ့ ရူပါရုံ တပြိုင်ထဲ ဖြစ်တယ်လို့ ထင်နေ

ကြတာပါ။ အမှန်ကတော့ မြင်တာက တခြား၊ ကြားတာက တခြား၊ နံတဲ့ အနံ့က တခြား၊ တစ်ဝီထိစီ သွားတာပါ။ စက္ခုဝိညာဉ် မြင်တဲ့စိတ်ဖြစ်ဖို့ရာက ဝီထိမှာ စိတ္တက္ခဏပေါင်း (၁၇)ချက်ထိ ဖြစ်ရတာပါ။ မြင်တာ၊ ကြားတာ၊ နံတာ၊ တွေ့ထိတာ၊ သိတာတွေမှာ စိတ္တက္ခဏတွေ (၁၇)ချက်စီဖြစ်ပေမဲ့ တပြိုင်နက်ထဲ ဖြစ်တယ်လို့ ထင်တာပါ။ ဒီလောက်မြန်တဲ့ နာမ်တရားတွေရဲ့ ဖြစ်ပျက်ကို ဗြဟ္မာတွေက မမြင်လို့ သဿတဒိဋ္ဌိဖြစ်နေကြတာပါ။ သူတို့ရဲ့ အယူအစွဲ သဿတက ပိုပြီး ကြီးကျယ်ပါတယ်။

ဒီဘဝက စုတိပြီး၊ ဟိုဘဝ ပဋိသန္ဓေဖြစ်တာကို လူတွေကတော့ မြင်နိုင်တာမဟုတ်လို့ "သေပြီးတော့လဲ ဘာမှ မဖြစ်ပါဘူး၊ သေပြီး သင်္ချိုင်းကုန်းမှာ ပြီးသွားတာပဲ"လို့ ဆိုတာက ဥစ္ဆေဒဒိဋ္ဌိပါ။ သေပြီး ဘာဖြစ်တယ်ဆိုတာကို မမြင်နိုင်တော့ နောက်ဘဝမရှိပါဘူးဆိုတဲ့ အယူဝါဒကတော့ လူတိုင်းနားလည်နိုင်တဲ့အယူဝါဒပါ။ သေပြီး ဟိုဘဝမှာ ဘာဖြစ်တယ်ဆိုတာ မျက်မြင်ဒိဋ္ဌဖြစ်နေတဲ့ ဗြဟ္မာတွေကျပြန်တော့လဲ  သဿတဒိဋ္ဌိဖြစ်နေကြပြန်တယ်။

နာမ်တရားတွေဟာ ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက်နဲ့ အနတ္တရပစ္စည်းဟာ ဘယ်လောက်ဆန်းကြယ်သလဲဆိုတော့ ဖြစ်ပျက်နေတဲ့ နာမ်တရားတွေဟာ သံသရာဘဝ အစကနေပြီး ဖြစ်လာတာပါ။ ရုပ်တရားကတော့ ဒီဘဝရုပ်ကြီးဟာ ဒီဘဝမှာပဲ ပျက်သွားတာကို လူတိုင်း သိပါတယ်။ နောက်ဘဝမလိုက်ဘူးဆိုတာလဲ ရှင်းနေပါတယ်။ ဒါနဲ့တောင်မှ ဒီဘဝက ဓားခုတ်ရာဟာ နောင်ဘဝမှာ ပါလာလို့ ဘယ်လိုဖြစ်နိုင်သလဲဆိုတဲ့ ပြဿနာက ဝင်လာပါသေးတယ်။ ရုပ်ကြီးက လိုက်လာသလိုလို ဆိုတဲ့အတွက် ရုပ်တရားကတော့ မလိုက်တာအမှန်ပဲ၊ စိတ္တဇ စိတ်ကြောင့် နာမ်ကြောင့် ဒီပြဿနာတွေက ဖြစ်တာပါ။ နာမ်တရားက အင်မတန် ဆန်းကြယ်ပါတယ်။

စုတိပြီးနောက် နာမ်တရားတစ်ခု ဘယ်နည်းနဲ့မှ မဖြစ်ဘဲ မနေနိုင်ပါ ဆိုတာက အနန္တရပစ္စည်းပါ။ ဘဝပြတ်တယ်လို့ ယူဆတဲ့ ဥစ္ဆေဒဒိဋ္ဌိသမားတွေ၊ ဘဝမြဲတယ်လို့ ယူဆတဲ့ သဿတဒိဋ္ဌိပုဂ္ဂိုလ်တွေ အားလုံးဟာ အနန္တရပစ္စည်းကို လေ့လာဖို့ ကောင်းပါတယ်။

အနန္တရပစ္စည်းဆိုတာက စိတ်တစ်ခုဖြစ်ပြီးရင် နောက်စိတ်တစ်ခုက နိဗ္ဗာန်မရောက်မီ စပ်ကြားမှာ ဖြစ်ကို ဖြစ်ရမှာပါ။ မဖြစ်ဘဲ နေလို့မရတဲ့ အစွမ်းသတ္တိပါ။ စိတ်တစ်ခုရဲ့ ဖြစ်လိုက်တဲ့ စွမ်းအင်ဟာ ပျက်သွားပြီးတဲ့နောက် စိတ်သစ်တစ်ခု ထပ်ဖြစ်နိုင်လောက်အောင် ကြီးကျယ်တဲ့ စွမ်းအင်ဖြစ်ပါတယ်။ အနန္တရပစ္စည်းရိုးရိုးရရင် အနန္တရူပနိဿယလဲ ရပါတယ်။ ဥပနိဿယဆိုတာက အားကြီးတဲ့ မှီရာပါ၊ အခု အရပ်ထဲမှာ စကားပြောနေကြတဲ့အခါ "ဥပနိဿယ ရှိတဲ့သူက ကောင်းစားတယ်၊ ဥပနိဿယမရှိတဲ့ သူကတော့ မကောင်းစားဘူး၊ မိဘထံကဖြစ်ဖြစ် ဆရာထံကဖြစ်ဖြစ် ဥပနိဿယ ရခဲ့ရမယ်"လို့ ပြောကြတော့ မိဘနဲ့ဆရာသမားက နည်းကောင်းလမ်းကောင်းပေးလို့လို့ အောက်မေ့ရတယ်။ ဒီလိုအဓိပ္ပါယ်မျိုးမဟုတ်ပါ။ မိဘဥပနိဿယဆိုတာက မိကောင်းဘကောင်းကို မှီဝဲရတဲ့ သားသမီးဟာ ချမ်းသာကို ချမ်းသာရမှာပါ။ ဒါလောက် မိဘက အားကောင်းတာပါ။ ဆရာသမားကောင်း မှီဝဲရလို့ တကယ့်ပညာတတ်ကြီး ပညာရှိကြီးတွေ ဖြစ်သွားကြတယ်ဆိုတာကလဲ ဆရာသမား ဥပနိဿယကိုက အားကြီးလို့ပါ။ ကလျာဏမိတ္တဥပနိဿယ မိတ်ဆွေကောင်းရရင် ချမ်းသာတာပဲ ဆိုတာကလဲ တကယ့်ကို စိတ်ကောင်းစေတနာကောင်းနဲ့ အများအကျိုးဆောင်ရွက် တတ်တဲ့ ပုဂ္ဂိုလ်တွေက အများကြီးရှိပါတယ်။ ဒီလိုအများရဲ့ ကောင်းကျိုးကို ဆောင်ရွက်တဲ့ သူတစ်ယောက်ကို မှီဝဲရတဲ့ လူတွေမှာလဲ ချမ်းသာရမှာ ဧကန်ပါ။

"ဒုလ္လဘော ပုရိသာဇညော"လို့ ဘုရားဟောတာက တိုင်းပြည်တစ်ခုမှာ အာဇာနည်ယောကျ်ားကောင်းတစ်ယောက် ပေါ်ပေါက်ဖို့ရာ ဒုလ္လဘတရား တစ်ခုပဲ။ "ယတ္ထ သော ဇာယတေ ဓီရော၊ တံ ကုလံ သုခမေဓတိ=အဲဒီ အာဇာနည်ယောကျ်ားပေါ်လာရင် အဲဒီတိုင်းပြည်ဟာ ချမ်းသာသွားတာပဲ"လို့ ဒီလို ဘုရားက ဟောထားပါတယ်။

အဲဒီခေါင်းဆောင်ကောင်းတစ်ယောက် မှီဝဲရလို့ တစ်တိုင်းပြည်လုံး ချမ်းသာ သွားတယ်ဆိုတာက ဘုရားဟော ဖြစ်ပါတယ်။ ရာဇဝင် အထောက်အထား တွေလဲ အများကြီးရှိပါတယ်။ ခေါင်းဆောင်ကောင်းတစ်ယောက် ပေါ်လာတယ် ဆိုတာကလဲ ဥပနိဿယပါပဲ။

အနန္တရပစ္စည်းကို ဟောတဲ့အခါကျတော့ တန်ခိုးကြီးတဲ့ နတ်တွေ ဗြဟ္မာတွေမှာ "နာမ်တရားတွေက မြဲနေတာ၊ သတ္တဝါတွေဟာ တစ်ဘုံက တစ်ဘုံ ပြောင်းနေတာပဲ"ဆိုတဲ့ သဿတဒိဋ္ဌိပြုတ်သွားကြပါတယ်။ "သတ္တဝါဟာ သေပြီးရင် ပြတ်တယ်"လို့ ဥစ္ဆေဒအယူရှိတဲ့ သူတွေမှာလဲ နာမ်ဆိုတဲ့ ဝိညာဉ်ဟာ ပြတ်ချင်တိုင်း ပြတ်လို့မရပါလားဆိုတဲ့အသိ သိသွားကြပါတယ်။

အနန္တရပစ္စည်းက နာမ်တရားတွေမှာ ဖြစ်ပျက်ရှိနေတယ်ဆိုတော့ နာမ်တရားက ဝိပဿနာရှုရတာ လွယ်သလား၊ ရုပ်တရားက ရှုရတာ လွယ်သလားလို့ မေးတဲ့အခါမှာ အရိုးဆုံးနဲ့ အသိလွယ်ဆုံး ဝိပဿနာမှာ ခန္ဓာကိုယ်ရုပ်ကြီး မမြဲတာကို ပထမစပြီး ရှုရင် တရားရလွယ်ပါတယ်။ အားလုံး လူတွေနဲ့ သင့်တော်တဲ့ ဝိပဿနာက ကိုယ့်ထက်ကြီးတဲ့ လူတွေ သေသေ၊ သေသေ သွားကြတာကို ဆင်ခြင်ကြည့်ပါ။ "လူတွေဟာ ခွဲတန်းတွေမှာ တန်းစီ သလို အားလုံး သင်္ချိုင်းကုန်းကို တန်းစီပြီး နေကြတာပဲ"လို့ ဒီလိုဖြစ်ပျက်လောက် မြင်ရင်ကိုပဲ တော်တော်အနိစ္စ ထင်လာပါပြီ။

လူတွေဟာ ဖြစ်လာပြီး အကုန်လုံး သေတာပဲ၊ သင်္ချိုင်းကုန်းကို တန်းစီပြီး သွားနေတာပဲ"လို့ ဒီလို ခဏခဏ အနိစ္စထင်အောင် ကြည့်ရင် အကြမ်းစား လောဘ ဒေါသတွေဟာ တော်တော် နဲသွားပါတယ်။ ငါဟာ အသက် (၅၀)ပဲ ရှိသေးတယ်၊ ငါမသေသေးဘူး၊ ငါဟာ အသက် (၆၀)ပဲ ရှိသေးတယ်၊ မသေ သေးဘူးလို့ ကိုယ့်ကိုယ်ကို မသေသေးဘူးလို့ ထင်နေလို့သာ အကြမ်းစား လောဘ၊ ဒေါသ၊ မောဟတွေလုပ်နေကြတာပါ။ သိပ်တန်ခိုးကြီးနေတဲ့ ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ် သေသွားပြီ။ သိပ်ချမ်းသာတဲ့ ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်လဲ ပစ္စည်းတွေ ထားခဲ့ပြီး သေသွားပြီ။ အကုန်လုံး သေသွားကြရတာပါပဲ။ လူတိုင်းလူတိုင်းဟာ ပဋိသန္ဓေနေပြီးတော့ သင်္ချိုင်းကုန်းကို တန်းစီပြီး သွားနေတာလို့ မြင်နေရင် အနိစ္စမြင်တာပါပဲ။

ဒီလို အနိစ္စမြင်လာတော့ ဒီရုပ်ခန္ဓာကြီးကို ကျွေးနေရတဲ့ မွေးနေရတဲ့ ပြုစုနေရတဲ့ဒုက္ခကို မြင်လာပါတယ်။ ဒီရုပ်ကြီးကို ကျွေးရမွေးရ ပြုပြင်နေရပေမဲ့လဲ

တစ်နေ့နေ့ ကောန်မုချသေရမှာပဲ၊ ဒီရုပ်နာမ်ဟာ ဒို့မပိုင်နိုင်ပါလားလို့ ဒီလိုမြင်ရင် အနတ္တမြင်တာပါပဲ။

အနန္တရပစ္စည်းနဲ့ ဝိပဿနာရှုပုံကို မြတ်စွာဘုရားက တန်ခိုးကြီးတဲ့ ဗြဟ္မာကြီးတွေကို ဟောရတာက သတ္တဝါတစ်ယောက်ရဲ့ အတိတ်ဘဝဖြစ်စဉ်ကို ပြန်ကြည့်မယ်ဆိုရင် တချို့ ဗြဟ္မာတွေက ကမ္ဘာ (၄၀)ထိ ပြန်မြင်နိုင်ပါတယ်၊ သူတို့ကလဲ ဘုရားတစ်မျိုးဖြစ်နေတာပါ။ အဲဒါကြောင့်လဲ နာမ်တရားက မြဲတယ်လို့ သူတို့ထင်နေကြတာပါ။ အနန္တရပစ္စည်းမှာ နာမ်တရားဆိုတဲ့ စိတ် (၈၉)ခု နဲ့ စေတသိက် (၅၂)မှာ ဘယ်နာမ်တရားမှ မမြဲပါ၊ ဖြစ်ပြီးပျက်သွားရပါတယ်။ အရိယာဖြစ်တဲ့ သောတာပတ္တိစိတ်လဲမမြဲ၊ ဥပါဒ်၊ ဌီ၊ ဘင်နဲ့ ပျက်ပါတယ်။ အရဟတ္တဖိုလ်စိတ်လဲ တန်ခိုးကြီးတယ်ဆိုပေမဲ့ သူလဲ ဖြစ်ပြီးပျက်တာပါပဲ။ ဒီလိုသဘောပေါက်လာတော့ နာမ်တရား မြဲတယ်လို့ ထင်နေကြတဲ့ ဗြဟ္မာတွေဟာ အရိယာအဆင့်ဆင့် ဖြစ်သွားကြပါတယ်။ အနန္တရပစ္စည်းနဲ့ ဝိပဿနာရှုနည်းကတော့ တော်လောက်ပါပြီ။

## ၅။ သဟဇာတပစ္စည်းနဲ့ ဝိပဿနာရှုနည်း

သဟဇာတပစ္စယောမှာ ပစ္စည်းတရားကလဲ နာမ်နဲ့ရုပ်၊ ပစ္စယုပ္ပန်တရားကလဲ နာမ်နဲ့ရုပ်လို့ မြတ်စွာဘုရား ဟောကြားထားတဲ့အခါမှာ လေ့လာကြည့်ရင် နာမ် နာမ်ချင်း၊ ရုပ် ရုပ်ချင်း၊ နာမ်ရုပ်က နာမ်ရုပ်၊ နာမ်က ရုပ်၊ ရုပ်က ရုပ်လို့ ခွဲပြီး ဟောထားတာတွေ တွေ့နိုင်ပါတယ်။

### နာမ် နာမ်ချင်း

အနန္တရပစ္စည်းမှာ နာမ်တရားက တစ်ခုပြီး တစ်ခု တစ်ခုပြီးတစ်ခု ဖြစ်နေလို့ သံသရာတစ်လျှောက်လုံး နာမ်တရားအစဉ်အတန်းကြီး ဖြစ်သွားတာကို ဟောတဲ့နေရာမှာ နာမ်ဆိုတဲ့ စက္ခုဝိညာဉ်စိတ် မြင်စိတ်ကလေးဟာ မြင်စိတ်တစ်ခုထဲ ဖြစ်သလားဆိုတော့ "စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော" နာမ်တရားဟာ စိတ်တစ်ခုထဲ မဖြစ်နိုင်ပါ၊ စိတ်ဖြစ်ရင် စေတသိက်ကလဲ ဖြစ်ရပါတယ်။

ဝေဒနာ၊ သညာ၊ သင်္ခါရဆိုတဲ့ စေတသိက်နဲ့ ဝိညာဏက္ခန္ဓာဆိုတဲ့ စိတ်ဟာ တပြိုင်နက် သဟဇာတ ဖြစ်ရပါတယ်။ စိတ်ချည်းပဲ တစ်ခုထဲဖြစ်လို့ မရပါ။ ဝေဒနာ၊ သညာ၊ သင်္ခါရလဲ ပါရတယ်။ ပဋိစ္စဝါရကျတော့ "ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ"လို့ ဟောထားပါတယ်။ ဗြဟ္မာကြီးတွေကလဲ နာမ်တရားထဲမှာ စေတသိက်ဆိုတဲ့ ဝေဒနာ၊ သညာ၊ သင်္ခါရတွေကို မြင်တာမဟုတ်လို့ နာမ်တရားဟာ မြဲတယ်လို့ ထင်နေကြတာပါ။

မြန်မာစကားမှာ သူကဖြင့် စိတ်ကောင်းရှိတာပဲ၊ သူကတော့ စိတ်ကြီး တယ်စသဖြင့် ဒီလိုပြောနေကြတာမှာ စေတသိက်ကို ကောင်းတယ်၊ မကောင်းဘူးလို့ မပြောကြပါ။ နောက် အဘိဓမ္မာတွေ လေ့လာကြတော့မှ စေတသိက်ကို မြင်လာကြတာပါ။ တကယ်ကတော့ စေတသိက်ကသာ လူတွေကို ကောင်းအောင်၊ မကောင်းအောင် လုပ်နိုင်တာပါ။ စိတ်သက်သက်ကတော့ နဂိုက အကောင်းပါပဲ။ စေတသိက်တွေကောင်းတာကို လူတွေကောင်းတယ်၊ စေတသိက်တွေ မကောင်းတာကို လူတွေမကောင်းဘူးလို့ ပြောနေကြတာပါ။ စိတ်သက်သက် ကြည့်မယ်ဆိုရင် လူတွေဟာ အားလုံး ကောင်းပါတယ်။ စေတသိက်တွေက လှုံ့ဆော်ပေးလို့သာ ကောင်းတဲ့လူ မကောင်းတဲ့လူတွေ ရှိနေတာပါ။ ကောင်းတဲ့စေတသိက်ရှိနေရင် ကောင်းတဲ့လူ ဖြစ်တာပါပဲ။ လူတွေက ဆိုးတာမဟုတ်ပါ၊ မကောင်းတဲ့ စေတသိက်က ဆိုးနေတာပါ။ သူတို့ကို ကောင်းတဲ့စေတသိက်တွေဖြစ်အောင် လုပ်ပေးနိုင်ရင် အားလုံး လူကောင်းတွေ ဖြစ်လာနိုင်ပါတယ်။

"စိတ်ဆိုတာ တစ်ခုထဲ ဖြစ်တာမဟုတ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ ဆိုတဲ့ စေတသိက်တွေက သဟဇာတသတ္တိနဲ့ ကျေးဇူးပြုလို့ နာမ်ဆိုတာ ဖြစ်လာတာပဲ"လို့ သဟဇာတပစ္စည်းကို ဟောတော့ နာမ်ဝါဒသမားတွေက သဘောပေါက်လာကြပါတယ်။

## ရုပ် ရုပ်ချင်း

ရုပ်တရားဆိုတာ ကမ္ဘာမှာ ဘယ်နေရာမဆို ရှိတယ်။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ ဓာတ် ၄-ပါးဟာ အရူပဘုံကလွဲရင် ဘယ်မှာမဆို ရှိလို့ ဒီဗြဟ္မာကြီးတွေက ရုပ်ရှိတာတော့ သိတယ်။ ရုပ်ဖြစ်ခြင်းအကြောင်းကိုတော့ မသိပါ။ ဒါကြောင့် "စတ္တာရော မဟာဘူတာ အညမညံ သဟဇာတ ပစ္စယေန ပစ္စယော"လို့ ဟောရပါတယ်။ ရုပ်တရားတွေဟာ မဟာဘုတ်တစ်ပါးကို စွဲပြီး ၃-ပါးက ဖြစ်တယ်၊ မဟာဘုတ် ၃-ပါးကို စွဲပြီး တစ်ပါးက ဖြစ်တယ်၊

မဟာဘုတ် ၂-ပါးကို စွဲပြီး ၂-ပါးက ဖြစ်တယ်၊ ရုပ်မှာလဲ သဟဇာတ အတူတကွ ဖြစ်နေတာပါ။ ရုပ်တစ်ခုထဲ ဖြစ်တာမဟုတ်၊ မဟာဘုတ် ၄-ပါးက တပြိုင်နက် ဖြစ်တာပါလို့ ဟောလိုက်တော့ ရုပ်ဝါဒသမားတွေလဲ သဘောပေါက်လာကြပါတယ်။

## နာမ်ရုပ်က နာမ်ရုပ်

နာမ်ရုပ်က နာမ်ရုပ်ကို ကျေးဇူးပြုတာကျတော့ "ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော" ဆိုတဲ့အချက်ဟာ ဒိဋ္ဌိဖြစ်နေတဲ့သူတွေ အတွက် အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။ သဿတဒိဋ္ဌိဖြစ်တယ်ဆိုတာက ပဋိသန္ဓေခန်းမှာ ဒိဋ္ဌိဖြစ်ကြတာပါ။ သဿတ အယူရှိတဲ့ ဗြဟ္မာတွေကလဲ ပဋိသန္ဓေခန်းကို မသိလို့ တစ်ဘဝပြီး တစ်ဘဝကို မြင်နေကြပါတယ်။ ဥစ္ဆေဒ ဒိဋ္ဌိသမားတွေကလဲ ပဋိသန္ဓေခန်းကို မမြင်တော့ ဘဝပြတ်တယ်လို့ ထင်နေကြပါတယ်။

ဘဝဖြစ်တယ်ဆိုတာက ပဋိသန္ဓေအခိုက်မှာ နာမ်နဲ့ရုပ်ဟာ တပြိုင်နက် ဖြစ်တယ်။ ပဋိသန္ဓေအခိုက်မှာ ဖြစ်တဲ့ရုပ်က ဝတ္ထုရုပ်၊ ဖြစ်တဲ့နာမ်က ပဋိသန္ဓေဝိညာဉ်၊ ဒီ ဟဒယဝတ္ထုရုပ်နဲ့ ဝိညာဉ်နဲ့က ပဋိသန္ဓေအခါမှာ တပြိုင်နက် သဟဇာတဖြစ်လို့ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုပါတယ်။ နာမ်ကို မှီပြီး ရုပ်ကဖြစ်တယ်၊ ရုပ်ကိုမှီပြီး နာမ်ကဖြစ်တယ်လို့ ပဋိသန္ဓေအချိန်မှာ နာမ်နဲ့ ရုပ်ဟာ သဟဇာတဖြစ်ကြောင်းကို ဟောတော့ နာမ်ကိုပဲ အရေးကြီးတယ်လို့ ထင်နေကြတဲ့ နာမ်ဝါဒသမားတွေဟာ ပဋိသန္ဓေအခန်းကို 'ဩက္ကန္တိက္ခဏေ' နဲ့ ပြလိုက်တော့ တော်တော် အကျွတ်တရား ရသွားကြမှာပါ။

ရုပ်ဝိပဿနာရှုနည်းကို ပြောရမယ်ဆိုရင် ပဋိသန္ဓေက စပြီးဖြစ်တဲ့ ကမ္မဇ ရုပ်ဟာ ဘယ်လို ဖြစ်လာသလဲ၊ လူတွေထင်နေကြတာကတော့ ကမ္မဇရုပ်ကြီးဟာ တောက်လျှောက်ပဲ ရှိနေတယ်လို့ ထင်ကြပါတယ်။ ကမ္မဇရုပ်ရှိတာကလဲ

မြဲနေသလားဆိုတော့ ရုပ်မှာ စိတ္တက္ခဏ (၁၇) ချက်ပဲ အသက်ရှိပါတယ်။ ကမ္မဇရုပ်ဟာ ခဏတိုင်း ခဏတိုင်းမှာ မသေမချင်း ထပ်ပြီးဖြစ်နေပါတယ်။ ပဋိသန္ဓေစိတ်ရဲ့ ဉပါဒ်ခဏမှာ ဖြစ်တယ်၊ ဌီခဏမှာ ဖြစ်တယ်၊ ဘင်ခဏမှာ ဖြစ်တယ်၊ စိတ္တက္ခဏ ၃–ကြိမ်မှာ ကမ္မဇရုပ်က သုံးခါဖြစ်ပါတယ်။ ကမ္မဇရုပ်တွေ စိတ္တက္ခဏတိုင်း အထပ်ထပ်ဖြစ်နေပေမဲ့ ချုပ်တဲ့အခါကျတော့ ကမ္မဇရုပ်ဟာ ၁၇–ချက်ဖြစ်ပြီးမှ တစ်ခါချုပ်တာပါ။ ဒါကို ပဋ္ဌာန်းဝိပဿနာရှုတဲ့အခါ သိပ်နက်နဲသွားပါတယ်။ ပဋိသန္ဓေကမ္မဇရုပ်ဟာ ခဏတိုင်းမှာ ဖြစ်တယ်ဆိုတာ မြင်နိုင်ဖို့က သိပ်မလွယ်ပါ။

## ပဋိသန္ဓေဝိညာဉ်

ပဋိသန္ဓေဝိညာဉ်ဆိုတာက ပထမဆုံး ကမ္မဇရုပ်နဲ့ ပြိုင်တူဖြစ်တဲ့ ဝိညာဉ်ကလေးကို ပဋိသန္ဓေဝိညာဉ်လို့ ခေါ်ပါတယ်။ အဲဒီ ပဋိသန္ဓေဝိညာဉ်လို့ခေါ်တဲ့ ပဋိသန္ဓေစိတ်ဟာ လူမှာ သူ့ရဲ့တစ်ဘဝလုံး လူတစ်ယောက်လို့ ခေါ်နေရတဲ့ ပင်ကိုစိတ်ပါပဲ။ လူကောင်းသူကောင်းလို့ ခေါ်ရတာလဲ ဒီစိတ်ပဲ၊ ဒွိဟိတ် ပုဂ္ဂိုလ်၊ တိဟိတ်ပုဂ္ဂိုလ်လို့ ခွဲတာလဲ ဒီစိတ်ကိုပဲ ကြည့်ပြီး ခွဲတာပါ။ ဒီစိတ်က အင်မတန် တန်ဖိုးကြီးပါတယ်။ ဒီလူဟာ သူဌေးဖြစ်မယ့်သူလား၊ မင်းဖြစ်မယ့် သူလား ဆိုတာကို ဒီစိတ်ကလေးရဲ့ စွမ်းအင်ကို အကဲဖြတ်ပြီး ဆုံးဖြတ်ရတာပါ။ ဒီစိတ်ကလေး မရှိတော့ရင် လူဟာ သေတာပါပဲ။

ဒီစိတ်ကို မြဲတယ်လို့ ယူဆရင်တော့ သဿတဒိဋ္ဌိဖြစ်တာပါပဲ။ ပဋိသန္ဓေဝိညာဉ်ကို ဝီထိစိတ်မဖြစ်ရင် အိပ်နေတဲ့အခါ 'ဘဝင်'စိတ်လို့ ခေါ်ပါတယ်။ အမှန်ကတော့ ပဋိသန္ဓေစိတ် ပဋိသန္ဓေက ပါလာတဲ့စိတ်ကိုပဲ နာမည်ပြောင်းပြီး ဘဝင်စိတ်လို့ ခေါ်တာပါ။ ဝီထိစိတ်တွေ ထထပြီး ဖြစ်တယ်ဆိုတာကလဲ ဘဝင်စိတ်က ဖြစ်ရတာပါပဲ။ ဝီထိစိတ်တစ်ခုဖြစ်ရင် အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒဆိုတော့ ဘဝင်က လှုပ်ရပါတယ်။ ဝီထိစိတ်က ရူပါရုံကို

မြင်တယ်ဆိုရင် မနောဒွါရနဲ့ စက္ခုဒွါရကို ရူပါရုံက ထိုက်တဲ့အခါမှ မြင်တဲ့စိတ်က ဖြစ်ရတာပါ။ စက္ခုပသာဒ၊ ရူပါရုံ၊ ဘဝင် မတိုက်ဆိုင်ဘဲ စက္ခုဝိညာဉ် ရှိနေတယ်လို့ ပြောလို့မရပါ။ စက္ခုဝိညာဉ်ဟာ အမြဲရှိတယ်လို့ ယူဆရင် သဿတဒိဋ္ဌိ ဖြစ်မှာပါ။

## ဖြစ်ပျက်ဆိုတဲ့တရား

ဖြစ်ပျက်ဆိုတဲ့ တရားက မဖြစ်ပျက်ခင် ဘယ်နေရာမှာမှ ရှိမနေပါ။ သူတို့မှာ ဖြစ်လာနိုင်တဲ့ အကြောင်းကတော့ ရှိပါတယ်။ အဲဒီအကြောင်းတွေက ပဋိသန္ဓေကပါလာတဲ့ ဘဝင်ဆိုတဲ့ ဝိညာဉ်ကလေးဟာ အရေးကြီးတဲ့အကြောင်းပါပဲ၊ ရှုတ်တရက် ကြည့်ရင် မြင်တဲ့စိတ်၊ ကြားတဲ့စိတ်၊ နံတဲ့စိတ်တွေဟာ ဘဝင်ကိုတိုက်ပြီးမှ ဖြစ်လာတာပါ။ ဒါပေမဲ့ "ဒီစိတ်တွေဟာ ဘဝင်ကနေပြီး ထထ ဖြစ်နေတာပါ။ ဘဝင်စိတ်ကသာ တကယ်ရှိတဲ့တရားပါ၊ မြင်တဲ့စိတ် ကြားတဲ့စိတ်တွေဟာ အရှိတရားကမှ ဖြစ်လာတဲ့ အဖြစ်တရားတွေပါ" ဆိုပြီး သဿတဒိဋ္ဌိ ဖြစ်နေကြတာပါ။ အနုလောမပစ္စည်းကို သဘောပေါက်ရင် ဘဝင်စလနက တခြား၊ ဘဝင်ုပစ္ဆေဒက တခြား၊ပဉ္စဒွါရာဝဇ္ဇန်းက တခြား၊စက္ခုဝိညဉ်က တခြား၊ စက္ခုဝိညာဉ် ဖြစ်လာဖို့က အကြောင်းတရား အများကြီး ပေါင်းဆုံပြီးမှ ဖြစ်ရတာလို့ ပဋ္ဌာန်းနားလည်တော့မှ ဒီသဿတဒိဋ္ဌိက ကွာသွားမှာပါ။

## အနုလောမပစ္စည်းနဲ့ သဿတဒိဋ္ဌိပျောက်သွားခြင်း

အကြောင်းပေါင်းများစွာ ပေါင်းဆုံပြီးမှ ဖြစ်ရတယ်ဆိုတော့ မဖြစ်ခင် ဘယ်နေရာက လာတာလဲဆိုရင် ဘယ်နေရာကမှ လာတာမဟုတ်ပါ။ တစ်နေရာက လာတယ်ဆိုရင် သဿတဒိဋ္ဌိ ဖြစ်မှာပါ။ ပျက်ပြီးတော့ တစ်နေရာ ရောက်နေတယ်ဆိုပြန်ရင်လဲ သဿတဒိဋ္ဌိပဲ ဖြစ်မှာပါ။ ဒီနေရာမှာ ပဋိသန္ဓေခန်းကို ပြောရင် သိပ်ပြီး သိမ်မွေ့ နက်နဲသွားပါတယ်။

ပဋိသန္ဓေဝိညာဉ်ဟာ မြဲနေတယ်၊ အစဉ်ရှိနေတယ်၊ လူသေသွားတော့မှ သေသွားတယ်၊ ကမ္မဇရုပ်ကလဲ မြဲနေတာပဲလို့ အများက မြင်နေကြလို့ မြတ်စွာဘုရားက နာမ်နဲ့ ရုပ်ဟာ ပဋိသန္ဓေမှာ တစ်ပြိုင်နက်ဖြစ်ပြီး ခဏတိုင်း ခဏတိုင်း ကမ္မဇရုပ်ကလဲ ဖြစ်တာတွေဖြစ် ပျက်တာတွေပျက်၊ ပဋိသန္ဓေဝိညာဉ်ကလဲ ဥပါဒ်, ဌီ, ဘင် ဖြစ်ပြီးပျက်၊ ကမ္မဇရုပ်ကလဲ ဥပါဒ်, ဌီ, ဘင် ဖြစ်ပြီး ပျက်လို့ ဒီလိုအသေးစိတ် အနိစ္စရှုခိုင်းတာကို အင်မတန်ဉာဏ်ကြီးတဲ့ ဗြဟ္မာကြီးတွေကတော့ အလွန်သဘောကျကြပါတယ်။ ဒါကြောင့်လဲ လူ့ပြည်မှာ အဘိဓမ္မာကို မဟောဘဲ နတ်ပြည်မှာ သွားပြီးဟောတာပါ။

အနန္တရပစ္စည်းကို ဟောရတာကလဲ နာမ်ချည်းသက်သက် တစ်ခုထဲ ထင်နေကြလို့ပါ၊ မီးကို လက်နဲ့လှည့်ပြီး ဝိုင်းလိုက်ရင် အဝိုင်းကြီး မြင်ရသလို မြစ်ထဲမှာ ရေစီးဆင်းနေတဲ့အခါ ရှေ့ရေနဲ့ နောက်ရေ တခြားစီဖြစ်ပေမဲ့ တစ်ဆက်ထဲ ဖြစ်နေသလို မြင်နေတာတွေဟာ တကယ်တော့ တစ်ဆက်ထဲ မဟုတ်၊ နာမ်တရားတွေဖြစ်နေတာက တစ်ခုစီပါလို့ ဟောတဲ့အခါမှာ အနန္တရပစ္စည်းနဲ့ သဿတဒိဋ္ဌိ ပျောက်သွားပါတယ်။

သို့ပေမဲ့ ရုပ်တရားတွေနဲ့ ပေါင်းလိုက်တဲ့အခါကျတော့ နာမ်နဲ့ရုပ်ဟာ ဘယ်လိုပူးနေသလဲ၊ နာမ်က သက်သက်ပဲနေသလား၊ ရုပ်က သက်သက်ပဲ နေသလား၊ နာမ်နဲ့ရုပ်ဟာ ဘာမှ မဆိုင်ဘူးလား၊ နာမ်နဲ့ရုပ်က တစ်ခြားစီလား၊ လုံးလုံး ဘယ်တော့မှ မတွဲဘူးလား၊ ပေါင်းလို့မရဘူးလားဆိုတဲ့ ပြဿနာတွေ တက်လာမှာစိုးလို့ "ခန္ဓာငါးပါးရှိတဲ့ ဘုံမှာ နာမ်နဲ့ရုပ်ဟာ သဟဇာတ ဖြစ်ပါတယ်၊ ပေါင်းလို့ရပါတယ်"လို့ သဟဇာတပစ္စည်းကို ဆက်ဟောလိုက်တော့ နတ်ဗြဟ္မာတွေဟာ သံသယအားလုံး ရှင်းသွားကြမှာပါ။

အဘိဓမ္မာတရားနာတဲ့ ပရိသတ်တွေဟာ နတ်တွေ ဗြဟ္မာတွေဖြစ်နေတော့ ဟေတုပစ္စည်းနဲ့ အာရမ္မဏပစ္စည်းကို ဟောတဲ့အခါမှာ ဗြဟ္မာတွေမှာက ကာမဂုဏ်တွေ ပယ်ထားတော့ လောဘ, ဒေါသ, မောဟကြောင့် နာမ်ရုပ်ဖြစ်နေပုံကို ဗြဟ္မာအားလုံး သဘောကျချင်မှ ကျမှာပါ။ နတ်တွေကတော့ ဗြဟ္မာများနဲ့

မတူပါ၊ နတ်ပရိသတ်ကို နာမ်ရုပ်ဖြစ်ခြင်းရဲ့ အကြောင်းက 'ဟေတုပစ္စယော' လို့ ဟောတဲ့အခါမှာ သူတို့တော့ သဘောကျ ကျေနပ်နိုင်ကြမှာပါ။ နတ်တွေမှာက ဒေါသကြီးတဲ့ နတ်တွေလဲ ရှိပါတယ်၊ တချို့နတ်များဟာ စိတ်ဆိုးတာနဲ့ စုတိစိတ်ကျသွားပါတယ်။ တချို့နတ်များကျတော့လဲ လူတွေလို မဟုတ်ပါ၊ လူက ထမင်းစားချိန် အချိန်လွန်သွားရင်လဲ နောက်မှစားရင်ဖြစ်ပါတယ်၊ နတ်တွေမှာတော့ ထမင်းစားချိန် လွန်သွားရင်လဲ သေတာပါပဲ။ ထမင်းစားတဲ့အချိန် လွန်သွားပြီး အဆာလွန်သွားရင် လောင်သွားတာပါ။ နတ်ပြည်မှာတော့ အသုဘ မသာရယ်လို့ မရှိပါ၊ သူတို့ရုပ်က နနယ်သိမ်မွေ့တော့ သူ့ဘာသာသူ ပျောက်သွားပါတယ်။ စုတိစိတ်ကျသွားတာပါပဲ။ ဒေါသကြီးတဲ့အခါမှာလဲ ဒေါသလောင်လို့ သေသွားပါတယ်။

လူ့ပြည်မှာလဲ စိတ်နူးညံ့တဲ့ သူတွေဟာ နဲနဲစိတ်ဆိုးမိရင် တစ်ရက်နှစ်ရက်လောက် နေလို့မကောင်း ဖြစ်တတ်ကြပါတယ်။ နတ်တွေမှာတော့ လောဘ, ဒေါသ, မောဟတွေရှိနေကြတဲ့အတွက် 'ဟေတုပစ္စယော'ကို ဟောတဲ့အခါမှာ သူတို့ဘဝနဲ့ အလွန် ကိုက်ညီသွားပါတယ်။

အာရမ္မဏပစ္စယောကို ဟောတဲ့အခါမှာလဲ ဗြဟ္မာမှာက ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါးလိုက်စားမှု မရှိဘဲ ပယ်ထားသူတွေ ဖြစ်တော့ သူတို့က သဘောကျချင်မှ ကျမှာပါ။ နတ်ဆိုတာကတော့ အာရုံငါးပါး ကာမဂုဏ်ခံစားဖို့ သက်သက်မို့ နတ်ပြည်မှာ ကုသိုလ်ကောင်းမှုဆိုတာ ရှိပေမဲ့လဲ များသောအားဖြင့် စည်းစိမ် ချမ်းသာ ခံစားနေတဲ့ နတ်တွေက များပါတယ်။ ဒီတော့ နာမ်ရုပ်ဖြစ်ခြင်းအကြောင်းဟာ အာရုံ (၆)ပါးပဲလို့ ဘုရားက ဟောတဲ့အခါမှာ နတ်တွေကတော့ သဘောကျမှာ သေချာပါတယ်။

ဟေတုပစ္စယောနဲ့ အာရမ္မဏပစ္စယောကို နတ်တွေက ပိုပြီး သဘောပေါက်ကြပေမဲ့ ဗြဟ္မာတွေကျတော့ အဓိပတိပစ္စယောက ပိုပြီး အံဝင်ခွင်ကျ ဖြစ်ပါတယ်၊ ပိုပြီးတော့လဲ သဘောပေါက်မှာ သေချာပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဆန္ဒလွန်ကဲတဲ့ ပုဂ္ဂိုလ်, ဝီရိယလွန်ကဲတဲ့ ပုဂ္ဂိုလ်, စိတ်လွန်ကဲတဲ့ ပုဂ္ဂိုလ်,

ပညာ လွန်ကဲတဲ့ ပုဂ္ဂိုလ်တွေဟာ ဒါတွေကို အဓိပတိတပ်ပြီး ကြိုးစားလို့သာ ဗြဟ္မာ့ပြည်ရောက်လာကြတာပါ။ ဆန္ဒကြောင့် ဖြစ်ရတယ်၊ ဝီရိယကြောင့် ဖြစ်ရတယ်၊ စိတ်ကြောင့် ဖြစ်ရတယ်၊ ပညာကြောင့် ဖြစ်ရတယ်ဆိုတော့ ဗြဟ္မာတွေအတွက် ပိုပြီး အံဝင်ခွင်ကျ ဖြစ်သွားပါတယ်။

လူ့ပြည်မှာ ဝိပဿနာရှုတဲ့အခါ နာမ်ရုပ်ဖြစ်ခြင်းအကြောင်းကို လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ ဟိတ် (၆)ပါးကြောင့် နာမ်ရုပ်ဖြစ်တယ်ဆိုပြီး ဝိပဿနာရှုရင်လဲ ရတာပါပဲ။ အာရုံ(၆)ပါးကြောင့် နာမ်ရုပ်တွေ ဖြစ်နေတာကို ရှုတဲ့ အခါမှာလဲ ရတာပါပဲ။ အဓိပတိပစ္စည်းနဲ့ ဝိပဿနာရှုလဲ ရနိုင်ပါတယ်။ လူမှာတော့ လူမျိုးစုံ ရှိနေပါတယ်။ လူမှာကတော့ ဆန္ဒလွန်ကဲတဲ့အခါမှာ ကိုယ့်နာမ်ရုပ်ဟာ ဆန္ဒနောက် အကုန်လုံးလိုက်နေကြ တာ ထင်ရှားပါတယ်။ ဝီရိယလွန်ကဲ့တဲ့အခါ ဝီရိယခေါင်းဆောင်တဲ့ နောက်ကိုပဲ နာမ်ရုပ်က လိုက်နေကြတာပါ။ ဒါကြောင့် ကိုယ့်မှာ ထင်ရှားတဲ့ တရားကို ဝိပဿနာရှုမယ်ဆိုရင် သဘောကျတဲ့ ပဋ္ဌာန်းပစ္စည်းနဲ့ ဝိပဿနာရှုနိုင်ပါတယ်၊ နာမ်ရုပ်ဖြစ်ပျက်ကို မြင်နိုင်ပါတယ်။

အနန္တရပစ္စယောမှာတော့ ရုပ်မပါတော့ပါ၊ အကြောင်းတရားက နာမ်, အကျိုးတရားက နာမ်၊ နာမ်ကြောင့် နာမ်ပဲဖြစ်တယ်ဆိုတဲ့ အနန္တရပစ္စည်းကို ကြည့်ရင် နာမ်တရား သန္တတိ အစဉ်ကြီးဟာ အစမထင် သံသရာက စပြီး နိဗ္ဗာန်ရတဲ့အထိ တန်းပြီး ဖြစ်နေပါတယ်။ အဲဒီ သန္တတိအစဉ်ကြီး တန်းနေ တာကို ဗြဟ္မာတွေက ဥပါဒ်, ဌီ, ဘင်ဆိုတဲ့ နာမ်တို့ရဲ့ ဖြစ်ပျက်ကို မမြင်နိုင် တဲ့အခါမှာ သဿတဒိဋ္ဌိ ဖြစ်နေပါတယ်။

သတ္တဝါတွေဟာ မြဲနေတာပဲ၊ တစ်ဘဝက တစ်ဘဝ ပြောင်းနေကြတယ်၊ လူ့ပြည်က သေတဲ့ပုဂ္ဂိုလ် ဘယ်ကို ရောက်တယ်၊ နတ်ပြည်က သေတဲ့ပုဂ္ဂိုလ် ဘယ်ကို ရောက်တယ်၊ ဗြဟ္မာ့ပြည်က သေတဲ့ပုဂ္ဂိုလ် ဘယ်ကို ရောက်တယ် လို့ ဗြဟ္မာတွေက သူတို့ကိုယ်တိုင် သိနေတာပါ။ လူတွေကတော့ ဒီလို သိနိုင်တာ မဟုတ်ဘဲ ဘုရားက ဟောလို့သာ ကျမ်းဂန်တွေကြောင့် သိရတာပါ။ အကြီး

ဆုံး အသက်ရှည်ဆုံး ထာဝရဘုရားဆိုတဲ့ ဗြဟ္မာကတော့ အကုန်သိနေတာပါပဲ။ ဒီတော့ ဗြဟ္မာ့ဘုံကို နောက်မှရောက်လာတဲ့ ဗြဟ္မာတွေဟာ သူဖန်ဆင်းလို့ ဖြစ်လာတယ်လို့ သူက ဒီလိုအယူရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့စိတ်ထဲမှာ "ဗြဟ္မာတွေ ဖြစ်ပေါ်လာစေချင်တယ်"လို့ တောင့်တလိုက်တာနဲ့ တပြိုင်နက် ဗြဟ္မာ့ပြည်ကို ဗြဟ္မာတွေ ရောက်လာကြပါတယ်။ သူတောင့်တတဲ့အတိုင်း ဗြဟ္မာတွေ ရောက်လာကြတဲ့အတွက် သူကလဲ တန်ခိုးကြီးတော့ ဗြဟ္မာတွေဟာ သူဖန်ဆင်းတဲ့ အမိပ္ပါယ်မျိုးနဲ့ သူဖန်ဆင်းလို့သာ ဗြဟ္မာတွေ ဖြစ်လာတယ်လို့ အယူဝါဒရှိတယ်။ အဲဒါကြောင့်လဲ သတ္တဝါတွေကို ဗြဟ္မာက ဖန်ဆင်းတယ်၊ ထာဝရဘုရားက ဖန်ဆင်းတယ်လို့ ပြောကြတာပါ။ သူက ဘာကြောင့် ထာဝရဖြစ်သလဲဆိုတော့ နောက်မှ ဖြစ်လာတဲ့ ဗြဟ္မာတွေထက် အသက်ပိုရှည်ပါတယ်၊ နောက်မှ ဖြစ်လာတဲ့ ဗြဟ္မာတွေက သူမသေခင် သေကြရတယ်။ ဒါကြောင့် သူက သူ့ကိုသူ ထာဝရလို့ ထင်နေတာပါပဲ။

ဒါကြောင့် မြတ်စွာဘုရားက "နာမ်တွေဟာ လက်ဖျစ်တစ်တွက်မှာ ကုဋေတစ်သိန်းလောက် ဖြစ်နေတာ၊ ဒါလောက် မြန်နေတာကို အသင်တို့ မသိနိုင်၊ နာမ်တွေဟာ ဥပါဒ်၊ ဌီ၊ ဘင်နဲ့ ဖြစ်ပျက် ဖြစ်ပျက် ဖြစ်နေတာပဲ၊ ဘယ်တရားမှ မြဲတဲ့တရား မရှိဘူး"လို့ အနန္တရပစ္စည်းကို ဟောတဲ့အခါကျမှ ဗြဟ္မာတွေက မမြဲဘူးဆိုတဲ့ အနိစ္စသဘောတရားကို လက်ခံနိုင်မှာပါ။

အနန္တရပစ္စည်းဟောလိုက်ပြန်တော့ သံသယဖြစ်စရာက ဒီနာမ်နဲ့ ရုပ်ဟာ ဘယ်လိုမှ မပေါင်းစပ်ဘူးလား၊ ရုပ်တွေကလဲ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်ဆိုတဲ့ ရုပ်အစဉ်တွေက သူ့ဘာသာ သီးခြား ဖြစ်နေတာလား၊ နာမ်အစဉ်တွေကလဲ သူ့ဘာသာ သီးခြား ဖြစ်နေတာလား၊ နာမ်နဲ့ရုပ်ဟာ ဘယ်လိုမှ မသက်ဆိုင်ဘူးလားဆိုတဲ့ သံသယတွေ ကင်းအောင် သဟဇာတပစ္စည်းကို ထပ်ပြီး ဟောရတာပါ။ သဟဇာတပစ္စယောမှာ လိုရင်းကတော့ ရုပ်နဲ့နာမ်ဟာ တခြားစီမဟုတ်၊ သဟဇာတဖြစ်ပါတယ်လို့ ဆိုလိုရင်းပါ။ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဆိုတဲ့ ခန္ဓာငါးပါးရှိတဲ့

(ပဋ္ဌဝေါကာရ)ဘုံမှာ ရုပ်နဲ့နာမ် သဟဇာတဖြစ်ပုံကို ငါးချက်ခွဲပြီး ရှင်းလင်း လိုက်တော့ စာဒကတက်စရာ မရှိတော့ပါ။

နာမ်သက်သက် ဝိပဿနာ

"စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော" ဆိုတဲ့ ပထမဆုံး အပိုဒ်က နာမ်သက်သက် ဝိပဿနာရှုနည်းပါ။ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဆိုတဲ့ နာမ်ခန္ဓာ ၄-ပါးက သဟဇာတ အတူတကွဖြစ်ပါတယ်။ အတူတကွဖြစ်တယ်ဆိုတာမှာ နာမ်ခန္ဓာ ၄-ပါးက ခွဲလို့မရပါ၊ ဝိပဿနာရှုတဲ့အခါမှာ သဟဇာတနာမ်သက်သက်ကို ရှုကြည့်ရင် စိတ် စေတသိက်တွေ အများကြီးရှိပေမဲ့ ဝိပဿနာရှုလို့ရတာက ဝေဒနာ, သညာ, သင်္ခါရနဲ့ ဝိညာဉ် ဒီ ၄-ခုကိုပဲ ဝိပဿနာရှုလို့ ရပါတယ်။

ကိုယ့်ကိုယ်ကို စိုက်ပြီး ရှုကြည့်ပါ၊ ဝေဒနာနုပဿနာရှုမယ်ဆိုရင် စိတ်ထဲမှာ ဝေဒနာဆိုတဲ့ ဆင်းရဲတာပဲဖြစ်ဖြစ်၊ ချမ်းသာတာပဲဖြစ်ဖြစ် ရှုကြည့်တဲ့အခါမှာ ဝေဒနာတစ်လုံးထဲ မဟုတ်ပါ။ တရားထိုင်တဲ့ပုဂ္ဂိုလ်တွေ တရားထိုင်တဲ့အခါမှာ ထုံတယ်၊ ကျင်တယ်၊ ညောင်းတယ်၊ ကိုက်တယ်ဆိုတဲ့ ဒုက္ခဝေဒနာကို သိပါတယ်၊ ဒုက္ခဝေဒနာကို သိတဲ့အခါမှာ နာတာ, ကျင်တာ, ကိုက်တာက ဝေဒနာပဲ၊ နာတာကို သိတာက ဝိညာဉ်ပဲ၊ နာတာ, ကျင်တာကို သိအောင် တိုက်တွန်းပေးတာက စေတနာဆိုတဲ့ သင်္ခါရက္ခန္ဓာပဲ၊ နာတာကို မှတ်နေတာက သညာပဲ၊ ဒီတော့ ဝေဒနာရှုရင် "စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော=ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတာကို ဘယ်လိုမှ ခွဲလို့ မရပါလား"ဆိုတာကို သိရပါတယ်။

တချို့ ဝိပဿနာရှုတဲ့အခါ ဝေဒနာကိုပဲ ရှုလို့ရတယ်၊ သညာပါတာကို မရှုတတ်၊ သင်္ခါရပါတာကိုလဲ မရှုတတ်၊ ဝိညာဉ်ပါတာကိုလဲ မရှုတတ်ပါ။ တချို့က ထိ-သိ=ထိတာ သိလို့ ဒီလိုနဲ့ တဖြေးဖြေး လေ့ကျင့်ခန်းလုပ်နေကြ

တာပါ။ အမှန်ကတော့ နာမ်ဝိပဿနာ နာမ်ကို ရှုမယ်ဆိုရင် မြတ်စွာဘုရားက တခြားစေတသိက်တွေ ရှုစရာမလို၊ နာမက္ခန္ဓာ ၄-ပါးမှာ အတူတကွ ဖြစ်ပုံ မြင်ရင် ဝေဒနာကလဲ မမြဲပါလား၊ သညာကလဲ မမြဲပါလား၊ သင်္ခါရကလဲ မမြဲပါလား၊ ဝိညာဉ်ကလဲ မမြဲပါလားလို့ ပညတ်ပေါ်မှာ မဟုတ်ဘဲ တကယ့် ပရမတ်ပေါ်မှာ ကိုယ့်ခန္ဓာပေါ်မှာ ပေါ်လာတဲ့ နာမ်တရားရဲ့ ဖြစ်ပျက်ကို မြင်လာတာက အနိစ္စမြင်လာတာပါပဲ။

အနိစ္စမြင်လို့ ကြာကြာကြည့်ရင် ဒုက္ခကိုလဲ မြင်လာတာပါပဲ၊ ဒုက္ခမြင်ရင် ဝိပဿနာရှုနေတာ "ငါ"မဟုတ်ဘူး၊ စေတနာဆိုတဲ့ သင်္ခါရက ခိုင်းနေတာ၊ စေတနာက မှတ်-မှတ်နဲ့ ခိုင်းနေတယ်၊ သညာက စေတနာခိုင်းတာကို လိုက်ပြီး မှတ်နေတယ်၊ စေတနာက သိ-သိလို့ လုပ်လို့ ဝိညာဉ်က သိတယ်။ ဝေဒနာ နာတယ်, နာတယ်ဆိုတာကလဲ ဝိညာဉ်ရှိလို့ နာတယ်ဆိုတာ သိတာပဲ၊ ဒီတော့ သူတို့ (၄)ခုက ဘတပြန် ကျားတပြန် အကြောင်းအကျိုး ဖြစ်နေတယ်။ စေတနာအကြောင်းယူရင် ကျန်တဲ့သုံးခုက အကျိုးတရားဖြစ်တယ်၊ ဝေဒနာနဲ့ သညာကို အကြောင်းတရားယူရင် စေတနာ သင်္ခါရနဲ့ ဝိညာဉ်က အကျိုးတရား ဖြစ်တယ်။ ဒါကြောင့် ပဋ္ဌိစ္စဝါရမှာ "ဧကံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ"လို့ ဟောပါတယ်။ ဝိပဿနာရှုဖို့က ပဋ္ဌာန်းဝိပဿနာက နက်နဲလို့ ဉာဏ်ကြီးတဲ့ ပုဂ္ဂိုလ်မှ ရှုလို့ ရမှာပါ၊ ပဋ္ဌာန်းနဲ့ ဝိပဿနာရှုမှပဲ တရားရတယ်လို့တော့ မဟုတ်ပါ၊ ပဋ္ဌာန်း ဝိပဿနာကတော့ နတ်တွေ ဗြဟ္မာတွေ ရှုတဲ့ ဝိပဿနာပါပဲ။

## ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပုံ

ပဋ္ဌာန်းနိဂုံးချုပ်အနေနဲ့ ပစ္စယပရိဂ္ဂဟဉာဏ်အကြောင်း တင်ပြပါအုန်းမယ်၊ နာမ်ခန္ဓာ ၄-ပါးပေါ်မှာ နာမ်တရားတို့ ဖြစ်ခြင်းအကြောင်းကို တခြားမှာ ရှာနေစရာ မလိုပါ၊ ဒီနာမ် နာမ်ချင်းမှာပဲ သူတို့ပေါင်းမိပြီးတော့မှ သိတယ်ဆိုတဲ့ သဘောတရား၊ နာတယ်ဆိုတဲ့ သဘောတရား၊ မှတ်တယ်ဆိုတဲ့ သဘော

တရား၊ မှတ်ခိုင်းတဲ့ သဘောတရား သူတို့လေးခု အပြန်ပြန် အလှန်လှန် အကြောင်းအကျိုးဖြစ်ပြီး ဖြစ်ပေါ်လာတာပဲ။ ဒီနာမ်တရားတွေ ဖြစ်ပေါ်လာတာက ဘယ်ကမှ လာတာလဲ မဟုတ်၊ မိုးပေါ်ကကျလာတာလဲ မဟုတ်၊ ဘယ်သူကမှ ဖန်ဆင်းတာလဲ မဟုတ်ဘူးလို့ ဒီလိုသိလာတာက ပစ္စယပရိဂ္ဂဟဉာဏ်ပါပဲ။ ယထာဘူတဉာဏ်လို့လဲ ခေါ်ပါတယ်။ ဝိသုဒ္ဓိနဲ့ ပြောရရင် ကင်္ခါဝိတရဏဝိသုဒ္ဓိလို့ ခေါ်ပါတယ်။ ဒီအဆင့်အထိဟာ စူဠသောတာပန်ဖြစ်လို့ ဒီအဆင့်ထိ မြင်အောင် ရှုနိုင်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုမှ လူ့ဘဝကနေ အပါယ်ကို သွားချင်ပါတယ်ဆိုလဲ မရတော့ပါ။ သူ့မှာ ဂတိမြဲသွားပါပြီ၊ ခုပြောခဲ့တဲ့ ဝိပဿနာက နာမ်သက်သက် ဝိပဿနာပါပဲ။

ရုပ်သက်သက်ဝိပဿနာ

နာမ်ကို ဝိပဿနာရှုရတာ ခက်တယ်ထင်ရင် "စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော" ရုပ်သက်သက် ဝိပဿနာ မဟာဘုတ် ၄-ပါးကို ရှုပါ။ မဟာဘုတ် ၄-ပါးအကြောင်းကို သဟဇာတပစ္စည်းမှာ တော်တော်ကျယ်ကျယ် တင်ပြခဲ့ပြီးပါပြီ။ ကံကြောင့်ဖြစ်တဲ့ မဟာဘုတ်က ၄-ပါး၊ စိတ်ကြောင့်ဖြစ်တဲ့ မဟာဘုတ်က ၄-ပါး၊ အာဟာရကြောင့်ဖြစ်တဲ့ မဟာဘုတ်က ၄-ပါး၊ ဥတုကြောင့်ဖြစ်တဲ့ မဟာဘုတ်က ၄-ပါး ရှိနေတော့ ဝိပဿနာရှုရင် ကိုယ်ထင်လွယ် မြင်လွယ်တဲ့ မဟာဘုတ်ကို ရှုရမှာပါ။ လူတွေက မီး, ရေ, လေ, မြေ ဓာတ်ကြီး ၄-ပါးကိုသာ မြင်နေကြပါတယ်။ ဒီအမြင်ကို ဖျောက်ပြီး ထွက်သက်, ဝင်သက် အာနာပါန ရှုဖူးတဲ့သူတွေဟာ ကိုယ်ရှုဖူးတာကို ကိုယ်ပြန်ကြည့်ရင် 'ထွက်သက် ဝင်သက် အာနာပါနရှုရင် ဝါယောဓာတ်ကိုမှတ်နေတာပါ။

ဒီလို ဝါယောဓာတ်ကို မှတ်နေတဲ့အခါမှာ နှာခေါင်းမှာ ထိ-သိ၊ ထွက်ရင် ထွက်တာ သိတယ်၊ ဝင်ရင် ဝင်တာသိတယ်။ ဒီလေမှာ နှာခေါင်းကို တိုက်နိုင်တဲ့ အမာဓာတ်ဆိုတဲ့ ပထဝီရှိပါတယ်၊ ပထဝီရှိလို့သာ နှာခေါင်းကို တိုက်သွားတဲ့အခါ တိုက်မှန်းသိတာပါ။ ပထဝီကို ရှုကြည့်ရင် သိပါတယ်၊ ထွက်သက်

ဝင်သက်မှာ လှုပ်ရှားနေတဲ့ ဝါယောဓာတ်ကတော့ အထင်ရှားဆုံးပဲ။ ထွက်သက် ဝင်သက်မှာ လေလုံးကလေးဖြစ်နေအောင် နှာခေါင်းဖျားမှာ တိုက်နိုင်လောက်အောင်, အမာဓာတ်ကလေး ဖြစ်လာနိုင်အောင် ဖွဲ့စည်းပေးတာက အာပေါဓာတ်ပါ။ ပထဝီချည်းပဲဆိုရင် လေလုံးက ဘယ်တော့မှ မဖြစ်နိုင်ပါ။ အာပေါဖွဲ့စည်းပေးလို့သာ ပထဝီက မာလာတာပါ၊ ဒီလေလုံးကလေးမှာ ဖွဲ့စည်းပေးတဲ့ အာပေါဓာတ်လဲ ပါတယ်လို့ ရှုကြည့်ရင် သိရပါတယ်။

ထွက်သက် ဝင်သက်လေ လှုပ်ရှားနေတဲ့အခါ ဒီလေလှုပ်ရှားနိုင်လောက်အောင် တေဇောမရှိဘဲ အပူဓာတ်မရှိဘဲ လေက မလှုပ်ရှားနိုင်ပါ။ အပြင်ဘက် ဗဟိဒ္ဓမှာဆိုရင် မီးမလောင်ခင်တုန်းက လေမရှိ၊ မီးလောင်လာရင် လေသိပ်တိုက်လာတယ်၊ အပူဓာတ်ကြောင့် လေဟာ တွန်းကန်လှုပ်ရှားလာပါတယ်၊ လေထဲမှာ အပူရှိလို့ လေထဲမှာပါလာတဲ့ အပူဓာတ်ကို ရှုလို့ရပါတယ်။ ဒီပထဝီ, တေဇော, အာပေါက စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇဝါယောမှာ ပါပါတယ်။ မဟာဘုတ် ၄–ပါးက ခွဲလို့မရလို့ ဘယ်လောက်ပဲ သေးငယ်တဲ့ဝတ္ထုပဲဖြစ်ဖြစ် မဟာဘုတ် ၄–ပါးက ရှိနေတာပါ၊ ရှိနေတဲ့ မဟာဘုတ် ၄–ပါးကို ဖြစ်ပျက်ရှုလို့ ရပါတယ်။

စိတ္တဇပထဝီ, စိတ္တဇတေဇော, စိတ္တဇဝါယော, စိတ္တဇအာပေါဆိုတဲ့ ဓာတ် ၄–ပါးကို စိုက်ကြည့်နေရင် သမာဓိဖြစ်လာနိုင်ပါတယ်။ စိတ္တဇပထဝီက ဘယ်လို ပါသလဲ၊ ဘာသတ္တိလဲ။ စိတ္တဇတေဇောက ဘယ်လို ပါသလဲ၊ ဘာသတ္တိလဲ၊ စိတ္တဇဝါယောက ဘယ်လို ပါသလဲ၊ ဘာသတ္တိလဲ၊ စိတ္တဇအာပေါက ဘယ်လို ပါသလဲ၊ ဘာသတ္တိလဲ။ မဟာဘုတ် ၄–ပါးက သူတို့ချင်း အပြန်အလှန် ကျေးဇူးပြုလို့သာ မဟာဘုတ် ၄–ပါး ဖြစ်လာတာပါ။ တစ်ပါးက အကြောင်းဖြစ်လို့ သုံးပါးက အကျိုးဖြစ်တယ်၊ သုံးပါးက အကြောင်းဖြစ်ရင် တစ်ပါးက အကျိုးဖြစ်တယ်၊ နှစ်ပါးက အကြောင်းဖြစ်ရင် နှစ်ပါးက အကျိုးဖြစ်တယ်။ အကြောင်းကြောင့် အကျိုးဖြစ်ပြီးလာတာမှာ ဖြစ်ပြီးတော့လဲ စိတ္တဇမဟာဘုတ်က ပျက်သွားပါတယ်။ ဒီစိတ္တဇမဟာဘုတ်ကို ဝိပဿနာရှုရင်လဲ အနိစ္စမြင်တာပါပဲ။

တချို့က ဓာတ် ၄-ပါးကို ဘယ်လိုရှုသလဲဆိုတော့ ခန္ဓာကိုယ်မှာ တောင့်တယ်, တင်းတယ်ဆိုရင် ဝါယော၊ ဘယ်နေရာမှာ ပူတယ်, အေးတယ်ဆိုရင် တေဇော၊ ခန္ဓာကိုယ်ကြီး အတုံးအခဲ ဖွဲ့စည်းမှုကြီးဖြစ်ရင် အာပေါ၊ ခန္ဓာကိုယ်ကြီး မာတယ်, ပျော့တယ်ဆိုရင် ပထဝီ၊ အဲဒီလို အကြမ်းစားရှုရင်လဲ ရပါတယ်၊ ဒီ "စတ္တာရော မဟာဘူတာ" အပိုဒ်က ရုပ်သက်သက် ဝိပဿနာပါ။

## ပဋိသန္ဓေနာမ်ရုပ်ဝိပဿနာ

နာမ်သက်သက် ဝိပဿနာ၊ ရုပ်သက်သက် ဝိပဿနာပြီးတော့ ရုပ်နဲ့နာမ်ရောတဲ့ ဝိပဿနာရှုနည်းအတွက် "ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော" လို့ ရုပ်နဲ့နာမ်ဟာ ပဋိသန္ဓေအခါကျတော့ အတူတကွဖြစ်တယ်၊ အပြန်အလှန် ကျေးဇူးပြုတယ်။ ရုပ်နဲ့နာမ်ဟာ ခန္ဓာငါးပါးရှိတဲ့ (ပဉ္စဝေါကာရ) ဘုံမှာ အတူဖြစ်တယ်။ ဒီလို အတူဖြစ်နေတဲ့ ရုပ်နဲ့နာမ်နှစ်ခုစလုံးကို ဝိပဿနာရှုရင် ပဋိသန္ဓေအခါမှာ ကမ္မဇရုပ်က ဘယ်လိုဖြစ်လာသလဲ၊ ဥတုဇရုပ်က ဘယ်လို ဖြစ်လာသလဲ၊ စိတ္တဇရုပ်က ဘယ်လိုဖြစ်လာသလဲ၊ ပဋိသန္ဓေဝိညာဉ် နာမ်တရားက ဘယ်လို ဖြစ်သလဲလို့ ရုပ်ရဲ့သန္တတိ၊ နာမ်ရဲ့သန္တတိ ရုပ်အစဉ် နာမ်အစဉ်ကိုမြင်အောင် ရှုရပါတယ်။ ဒီလိုဖြစ်နေပေမဲ့လဲ မြဲတာမဟုတ်၊ ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက်တာပါပဲ။ ဖြစ်ပျက်နေတဲ့ ရုပ်နဲ့နာမ်ရောပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မြင်အောင်ရှုရင်လဲ တရားရနိုင်တာပါပဲ။

## ပဝတ္တိနာမ်ရုပ်ဝိပဿနာ

သဟဇာတပစ္စည်း စတုတ္ထပိုဒ်ကလဲ ရုပ်နဲ့နာမ်ရောတဲ့ ဝိပဿနာပါပဲ၊ ဒါပေမဲ့ ပဋိသန္ဓေနာမ်ရုပ်မဟုတ်၊ ပဝတ္တိနာမ်ရုပ်ပါ။ "စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော" နာမ်ခန္ဓာ ၄-ပါးကို

ဝိပဿနာရှုတဲ့အခါမှာ ပဉ္စဝေါကာရဘုံမှာ နာမ်ချည်းပဲ ဖြစ်နေသလားဆိုတော့ "စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ" စိတ်စေတသိက်ဆိုတဲ့ နာမ်တရားတွေနဲ့ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တရားတွေဟာ အတူတကွဖြစ်ပါတယ်။ နာမ်ချည်းပဲသက်သက် ရှုတဲ့ ဝိပဿနာ၊ ရုပ်ချည်းပဲသက်သက် ရှုတဲ့ ဝိပဿနာ၊ ပဋိသန္ဓေခဏမှာ နာမ်နဲ့ရုပ်ပူးတွဲပြီးရှုတဲ့ ဝိပဿနာလို့ တင်ပြခဲ့ပြီးပါပြီ။

ပဉ္စဝေါကာရဘုံမှာ ပဝတ္တိအခါ နာမ်နဲ့ရုပ် ပူးတွဲပြီး နာမ်ကို ဝေဒနာနုပဿနာရှုတယ်ဆိုရင် ဝေဒနာကိုရှုတဲ့အခါမှာ ရုပ်တွေမရှိတော့ဘူးလား၊ ဝေဒနာရှုတဲ့အခါမှာ ဝေဒနာကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ သညာကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ ဝိညာဉ်ကြောင့်ဖြစ်တဲ့ ရုပ်တွေ ဖြစ်နေပါတယ်။

နာမ်နဲ့ရုပ်ဟာ ပဝတ္တိအခါမှာ သဟဇာတဖြစ်ပါတယ်။ အညမည အပြန်အလှန်ကတော့ စိတ္တဇရုပ်ကြောင့် နာမက္ခန္ဓာ (၄) ပါးက မဖြစ်ပါ။ နာမက္ခန္ဓာ ၄-ပါးကြောင့် စိတ္တဇရုပ်ကတော့ဖြစ်ပါတယ်။ ပဝတ္တိအခါမှာ နာမ်ခန္ဓာ ၄-ပါးကြောင့် စိတ္တဇရုပ်တွေ ဖြစ်နေတာပါပဲ၊ စိတ်က သွားမယ်ဆိုရင် ရုပ်က သွားလိုက်တယ်။ စိတ်က စားမယ်ဆိုရင် ရုပ်က စားလိုက်တယ်၊ စိတ်က အိပ်မယ်ဆိုရင် ရုပ်က အိပ်လိုက်တယ်၊ ပဝတ္တိအခါမှာ စိတ္တဇရုပ်တွေဟာ ဒီနာမ်ခန္ဓာ ၄-ပါးနဲ့ အတူတကွ ဖြစ်နေပါတယ်၊ သို့သော် အပြန်အလှန်တော့ မဖြစ်ပါ။ နာမ်ကြောင့် ရုပ်ဖြစ်ပါတယ်။ ရုပ်ကြောင့်တော့ နာမ်က မဖြစ်ပါ။ ရုပ်ဝါဒနဲ့ နာမ်ဝါဒဟာ ပဝတ္တိအခါမှာ အင်မတန် ရှင်းပါတယ်၊ ရုပ်တရားတွေက နာမ်ရဲ့ စီမံရာကို ခံရပေမဲ့ ရုပ်ကတော့ နာမ်ကို မစီမံနိုင်ပါ။

## ဥပါဒါရုပ်ဝိပဿနာ

သဟဇာတပစ္စည်း ပဉ္စမအပိုဒ်မှာက ရုပ်ကိုရှုတဲ့ ဝိပဿနာပါပဲ၊ ဒါပေမဲ့ ဒီရုပ်က ဥပါဒါရုပ်ပါ။ "စတ္တာရော မဟာဘူတာ" က မဟာဘုတ် ၄-ပါးကို ရှုတဲ့ ဝိပဿနာ၊ ဒါက ဥပါဒါရုပ်ကိုရှုတဲ့ ဝိပဿနာပါ၊ ဥပါဒါရုပ်ဆိုတာ

မဟာဘုတ် ၄–ပါးမှ ကြွင်းတဲ့ ရုပ်တွေပါ။ မဟာဘုတ်ကိုပဲ မှီပြီးဖြစ်တယ်ဆိုတော့ မဟာဘုတ်ရှုနည်းက ပြီးခဲ့ပါပြီ။ ဥပါဒါရုပ်ကို ရှုနည်းကတော့ ဥပမာ– ဝတ္ထုဒသကကလာပ်မှာ မဟာဘုတ် ၄ ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဇီဝိတနဲ့ ဝတ္ထုရုပ် ဆိုတဲ့ ရုပ် (၁၀)ခု ရှိပါတယ်။ ဒီရုပ် (၁၀) ခုထဲက ဥပါဒါရုပ်ဖြစ်တဲ့ ဝတ္ထုရုပ်ကို ပြန်ကြည့်ရင် ဝတ္ထုရုပ်က ကမ္မဇမဟာဘုတ်ကို မှီနေပါတယ်၊ ကမ္မဇမဟာဘုတ်ကြောင့် ဝတ္ထုရုပ်ဖြစ်တယ်၊ ဝိညာဉ်က ဝတ္ထုရုပ်ကို မှီနေပြန်တယ်၊ ဝတ္ထုရုပ်ကြောင့် စိတ်က ဖြစ်တယ်၊ စိတ်ကြောင့် စိတ္တဇဝါယော မဟာဘုတ်က ဖြစ်တယ်၊ ရုပ်နဲ့နာမ် အကြောင်းအကျိုး အမျိုးမျိုး ဆက်သွယ်နေတာကို ပဋ္ဌာန်းနဲ့ ဝိပဿနာရှုရင် ရပါတယ်။ အဲဒီလို အကြောင်းအကျိုးကို သိတဲ့ဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ် ခေါ်တာပါပဲ။

ဒီဉာဏ်ကတော့ ပဋ္ဌာန်းအကြောင်းအကျိုး အမျိုးမျိုးနဲ့သိမှ သိတယ်ဆိုတဲ့ ဉာဏ်မျိုးတော့ မဟုတ်ပါ။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမဆိုတာ ပညတ်တွေပဲ၊ ပရမတ္ထသစ္စာအားဖြင့် ရုပ်နဲ့ နာမ်ပဲ ရှိတယ်၊ ရုပ်နဲ့ နာမ်ဟာလဲ အကြောင်းအမျိုးမျိုးကြောင့် တဖွားဖွားဖြစ်နေတယ်။ ဘယ်တရားမှ မြဲတာ မရှိဘူးလို့ ဉာဏ်နဲ့သိရင် အနိစ္စကို မြင်တာပါပဲ၊ အနိစ္စမြင်တော့မှ ဒုက္ခမြင် လာတာပါပဲ၊ ဒုက္ခမြင်တော့လဲ အနတ္တမြင်လာတာပါပဲ။ ငါ့ကိုယ် ငါ့အိမ် ငါ့ပစ္စည်းဆိုတာ ပညတ်တွေပဲ၊ တကယ်ရှိတာက နာမ်ရုပ်ပဲလို့ ဝိပဿနာနဲ့ အတ္တပြုတ်သွားရင် စူဠသောတာပန် ခေါ်တာပါပဲ၊ အပါယ်မလားနိုင်တော့ပါ။ ဝိပဿနာ ရိုးရိုးအားထုတ်နည်းတွေကို ထားပါ၊ ပဋ္ဌာန်းနဲ့ယှဉ်ပြီး ဝိပဿနာရှုပုံ ရှုနည်းမှာ ပစ္စယပရိဂ္ဂဟဉာဏ်၊ ယထာဘူတဉာဏ်၊ ဓမ္မဋ္ဌိတိဉာဏ်တွေရခဲ့ရင် အပါယ်တံခါး ပိတ်ပါတယ်။ ဒီလောက် နက်နဲတဲ့ ပဋ္ဌာန်းဝိပဿနာကို နားလည်ဖို့ ဆိုတာက ပဋ္ဌာန်းကို လေ့လာသင်ယူဖူးတဲ့ သူတွေမှ နားလည်နိုင်ပါတယ်၊ ပဋ္ဌာန်းဝိပဿနာ ကုသိုလ်ဟာ ကုသိုလ်ထဲမှာတော့ အလွန်မြင့်မြတ် ကြီးကျယ်တဲ့ ကုသိုလ်ဖြစ်ပါတယ်။ ဒီကုသိုလ်ကို ရယူနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ပဋ္ဌာန်း ဝိပဿနာကို နိဂုံးချုပ်ကြပါစို့။

# တောင်းဆုပတ္ထနာ

၁။ ယံ ပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊ ဉတွာ ဓမ္မံ သုခါဝဟံ။

၂။ ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ။
အသောက မနုပါယာသံ၊ နိဗ္ဗာနသုခ မုတ္တမံ။

၃။ စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။

၄။ ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇံ။

၁။ မယာ၊ အကျွန်ုပ်သည်။ ယံကုသလံ၊ အကြင်ကောင်းမှုကုသိုလ်ကို။ ပတ္တံ၊ ရောက်အပ် ရအပ်ပေပြီ။ တဿ၊ ထိုကောင်းမှု၏။ အာနုဘာဝေန၊ အစွမ်းအားကြောင့်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ သဒ္ဓမ္မရာဇဿ၊ တရားမင်းစစ် ဓမ္မရာဇ်ဖြစ်တော်မူသော မြတ်စွာဘုရား၏။ သုခါဝဟံ၊ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်နိုင်သော။ ဓမ္မံ၊ တရားတော်ကို။ ဉာယန္တု၊ သိနိုင်ကျင့်နိုင်ကြပါစေကုန်သတည်း။ ဉ တွာ၊ သိပြီး ကျင့်ပြီးနောက်-

၂။ ဝိသုဒ္ဓါယ၊ စင်ကြယ်သော။ သုခါယ၊ လွယ်ကူသော။ ပဋိပတ္တိယာ၊ အကျင့်ဖြင့်။ အသောကံ၊ စိုးရိမ်ခြင်းမရှိသော။ အနုပါယာသံ၊ ပူပန်မှုမရှိသော။ ဥတ္တမံ၊ အမြတ်ဆုံးဖြစ်သော။ နိဗ္ဗာနသုခံ၊ နိဗ္ဗာန်ချမ်းသာသို့။ ပါပုဏန္တု၊ ရောက်နိုင်ကြပါစေကုန်သတည်း။

၃။ သဒ္ဓမ္မော၊ သူတော်ကောင်းတရားသည်။ စိရံ၊ ကြာမြင့်စွာ။ တိဋ္ဌတု၊ တည်ပါစေသတည်း။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဓမ္မေ၊ သူတော်ကောင်းတရား၌။ သဂါရဝါ၊ ရိုသေလေးစားခြင်းရှိကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဒေဝေါ၊ မိုးသည်။ ကာလေန၊ ရွာသင့်သောအခါ၌။ သမ္မာ၊ ကောင်းစွာ။ ပဝဿတု၊ ရွာသွန်းပါစေသတည်း။

၄။ ပေါရာဏာ၊ ရှေးခေတ်၌ ဖြစ်ကုန်သော။ သုရာဇာနော၊ မင်းကောင်း, မင်းမြတ်တို့သည်။ ပဇံ၊ တိုင်းသူပြည်သား လူအများကို။ ဓမ္မေန၊ တရားသဖြင့်။ ရက္ခိံသု ယထာ၊ စောင့်ရှောက်ကြကုန်သကဲ့သို့။ တထေဝ၊ ထို့အတူသာလျှင်။ ရာဇာ၊ တိုင်းပြည်အုပ်ချုပ်သော မင်းသည်။ အတ္တနော၊ မိမိ၏။ ပဇံ ဣဝ၊ ရင်ဝယ်သားကဲ့သို့။ ဣမံ ပဇံ၊ ဤတိုင်းသူပြည်သား လူအများကို။ ဓမ္မေန၊ တရားသဖြင့်။ ရက္ခတု၊ စောင့်ရှောက်ပါစေသတည်း။

# သဒ္ဓမ္မဇောတိကပဋ္ဌာန်း

# နောက်ဆက်တွဲ

# ခက်ဆစ်မှတ်ဖွယ်

| ဝေါဟာရပုဒ် | | အဓိပ္ပါယ်ဖွင့်ဆိုချက် | အသုံးပြုရာ စာမျက်နှာ |
|---|---|---|---|
| **[အ]** | | | |
| အကုသလကမ္မပထ(၁၀)ပါး | = | အပါယ်ရောက်ကြောင်း အကုသိုလ်ကံ (၁၀)ပါး | ၁၂၉ |
| အကုသိုလ်မဂ္ဂင် | = | အပါယ်ဘုံသို့ရောက်ကြောင်းမဂ္ဂင် | ၂၅၇ |
| အကုသိုလ်ဟိတ် | = | အကုသိုလ်ဖြစ်ခြင်း၏အရင်းခံအကြောင်း (လောဘ၊ ဒေါသ၊ မောဟ) | ၄ |
| အဇ္ဈတ္တိကသြဇာ | = | ခန္ဓာကိုယ်၏အတွင်း အဋ္ဌကလာပ်ရုပ်များ ထဲရှိ သြဇာ | ၃၀၈ |
| အညာတာဝိန္ဒြေ | = | ရဟန္တာပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်စိတ်၌ ရှိသော ပညာ | ၂၂၉ |
| အညိန္ဒြေ | = | အထက်မဂ်သုံးခု၊ အောက်ဖိုလ်သုံးခု၌ရှိသော ပညာ | ၂၂၈ |
| အဋ္ဌကလာပ် | = | ရုပ်(၈)ခု အဖွဲ့အစည်း (မဟာဘုတ်လေးပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာ) | ၉၀ |
| အဋ္ဌင်္ဂိကမဂ် | = | အင်္ဂါရှစ်ပါးရှိသောမဂ် | ၂၅၈ |
| အတ္တဒိဋ္ဌိ | = | ထင်ရှားရှိသော ရုပ်နာမ်ခန္ဓာကို ငါဟုစွဲယူ ထင်မြင်သောအယူ | ၃၃၆ |

| ဝေါဟာရပုဒ် | အဓိပ္ပါယ်ဖွင့်ဆိုချက် | အသုံးပြုရာ စာမျက်နှာ |
|---|---|---|
| အတိမဟန္တာရုံဝီထိ = | စိတ္တက္ခဏတစ်ချက်အလွန်တွင် ထင်လာသော စိတ်သက်(၁၆)ချက်ရှိသော ဝီထိ | ၁၇၂ |
| အတီတဘဝင် = | အာရုံမထင်မီ လွန်ပြီးသောဘဝင် | ၁၄၂ |
| အတ္ထိပစ္စည်း = | ထင်ရှားရှိနေဆဲ၌သာ ကျေးဇူးပြုသောတရား | ၂၉၆ |
| အနညာတညဿာမိတိန္ဒြေ = | သောတာပတ္တိမဂ်စိတ်၌ရှိသောပညာ | ၂၂၈ |
| အနန္တရူပနိဿယ = | နာမ်တရားတစ်ခုနှင့် တစ်ခု အကြားအလပ် မရှိအောင် ဆက်စပ်ပေးသော အားကြီးသည့် အမှီတရား | ၁၁၈ |
| အနိန္ဒြိယဗဒ္ဓရုပ် = | ဣန္ဒြေတို့နှင့် မဆက်စပ်သောရုပ် | ၃၁၃ |
| အနုလုံ = | ရှေ့ကဖြစ်ပြီးသောပရိကံနှင့် ဈာန်မဂ်ဖိုလ် ရရန်လျော်သောစိတ် | ၆၄ |
| အနုသယကိလေသာ= | အကြောင်းတိုက်ဆိုင်မှုရှိတိုင်း ထပ်ကာ ထပ်ကာ ဖြစ်ပေါ်သောကိလေသာ | ၃၄၈ |
| အပရာပရိယဝေဒနီယကံ= | တတိယဘဝမှစ၍ နိဗ္ဗာန်မရမီအတွင်း တစုံတစ်ခုသောဘဝ၌ အကျိုးပေးသော ကံ | ၁၇၄ |
| အပ္ပမညာဒွေး = | အတိုင်းအဆမရှိသည့် သတ္တဝါပညတ်ကို အာရုံပြုသောတရားနှစ်ပါး(ကရုဏာ၊မုဒိတာ) | ၄၅ |
| အဗျာကတတရား = | ကုသိုလ်, အကုသိုလ်အဖြစ် မဟောကြားအပ်သော တရား (ဝိပါက်စိတ်, ကြိယာစိတ်, ရုပ်တရားများနှင့် နိဗ္ဗာန်) | ၁၂၆ |
| အဗျာကတဟိတ် = | အဗျာကတနှင့်တကွဖြစ်သော အကြောင်း (အလောဘ၊ အဒေါသ၊ အမောဟ) | ၄ |

| ဝေါဟာရပုဒ် | | အဓိပ္ပါယ်ဖွင့်ဆိုချက် | အသုံးပြုရာ စာမျက်နှာ |
|---|---|---|---|
| အဝိဂတပစ္စည်း | = | နောက်ထပ်အသစ်ဖြစ်ပေါ်လာသော ရုပ်နာမ်တို့အား မကင်းသည့်အနေဖြင့် ကျေးဇူးပြုသောတရား | ၃၂၇ |
| အဝိနိဗ္ဘောဂရုပ် | = | တစ်ခုစီခွဲ၍မရ၊ တစ်ပေါင်းတည်းဖြစ်သောရုပ် (မဟာဘုတ်လေးပါးနှင့် ဝဏ္ဏ၊ဂန္ဓ၊ရသ၊ဩဇာ) | ၈၅ |
| အသညသတ်ကမ္မဇမဟာဘုတ် | = | ရုပ်သာရှိသော အသညသတ်ဘုံသားတို့၏ ကံကြောင့်ဖြစ်သော မဟာဘုတ် | ၁၀ |
| အဟိတ်ပဋိသန္ဓေ ကမ္မဇမဟာဘုတ် | = | အဟိတ်ပဋိသန္ဓေနေသောသတ္တဝါ၏ ကံကြောင့်ဖြစ်သော မဟာဘုတ် | ၁၀ |


## [အာ]


| | | | |
|---|---|---|---|
| အာဒိကမ္မိကဈာနဝီထိ | = | အစဦးဆုံးအားထုတ်သူ၏ဈာန်စိတ်အစဉ် | ၆၄ |
| အာပေါဓာတ် | = | ဖွဲ့စည်းမှု၊ ယိုစည်းမှုသဘော | ၈၃ |
| အာယတနလောက | = | အာယတနတရားများဖြစ်ရာ ခန္ဓာဟူသော လောက | ၂၃၆ |
| အာရမ္မဏူပနိဿယ | = | အလွန်အားကောင်းသည့် အာရုံအမှီတရား | ၁၁၈ |
| အာရမ္မဏပုရေဇာတ | = | ရှေ့၌ဖြစ်နှင့်ပြီး အာရုံအနေဖြင့် ကျေးဇူးပြုသောတရား | ၁၅၁ |
| အာရမ္မဏပုရေဇာတတ္ထိ | = | ရှေ့၌ဖြစ်နှင့်ပြီး မိမိထင်ရှားရှိဆဲ၌သော အာရုံအနေဖြင့် ကျေးဇူးပြုသောတရား | ၃၀၄ |
| အာသေဝနပစ္စည်း | = | အကြိမ်ကြိမ်ပွားများထုံထားသည့်အနေဖြင့် ကျေးဇူးပြုသောတရား | ၁၆၇ |

| ဝေါဟာရပုဒ် | | အဓိပ္ပါယ်ဖွင့်ဆိုချက် | အသုံးပြုရာ စာမျက်နှာ |
|---|---|---|---|
| အာဟာရဇသြဇာ | = | ခန္ဓာကိုယ်ပြင်ပအစားအစာနှင့် ခန္ဓာကိုယ်တွင်းရှိ အဋ္ဌကလာပ်ရုပ်ထဲ၌ပါသော အဆီအနှစ် သြဇာအရသာ | ၂၀၇ |
| အာဟာရဇကာယ | = | အာဟာရကြောင့်ဖြစ်သော ကိုယ်ခန္ဓာ | ၂၀၇ |
| အာဟာရဇမဟာဘုတ် | = | အာဟာရကြောင့်ဖြစ်သော မဟာဘုတ် | ၁၀ |
| အာဟာရဇရုပ် | = | အာဟာရကြောင့်ဖြစ်သောရုပ် | ၂ |
| အာဟာရတ္ထိ | = | မိမိထင်ရှားရှိဆဲ၌အာဟာရအနေဖြင့် ကျေးဇူးပြုသောတရား | ၃၀၅ |
| အာဟာရပစ္စည်း | = | ရုပ်နာမ်ခန္ဓာကိုအသက်ရှည်စေရန် ဆောင်ရွက်ထောက်ပံ့ထားသည့်အနေဖြင့် ကျေးဇူးပြုသောတရား | ၂၀၃ |

## [ ဣ - ဥ - ဧ - ဩ ]

| ဝေါဟာရပုဒ် | | အဓိပ္ပါယ်ဖွင့်ဆိုချက် | အသုံးပြုရာ စာမျက်နှာ |
|---|---|---|---|
| ဣတ္ထိန္ဒြေ | = | မိန်းမအမူအရာအသွင်အပြင်ကို ဖြစ်စေသည့် ဣတ္ထိဘာဝရုပ် | ၂၁၅ |
| ဣတ္ထိဘာဝဒသကကလာပ် | = | ဣတ္ထိဘာဝရုပ်အပါအဝင် ရုပ်(၁၀)ခု အဖွဲ့အစည်း | ၂၀၄ |
| ဣန္ဒြိယဗဒ္ဓရုပ် | = | ဣန္ဒြေတို့နှင့် ဆက်စပ်နေသောရုပ် | ၃၁၃ |
| ဥစ္ဆေဒဒိဋ္ဌိ | = | သေပြီးနောက် ရုပ်နာမ်မဖြစ်တော့ဘဲ တစ်ဘဝတည်းနှင့် ပြတ်၏ဟု ယူဆသော အယူဝါဒ | ၃၂၀ |
| ဥတု | = | အပူအအေးဟူသော တေဇောဓာတ် | ၁၃၆ |
| ဥတုဇသြဇာ | = | ဥတုကြောင့်ဖြစ်သော သြဇာရုပ် | ၂၀၆ |

| ပါဠိဟာရပုဒ် | | အဓိပ္ပါယ်ဖွင့်ဆိုချက် | အသုံးပြုရာ စာမျက်နှာ |
|---|---|---|---|
| ဥတုဇကာယ | = | ဥတုကြောင့်ဖြစ်သော ခန္ဓာကိုယ် | ၂၀၆ |
| ဥတုဇမဟာဘုတ် | = | ဥတုကြောင့်ဖြစ်သော မဟာဘုတ် | ၁၀ |
| ဥတုဇရုပ် | = | ဥတုကြောင့်ဖြစ်သောရုပ် | ၂ |
| ဥပစာ | = | ဈာန်မဂ်ဖိုလ်၏ အနီး၌ ဖြစ်သောစိတ် | ၆၄ |
| ဥပတ္ထမ္ဘကအကြောင်း | = | ခိုင်မြဲအောင် ထောက်ပံ့သောအကြောင်း | ၁၆၂ |
| ဥပနိဿယ | = | အားကြီးသောအကြောင်း၊ အားကြီးသောအမှီ | ၁၁၆ |
| ဥပပဇ္ဇဝေဒနီယကံ | = | ဒုတိယဘဝ၌ အကျိုးပေးသောကံ | ၁၇၄ |
| ဥပါဒါရုပ် | = | မဟာဘုတ်ကို မှီ၍ဖြစ်သောရုပ် | ၉၁ |
| ဧကဇကာယ | = | အကြောင်းတစ်ခုကြောင့်ဖြစ်သောခန္ဓာကိုယ် | ၁၅၉ |
| ဧကဝေါကာရ | = | ခန္ဓာတစ်ပါးသာရှိသော အသညသတ်ဘုံ | ၉၈ |
| ဩက္ကန္တိက္ခဏ | = | ပဋိသန္ဓေစတည်ချိန်ကာလ | ၉၁ |
| ဩဇဋ္ဌမကရုပ် | = | ရှစ်ခုမြောက်တွင် ဩဇာရုပ်ပါဝင်သော ရုပ်ပေါင်းရှစ်ခု (မဟာဘုတ်လေးပါး၊ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ) | ၂၀၄ |


## [ က ]


| | | | |
|---|---|---|---|
| ကင်္ခါဝိတရဏဝိသုဒ္ဓိ | = | ယုံမှားမှုဝိစိကိစ္ဆာကို လွန်မြောက်ပြီးသော အထူးစင်ကြယ်သည့်ဉာဏ် | ၃၇၅ |
| ကဋတ္တာရုပ် | = | ပြုပြီးသောကံကြောင့် ဖြစ်ပေါ်လာသောရုပ် | ၁၈၈ |
| ကဗဠီကာရအာဟာရ | = | အလုတ်အလွေးပြု၍ စားအပ်သော အစားအစာ(အာဟာရရုပ်) | ၂၀၄ |
| ကမ္မဇဩဇာ | = | ကံကြောင့်ဖြစ်သော ဩဇာရုပ် | ၂၀၄ |
| ကမ္မဇကာယ | = | ကံကြောင့်ဖြစ်သော ခန္ဓာကိုယ် | ၂၀၇ |

| ဝေါဟာရပုဒ် | | အဓိပ္ပါယ်ဖွင့်ဆိုချက် | အသုံးပြုရာ စာမျက်နှာ |
|---|---|---|---|
| ကမ္မဇပထဝီ | = | ကံကြောင့်ဖြစ်သော ပထဝီဓာတ် | ၈၈ |
| ကမ္မဇမဟာဘုတ် | = | ကံကြောင့်ဖြစ်သော မဟာဘုတ် | ၁၀ |
| ကမ္မဇရုပ် | = | ကုသိုလ်ကံ၊အကုသိုလ်ကံကြောင့်ဖြစ်သောရုပ် | ၁၃၂ |
| ကမ္မဿကတာသမ္မာဒိဋ္ဌိ | = | ကံ၊ ကံ၏အကျိုးကို ယုံကြည်လက်ခံသော အသိဉာဏ်၊ အမြင်မှန် | ၂၆၇ |
| ကလလရေကြည် | = | ပဋိသန္ဓေအခါတွင်ဖြစ်သော ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသကကလာပ်သုံးစည်း | ၂၂၀ |
| ကလာပ် | = | အဖွဲ့အစည်း | ၂၀၅ |
| ကလာပ်တူ | = | ဖြစ်ရာအုပ်စုတူညီမှု | ၉၇ |
| ကလာပ်ပြား | = | ဖြစ်ရာအုပ်စု ကွဲပြားမှု | ၉၇ |
| ကာမာဝစရကုသိုလ် | = | ကာမ(၁၁)ဘုံသား၌ များသောအားဖြင့် ဖြစ်သောကုသိုလ် | ၁၂၇ |
| ကာယဒသက | = | ကာယပသာဒရုပ်အပါအဝင် ရုပ်ဆယ်ခု | ၁၆၁ |
| ကာယဒွါရဝီထိ | = | ကာယပသာဒ၌ဖြစ်ပေါ်လာသောစိတ်အစဉ် | ၅၄ |
| ကာယာယတန | = | ကာယပသာဒရုပ်(ခန္ဓာကိုယ်အကြည်ရုပ်) | ၁၄၈ |
| ကာယဝိညာဏဓာတ် | = | ကာယပသာဒကို မှီ၍သိသည့်သဘော | ၁၆ |
| ကာယဝိညတ် | = | အလိုဆန္ဒကို သိစေသောကိုယ်အမူအရာ | ၄၁ |
| ကုသလဝိပါကစက္ခုဝိညာဉ် | = | ကုသိုလ်ကံ၏ အကျိုးဖြစ်သည့် မြင်သိစိတ် | ၁၃၂ |
| ကုသိုလ်မဂ္ဂင် | = | သုဂတိဘုံဘဝ၊ နိဗ္ဗာန်သို့ ရောက်ကြောင်း (သမ္မာဒိဋ္ဌိစသော) မဂ္ဂင်ရှစ်ပါး | ၂၅၆ |
| ကုသိုလ်ဟိတ် | = | ကုသိုလ်ဖြစ်ခြင်း၏ အရင်းခံအကြောင်း (အလောဘ၊ အဒေါသ၊ အမောဟ) | ၄ |

| ဝေါဟာရပုဒ် | | အဓိပ္ပါယ်ဖွင့်ဆိုချက် | အသုံးပြုရာစာမျက်နှာ |
|---|---|---|---|
| ကြိယာစိတ် (ကိရိယာစိတ်) | = | ဘုရားရဟန္တာတို့၏ အကျိုးပေးခြင်းသဘော မရှိသည့် ပြုကာမျှစိတ် | ၁၈၂ |

[ ခ – ဃ ]

| | | | |
|---|---|---|---|
| ခန္ဓာလောက | = | ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် ဟူသော လောက | ၂၃၆ |
| ဂေါစရရုပ် | = | အာရုံဖြစ်သောရုပ် (ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ) | ၁၅၆ |
| ဂေါတြဘူ | = | ကာမအနွယ်, ပုထုဇဉ်အနွယ်ကို လွှမ်းမိုး၍ မဟဂ္ဂုတ်, လောကုတ္တရာအနွယ်ကို ဖြစ်ပေါ် စေသောစိတ် | ၆၄ |
| ဃာနဒွါရဝီထိ | = | ဃာနပသာဒ၌ ဖြစ်ပေါ်သောစိတ်အစဉ် | ၅၄ |
| ဃာနဝိညာဏဓာတ် | = | ဃာနပသာဒကို မှီ၍သိသည့်သဘော | ၁၅ |
| ဃာနာယတန | = | ဃာနပသာဒရုပ် (နှာအကြည်ရုပ်) | ၁၄၈ |

[ စ ]

| | | | |
|---|---|---|---|
| စက္ခာယတန | = | စက္ခုပသာဒရုပ် (မျက်စိအကြည်ရုပ်) | ၁၄၈ |
| စက္ခုဒသကကလာပ် | = | စက္ခုပသာဒရုပ်အပါအဝင် ရုပ်(၁၀)ခု အဖွဲ့အစည်း | ၃၁၁ |
| စက္ခုဒွါရဝီထိ | = | စက္ခုပသာဒ၌ဖြစ်သော စိတ်အစဉ် | ၁၂ |
| စက္ခုဝိညာဉ်စိတ် | = | စက္ခုပသာဒကို မှီ၍သိသောစိတ် (မြင်စိတ်) | ၁၂ |
| စက္ခုဝိညာဏဓာတ် | = | စက္ခုပသာဒကို မှီ၍ သိသောသဘော | ၁၅ |

| ဝေါဟာရပုဒ် | | အဓိပ္ပါယ်ဖွင့်ဆိုချက် | အသုံးပြုရာ စာမျက်နှာ |
|---|---|---|---|
| စတုဇကာယ | = | ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းလေးပါးကြောင့်ဖြစ်သော ခန္ဓာကိုယ် | ၁၅၉ |
| စတုဝေါကာရ | = | နာမ်ခန္ဓာလေးပါးသာရှိသော (အရူပ)ဘုံ | ၉၈ |
| စတုသမုဋ္ဌာနိကကာယ | = | ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းလေးပါးကြောင့်ဖြစ်သော ခန္ဓာကိုယ် | ၁၅၉ |
| စတုသမုဋ္ဌာနိကရုပ် | = | ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းလေးပါးကြောင့်ဖြစ်သော ရုပ် | ၂၀၉ |
| စိတ္တက္ခဏ | = | စိတ်၏ ဖြစ်၊ တည်၊ ပျက်ကာလ | ၈ |
| စိတ္တဇအာပေါ | = | စိတ်ကြောင့်ဖြစ်သော အာပေါဓာတ် | ၈၇ |
| စိတ္တဇသြဇာ | = | စိတ်ကြောင့်ဖြစ်သော သြဇာရုပ် | ၂၀၅ |
| စိတ္တဇကာယ | = | စိတ်ကြောင့်ဖြစ်သော ခန္ဓာကိုယ် | ၂၀၇ |
| စိတ္တဇတေဇော | = | စိတ်ကြောင့်ဖြစ်သော တေဇောဓာတ် | ၈၇ |
| စိတ္တဇပထဝီ | = | စိတ်ကြောင့်ဖြစ်သော ပထဝီဓာတ် | ၈၇ |
| စိတ္တဇမဟာဘုတ် | = | စိတ်ကြောင့်ဖြစ်သော မဟာဘုတ် | ၁၀ |
| စိတ္တဇရုပ် | = | စိတ်ကြောင့်ဖြစ်သော ရုပ် | ၂ |
| စိတ္တဇဝါယော | = | စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ် | ၈၇ |
| စိတ္တနိယာမ | = | စိတ်ဖြစ်စဉ်သဘာဝ | ၅၂ |
| စုတိစိတ် | = | ဘဝတစ်ခုမှ ရွေ့လျောသည့်စိတ်(ဘဝ၏ နောက်ဆုံးစိတ်) | ၆၉ |
| စူဠသောတာပန် | = | ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကို အကြွင်းမဲ့ ပယ်ပြီးသော သောတာပန်အစစ်ကဲ့သို့ အပါယ်မကျရောက်နိုင်တော့သည့် ပုဂ္ဂိုလ်(သောတာပန်အငယ်စား) | ၃၇၅ |

| ဝေါဟာရပုဒ် | | အဓိပ္ပါယ်ဖွင့်ဆိုချက် | အသုံးပြုရာ စာမျက်နှာ |
|---|---|---|---|
| စေတနာအာဟာရ | = | နိုးဆော်တိုက်တွန်းမှုဟူသော နာမ်အာဟာရ အကြောင်းတရား | ၂၁၁ |

## [ ဓ ]

| | | | |
|---|---|---|---|
| ဓဝန(ဇော) | = | အရှိန်အဟုန်ဖြင့် ဖြစ်သောစိတ် | ၅၉ |
| ဓိဝ္ဂါဒွါရဝီထိ | = | ဓိဝ္ဂါပသာဒ၌ဖြစ်သော စိတ်အစဉ် | ၁၄၈ |
| ဓိဝ္ဂါယတန | = | ဓိဝ္ဂါပသာဒရုပ်(လျှာအကြည်ရုပ်) | ၁၄၈ |
| ဓိဝ္ဂါဝိညာဏဓာတ် | = | ဓိဝ္ဂါပသာဒကို မှီ၍ သိသောသဘော | ၁၅ |
| ဓီဝိတရုပ် | = | ရုပ်တရားတို့ကို အသက်ရှည်အောင် စောင့်ရှောက်တတ်သောရုပ် | ၂၁၉ |

## [ ဈ–ည ]

| | | | |
|---|---|---|---|
| ဈာန(ဈာန်) | = | စူးစူးစိုက်စိုက် ရှုကြည့်မှု၊ ကိလေသာကို လောင်ကျွမ်းစေမှု | ၂၃၉ |
| ဈာနဝီထိ | = | ဈာန်စိတ်အစဉ် | ၆၄ |
| ဈာနသုခ | = | ဈာန်ချမ်းသာ | ၂၄၄ |
| ဉာဏဝိပ္ပယုတ်စိတ် | = | အသိဉာဏ်နှင့် မယှဉ်သောစိတ် | ၄၄ |
| ဉာဏသမ္ပယုတ်စိတ် | = | အသိဉာဏ်နှင့်ယှဉ်သောစိတ် | ၄၄ |
| ဉာတပရိညာ | = | နာမ်ရုပ်တို့ကို ပိုင်နိုင်စွာ ခွဲခြား၍သိမှု | ၂၆ |

| ဝေါဟာရပုဒ် | | အဓိပ္ပါယ်ဖွင့်ဆိုချက် | အသုံးပြုရာ စာမျက်နှာ |
|---|---|---|---|
| | | [ တ—ဓ ] | |
| တဒါရုံ | = | ဇောစိတ်၏ အာရုံကိုပင် အာရုံပြုသောစိတ် | ၁၂ |
| တိဇကာယ | = | အကြောင်းသုံးပါးကြောင့်ဖြစ်သောကိုယ်ခန္ဓာ | ၁၅၉ |
| တိဟိတ်ဥက္ကဋ္ဌ ကုသိုလ် | = | ကုသိုလ်မပြုမီနှင့် ပြုပြီးကာလတွင် ကုသိုလ် စိတ်များ ခြံရံလျက်ဖြစ်သော အလောဘ, အဒေါသ, အမောဟဟိတ်သုံးပါးနှင့် ယှဉ်သော အလွန်မြင့်မြတ်သည့်ကုသိုလ်(မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်) | ၁၉၁ |
| တိဟိတ်ဇော | = | အလောဘ, အဒေါသ, အမောဟဟူသော ဟိတ်သုံးပါးနှင့် ယှဉ်သောဇော | ၃၇ |
| တိဟိတ်ပဋိသန္ဓေ | = | အလောဘ, အဒေါသ, အမောဟဟူသော ဟိတ်သုံးပါးနှင့် ယှဉ်သည့် မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်(၄)ခု၊ မဟဂ္ဂုတ်ဝိပါက် စိတ် (၉)ခုတို့တွင် တစ်ခုခုဖြင့် ပဋိသန္ဓေ နေရခြင်းအကျိုး | ၁၉၁ |
| တိဟိတ်ပုဂ္ဂိုလ် | = | အလောဘ, အဒေါသ, အမောဟဟူသော ဟိတ်သုံးပါးနှင့်ယှဉ်သည့် မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်၊ မဟဂ္ဂုတ်ဝိပါက်စိတ် တို့တွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ် | ၃၆၇ |
| တီရဏပရိညာ | = | ရုပ်နာမ်ဓမ္မတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာ ထင်မြင်အောင် စူးစမ်း၍သိမှု | ၃၃၉ |

| ဝေါဟာရပုဒ် | | အဓိပ္ပါယ်ဖွင့်ဆိုချက် | အသုံးပြုရာ စာမျက်နှာ |
|---|---|---|---|
| တေဘူမကသင်္ခါရ | = | ဘုံသုံးပါး၌ ဖြစ်သောရုပ်နာမ်တရား | ၆၇ |
| ဒိဋ္ဌဓမ္မဝေဒနီယကံ | = | ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးသောကံ | ၁၇၄ |
| ဒုက္ခသဟဂုတ် ကာယဝိညာဉ် | = | ဒုက္ခဝေဒနာနှင့်တကွဖြစ်သော ကာယပသာဒကို မှီ၍ သိသည့်စိတ် | ၄၀ |
| ဒေါမနဿ | = | စိတ်ဆင်းရဲမှုဝေဒနာ | ၂၅ |
| ဒွိဇကာယ | = | ကံ, ဥတုဟူသော အကြောင်းနှစ်ပါးကြောင့် ဖြစ်သော ခန္ဓာကိုယ် | ၁၅၉ |
| ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ် | = | ကုသိုလ်မပြုမီနှင့် ကုသိုလ်ပြုပြီးကာလတွင် ကုသိုလ်စိတ်များ ခြံရံလျက်ဖြစ်သော အလောဘ, အဒေါသဟိတ်နှစ်ပါးနှင့် ယှဉ်သော မြင့်မြတ်သည့်ကုသိုလ် (မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ်) | ၁၉၁ |
| ဒွိဟိတ်ဩမကကုသိုလ် | = | အကုသိုလ်ကံများ ခြံရံလျက်ဖြစ်သော အလောဘ, အဒေါသဟိတ်နှစ်ပါးနှင့် ယှဉ်သော အညံ့စားကုသိုလ် (မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် | ၁၉၁ |
| ဒွိဟိတ်ဇော | = | လောဘ, မောဟ၊ ဒေါသ, မောဟ၊ အလောဘ, အဒေါသဟူသော ဟိတ်နှစ်ပါးနှင့် ယှဉ်သောဇော | ၃၇ |
| ဒွိဟိတ်ပဋိသန္ဓေ အကျိုး | = | အလောဘ, အဒေါသဟူသော ဟိတ်နှစ်ပါးနှင့် ယှဉ်သည့် မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ်ဖြင့် ပဋိသန္ဓေနေရခြင်းအကျိုး | ၁၉၁ |

| ဝေါဟာရပုဒ် | | အဓိပ္ပါယ်ဖွင့်ဆိုချက် | အသုံးပြုရာ စာမျက်နှာ |
|---|---|---|---|
| ဒွိဟိတ်ပုဂ္ဂိုလ် | = | အလောဘ၊ အဒေါသဟိတ်နှစ်ပါးရှိသော မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ်ဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ် | ၃၆၇ |
| ဓမ္မဋ္ဌိတိဉာဏ် | = | ရုပ်နာမ်ဓမ္မ၌ တည်ရှိဆိုက်ရောက်၍ သိသောဉာဏ် | ၃၃၃ |
| ဓမ္မသင်္ဂဏီ | = | ကုသိုလ်၊ အကုသိုလ် အစရှိသော တရားတို့ကို ရေတွက်ပြသည့်ကျမ်း (အဘိဓမ္မာ (၇)ကျမ်းအနက် အစဦးဆုံးကျမ်းအမည်) | ၂၇၀ |
| ဓာတုလောက | = | ဓာတ်တရားများဖြစ်ပေါ်ရာ ရုပ်နာမ်ဟူသော လောက | ၂၃၆ |

## [ န ]

| | | | |
|---|---|---|---|
| နတ္ထိပစ္စည်း | = | မိမိနောက်မှဖြစ်သော နာမ်တရားတို့အား မိမိက ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ထင်ရှားမရှိဘဲ ကျေးဇူးပြုသောတရား | ၃၁၅ |
| နာနာက္ခဏိကကမ္မ | = | ကံပြုချိန်နှင့် ကံအကျိုးပေးချိန်တို့ ကာလခြားပြီးမှ အကျိုးပေးသောကံ | ၁၈၇ |
| နာမရူပပရိစ္ဆေဒဉာဏ် | = | နာမ်ရုပ်တို့၏သဘာဝကို ခွဲခြား၍သိသော ဉာဏ် | ၃၃၃ |
| နာမသန္တတိ | = | နာမ်တရားအစဉ် | ၁၉၃ |
| နာမ်အာဟာရ | = | နာမ်တရားများ အသက်ရှည်စေရန် ထောက်ပံ့သော ဖဿ၊ စေတနာ၊ ဝိညာဉ် ဆိုသည့် အကြောင်းတရား | ၂၀၉ |

| ဝေါဟာရပုဒ် | | အဓိပ္ပါယ်ဖွင့်ဆိုချက် | အသုံးပြုရာ စာမျက်နှာ |
|---|---|---|---|
| နာမ်ဝီထိ | = | နာမ်ဖြစ်စဉ် | ၁၁၆ |
| နိပ္ဖန္နရုပ် | = | ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းတရားတို့ကြောင့် ဖြစ်သည့်ရုပ် | ၁၅၆ |
| နီဝရဏ | = | ကုသိုလ်ဖြစ်ခွင့်မရအောင် ပိတ်ဆို့ဟန့်တားတတ်သော တရား | ၂၄၆ |

[ ပ ]

| | | | |
|---|---|---|---|
| ပကတဥပနိဿယ | = | သာမန်ပြုလုပ်မှုထက် ပို၍ ကြီးကြီးကျယ်ကျယ်ပြုလုပ်ခဲ့သော အားကောင်းသည့် အကြောင်းတရား | ၁၂၀ |
| ပကတိဥပနိဿယ | = | ပင်ကိုကပင် ထက်မြက်အားကြီးသော အကြောင်းတရား | ၁၁၉ |
| ပကိဏ်းစေတသိက် | = | ကုသိုလ်, အကုသိုလ်နှစ်မျိုးစလုံးတွင် ရောနှောယှဉ်သော စေတသိက် | ၃၃ |
| ပစ္စနိက် | = | ပစ္စည်း၊ ပစ္စယုပ္ပန်တွင် မပါဝင်သော တရားစု | ၂ |
| ပစ္စယပရိဂ္ဂဟဉာဏ် | = | နာမ်ရုပ်ဖြစ်ခြင်း၏ အကြောင်းကို ပိုင်းခြား၍ သိသောဉာဏ် | ၃၃၃ |
| ပစ္ဆာဇာတပစ္စည်း | = | ရှေးရှေး၌ဖြစ်သော ရုပ်တရားကို ကျေးဇူးပြုတတ်သည့် နောက်နောက်၌ဖြစ်သော နာမ်တရား | ၁၅၈ |
| ပစ္ဆာဇာတတ္တိ | = | နောက်၌ဖြစ်၍ မိမိထင်ရှားရှိဆဲ၌သာ ကျေးဇူးပြုသောတရား | ၃၀၅ |

| ဝေါဟာရပုဒ် | | အဓိပ္ပါယ်ဖွင့်ဆိုချက် | အသုံးပြုရာ စာမျက်နှာ |
|---|---|---|---|
| ပဥ္စင်္ဂိကမဂ် | = | အင်္ဂါငါးပါးရှိသော မဂ် | ၂၅၈ |
| ပဥ္စဒွါရဝီထိ | = | ဒွါရငါးပါး၌ဖြစ်သောစိတ်အစဉ် | ၅၆ |
| ပဥ္စဒွါရာဝဇ္ဇန်း | = | ဒွါရငါးပါး၌ ထင်လာသော အာရုံကို နှလုံးသွင်းဆင်ခြင်တတ်သောစိတ်၊ ဘဝင်စိတ် ဆက်၍ ဖြစ်ခွင့်မပေးတော့ဘဲ ဝီထိစိတ်စဉ် ဖြစ်အောင် တွန်းပေးသောစိတ် | ၁၈၁ |
| ပဥ္စဝေါကာရ | = | ခန္ဓာငါးပါးရှိသောဘုံ (ကာမ-၁၁-ဘုံ) အသညသတ်ကြဉ်သော ရူပ-၁၅ ဘုံ | ၉၈ |
| ပဥ္စာနန္တရိယကံ | = | ဒုတိယဘဝ၌ မုချအကျိုးပေးသော အမိ, အဖ, ရဟန္တာ သတ်ဖြတ်မှုကံ သုံးပါး၊ ဘုရားရှင်အား သွေးစိမ်းတည်အောင်ပြုသည့်ကံ၊ သံဃာသင်းခွဲသောကံ ဟူသည့် ကံငါးပါး | ၁၂၉ |
| ပဉှာဝါရ | = | အမေးပြဿနာထုတ်၍ ဟောကြားသောဝါရ | |
| ၃ပဋိစ္စဝါရ | = | အကြောင်းတရားကိုစွဲ၍ ဖြစ်သော အကျိုး တရားကို ပြဆိုသည့်ဝါရ | ၃ |
| ပဋိသန္ဓေစိတ် | = | ဘဝဟောင်းနှင့်ဘဝသစ်ကို ဆက်စပ် ပေးသောစိတ် | ၁၂၇ |
| ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာ | = | ပဋိသန္ဓေအကျိုးနာမ်ခန္ဓာ | ၁၃၂ |
| ပရစိတ္တဝိဇာနန အဘိညာဉ် | = | သူတပါး၏စိတ်ကို သိသော ဉာဏ်ထူး | ၁၃၈ |
| ပရိကံ | = | ဈာန်မဂ်ဖိုလ်ရရန် ဦးစွာပြုလုပ်သောစိတ် | ၆၄ |
| ပရိယုဋ္ဌာနကိလေသာ | = | လွန်ကျူးမှုအဆင့်မရောက်မီ ထကြွသော ကိလေသာ | ၃၄၈ |

| ဝေါဟာရပုဒ် | | အဓိပ္ပါယ်ဖွင့်ဆိုချက် | အသုံးပြုရာ စာမျက်နှာ |
|---|---|---|---|
| ပဝတ္တိကမ္မဇ မဟာဘုတ် | = | ပဝတ္တိအခါ ကံကြောင့်ဖြစ်သောမဟာဘုတ် | ၁၀ |
| ပဟာနပရိညာ | = | အကုသိုလ်ကို ပယ်သောမဂ်ဉာဏ် | ၂၆ |
| ပုညာဘိသင်္ခါရ ကုသိုလ် | = | ရုပ်နာမ်ဓမ္မ အကျိုးဝိပါကကိုပြုပြင်စီမံ တတ်သောကုသိုလ် (မဟာကုသိုလ်နှင့်ရူပ ကုသိုလ်စိတ်တို့၌ရှိသော စေတနာ) | ၃၄၉ |
| ပုဗ္ဗဘာဂမဂ္ဂင် | = | တရားအားမထုတ်မီ ကြိုတင်ပြည့်စုံရမည့် မဂ္ဂင် (သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ) | ၂၆၀ |
| ပုမ္ဘာဝဒသက ကလာပ် | = | ပုရိသဘာဝရုပ်အပါအဝင် ရုပ်ပေါင်းဆယ်ခု အဖွဲ့အစည်း | ၂၀၄ |
| ပုရေဇာတပစ္စည်း | = | ရှေး၌ဖြစ်၍ ကျေးဇူးပြုသောတရား | ၁၄၂ |

[ ဖ ၊ ဗ ၊ ဘ ၊ မ ]

| | | | |
|---|---|---|---|
| ဖဿအာဟာရ | = | ဖဿဟူသော အကြောင်းတရား | ၂၁၀ |
| ဗလဝကာရဏ | = | အားကြီးသောအကြောင်း | ၁၁၇ |
| ဗဟိဒ္ဓသြဇာ | = | ခန္ဓာကိုယ်၏ပြင်ပမှ ရရှိသော သြဇာ | ၁၆၃ |
| ဗာဟိရမဟာဘုတ် | = | ခန္ဓာကိုယ်၏ပြင်ပ၌ရှိသော သစ်ပင် တောတောင် စသည်၌ တည်ရှိသည့် မဟာဘုတ် | ၁၁ |
| ဘဝင် | = | ဘဝ၏ အကြောင်းဖြစ်သော (ဘဝ မပြတ်အောင် ဆက်စပ်ပေးသော) စိတ် | ၁၂၂ |
| ဘဝင်္ဂစလန | = | လှုပ်ရှားသောဘဝင် | ၁၄၂ |
| ဘဝင်္ဂုပစ္ဆေဒ | = | ပြတ်စဲသောဘဝင် | ၁၄၂ |
| ဘူတိကဝါဒ | = | လောကသုံးပါးသည် မဟာဘုတ်လေးပါး ကြောင့် ဖြစ်သည်ဟု ယူသောဝါဒ | ၂၉၈ |

| ဝေါဟာရပုဒ် | | အဓိပ္ပါယ်ဖွင့်ဆိုချက် | အသုံးပြုရာ စာမျက်နှာ |
|---|---|---|---|
| ဘူမိဘေဒ | = | ဘုံဘဝချင်းကွဲပြားမှု | ၁၇၀ |
| မဂ္ဂဝီထိ | = | ကိလေသာကို ပယ်သတ်နိုင်သောမဂ်စိတ် ဖြစ်စဉ် | ၁၆၆ |
| မနောဒွါရဝီထိ | = | မနောဒွါရ၌ဖြစ်သော စိတ်အစဉ် | ၁၆၆ |
| မနောဒွါရာဝဇ္ဇန်း | = | မနောဒွါရ၌ ထင်လာသော အာရုံကို နှလုံးသွင်း ဆင်ခြင်တတ်သောစိတ် ဘဝင်စိတ် ဆက်၍ ဖြစ်ခွင့်မပေးတော့ဘဲ ဝီထိစိတ် စဉ် ဖြစ်ပေါ်အောင် တွန်းပေးသောစိတ် | ၁၈၁ |
| မရဏာသန္နဝီထိ | = | သေခါနီးတွင် ဖြစ်သောစိတ်အစဉ် | ၁၆၀ |
| မဟာဘူတ | = | ကြီးကျယ်ထင်ရှားသောရုပ် | ၈၃ |

[ ယ ၊ ရ ၊ လ ]

| | | | |
|---|---|---|---|
| ယထာဘူတဉာဏ် | = | အရှိကို အရှိအတိုင်း အမှန်ကို အမှန်အတိုင်း သိသောဉာဏ် | ၂၃ |
| ရုပ်အာဟာရ | = | ရုပ်တရားအသက်ရှည်အောင် ဆောင်ထား တတ်သောတရား | ၂၀၃ |
| ရုပ်ဝီထိ | = | ရုပ်ဖြစ်စဉ် | ၁၁၆ |
| ရူပဇီဝိတိန္ဒြိယတ္တိ | = | မိမိထင်ရှားရှိဆဲ၌ ကျေးဇူးပြုသော ရုပ်ဇီဝိတိန္ဒြေ | ၃၀၅ |
| ရူပသန္တတိ | = | ရုပ်တရားဖြစ်စဉ် | ၁၉၅ |
| လောကုတ္တရာဇော | = | လောကမှထွက်မြောက်သော အရှိန်အဟုန် ရှိသည့်စိတ် (မဂ်စိတ်လေးခု၊ ဖိုလ်စိတ်လေးခု) | ၁၆၈ |
| လောကုတ္တရာမဂ္ဂင် | = | လောကုတ္တရာစိတ်၌ ယှဉ်သောမဂ္ဂင် | ၂၆၈ |
| လောကီမဂ္ဂင် | = | လောကီမဟာကုသိုလ်စိတ်၌ ယှဉ်သောမဂ္ဂင် | ၂၆၈ |

| ဝေါဟာရပုဒ် | | အဓိပ္ပါယ်ဖွင့်ဆိုချက် | အသုံးပြုရာ စာမျက်နှာ |
|---|---|---|---|

[ ဝ ]

| | | | |
|---|---|---|---|
| ဝစီဝိညတ် | = | နှုတ်ဖြင့်သိစေသော အမူအရာ | ၄၁ |
| ဝစီဝိညတ္တိဒသက ကလာပ် | = | ဝစီဝိညတ်အပါအဝင် ရုပ်ပေါင်း ဆယ်ခု အဖွဲ့အစည်း | ၈၇ |
| ဝတ္ထုဒသက | = | ဟဒယဝတ္ထုရုပ်အပါအဝင် ရုပ်ပေါင်းဆယ်ခု | ၁၆၁ |
| ဝသီဘော် | = | စျာန်ကို အပြန်အပြန်အလှန်လှန် ဝင်စား နိုင်စွမ်းရှိခြင်း | ၂၄၅ |
| ဝိကာရရုပ် | = | ထူးခြားသော အမူအရာရှိသည့်ရုပ် | ၄၁ |
| ဝိဂတပစ္စည်း | = | မိမိနောက်၌ တစ်ဆက်တည်းဖြစ်သော နာမ်တရားများကို မိမိ၏ သဘောသတ္တိကင်းသည့် အနေဖြင့် ကျေးဇူးပြုသောတရား | ၃၂၃ |
| ဝိညတ်ရုပ် | = | အမူအရာဖြင့် ဖော်ပြသည့်ရုပ် | ၁၆၄ |
| ဝိပ္ပယုတ္တပစ္စည်း | = | ယှဉ်ဖော်ယှဉ်ဖက်မဟုတ်ဘဲ ကျေးဇူးပြုသောတရား | ၂၈၇ |
| ဝိပဿနာသမ္မာဒိဋ္ဌိ | = | ရုပ်နာမ်ဓမ္မတို့ကို လက္ခဏာရေးသုံးပါးဖြင့် ရှုမြင်၍ဖြစ်ပေါ်လာသော အသိဉာဏ် | ၂၆၇ |
| ဝီတိက္ကမကိလေသာ | = | ကာယကံမြောက်, ဝစီကံမြောက်သည်အထိ လွန်ကျူးမှုကိလေသာ | ၃၄၈ |
| ဝီထိစိတ် | = | စိတ်အစဉ်အတန်း | ၁၆၅ |
| ဝုဋ္ဌော | = | အာရုံကို ဆုံးဖြတ်သောစိတ် | ၁၂ |
| ဝေနေယျဇ္ဈာသယ | = | တရားနာသောပုဂ္ဂိုလ်သတ္တဝါ၏ အတွင်းဓါတ်ခံစိတ်သဘောထား | ၃၂၅ |
| ဝေါဒါန် | = | ကိလေသာအညစ်အကြေးများ မရှိသဖြင့် ဖြူစင်သောစိတ် | ၆၅ |

| ဝေါဟာရပုဒ် | | အဓိပ္ပါယ်ဖွင့်ဆိုချက် | အသုံးပြုရာ စာမျက်နှာ |
|---|---|---|---|

[ သ ၊ ဟ ]

| | | | |
|---|---|---|---|
| သကဒါဂါမ် | = | လူ့ဘဝတွင် တစ်ကြိမ်သာ ပြန်ဖြစ်မည့်ပုဂ္ဂိုလ် | ၂၀ |
| သက္ကာယဒိဋ္ဌိ | = | ထင်ရှားရှိသော ရုပ်နာမ်ခန္ဓာအပေါ်၌ "ငါ"ဟု မှားယွင်းစွာစွဲယူမှု | ၂၃ |
| သင်္ခါရလောက | = | ဖြစ်ပျက်ပြောင်းလဲမှုရှိသော ရုပ်နာမ်လောက | ၆၇ |
| သန္တီရဏ | = | အာရုံကို စူးစမ်းသောစိတ် | ၁၂ |
| သမ္ပဋိစ္ဆိုင်း | = | အာရုံကို ခံယူသောစိတ် | ၁၄၂ |
| သမ္ပယုတ္တပစ္စည်း | = | ယှဉ်ဖော်ယှဉ်ဖက်အဖြစ်ဖြင့် ကျေးဇူးပြုသော တရား | ၂၇၄ |
| သမ္မာအာဇီဝ | = | ယုတ်ညံ့သော အသက်မွေးခြင်းမှ ရှောင်ကြဉ်မှု၊ အသက်မွေးဝမ်းကျောင်းကိုငဲ့၍ ကာယဒုစရိုက် သုံးပါးနှင့် ဝစီဒုစရိုက်လေးပါးတို့မှ ရှောင်ကြဉ်မှု | ၂၅၉ |
| သမ္မာကမ္မန္တ | = | ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်မှု | ၂၅၉ |
| သမ္မာဝါစာ | = | ကောင်းစွာပြောဆိုမှု၊ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်မှု | ၂၅၈ |
| သမုစ္ဆေဒပဟာန် | = | ကိလေသာကို အကြွင်းမဲ့ ပယ်သတ်ခြင်း | ၂၇၀ |
| သဿတဒိဋ္ဌိ | = | သတ္တဝါတို့၏ဝိညာဉ်သည် မပျက်စီးဘဲ အမြဲတည်ရှိနေသည်ဟု ယူသောဝါဒ | ၃၂၁ |
| သဟဇာတကမ္မ | = | အတူတကွဖြစ်သော ကံ(စေတနာ) | ၁၉၉ |
| သဟဇာတတ္တိ | = | ထင်ရှားရှိပြီး အတူဖြစ်ဖက်အနေဖြင့် ကျေးဇူး ပြုသောတရား | ၂၉၆ |
| သီလမဂ္ဂင် | = | သီလစောင့်ထိန်းခြင်းဖြင့် ပြီးပြည့်စုံသော မဂ္ဂင် (သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ) | ၂၆၀ |
| သီလဝိသုဒ္ဓိ | = | အကျင့်သီလစင်ကြယ်မှု | ၂၆၈ |

| ဝေါဟာရပုဒ် | | အဓိပ္ပါယ်ဖွင့်ဆိုချက် | အသုံးပြုရာ စာမျက်နှာ |
|---|---|---|---|
| သုဒ္ဓဋ္ဌကကလာပ် | = | ရူပါရုံ, ဂန္ဓာရုံ, ရသာရုံ, ဩဇာရုပ်, မဟာဘုတ် လေးပါးဟူသော ရုပ်ရှစ်ခု အဖွဲ့အစည်း | ၂၀၅ |
| သေက္ခ | = | သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးကို ကျင့်ဆဲ ပုဂ္ဂိုလ် (သောတာပန်,သကဒါဂါမ်,အနာဂါမ်) | ၄၄ |
| သောတဒသက ကလာပ် | = | သောတပသာဒရုပ်အပါအဝင် ရုပ်ပေါင်း ဆယ်ခုအဖွဲ့အစည်း | ၈၆ |
| သောတဒွါရဝီထိ | = | သောတဒွါရ၌ဖြစ်သော စိတ်အစဉ် | ၅၄ |
| သောတဝိညာဏ စိတ် | = | သောကပသာဒကိုမှီ၍ သိမှုသဘော | ၁၅ |
| သောတာယတန | = | သောတပသာဒ (နှာခေါင်းအကြည်) ရုပ် | ၁၄၈ |
| ဟဒယဝတ္ထုရုပ် | = | စိတ်ကိုမှီ၍ဖြစ်သောရုပ်၊ နှလုံးအိမ်အတွင်းရှိ သွေးကိုမှီ၍ တည်ရှိသောရုပ် | ၉၂ |